

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဒေါ်ဌေးဌေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂၂)
အမှတ် ၇ (က) သုခဝတီလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်သူ
ဦးစိုးမြင့် (၀၅၆၃၉)
ရွှေအောင်လံ ရောင်စုံပုံနှိပ်တိုက်
အမှတ် (၅၄)၊ ၁၀၁-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက် အမှတ် ...... ၃၆၉/၂၀၀၄(၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် . . . ၁၀၇၂/၂၀၀၄(၁၀)

ထုတ်ဝေခြင်း
ဒုတိယအကြိမ်
၂၀၁၅ ၊ ဇန်နဝါရီလ

အုပ်ရေ
၁၀၀၀-အုပ်


တန်ဖိုး
သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ
[illegible]

[illegible]
[illegible]

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မင်းသိခ်

# ဆားပုလင်းနှင်းမောင်

နှင့်

# မြကျွန်းသာပေါ်က မျောက်သုံးကောင်

( ပထမတွဲ )

www.burmeseclassic.com

www.burmeseclassic.com

## မေဒါနန် ဆားပုလင်းနှင်းမောင်

တစ်နေ့သ၌ ကျွန်ုပ်သည် အင်းစိန် စီအိုင်ဒီရုံးမှမနေ၍ ကျွန်ုပ်၏မိတ်ဆွေ နိုင်ငံကျော် စုံထောက်ကြီး ဆားပုလင်းနှင်းမောင် နေထိုင်ရာ အမှတ် ၂၉၅၊ ဘိုးလိမ်းလမ်းဆီသို့ မော်တော်ကားဖြင့် လာခဲ့လေ၏။

ကမာရွတ်သို့ ရောက်သောကာလ၌ မိုးဖွဲကလေးများ ကျလာသဖြင့် မော်တော်ကားမှန်ပေါ်တွင် မိုးစက် မိုးပေါက်ကလေးများ ထိမှန်လေတော့၏။ ထို့ကြောင့် အရှေ့သို့လှမ်းမျှော်ကြည့်ရှုရသည်မှာ မသဲမကွဲ ဖြစ်လာလေ၏။

ထိုအခါ ကျွန်ုပ်သည် ရေသုတ်တံခလုတ်ကို ဖွင့်လိုက်လေ၏။ သို့ရာတွင် ရေသုတ်တံသည် မှန်ဖေါ်သို့တက်လာခြင်း မရှိသောကြောင့် သေချာစွာကြည့်လိုက်ရာ ရေသုတ်တံမရှိတော့ကြောင်း တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အဝတ်စုတ်ဖြင့် ပြတင်းပေါက်မှ လှမ်း၍ မှန်ကို သုတ်ရင်း ရေသုတ်တံကို ဖြုတ်၍ခိုးသွားသော ကားပစ္စည်း သူခိုးကလေးများကို ကျိန်ဆဲမိလေတော့၏။ ထိုသို့ ကျိန်ဆဲရင်း လက်တစ်ဘက်ဖြင့် စတီယာတိုင်ကိုကိုင်ကာ . . . အခြားသော လက်တစ်ဘက်ကို အပြင်သို့ထုတ်၍ မှန်ကို မကြာခဏပွတ်ပေး ရလေ၏။

မိုးမှာလည်း . . . သည်းသည်ထက် သည်း၍လာလေ၏။ ထို့ကြောင့် ကျွန်ုပ်၏လက်သည် အတွင်းသို့ပြန်၍ ထားရသည် မရှိဘဲ အပြင်၌ထုတ်လျက် မှန်ကို တသုတ်တည်း သုတ်နေရလေ တော့၏။

ဤသို့နှင့်ပင် ကျွန်ုပ်၏မော်တော်ကားသည် ကန်တော်ကြီး စောင်းသို့ရောက်ခဲ့လေတော့၏။ ကန်တော်ကြီးစောင်းမှတစ်ဆင့် စက်ရုံလမ်းကိုဖြတ်ကာ. မအူကုန်းဘက်သို့ မောင်းလေ၏။

မအူကုန်းသို့ ရောက်သောအခါ၌မူ သဲသဲမဲမဲ ရွာလျက် ရှိသောမိုးသည် ခလုတ်ပိတ်လိုက်သည့်အလား 'တိ' ခနဲ ရပ်သွား လေတော့၏။ ကျွန်ုပ်သည် မအူကုန်းမှတစ်ဆင့် ဘိုးလိမ်းလမ်း အတိုင်း မောင်းနှင်ခဲ့ပြီးလျှင် ဆားပုလင်းနှင်းမောင်နေထိုင်ရာ အမှတ် ၂၉၅-ရှေ့သို့ရောက်သောအခါ၌ ကားကိုရပ်လိုက်လေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင် အိပ်ခန်းဆီသို့ တက်သွား လေ၏။ ဆားပုလင်းနှင်းမောင်၏ အခန်းတံခါးသည် အတွင်းမှ ပိတ်ထားကြောင်းတွေ့ရသဖြင့် ကျွန်ုပ်သည် တံခါးကို "တဒေါက် ဒေါက်" ခေါက်လိုက်လေ၏။





"တွန်းပြီး ဖွင့်လိုက်ပါ . . . အိုင်ပီ၊ တံခါးက တွေ့ပြီး စေ့ရုံ ကလေးထားတာပါ" ဟု အတွင်းမှ ဆားပုလင်းနှင်းမောင်က ပြောလိုက်သဖြင့် ကျွန်ုပ်လည်း တံခါးကိုတွန်း၍ဖွင့်လိုက်လေ၏။ ထို့နောက်အခန်းတွင်းသို့ဝင်လိုက်လေ၏။ အထဲသို့ရောက်သည် နှင့်တစ်ပြိုင်နက် . . . ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်အား လှမ်းကြည့်လိုက်ပြီးလျှင် . . .

"အိုင်ပီ၊ မော်တော်ကားက ဝိုင်ဘာရေသုတ်တံ အခိုးခံရ ပြန်ပြီထင်တယ်" ဟု ပြောလိုက်လေ၏။

"အစစ်ပေါ့ဗျာ၊ အိုင်ဆေး ဘယ်လိုလုပ်သိသလဲ ပြောစမ်း ပါဦး" ဟု ကျွန်ုပ်က မေးလိုက်မိလေ၏။

"ခင်ဗျားရဲ့ ဘယ်ဘက်လက်ဟာ မိုးရေတွေစိုနေတယ်လေ ဗျာ၊ စတီယာတိုင်ကို ညာဘက်လက်နဲ့ ကိုင်ပြီး ဘယ်ဘက်က ကားမှန်ကို အဝတ်နဲ့မကြာခဏပွတ်ပြီး လာရတယ်မဟုတ်လား" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ပြီးလျှင် ရေခဲတောင် စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိရှိုက်ဖွာကာ မီးခိုးများကို မျက်နှာကျက်ဆီသို့ အကွင်းလိုက်ဖြစ်အောင် မှုတ်ထုတ်လိုက် လေတော့၏။ ကျွန်ုပ်လည်း ကုလားထိုင်တစ်လုံးကို ဆွဲယူ၍ ထိုင်လိုက်ပြီးနောက် ကျွန်ုပ်၏ဆေးတံကို ထုတ်၍ ဆေးအိုး၌ ဆေးကိုဖြည့်မည်အလုပ်တွင် တစ်စုံတစ်ယောက်သည် တံခါးကို လာ၍ခေါက်သံ ပေါ်လာလေ၏။ တံခါးခေါက်သံမှာ တံခါး၏ အောက်ဘက်နားမှ ထွက်ပေါ်နေ၍ ကျွန်ုပ်က . . .

"ကလေးတစ်ယောက်ဖြစ်လိမ့်မယ်ဗျာ" ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်းက ခေါင်းကိုခါ၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဦးကိုကိုကြီးမှတ်တယ်၊ ဝင်ခဲ့ဗျာ" ဟု ပြောလိုက်ရာ တံခါးသည် 'ကျွီ' ခနဲမြည်၍ပွင့်လာပြီးလျှင် ဦးကိုကိုကြီး၏ ပြည့်ဖောင်းသော မျက်နှာကြီးကို တွေ့ရလေ၏။ ဦးကိုကိုကြီးသည် ကျွန်ုပ်အား ကြည့်၍ တဟဲဟဲ ရယ်ပြီးလျှင် . . .

"အတော် တော်တဲ့လူပဲ၊ ကလေးတစ်ယောက်တဲ့၊ ခင်ဗျားလဲ ဒီလိုညံ့တာတွေကြောင့် အရာရှိဖြစ်နေတာပဲ၊ ဟိုမှာမြင်လား၊ အရာရှိမဟုတ်တဲ့ ကိုနှင်းမောင်ကတော့ ဘယ်လောက်တော်သလဲ၊ ဦးကိုကိုကြီး ဝင်ခဲ့လေ တဲ့၊ တန်းနေတာပဲ၊ မှန်လိုက်တာ" ဟု ဦးကိုကိုကြီးက ကျွန်ုပ်အား ပြက်ရယ်ပြုလေ၏။

"မသိဘူးလေဗျာ . . . ခင်ဗျားရဲ့ တံခါးခေါက်သံက တံခါးအောက်ဘက်နားက လာတော့ ကလေးတစ်ယောက်ရဲ့ တံခါးခေါက်သံလို့ ထင်မိတာပေါ့ဗျာ" ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"ကျုပ်ကလဲ အဲဒီလိုထင်အောင်ကို လက်ကိုမမြှောက်ဘဲ တွဲလောင်းချလျက်အတိုင်းကနေ ခေါက်လိုက်တာပဲ" ဟု ပြန်ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ဒါပေမဲ့ . . . လက်သံက နည်းနည်းပြင်းတယ်၊ ကလေးတစ်ယောက်ရဲ့ လက်သံမဟုတ်နိုင်ဘူး၊ ပြီးတော့ . . . လူကြီးတစ်ယောက်ဟာလဲ ဒီလိုခေါက်လိမ့်မယ် . . . မဟုတ်ဘူး၊ ဒါက အထဲကလူ အကဲမခတ်နိုင်အောင်ကို တမင်တကာလုပ်လိုက်တဲ့ လက်သံမျိုးပဲ၊ ကျုပ်ရဲ့အပေါင်းအသင်းတွေထဲမှာ ဒီလိုအကျင့်မျိုးရှိတာခင်ဗျားတစ်ယောက်ပဲရှိတယ်"ဟုပြောလိုက်ရာ ဦးကိုကိုကြီးသည် သူ၏ပါးစပ်ကြီးကို တအားဖြဲပြီးလျှင် . . .



"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့၊ ဟုတ်ပါ့" ဟု ပြောဆိုရယ်မောလေတော့၏။ ထိုအခါ ကျွန်ုပ်က ဦးကိုကိုကြီးအား . . .

"ကဲ ဦးကိုကိုကြီး၊ ထိုင်လေဗျာ" ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"ထိုင်လို့မဖြစ်ဘူးအာစရိ၊ ခင်ဗျားတို့ကိုအလှကြည့်ဖို့လာတာမဟုတ်ဘူး၊ စုံထောက်မင်းကြီးက လွှတ်လိုက်လို့ လာရတာ" ဟု ပြောလေတော့၏။

"မဖြစ်နိုင်တာ ဦးကိုကိုကြီးရယ်၊ ကျုပ်လဲ အခုပဲ စီအိုင်ဒီက ထွက်လာတာပဲ၊ မစ္စတာကရစ်ပင်ကိုတောင် ဝင်ပြီး မြို့ထဲသွားမယ့်အကြောင်း ခွင့်တောင်းခဲ့သေးတယ်" ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"ဟုတ်ပါ့ဗျာ၊ အဲဒါလဲ မှန်ပါတယ်၊ ခင်ဗျားထွက်သွားပြီး ဆယ်မိနစ်လောက်လဲကြာရော . . . သယ်န်းကျွန်းဂါတ်တဲက တယ်လီဖုန်းဆက်တယ်ဗျ၊ ဘူတာနားက အိမ်ကြီးတစ်အိမ်မှာ လူသတ်မှုဖြစ်လို့တဲ့ဗျို့၊ အဲဒါနဲ့ မစ္စတာကရစ်ပင်က ဆားပုလင်းနှင်းမောင်ကိုပါခေါ်ပြီး အခင်းဖြစ်ပွားတဲ့ဆီကို သွားဖို့ ကျုပ်ကို ခိုင်းလိုက်တာ" ဟု လက်ဟန် ခြေဟန်နှင့်တကွ ပြောလေတော့၏။

"ခင်ဗျား နောက်တာတော့ မဟုတ်ပါဘူးနော်" ဟု ကျွန်ုပ်က မေးလိုက်ရာ ဦးကိုကိုကြီးက . . .

"နောက်ရမလား ကိုအောင်သင်းရယ် . . . ဒါက ကလေးကစားစရာမှ မဟုတ်ဘဲ၊ လူကြီး ဖဲရိုက်တဲ့ကိစ္စဗျ၊ လာကယ်ပါဗျာ၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားမယုံရင် ကျိန်ပြပါ့မယ်၊ တွံတေးက ကိုပြုံးဘုရား စူးရစေရဲ့" ဟု ကျိန်တွယ်၍ ပြောလေ၏။

"နေပါဦးဗျာ၊ ဘုရားစူး ဆိုရင်လဲ ပြီးလျက်သားနဲ့၊ ဘယ့်နှယ် တွံတေးက ကိုပြုံးဘုရား စူးရစေရဲ့လို့ ကျိန်ရတာလဲ" ဟု ကျွန်ုပ်က မေးလိုက်ရာ ဦးကိုကိုကြီးက . . .

"ခင်ဗျား အဲဒီဘက် မရောက်ဖူးသေးဘူးထင်တယ်၊ ကိုပြုံးဘုရားစေတီ ဆိုတာ ရှိတယ်ဗျ၊ အဲဒီစေတီက သိပ်ချွန်တယ်၊ တခြားစေတီတွေနဲ့ မတူဘူး" ဟု ပြောလေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်သည် အကျႌချိတ်တွင် ချိတ်ထားသော ကုတ်အကျႌကို ဖြုတ်ယူရင်း . . .

"အတော်ပဲဗျာ၊ အမှုကြီးကြီးမားမားမရှိလို့ ပျင်းနေတုန်း အမှုကလေးတစ်မှု ပေါ်တယ်ဆိုတော့ ရိုးရိုးသားသားဝန်ခံရရင် စိတ်ထဲမှာ ပျော်သလိုပဲ" ဟု ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်တို့သုံးဦးသည် သယ်န်းကျွန်းဘူတာဘက်ဆီသို့ မော်တော်ကားဖြင့် ထွက်၍လာခဲ့ကြလေတော့၏။

သယ်န်းကျွန်းဘူတာနှင့် လွန်စွာမဝေးသောနေရာရှိ ခြံကြီးတစ်ခြံ၏အနီးသို့ ရောက်သောအခါ၌ ခြံရှေ့တွင် ခြံတိုင်ကိုမှီ၍ မှတ်တတ်ရပ်နေသော ပုလိပ်ကလေးတစ်ဦးကို တွေ့ရသဖြင့် ဦးကိုကိုကြီးက . . .

"လူသတ်မှုဖြစ်တာ အဲဒီခြံနဲ့ တူတယ်၊ ဟိုမှာ ကျုပ်တို့ရဲ့ အားကိုးလောက်တဲ့ပုလိပ်တလေး ခြံရဲ့အုတ်တိုင်ကိုမှီပြီး ငိုက်နေတာ မြင်ရဲ့မဟုတ်လား" ဟု ပြောရင်း ကားဟွန်းကို 'တီ' ခနဲ



နှိပ်လိုက်ရာ ကားဟွန်းသံကြောင့် ပုလိပ်ကလေးသည် လန့်၍ သွားလေတော့၏။

ထို့နောက် ကျွန်ုပ်တို့အားမြင်လျှင် . . . ဆလံပေးလေ၏။ ထိုအခါ ဦးကိုကိုကြီးက ထိုပုလိပ်ကလေးအား . . .

"အထဲမှာ ဘယ်သူတွေရောက်နေကြသလဲ" ဟု မေးလိုက်ရာ ပုလိပ်ကလေးက . . .

"ကျွန်တော်တို့ဂါတ်က ရာဇဝတ်အုပ်ကြီးလဲ . . .ရောက်နေပါတယ်၊ အင်းစိန်စီအိုင်ဒီက စုံထောက်ဆိုတာတွေလဲ ရောက်နေကြပါတယ်" ဟု ပြန်၍ ဖြေလေ၏။ ထိုအခါ ကျွန်ုပ်တို့သုံးဦးသည် မော်တော်ကားကို ထိုနေရာ၌ရပ်၍ ခြံဝင်းအတွင်းသို့ ခြေကျင်ဆင်း၍ သွားကြလေတော့၏။

ခြံဝင်းမှာ အတော်အတန်ကျယ်၏။ ခြံဝမှ အိမ်မကြီးအထိ အုတ်ခဲခင်းထားသော လမ်းကလေးအတိုင်း လျှောက်၍ သွားရ၏။ ထို့နောက် အိမ်မကြီးသို့ ရောက်လျှင် အပေါ်ထပ်သို့ တက်သော လှေကားဖြင့် တက်ရလေ၏။

အပေါ်ထပ်သို့ရောက်လျှင်မူ ကုလားထိုင်၌ ကြိုးတုပ်လျက် ရင်ဝတွင် ကြီးမားသော ဓားဒဏ်ရာကြီးဖြင့် မျက်လုံးပြူး မျက်ဆန်ပြူး သေဆုံးလျက်ရှိသော အသက် ငါးဆယ်ကျော်အရွယ် လူကြီးတစ်ဦး၏အလောင်းကို ထိတ်လန့်တုန်လှုပ်ဖွယ်ရာ တွေ့ရလေ၏။

ထိုအလောင်း၏ဘေးတွင် ခြေထောက်တစ်ဘက်ကိုရွှေ့၍ ခြေထောက်တစ်ဘက်ကိုဆန့်ကာ နံရံကိုမှီ၍ ဂိုက်ထုတ်နေသော စုံထောက်ကိုစိန်လှဆိုသူကိုလည်း မသတီဖွယ်ရာ တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုစိန်လှသည် လမ်းဘေးမျက်လှည့်ဆရာတစ်ဦး၏ဂိုက်ဖြင့် အလောင်းကြီးကိုပြ၍ သယ်န်းကျွန်းဂါတ်မှ ပင်စင်ယူလုဆဲဆဲ အိုမင်းရင့်ရော်လှပြီဖြစ်သော ရာဇဝတ်အုပ်အိုကြီးအား အမှုသွား အမှုလာများကို ရှင်းပြနေလေ၏။ ထိုရာဇဝတ်အုပ်အိုကြီး မှာလည်း ဝင့်ရှိသရွေ့ ခံရဦးမည်ဟူသော စိတ်ဖြင့် စုံထောက် ကိုစိန်လှ ပြောသမျှကို နားထောင်နေရရှာလေ၏။

ထိုအချိန်မှာပင် အတွင်းခန်းဘက်ဆီမှစုံထောက်ကိုတင်ဝင်း ဆိုသူ ထွက်လာပြီး . . . မီးခံသေတ္တာသော့တွဲတစ်ခုကို လက်ဖြင့် မြှောက်ပြရင်း . . .

"ဟောဒီမှာမီးခံသေတ္တာသော့ဗျ၊ အထဲက မီးခံသေတ္တာလဲ ပွင့်နေတယ်၊ လူသတ်သမားဟာ ပစ္စည်းလိုချင်လို့သတ်တာဗျ။ ဘာမှတွေးမနေနဲ့" ဟု ပြောလိုက်လေ၏။

ထိုအခါ အလောင်းကြီးနံဘေးတွင်ရပ်၍ ဂိုက်ပေးနေသော ကိုစိန်လှက . . .

"ခင်ဗျားပြောတာကိုတော့ . . . ကျုပ် ငြင်းစရာမရှိပါဘူးဗျာ၊ လူသတ်သမားက . . . ဟောဒီ ဦးစံမတူဆိုတဲ့ စိန်ရွှေရတနာ ပွဲစားကြီးကို ဘယ်ပုံဘယ်နည်း သတ်သွားတယ်ဆိုတာကို ကျုပ် ရှင်းပြနေတာပါ" ဟု ပြောလေ၏။ ထိုအခါ အပေါ်ထပ် နောက်ဘက်လှေကားမှ စုံထောက်ကိုအောင်မြင့်ဆိုသူ ရောက်ရှိ လာပြီးလျှင် . . .

"အလှမ်းကျယ် အလယ်လပ်ဆိုတာ ခင်ဗျားတို့နှစ်ယောက် ကို ပြောတာပဲဗျ၊ ခင်ဗျားတို့ဟာ အရေးမကြီးတဲ့ ဟာတွေတော့ မြင်တတ်ပါရဲ့ဗျာ၊ အရေးကြီးတဲ့သဲလွန်စကိုတော့ ခင်ဗျားတို့



နှစ်ယောက်စလုံးက လွှဲသွားကြတယ် . . .။ ဟောဟိုမှာ ကြည့်လိုက်စမ်း" ဟု နံရံကို ညွှန်ပြလိုက်ရာ ကိုစိန်လှနှင့် ကိုတင်ဝင်းသာမက ကျွန်ုပ်တို့ပါ ထိုနေရာသို့ ကြည့်လိုက်ရာ နံရံပေါ်တွင် သွေးဖြင့် ရေးထားသော အောက်ပါစာတန်းကို တွေ့ရလေတော့၏။

## ရွှေသေတ္တာ

စာတန်း၏အဝိုင်းပမာဏမှာ လက်ဖက်ရည်ပန်းကန်ပြားဝိုင်း ပမာဏခန့်ရှိ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"ကိုအောင်မြင့်ရယ်၊ ဒါ မဆန်းပါဘူးဗျာ၊ ပိတုန်းသုံးကောင် အမှုတုန်းကလဲ ဒီလိုပဲ နံရံပေါ်မှာ သွေးနဲ့ရေးထားတဲ့အမှုကို ကျုပ်တို့ လိုက်ခဲ့ပြီးပြီပဲ" ဟု ပြောလိုက်ရာ ကိုတင်ဝင်းက . . .

"မဟုတ်မှလွဲရော . . . လူသတ်သမားဟာ 'ရွှေသေတ္တာ' လိုချင်လို့ ဒီ ဦးစံမတူကြီးကို သတ်လိုက်တာဗျ၊ ရွှေသေတ္တာလဲ ရရော . . . သူ့ရဲ့ပီတိတွေကို မဖုံးနိုင် မဖိနိုင်ဖြစ်ပြီး နံရံပေါ်မှာ ရေးသွားတာ၊ ကျုပ် အင်္ဂလိပ်ဝတ္ထုတွေထဲမှာ အဲဒီကိစ္စမျိုးတွေ အများကြီးဖတ်ဖူးတယ်" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

'ဟေ ဟေ ဟေ့' ဟု သရော်တော်တော်လေသံဖြင့် ရယ်လိုက်လေ၏။ ထိုသို့ရယ်ပြီးလျှင် . . .

"ခင်ဗျားကို လူသတ်မှု လိုက်ခိုင်းနေတာ . . . ခင်ဗျားက ဘာဖြစ်လို့ အင်္ဂလိပ်ဝတ္ထုတွေအကြောင်း ပြောနေရတာလဲ၊ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



မစွတာကရစ်ပင်နဲ့တွေ့မှ ပြောပြလိုက်ပါ၊ ဒါမှ ခင်ဗျားအသက် မစေ့ခင် ပင်စင်ရမှာ” ဟု ပြောလိုက်ရာ ကိုတင်ဝင်းက . . .

“ဦးကိုကိုကြီးရယ်၊ ခင်ဗျားလဲ အမှုပေါ်အောင် လိုက်တာ မဟုတ်ဘူး၊ သူများကြိုးစားနေရင် စိတ်ဖျက်အောင် အတော် ပြောတတ်တယ်၊ စီအိုင်ဒီမှာ ခင်ဗျားမရှိရင် ကောင်းမယ်” ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

“စီအိုင်ဒီမှာ ကျုပ် မရှိလို့ မရဘူးဗျ၊ ရှင်းရှင်းပြောရရင် စီအိုင်ဒီက စုံထောက်တွေထဲမှာတော့ ကျုပ်တို့ဟာ ကျောင်း ဆောက်ကတည်းကပါလာတဲ့ဘုန်းကြီးတွေပဲ၊ တော်သည်ဖြစ်စေ၊ မတော်သည်ဖြစ်စေ . . . ကျုပ်တို့ဟာ ဘယ်မှပြောင်းဖို့မလိုဘူး၊ ဒီကျောင်းမှာပဲ ဝါဆိုရမှာပဲ၊ ခင်ဗျားတို့က နောက်မှ ရောက် လာတဲ့ အာဂန္တုတွေပဲ ကိုတင်ဝင်း” ဟု ပြော၍ တဟဲဟဲ ရယ်လေ တော့၏။

ထိုအခါ၌ စုံထောက် ကိုအောင်မြင့်သည် ကိုတင်ဝင်း တွေ့ခဲ့သည်ဆိုသော မီးခံသေတ္တာကြီးကို သွားရောက်ကြည့်ရှု နေလေတော့၏။

ဆားပုလင်းနှင်းမောင်မှာမူ . . . သေဆုံးသူ ဦးစံမတူ၏ စာရေးစားပွဲသို့သွားကာ စာများကို လှန်လှောကြည့်ရှုပြီးလျှင် စာကတ်အတွင်းမှ သံကြိုးစာတစ်စောင်ကို ဆွဲဖြုတ်လိုက်ကာ ကျွန်ုပ်၏ဘက်သို့ လှမ်း၍ပေးလိုက်လေ၏။ ကျွန်ုပ်လည်း ထိုသံကြိုးစာကိုလှမ်းယူ၍ ဖတ်ရှုပြီးနောက် ခေါင်းရှုပ်သွားလေ တော့၏။



ထိုသံကြိုးစာမှာ အောက်ပါအတိုင်း ဖြစ်လေတော့၏။

ခွေးနှစ်ကောင် ကြောင်တစ်မြီး
အရှင်လတ်လတ်ရပြီ။
ဈေးပေးဖို့စီစဉ်ပါ။
လှဖေ

ထိုသံကြိုးစာကို စုံထောက်ကိုစိန်လှက လာရောက်ကြည့်ရှု ပြီးလျှင် . . .

“ဒါက မဆန်းပါဘူးဗျာ . . . ခွေးနဲ့ကြောင် မွေးချင်လို့ တစ်ယောက်ယောက်ကို မှာထားပါလိမ့်မယ်၊ အဲဒီမှာထားတဲ့ လူက ခွေးနဲ့ကြောင်ရလို့ ဦးစံမတူကို အကြောင်းကြားတာဖြစ်မှာ ပေါ့” ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

“အကြောင်းကြားပြီပဲ ထားပါတော့ဗျာ၊ ခွေးနဲ့ ကြောင် ရပြီလို့ပဲ သံကြိုးရိုက်ရမှာပေါ့၊ ဘယ့်နှယ်များဗျာ၊ ခုတော့ ခွေး နှစ်ကောင် ကြောင်တစ်မြီး ရပြီလို့ . . . ပြီးတော့လဲ ရတာတောင် ရိုးရိုးရတာ မဟုတ်ဘူး၊ အရှင်လတ်လတ်ရပြီတဲ့၊ နောက်တစ်ခု က ကျုပ်တို့မြန်မာစကားမှာ ခွေးတစ်ကောင် ကြောင်တစ်မြီးပဲ ရှိတာ၊ အခုဟာက ခွေးနှစ်ကောင် ကြောင်တစ်မြီးတဲ့၊ ကိုစိန်လှ ခင်ဗျား စဉ်းစားတာ ချော်နေပြီဗျ၊ လုံးဝ မဖြစ်နိုင်ဘူး” ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုစိန်လှလည်း ပြန်၍ မဖြေနိုင်ဘဲ ငြိမ်၍သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် . . . ဆားပုလင်းနှင်းမောင်သည် အောက်ထပ်ရှိ ထမင်းစားခန်းသို့ဆင်းသွားပြီးလျှင် ထမင်းစားပွဲကို ကြည့်ရှုလေ၏။ စားပွဲပေါ်တွင် စနိုက်ကြော်နှင့် ကြက်ဥကြော်အစအနများ ထမင်းပန်းကန်နှစ်ချပ်နှင့် အခြားသောဟင်းလျာအကျန်များကို တွေ့ရလေ၏။

ဆားပုလင်းနှင်းမောင်သည် ဝါး၍ထွေးထားသော အရိုးများကိုပင် စေ့စေ့စပ်စပ်ကြည့်ရှုလေ့လာ၏။ ထို့နောက် အပေါ်သို့ပြန်၍တက်လာပြီးလျှင် ကြွက်လျှောက်တန်းပေါ်မှ ဆော်ဒါပုလင်းအလွတ်တစ်လုံးကိုကောက်ယူကြည့်ရှုနေလေ၏။ ထိုအခါ စုံထောက်ကိုအောင်မြင့်က . . .

"ကိုနှင်းမောင်ရယ် . . . ဆော်ဒါပုလင်းအဝကို နမ်းရင် ဆော်ဒါနံ့ပဲ ရမှာပေါ့ဗျာ၊ ဘာများပိုထူးမှာတုံး" ဟု ပြောလိုက်လေ၏။

သို့ရာတွင် ဆားပုလင်းနှင်းမောင်သည် ပြန်လည်ချေပ ပြောဆိုခြင်းမပြုဘဲ ၎င်း၏အိတ်အတွင်းမှ ရေခဲတောင်တံဆိပ် စီးကရက်ဘူးကိုနှိုက်ယူကာ စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိ ဖွာရှိုက်ရင်း ပြတင်းပေါက်မှနေပြီး အဝေးသို့လှမ်းမျှော် ကြည့်ရှုနေလေ၏။ ပြီးလျှင် ရာဇဝတ်အုပ်အိုကြီးဘက်သို့လှည့်ကာ . . .

"ဦးစံမတူရဲ့ ထမင်းချက်နဲ့ တွေ့ချင်တယ်၊ ခေါ်ပေးစမ်းပါဦး၊ ခိုင်းတယ်လို့တော့မထင်ပါနဲ့နော်၊ မိတ်ဆွေကြီးက ကျွမ်းပြီးသားမို့ ပြောရတာပါ" ဟု ပြောလိုက်ရာ ရာဇဝတ်အုပ်အိုကြီးသည် ပင်စင်ယူလုဆဲဆဲဖြစ်သောကြောင့် မည်သူ့ကိုမှ ဆန့်ကျင်ဘက် မလုပ်ဘဲ "ဟုတ်ကဲ့" ဟူသော စကားတစ်လုံးကိုသာလျှင် တွင်တွင်ကြီး သုံးနေသောအချိန်ဖြစ်ရာ ဆားပုလင်းနှင်းမောင်၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက်တည်း . . .



"ဟုတ်ကဲ့ခင်ဗျ" ဟု ပြောဆိုကာ အောက်ထပ်သို့ဆင်းသွားလေတော့၏။ ထိုသို့ ဆင်းသွားပြီး များမကြာမီ၌ ကုလားတစ်ယောက်ကိုခေါ်၍ အပေါ်သို့တက်လာပြီးလျှင် ဆားပုလင်းနှင်းမောင်နှင့် တွေ့ပေးလိုက်လေတော့၏။ ထိုကုလားသည် မိမိ၏အမည်မှာ ဂျိုးဇက်ဖြစ်ကြောင်း၊ ဦးစံတူ၏အိမ်၌ ထမင်းချက်လုပ်နေသည်မှာ သုံးနှစ်ခန့်ရှိပြီဖြစ်ကြောင်း။ ကုလားသံဝဲသော အင်္ဂလိပ်စကားဖြင့် ဆားပုလင်းနှင်းမောင်အား ပြောလေတော့၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က လွန်စွာအချိုးကျလှသော အင်္ဂလိပ်စကားဖြင့် . . .

"ဟော့ကောင်ဂျိုးဇက် ဒီအိမ်မှာမင်းကလူဘယ်နှယောက်စာအတွက် ထမင်းချက်ပေးရသလဲ" ဟု မေးလိုက်ရာ ဂျိုးဇက်က-

"ဦးစံမတူအတွက်ပဲ ချက်ပေးရပါတယ်" ဟု ပြန်၍ ဖြေလေ၏။

"ကောင်းပြီ၊ စနိုက်ကြော်တွေ ငါတွေ့ရတယ်၊ ဘယ်ဈေးနဲ့ ဝယ်ခဲ့သလဲ" ဟု . . . ဆားပုလင်းနှင်းမောင်က မေးမြန်းရာ ဂျိုးဇက်က-

"စနိုက်ကြော်...ကျွန်တော်ဝယ်ထားတာ မဟုတ်ဘူးခင်ဗျ၊ ဦးစံမတူ ဝယ်ခဲ့တာ" ဟု ဖြေလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က-

"ရန်ကုန်မြို့မှာ ဈေးပေါင်း (၃၀) လောက် ရှိတဲ့အထဲမှာ စနိုက်ကြော် ဘယ်ဈေးမှာ ရနိုင်မှာတုန်း . . . သေသေချာချာ

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားပါဦး ဂျိုးဇက်ရဲ့ မင်းဆရာ ဦးစံမတူက ဘယ်ဈေးကနေ ဒီစနိုက်ကြော် ဝယ်ခဲ့ရမှာတုံး” ဟု မေးလိုက်ရာ ဂျိုးဇက်သည် အဖြေမပေးနိုင်တော့ဘဲ . . .

“ဒါတော့ ကျွန်တော် မပြောတတ်ဘူး” ဟုသာ တုံးတိတိ ဖြေလိုက်လေတော့၏။ ဆားပုလင်းနှင်းမောင်သည် စီးကရက် မီးခိုးများကို မှုတ်ထုတ်ပြီးနောက် အနည်းငယ် ပြုံးလိုက်လေ၏။ ပြီးလျှင် . . .

“ဒီအိမ်မှာ ဒရဝမ်တစ်ယောက်ရှိသေးတယ် မဟုတ်လား၊ သူ အခု ဘယ်မှာတုံး” ဟု မေးလိုက်ရာ ဂျိုးဇက်က . . .

“ဘဂဝမ် လို့ ခေါ်ပါတယ်၊ သူ ဒီအချိန် ပြန်ပါတယ်” ဟု ပြောလျှင် . . .

“သူ့အိမ်ကို မင်းသိလား” ဟု ဆားပုလင်းနှင်းမောင်က မေးရာ ဂျိုးဇက်က . . .

“သိပါတယ် ဆပ်”

“ကဲ ဒီလိုဆိုရင် . . . ဒီကောင့်အိမ်ကို ငါ့ကိုလိုက်ပို့စမ်းကွာ” ဟု ပြောပြီး ဆားပုလင်းနှင်းမောင်က ဂျိုးဇက်ကို လိုက်ပြခိုင်းရာ ကျွန်ုပ်နှင့် ဦးကိုကိုကြီးမှာ ဘုမသိဘမသိနှင့် နောက်မှလိုက်ပါ သွားကြရလေတော့၏။

ကျွန်ုပ်တို့သည် ဂျိုးဇက်နောက်မှ လိုက်ပါသွားကြရာ ရထားလမ်းကိုဖြတ်ကျော်ခဲ့ရ၏။ လယ်ကွင်းနှစ်ခုကိုဆင်းရ၏။ ရေအိုင်နှစ်အိုင်ကို ပတ်ရ၏။ ထို့နောက်မှ တဲကလေးတစ်လုံး ဆီသို့ ရောက်လေ၏။ ဂျိုးဇက်သည် တဲအနားသို့ရောက်သော အခါ၌ တဲအတွင်းရှိ ဘဂဝမ်အား လှမ်းအော်နှုတ်ဆက်မည်



ပြုရာ ဆားပုလင်းနှင်းမောင်က ဂျိုးဇက်၏ပါးစပ်ကို အသာအယာ လှမ်း၍ပိတ်လိုက်၏။

သဘောမှာ မိမိတို့လာကြောင်း အတွင်းမှ ဘဂဝမ်ကို ကြို၍ မသိစေချင်သောကြောင့် ဖြစ်၏။ သို့ရာတွင် ဆားပုလင်း နှင်းမောင်၏ လက်သည် ဂျိုးဇက်၏ပါးစပ်ကို လှမ်း၍ပိတ်နိုင် သော်လည်း ဘဂဝမ်၏အိမ်တွင် မွေးထားသော ခွေး၏ပါးစပ်ကို လှမ်း၍မပိတ်နိုင်ဘဲရှိရကား ခွေးသည် ဆူဆူညံညံဟောင်လေ တော့၏။

ခွေးဟောင်သံကြောင့် ဘဂဝမ်၏မိန်းမသည် တဲအတွင်း မှ အပြင်သို့ထွက်၍ကြည့်ကာ ၎င်း၏ယောကျ်ား ဘဂဝမ်အား တစ်စုံတစ်ခု ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်တို့သည် တဲကလေးဆီသို့ ရောက်သွား ကြလေ၏။ ဆားပုလင်းနှင်းမောင်သည် တဲအတွင်းသို့ ရှေ့ဆုံးမှ ဝင်လေ၏။ ကျွန်ုပ်တို့သုံးယောက်မှာမူ ဆားပုလင်းနှင်းမောင်၏ နောက်မှ ဝင်ခဲ့ကြလေ၏။ တဲအတွင်းသို့ရောက်သောအခါ၌မူ ကြိုးခုတင်ပေါ်တွင် ပက်လက်လှန်၍ အိပ်နေသော ဘဂဝမ်ကို တွေ့ရလေ၏။

၎င်း၏ မျက်နှာတစ်ခြမ်းမှာလည်း ညိုမည်း၍ ရောင်ကိုင်း နေလေ၏။ ခေါင်းတွင်လည်း ပတ်တီးတစ်ခု စည်းထားသည်ကို တွေ့ရလေ၏။ ဒဏ်ရာမှသွေးများသည် ပတ်တီးကိုစိမ့်၍ ထွက် နေသည်ကိုလည်း ကောင်းစွာ မြင်တွေ့ရလေ၏။ ဆားပုလင်း နှင်းမောင်သည် ဘဂဝမ်အား အောက်ပါအဓိပ္ပာယ်ရှိသော ဂေါ်ရခါးစကားဖြင့် စတင်၍ နှုတ်ဆက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါတွေ့ဖူးတဲ့ ဂေါ်ရခါးလူမျိုးတွေထဲမှာ မင်းဟာ အညံ့ဆုံးပဲ၊ ငါဟာ ဂေါ်ရခါးလူမျိုးတွေကို ချစ်ခင်လေးစားတယ်၊ အဲဒါဟာ သူတို့ရဲ့ သူရသတ္တိကြောင့်ဖြစ်တယ်၊ သူတို့ရဲ့ ရိုးသားဖြူစင်တဲ့ စိတ်နှလုံးကြောင့်လဲဖြစ်တယ်၊ ဒီမှာဘဂဝမ် မင်းဟာ မရိုးသားဘူးလို့တော့ ငါ မပြောပါဘူး။ ဒါပေမဲ့ တိုက်ခိုက်ရေးဘက်မှာတော့ အလွန်ညံ့ဖျင်းတယ်၊ တစ်ယောက်တစ်ယောက်ချင်း တိုက်ခိုက်တာ . . . ဒါလောက်တောင် ခံလိုက်ရသလားကွာ"

ဘဂဝမ်သည် ဆားပုလင်းနှင်းမောင်အား စူးရဲသော မျက်လုံးဖြင့် ကြည့်၏။ ထို့နောက် ခုတင်ဘေးတွင် ချိတ်ထားသော ဓားကောက်၏ အရိုးပေါ်သို့ လက်ကိုလှမ်း၍ တင်လိုက်လေ၏။

ပြီးလျှင် အခြားသော လက်တစ်ဘက်ဖြင့် ကျွဲချိုကဲ့သို့ ကော့နေသော နှုတ်ခမ်းမွေးနှစ်ဘက်ကိုပွတ်၍ ထောင်လိုက်လေ၏။ ၎င်း၏ဟန်ပန်အမူအရာမှာ ပြေး၍ခတ်ရန် အဆင်သင့်ဖြစ်နေသော ကျွဲရိုင်းတစ်ကောင်နှင့်သာ တူလေတော့၏။ ဘဂဝမ်သည် ဆားပုလင်းနှင်းမောင်အား မျက်တောင်မခတ်ဘဲ ကြည့်လိုက်ပြီးနောက် . . .

"ခင်ဗျားဘယ်သူလဲ၊ ဘာဖြစ်လို့ ကျုပ်ကိုလာပြီး အပြစ်တင်နေရတာလဲ၊ ကျုပ်ဟာ ဂေါ်ရခါးလူမျိုးတစ်ယောက်ဖြစ်တယ်၊ ကျုပ်ဟာ သစ္စာရှိတယ်၊ သတ္တိရှိတယ်၊ ထိခိုက်ဒဏ်ရာရတာနဲ့ ကျုပ်ကို ဘာဖြစ်လို့ ညံ့တယ်လို့ ပြောရတာလဲ၊ ကျုပ်ဟာ လူညံ့တစ်ယောက်မဟုတ်ကြောင်း ကျုပ်ရဲ့ ကွက်ကရီးဓားကောက်နဲ့ သက်သေပြဖို့ အချိန်တော်ပြီလား၊ ကျုပ်တို့ဟာ အေးအေး



ဆေးဆေးနေတတ်တဲ့လူမျိုးဖြစ်တယ်၊ ဒါပေမဲ့ လိုအပ်တဲ့အခါ ဘယ်သူ့ရဲ့လည်ချောင်းသွေးကိုမဆို ဓားနဲ့ ဖောက်ပစ်ဝံ့တယ်၊ ခင်ဗျား ဘယ်သူလဲ" ဟု ဘဂဝမ်က ဂေါ်ရခါးစကားဖြင့် ပြန်၍ ပြောလိုက်လေ၏။

"ငါဘယ်သူလဲဆိုတာပြောဖို့ထက် မင်းရဲ့အိမ်ရှင် ဦးစံမတူကြီး သေပြီဆိုတာ ပြောဖို့က ပိုပြီးအရေးကြီးလိမ့်မယ် ထင်တယ်" ဟု ပြောပြလိုက်ရာ ဘဂဝမ်သည် ဓားရိုးပေါ်မှ လက်ကို ဆတ်ခနဲ လွှတ်လိုက်ပြီး . . .

"သေပြီ ဟုတ်လား" ဟု ပြောလိုက်လေ၏။

"အေး ဟုတ်တယ် . . . သေပြီ၊ မင်း အပြင်ကိုထွက်သွားတဲ့ အချိန်မှာ အသတ်ခံရတာပဲ၊ ဘာကိစ္စ မင်းက အပြင်ကို ထွက်သွားရတာလဲ" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ကျုပ် အကြောင်းမဲ့သွားတာမဟုတ်ဘူး . . . ဦးစံမတူက ကျုပ်ကို ဆော်ဒါဝယ်ခိုင်းလို့ ထွက်သွားတာ" ဟု ဘဂဝမ်က ပြောရာ ဆားပုလင်း နှင်းမောင်သည် စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိရှိုက်ဖွာပြီးလျှင် . . .

"မင်း ဘာဖြစ်လို့လိမ်နေတာလဲ ဘဂဝမ်၊ ဦးစံမတူက မင်းကို ဆော်ဒါဝယ်ခိုင်းတာက တစ်ခေါက်သပ်သပ်လေကွာ၊ မင်းက အပြင်ထွက်ပြီး ဆော်ဒါဝယ်ပေးခဲ့ပြီးပြီလေ၊ နောက်တစ်ခေါက် မင်း အပြင်ထွက်သွားသေးတယ် မဟုတ်လား" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်ရာ ဘဂဝမ်က . . .

"ကျုပ် အဲဒါကိုမဖြေရင်မရဘူးလား၊ ခင်ဗျား ဘယ်သူလဲ" ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို မဖြေလို့မဖြစ်ဘူး ဘဂဝမ်၊ အဲဒါဟာ အမှုမှာ သိပ်အရေးကြီးနေတယ်"ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ဘဂဝမ်က . . .

"ခင်ဗျား ဘယ်သူလဲ" ဟုထပ်၍မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"မေဒါနန် ဆားပုလင်းနှင်းမောင်ပဲ" ဟု ပြောလိုက်ပြီး စီးကရက်မီးခိုးများကို အကွင်းလိုက်ဖြစ်အောင် မှုတ်ထုတ်လိုက်လေတော့၏။ ထိုအခါ ဘဂဝမ်သည် အနည်းငယ် မျက်လုံးဝိုင်း၍ သွားပြီးလျှင် . . .

(အပွကာနမ် ဆားပုလင်းနှင်းမောင်) . . . ခင်ဗျားလားဗျာ ဆားပုလင်းနှင်းမောင်ဆိုတာ ဟု အံ့အားသင့်လွန်းသောလေသံဖြင့် ပြန်၍မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က-

"အေး ဟုတ်တယ် . . . ဒါကြောင့် စောစောက ငါမေးတာ ဖြေစမ်းပါဦး၊ နောက်တစ်ခေါက် အပြင်ကို ထွက်သွားတာ ဘာလုပ်တာတုံး" ဟု မေးလိုက်လေ၏။

"လူတစ်ယောက်ကို လိုက်ပို့တာပါ" ဟု ဘဂဝမ်က ဖြေလိုက်လေ၏။

"လူတစ်ယောက်ဆိုတာ မိန်းမတစ်ယောက်မဟုတ်လားကွ" ဟု ဆားပုလင်းနှင်းမောင်က မေးပြီး . . . ဘဂဝမ်၏ မျက်နှာကို အကဲခတ်သကဲ့သို့ လှမ်း၍ကြည့်လိုက်ရာ ဘဂဝမ်က . . .

'ဟုတ်ပါတယ်"ဟု ပြန်၍ မဖြေချင့် ဖြေချင်ဖြင့် ဖြေလိုက်လေတော့၏။



"အဲဒီမိန်းမဟာ မနေ့က ဘယ်အချိန်ရောက်လာတာလဲ" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်ပြန်၏။

"မိုးချုပ်တဲ့အခါမှာ ရောက်လာပါတယ်" ဟု ဘဂဝမ်က ဖြေလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"မင်းက တံခါးဖွင့်ပေးတယ်ပေါ့" ဟု ထပ်၍ မေးလိုက်လေ၏။

"ဟုတ်ပါတယ်၊ သူဟာ အလျင်တစ်ခေါက်ကလဲ လာဖူးပါတယ်၊ အခုလဲ ဒီလိုပဲ လာတာပေါ့လေ" ဟု ဘဂဝမ်က ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"မင်းရဲ့အိမ်ရှင် ဦးစံမတူဟာ လူပျိုကြီးဆိုတဲ့ နာမည်ခံပြီး အခုလို အပျော်မယားတွေနဲ့ ရှုပ်နေတာပေါ့" ဟု ပြောလိုက်လေ၏။

"ဒါကတော့ ခင်ဗျားအနေနဲ့ပြောချင်ပြောပါ၊ ကျုပ်ကတော့ ကျုပ်ရဲ့အလုပ်ရှင်ကို အပြစ်ပြောဖို့ အကြောင်းမရှိပါဘူး၊ ဒါဟာ ကျုပ်ရဲ့အလုပ်လဲ မဟုတ်ဘူး" ဟု ဘဂဝမ်က ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်တို့ဘက်သို့လှည့်ကာ-

"ဂေါ်ရခါးလူမျိုးဟာ သိပ်ကို သစ္စာရှိတယ်ဗျာ . . . သူ့ရဲ့အလုပ်ရှင် ဦးစံမတူကြီး မိန်းမပျက်တစ်ယောက်နဲ့ တိတ်တဆိတ်ရှုပ်တာကို သူက ဖုံးကွယ်နေတယ်၊ သူ့စိတ်ထဲမှာ ဦးစံမတူရဲ့ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ဖို့တင် မဟုတ်ဘူး၊ ဦးစံမတူရဲ့ ဂုဏ်သိက္ခာကိုလဲ စောင့်ရှောက်ဖို့ ခံယူထားတယ်ဗျ။ အဲဒါကြောင့် ကျုပ်မေးတာတွေကို သူက မဖြေချင်ဘူး" ဟု ရှင်းပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆားပုလင်းနှင်းမောင်သည် ဘဂဝမ်ဘက်သို့ လှည့်ကာ . . .

"မင်း လိုက်ပို့တဲ့ မိန်းကလေးဟာ အသက်ဘယ်လောက် ရှိပြီလဲ" ဟု မေးလိုက်လေ၏။

"အသက်နှစ်ဆယ့်ငါးနှစ် ရှိပါပြီ" ဟု ဘဂဝမ်က ဖြေလိုက်လေ၏။

"ရုပ်ချောသလားကွ" ဟု ဆားပုလင်းနှင်းမောင်က မေးပြန်လေ၏။

"ချောပါတယ် ဆပ်" ဟု ဘဂဝမ်က ဖြေလိုက်လေ၏။

"သူ့မျက်နှာက ဘာနဲ့တူသလဲ၊ တရုတ်နဲ့တူသလား၊ ကုလားနဲ့ တူသလား၊ ရှမ်းနဲ့ တူသလား" ဟု ဆားပုလင်းနှင်းမောင်က မေးပြန်လေ၏။

"တစ်မျိုးပဲခင်ဗျ၊ ရှမ်းနဲ့ကုလား ပေါင်းထားတာနဲ့တူပါတယ်" ဟု ဘဂဝမ်က ဖြေလေ၏။

"လမ်းမှာ မင်းနဲ့သူနဲ့ ဘာအကြောင်းတွေ စကားပြောသွားကြသလဲ" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဘာမှ မပြောဘူးခင်ဗျ၊ သူဟာ လမ်းတစ်လျှောက်လုံးမှာ သီချင်းဆိုလာတယ်" ဟု ဘဂဝမ်က ဖြေလေ၏။

"သူ့နှုတ်ခမ်းမှာ ဆေးဆိုးထားတယ် မဟုတ်လား ဘဂဝမ်" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဟုတ်ပါတယ်၊ ဆိုးထားပါတယ်" ဟု ဘဂဝမ်က ဖြေလိုက်လေ၏။



"ဒါနဲ့ နေစမ်းပါဦးကွ . . . မင်းနဲ့ ရန်သူနဲ့ ဘယ်နားမှာ တွေ့ပြီး တိုက်ခိုက်ကြတာလဲ" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်ရာ . . . ဘဂဝမ်က -

"ကျုပ် အဲဒီမိန်းမကို လိုက်ပို့ပြီး ပြန်လာတဲ့အခါမှာ ဟိုး ရထားလမ်းဘေးနားက သရက်ပင်အုပ်စုကလေးနားရောက်တော့ ရန်သူက သရက်ပင်ကိုင်းမှာခိုပြီး ကျုပ်ရဲ့မျက်နှာကို ခြေထောက်နဲ့တအားလှမ်းကန်တော့တာပဲ၊ ကျုပ် လဲကျသွားတဲ့ အခါမှာ ရန်သူက ခေါင်းကို ရိုက်ချလိုက်တာပါ၊ ကျုပ် သတိမေ့သွားတယ်၊ အဲဒီအခါမှာ ကျုပ်ရဲ့အဝတ်နဲ့ ကျုပ်ကိုတုပ်ပြီး ချုံပုတ်ထဲမှာ ထည့်ပစ်ခဲ့တယ်၊ ဈေးသွားတဲ့လူတွေ မနက်အစောကြီး လာကြတယ် မဟုတ်လား၊ သူတို့တွေက တွေ့လို့ ဖြေပေးကြတာ၊ ဒါနဲ့ ကျုပ်လဲ အိမ်ပြန်လာတာ" ဟု ဖြေလိုက်လေတော့၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် ဆက်လက်၍ မေးမြန်းခြင်း မပြုတော့ဘဲ တဲအပြင်သို့ထွက်ကာ . . . စိမ်းလန်းသော လယ်ကွင်းပြင်ကြီးကို ငေးမော၍ ကြည့်ရှုနေလေ၏။ ထိုအခါ ကျမှပင် ကျွန်ုပ်နှင့်ဦးကိုကိုကြီးတို့သည် အလ္လာပသလ္လာပစကားများ ပြောကြလေတော့၏။

ဆားပုလင်းနှင်းမောင်သည် တဲအပြင်၌ရပ်၍ စိမ်းလန်းသော ကွင်းပြင်ကြီးကို အားပါးတရကြည့်ရှုပြီးလျှင် တစ်စုံတစ်ခုသောအတွေးသည် ၎င်း၏ ဦးနှောက်အတွင်းသို့ 'ဖျတ်ခနဲ' ဝင်လာတိုင်း ၎င်းပြုမူလေ့ရှိသည့်အတိုင်း 'ဖြောက်ခနဲ' လက်ဖျစ်တီးလိုက်သံကို ကျွန်ုပ်တို့သည် ကောင်းစွာကြားလိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ကြားလိုက်ရပြီးနောက် ဆားပုလင်းနှင်းမောင်သည် တဲအတွင်းသို့ ခြေလှမ်းကျဲကြီးဖြင့် ဝင်သွားလေ၏။ ပြီးလျှင် ဘဂဝမ်အား . . .

"ဘဂဝမ်၊ အခု ငါမေးတဲ့မေးခွန်းကို သေသေချာချာ စဉ်းစားပြီးမှ ဖြေပါကွာ၊ သိပ်ကို အရေးကြီးတယ်၊ အဲဒါက ဘာလဲဆိုတော့ ပထမအကြိမ် မင်းကို ဦးစံမတူက ဆော်ဒါဝယ်ခိုင်းတုန်းက ဦးစံမတူဟာ ပြတင်းပေါက်မှာ မတ်တတ်ရပ်လျက်ကနေ မင်းကို လှမ်းအော်ပြီး ခိုင်းတာဖြစ်လိမ့်မယ်၊ ပိုက်ဆံကိုလဲ အပေါ်ကနေ ပစ်ချလိုက်မယ်ပေါ့ကွာ" ဟု မေးလိုက်ရာ ဘဂဝမ်က . . .

"မှန်ပါတယ် ဆားပုလင်းနှင်းမောင်" ဟု ဖြေလေ၏။

"ဒီလိုဆိုရင် အိမ်ဘေးက လင်းနေရမှာပေါ့ကွ၊ ဒါမှ သူပစ်ချပေးတဲ့ ပိုက်ဆံကို . . . မင်း ကောက်နိုင်မှာပေါ့ကွာ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

"ဟုတ်ပါတယ်ခင်ဗျာ၊ အိမ်ဘေးမှာ မီးလုံးတစ်လုံးတပ်ထားပါတယ်၊ အဲဒီမီးလုံးဟာလဲ . . . အမြဲတမ်းဖွင့်ထားပါတယ်" ဟု ဘဂဝမ်က ဖြေလေ၏။

"ကောင်းပြီ၊ မင်းက ဆော်ဒါဝယ်ပြီး ပြန်လာတော့ ဆော်ဒါပုလင်းကို . . . ဟိုမိန်းမက ဆင်းပြီး ယူတယ်မဟုတ်လား" ဟု ဆားပုလင်းနှင်းမောင်က မေးပြန်လေ၏။

"ဟုတ်ပါတယ်ခင်ဗျ၊ ဟိုမိန်းမက ဆင်းပြီး ယူပါတယ်" ဟု ဘဂဝမ်က ဖြေလေ၏။



"ကောင်းပြီ၊ အဲဒီမိန်းမကို မင်းကို လိုက်ပို့ဖို့ ဦးစံမတူက ပြောတဲ့အခါမှာ ဦးစံမတူဟာ ပြတင်းပေါက်မှာ မတ်တတ်ရပ်လျက် အနေအထားကနေ မင်းကိုလှမ်းပြီး ပြောနေတာ မဟုတ်ဘူး၊ သူဟာ ပြတင်းပေါက်နားက ကုလားထိုင်ပေါ်မှာ ထိုင်ပြီး ပြောတာ ဖြစ်လိမ့်မယ်၊ ဟုတ်တယ် မဟုတ်လား ဘဂဝမ်" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ဘဂဝမ်က မျက်စိကို အနည်းငယ်မှေး၍ စဉ်းစားလိုက်ပြီးနောက် . . .

"မှန်ပါတယ်ခင်ဗျာ မှန်ပါတယ်၊ ဦးစံမတူဟာ ထိုင်လျက်ကနေ ပြောတာပါ။ သူ့ခေါင်းကိုပဲ မြင်ရပါတယ်၊ သူ့ရဲ့ရင်ဘတ်ကို မမြင်ရပါဘူး၊ ခင်ဗျားကလဲသိလှချည်လား၊ ထိုင်ပြီးကြည့်နေတဲ့အတိုင်းပါပဲ" ဟု ဘဂဝမ်က ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် ၎င်း၏အိတ်အတွင်းမှ ငွေငါးကျပ်ကို ထုတ်၍ ဘဂဝမ်၏ဇနီးအား လှမ်း၍ ပေးရင်း . . .

"နေမကောင်းတဲ့ ရက်အတွင်း ဘဂဝမ် အနားယူခွင့် ရှိပါတယ်၊ သူစားချင်တာကလေးတွေလဲ ချက်ပြီးကျွေးပါ၊ အခုအခါမှာ အစောင့်လဲမလိုပါဘူး၊ ဦးစံမတူအိမ်မှာ ပုလိပ်တွေ စောင့်နေပါတယ်" ဟု ပြောဆိုနှုတ်ဆက်ကာ ဘဂဝမ်၏တဲမှ ထွက်ခဲ့လေတော့၏။

ထို့နောက် ကျွန်ုပ်နှင့် ဦးကိုကိုကြီးတို့လည်း ၎င်း၏နောက်မှ လိုက်ခဲ့လေ၏။ အပြန်ခရီး၌လည်း ကျွန်ုပ်တို့သည် ရေအိုင်နှစ်အိုင်ကို ပတ်ရ၏။ လယ်ကွင်းကို ဆင်းရ၏။ ရထားလမ်းကို ဖြတ်ကျော်ရ၏။ ထိုသို့ဖြတ်ကျော်ပြီးသောအခါ၌ ဆားပုလင်းနှင်းမောင်က ကျွန်ုပ်တို့အား . . .

www.burmeseclassic.com

www.burmeseclassic.com



“အခုနေများ . . . လက်ဖက်ရည်အချိုလေးသောက်ရရင် ကောင်းမယ်ဗျာ” ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

“သင့်မြတ်တာပေါ့ ကိုနှင်းမောင်ရယ်၊ ဘာ သင့်မြတ်သလဲ မမေးနဲ့တော့” ဟု ပြန်၍ပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့သည် ကုလားရပ်ကွက်တစ်ခုအနီးရှိ ကာကာလက်ဖက်ရည်ဆိုင်သို့ ဝင်ကြပြီးလျှင် လက်ဖက်ရည်သုံးခွက်မှာယူ၍ သောက်ကြလေတော့၏။

ဦးကိုကိုကြီးသည် လက်ဖက်ရည်ငှဲ့ရင်း . . . ဆားပုလင်းနှင်းမောင်အား . . .

“ကိုနှင်းမောင်ရယ် ခင်ဗျားနောက် လိုက်ရတာလဲ ကျုပ်တို့မှာ အူကြောင်ကြောင်နဲ့ဗျာ၊ ဘာအဓိပ္ပာယ်မှကိုမရပါဘူး၊ တရုတ်ရုပ်သေးကို မိုးလင်းခါနီးမှ ဝင်ပြီး ကြည့်ရသလိုပါပဲဗျာ” ဟု ပြောလိုက်လေ၏။

“တရုတ်ရုပ်သေးကို မိုးလင်းခါနီးမှကြည့်တော့ ဘယ်လိုဖြစ်သတုံး ဦးကိုကိုကြီးရဲ့ လုပ်စမ်းပါဦး” ဟု ကျွန်ုပ်က မေးလိုက်ရလေ၏။

“ဒီလိုလေဗျာ၊ တရုတ်နှစ်သစ်ကူးမှာ ပေငါးဆယ်မှာပြတဲ့ ရုပ်သေးကို မကြည့်ဖူးဘူးလားဗျ၊ တရုတ်လိုပြောလိုက် မားကိုင်ထားတဲ့ အရုပ်တစ်ခုထွက်လာလိုက်၊ နောက်တစ်ခါ ပြောလိုက် မားကိုင်ထားတဲ့ အရုပ်တစ်ခု ထွက်လာလိုက်၊ ဘာပြောမှန်းလဲ မသိဘူး၊ ဘာကောင်တွေ ထွက်လာမှန်းလဲ မသိဘူး၊ မိန်းမရုပ်လား၊ ယောကျ်ားရုပ်လားလဲ ခွဲခြားလို့မရဘူး၊ နှစ်ယောက်စလုံးဟာ ကျစ်ဆံမြီးတွေနဲ့ချည်းပဲ။ ညဦးကတည်းကကြည့်ရရင်တော့ အဓိပ္ပာယ်ရေးတေးတေးတော့ရှိသေးတယ်ဗျ။ မိုးလင်းခါနီးမှများ ကြည့်ရင်တော့ ဘာမှကို အဓိပ္ပာယ်ကောက်လို့ မရပါဘူးဗျာ၊ အဲဒီလိုပဲ . . . အခုလဲ ကိုနှင်းမောင် နောက်ကိုလိုက်လာရတာ ကျုပ်တို့ဖြင့် ဘာမှကို အဓိပ္ပာယ် မရပါဘူး၊ ဘဂဝမ်နဲ့ သူနဲ့ တစ်လှည့်စီပြောနေတာပဲ တွေ့ရတာမဟုတ်လား” ဟု ပြောဆိုကာ ဦးကိုကိုကြီးသည် တဟားဟား ရယ်မောလေတော့၏။



“ဟုတ်ပါရဲ့ဗျာ . . . အကျိုးအကြောင်းလေးလဲ ကျုပ်တို့ကို ရှင်းပြပါဦး”ဟု ကျွန်ုပ်ကမေးလိုက်ရာ ဆားပုလင်းနှင်းမောင်က-

“ရှင်းပြဖို့ မစောသေးဘူးလားဗျာ၊ အမှုက ဘာမှ ပုံပေါ်သေးတာမှ မဟုတ်ဘဲ” ဟု ပြော၍ လက်ဖက်ရည်ကို မော့လိုက်လေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်သည် အခင်းဖြစ်ပွားရာ အိမ်ကြီးဆီသို့ ပြန်လည်သွားပြီးလျှင် ရာဇဝတ်အုပ်အိုကြီးနှင့် တွေ့ဆုံလေ၏။ ထိုသို့တွေ့ဆုံပြီးနောက် . . .

“ကဲ . . . ရာဇဝတ်အုပ်ကြီး၊ ဦးစံမတူ အသတ်ခံရကြောင်း ဘယ်သူကလာပြီး တိုင်ချက်ဖွင့်တာတုံး၊ ဆရာကြီးကို စစ်ဆေးတဲ့ သဘော မဟုတ်ဘူးနော်၊ ဆရာကြီးက ဒီကိစ္စမှာ အလုံးစုံ သိနှင့်ထားတဲ့ ကိုယ့်အမှုထမ်းချင်းမို့ မေးရတာပါ” ဟု မေးလိုက်ရာ ရာဇဝတ်အုပ်အိုကြီးက . . .

“ဒီ ဂျိုးဇက်ဆိုတဲ့ကောင်ပေါ့ ဆရာရယ်၊ သူ မနက်မိုးလင်းလို့ပြန်လာတဲ့အခါ သူ့ဆရာဆီမှာဈေးဖိုးတောင်းဖို့ အိမ်ပေါ်ထပ်ဆီကို တက်သွားရော သူ့ဆရာသေနေတာ တွေ့ရတော့တာပဲ၊ အဲဒီအခါမှာ ဂါတ်ကိုလာပြီး အမှုဖွင့်တော့တာပဲ၊ ဒီဦးစံမတူဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူကြီးက စိန်ရွှေရတနာပွဲစားကြီးခင်ဗျ . . . မိန်းမ မရှိရှာဘူး" ဟု ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ဒီအိမ်မှာက ထမင်းချက်တဲ့ ကျိုးဇက်ရယ်၊ ဒရဝမ်စောင့်တဲ့ ဘဂဝမ်ရယ်အပြင် မာလီတစ်ယောက် ရှိလိမ့်ဦးမယ်၊ ဟောဟို ပန်းပင်တွေ စိုက်ပျိုးထားပုံဟာ တော်တော့လက်ရာ မဟုတ်ဘူး၊ အကျအန လုပ်တတ် ကိုင်တတ်တဲ့ မာလီကုလားရဲ့ လက်ရာပဲ" ဟု ပြောလိုက်ရာ ရာဇဝတ်အုပ်အိုကြီးက . . .

"မှန်ပါတယ် ခင်ဗျာ၊ မာလီကုလားလဲ ရောက်နေပါပြီ၊ သူကတော့ မနက် (၈) နာရီလောက်မှာ အလုပ်ဆင်းပြီး ညနေ (၅) နာရီလောက်မှာ ပြန်ပါတယ်၊ အသက်လဲ ကြီးပါပြီ" ဟု ပြောလိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် အလောင်းကြီးရှိရာ အပေါ်ထပ်ဆီသို့ တစ်ခေါက်တက်၍ သွားပြန်လေ၏။ ကျွန်ုပ်တို့လည်း ၎င်း၏နောက်မှ လိုက်ခဲ့ကြလေ၏။ ထိုအခါက ဦးကိုကိုကြီးက-

"အိုင်ဆေး ကိုနှင်းမောင်၊ ကျုပ်တို့ကိုလဲ ရှင်းပြစမ်းပါဦး" ဟု ပူဆာပြန်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ကဲ . . . အစကနေ စဉ်းစားကြည့်ရအောင်၊ ဦးစံမတူဟာ လူပျိုကြီးဖြစ်တယ်၊ တစ်ယောက်တည်းသမား ဖြစ်တယ်လို့ ကျုပ်တို့ သိရတယ်၊ ထမင်းချက် ကျိုးဇက်ကို မေးကြည့်တော့လဲ ဒီအတိုင်းပဲ ထွက်ဆိုတယ်၊ ဒါပေမဲ့ ဦးစံမတူရဲ့ ထမင်းစားခန်းကို ကျုပ်တို့ ဆင်းကြည့်တဲ့အခါမှာ ထမင်းပန်းကန်ပြား နှစ်ချပ် ပေနေတာကို တွေ့ရတယ်၊ အဲဒီတော့ မနေ့က ဦးစံမတူနဲ့အတူ





အခြားတစ်ယောက်ဟာ ထမင်းစားခဲ့တယ်ဆိုတာ သေချာတယ်၊ အဲဒီလူကို မာလီကုလားလဲ မြင်မှာ မဟုတ်ဘူး။

"ဘာကြောင့်လဲဆိုတော့ မာလီကုလားက အစောကြီး ပြန်တယ်၊ ထမင်းချက် ကျိုးဇက်လဲ သိမှာမဟုတ်ဘူး၊ ဒီကောင်က ချက်ပြုတ်ပြီးတာနဲ့ . . . ထမင်းပွဲပြင်ပြီး အပြင်ထွက်သွားမယ့် ကောင်စားမျိုး၊ ဒါပေမဲ့ . . . ဒရဝမ်ကတော့ ဦးစံမတူနဲ့အတူ ထမင်းစားတဲ့လူဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ သိကိုသိရမယ်၊ ဒါပေမဲ့ ဒရဝမ်ကုလားဟာ ဦးစံမတူ သေတာတောင် မသိဘူး၊ ကျုပ်တို့ပြောပြမှ သူက သိရရှာတယ်။

"အဲဒီတော့ ဒရဝမ်ကုလားဟာ တစ်ညလုံး မစောင့်ဘူးဆိုတာ သေချာတယ်။ သူ ဘာဖြစ်လို့ မစောင့်တာလဲဆိုတာ ကျုပ်တို့ စဉ်းစားကြည့်ရမယ်။ သူ့သဘောနဲ့သူ မစောင့်တာ မဟုတ်ဘူး၊ ဦးစံမတူကိုယ်တိုင်က သူ့ကိုမရှိစေချင်လို့ အပြင်ကို လွှတ်လိုက်တဲ့သဘော ဖြစ်နေတယ်။ ဒါမှမဟုတ် နဂိုကတည်းက ဒရဝမ်ကုလားကို ဒီနေ့ညမလာဖို့ မှာထားတာလဲ ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဘယ်လိုအိမ်ရှင်မျိုးမှ အိမ်ကိုစောင့်တဲ့ ဒရဝမ် မလာတာကို သဘောကျမှာ မဟုတ်ဘူး၊ ဒီအချက်ကို လေးလေးနက်နက် စဉ်းစားရမယ်။

"ပြီးတော့ . . . ဒရဝမ်တစ်ယောက်လုံး စောင့်နေတဲ့အိမ်ကို လူသတ်သမားဟာ ဝင်ဖို့မလွယ်ဘူး၊ ဝင်လို့ရတယ်ပဲ ထားဦး၊ လူသတ်မှုကျူးလွန်ဖို့မလွယ်ဘူး၊ အဲဒီတော့ ဒရဝမ်ကုလားရှိတဲ့ အနေနဲ့ထားပြီး စိတ်ကူးကြည့်မယ်၊ လူသတ်သမား ခြံထဲကို ဘယ်လိုဝင်မလဲ။ ဦးစံမတူနဲ့အတူ ညနေက ထမင်းစားတဲ့လူဟာ



www.burmeseclassic.com

www.burmeseclassic.com



ဦးစံမတူကိုသတ်တဲ့လူမဲလား . . . အဲဒီလူဟာလဲ မနေ့ညကမှ ရောက်လာတဲ့လူဖြစ်ကြောင်း ထင်ရှားတယ်။

“ဘာဖြစ်လို့လဲဆိုတော့ . . . ကျိုးဇော်အပြင်သွားမှ သူက ရောက်လာတာ မဟုတ်လား။ သူဟာ အိမ်ထဲကို ခိုးကြောင် ခိုးဝှက်ဝင်ရမယ့်သူ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ဦးစံမတူနဲ့အတူ ညစာစားမယ့် ဧည့်သည်ပဲဗျ။ သူဟာ ခိုးကြောင် ခိုးဝှက်ဝင်ရမယ့်သူ မဟုတ်ပါဘူး။ ပြောင်ပြောင်တင်းတင်း ဝင်လာရမယ့် ဧည့်သည်ပဲ။ အဲဒီဧည့်သည်ဟာ ပြောင်ပြောင် တင်းတင်း ဝင်ရရင် ဒရဝမ်စောင့်တဲ့ ဘဂဝမ်ဟာ ဒီလူကို သိကို သိရမယ် မဟုတ်လား၊ အဲဒီတော့ မနေ့ညက ဦးစံမတူနဲ့ ထမင်း စားတဲ့ ဧည့်သည်ကို အလေးအနက် စဉ်းစားရမယ်။

“အဲဒါကြောင့် ကျုပ်ဟာ ထမင်းစားခန်းရောက်တဲ့အခါမှာ အသေအချာ လေ့လာခဲ့တယ်။ သူတို့စားတဲ့ အစားအသောက် ထဲမှာ စနိုက်ကြော် ပါတယ်ဗျ။ အိမ်ရှင်ရော၊ ဧည့်သည်ပါ စနိုက် ကြော်ကို စားကြတဲ့ လက္ခဏာ တွေ့ရတယ်။ အိမ်ရှင်ဖြစ်တဲ့ ဦးစံမတူ စနိုက်ကြော်စားပြီး ထွေးထားတဲ့အရိုးတွေကို တွေ့ရ တယ်။ ဧည့်သည်ဖြစ်တဲ့လူ စနိုက်ကြော် အရိုးတွေကို ဝါးပြီး ထွေးထားတာလဲ တွေ့ရတယ်။ ဦးစံမတူ ဝါးထားတဲ့အရိုးတွေက အတော့်ကို ညက်တယ်ဗျ။ တစ်ဘက်လူ ဝါးထားတဲ့အရိုးတွေက သိပ်မညက်လှဘူး။ မေးရိုး အားကောင်းတာချင်း၊ သွား အားကောင်းတာချင်း ကွာတဲ့ သဘောပေါ့ဗျာ။

“အဲဒါနဲ့ ရေသောက်ထားတဲ့ဖန်ခွက်တစ်လုံးကို ကြည့်လိုက် တော့ ဖန်ခွက်မှာ အနီစွန်းလေးသွားတွေ့တယ်။ အဲဒါ နှုတ်ခမ်းနီ



ဖြစ်နိုင်တယ်။ အဲဒီတော့ ဦးစံမတူနဲ့အတူ ထမင်းစားတဲ့သူဟာ ယောကျ်ားတစ်ယောက်မဟုတ်ဘူး။ မိန်းမတစ်ယောက်ဖြစ်နိုင် တယ် ဆိုတာ စဉ်းစားစရာ ဖြစ်လာတယ်။ အဲဒီတော့ အဲဒီမိန်းမ ဟာ ဘယ်လိုမိန်းမစားဖြစ်မလဲ။ ညကြီး အချိန်မတော် ဦးစံမတူ လို ယောကျ်ားတစ်ယောက်တည်းနေတဲ့အိမ်ကို ရောက်လာတဲ့ နှုတ်ခမ်းနီနဲ့ မိန်းမဗျ။ ဒါက ရှင်းပါတယ်။ ဇိမ်မယ်ထဲကလို့ လွယ်လွယ်နဲ့ကို တွေးနိုင်ပါတယ်။

“ဒါဖြင့် အဲဒီ ဇိမ်မယ်ဟာ ဦးစံမတူကိုသတ်ပြီး ပစ္စည်းတွေ ယူသွားတာလား။ ဒီလိုလဲမဖြစ်နိုင်ဘူး၊ ဦးစံမတူကို မသတ်ခင် မှာ ကုလားထိုင်မှာ ကြိုးနဲ့တုပ်သေးတယ်ဗျ။ ဒီတော့ မိန်းမ တစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို ဒီလိုကြိုးနဲ့တုပ်ဖို့ ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ ကြိုးနဲ့တုပ်ပြီးတော့မှ ရင်ဝကို ဓားနဲ့ထိုးတာ။ ပြီးတော့မှ သွေးနဲ့ နံရံမှာ “ရွှေသေတ္တာ” ဆိုတဲ့ စာကိုရေးသေးတာ။ ဒါကြောင့် ဒီလက်ရာဟာမိန်းမတစ်ယောက် ရဲ့ လက်ရာမျိုးမဟုတ်ဘူး၊ ကျွမ်းကျင်တဲ့ယောကျ်ားလူသတ်သမား တစ်ဦးရဲ့ လုပ်ပုံ ကိုင်ပုံမျိုး ဖြစ်နေတယ်။ အဲဒီတော့ အဲဒီ လူသတ်သမားဟာ အိမ်ထဲကိုဘယ်လိုဝင်မတုံး။ ခြံထဲကို ဘယ်လို ဝင်မတုံး။

“ဦးစံမတူကတော့ သူ့ကိုသတ်မယ့်လူသတ်သမားကို တံခါး ဖွင့်ပေးမှာ မဟုတ်ဘူး။ ဖွင့်စရာရှိရင် ဇိမ်မယ်က ဖွင့်ပေးမှာပဲ၊ ဇိမ်မယ်ကလဲ ဒရဝမ်ကုလားရှိလျက်နဲ့ လူသတ်သမားကို အထဲကိုရောက်အောင် လုပ်လို့မရဘူး။ အဲဒီတော့ ဒီဇိမ်မယ်ဟာ ဘာလုပ်မတုံး။ နံပါတ်တစ် ဒရဝမ်ကုလားကို ပ, လုတ်ရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ပ,ထုတ်မတုံး။ သူ့အနေနဲ့ ဒရဝမ်ကုလားကို အမိန့်ပေးခွင့် မရှိဘူး။ အမိန့်ပေးခွင့်ရှိတာက ဦးစံမတူ မဟုတ်လား။ အဲဒီတော့ သူဟာ ဒရဝမ်ကုလားကို ပ,ထုတ်ဖို့ကိစ္စမှာ ဦးစံမတူကို အကျပ်ကိုင်ရမယ်။

"ဘယ်လိုအကျပ်ကိုင်မလဲဆိုတော့ တဏှာရမ္မက်ပြင်းထန်နေတဲ့ ဦးစံမတူလိုလူစားမျိုးကို ဇိမ်မယ်တစ်ယောက်က အကျပ်ကိုင်ဖို့ဆိုတာ လွယ်ပါတယ်။ အဲဒီတော့ သူဟာ မာယာသုံးရမှာပေါ့။ ဦးစံမတူ အလိုရှိနေတာကို ဇိမ်မယ်က ချက်ချင်း မပေးသေးဘဲ နည်းနည်းကလေး အကြောင်းပြပြီး ထစ်ထားရမယ်။ ဘယ်လိုအကြောင်းပြမလဲဆိုတော့ ကျန်းမာရေးကို အကြောင်းပြရမယ်။ မိန်းမတွေဟာ အဲဒီကိစ္စမျိုးမှာ ယောကျ်ားတွေကို ဈေးကိုင်ဖို့ ကျန်းမာရေးအကြောင်းပြမယ်ဆိုရင် သုံးမျိုးပဲ ရှိတယ်။ ခေါင်းမူးတာရယ်၊ ဗိုက်နာတာရယ်၊ ခမွတာသွေးလာတာရယ်ကို ပြရမယ်။

"ဒါပေမဲ့ ဇိမ်မယ်တစ်ယောက်အဖို့ နောက်ဆုံးအချက်ကို အကြောင်းပြခွင့်မရှိဘူး။ အဲဒီတော့ သူဟာ ခေါင်းမူးတာနဲ့ ဗိုက်နာတာ တစ်ခုခုကို အကြောင်းပြရတော့မယ်။ အဲဒီတော့မှ ခေါင်းမူးရင် ခေါင်းမူးပြေတဲ့ဆေး ဦးစံမတူက ဖန်တီးပေးရမယ်။ ဗိုက်နာတယ်ဆိုရင် ဗိုက်နာပျောက်တဲ့ဆေး ဖန်တီးပေးရမှာပေါ့။ ဒါပေမဲ့ ဇိမ်မယ်ဟာ ဗိုက်နာတာနဲ့ ခေါင်းမူးတာကို တစ်ခုခု အကြောင်းပြဖို့ ရွေးရတော့မယ်။ ခေါင်းမူးတာကို အကြောင်းပြရင် ဦးစံမတူအိမ်မှာ ခေါင်းမူးပျောက်တဲ့ဆေး ရှိချင်ရှိနေမယ်။



ဒီတော့ ဗိုက်နာကို အကြောင်းပြပြီး . . . ဆော်ဒါခါးသောက်မှ ပျောက်မယ်လို့ အကြောင်းပြရင် အကောင်းဆုံးပဲ။

"ဘာဖြစ်လို့လဲဆိုတော့ သူဟာ ထမင်းစားခန်းကို ရောက်ခဲ့ပြီးပြီ။ အဲဒီမှာ ဆော်ဒါခါး မရှိဘူးဆိုတာကို သူ့အနေနဲ့ သိပြီးသားပဲ။ အဲဒီတော့ ဇိမ်မယ်ဟာ ဗိုက်နာတာကို ဆော်ဒါခါးသောက်မှ ပျောက်မယ်လို့ ရာဂပြင်းထန်နေတဲ့ ဦးစံမတူကို ဆော်ဒါခါး ရှာခိုင်းမယ်။ အဲဒီတော့ ဦးစံမတူက သူ့ရဲ့ဒရဝမ်ကို ဆော်ဒါခါးဝယ်ဖို့ခိုင်းလိုက်မယ်။ ဒရဝမ်လဲ ဆော်ဒါခါး သွားဝယ်ရော . . . လူသတ်သမားဟာ ခြံထဲကို ဝင်လိုက်ရုံပဲ။

"ပြီးတော့ ဦးစံမတူမသိအောင် ဇိမ်မယ်ဟာ ထမင်းစားခန်းမှာ ထမင်းစားစဉ်ကတည်းက တံခါးတစ်ချပ်ကို ချက်ဖြုတ်ပေးထားမှာလဲ သေချာတယ်။ အဲဒီတော့ လူသတ်သမားဟာ အိမ်ပေါ်ကို အေးအေးဆေးဆေးတက်လာနိုင်မှာပေါ့၊ အဲဒီအခါမှာ လူသတ်သမားဟာ ဦးစံမတူကို ကုလားထိုင်မှာ ကြိုးနဲ့တုပ်ထားနိုင်တဲ့အထိ ဆောင်ရွက်နိုင်ပြီပေါ့ဗျာ။

"အဲဒီကိစ္စကို ဝရုန်းသုန်းကားမဖြစ်ဘဲ ဆောင်ရွက်နိုင်တယ်ဆိုရင်တော့ . . . လူသတ်သမားမှာ ခြောက်လုံးပြူးတစ်လက်လောက်တော့ ပါရင်ပါလိမ့်မယ်ဗျို့၊ ဒရဝမ်ကုလားက ဆော်ဒါဝယ်ပြီး ပြန်လာတဲ့အခါမှာ . . . ဟိုမိန်းမက အောက်ကိုဆင်းပြီးယူမယ်၊ အဲဒီအခါမှာ ဦးစံမတူ အော်လို့ဟစ်လို့မရအောင် လူသတ်သမားက နားထင်ကို သေနတ်နဲ့ ဖိထောက်ထားချင်လဲထောက်ထားမယ်၊ ဒါမှမဟုတ် စောစောကတည်းက ဦးစံမတူရဲ့ ပါးစပ်ထဲကို အဝတ်ဆို့ထားချင်လဲ ဆို့ထားမယ်ပေါ့ဗျာ။ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုတာက ဦးစံမတူဟာ အဲဒီအချိန်အထိ အသတ်မခံရသေးဘူးလို့ ဆိုချင်တာပါ။ ပြီးတော့ဦးစံမတူရဲ့အလောင်းကို ကြည့်တဲ့အခါမှာ မီးနဲ့တို့ထားတဲ့ဒဏ်ရာတွေ တွေ့နေတယ်။ ခြေခုံမှာလဲ တွေ့တယ်။ လက်မှာလဲ တွေ့တယ်။ ဒါဟာ လူသတ်သမားက ဦးစံမတူကိုမသတ်ခင်မှာ လုပ်ထားတဲ့ဟာတွေဗျ။ လူသတ်သမားဟာ သူ သိချင်တဲ့ အကြောင်းတစ်ခုကို မရမက စစ်မေးနေတဲ့သဘောရှိတယ်။ နောက်ဆုံးမှာ တစ်စုံတစ်ခု စစ်မေးလို့ရသွားတဲ့သဘောတစ်ခုတော့တွေ့တယ်။ အဲဒါက အတိအကျမဟုတ်ဘူးနော်၊ မှန်းဆချက် ဖြစ်တယ်။

"စောစောက ဇိမ်မယ်က ဗိုက်အောင့်လို့ ဆိုပြီး ဒရဝမ်ကုလားကို ဝယ်ခိုင်းတဲ့ ဆော်ဒါဟာ . . . ဇိမ်မယ်မသောက်ဘူး၊ ဦးစံမတူနဲ့ လူသတ်သမား တစ်ယောက်ယောက် သောက်ဖို့ရှိတယ်။ တကယ်လို့ ဇိမ်မယ်သောက်ရင် အဲဒီပုလင်းဝမှာလဲ နှုတ်ခမ်းနီပေနေရမယ်။ ဆော်ဒါပုလင်းနားမှာ ဖန်ခွက်မရှိဘဲ ဆော်ဒါကုန်နေပုံထောက်တော့ သောက်တဲ့လူဟာ ဒီအတိုင်းကို မော့သောက်ရမှာဗျ။ ဒါပေမဲ့ လူသတ်သမားဟာ ဆော်ဒါခါးကြီးကို အပျင်းပြေသောက်လိမ့်မယ် မထင်ဘူး။ ဦးစံမတူကြီးကိုပဲ တိုက်လိမ့်မယ်ထင်တယ်။ ဦးစံမတူကလဲ ဆော်ဒါအခါးကို တခြားအချိန်မှာ ဒီအတိုင်း မသောက်ပေမယ့် ခုနေခါတော့ ဒီတိုင်းသောက်ရလိမ့်မယ်ဗျို့၊ သူ့ခမျာ နှိပ်စက်ညှဉ်းပန်းခံရလို့ မောပန်းနေရှာမယ်၊ ဒါမှမဟုတ် ရေငတ်နေရှာမယ်ပေါ့ဗျာ။

"ကဲ . . . ဒါတွေက မှန်းဆချက်တွေပါ။ သိပ်ပြီး သိမ်မွေ့လွန်းလို့ နားထောင်ရတဲ့လူအဖို့ စိတ်ကူးပြီးလျှောက်ပြောနေတယ်



လို့တောင် ထင်စရာရှိတယ်။ ဆက်တွေ့ပြလို့ရတာတစ်ခု ပြောပြရလိမ့်ဦးမယ်။ ခင်ဗျားတို့ရဲ့ ခေါင်းကလေးတွေကို အသာကလေးငုံ့စောင်းပြီး ကြမ်းပြင်ကိုကြည့်လိုက်ကြစမ်းပါ။ အစင်းကြောင်းကြီးတွေကို တွေ့ရလိမ့်မယ်။ အဲဒီ အစင်းကြောင်းကြီးတွေဟာ ဟောဟိုနံရံနဲ့ ပြတင်းပေါက်ဆီကို ဆက်သွယ်ထားတယ် မဟုတ်လား။ အဲဒါက ဘာကိုပြသလဲဆိုတော့ . . . ဦးစံမတူကြီးကို ကုလားထိုင်မှာ ကြိုးနဲ့တုပ်ထားတဲ့ အနေအထားအတိုင်း လူသတ်သမားက ပြတင်းပေါက်ဆီကိုတွန်းပြီး ရွှေ့သွားတယ်ဗျ။ ပြီးတော့မှ ပြတင်းပေါက်တံခါးကို ဖွင့်ပေးပြီး . . . သူ့ကိုတော့အောက်က ဒရဝမ် မတွေ့ရအောင် ကွယ်နေမယ်။ ဦးစံမတူရဲ့ခေါင်းပိုင်းကိုတော့ မြင်ရမယ်ပေါ့ဗျာ။

"အဲဒီအခါမှာ သူက ဦးစံမတူကို ဒရဝမ်နဲ့ စကားပြောခိုင်းမယ်။ အပိုတွေမပြောဖို့လဲ မှာထားမယ်၊ ဦးစံမတူက ဒရဝမ်ကုလားကို ဇိမ်မယ်ကိုလိုက်ပို့ဖို့ လှမ်းပြီးအော်ပြောရမယ်၊ ဇိမ်မယ်က အောက်ကို ဆင်းသွားရမယ်၊ ဒရဝမ်ကုလားက "ကောင်းပါပြီဆပ်" လို့ ဆိုပြီး ဇိမ်မယ်ကိုခေါ်ပြီး ထွက်သွားလိမ့်မယ်။

"သူတို့ . . . အတော်ဝေးဝေးနေရာ ရောက်တော့မှပဲ လူသတ်သမားဟာ ဦးစံမတူဆီက မီးခံသေတ္တာသော့ကို တောင်းမယ်၊ မီးခံသေတ္တာထဲက ငွေတွေ ဘာတွေယူမယ်၊ ပြီးတော့မှ ဦးစံမတူကို ဓားနဲ့ထိုးသတ်မယ်၊ အဲဒီလိုသတ်ပြီးတော့ ဦးစံမတူရဲ့သွေးနဲ့ နံရံမှာ 'ရွှေသေတ္တာ' ဆိုတဲ့ နာမည်ကို ရေးမယ်။ အဲဒီအချက်ကို စဉ်းစားရဦးမယ်။ 'လူသတ်သမားဟာ သူ့ လိုချင်တာလဲ ရပြီ၊ သတ်လဲပြီးပြီ၊ ဘာဖြစ်လို့များ နံရံမှာ

www.burmeseclassic.com

www.burmeseclassic.com



စာရေးချင်ရတာတုန်း' ဟု ပြောဆိုကာ ဆားပုလင်းနှင်းမောင်သည် သောက်လက်စ စီးကရက်တိုကို ကြမ်းပြင်ပေါ် သို့ပစ်ချ၍ ဖိနပ်ဖြင့် နင်းချေလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"ဟိုလူတွေပြောသလို 'ရွှေသေတ္တာ'ရလို့ ဝမ်းသာစိတ်တွေကို မဖုံးနိုင် မဖိနိုင်ဖြစ်ပြီး ရေးတာရော မဖြစ်နိုင်ဘူးလား ကိုနှင်းမောင်ရယ်" ဟုပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က-

"ဝမ်းသာလို့ရေးရင် 'အောင်ပြီ' 'ကော်ပြီ' စတဲ့ အာမေဋိတ်စာလုံးတွေ ရေးမှာပေါ့ဗျာ။ အခုဟာက ဒီလိုမဟုတ်ဘူး။ ဒီမှာ လူသတ်မှုကျူးလွန်သွားတာ တခြားလူမဟုတ်ဘူးပေါ့။ 'ငါပဲ' လို့ သိအောင် ကြွေးကြော်သွားသလို ဖြစ်နေတယ်ဗျ' ဟု ဆားပုလင်းနှင်းမောင်က ပြောလေ၏။

"ကျုပ်တို့ ပုလိပ်ဘက်ကိုသိအောင် ကြွေးကြော်တာလား ကိုနှင်းမောင်ရယ်" ဟု ကျွန်ုပ်က မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ဒီလူသတ်သမားဟာ ဉာဏ်ရည်ဉာဏ်သွေး ကောင်းပုံရတယ်။ ပုလိပ်ဘက်ကို ကြွေးကြော်တဲ့ ကြွေးကြော်ခြင်းဟာ သူ့လည်ပင်းကိုစွပ်မယ့် အုန်းဆံကြိုးကို သူကိုယ်တိုင်ကျစ်သလို ဖြစ်နေမယ်ဆိုတာ သဘောပေါက်ပါလိမ့်မယ်ဗျာ။ အဲဒီတော့ ကျုပ်တို့ကို ကြွေးကြော်တာတော့ မဟုတ်ဘူးဗျ။ သူ့ရဲ့ ရန်ဘက်တချို့ကို ကြွေးကြော်တာလဲ ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် သူနဲ့ အတူတွဲပြီး အလုပ်လုပ်မယ့်အဖွဲ့ကို သိအောင် အကြောင်းကြားတာလဲ ဖြစ်လိမ့်မယ်ဗျ။



"ကျုပ်ပြောချင်တာက သူ့အဖွဲ့ သူ့လူတွေနဲ့ တကွဲတပြားစီ ဖြစ်နေကြလိမ့်မယ်။ အဲဒီတော့ သူ့လူတွေကို သူတော့ ဒီမှာ လုပ်စရာရှိတာ လုပ်လိုက်ပြီဆိုတဲ့အကြောင်း သတင်းပေးလိုက်တာပဲ။ ဒီအချက်သာမှန်ခဲ့ရင် ဒီလူတွေဟာ ဒီလောက်နဲ့ မရပ်သေးဘူး . . . နောက်ထပ် လူသတ်မှု ကျူးလွန်ကြလိမ့်ဦးမယ်။ အဲဒီတော့ လူသတ်သမားဟာ အုပ်စုနဲ့ရှိနေပြီး သူတို့အုပ်စုဟာ နေရာအနှံ့အပြားမှာ ရောက်နေတဲ့ သဘောပဲဗျ။ သူတို့ သတ်ရမယ့် လူတွေဟာလည်း နေရာအနှံ့အပြားမှာ ပြန့်ကျဲနေတဲ့သဘော ရှိလိမ့်မယ်ဗျ။ ကျုပ် ခန့်မှန်းချက် အရကတော့ လူဆိုးအုပ်စု နှစ်စု စတင်တိုက်ပွဲ ဖြစ်နေပြီလို့ ထင်တယ်" ဟု ပြောပြလိုက်လေ၏။

ထိုအချိန်၌မှာပင် မော်တော်ဆိုင်ကယ် အစုတ်တစ်စီးနှင့် သတင်းထောက်ဆိုသူတစ်ဦး ရောက်ရှိလာပြီးလျှင် ဦးစံမတူ အလောင်းကို ဓာတ်ပုံရိုက်လိုကြောင်းနှင့် သတင်းစာထဲထည့်ရန် သတင်းအချက်အလက်များကို လာရောက်မေးမြန်းလေတော့၏။

ကျွန်ုပ်က သတင်းအချက်အလက်များကိုရှင်းပြမည်အလုပ် ဆားပုလင်းနှင်းမောင်က . . .

"တဆိတ်ကလေး သည်းခံပါခင်ဗျာ။ ဒီသတင်းကို မထည့်စေချင်သေးပါဘူး။ ကျုပ်တို့မှာ လူဆိုးတွေလှမ်းမယ့် ခြေလှမ်းကို စောင့်ကြည့်နေရပါတယ်။ မိတ်ဆွေတို့က သတင်းထည့်လိုက်ရင် သူတို့လှမ်းမယ့်ခြေလှမ်း ရပ်သွားပါလိမ့်မယ်။ အဲဒါကြောင့် တူညီတဲ့အနေနဲ့ မိတ်ဆွေကြီးက သတင်းကိုမရေးဖို့ တောင်းပန်ပါတယ်" ဟု ပြောလိုက်ရာ သတင်းထောက်က-

www.burmeseclassic.com

www.burmeseclassic.com



"သတင်းစာဆိုတာ . . . တွေ့တာမြင်တာကို ရေးရမယ်ဗျ။ ပြည်သူလူထုသိအောင်ဖော်ပြရမယ်ဗျ။ မရေးလို့မဖြစ်ဘူး၊ ကျုပ်ကတော့ ဘုရင်ခံကိုယ်တိုင်လာပြီး တားရင်တောင် ရေးမှာပဲ" ဟု ကြွပ်ဆတ်ဆတ် ပြောလေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ကျုပ် အခု မေတ္တာရပ်ခံတာဟာလဲ ကျုပ်အကျိုးမှ မဟုတ်ပဲဗျာ။ ပြည်သူလူထုအကျိုးအတွက်ပဲ မေတ္တာရပ်ခံရတာပါ။ ခင်ဗျားမရေးမှ ကျုပ်တို့က ဒုစရိုက်သမားတွေကို ဖမ်းနိုင်မယ် မဟုတ်လား။ ဒုစရိုက်သမားတွေကို ဖမ်းနိုင်မှ ပြည်သူလူထု ငြိမ်းချမ်းမယ် မဟုတ်လား။ တဆိတ်ကလေး သည်းခံပါခင်ဗျာ။ ကိစ္စပြီးရင် ကျုပ်ကိုယ်တိုင်လာပြီး ခင်ဗျားတို့သတင်းစာတိုက်ကို ဓာတ်ပုံတွေနဲ့ သတင်းတွေ အထောက်အထား ခိုင်ခိုင်လုံလုံ ပေးပါ့မယ်ဗျာ" ဟု တောင်းပန်လိုက်လေ၏။

သို့ရာတွင် သတင်းထောက်သည် မျက်နှာမဲ့ရွဲ့၍ . . .

"အဖြစ်အပျက်ကလဲ မှန်တယ်။ အချက်အလက်ကလဲ မှန်တယ်ဆိုရင် ကျုပ်တို့ကတော့ ရေးရမှာပဲ။ ခင်ဗျားတို့ ပုလိပ်ဘက်က ခြိမ်းခြောက်နေတာလား" ဟု ပမာမခန့်လေသံဖြင့် ပြောလိုက်လေ၏။

"ဒီမှာမိတ်ဆွေ . . . အချက်အလက်မှန်သော်လဲပဲ အများပြည်သူသိရန် မလိုအပ်သေးတဲ့အချိန်မှာ . . . အများပြည်သူ အတွက် ခင်ဗျားအနေနဲ့ မရေးသင့်ပါဘူးဗျာ" ဟု ဆားပုလင်း



နှင်းမောင်က ထပ်၍ တောင်းပန်လိုက်ပြန်လေ၏။ သို့ရာတွင် သတင်းထောက်က-

"ခင်ဗျား အခုပြောနေတဲ့စကားတွေကို ခနောင်တိုချောင်း ထဲမှာ သမွန်ခတ်နေတဲ့ကုလားကို သွားပြီးပြောရင်ကောင်းမယ်။ ကျုပ်ကိုတော့ ဒီစကားတွေနဲ့လာပြီး နှပ်လို့မရဘူး။ ကျုပ်ကတော့ ရေးမှာပဲ" ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်သည် တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုတော့ဘဲ သတင်းထောက်၏မျက်နှာကို လက်သီးဖြင့် ခပ်ဆတ်ဆတ်ကလေး 'ဒုံးခနဲ' ထိုးချလိုက်လေတော့၏။

သတင်းထောက်သည် နောက်သို့ပက်လက်လန်လဲကျကာ သတိလစ် မေ့မြောသွားလေတော့၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်သည် ၎င်း၏အိတ်အတွင်းမှ ဂရေးဗီယာ စီးကရက်ဘူးကို ထုတ်ကာ စီးကရက်တစ်လိပ်ကို ထုတ်ပြီး စီးကရက်ဘူး၌ စီးကရက်ဖင်ကို တစ်ဒေါက်ဒေါက်ခေါက်လျက် ရာဇဝတ်အုပ်ကြီးအား အရိပ်အခြေပြလိုက်ပြီးလျှင် . . .

"သူ့ကို ဝတ္တုရားနှောင့်ယှက်မှုနဲ့ အချုပ်ထဲမှာ ၂၄ နာရီလောက် ထည့်ထားပေးပါ။ အဲဒီအချိန်အတွင်းမှာ ဘယ်သူနဲ့မှ တွေ့ခွင့်မပေးပါနဲ့၊ ဒီလူသတ်မှုဟာ သတင်းစာထဲပါရင် လိုက်ရခက်သွားလိမ့်မယ်။ လိုက်ရခက်သွားရင် ဒုစရိုက်သမား လူဆိုးတွေ ပိုပြီး သောင်းကျန်းလာလိမ့်မယ်။ အများပြည်သူလူထု အကျိုးအတွက် တစ်ယောက်တလေကိုတော့ ဒုက္ခပေးရမှာပဲ။ ပြီးတော့ သူ သတိရလာရင် မျက်နှာကို လက်သီးနဲ့ထိုးတဲ့လူဟာ

www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှင်းမောင်လို့ ပြောလိုက်ပါ။ ကျုပ် သူ့ကို ချစ်ခြင်း မုန်းခြင်း မရှိပါဘူး။ သူလဲ သူ့ဝတ္တရားဆောင်ရွက်သလို ကျုပ်လဲ ကျုပ်ဝတ္တရား ဆောင်ရွက်တယ်ဆိုတာ . . . ပြောပြလိုက်ပါ။ ကဲ ကျုပ်တို့သွားမယ်" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်သည့် အချိန်၌မှာပင် ရာဇဝတ်အုပ်အိုကြီးသည် သတိမေ့လျက်ရှိသော သတင်းထောက်၏လက်အား လက်ထိတ်ဖြင့် 'ဂွပ်'ခနဲ ခတ်လိုက်လေတော့သတည်း။

* * * * *

## ကြော်ငြာတွေ့ပြီ

နောက်တစ်နေ့တွင် . . . ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ဆားပုလင်းနှင်းမောင်အိမ်သို့ သွားကြလေ၏။ ထိုသို့မသွားမီ၌ ကျွန်ုပ်တို့ စီအိုင်ဒီရုံးအတွက် သတင်းစာ ရောက်လာသဖြင့် ဦးကိုကိုကြီးက ပြာတာညိုကြီး၏လက်အတွင်းမှ သတင်းစာကို 'ဆတ်ခနဲ' ဆွဲယူပြီးလျှင် . . . ကပျာကယာလှန်လေ၏။ ထိုအခါ ပြာတာညိုကြီးက -

"ဆရာကလဲ ဘာများအရေးကြီးနေရတာလဲဗျာ" ဟု မေးလိုက်ရာ ဦးကိုကိုကြီးက . . .

"ဟော့ကောင် မသိဘဲ မပြောစမ်းနဲ့ကွ၊ ငါတို့မြို့ မီးလောင်ပြီလား ဆိုတဲ့ သတင်းကို နေ့တိုင်း ငါ ကြည့်နေတာကွ" ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့မြို့ မီးလောင်တော့ . . . ဆရာ့မှာ ဘယ်လိုများ အကျိုးထူးမှာလဲ" ဟု ပြာတာညိုကြီးက မေးပြန်လေ၏။ "ငါ့ ယောက္ခမကြီးနေတဲ့ အိမ်က ဘီအိုစီကိုယ်စားလှယ်ကြီးနေတဲ့ အိမ်နဲ့ ကပ်လျက်ကွ၊ မြို့ မီးလောင်တာနဲ့ ငါ့ ယောက္ခမကြီး အိမ်ပါဖို့ ရာခိုင်နှုန်းတစ်ရာ သေချာတယ်ကွ" ဟု ဦးကိုကိုကြီး က ပြောပြန်လေ၏။

"ဆရာ့ ယောက္ခမအိမ် မီးလောင်တာနဲ့ ဆရာ့မှာ ဘယ်လို များ အကျိုးထူးမှာမို့လို့လဲ ဆရာရယ်" ဟု ပြာတာညိုကြီးက မေးပြန်လေ၏။

"ဟော့ကောင် မသိဘဲမပြောနဲ့ကွ . . . ငါ့ယောက္ခမကြီးက သူ့သမီးနဲ့ ငါနဲ့ မရခင်တုန်းကတည်းက ငါ့ကို ကျောင်းထား ပေးတာကွ၊ ကျေးဇူး သိပ်ရှိတယ်၊ အခုအခါမှာ ငါ့အနေနဲ့ သူတို့ကို ကျွေးနိုင်မွေးနိုင်ပြီကွာ၊ ငါ့မှာလဲ မိဘရှိတာမှမဟုတ်ဘဲ၊ သူတို့ကိုပဲ မိဘလိုသဘောထားပြီး ပြုစုချင်လို့ အိမ်မှာလာနေဖို့ ခေါ်နေတာ ကြာလှပြီကွ . . . သူတို့ကလဲ သူတို့အိမ်ကလေးကို မက်ပြီး လာမနေနိုင်ဘူးကွာ၊ အဲဒီအိမ်ကလေး မီးလောင်မှပဲ ငါ့မှာ ကျေးဇူးဆပ်ခွင့်ရမှာကွ။ ဒါကြောင့် အဲဒီသတင်းကို နေ့တိုင်း ငါ ကြည့်နေတာကွ၊ အဲဒါက ပထမအချက်၊ ဒုတိယအချက်က တော့ . . . ငါတို့မြို့က ကျောင်းသားဟောင်းများအသင်း နှစ်ပတ်လည်ညီလာခံလုပ်ရင် သတင်းစာထဲထည့်တယ်ကွ" ဟု ဦးကိုကိုကြီးက ပြောလိုက်ရာ ပြာတာညိုကြီးက . . .

"ဩော် . . . အစည်းအဝေးတက်မလို့လား" ဟု မေးလိုက် လေ၏။



"မင်းကလဲ မသိဘဲ မပြောစမ်းပါနဲ့ကွာ၊ အစည်းအဝေး တက်မလို့ မဟုတ်ဘူးကွ၊ လစဉ်ကြေးတွေ ပေးရတော့မယ်၊ ဒီတော့ အဲဒီရက်အတွင်းမှာ အိမ်ရှေ့တံခါးတွေ ပိတ်ထားပြီး အိမ်က ကလေးတွေကို လူကြီးတွေ မရှိဘူးဆိုတဲ့ စကားကို သင်ထားလိုက်ရုံပဲ၊ အဲဒါက ဒုတိယအချက်ကွ၊ တတိယအချက် ငါ သတင်းစာကြည့်တာက ပန်းခြံမှာကမယ့်အငြိမ့် နာမည်ပါ တယ်ကွ၊ ဘယ်သူ့အငြိမ့်လဲဆိုတာ သိရအောင်ကြည့်တာ" ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။ ထိုအခါ ပြာတာညိုကြီးက-

"ဩော် . . . ဆရာက အငြိမ့်ကြည့်မလို့ကိုး" ဟု မေးလိုက် ပြန်လေ၏။

"မင်းကလဲ မသိဘဲပြောပြန်ပြီ။ အငြိမ့်ကြည့်မလို့မဟုတ်ဘူး ကွ၊ ရွှေစံပယ်အငြိမ့်အဖွဲ့မှာ လူပြက်လုပ်တဲ့ အဆီထူး ဆိုတဲ့ လူက ငါ့သူငယ်ချင်းကွ၊ ဒီကောင် ငါ့ဆီကပိုက်ဆံချေးပြီးရှောင်နေတာ နှစ်နှစ်ရှိပြီကွ၊ သူ့အိမ်သွားတိုင်း တံခါးပိတ်ထားတယ်၊ ကလေး တွေကလဲ လူကြီးမရှိဘူးဆိုတဲ့စကားပဲ ပြောလွှတ်လိုက်တယ်ကွ၊ ဒီကောင်က ပုန်းနေမှာပေါ့ကွာ၊ ငါ့အကျင့်မျိုးပဲဥစ္စာ၊ အငြိမ့်ကတဲ့ နေ့ ကျတော့ ဒီကောင် ပုန်းလို့ မရဘူးကွ။ စင်ပေါ်တက်ပြီး တောင်းလိုက်ရုံပဲ။ အဲဒါက တတိယအချက်ကွ၊ စတုတ္ထအချက် ငါ သတင်းစာကြည့်တာက ငါ့မှာ ရေစုပ်တဲ့ တုံကင်အဟောင်း တစ်ခု ရှိတယ်ကွ၊ ရေတိမ်တိမ်လေးမှာ စုပ်ပြရင်တော့ ရေတွေ တဗွမ်းဗွမ်း ထွက်တာပဲဟေ့၊ တကယ့်ရေတွင်းမှာလဲ စုပ်ရော ရေတွေတစ်စက်မှ မကျဘူးကွ၊ အဲဒါကြီးကို ငါ ရောင်းပစ်ချင်

www.burmeseclassic.com

www.burmeseclassic.com



နေတာ ကြာလှပြီ . . . အဲဒါကလဲ မြို့ပေါ်မှာ သိပ်မသုံးဘူးကွ၊ တောဘုန်းကြီးကျောင်းတွေမှာမှ သုံးတာကွ၊ ကျောင်းသားလေးတွေ၊ ကိုရင်လေးတွေ ဝိုင်းပြီးငင်ရတဲ့ဟာမျိုး၊ မင်းတွေ့ဖူးတယ် မဟုတ်လား၊ အဲဒီတုံကင်ကလဲ အသုံးသာမကျပေမယ့် လိုချင်ရင် အတော့်ကို ရှာရတယ် မောင်၊ တစ်ခါတလေ သတင်းစာကနေ ကြော်ငြာရတယ်။ အဲဒါက စတုတ္ထအချက်၊ ငါ သတင်းစာဖတ်တာ ပဥ္စမအချက် ရှိသေးတယ်မောင်၊ အဲဒါကတော့ ပုလိပ်အဖွဲ့ကခေါ်တဲ့ တင်ဒါကြော်ငြာပဲကွ၊ အဲဒီ ကြော်ငြာမျိုးပါရင် ငါ့အနားက စီးပွားရေးသမားတစ်ယောက်က ငါ့ကို အထင်ကြီးပြီး ဟိုတယ်မှာ ထမင်းကျွေးလေ့ရှိတယ်၊ ငါကလဲ တင်ဒါကိစ္စကို တင်ဒါဈေးနှုန်းတွေ ဘာတွေ သိသလိုလိုနဲ့ လုပ်ရတာပေါ့ကွာ၊ ဆဋ္ဌမအချက် ငါ သတင်းစာဖတ်တာကတော့ လင်မယားစိတ်ဆိုးလို့ ရန်ဖြစ်ပြီး ယောကျ်ားက မယားကိုသတ်တဲ့ သတင်းမျိုး ပါ မပါ ကြည့်တာကွ" ဟု ဦးကိုကိုကြီးက ပြောရာ ပြာတာညိုကြီးက . . .

"အဲဒီသတင်းနဲ့ ဆရာနဲ့ ဘယ်လိုများ ပတ်သက်လို့တုန်း ဆရာရယ်" ဟု မေးလိုက်လေ၏။

"မင်းက မသိဘဲနဲ့ကွာ၊ အဲဒီသတင်းမျိုးတွေပါရင် ငါက ကတ်ကြေးနဲ့ကိုက်ပြီး သပ်သပ်သိမ်းထားတယ်ကွ၊ ပြီးတော့ ကော်ပီစာအုပ် တစ်အုပ်ထဲမှာ အကုန်စုပြီး ကပ်ထားတယ်ကွ၊ ပြီးတော့ ငါ့မိန်းမကို ဖတ်ခိုင်းတယ်၊ ယောကျ်ားဆိုတာ စိတ်တိုလာရင် . . . သတ်ပစ်တတ်တယ်ဆိုတာ သွယ်ဝိုက်တဲ့နည်းနဲ့



ခြိမ်းခြောက်တာကွ" ဟု ဦးကိုကိုကြီးက ပြောလိုက်ရာ ပြာတာညိုကြီးက . . .

ဆရာ့အဖို့ . . . သတင်းစာဖတ်တာ အတော်တန်တာပဲ၊ သတင်းစာဟာ ဆရာ့အတွက် ထုတ်ထားတဲ့အတိုင်းပဲ" ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"မပြီးသေးဘူး ငါ့လူ၊ သတ္တမအချက် ရှိသေးတယ်၊ အဲဒါကတော့ တောသူကြီးတွေ နှစ်လုံးပြူးဆုတို့ဘာတို့ရတဲ့ သတင်းတွေ ပါ မပါ ကြည့်တာကွ" ဟု ပြောလိုက်ရာ . . .

"ဆရာ့အမျိုးထဲမှာ တောသူကြီးရှိလို့လား ဆရာရယ်" ဟု ပြာတာညိုကြီးက ပြန်၍မေးလိုက်ရာ ဦးကိုကိုကြီးက . . .

"မင်းကလဲ မသိဘဲပြောပြန်ပြီ၊ အဲဒီလိုဆုရတဲ့သူကြီးတွေကို ဆုပေးခါနီးမှာ နောက်ဆုံးဖိုင်နယ်မှတ်တမ်း ရေးရတာ ငါကွ၊ အဲဒီမှာ ငါ့အဖို့ စားဖို့သောက်ဖို့လေး နည်းနည်းပါးပါးရတာပေါ့ကွာ" ဟု ပြောလိုက်ရာ ပြာတာညိုကြီးက . . .

"သတင်းစာတစ်စောင်လုံး ဆရာ့ကိစ္စချည်းပါပဲလား ဆရာရယ်" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"ကျန်သေးတယ် ငါ့လူ" ဟု ပြောလိုက်ရာ ပြာတာညိုကြီးသည် နားနှစ်ဘက်ကို လက်ဖြင့်ပိတ်၍ . . .

"တော်ပြီဆရာရေတော်ပြီ" ဟုအော်ကာ အနီးမှထွက်ပြေးလေတော့၏။ ထို့နောက် ဦးကိုကိုကြီးသည် သတင်းစာကို ဟိုလှန်သည်လှန်ဖတ်ရှုပြီးနောက် တစ်နေရာသို့အရောက်တွင်-

"ဟိုက်" ဟု အော်လိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က -

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဦးကိုကိုကြီး ခင်ဗျားတို့မြို့ မီးလောင်ပြီလား" ဟု မေးလိုက်ရာ ဦးကိုကိုကြီးက . . .

"မဟုတ်ဘူးဗျ၊ ဟောဒီသတင်းစာကို ဖတ်ကြည့်စမ်း" ဟု ဆိုကာ ကျွန်ုပ်အား သတင်းစာကိုပေး၍ ၎င်း ဖတ်လိုသော သတင်းအား လက်ဖြင့်ထောက်ပြလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ထိုသတင်းကို ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

> **ခွေးနှစ်ကောင် ကြောင်တစ်မြီးကို**
> **အမြန်ဆုံး ပို့တော့။**
>
> လှဖေ

ကျွန်ုပ်လည်း အထက်ပါသတင်းကို ဖတ်ပြီးနောက် . . .

"မနေ့က လူသတ်မှုနဲ့ပတ်သက်တဲ့သတင်းပဲဗျ၊ ဒါကြောင့် မို့လို့ ကျုပ်တို့ ကိုနှင်းမောင်ကြီးက . . . ဟိုသတင်းထောက်ကို သတင်းမှရေးဖို့ မေတ္တာရပ်ခံတာပဲ၊ ကဲဗျာ၊ ကိုနှင်းမောင်အိမ် သွားကြရအောင်" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"ဟောဟိုမှာ မော်တော်ကား အဆင်သင့်ပဲ . . . ကျုပ် မောင်းမယ်" ဟု ဆိုကာ စီအိုင်ဒီမှ 'ဖွတ်ချက် ဖွတ်ချက်' နိုင်လှသော 'ဖွတ်' ကားကလေးကို တက်၍ မောင်းလေတော့၏။ ကျွန်ုပ်လည်းသတင်းစာကိုပါယူခဲ့၍၎င်းနှင့်အတူ လိုက်ပါခဲ့လေတော့သည်။



ကျွန်ုပ်တို့၏မော်တော်ကားသည် ကမာရွတ်အဝိုင်းကြီးသို့ ရောက်သောအခါ၌ စက်ပျက်သောကြောင့် ဦးကိုကိုကြီးသည် ဆင်း၍ ပြင်ရသေး၏။ ထိုသို့ပြင်ရင်း . . .

"ဒီကားသာ . . . ကျုပ်ရဲ့ကိုယ်ပိုင်ကားဆိုရင်" ဟု စကား စ, လိုက်ရာ ကျွန်ုပ်က . . .

"မီးရှို့ပစ်မယ်ပေါ့" ဟု ဝင်၍ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"ဘယ်ကလာ မီးရှို့ပစ်ရမှာတုန်းဗျ၊ ကျုပ်အိမ်နားက စာရေးကြီးကို လက်ဆောင်ပေးလိုက်ချင်တယ်" ဟု ပြောလေ၏။

"ဘယ်လိုကြောင့်တုန်းဗျ" ဟု ကျွန်ုပ်က မေးလိုက်ရာ ဦးကိုကိုကြီးက . . .

"ကျုပ် အဲဒီလူကို ကြည့်မရတာကြာပြီဗျ၊ စာရေးလေးကနေ စာရေးကြီးလဲ ဖြစ်သွားရော . . . လမ်းလျှောက်တာတောင် ကိန္နရာနာခပေါက်တဲ့အတိုင်းပဲ၊ လက်ကြီးက ကားလို့၊ အတော့်ကို ကျုပ် အမြင်ကပ်နေတာ၊ ဟောဒီမော်တော်ကားသာရသွားလို့တော့ ဒီ ငတေ မွဲပြီပဲ၊ ဟဲ ဟဲ ဟဲ" ဟု ရယ်မောလေတော့၏။ ထို့နောက် ဦးကိုကိုကြီးသည် မော်တော်ကားကို ပြင်ပြီးနောက် ဆက်၍မောင်းခဲ့ရာ ဆားပုလင်းနှင်းမောင် နေထိုင်ရာ ၂၉၅ ဘိုးလိန်းလမ်းသို့ ရောက်ရှိခဲ့လေတော့၏။ ဦးကိုကိုကြီးနှင့် ကျွန်ုပ်ကို . . . လှမ်း၍မြင်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဆားပုလင်းနှင်းမောင်က . . .

www.burmeseclassic.com

www.burmeseclassic.com



"ခွေးနှစ်ကောင် ကြောင်တစ်မြီးကြော်ငြာကိုတွေ့လို့ လာပြီး ပြကြတယ် မှတ်တယ်" ဟု ဆီး၍ပြောလိုက်ရာ ဦးကိုကိုကြီးက-

"ကျုပ်က မပြချင်ပါဘူးဗျာ၊ ဟောဒီ ဦးအောင်သင်းက ပြချင်လှချည်ရဲ့လို့ တကဲကဲလုပ်နေလို့ လိုက်ပို့ပေးရတာပါဗျာ" ဟု ပြောလိုက်လေ၏။

ဆားပုလင်းနှင်းမောင်၏ရှေ့ရှိ စားပွဲပေါ်၌လည်း သတင်းစာ တစ်စောင်ကို တွေ့ရလေ၏။ ထိုသတင်းစာမှ ခွေးနှစ်ကောင် ကြောင်တစ်မြီး ကြော်ငြာကိုပင် ဆားပုလင်း နှင်းမောင်သည် ကတ်ကြေးဖြင့် ညှပ်ထုတ်ထားပြီး ဖြစ်လေ၏။

"ဒီကြော်ငြာထည့်တဲ့ လှဖေဆိုတဲ့ ကောင်ဟာ ဦးစံမတူ အသတ်ခံရကြောင်း မသိသေးဘူး၊ ဒီကောင်က မြစ်ဝကျွန်းပေါ် ဘက်ကဗျ။ မနေ့ မနက်လောက်ကမှ ဦးစံမတူရဲ့အိမ်ကို ဒီကောင် ရောက်လာတာ၊ ပြီးတော့ ဦးစံမတူနဲ့အတူ တိုင်ပင်စရာရှိတာ တိုင်ပင်၊ ပြောစရာရှိတာ ပြောဆိုပြီး . . . သတင်းစာတိုက်မှာ ကြော်ငြာထည့်စရာရှိတာထည့်ပြီး ပြန်သွားတဲ့ကောင်ဖြစ်ရမယ်။ အခုအချိန်ထိ ဒီလှဖေဆိုတဲ့ကောင်က ဦးစံမတူ အသတ်ခံရ ကြောင်း မသိသေးဘူး။ ဟို သတင်းထောက်ကိုသာ ဖမ်းချုပ် မထားမိလိုက်လို့ မနေ့ကသာ သတင်းရေးလိုက်ရင် သတင်းစာ မှာ ဦးစံမတူ သေတဲ့အကြောင်း သတင်းပါလာပြီဗျ။ အဲဒီလို သတင်းပါလာရင် လှဖေဆိုတဲ့ကောင်ဟာ သူ လုပ်စရာရှိတာ တို ဆက်မလုပ်ဘဲ အသာကလေး လျှိုနေလိုက်လိမ့်မယ်။ အဲဒီလို ဆိုရင် ကျုပ်တို့အဖို့ အလုပ်လုပ်ဖို့ သိပ်ပြီးခက်သွားလိမ့်မယ်။



တဲပါဗျာ၊ အမှုကိစ္စတွေထားလိုက်ပါတော့။ စဥ့်အိုးတန်းထိပ်က ဝက်သားပေါင်းလေးလဲ . . . မစားရတာ ကြာပါပြီဗျာ။ အဲဒီ ဝက်သားပေါင်းနဲ့ လက်ဖက်ရည်လေး သွားပြီး သောက်ကြရ အောင်လား" ဟု ဆားပုလင်း နှင်းမောင်က ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"ဟာ . . . အိုင်ဆေးရယ်၊ ဝက်သားအကြောင်း မပြောစမ်း ပါနဲ့ဗျာ . . . ကျုပ်တို့တစ်မျိုးလုံး ဝက်သားမစားဘူးဗျ၊ ခင်ဗျားက အခုလို ဝက်သားလို့ပြောလိုက်တော့ ကျုပ်တစ်ကိုယ်လုံး တုန် တက်လာပြီဗျ" ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က -

"တကယ်ပဲလား ဦးကိုကိုကြီးရယ်၊ အဲဒါကို ဘယ့်နှယ်လုပ် ရမလဲ" ဟု ထိတ်ထိတ်ပျာပျာဖြင့် မေးလိုက်မိလေ၏။

"တကယ်ပါပဲ ဦးအောင်သင်းရယ်၊ ကျုပ်တို့ တစ်မျိုးလုံး ဝက်သားကိုသိပ်ကြောက်တာဗျ၊ သွေးနဲ့ကိုမတည့်ဘူး၊ ဝက်သား ဆိုတဲ့အသံကြားတာနဲ့ တစ်မျိုးလုံးတုန်တာပဲ ဟဲ ဟဲ၊ တစ်ခုတော့ ရှိတယ်။ ဝက်သားကို တကယ်စားလိုက်ရတော့မှ ငြိမ်သွားတော့ တယ်ဗျို့၊ ဟီး ဟီး ဟီး ဟီး ဟီး " ဟု ဦးကိုကိုကြီးက ပြောလိုက် လေတော့၏။

"ဟာဗျာ . . . ကျုပ်က တကယ်အောက်မေ့လို့၊ ခင်ဗျားနှယ် အတော့်ကို ကတ်သီးကတ်သတ်ပြောတဲ့လူပဲ" ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထို့နောက်ဦးကိုကိုကြီးသည် မော်တော်ကား တို မောင်းလေ၏။ ဆားပုလင်းနှင်းမောင်က ဦးကိုကိုကြီး၏ နံဘေးတွင်ထိုင်လေ၏။ ကျွန်ုပ်က နောက်ဘက်၌ ထိုင်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးကိုကိုကြီးသည် မော်တော်ကားကို တဖြည်းဖြည်း မောင်းနေလေ၏။

"ဝက်သားပေါင်းနဲ့လက်ဖက်ရည်စားကြတာတော့ ဟုတ်ပါပြီဗျာ၊ ဘယ်သူက ဒကာခံမှာတုံး" ဟု မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ကျုပ်ဒကာခံပါ့မယ်ဗျာ"ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက-

"ဒီလိုလဲ ဘယ်ဟုတ်မလဲဗျာ . . . အိုင်ဆေး ဒကာခံတာများနေပါပြီ၊ ကံစမ်းအလောင်းအစားလုပ်သွားမယ်ဗျာ၊ ရှုံးတဲ့လူ ဒကာခံကြေး၊ ခုကတည်းက ပြောလိုက်မယ်နော်၊ ဘယ်သူနိုင်နိုင်၊ ဘယ်သူရှုံးရှုံး ကျုပ်ကတော့ ဝက်သားပေါင်း ခြောက်ခုလောက် စားမှာ" ဟု ပြောသဖြင့် ကျွန်ုပ်က . . .

"ဘယ်လို ကံစမ်း အလောင်းအစားလဲဗျ၊ လုပ်စမ်းပါဦး" ဟု မေးလိုက်လေ၏။

"ဒီလိုလေဗျာ၊ ကားနံပါတ် အကြီးအသေး လောင်းမယ်ဗျာ၊ ကိုယ်ယူထားတဲ့အလှည့်မှာ . . . ကြိုက်တဲ့လမ်းက မောင်းခိုင်းမောင်းခိုင်း ကျုပ်မောင်းပေးမယ်၊ အဲဒီလမ်းမှာ ပထမဆုံးတွေ့တဲ့ ကားနံပါတ်ဟာ ကိုယ့်ရဲ့အပွင့်ပဲ၊ နံပါတ်ကို မပေါင်းဘူး၊ ရှိတဲ့အတိုင်း အကြီးအသေးပြိုင်မယ်၊ ကျေနပ်ရဲ့လား" ဟု ဦးကိုကိုကြီးက ပြောလိုက်ရာ ကျွန်ုပ်က 'စိန်လိုက်ဗျာ' ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"ပထမဦးဆုံးအလှည့်ကို ဦးအောင်သင်း ယူ၊ အလယ်ကို ကျုပ် ယူမယ် . . . နောက်ဆုံးအလှည့်ကို ကိုနှင်းမောင် ယူ



တဲ့ ဦးအောင်သင်း ဘယ်လမ်းကမောင်းရမလဲ" ဟု မေးလိုက်ရာ ကျွန်ုပ်က . . .

"တည့်တည့်ပဲ မောင်းဗျာ . . . မျက်နှာချင်းဆိုင်ကလာတဲ့ကားနော်" ဟု ပြောလိုက်လေ၏။

ထို့ကြောင့် ဦးကိုကိုကြီးလည်း ကားကို တည့်တည့်မောင်းသွားလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"အိုင်ပီနံပါတ် သုံးထောင်ကျော်ရမှာပါ၊ အတိအကျ ပြောရရင်တော့ (၃၂၃၉) ရလိမ့်မယ် ထင်တယ်" ဟု ပြောလေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"အိုင်ဆေး၊ နည်းနည်းလျှော့ဦးဗျ" ဟု ပြောဆိုကာ မောင်းနှင်ခဲ့လေ၏။ သိမ်ဖြူကွင်းအနီးသို့ရောက်သောအခါ မြတ္တနိုးသာလမ်းဘက်မှနေ၍ ကျောင်းကြီးသော ကားကြီးတစ်စီးသည် ဆိုလိန်းလမ်းဘက်သို့ ဖြတ်၍ ကွေ့လိုက်သောကြောင့် ဦးကိုကိုကြီးက . . .

"အဲဒီကားနံပါတ်ဟာ ခင်ဗျားနံပါတ်ပဲ ဦးအောင်သင်းရေ" အော်လိုက်လေ၏။ ထို့ကြောင့် ထိုကားနံပါတ်ကို ကြည့်လိုက်ရာ (အာအေ-၃၂၃၉) ဖြစ်နေကြောင်း တွေ့ရလေတော့၏။

"ကိုနှင်းမောင်ပြောတဲ့ဂဏန်းအတိုင်း ကိုက်လိုက်တာဗျာ" ကျွန်ုပ်က ပြောလိုက်ရလေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"ဒါကြောင့်လဲ ဆားပုလင်းနှင်းမောင် ဖြစ်နေတာပဲဗျာ၊ ဟဲ တဲ၊ ကျုပ်ကတော့ ကန်တော်ကြီးဘေးက မောင်းမယ်ဗျို့" ဆိုကာ သိမ်ဖြူကွင်းကိုပတ်၍ ကန်တော်ကြီးဘေးမှ မောင်း၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

www.burmeseclassic.com

www.burmeseclassic.com



"ဦးကိုကိုကြီးကတော့ ဦးအောင်သင်းကိုနိုင်မှာပါဗျာ၊ နံပါတ် ခြောက်ထောင်ကျော်ရမှာပါ . . . အတိအကျ ပြောရရင် ခြောက်ထောင့်တစ်ရာ ဖြစ်လိမ့်မယ်ဗျို့" ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"ကြည့်ကြသေးတာပေါ့ဗျာ၊ ကားကလဲရှင်းလိုက်တာ လွန်ပါရောဗျာ" ဟု ညည်းညူနေစဉ်၌ပင် . . . ကတ္တရာလမ်းအတိုင်း ပြေးလာသော အဘိုးကြီးတစ်ဦးနှင့် ၎င်း၏နောက်မှ ကပ်၍ မောင်းလာသော အော်စတင်ကားလေးတစ်စီးကို တွေ့ရလေ၏။ အဘိုးကြီးမှာ ကျန်းမာရေးလေ့ကျင့်သောသဘောနှင့် ကန်တော်ကြီးကိုပတ်၍ပြေးနေခြင်း ဖြစ်၏။ ၎င်းနောက်မှကားမှာ ၎င်း၏ ကားပင် ဖြစ်တန်ရာ၏။ ကျွန်ုပ်တို့၏ကားနှင့် ထိုကား ဆုံမိသော အခါ၌ ကျွန်ုပ်တို့အားလုံးသည် ထိုကားနံပါတ်ကို ကြည့်လိုက်ကြရာ (အာရ်အေ ၆၁၀၀) ဖြစ်နေကြောင်းကို တွေ့ရလေ၏။ ကားရှေ့မှ အပြေးလေ့ကျင့်နေသော အဘိုးကြီးကလည်း . . .

"ဂွတ်ဒ်မောနင်း ဆားပုလင်းနှင်းမောင်" ဟု နှုတ်ဆက်သွားလေ၏။

"အဲဒါ တိရစ္ဆာန်ဆေးကု ဆရာဝန်ကြီးဗျ၊ ဒီအချိန်ဆိုရင် ဒီအနားရောက်နေပြီ၊ နောက်ကကားကသူ့ကားပဲ၊ သူ့ဒရိုင်ဘာက နောက်က တဖြည်းဖြည်းလိုက်ရတယ်" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"ကဲ အိုင်ဆေးအလှည့်ပဲ၊ ဘယ်လမ်းက မောင်းရမလဲ" ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .



"ဒီလမ်းမှာတွေ့မယ့် ကားနံပါတ်တွေ ကျုပ် မယူချင်ဘူး၊ အထက်ပန်းဆိုးတန်းလမ်းကိုဝင်ပြီးမှ တွေ့တဲ့ကားဆိုရင် ကျုပ်နံပါတ်ပဲ၊ ကဲ မောင်းပေတော့" ဟု ပြောလိုက်လေ၏။ ဦးကိုကိုကြီးလည်း ဆက်၍မောင်းခဲ့ရာ အာအေ ခုနစ်ထောင်ကျော်ကား တစ်စီးနှင့် တွေ့ရလေ၏။ ထို့ကြောင့် ဦးကိုကိုကြီးက . . .

"အိုင်ဆေး စိတ်ကူးလွဲသွားပြီ၊ ဒီလမ်းမှာတွေ့တဲ့ နံပါတ်ကို ယူလိုက်ရင် နိုင်ပြီးသားပဲ" ဟု ပြောလိုက်လေ၏။ ထို့နောက် (အာအေ ၉၂၆၈) ဆိုသော ကားတစ်စီးနှင့် ဆုံကြပြန်ရာ ဦးကိုကိုကြီးက . . .

"ဟီ ဟီ ကိုးထောင်ကျော်တောင်ဗျို့၊ ခင်ဗျားမယူမိတာတော့ မှားပြီထင်တယ် ကိုနှင်းမောင်ရေ" ဟု ပြောလိုက်လေ၏။ ဤသို့နှင့်ပင် ကျွန်ုပ်တို့၏ကားသည် အထက်ပန်းဆိုးတန်းလမ်းသို့ ရောက်သွားလေ၏။ ဦးကိုကိုကြီးသည် ကားကို အထက်ပန်းဆိုးတန်းလမ်းသို့ ချိုးချလိုက်ရာ ဆားပုလင်းနှင်းမောင်က-

"ဟောဟိုမှာတွေ့တဲ့ ညာဘက်က လမ်းတိုကလေးထဲကို ဝင်ရမယ်" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"အဲဒီလမ်းက ဟိုဘက်ကို ထွက်လို့မရဘူး အိုင်ဆေးရဲ့ တိရစ္ဆာန်ရုံကိုဝင်တဲ့တံခါးပေါက်တစ်ခု အဲဒီမှာရှိတယ်၊ အဲဒါကြီး ပိတ်ထားတယ်" ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ဒါ မဆိုင်ဘူးလေဗျာ။ ကိုယ့်စိတ်ကြိုက်လမ်းကို ဝင်ပေးမယ်ဆို" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ရပါတယ်၊ မောင်းပေးပါ့မယ်၊ မောင်းပေးပါ့မယ်" ဟု ဆိုကာ ထိုလမ်းကလေးအတွင်းသို့ ချိုးဝင်လိုက်လေ၏။ ထိုအချိန်၌မှာပင် ထိုလမ်း၏ အစွန်တွင်ရှိသော တီရှဲ့ဘာနီရဲ့ ဝင်ပေါက် တံခါးကြီးမှနေ၍ လော်လီကားကြီးတစ်စီး ထွက်လာလေ၏။ ထိုကားကြီး၏နံပါတ်ကို ကျွန်ုပ်ရော ဦးကိုကိုကြီးပါ ကြည့်လိုက်ရာ (အာအေ ၉၉၉၉) ဖြစ်နေကြောင်း တွေ့ရလေတော့၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် ရေခဲတောင်တံဆိပ် စီးကရက်ကိုထုတ်၍ မီးညှိရင်း . . .

"ဒီအချိန်ဆိုရင် တီရှဲ့ဘာနီရဲ့ကို ကျားစာ၊ ခြင်္သေ့စာအတွက် အမဲသားပို့တဲ့ကားကြီးက ထွက်လာနေကျပဲဗျ" ဟု ပြောလိုက်လေတော့၏။ ထို့ကြောင့်စဥ့်အိုးတန်းတွင်စားမည့်ဝက်သားပေါင်းနှင့် လက်ဖက်ရည်ဒကာမှာ ကျွန်ုပ်ပင် ဖြစ်ရရှာလေတော့၏။

[မှတ်ချက်။ ။ထိုခေတ်က ရန်ကုန်မြို့၌ ကား လွန်စွာ ရှားလေ၏။ ကားတစ်စီးနှင့်တစ်စီးဆုံမိရန်မှာ ယခုကဲ့သို့ လွယ်ကူခြင်း မရှိပေ။

စာရေးသူ]

## မလည်ရှုပ်တစ်ဦးနှင့် တွေ့ဆုံခြင်း

ကျွန်ုပ်တို့သည် စဥ့်အိုးတန်းနှင့် ကမ်းနားလမ်းထောင့် အနီးရှိ တရုတ်လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိခဲ့ကြလေ၏။ ဦးကိုကိုကြီးသည် ပြောထားသည့်အတိုင်း . . . ဝက်သားပေါင်းခြောက်ပွဲ စားလေ၏။ ထိုသို့စားရင်းလည်း ၎င်းက . . .

"ကျုပ်က ကံနဲ့နိုင်တာဗျ၊ ကိုနှင်းမောင်က ဉာဏ်နဲ့နိုင်တာ" ဟု ပြောလေ၏။

ကျွန်ုပ်တို့သည် စားသောက်ပြီးကြသောအခါ ကမ်းနားဆိပ်ဘက်သို့ စကားတပြောပြောနှင့် လမ်းလျှောက်ခဲ့ကြလေတော့၏။ ဆိပ်ကမ်းမှ ပခုံးထမ်း အလုပ်သမားများမှာ ငါးစည်များ၊ ဆန်အိတ်များ၊ မီးသွေးအိတ်များကို သင်္ဘောများပေါ်မှ သယ်ချနေသည်လည်းရှိ၏။ ရန်ကုန်မှ ဝန်စည်းများကို သင်္ဘောများပေါ်သို့ တင်နေသည်လည်း ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သုံးဦးသားသည် စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရာ တစ်နေရာသို့အရောက်၌ ဆားပုလင်းနှင်းမောင်သည် ခြေလှမ်းကို တုံ့ခနဲ ရပ်ပြီးနောက် ငါးခြောက်အိတ်ကြီးတစ်အိတ်ကို လက်ညှိုးထိုးပြရင်း . . .

"ဟိုမှာကြည့်စမ်း ကော်တာပဲ" ဟု ပြောလိုက်ပြီးလျှင် 'ဖြောက်' ခနဲ လက်ဖြောက်တီးလိုက်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း ထိုငါးခြောက်အိတ်ကို ကြည့်လိုက်ရာ အိတ်ပေါ်တွင် ဆေးအစိမ်းနှင့် အောက်ပါအတိုင်း ရေးထားသည်ကို တွေ့ရလေတော့၏။

**ခွေး ၂၊ ကြောင် ၁**

'ခွေးနှစ်ကောင် ကြောင်တစ်မြီး ဆိုတဲ့ အဓိပ္ပာယ်ပဲဗျ" ဟု ဦးကိုကိုကြီးက ပြောလေ၏။

"အစစ်ပေါ့ဗျာ" ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောပြီးနောက် ငါးခြောက်အိတ်တွေ့သော ဇောတံတားတွင် ရပ်ထားသည့် ဝေဠုမောင်ဆိုသော သင်္ဘောပေါ်သို့ တက်သွားပြီးလျှင် သင်္ဘောစာရေးအား ရှာဖွေ၍ . . .

"စာရေးကြီး ခွေးနှစ်၊ ကြောင်တစ် လို့ ဆိုတဲ့ မာကာတွေ ရေးထားတဲ့ ငါးခြောက်အိတ်တွေ ဘယ်က တင်ခဲ့တာလဲ" ဟု မေးရာ သင်္ဘောစာရေးက . . .



"မြောင်းမြက ခွေးနှစ်ကောင် ကြောင်တစ်မြီး ပွဲရုံကပါ" ဟု ပြန်၍ ဖြေလေ၏။

ဆားပုလင်းနှင်းမောင်သည် သင်္ဘောစာရေးထံမှ ပွဲရုံဘောင်ချာများကို တောင်းယူကြည့်ရှုရာ ခွေးနှစ်ကောင် ကြောင်တစ်မြီး ဆိုသော ပွဲရုံဘောင်ချာတစ်စောင်ကို ရရှိလေတော့၏။ ဘောင်ချာ၏ ထောင့်တွင်လည်း ခွေးနှစ်ကောင်နှင့် ကြောင်တစ်ကောင်၏ပုံ ရိုက်နှိပ်ထားသည်ကိုလည်း တွေ့ရလေတော့၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က သင်္ဘောစာရေးအား -

"ခင်ဗျားတို့သင်္ဘော ဘယ်တော့ ပြန်ထွက်မလဲ" ဟု မေးလိုက်လေ၏။

"ဆယ်နာရီမှာ ထွက်မယ်ဗျ" ဟု သင်္ဘောစာရေးက ပြန်၍ ဖြေလျှင် . . . ဆားပုလင်းနှင်းမောင်က ဆယ်တန်တစ်ရွက်ကို ထုတ်၍ သင်္ဘောစာရေးအားပေးရင်း . . .

"လက်မှတ် သုံးစောင်၊ ဦးခန်းက လိုချင်တယ်" ဟု ပြောဆိုကာ လက်မှတ်သုံးစောင် ဝယ်လိုက်လေတော့၏။

ထိုအခါ ဦးကိုကိုကြီးက . . .

"စဉ့်အိုးတန်းထိပ်မှာ ရပ်ထားခဲ့တဲ့ . . . မော်တော်ကားကို ဘယ်လှည်းသမားက စီအိုင်ဒီကို ပြန်ပို့ပေးမှာလဲဗျ၊ ကျုပ် ပြန်ပြီးပို့မှ ဖြစ်မှာပေါ့၊ ပြီးတော့ သေနတ်လဲ ယူခဲ့မှပေါ့" ဟု ပြောလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

www.burmeseclassic.com

www.burmeseclassic.com



"ဆိပ်ကမ်းဂါတ်ကို အကူအညီတောင်းပြီး ကား ပို့ခိုင်းလိုက်ပါဗျာ၊ သေနတ်လိုရင် အဲဒီဂါတ်ကပဲ ငှားခဲ့ပါ။ ပြီးတော့လဲ စီအိုင်ဒီကို ကျုပ်တို့သုံးယောက် သဲလွန်စရလို့ . . . မြောင်းမြကို လိုက်သွားမယ်ဆိုတဲ့အကြောင်း တယ်လီဖုန်းနဲ့ ခရီးသွားခွင့်အမိန့် တောင်းလိုက်ဦးပေါ့ဗျာ" ဟု ပြောလေ၏။

"ကျုပ်တစ်ယောက်တည်းက . . . သုံးလက်တောင် ငှားလို့ ပေးမလားဗျာ" ဟု ဦးကိုကိုကြီးက ပြောလေ၏။

"ကျုပ်တို့မင်းကြီးနဲ့ ဆိပ်ကမ်းက အရာရှိ ဆုံကြတုန်းက ပြောထားဖူးတယ် မဟုတ်လား။ ရေလမ်းခရီးသွားခါနီးမှာ လက်နက်ကအစ လိုတာကို အကူအညီပေးမယ်လို့ ပြောထားတာလေ၊ ပြီးတော့ . . . သုံးလက်မလိုပါဘူး ဦးကိုကိုကြီးရယ်၊ ကျုပ်မှာ" ဟုဆိုကာ ဆားပုလင်းနှင်းမောင်က သူ၏ကုတ်အင်္ကျီကို လှစ်၍ပြလိုက်ရာ ချိုင်းအောက်တွင် ချပ်ချပ်ရပ်ရပ် လွယ်ထားသော ခြောက်လုံးပြူးကို တွေ့ရလေတော့၏။

"ကဲ ဒီလိုဆိုရင် . . . ကျုပ်သွားပြီး စီစဉ်လိုက်ဦးမယ်" ဟုဆိုကာ ဦးကိုကိုကြီးသည် ကမ်းပေါ်သို့တက်၍သွားလေတော့၏။ ထို့နောက် . . . ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်တို့သည် စီးနင်းလိုက်ပါရမည့် သင်္ဘောဦးခန်းနေရာသို့ တက်ရောက်သွားကြလေတော့၏။

"ကင်းကော့ကလေး သုံးလုံးတော့ . . . ပါပါရဲ့ဗျ၊ ဒါပေမဲ့ အိပ်ရာက မပါလေတော့ ဘယ်လိုအိပ်ကြမလဲ၊ သင်္ဘောစာရေးကို ကျုပ်တို့ဟာ စုံထောက်အရာရှိတွေဖြစ်ကြောင်း ပြောပြီး



အိပ်ရာတောင်းရရင် ကောင်းမယ်" ဟု ကျွန်ုပ်က ပြောရာ ဆားပုလင်းနှင်းမောင်က . . .

"စမ်းကြည့်ပေါ့ အိုင်ဗီ" ဟုဆိုသဖြင့် ကျွန်ုပ်လည်း သင်္ဘောစာရေးထံ သွားရောက်၍ ပြောရာ သင်္ဘောစာရေးက . . .

"အဲဒါ ခက်တာပဲဗျာ . . . ဦးခန်းမှာစီးတဲ့ ခရီးသည်တိုင်း အိပ်ရာလိပ်ယူလာလေ့ရှိတဲ့အတွက် ကျွန်တော်တို့လဲ အိပ်ရာလိပ်တွေ ထားမပေးတာ ကြာပါပြီ" ဟု အပြီးအပြတ်ပြောလိုက်လေတော့၏။ ကျွန်ုပ်လည်း စိတ်ပျက်စွာနှင့် ထိုသူ၏အနီးမှ ထွက်ခဲ့လေတော့၏။ ထိုအချိန်မှာပင် ဆားပုလင်းနှင်းမောင်သည် အောက်ထပ်သို့ဆင်းလာပြီးလျှင် သင်္ဘောကိုလှည့်ပတ်ကြည့်ရှု၍ ဗောတံတားပေါ်သို့တက်၍သွားသဖြင့် ကျွန်ုပ်လည်း ၎င်း၏နောက်မှ လိုက်၍သွားရလေ၏။

၎င်းသည် ဗောတံတားဝတွင် တွေ့ခဲ့ရသော ငါးခြောက်အိတ်ကိုဖွင့်၍ ငါးခြောက်တစ်ပြားကို နှိုက်ယူကြည့်ရှုနေလေ၏။ ထို့နောက် ငါးခြောက်ပြားကို ပြန်၍ထည့်လိုက်ပြီးလျှင် ကျွန်ုပ်အား . . .

"စိတ်ဝင်စားဖို့ အတော်ကောင်းတဲ့ အမှုပဲဗျ" ဟု ပြောလိုက်လေ၏။

ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်တို့ ဗောတံတားပေါ်၌ စကားပြောဆိုနေကြစဉ်၌ပင် ဦးကိုကိုကြီးသည် ခြောက်လုံးပြူးနှစ်လက်ကို ခါးကြား၌ထိုး၍ပြန်လည်ရောက်ရှိလာလေတော့၏။ ထို့နောက် တစ်လက်ကို ကျွန်ုပ်အား ပေးလိုက်လေတော့၏။ ဆယ်နာရီထိုးသောအခါ၌ သင်္ဘောဥသြဆွဲသဖြင့် ကျွန်ုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



သုံးဦးသားသည် သင်္ဘောပေါ်သို့တက်ခဲ့ကြလေတော့၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးမှာ အပေါ်ထပ် ဦးခန်းဆီသို့ တက်သွားကြသော်လည်း ဆားပုလင်းနှင်းမောင်မှာမူ သင်္ဘောအောက်ထပ်၌သာ ကျန်ရစ်ခဲ့လေ၏။

တစ်အောင့်မျှကြာသောအခါတွင် ဆားပုလင်းနှင်းမောင်လည်း . . . အပေါ်သို့ရောက်ရှိလာလေ၏။ ၎င်းရောက်ပြီးများမကြာမီ၌ပင် သင်္ဘောမှ စူကာနီကလေးနှစ်ဦးသည် အိပ်ရာ၊ ခြင်ထောင်၊ စောင်များနှင့်အတူ ရောက်ရှိလာပြီးလျှင် ကျွန်ုပ်တို့အတွက် အိပ်ရာများခင်းကျင်းပေးလေ၏။ ထို့ကြောင့် ကျွန်ုပ်က-

"ဘယ်လိုလဲ အိုင်ဆေး၊ စောစောက သင်္ဘောစာရေးကို ကျုပ်က သွားပြီး စီအိုင်ဒီက အရာရှိတွေပါ၊ အိပ်ရာကလေးပေးပါလို့ သွားပြီးပြောတော့ ဒီကောင်က အိပ်ရာမပါဘူး ဆိုပါလားဗျ၊ အခုတော့ ဘယ်လိုလုပ်ပြီး အိပ်ရာတွေက ရောက်လာရပြန်တာတုံး" ဟု မေးလိုက်မိလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က ဂရေစီယာ ရေခဲတောင်တံဆိပ် စီးကရက်ကို ထုတ်၍ မီးညှိရှိုက်ဖွာရင်း . . .

"ကျုပ်က အဲဒါတွေဘာမှမပြောခဲ့ဘူးဗျ၊ ဆယ်တန်တစ်ရွက် ထုတ်ပေးခဲ့တာ၊ အဲဒါက ပိုပြီးသေချာပါတယ်ဗျာ" ဟု ပြောရင်း စီးကရက်မီးခိုးများကို သင်္ဘောပြတင်းပေါက် အပြင်ဘက်သို့ မှုတ်ထုတ်နေလေတော့၏။ များမကြာမီ၌ပင် သင်္ဘောသည်လည်း အကြိမ်မြောက်မြားစွာ ဥသြဆွဲပြီးလျှင် စတင် ထွက်ခွာသွားလေတော့၏။



မြောင်းမြနှင့်ရန်ကုန်ဆိုသည်မှာ မြေပုံ၌ကြည့်လျှင် လွန်စွာနီးကပ်သောအစက်ကလေးနှစ်စက်သာဖြစ်သော်လည်း သင်္ဘောစီး၍ သွားရသောအခါ၌မူ နာရီပေါင်းများစွာ ကြာညောင်းလေ၏။ အကယ်၍ ဤခရီး၌ ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင် နှစ်ဦးတည်းသာဆိုလျှင် လွန်စွာပျင်းရိငြီးငွေ့ဖွယ်ရာ ဖြစ်မည်ဖြစ်သော်လည်း ယခုအခါ၌မူ အရွှတ်အနောက်ပြောတတ်သော ဦးကိုကိုကြီး ပါ၍လာသောကြောင့် ပျင်းရိငြီးငွေ့သော ဝဋ်ဒုက္ခမှ ချမ်းသာခွင့်ရလေတော့၏။

ဦးကိုကိုကြီးသည် ခရီးတစ်လျှောက်လုံးတွင် မြန်မာ့ရိုးရာ ညစ်ညမ်းသောဟာသများကို ပြော၍သွားလေတော့၏။ ထိုဟာသများမှာ ညစ်ညမ်းသည် မှန်သော်လည်း အချို့သည် လှသဘော ပါဝင်နေသောကြောင့် လွန်စွာမှ မှတ်သားဖွယ်ရာကောင်းလှပေ၏။

|မှတ်ချက်။ ။ ဤနေရာ၌ ဦးကိုကိုကြီးပြောပြသော ပုံပြင်များကို ဖော်ပြရန်ရှိသော်လည်း လွန်စွာရှုပ်ထွေးသောလူသတ်မှုကြီး၏အကြောင်းကို စာဖတ်ပရိသတ်အား ရှင်းရှင်း၊ လင်းလင်း၊ ကွက်ကွက်ကွင်းကွင်း ဖတ်စေလိုသောစေတနာကြောင့် ချန်လှပ်ခဲ့ရလေတော့၏။

စာရေးသူ|

ကျွန်ုပ်တို့သုံးဦးသည် ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်းလှသော ရေလမ်းခရီးကို 'တဝါးဝါး တဟားဟား' နှင့်ပင် ရောက်ရှိခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ထိုသို့ရောက်ရှိပြီး ကမ်းနားဆိပ်ကို တက်လိုက်သည်နှင့် လွန်စွာကြီးမားသော တရုတ်ပွဲရုံကြီးတစ်ခုကို တွေ့ရလေတော့၏။ ထိုပွဲရုံကြီး၏အဝင်ဝ၌လည်း ခွေးနှစ်ကောင် ကြောင်တစ်မြီး ဟူသော စာနှင့်အတူ ခွေးနှစ်ကောင်နှင့် ကြောင်တစ်ကောင်၏ ပုံကို ရေးဆွဲထားလေ၏။

ကျွန်ုပ်တို့သည်ပွဲရုံအတွင်းသို့ဝင်ကြလေ၏။ ထိုအခါ ပါးစပ်တစ်ခုလုံး၌ ရွှေသွားများတဝင်းဝင်းဖြစ်နေသော တရုတ်က . . .

"ဘာယူမလဲ" ဟု မေးလေ၏။ ထိုအခါ ဦးကိုကိုကြီးက -

"ငါလိုချင်တာ ပြောရရင်တော့ မိန်းမပဲကွ" ဟု နောက်တီးနောက်တောက် ပြောလိုက်ရာ ကျွန်ုပ်ကတံတောင်နှင့်တွက်လိုက်ရလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ဒီမှာထောင်ကဲ၊ မင်း စံမတူကို သိလား" ဟု မေးလိုက်ရာ ထောင်ကဲက . . .

"သိတာပေါ့ဗျာ ... စံမတူမြေပဲ အလွန်လူကြိုက်များတယ်၊ အခု အဲဒီမြေပဲမျိုးတွေ မလာတော့ဘူးဗျ၊ ခင်ဗျားတို့ ဝယ်ချင်ရင်လဲ မရှိဘူး" ဟု ပြန်၍ပြောလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"မင်း လုဖေကိုရော . . . သိသလား" ဟု မေးလိုက်ရာ ထောင်ကဲက . . .

"သိတာပေါ့ဗျာ၊ ဒီကောင် ဖဲဝိုင်းမှာဓားထိုးခံရလို့ သေတာ ခြောက်နှစ်လောက်ရှိပြီ၊ ခင်ဗျားတို့က သူ့အမျိုးတွေလား" ဟု ပြန်၍မေးလေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .



"အိုင်ဆေး ဒီတရုတ်တော့ အကြောင်းကြောင်းလုပ်နေပြီဗျ၊ နီးရာဂါတ်တဲကို ခေါ်သွားပြီး ရိုက်ရဦးမယ်၊ ကျုပ်လက်ဝါးကြီးနဲ့ ဒီကောင့်မျက်နှာကို နှစ်ချက်လောက်ရိုက်လိုက်ရင် အမှန်အတိုင်း ပြောမှာပါ" ဟု ဆိုလေ၏။ ထိုအခါ ထောင်ကဲက . . .

"တစ်လုတ်စားဖူး သူ့ကျေးဇူးတဲ့၊ တစ်ဦးမေတ္တာ တစ်ဦးမှာတဲ့၊ ခင်ဗျားတို့ သိချင်တာကိုလဲ ကျုပ်က ပြောပြရသေးတယ်၊ ကျုပ်ကိုလဲ ရိုက်မလေးဘာလေးနဲ့ . . . ကတညုတ ကတဝေဒီ သူတစ်ထူးရဲ့ကျေးဇူးကို မသိတတ်တဲ့လူတွေပဲ၊ ဆုတ်ကပ်ကြီးကိုဗျ . . . ခေတ်ကိုက ကလိယုဂ်၊ သူယုတ်မာက သုံးပုံ၊ သူတော်ကောင်းက တစ်ပုံသာရှိတဲ့ ခေတ်ပါလား၊ ပါပလူမျိုးကိုးဆယ်ထွန်းကားတဲ့ခေတ်ပဲ" ဟု ရှည်လျားစွာ ညည်းညူလိုက်ရာ ဦးကိုကိုကြီးသည် လက်ဝါးကြီးကိုပွတ်ရင်း . . .

မဆီမဆိုင် . . . ကြီးကြီးကျယ်ကျယ်ပြောတဲ့ ပုဒ်မနဲ့ကို ရိုက်ချင်တယ်ဗျာ" ဟု ပြောလေတော့၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ဒီမှာထောင်ကဲ၊ မင်းရဲ့ပွဲရုံကို ဘာဖြစ်လို့ ခွေးနှစ်ကောင် ကြောင်တစ်မြီး ဆိုတဲ့ နာမည်ကို ပေးရတာလဲ" ဟု မေးလိုက်လေ၏။

"ဩော် . . . ဒါလား ဆရာကြီးရယ်၊ ကျုပ်ကလဲ ရှင်းပြချင်နေတာ ကြာပါပြီ၊ ကျုပ်တို့ကျွန်းဟာ တောင်ကျွန်းမဟုတ်လားဗျာ၊ ဇမ္ဗူသပြေပင် ပေါက်တယ်လေဗျာ၊ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်းတဲ့" ဟု ထောင်ကဲက စကားပျိုးလိုက်ရာ လက်ဝါးကြီးကိုပွတ်နေသော ဦးကိုကိုကြီးက . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟော့တရုတ် မေးတာဖြေကွာ၊ အပိုတွေ ပြောမနေနဲ့၊ ငါ လက်ယားနေပြီကွ" ဟု ဝင်၍ ပြောလိုက်လေ၏။

"ဪ မိတ်ဆွေကြီး လက်ယားနေပြီလား။ ပွေးပေါက်ချင်လို့ပါ။ တစ်ခါတလေ သဲဝဲစားခါနီးလဲ အဲဒီလိုပဲဗျ၊ ဟိုမှာ ရေနံဆီရှိတယ်၊ ရေနံဆီနဲ့ နည်းနည်းပွတ်လိုက်" ဟု ထောင်ကဲက ပြောလိုက်ရာ ဦးကိုကိုကြီးသည် အံကြိတ်၍ . . .

"ဟင်း" ဟု အော်လိုက်လေ၏။

"မိတ်ဆွေကြီး ကြည့်ရတာ . . . အစော်ကို ခံရှခက်နေပုံပဲ၊ ယားတာဟာ နာတာမဟုတ်ပေမယ့် ခံရတဲ့လူအဖို့ အောင့်သက်သက်နော်၊ ကျွတ် ကျွတ် ကျွတ်" ဟု တရုတ်က ပြောလိုက်လေတော့၏။

"ဒီလို မအူမလည်ကောင်မျိုးတွေပေါ့ကွာ၊ နှိပ်လာတာ၊ ဒါကြောင့်လဲ ပုလိပ်လောကမှာ လက်ဝါးကိုကိုကြီးလို့ နာမည်ရခဲ့တာပဲ၊ နှိပ်ချင်လိုက်တာ" ဟု ခပ်တိုးတိုး ရေရွတ်လိုက်ရာ၊ ထောင်ကဲသည် "နှိပ်ချင်လိုက်တာ" ဟူသော စကားတိုသာ ကြားလိုက်ရသည်ဖြစ်ရာ . . .

"ယားတာကို အနှိပ်ခံလို့ မပျောက်ပါဘူးဗျာ၊ သည်းခံပါ၊ သည်းခံပါ" ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ကဲ ထောင်ကဲ၊ ကျုပ်မေးတာ ဖြေစမ်းပါဦး၊ ဘာဖြစ်လို့ ခင်ဗျားရဲ့ပွဲရုံကို အဲဒီနာမည် ပေးရတာတုန်း" ဟု ထပ်၍ မေးလိုက်ပြန်လေ၏။ ထိုအခါ ထောင်ကဲကလည်း . . .



"ကျုပ် ပြောခဲ့ပြီပဲ၊ အတိတ် နိမိတ် တဘောင်စနည်း၊ ဒါတွေကို ဂရုစိုက်ရမယ် မဟုတ်လား။ ကျုပ်ဟာ ဒီပွဲရုံကြီးကို ထောင်မယ်ဆိုပြီး ရန်ကုန်မှာ ကုန်တက်ဝယ်တယ်၊ အဲဒီတုန်းက ပွဲရုံဆိုင်းဘုတ် မတင်ရသေးဘူး၊ ရန်ကုန်ကို သင်္ဘောဆိုက်လို့ သင်္ဘောဆိပ်က တက်ကတည်းက အတိတ်ကောက်မယ်ဆိုပြီး တက်သွားတာ . . . သံဈေးလဲရောက်ရော အခုချိတ်ထားတဲ့ ဆိုင်းဘုတ်ကြီးကို ပန်းချီဆိုင်တစ်ခုမှာ တွေ့ပါလေရောဗျာ။

ဆိုင်ထဲဝင်ပြီး ပန်းချီဆရာကို ဒါ ဘယ်သူအပ်ထားတာလဲလို့ မေးတော့ ပန်းချီဆရာကလဲ အပ်တဲ့လူတွေက လာပြီးမရွေးတာ ကြာပါပြီ၊ ဘယ်သူတွေဆိုတာလဲမပြောတတ်ပါဘူး၊ ခင်ဗျားလိုချင်ရင် ရောင်းမယ်လို့ ပြောလိုက်တယ်၊ မိတ်ဆွေပဲ စဉ်းစားကြည့်လေ၊ ပွဲရုံလုပ်မယ်လို့ စီစဉ်နေတုန်းမှာ ပွဲရုံဆိုင်းဘုတ်အဆင်သင့်တွေ့တော့ ဒီထက်ကောင်းတဲ့နိမိတ် ဘယ်ရှိလိမ့်မတုန်းဗျာ။ အဲဒါနဲ့ ကျုပ်လဲ အဲဒီဆိုင်းဘုတ်ကြီးဝယ်ပြီး သင်္ဘောနဲ့တင်လာတာဗျို့၊ ကျုပ် နိမိတ်ကောက်တာ မှန်တယ်ဗျို့၊ အဲဒီနာမည်နဲ့ ကျုပ်ဖြင့် အကျိုးပေးလိုက်တာ လွန်ပါရော၊ မြောင်းမြမှာ တိုက်နှစ်လုံးဝယ်နိုင်ပြီ၊ မော်တော်လဲ တစ်စီးဝယ်ထားနိုင်ပြီ၊ တလေးလဲ သုံးယောက်တောင်ရပြီ၊ ဟိုဘက်ကျောင်းက သိမ်ကြီးကိုလဲ ကျုပ်ပဲ ပြန်ပြီး ဆောက်ပေးလိုက်တယ်။ စတုဒိသာကျွေးတာ ခြောက်ခါရှိပြီ၊ ဒီတစ်ခါ စတုဒိသာကျွေးရင် မိတ်ဆွေတို့ကိုလဲ ဖိတ်လိုက်ဦးမယ်" ဟု ရှည်လျားစွာ ပြောလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှင်းမောင်သည် ရေခဲတောင်ဖာဆိပ် စီးကရက်ကို ထုတ်ယူ၍ စီးကရက်တစ်လိပ်ကိုနှိုက်ယူပြီးလျှင် စီးကရက်အစီခံအား ဘူးပေါ်၌ 'တဒေါက်ဒေါက်' ခေါက်ရင်း . . .

"ဒီဆိုင်းဘုတ်ကြီးဝယ်လာတာ သံဈေးကဆိုတော့ ဟုတ်ပြီ၊ သံဈေးမှာက ပန်းချီဆိုင်တွေ အများကြီးပဲ၊ ဘယ်နားကဆိုင်လဲ၊ ဆိုင်နာမည်က ဘာတဲ့တုံး" ဟု မေးလိုက်လေ၏။

"သံဈေးအလယ်လောက်က ဆိုင်ပဲ၊ အဲဒီဆိုင်မှာ နာမည်မရှိဘူး၊ ပန်းချီရေးတဲ့ဆရာကြီးကိုတော့ အနီးအနားက ဆရာမြစ်ဆိုလား၊ ဆရာမြင့်ဆိုလား၊ ဆရာမြတ်ဆိုလား မပြောတတ်ဘူး၊ အဲဒီလို ခေါ်ကြတာပဲ" ဟု ထောင်ကဲက ပြောလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ကောင်းပြီ ထောင်ကဲ၊ ကျုပ်တို့သွားမယ်" ဟု ပြောလိုက်လျှင် ထောင်ကဲက ဦးကိုကိုကြီးအား . . .

"ဟို မိတ်ဆွေကြီး လက်ဝါးယားတာ ပျောက်သွားပြီလား၊ နောက်ကို ညစ်ပတ်တာတွေကိုင်ပြီးရင် လက်ကိုချက်ချင်းဆေးဗျ . . . ပွေးပေါက်တတ်တယ်" ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက အံကြိတ်ပြီး . . .

"မလည်ရှုပ်ဆိုတာ မင်းတို့လိုကောင်မျိုးပေါ့ကွ"ဟု ပြောဆိုကြိမ်းမောင်း၍ 'တရှုးရှုး တရှားရှား' ဖြစ်ကာ ပွဲရုံအတွင်းမှ ထွက်သွားလေတော့၏။

ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်လည်း ထွက်ခဲ့ကြလေတော့၏။ ထို့နောက် ကျွန်ုပ်တို့သည် သဘော်ကြုံရှိသဖြင့်



ရန်ကုန်သို့ ပြန်လည်၍လိုက်ပါခဲ့ကြလေ၏။ လမ်းတွင် ကျွန်ုပ်က ဆားပုလင်းနှင်းမောင်အား . . .

"ဘယ်လိုလဲ အိုင်ဆေး" ဟု မေးလိုက်ရာ . . . ဆားပုလင်းနှင်းမောင်က -

"ပွဲရုံက တရုတ်ဟာ ကျုပ်တို့ကို လိမ်တာ မဟုတ်ဘူးဗျ၊ အမှန်အတိုင်း ပြောနေတာ၊ ဒီကောင်ကလဲ ဦးကိုကိုကြီး ပြောသလိုပဲ အတော့်ကို မလည်ရှုပ်နိုင်တဲ့ကောင်၊ တရုတ်ဖြစ်ပြီး ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းတွေ၊ အတိတ်တွေ နိမိတ်တွေနဲ့ ရှုပ်နေတာပဲ၊ သူ ရှုပ်တာက အရေးမကြီးဘူး၊ ဒီအမှုဟာ ကျုပ်ထင်တာထက် ပိုပြီးရှုပ်နေတယ်ဗျ၊ ရထားတဲ့ သဲလွန်စတွေကလဲ အမှုအတွက် အထောက်အကူမရဘူး၊ အဖြစ်မှန်တစ်ခုနဲ့ လုပ်ကြံထားတဲ့ ကိစ္စတစ်ခုဟာ ကြိုးကျစ်ထားသလို လိမ်ပြီးနေတယ်ဗျ။ အဲဒီတော့ ဒီအမှုမှာ အစနှစ်စ ဆွဲထုတ်ရမယ် . . . ပြီးတော့မှ မလိုအပ်တဲ့ အစကို အသာထားပြီး . . . လိုတဲ့ကြိုးစကို ဆွဲပြီး လိုက်သွားရမှာပဲ၊ ကြိုးအဆုံးမှာတော့ တရားခံ ရှိနေလိမ့်မယ်။ အဲဒီတရားခံကို လက်ထိတ်ခတ်ရပြီးမှ သက်ပြင်းချရမယ့်အမှုမျိုးပဲဗျို့" ဟု ပြောလိုက်ရာ ကျွန်ုပ်က . . .

"ပိတုန်းသုံးကောင် အမှုတုန်းက ဦးနန်းဝေလို တရားခံမျိုးကို ဖမ်းရတာထက်များ ခက်သေးသလားဗျ" ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"ဒီအမှုမှာလဲ ဦးနန်းဝေလိုသတ္တိရှိပြီး အကြံညာဏ်ကောင်းတဲ့ တရားခံတွေ ပါနေတယ်ဗျ" ဟု ပြန်ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မြိုင်ရာဇာတာတေ အမှုတုန်းက ဖမ်းခဲ့တဲ့ ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားလို တရားခံမျိုးထက်ပဲ ခက်ဦးမလားဗျာ" ဟု ကျွန်ုပ်က မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"ကိုဆိတ်ဖွားကြီးနဲ့ လက်ရည်တူမယ့် . . . မာစတာဘာရိန်းတစ်ယောက်လဲ ပါနေလိမ့်မယ်ထင်တယ်"ဟုပြန်၍ပြောလေ၏။

"ဒီလိုဆိုရင်ဗျာ 'မမင်းဖြူမှန်မှန်ပြော' အမှုတုန်းကလောက်ခက်မလားဗျာ၊ အဲဒီတုန်းက တရားခံ ကိုမိုးသီးတို့၊ ကိုသေတ္တာတို့ ဆိုတာလဲ ပုလိပ်လောကကြီးတစ်ခုလုံးကို ချောက်ချားစေခဲ့တာပဲဗျာ" ဟု ကျွန်ုပ်ကပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က-

"ကိုမိုးသီးတို့ ကိုသေတ္တာတို့နဲ့ လက်ရည်တူမယ့် လူတွေဒီအမှုမှာ ပါလိမ့်မယ်ဗျ" ဟု ပြောလိုက်လေ၏။

"ဗိုက်ပူသူတော်အမှုတုန်းက ခက်ခက်ခဲခဲ ဖမ်းခဲ့ရတဲ့ မိုးဇာတို့၊ ကျောက်ပွဲတို့၊ ဂေါ်ရာတို့လို လက်ရဲဇက်ရဲနိုင်တဲ့ တရားခံမျိုးတွေကော ပါသလား" ဟု ဦးကိုကိုကြီးက ဝင်၍ မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"ဒီလူတွေထက် မနိမ့်ဘူးဗျ၊ အမှုရှုပ်ထွေးပုံကလဲ ကျုပ်တို့လိုက်ခဲ့တဲ့ ခပ်ရှုပ်ရှုပ်အမှုမျိုးတွေထဲမှာ စာရင်းထည့်ရမယ့် အမှုမျိုးပဲ၊ ဒီအမှုအတွက်က ဉာဏ်ကစားရုံသက်သက် မရဘူးဗျ၊ ကံနဲ့ပါ လောင်းကြေးထပ်ရမယ့်ပုံပဲ၊ တစ်ချက်ကလေး လွဲသွားတာနဲ့ ကျုပ်တို့ဘက်က အသက်တစ်ချောင်း ပါသွားနိုင်တယ်" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ဦးကိုကိုကြီးက . . .



"စုံထောက်ဘက်က အသက်တစ်ချောင်း ပါရမယ်ဆိုရင်တော့ နံပါတ်တစ် ပါစေချင်တာကတော့ စုံထောက်မင်းကြီးမစ္စတာကရစ်ပင်ကိုပဲဗျ၊ သူက လခအများဆုံးယူထားတာကိုးဗျ၊ သေစရာရှိရင်တော့လဲ စောစောသေသင့်တာပေါ့၊ အခုတော့ဗျာ . . . ခြံဝင်းကျယ်ကြီးတွေ၊ အိမ်ကြီးတွေ၊ မော်တော်ကားကြီးတွေ ယူထားတဲ့ လူတွေက လူဆိုးကို မြင်တောင်မမြင်ဖူးဘူးဗျ။ လခလေး တစ်ပဲ ခြောက်ပြားရတဲ့ ဂါတ်ကပုလိပ်ကလေးတွေက လူဆိုးကြီးတွေနဲ့ အသက်စွန့်ပြီး ယှဉ်ပြိုင်ရတာဗျ။ မသေလို့နှစ်သက်စေ့အောင်လုပ်ရရင်လဲ ပင်စင်လခက ဘာများမက်စရာရှိလို့လဲဗျာ၊ စောစောက လူကြီးတွေ အပျင်းပြေဝယ်ပြီး လျက်တဲ့လျက်ဆားဖိုးလောက်ရှိတဲ့ လခကလေးနဲ့ သူတို့ခမျာများမှာ အလုပ်လုပ်နေကြရတာ။

ကဲ ဒါတွေထားတော့၊ လူဆိုးကို မဖမ်းရတဲ့ အခါမှာလဲ ကိုယ့်မယားနဲ့ကိုယ်ဖက်ပြီး အိပ်လို့ရသေးလို့လား။ လှည့်ကင်းတွေ၊ ပတ်ကင်းတွေ စောင့်ရတဲ့အပြင် အဲဒီလူကြီးတွေအိမ်ကိုတောင် သွားပြီး စောင့်ပေးရသေးတယ် မဟုတ်လား၊ ပြီးတော့ကျုပ်တို့ပုလိပ်အဖွဲ့က . . .ဒုစရိုက်မှုတစ်ခုတည်းကို လိုက်ရတာမဟုတ်ဘူးဗျ။ မီးလောင်ရင်လဲ ကျုပ်တို့လူတွေ ပါရတာပဲ။ ရေကြီးရင်လဲ ကျုပ်တို့လူတွေ ပါရတာပဲ။ အဲဒီတော့ဗျာ တရားသဖြင့် ဖြစ်ရလေအောင် သေရမယ်ဆိုရင် မစ္စတာကရစ်ပင်အလျင်သေဗျ . . . ပြီးမှ ကျုပ်တို့လို အလယ်အလတ်လူတွေလိုက်သေ။ ကျုပ်တို့ပြီးမှ စောစောက လူတွေ အလှည့်သွားရင်ကောင်းမယ်ဗျ" ဟုပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က. . .

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စတွေကတော့ လွတ်လပ်ရေးရပြီးမှပဲ တင်ပြကြတာပေါ့ဗျာ၊ ပြီးတော့ ကျုပ်တို့ဟာ ဘာပဲပြောပြော အင်္ဂလိပ်ရဲ့ ကျွန်ပဲ မဟုတ်လားဗျ။ မပူပါနဲ့ဗျာ။ ကျုပ်တို့ မြန်မာမျိုးချစ်ခေါင်းဆောင်တွေလဲ သခင်အဖြစ်နဲ့တစ်မျိုး၊ ဝံသာနုအဖြစ်နဲ့ တစ်သွယ် ဆောင်ရွက်နေကြပြီပဲ၊ ဒါကြောင့် ကျုပ်တော့ အင်္ဂလိပ်အစိုးရက စစ်ဆေးခိုင်းတဲ့ သခင်တွေဆိုရင် . . . တရားခံလို ဘယ်တော့မှ မဆက်ဆံဘူး။ တလေးတစား ဆက်ဆံတယ်၊ လိုအပ်လာရင် ကျုပ်ဟာ အဲဒီလူတွေနဲ့အတူ အသက်စွန့်မယ်လို့ စဉ်းစားထားပြီးပြီ" ဟု ပြောလိုက်လေ၏။

ဤသို့နှင့်ပင် . . . ကျွန်ုပ်တို့သည် စကားတပြော်ပြောနှင့် ရန်ကုန်ဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိခဲ့ကြလေတော့သတည်း။

* * * * *

## နံရံပေါ်က မဥ္ဇူသာ

ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်အားခေါ်၍ သံဈေးသို့သွားလေ၏။ ဦးကိုကိုကြီးကမူ ဆိပ်ကမ်းဂါတ်မှ ငှားရမ်းခဲ့သော ခြောက်လုံးပြူးနှစ်လက်ကို အပ်နှံဦးမည်ဟုဆိုကာ ကျန်ရစ်ခဲ့လေ၏။ ကျွန်ုပ်တို့သည် သံဈေးသို့ရောက်သောအခါ အလယ်လောက်တွင်ရှိသော ပန်းချီဆိုင်တစ်ဆိုင်ကို ဝင်လိုက်ရာ ပန်းချီဆရာကြီးက . . .

"ဘာများ အပ်ချင်လို့ပါလဲ မိတ်ဆွေကြီး" ဟု မေးလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ဆရာကြီးရဲ့နာမည် ဘယ်လိုခေါ်ပါသလဲ" ဟု မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည် ဆရာမြင့်ပါဗျာ၊ ဒီနားက အားလုံးသိကြပါတယ်" ဟု ပြောဆိုကာ နေရာထိုင်ခင်းပေးလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ဆရာကြီး . . . မြောင်းမြကပွဲရုံတစ်ခုကို 'ခွေးနှစ်ကောင် ကြောင်တစ်မြီး' ဆိုတဲ့ ဆိုင်းဘုတ်တစ်ခု ရေးပေးခဲ့ဖူးတယ် မဟုတ်လား" ဟု မေးလိုက်လေ၏။

"ဪ . . . အဲဒါလား၊ အတော်ဆန်းတယ်ဗျ၊ မြောင်းမြက ပွဲရုံလုပ်တဲ့ တရုတ်အတွက်တော့ ကျုပ် ရေးတာ မဟုတ်ဘူးဗျ၊ ကောင်တစ်ကောင်က အဲဒီဆိုင်းဘုတ်ရေးပေးပါဆိုပြီး လာအပ်တယ်၊ စရန်လဲ ပေးမသွားဘူးဗျ။ ကျုပ်ကလဲ သူ့ကိုယုံပြီးရေးထားလိုက်မိတယ်၊ နောက်တော့ အဲဒီကောင် ဆိုင်းဘုတ်လာမရွေးတော့ဘူးဗျ။ ကျုပ်မှာ သွပ်ပြားလဲ စိုက်ရတယ်ဗျာ၊ ဘောင်အတွက် သစ်သားလဲ စိုက်ရတယ်ဗျာ၊ ဆိုင်းဘုတ်က ပြီးတော့ ဆေးကုန်လိုက်တာ ဆိုတာလဲ . . . မပြောပါနဲ့တော့၊ ဒီကြားထဲ ဒီကောင်က လာမရွေးတော့ ကျုပ်ဖြင့် နေ့တိုင်း ဒီကောင့်ကို ကျိန်ဆဲနေတာပဲ၊ တစ်နေ့တော့ တောက တရုတ်တစ်ယောက်က ဒီဘက်ကို ရောက်လာရင်း အဲဒီဆိုင်းဘုတ်ကြီးကို မြင်တော့ သဘောကျပါလေရောဗျာ၊ သူ လိုချင်လှချည့်လို့ဆိုပြီး ဝယ်သွားတော့တာပဲဗျာ၊ အဲဒါနဲ့ မိတ်ဆွေတို့နဲ့ ဘယ်လိုများ ပတ်သက်လို့လဲ၊ မိတ်ဆွေတို့က အဲဒီဆိုင်းဘုတ်မျိုး အပ်ချင်လို့လား" ဟု ပန်းချီဆရာကြီးက မေးလေ၏။



"မအပ်ချင်ပါဘူးဗျာ၊ ကိစ္စကလေးတစ်ခုရှိလို့ သိချင်လို့ပါ။ ဆရာကြီးဆီမှာ အဲဒီဆိုင်းဘုတ် လာပြီးအပ်တဲ့လူကို မှတ်မိသေးလားဟု ဆားပုလင်း နှင်းမောင်က မေးလိုက်ရာ ပန်းချီဆရာကြီးက . . .

"ကြာပြီပဲဗျာ၊ ကျုပ်ဘယ်မှတ်မိမှာတုံး၊ တစ်ခုတော့ရှိတယ်၊ လူငယ်ထဲကပဲဗျ။ ကျုပ်က အသက်လဲကြီးပြီလေ၊ မှတ်ဉာဏ်လဲ မကောင်းတော့ဘူး၊ ကြာပြီလေ၊ အဲဒီကောင်ကို တွေ့ရင်လဲ ကျုပ် မမှတ်မိတော့ပါဘူး" ဟု ပြောလေ၏။ ထိုအခါ ဆားပုလင်း နှင်းမောင်က . . .

"ကောင်းပါပြီခင်ဗျာ" ဟု နှုတ်ဆက်ကာ ထိုပန်းချီဆရာကြီးထံမှ ထွက်ခဲ့လေတော့၏။ ကျွန်ုပ်လည်း ၎င်းနှင့်အတူ လိုက်ပါခဲ့ရလေ၏။

ကျွန်ုပ်တို့နှစ်ဦးသည် တဖြည်းဖြည်း လျှောက်လာခဲ့ကြရာ လသာလမ်းသို့ရောက်လျှင် ပလက်ဖောင်းပေါ်၌ခွေးခြေကလေးများချ၍ အနှိပ်ခံနေသော လူတချို့နှင့် နှိပ်ပေးလျက်ရှိသော ကုလားအချို့ကို တွေ့ရလေ၏။ ထို ကုလားအနှိပ်သည်တို့၏ အကြား၌ မြန်မာလူငယ်တစ်ဦးကိုလည်း တွေ့ရလေ၏။

ထိုလူငယ်သည် . . . လွန်စွာဆူဖြိုးသော တရုတ်ကြီးအား တံတောင်နှင့်ကြိတ်ပေးရင်း ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်အား . . .

"ဆရာတို့ အနှိပ်ခံမလို့လား၊ ခဏလေးစောင့်ပါ၊ ဒီ ထောင်ကဲပြီးရင် နှိပ်ပေးပါမယ်၊ ကျွန်တော့်နာမည်မောင်ဘကွန်းလို့ ခေါ်ပါတယ် . . . ကျွန်တော့်ဆီမှာ တစ်ခါ အနှိပ်ခံပြီးရင်

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး စွဲသွားမယ်၊ ဆရာတို့ အကြောပေါင်းတစ်ထောင်မှာ တကြောမကျန်အောင် လျော့အောင် နှိပ်ပေးမယ်နော်၊ အားအားပေးစရာရှိရင် ကိုယ့်မြန်မာအချင်းချင်း အားပေးပါနော်" ဟု နှုတ်သွက်လျှာသွက်နှင့်လှမ်းခေါ်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"မနှိပ်သေးပါဘူးကွယ်၊ နှိပ်ချင်ရင်တော့ မောင်ရင့်ဆီမှာပဲ အနှိပ်ခံရမှာပေါ့" ဟု လေးလေးစားစား ပြန်၍ဖြေပြီးလျှင် ကားလမ်းကိုဖြတ်ကူးခဲ့လေ၏။ တစ်ဘက်သော ပလက်ဖောင်းသို့ ရောက်သောအခါ၌မူ . . .

"စောစောက အနှိပ်သည်ကလေး မဆိုးဘူးဗျ၊ ပြောရဲ ဆိုရဲ လုပ်ရဲ ကိုင်ရဲကလေး၊ ရိုးရိုးသားသားလုပ်ကိုင်စားရရင် ဘာမဆို လုပ်ဝံ့တယ်ဆိုတဲ့ စိတ်မျိုးရှိပုံရတယ်၊ တစ်နေ့ ဒီကောင်ကလေး ကြီးပွားလိမ့်မယ်ဗျ၊ ကျုပ်တို့ မြန်မာလူမျိုးအားလုံး အဲဒီလို ရိုးရိုးသားသားလုပ်စားတာကို ဂုဏ်ယူတတ်လာရင် ရာဇဝတ်မှုတွေလဲ နည်းသွားလိမ့်မယ်" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

[မှတ်ချက် ။ ။ ထိုအနှိပ်သည်ကလေး မောင်ဘကွန်း၏အကြောင်းကို 'ပုဏ္ဏားဘကွန်း' ဟူသောအမည်ဖြင့် ကျွန်ုပ်သည် ဝတ္ထုအဖြစ် ရေးသားခဲ့ပြီး '**ညဏ်ဝင်းစာပေတိုက်**' မှ (၁၉၇၈) ခုနှစ်တွင် ရိုက်နှိပ်ခဲ့ပြီးဖြစ်၏။ ထိုသူငယ်၏ အကြောင်းကို သိလိုသူများ '**ပုဏ္ဏားဘကွန်း**' စာအုပ်အား ရှာဖွေဖတ်ရှုကြည့်ရန် တင်ပြပါသည်။

စာရေးသူ]



ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်သည် ၂၄ လမ်းထိပ်သို့ ရောက်သောအခါ၌ တိုင်စီကားတစ်စီးကိုငှားရမ်း၍ စီအိုင်ဒီသို့ ပြန်ခဲ့ကြလေ၏။ ကျွန်ုပ်တို့ စီအိုင်ဒီသို့ ရောက်လျှင်ရောက်ချင်း စုံထောက်မင်းကြီး မစ္စတာကာရစ်ပင်က ကျွန်ုပ်ကိုတွေ့လျှင် . . .

"လူကလေး မောင်အောင်သင်း၊ မောင်မင်းတို့ကို ကျွန်ုပ်စောင့်နေတာပဲ၊ ကျွန်ုပ်တို့ရဲ့ စီအိုင်ဒီပါးရိုးကြီး ဆားပုလင်းနှင်းမောင်ကော ပါခဲ့ရဲ့လား . . . အမှုက သိပ်အရေးကြီးနေပြီ၊ ကင်းဘဲလ်လမ်းမှာ . . . လူသုံးယောက်ကို မနေ့က သေနတ်နဲ့ပစ်သတ်သွားလို့တဲ့၊ စီအိုင်ဒီက မြည်းသတ္တဝါတွေဖြစ်တဲ့ စိန်လှ၊ တင်ဝင်း၊ အောင်မြင့်တို့တော့ ကျွန်ုပ်လွှတ်လိုက်လို့ သွားကြပြီ၊ သူတို့သွားလို့လဲ ဘာမှ အကြောင်းထူးမှာ မဟုတ်ဘူး၊ မောင်မင်းသွားရင်လဲ ထူးမှာမဟုတ်ဘူး၊ ကျွန်ုပ် ကိုယ်တိုင်သွားရင်တောင် ဘာမှထူးမှာမဟုတ်ဘူး၊ ဆားပုလင်းနှင်းမောင်သွားမှဖြစ်မယ်၊ စီအိုင်ဒီက ကားကို ဟိုမြည်းသတ္တဝါတွေ ယူသွားကြပြီ၊ ဆားပုလင်းနှင်းမောင်သွားဖို့ ကျွန်ုပ်ရဲ့ကားကို ယူသွားပါ" ဟု ပြောသဖြင့် ကျွန်ုပ်လည်း ဆားပုလင်းနှင်းမောင်ကို အကျိုးအကြောင်းပြောပြကာ မစ္စတာကာရစ်ပင်၏ကားဖြင့် ကင်းဘဲလ်လမ်းသို့ တက်ခဲ့ရလေတော့၏။

ကင်းဘဲလ်လမ်းအလယ်လောက်သို့ ရောက်သောအခါ၌မူ ခြံတစ်ခြံ၏ရှေ့၌ လူအများစုရုံးစုရုံး ဖြစ်နေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်က . . .

"အဲဒီခြံပဲ ထင်တယ်၊ ခြံထဲကို ကားနဲ့တစ်ခါတည်းဝင်မယ်" ဟု ပြောရာ ဆားပုလင်းနှင်းမောင်က . . .

www.burmeseclassic.com

www.burmeseclassic.com



"အိုင်ပီရယ်၊ ဒီမှာပဲ ရပ်လိုက်ပါ၊ ကျုပ်တို့ ဒီကပဲ ဆင်းပြီး လျှောက်သွားကြတာပေါ့ဗျာ" ဟု ပြောသဖြင့် ကျွန်ုပ်လည်း ကားကို ရပ်လိုက်ရလေ၏။ ကားရပ်လိုက်သည်နှင့်တစ်ပြိုင်နက် ဆားပုလင်းနှင်းမောင်သည် ရေခဲတောင်တံဆိပ် စီးကရက်ကို ထုတ်၍ သောက်ကာ ကားပေါ်မှ ဆင်းသွားလေတော့၏။ ခြံဝတွင် စောင့်နေသော ပုလိပ်ကလေးက ဆားပုလင်းနှင်းမောင် ခြံထဲသို့ အဝင်၌ . . .

"ဘာကိစ္စလဲခင်ဗျာ၊ အပြင်လူတွေကို ခြံထဲဝင်ဖို့ အခွင့်မရှိပါဘူးခင်ဗျာ" ဟု ပြောလိုက်ရာ၊ ဆားပုလင်းနှင်းမောင်က. . .

"ငါ့ညီရာ၊ ငါ နှင်းမောင်ပါကွ" ဟု ပြောလိုက်လျှင် ပုလိပ်ကလေးသည် ကပျာကယာ 'အတင်းရှင်း' ဆွဲ၍ ဆားပုလင်းနှင်းမောင်အား ဆလံ ပေးလိုက်လေ၏။

"စိတ်မဆိုးပါနဲ့ ဆရာရယ်၊ ဆရာ့ကို ကျွန်တော်မမြင်ဖူးလို့ပါ၊ ဆရာ့အကြောင်းကိုတော့ . . . ကြားကတည်းက ဆရာ့ကို တွေ့ချင်နေတာ၊ ဒီနေ့တော့ ကံထူးတာပဲ၊ ကျွန်တော်လဲ ပုလိပ်ဘက်မှာ ဆရာ့လိုနာမည်ကြီးအောင် ကြိုးစားမလို့" ဟု ပုလိပ်ကလေးက ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"ကြိုးစားရမှာပေါ့ကွာ . . . ဒါနဲ့ နေစမ်းပါဦး၊ ဒီခြံနံပါတ် ဘယ်လောက်တဲ့တုန်းကွ" ဟု မေးလိုက်ရာ ပုလိပ်ကလေးက အူကြောင်ကြောင်မျက်နှာနှင့် . . .

"မသိဘူး ခင်ဗျ" ဟု ဖြေလေ၏။



"မင်းမှီနေတဲ့ အုတ်တိုင်မှာ နံပါတ်ရှိတယ်လေကွာ၊ ကိုယ်တာဝန်ကျခဲ့တာ ဘယ်နေရာမှာ ဆိုတာတော့ . . . ကြည့်ထားဖို့လိုတာပေါ့ ငါ့ညီရာ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ပုလိပ်ကလေးက . . .

"ကျွန်တော်က အထဲက လူသတ်မှုကို သိပ်ပြီး စိတ်ဝင်စားနေလို့ ခြံနံပါတ်တောင် မကြည့်မိခဲ့ဘူး ဆရာရဲ့" ဟု ဆင်ခြေပေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"အိမ်ထဲမှာလဲ ပုလိပ်ဘက်ကလူ ဘယ်နှစ်ယောက် ရောက်နေပြီလဲ" ဟု မေးလိုက်ပြန်ရာ ပုလိပ်ကလေးက . . .

"မသိဘူးခင်ဗျ" ဟု ဖြေလိုက်ပြန်ရာ . . . ဆားပုလင်းနှင်းမောင်က-

"မင်းရှေ့ကဝင်သွားကြတာပဲကွာ၊ ဘယ်နှစ်ယောက်ဝင်သွားကြတယ်ဆိုတာတော့ မှတ်ထားဖို့မကောင်းဘူးလား ငါ့ညီရယ်" ဟု ပြောလိုက်ပြန်ရာ ပုလိပ်ကလေးက . . .

"ကျွန်တော်ကလဲ အထဲက လူသတ်မှုကို သိပ်ပြီး စိတ်ဝင်စားနေလို့ မှတ်မထားမိလိုက်ဘူး ခင်ဗျ" ဟု ဆင်ခြေပေးလိုက်ပြန်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"မင်းရှေ့မှာ မတ်တတ်ရပ်ပြီး လာအုံနေတဲ့ အရပ်သားဘယ်နှယောက်ရှိသလဲကွ" ဟုမေးလိုက်ပြန်၏။ ပုလိပ်ကလေးက-

"ကျွန်တော်က လူသတ်မှုကို စိတ်ရောက်နေတာ ဆရာ၊ အဲဒါကြောင့် ဘယ်နှယောက်မှန်း မသိလိုက်ဘူး" ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားကြီး ငါးယောက်၊ မိန်းမနှစ်ယောက်၊ ကလေး ခြောက်ယောက်၊ ကိုရင် တစ်ပါးကွ" ဟု ပြောလိုက်ရာ ပုလိပ်ကလေးက . . .

"ဆရာက ရေထားတာကိုး" ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

'မင်း အကျီကြယ်သီး ဘယ်နှပေါက်ရှိသလဲ" ဟု မေးလိုက်ရာ ပုလိပ်ကလေးက . . .

"သုံးပေါက်" ဟု ဖြေလျှင် ဆားပုလင်းနှင်းမောင်က . . .

"ကိုယ့်ဟာကိုယ်ရေကြည့်ပါဦး ငါ့လူရာ" ဟုပြောဆိုပြီးလျှင် ခြံအတွင်းသို့ လျှောက်သွားလေတော့၏။ ကျွန်ုပ်လည်း ၎င်း၏နောက်မှကပ်၍ လိုက်ပါသွားလေတော့၏။ ခြံ၏နောက်ပိုင်းတွင် နှစ်ထပ်အိမ်ကြီးတစ်လုံး ရှိလေ၏။ ထိုအချိန်၌ ဦးကိုကိုကြီးလည်း ရောက်လာလေတော့၏။

ဆားပုလင်းနှင်းမောင်သည် ထိုအိမ်ကြီးသို့ဝင်ကာ အပေါ်ထပ်သို့တက်သော လှေကားမှ တက်သွားလေတော့၏။

ကျွန်ုပ်လည်း ၎င်း၏နောက်မှ လိုက်ပါသွားခဲ့လေတော့၏။ အိမ်ပေါ်ထပ်သို့ ရောက်သောအခါ၌မူ ...သေနတ်ဒဏ်ရာနှင့် သေနေသော ယောကျ်ားအလောင်း သုံးလောင်းကို တွေ့ရလေ၏။ ထိုအလောင်းများ၏ဘေးတွင်လည်း စီအိုင်ဒီမှ စုံထောက်ကိုစိန်လှ၊ စုံထောက် တိုတင်ဝင်း၊ စုံထောက် ဦးအောင်မြင့်တို့သည် ဟန်ရေးတပြပြနှင့် ရှိကြလေ၏။



ကိုအောင်မြင့်သည် လူသတ်သမားက သွေးဖြင့် ရေးသွားသော . . .

"မဥ္ဇူသာ"

ဟူသော စာလုံးကြီးကို ညွှန်ပြရင်း . . .

"လူသတ်သမားဟာ ရေမွှေးဖော်ရောင်းတဲ့ကောင် ဖြစ်ရမယ်၊ သတ်ရတဲ့ကိစ္စကလဲ အင်မတန်ရှားပါးတဲ့ ရေမွှေးဖော်မြူလာကြောင့် ဖြစ်ရမယ်" ဟု ပြောလေ၏။ ထိုအချိန်မှာပင် ဦးကိုကိုကြီးလည်း ရောက်ရှိလာပြီးလျှင် . . .

"ဖိုးအောင်မြင့်စဉ်းစားတာမဆိုးဘူး၊ ဒီနာမည်ဟာ ရေမွှေးနဲ့ ပေါင်ဒါမှုန့်မှာသာ သုံးတဲ့နာမည်မျိုးပဲ၊ မဟုတ်ဘူးလား ကိုနှင်းမောင်" ဟု ပြောလိုက်ရာ ကိုနှင်းမောင်က . . .

"မဟုတ်ပါဘူးဗျာ၊ 'မဥ္ဇူသာ' ဆိုတာက မြန်မာလို သေတ္တာလို့ အဓိပ္ပာယ်ရတယ် . . . အဲဒါကြောင့် ဒီလူသတ်မှုဟာ သယ်နီးကျွန်းက လူသတ်မှုနဲ့ ဆက်သွယ်နေတယ်၊ သယ်နီးကျွန်းက လူသတ်မှုမှာလဲ နံရံမှာ 'ရွှေသေတ္တာ' လို့ ရေးသွားခဲ့တယ်၊ သေတ္တာဆိုတဲ့ စာလုံးကို နှစ်ကြိမ်မသုံးချင်လို့ ပါဠိနဲ့ဖလှယ်ပြီး ရေးသွားတာ" ဟု ပြောလိုက်လေ၏။ ထိုအခါကျမှပင် ဦးကိုကိုကြီးက . . .

"ဟုတ်ပါရဲ့ဗျာ၊ ဟုတ်ပြီ၊ အလောင်းဖွေနားမှာလဲ သေတ္တာကြီးတစ်လုံး အဖုံးပွင့်နေတာ မတွေ့ဘူးလား" ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှင်းမောင်သည် အဖုံးပွင့်နေသော သေတ္တာ အနီးသို့ လျှောက်သွားပြီးလျှင် သေတ္တာ၏ အတွင်းဘက်အား ငုံ့ကြည့်လေ၏။

ထို့နောက် သေတ္တာအတွင်း၌ ပေကျံလျက်ရှိသော ရွှံ့များကို လက်ဖြင့်အသာတို့ကြည့်လေ၏။ ထိုသို့တို့ကြည့်ပြီးနောက် သေတ္တာအတွင်းရှိ ရွှံ့ပေနေသော ဖိနပ်ခြေရာကို လက်ဖြင့်ထွာ၍ ကြည့်ပြီးလျှင် ပြုံးလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က . . .

"အိုင်ဆေး၊ ဘာပြုံးတာလဲ" ဟု မေးရာ ဦးကိုကိုကြီးက . . .

"သွားပေါက်ချင်လို့ဖြစ်မှာပေါ့ဗျာ" ဟု ဝင်၍အရွှန်းဖောက်လေ၏။ ဆားပုလင်းနှင်းမောင်က ကိုအောင်မြင့်နှင့် ကိုစိန်လှတို့အား ကြည့်ကာ . . .

"ခင်ဗျားတို့ အတွေးချော်မနေကြနဲ့ဗျ၊ လူသတ်သမားဟာ ဟောဒီသေတ္တာထဲကနေ ထွက်ပြီးတော့ . . . ဟောဒီလူတွေကို သေနတ်နဲ့ပစ်တာ" ဟု ပြောဆိုလိုက်ရာ စုံထောက်ကိုအောင်မြင့်က မဲ့ရွဲ့၍ . . .

"ဒီလူတွေက သူတို့သတ်မယ့် သေမင်းကို သေတ္တာနဲ့ထည့်ပြီး ဘာဖြစ်လို့ ပိုင်းအုံကြည့်ရှုကြမှာတုန်းဗျာ" ဟု ပြောလိုက်ရာ ကိုစိန်လှက . . .

"ကိုအောင်မြင့် စဉ်းစားတာ မှန်တယ်ဗျ" ဟု အတင်းဝင်၍ ထောက်ခံလေတော့၏။

"ဒါက ဒီလိုဗျ။ သူတို့လိုချင်တဲ့ လူတစ်ယောက်ကို အတော် ဝေးဝေးနေရာကနေ သေတ္တာနဲ့ထည့်ပြီး ပို့လိုက်တာဗျ၊ အဲဒီလို



ပို့တယ်ဆိုကတည်းက သေတ္တာထဲမှာ ဒီအတိုင်းထည့်မှာမဟုတ်ဘူးဗျ၊ မအော်နိုင်အောင်လဲ ပါးစပ်ကို အဝတ်တွေ၊ ဘာတွေနဲ့ ဆို့ချင်ဆို့ထားမှာ၊ ပြီးတော့ လက်ပြန်ကြိုးလဲ တုပ်ချင်တုပ်ထားမှာ၊ ဒါပေမဲ့ သေတ္တာထဲမှာလဲ လူမသေအောင်တော့ အသက်ရှူပေါက်ကလေးတွေ ဖောက်ပေးထားတယ်" ဟု ဆားပုလင်းနှင်းမောင်က ဆိုကာ သေတ္တာနံဘေးရှိ လက်ညှိုးလုံးခန့်ရှိ အပေါက်ကလေးနှစ်ပေါက် သုံးပေါက်ကို ညွှန်ပြလိုက်လေ၏။ ထိုအခါ စုံထောက် ကိုစိန်လှက . . .

"သေတ္တာထဲကို လက်ပြန်ကြိုးတုပ်၊ ပါးစပ်မှာ အဝတ်စည်းပြီး သေတ္တာထဲ ထည့်ထားတဲ့ လူတစ်ယောက်ကို ဘယ်သူက ကြိုးဖြေပေးသတုန်း၊ သူ့လက်ထဲကို ဘယ်သူက သေနတ် ထည့်ပေးမလဲ၊ ပြီးတော့လဲဗျာ၊ ကိုယ့်ရန်သူပဲ ဒီနေရာကို ဘယ်သူက ပို့ခိုင်းမှာလဲ၊ တွေ့တဲ့နေရာမှာပဲ သတ်ပစ်လိုက်ရင် ပြီးတာပဲ မဟုတ်လား" ဟု မေးလိုက်ရာ ဆားပုလင်း နှင်းမောင်က ဝရေစီယာ ရေခဲတောင်တံဆိပ် စီးကရက်ဘူးကို ကုတ်အင်္ကျီ အတွင်းမှ ထုတ်ပြီး စီးကရက်တစ်လိပ်ကို နှိုက်ယူပြီးလျှင် စီးကရက်ဘူး၌ သုံးလေးချက်ဆောင့်လိုက်လေ၏။ ထို့နောက် စီးကရက်ကို ပါးစပ်တွင် မထိတထိချိတ်ကာ မီးခြစ်ကို 'ထောက်' ခနဲ ခြစ်လိုက်ပြီးလျှင် မျက်စိကို ခပ်စွေစွေထား၍ စီးကရက်ကို မီးညှိလိုက်လေ၏။ ပြီးလျှင် . . .

"ရန်သူကို အဝေးမှာ တစ်ခါတည်းသတ်ပစ်ရင်ရလျက်သားနဲ့ အဝေးကနေ သေတ္တာထဲထည့်ပြီးပို့ခိုင်းတဲ့အကြောင်းကတော့

www.burmeseclassic.com

www.burmeseclassic.com



ဒီလူတွေက အဲဒီရန်သူကိုသတ်ချင်တာသက်သက် မဟုတ်သေး ဘူးဗျ၊ အရေးကြီးတဲ့ကိစ္စတစ်ခု စစ်မေးချင်တဲ့သဘော ပါရေ တယ်" ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုတင်ဝင်းက . . .

အဲဒီလိုဆိုရင်ဗျာ၊ အစစ်မေးခံနေရတဲ့ သေတ္တာထဲကလူကို ဘယ်သူက ကြိုးဖြုတ်ပေးသလဲ၊ သူ့လက်ထဲကို ဘယ်သူက သေနတ်ထည့်ပေးသလဲ" ဟု ဝင်၍ မေးလိုက်လေ၏။

"ဒါက ဒီလိုဗျ . . . အခု ဒီလူတွေကို သေနတ်နဲ့ပစ်သွားတဲ့ လူဟာ သေတ္တာထဲမှာ ပါလာတာတော့ မှန်တယ်၊ ဒါပေမဲ့ ဒီလူ တွေ အလိုရှိတဲ့လူ မဟုတ်ဘူး၊ တခြားလူ ဖြစ်နေပြီ၊ အဲ တခြားလူဆိုတဲ့လူဟာ သေတ္တာထဲမှာ ပါလာတာတော့ မှန်တယ် သူဟာ ကြိုးတုပ်ခံမထားရဘူး၊ ပါးစပ်ကိုလဲ အဝတ်ဆို့ခံမထား ရဘူး၊ သူ့လက်ထဲမှာလဲ ခြောက်လုံးပြူးတစ်လက် အဆင်သင့် ကိုင်ထားပြီးသား ရှိနေလိမ့်မယ်၊ အဲဒီလူပါလာတဲ့သေတ္တာကြီးကို ဟောဒီလူသုံးယောက်ရှေ့လဲရောက်ရော သေတ္တာကိုဖွင့်လိုက် တာနဲ့ တစ်ပြိုင်နက်တည်း အထဲကလူက ထွက်လာပြီး သေနတ် ပစ်တော့တာပေါ့ဗျာ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ကိုအောင်မြင့်က ခေါင်းကိုတွင်တွင်ယမ်း၍ . . .

"အဲဒါ ဘယ်လိုဖြစ်နိုင်မှာတုန်းဗျာ" ဟု ပြောလိုက်လေ

"အဲဒါ ဘယ်လိုဖြစ်နိုင်မှာလဲဆိုတော့ သေတ္တာချင်း လဲလို တဲ့ သဘောပေါ့၊ ဟောဒီရွံ့တွေကို ကြည့်ခြင်းအားဖြင့် ရန်ကု မြစ်၊ ဒါမှမဟုတ် လှိုင်မြစ်ရဲ့ တစ်ဖက်ကမ်းမှာ လဲကြလိုက်လိ မယ်ဗျို့။ 'ဒီဘက်ကမ်းမှာ လဲကြရင်တောင် ဒီသေတ္တာထဲမှ



ရွံ့ပေစရာ အကြောင်းမရှိဘူး၊ ဆိပ်ကမ်းမှာက ဗောတံတားတွေ ဘာတွေ ခြောက်ခြောက်သွေ့သွေ့ပဲဗျ၊ ဟိုဘက်ကမ်းမှာ လဲကြ လိမ့်မယ်။ အဖြစ်နိုင်ဆုံးကတော့ လှိုင်မြစ်ရဲ့ တစ်ဖက်ကမ်းမှာ လဲကြလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆိပ်ကမ်းကို မလွှဲသာလို့ အသုံးပြုရင်တောင် လူရှင်းတဲ့ဆိပ်ကမ်းကို ရွေးကြရမှာပေါ့ဗျာ၊ ကျုပ် အခုပြောတာတွေကို ခင်ဗျားတို့ယုံရမယ်လို့ မဆိုလိုပါဘူး၊ ဒါပေမဲ့ နောက်ဆုံးဇာတ်သိမ်းတဲ့အခါမှာ ကျုပ်ပြောတဲ့အတိုင်း ဖြစ်နေရလိမ့်မယ်" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ရွှေသွားကိုအောင်မြင့်က . . .

"ဒီမှာ ကိုနှင်းမောင် . . . ခင်ဗျားလဲ ခင်ဗျားနည်းပေါ့ဗျာ၊ ကျုပ်တို့လဲ ကျုပ်တို့နည်းပေါ့" ဟု ပြောလိုက်လေ၏။

ထို့နောက် . . . ဆားပုလင်းနှင်းမောင်သည် ထိုအိမ်ပေါ်မှ အောက်သို့ဆင်းလာပြီးလျှင် မြေနီလမ်းပေါ်တွင် ထင်၍ ကျန် နေသော မြင်းလှည်းဘီးများကို ကျွန်ုပ်အားပြရင်း . . .

"ဒီကောင်တွေ မြင်းလှည်းနဲ့ သေတ္တာကြီးကို တင်လာ တာဗျ၊ ဟောဒါ အဝင်ဘီးရာဗျ၊ သေတ္တာကြီးလဲ ပါတယ်ဗျ၊ မြင်းလှည်းမောင်းတဲ့လူလဲ ပါမယ်ဗျ၊ ဒီသေတ္တာကြီးကိုထမ်းမယ့် လူနှစ်ယောက်လဲ ပါတယ်ဗျ၊ အဲဒီတော့ မြင်းလှည်းဘီးရာက ပိုနက်တာပေါ့ဗျာ . . . ဟောဒီဘေးက ဘီးရာကတော့ ပြန်ပြီး ထွက်သွားတဲ့ဘီးရာဗျ . . . မြင်းလှည်းပေါ်မှာ မြင်းလှည်းဆရာ တစ်ယောက်တည်းပဲ ပါတယ်ဗျ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ မြင်းလှည်းဘီးရာက သိပ်မနက်ဘူး၊ ပြီးတော့ ဟောဒီဘီးရာမှာ . . . နှစ်လက်မလောက်ကွာပြီး ဟောဒီ ကြက်ခြေခတ် အမှတ်အသားကလေး တွေ့တယ်ဗျ။ အဲဒါ ဘီးမှာ ပတ်ထားတဲ့ ဆောလစ်တာယာပြုတ်နေလို့ သွပ်နန်းကြိုးနဲ့တွဲထားတာဗျ။ ဒါ သွပ်နန်းကြိုးတုပ်ထားတဲ့ အမှတ်အသားပဲ၊ အဲဒီတော့ ဆိပ်ကမ်းကို လိုက်သွားပြီး . . . ညာဘက်ဘီးမှာ သွပ်နန်းကြိုး တုပ်ထားတဲ့ မြင်းလှည်းကို ရှာရရင် . . . ကောင်းမယ်ဗျို့" ဟု ဆားပုလင်းနှင်းမောင်ကပြောသဖြင့် ကျွန်ုပ်နှင့်ဦးကိုကိုကြီးလည်း ၎င်းသွားလိုသော ဆိပ်ကမ်းသို့လိုက်၍ပို့ရလေတော့၏။ ကား ထွက်ခါနီး၌ ကျွန်ုပ်က . . .

"အိုင်ဆေး . . . ဘယ်ဆိပ်ကမ်းကို ပို့ရမလဲ" ဟု မေးရာ ဆားပုလင်းနှင်းမောင်က . . .

"ကြည့်မြင်တိုင်ဆိပ်ကမ်းကိုပို့ဗျာ" ဟုဆိုသဖြင့် ကျွန်ုပ်လည်း ကြည့်မြင်တိုင် ဆိပ်ကမ်းသို့ မော်တော်ကားကို မောင်းနှင်ခဲ့ရ လေတော့၏။

ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ ရောက်လျှင် . . . ဆားပုလင်း နှင်းမောင်သည် မြင်းလှည်းများကို တစ်စီးပြီးတစ်စီး လိုက်လံ ကြည့်ရှုပြီးနောက် မြင်းလှည်းတစ်စီးမှ မြင်းလှည်းသမားအား အောက်ပါအတိုင်း မေးခွန်းထုတ်လေတော့၏။

"မင်း ညတုန်းက လူနှစ်ယောက်နဲ့ သေတ္တာကြီးတစ်လုံးကို ကင်းဘဲလ်လမ်းအထိ လိုက်ပို့တယ် မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ၊ ကျွန်တော် ပို့ခဲ့ပါတယ်"



"တစ်ယောက်က ပုပု၊ တစ်ယောက်က ရှည်ရှည်လေကွာ" ဟု ဆားပုလင်းနှင်းမောင်က မေးပြန်လေ၏။

"ဟုတ်ပါတယ်ခင်ဗျ၊ ပုပုတစ်ယောက်၊ ရှည်ရှည်တစ်ယောက် ပါ" ဟု မြင်းလှည်းသမားက ပြန်၍ဖြေလေ၏။

"အေး၊ အဲဒီနှစ်ယောက်ကို . . . မင်းအနေနဲ့ သူတို့က မြင်းလှည်းလာငှားမှ တွေ့တာလား၊ မြင်းလှည်းမငှားခင် ဒီနား တစ်ဝိုက်မှာယောင်လည်ယောင်လည်လုပ်ကတည်းက တွေ့တာ လား" ဟု ဆားပုလင်းနှင်းမောင်က မေးမြန်းပြန်လေ၏။ ထိုအခါ မြင်းလှည်းသမားက . . .

"မှန်ပါတယ်ခင်ဗျာ၊ မြင်းလှည်းမငှားခင် ညနေပိုင်းကတည်း တိုက ဒီလူနှစ်ယောက်ကို ဒီနားတစ်ဝိုက်မှာ ကျွန်တော် တွေ့နေ မိပါတယ်" ဟု ပြန်၍ပြောလိုက်လေ၏။

"အေး . . . အေး၊ ကျေးဇူးတင်တယ်ကွာ၊ တို့ သွားမယ်" ဟု ဆိုကာ သမွန်တစ်စင်းကိုငှား၍ . . . မြစ်တစ်ဖက်ကမ်းသို့ လှော်ခတ်ခိုင်းလေ၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း လိုက်ပါခဲ့ ရလေ၏။ လမ်းတွင် ကျွန်ုပ်က . . .

"အိုင်ဆေး ကိုနှင်းမောင်၊ သေတ္တာထမ်းတဲ့ လူနှစ်ယောက် ဟာ ပုပုနဲ့ ရှည်ရှည်ဖြစ်ကြောင်း . . . ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ" ဟု မေးလိုက်လေ၏။

"ဒီလိုလေဗျာ၊ အပေါ်မှာသေနေတဲ့ သုံးယောက်အနက်မှာ အလယ်လူက သူတို့ဆရာကြီးဖြစ်လိမ့်မယ်ဗျ၊ ဒီထက်ဒေသချာတဲ့ အချက်က ဘေးကလူနှစ်ယောက်ရဲ့ဖိနပ်က ကပ်နေတဲ့ မြေနီဟာ

www.burmeseclassic.com

www.burmeseclassic.com



ဟောဒီကြည့်မြင်တိုင်ဆိပ်ကမ်းက မြေနီရောင်နဲ့ တစ်သားတည်း ကျမနေဘူးလားဗျာ” ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

“အဲဒီလူနှစ်ယောက် . . . ဒီနားမှာ စောစောကတည်းက ယောင်လည်လည် လုပ်နေကြောင်းကိုတော ခင်ဗျား ဘယ့်နှယ် သိနိုင်သတုန်း” ဟု ဦးကိုကိုကြီးက မေးပြန်လေ၏။

“ဒါက ဒီလိုဗျ၊ ဒီသေတ္တာကြီးကို ဒီလူတွေက ဒီက စောင့်ကြိုပြီး ယူရတာ၊ ဟိုဘက်ကမ်းကပို့တာ တစ်ယောက်ဖြစ်လိမ့်မယ်ဗျ၊ တကယ်လို့သာ . . . ဒီလူတွေဟာ ဟိုဘက်ကမ်းကနေ သယ်လာခဲ့ရင် သူတို့ဖိနပ်မှာ ကပ်နေတဲ့ မြေနီဟာလဲ သေတ္တာထဲက ရွှံ့နဲ့တူရမယ်ဗျ၊ အခုတော့ မတူဘူးလေဗျာ၊ အဲဒီတော့ ဒီနှစ်ယောက်က ဒီသေတ္တာကြီးကို ဒီဘက်ကစောင့်ပြီးသယ်ရတဲ့ တာဝန်ပဲ၊ ဟိုဘက်ကနေ ဒီဘက်ကို ပို့တဲ့လူ ရှိရဦးမယ်” ဟု ဆားပုလင်းနှင်းမောင်က ပြောရင်း . . .

“ဟောဟို ချုံပုတ်ကလေးရှိတဲ့ . . . အင်္ဂူကလေးဘက်ကို သွားပြီး ရပ်ပေးစမ်းပါဗျာ” ဟု သမ္ဗန်သမားကြီးအား တစ်ဆက်တည်း မှာလိုက်လေ၏။ သမ္ဗန်သမားကြီးက . . .

“အဲဒီဘက်မှာ အိမ်မရှိဘူးဗျ” ဟု ပြန်၍ ပြောလေ၏။

“အိမ်မရှိရင် ပိုပြီးသေချာတာပေါ့ဗျာ၊ အဲဒီဘက်ကိုသာ လှော်ခတ်ပေးစမ်းပါဗျာ” ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်သဖြင့် သမ္ဗန်သမားကြီးလည်း ထိုနေရာသို့ လှော်ခတ်ပေးရလေ၏။ သမ္ဗန်ကပ်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဆားပုလင်း



နှင်းမောင်သည် ကမ်းပေါ်သို့ လှမ်းခနဲ ခုန်တက်လိုက်ပြီးလျှင် ချုံပုတ်အတွင်းသို့ ငုံ့၍ကြည့်ကာ ‘ဖြောက်ခနဲ’ လက်ဖြောက်တီးလိုက်လေ၏။

“ဟောဒီမှာ သေတ္တာချထားတဲ့ နေရာလေး၊ ဟောဒီမှာ လူတစ်ယောက် အချိန်အတော်ကြာထိုင်ပြီး ဆေးလိပ်သောက်ခဲ့တဲ့ ဆေးလိပ်တိုတွေ၊ ဟောဒီ ကင်းဘတ်ဖိနပ် ခြေရာဟာ သေတ္တာထဲက ခြေရာနဲ့ အတူတူပဲ၊ ဟောဒီမှာ ကျုပ် တိုင်းပြမယ်” ဟု ဆိုကာ လက်ဖြင့်ထွာပြလိုက်လေ၏။ ထိုသို့ထွာပြပြီးနောက်-

“အဲဒီသဲလွန်စတွေကို စုပေါင်းရမှာပဲဗျို့၊ အဲဒါတွေ တကွဲတပြားစီ မဖြစ်ဘဲ ကြိုးနဲ့ ပုတီးသီသလို သီမိတဲ့ အချိန်ဟာ တရားခံကို လက်ထိတ်ခတ်နိုင်တဲ့ အချိန်ပဲ” ဟု ပြောဆိုကာ ဆားပုလင်းနှင်းမောင်သည် သမ္ဗန်ပေါ်သို့ပြန်၍ တက်လိုက်လေ၏။ ကျွန်ုပ်တို့လည်း ၎င်းနှင့်အတူ တက်ကြရလေတော့၏။ ထို့နောက် ကျွန်ုပ်တို့သည် ကြည့်မြင်တိုင်ဆိပ်ကမ်းဘက်ဆီသို့ ပြန်လာခဲ့ကြလေတော့သတည်း။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## မြွေသားဟင်းနဲ့ စားမယ်

တစ်နေ့သ၌ ကျွန်ုပ်သည် ဦးကိုကိုကြီးကို ခေါ်ယူ၍ ဆားပုလင်းနှင်းမောင်အိမ်သို့ သွားရောက်ရာ ကျွန်ုပ်တို့၏ မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်သည် စိတ်အေးလက်အေး နှင့် တယောထိုးနေသည်ကိုတွေ့ရလေ၏။ ထိုအခါ ကျွန်ုပ်က-

"အိုင်ဆေး၊ အေးအေးဆေးဆေး နိုင်လှချည့်လား" ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က တယောသံကို အနည်း ငယ် လျှော့ရင်း . . .

"အေးအေးဆေးဆေး မနေပါဘူး အိုင်ပီရယ်၊ အမှုလိုက် နေတာ" ဟု ပြန်၍ ပြောလိုက်လေ၏။

"ဘယ်လို အမှုလိုက်နေတာလဲ" ဟု ကျွန်ုပ်က မေးရာ ဆားပုလင်းနှင်းမောင်က . . .



"တယောထိုးရင်း အမှုအကြောင်း စဉ်းစားနေတယ်လေ ဗျာ၊ အိုင်ပီတို့ အခုလာကြတာနဲ့အတော်ပဲ၊ ကျုပ်လဲ ပဲခူးဘက် ကို ခဏသွားချင်တယ်၊ ပဲခူးအထွက်က ထမင်းဆိုင်ဟာ အတော့် ကို ဟင်းစုံတယ်ဗျ၊ ချေသား၊ ဆတ်သား၊ မြွေသား၊ ဖားသား၊ အကုန်ရတယ်ဗျ၊ ဟင်းကောင်းကောင်းနဲ့ ထမင်းမစားရတာ ကြာပါပြီဗျာ" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"အခုကတည်းက ပြောထားမယ်နော်၊ ကျုပ်က မြွေသားနဲ့ စားမယ်၊ ပြီးတော့ ထမင်းဖိုးကိုလဲ ရှုံးတဲ့လူကရှင်းကြေး၊ လမ်းမှာ အလောင်းအစားတစ်ခု လုပ်သွားမယ်" ဟု ပြောရာ ကျွန်ုပ်က-

"ကားနံပါတ် လောင်းဦးမလို့လား" ဟု မေးလိုက်လေ၏။

"ဒီကနေ ပဲခူးအထိ မောင်းသွားမယ်၊ ပဲခူးကျရင် တစ်လှည့်စီ ကိုယ်ကြိုက်နှစ်သက်ရာ နေရာကို မောင်းမယ်၊ အဲဒီတော့ဗျာ ကိုယ့်မိတ်ဆွေအိမ် ကိုယ်မောင်းကြမှာပေါ့၊ အဲဒီမှာ ကိုယ့်ကို လာပြီး နှုတ်ဆက်တဲ့ မိတ်ဆွေအရေအတွက် အနည်းအများ အလိုက်ခွဲပြီး အနိုင်အရှုံးလုပ်မယ်၊ အဲဒီအထဲမှာ တစ်-ဆေးလိပ် ခုံ မပါ၊ နှစ်-စာသင်ကျောင်းမပါ၊ သုံး-ဇာတ်အဖွဲ့မပါ၊ လေး- ဈေးမပါ" ဟု ဦးကိုကိုကြီးက ပြောလိုက်ရာ . . . ဆားပုလင်း နှင်းမောင်က -

"ခင်ဗျားတို့နှစ်ယောက်ပဲ လောင်းကြပါဗျာ၊ ကျုပ်ပါ ဝင်ပြီး လောင်းရရင် ကျုပ်နိုင်မှာပေါ့" ဟု ပြောလေ၏။ ထိုအခါ ဦးကိုကိုကြီးတ . . .

"အိုင်ဆေး၊ အထင်မသေးနဲ့နော်၊ ကျုပ်ကလဲ ပဲခူးအားလို့ မပြောရရုံတမည်ပဲဗျ" ဟု ပြောလျှင် ကျွန်ုပ်ကလည်း . . .

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ငယ်ငယ်ကဆိုရင် ပွဲဦးမှာတောင် ကျောင်းတက်ဖူးတာဗျ၊ ဒီပွဲမှာတော့ ကျုပ်ပဲ စားသွားလိမ့်မယ် ထင်တယ်" ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

ဤသို့နှင့်ပင်ကျွန်ုပ်တို့သည်ထိုအလောင်းအစားကို အတည်ပြုလိုက်ကြလေတော့၏။ ပွဲဦးသို့ ရောက်လျှင်ရောက်ချင်း ပထမဦးစွာ ဦးကိုကိုကြီးကို မောင်းခွင့်ပေးရမည်ဖြစ်၏။ ဒုတိယ ကျွန်ုပ်ကိုမောင်းခွင့်ပေးရမည်ဖြစ်၏။ နောက်ဆုံးတွင်ဆားပုလင်းနှင်းမောင်ကို အလှည့်ပေးရမည်ဖြစ်၏။ ထို့ကြောင့် ကြိုးတံတားထိပ်သို့ရောက်သည်နှင့်တစ်ပြိုင်နက်တည်း ဦးကိုကိုကြီးက . . .

"ကျုပ်အလှည့်ပဲဗျို့" ဟု ဆိုကာ ရုံးကြီးဘက်သို့ မောင်းလေတော့၏။ ရုံးကြီးအတွင်းသို့ရောက်လျှင် ဝင်း၏သူငယ်ချင်းရုံးခန်းအနီး၌ မော်တော်ကားကိုရပ်၍ ဟွန်းကို တတီတီနှိပ်လေ၏။ ထိုအခါရုံးခန်းအတွင်းမှ ကုလားစာရေးတစ်ဦး ထွက်လာပြီးလျှင်-

"အိုး . . . မစ္စတာ ဦးကိုကိုကြီးပါလား၊ ခင်ဗျားရဲ့မိတ်ဆွေတွေတော့ ရုံးကြီးရဲ့ဟိုဘက်မှာ အဆောက်အအုံအသစ်ရလို့ ပြောင်းသွားတာ တစ်ပတ်လောက်ရှိပြီဗျ" ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးသည် သူ၏နဖူးကို ပြန်းခနဲ ပုတ်လိုက်လေ၏။ ထိုအခါ ကျွန်ုပ်က . . .

"ကဲ ကိုယ့်လူ ဖယ်ပေး၊ ကျုပ်မောင်းမယ်" ဟု ပြောဆိုကာ ကျွန်ုပ်သည် ကျွန်ုပ်၏ မိတ်ဆွေ ဆေးဆရာကြီး ဒေဝယက္ခဆရာဖြေ၏အိမ်သို့မောင်းလေ၏။ ထိုအိမ်၌ကား ဆေးဆရာများ၊ အင်္ဂလိပ်ဆရာများ၊ ဗေဒင်ဆရာများ၊ အလုပ်မရှိ တစ်ရှာကိုး



တစ်ရှာတစ်ဆယ်များ၊ အခါမလင့် စုဝေး၍ ဓာတ်အကြောင်း ဆေးအကြောင်းနှင့် အကြောင်းပေါင်း သောင်းခြောက်ထောင် ပြောဆိုကြလေ့ရှိ၏။

အိမ်ရှင်ဖြစ်သော ဆရာဖြေကလည်း . . . ဒိုင်ခံချက်ပြုတ်ကျွေးမွေးဧည့်ခံလေ့ရှိ၏။ ထိုသူမှာ ကျွန်ုပ်နှင့် ရင်းနှီးသကဲ့သို့ ဆားပုလင်းနှင်းမောင်နှင့်လည်း ရင်းနှီးလေ၏။

ကျွန်ုပ်သည် ရင်းအိမ်ဘက်သို့ ဦးတည်မောင်းလေ၏။ ဆားပုလင်းနှင်းမောင်က . . .

"ဆရာဖြေ့အိမ်ကို ထင်တယ်" ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က . . .

"အစစ်ပေါ့ဗျာ . . . ဦးကိုကိုကြီးရဲ့ စည်းကမ်းချက်မှာက သွားရမယ့်နေရာဟာ ... ဆေးလိပ်ခုံရယ်၊ ဓာတ်ထောင်တဲ့အိမ်ရယ်၊ ဈေးရယ်၊ ကျောင်းရယ်ပဲ ပါတာဗျ" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်၊ ဒီနေ့ကတော့ ကျုပ်ဒကာအလှည့်ပါပဲ" ဟုပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့သည် အုန်းပင်တန်းဘက်သို့ ရောက်ရှိခဲ့ကြလေ၏။ ကျွန်ုပ်သည် ဆရာဖြေ၏ အိမ်ရှေ့၌ကားကို ရပ်လိုက်လေတော့၏။ ထိုအခါ ဦးကိုကိုကြီးက 'တခစ်ခစ်' ရယ်လေတော့၏။ ထိုသို့ရယ်သဖြင့် ကျွန်ုပ်လည်း ဆရာဖြေ၏အိမ်တံခါးကို ကြည့်လိုက်ရာ ပိတ်ထားသည်ကို တွေ့ရလေတော့၏။

သော့ခလောက်အနီး၌လည်း စာတစ်စောင်ထိုးထားသည်ကို တွေ့ရလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ကားပေါ်မှ

www.burmeseclassic.com

ကပျာကယာဆင်း၍ ထိုစာကိုဖတ်ကြည့်ရာ . . . ဆရာဖြေ၏ လက်ရေးဖြင့် သွန်းဘုရားလမ်းရှိ ဘုန်းကြီးကျောင်း၌ အဂ္ဂိရတ်ထိုးနေကြသည်ဖြစ်ကြောင်း၊ တွေ့လိုက လိုက်လာရန် ၎င်း၏ မိတ်ဆွေတစ်ဦးအား ရေးထားသောစာ ဖြစ်ကြောင်း တွေ့ရလေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"ဒီအတိုင်းဆိုရင် ကျုပ် နိုင်သေးတယ်နော်၊ ဘာဖြစ်လို့လဲဆိုတော့ . . . ကျုပ်ကို ဟိုကုလားစာရေးကမှ 'ဟိုး . . . မစ္စတာဦးကိုကိုကြီး' လို့ နှုတ်ဆက်သေးတယ်နော်၊ ခင်ဗျားကိုတော့ တစ်ယောက်မှ နှုတ်ဆက်ဖော်မရဘူး၊ ဟား ဟား ဟား" ဟု ပြောဆိုရယ်မောလေတော့၏။ ထို့နောက် ဆားပုလင်းနှင်းမောင်က မောင်းနှင်လေ၏။

"ကဲဗျာ . . . ကျုပ်က ခင်ဗျားတို့ကို ဟင်းဒီကက်ပေးပါဦးမယ်၊ ဆယ်ယောက်အောက်မှာများဖြစ်ခဲ့ရင် ကျုပ်က ကျွေးလိုက်ပါဦးမယ်" ဟုဆိုကာ မော်တော်ကားကို ပဲခူးထောင်ဘက်သို့ မောင်းလေတော့၏။

ထောင်အနီးရှိ စိုက်ခင်းကြီးတစ်ခုဘေးသို့ ထိုး၍ ရပ်လိုက်ရာ ထောင်သားများကို အပြင်ဘုတ်ထုတ်၍ အလုပ်ခိုင်းနေသော ထောင်ဗာရာကြီးက . . .

"ဟာ . . . ဆရာ ကိုနှင်းမောင်ကြီးပါလား၊ မမြင်ရတာကြာပြီနော်" ဟု ဆိုပြီးလျှင် မစင်များကိုထမ်းနေကြသော နံငယ်ပိုင်းဝတ် အကျဉ်းသားများဘက်သို့လှည့်ကာ . . .



"ဟေ့ကောင်တွေ၊ ဒီမှာ မင်းတို့သေမင်းကြီးရောက်နေပြီ" ဟုပြောလိုက်ရာ အကျဉ်းသားများသည် ၎င်းတို့၏ပစ္စည်းများကို ချ၍ . . .

"ဟာ ဆရာကိုနှင်းမောင်ပါလား" ဟု နှုတ်ဆက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ငကွဲတို့ အမှုတွဲကောကွ" ဟု မေးလေ၏။

"လက်သမားဘုတ်မှာခင်ဗျ" ဟု ထောင်ဗာရာကြီးက ပြန်၍ ဖြေလေ၏။ ထို့နောက် . . . အဝေးတွင် မြေသယ်နေသော အကျဉ်းသားများသည်လည်း ဆားပုလင်းနှင်းမောင်မှန်းသိလျှင် ရောက်လာကြကုန်၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ဟ . . . သာဒင်တို့ပါလားကွ၊ ဒါနဲ့ နေပါဦး၊ ကားလမ်းဓားပြအုပ်စု ဘယ်ရောက်နေပြီလဲ" ဟု မေးလိုက်ရာ . . .

"ရှိပါတယ်ခင်ဗျ၊ သူတို့ခေါင်းဆောင်တော့ မနေ့ကလေးတင် တိုက်ပိတ်ခံရတယ်၊ ဟိုမှာလာနေကြပါပြီ၊ အခုကောင်တွေက သိပ်လိမ္မာတယ်ဗျ၊ ညတိုင်းဝတ်တက်ကြတယ်" ဟု ထောင်ဗာရာကြီးက ပြောပြလေ၏။ ဤသို့နှင့်ပင် ဆားပုလင်းနှင်းမောင်အား လာရောက်နှုတ်ဆက်သော ထောင်သားငါးဆယ်ခန့် ရှိလေ၏။ ထိုထောင်သားများမှာလည်း ဆားပုလင်းနှင်းမောင် ဖမ်းဆီးခဲ့သော ထောင်သားများပင် ဖြစ်လေတော့၏။ ကားလမ်းဓားပြအုပ်စု ရောက်ရှိလာလျှင် ဆားပုလင်းနှင်းမောင်က . . .

www.burmeseclassic.com



"ဟော့ ... ဟိုကောင် ဆွဲကြိုးသက်တင် မဟုတ်လား" ဟု မေးလိုက်ရာ ကားလမ်းဓားပြတိုက်၍ ဆွဲကြိုးတစ်ကုံးဝေစုရခဲ့သော အကျဉ်းသမားသက်တင်က ...

"ဟုတ်ပါတယ် ဆရာကိုနှင်းမောင်" ဟု ပြန်၍ ဖြေလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် စီးကရက်တစ်လိပ်ထုတ်၍ မီးညှိပြီးလျှင် ...

"ဒါနဲ့ နေစမ်းပါဦး သက်တင်ရ၊ ဟိုတလောက တိုက်ကြီး မှော်ဘီကြားမှာ ကားလမ်းဓားပြတိုက်သွားသေးတယ်ကွ၊ မင်းတို့ ကော မကြားမိဘူးလား" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်ရာ ဆွဲကြိုးသက်တင်က ...

"ကြားပါတယ် ဆရာရယ် ... ကြားပါတယ်၊ ဒီကောင်က အဖွဲ့နဲ့လုပ်တာမဟုတ်ဘူးဗျ၊ ဂျွန်သမားဗျ၊ ပြီးတော့ ဘယ်လို ကောင်လဲ မသိဘူးဗျာ၊ ဓားပြတိုက်ရင်းနဲ့ ကဗျာတွေ သီချင်းတွေ တောင် ဆိုသွားသေးတယ်။ အဲဒီထက် ဆန်းတာက အဲဒီ ဂျွန်သမားဟာ ကားပေါ်က ခရီးသည် တရုတ်အဘိုးကြီးဆီက ဝက်သားပေါက်စီတစ်လုံးတောင် ဓားပြတိုက်လိုက်သေးတယ် ဆိုပဲ၊ အဘိုးကြီးက ဝက်သားပေါက်စီကို တစ်လုံးလုံးမပေးဘူး တစ်ခြမ်းပဲပေးတယ်ဆိုပဲ၊ မကျေနပ်လို့သေနတ်နဲ့ပစ်ချင်ပစ်ကွာ တစ်ခြမ်းက ငါစားရဦးမယ်ဆိုပြီး စားပစ်လိုက်သေးတယ် တဲ့ အဲဒီတော့မှ အဲဒီဂျွန်သမားနဲ့ အဘိုးကြီးဟာ အဖွဲ့ဖြစ်သွားတယ် ဆိုပဲ၊ ပြီးတော့ ဒီကောင်က နာမည်ဝှက်နဲ့ဗျ၊ သူ့နာမည်ကိုလဲ တရုတ်အဘိုးကြီးကို ပြောပြတာ စပယ်ယာက ကြားခဲ့တယ်ဗျ



အဲဒီစပယ်ယာက ရိုက်မှုနဲ့ ဒီထောင်ကိုရောက်လာတယ်လေဗျာ၊ စပယ်ယာကပြောပြတာတော့ ... အဲဒီ ဂျွန်သမားနာမည်က 'သေတ္တာ' ဆိုပဲဟုပြောလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင် က ...

"အေး ...ဟုတ်တယ်ကွ၊ သတင်းစာမှာလဲ သတင်းထောက်တွေက ဒီအတိုင်းရေးထားတယ်၊ ကဲ မင်းတို့ဘာလိုသလဲကွာ၊ တရားကြီးကို ငါ ဝယ်ပေးခဲ့မယ်၊ ထန်းလျက်တို့၊ ကြံသကာတို့ တော့ မမှာကြနဲ့၊ မင်းတို့ စိမ်ရည်ဖောက်ပြီး သောက်မယ့်ကောင် တွေပဲ၊ ပြီးတော့ ဆေးလိပ်လဲ မမှာနဲ့ကွာ၊ မင်းတို့ ထောင်မှာက ဘယ်လိုအမိန့်ရှိသလဲမသိဘူး၊ အဲဒီတော့ အကောင်းဆုံးကတော့ ပဲကြီးလှော်ဖိုးပေးခဲ့မယ်" ဟုပြောလိုက်ရာ အကျဉ်းသားများက-

"ဆားပုလင်းနှင်းမောင်ကြီး သက်တော်ရာကျော်ရှည်ပါစေ" ဟု ဝိုင်း၍ ဆုတောင်းကြလေတော့၏။ ထို့နောက် ဆားပုလင်း နှင်းမောင်သည် ကားကို ဆက်လက်၍မောင်းထွက်ခဲ့လေတော့ ၏။ လမ်းတွင် ဦးကိုကိုကြီးက ...

"ကဲ လူကလေး မောင်အောင်သင်း၊ မောင်မင်းပဲ တရားခံ ဖြစ်သွားပြီ" ဟု ပြောလိုက်လေတော့၏။ ဆားပုလင်းနှင်းမောင် သည် တိုသွားပြီဖြစ်သော စီးကရက်ကို လွှင့်ပစ်ရင်း ...

"ပထမဆုံးတွေ့တဲ့အမှုတွဲက ဆယ့်ခုနစ်ယောက်တွဲဗျာ၊ ဒီကောင်တွေက မြစ်ကြောင်းဓားပြတွေ၊ ဟို့နောက်ကအတွဲက လူသတ်မှုသမားတွေရယ်၊ ဖောက်ထွင်းတွေရယ်" ဟု ပြောလိုက် လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါလောင်းရင် ထောင်မပါကြေး လောင်းမယ် ဗျာ" ဟု ဦးကိုကိုကြီးက ပြောလိုက်လေတော့၏။ ဤသို့နှင့်ပင် ကျွန်ုပ်တို့သည် မြို့ပြင်ထမင်းဆိုင်လေးဆီသို့ ရောက်ရှိလာခဲ့တော့၏။ ဦးကိုကိုကြီးသည် မြွေသားဟင်းကို မှာယူစားသောက်လေတော့၏။ ကျွန်ုပ်မှာလည်း ဝက်သား လွန်စွာကြိုက်သောကြောင့် ဝက်သားနှပ်နှင့် မရမ်းသီးဆားစိမ်ကို မှာယူစားသောက်လေတော့၏။

ဆားပုလင်းနှင်းမောင်မှာမူ အုန်းထမင်းနှင့်ကြက်သားဟင်းမှာလေ၏။ ကျွန်ုပ်တို့သည် ထမင်းစား၍ပြီးသောအခါ ပြန်ကြလေ၏။ ဆားပုလင်းနှင်းမောင်သည် မော်တော်ကားကို မောင်းလေ၏။

"သိပ်ကို စားလို့ကောင်းတာပဲ၊ မြွေသား မြွေသား၊ ဟား ဟား ဟား" ဟု ဦးကိုကိုကြီးက ကျွန်ုပ်အား ပြောလေ၏။ သို့မဟုတ် နောက်ပြောလေ၏။ ဆားပုလင်း နှင်းမောင်ကမူ စီးကရက်တစ်လိပ်ကို ပါးစပ်၌ မထိတထိခဲရင်း ကားမောင်းနေလေ၏။ ထိုသို့ကားမောင်းရင်း တစ်နေရာသို့အရောက်တွင် ဘရိတ်ကိုဆောင့်၍ နင်းလိုက်လေတော့၏။

ထိုအခါ ကျွန်ုပ်က . . .

"ဘာ . . . ဘာ . . . ဘာလဲ" ဟု မေးလိုက်လေ၏။

"ဟိုမှာ . . . ဟိုမှာ" ဟု ပြော၍ ဆားပုလင်းနှင်းမောင်က ဆိုင်းဘုတ်တစ်ခုကို ပြလိုက်လေ၏။



ထိုအခါ ကျွန်ုပ်ကော ဦးကိုကိုကြီးပါ ထိုဆိုင်းဘုတ်ကိုကြည့်လိုက်ရာ 'သမင်နှစ်ကောင် ယုန်တစ်ကောင် ပွဲရုံကြီး" ဟူသော ဆိုင်းဘုတ်ကို တွေ့ရလေ၏။

ဆိုင်းဘုတ်၏ထောင့်၌လည်း အလွန်ညံ့သော ပန်းချီဆရာတစ်ဦး၏ သမင်နှစ်ကောင်နှင့် ယုန်တစ်ကောင်၏ပုံကို တွေ့ရလေ၏။

ထိုအခါ ဦးကိုကိုကြီးက . . .

"ဆွဲထားလိုက်တဲ့ သမင်ပုံကလဲဗျာ ခွေးကျနေတာပဲ၊ သမင်နဲ့လဲ မတူဘူး" ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"ဟုတ်လိုက်လေဗျာ" ဟု ပြောဆိုကာ . . . ဖြောက်ခနဲ လက်ဖျောက်တီးလိုက်လေ၏။

ထိုသို့ လက်ဖျောက်တီးပြီးနောက် . . .

"ယုန်ကကော . . . ဘာနဲ့တူသလဲဗျ" ဟု မေးလိုက်ရာ ဦးကိုကိုကြီးက . . .

"ဟား ဟား ဟား ဟား၊ ယုန်ကလဲ ယုန်နဲ့မတူဘဲ ကြောင်နဲ့တူနေတယ်ဗျို့၊ ကြောင်ကလဲ ကြောင်မြီးတိုကြီးဗျ၊ ဟား ဟား ဟား" ဟု ပြောပြန်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က-

"သိပ်ကိုဟုတ်တာပဲ . . . ဦးကိုကိုကြီးရယ်" ဟု ပြောဆို၍ ကားပေါ်မှ ဆင်းလေတော့၏။ ထိုအခါ ကျွန်ုပ်တို့လည်း ၎င်း၏နောက်မှလိုက်၍ ဆင်းရလေ၏။ ဆားပုလင်းနှင်းမောင်သည် ထိုပွဲရုံနံဘေးရှိအိမ်တွင်းသို့ဝင်၍ အိမ်ရှင်နှင့်တွေ့ဆုံကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"ပွဲရုံပိုင်ရှင်က ဘယ်သူလဲဗျ" ဟု မေးလေ၏။ ထိုအခါ အိမ်ရှင်က . . .

"အိမ်ရှင်ကတော့ . . . ကျုပ်ပေါ့ဗျာ၊ ဒါပေမဲ့ ပွဲရုံထောင်တဲ့ လူတွေကတော့ ဘယ်လိုဖြစ်ကြတယ်မသိဘူး၊ ကျုပ်ကိုလဲ ဘာမှ မပြောဘဲ ပျောက်သွားကြတယ်ဗျ" ဟု ပြောလျှင် . . .

"ကဲ အခုမေးတာ . . . သေသေချာချာဖြေဗျာ၊ အဲဒီပွဲရုံမှာ လူသုံးယောက်မဟုတ်လား" ဟု ဆားပုလင်း နှင်းမောင်က မေးလိုက်ရာ ပွဲရုံပိုင်ရှင်က . . .

"အင်း . . . သုံးယောက်ဗျ" ဟု ပြောလေ၏။

"ဒီလိုဆိုရင်ဗျာ . . . နှစ်ယောက်ကတစ်တွဲ၊ တစ်ယောက် တည်းက သတ်သတ်မဟုတ်လား" ဟု ဆားပုလင်းနှင်းမောင်က ထပ်၍မေးပြန်ရာ ထိုအိမ်ရှင်က . . .

"မှန်ပါတယ် ခင်ဗျာ . . . မှန်ပါတယ်၊ ဟိုနှစ်ယောက်က ညီအစ်ကိုဗျ . . . သာဉာဏ် သာဖန်တဲ့၊ ဟိုတစ်ယောက်က သတ်သတ်၊ ညီအစ်ကိုမတော်ဘူး၊ သူ့နာမည်က ရေချမ်းလို့ ခေါ်တယ်၊ သူက လူငယ်ဗျ" ဟု ပြောလိုက်လေတော့၏။

"သူတို့ပျောက်သွားပုံပျောက်သွားနည်းကို ပြောပါဦး" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်ရာ အိမ်ရှင်က . . .

"ရေချမ်းဆိုတဲ့ ကောင်လေးက အလျင်ပျောက်သွားတာ၊ အဲဒီတုန်းကတော့ သူတို့နှစ်ယောက်နဲ့မတည့်လို့ ထွက်သွားတာ ထင်နေတာ၊ နောက်တော့ . . . သာဉာဏ် သာဖန် ညီအစ်ကို



ယောက်ပါ ဆိုင်ကိုပိတ်ပြီး . . . သူတို့ပစ္စည်းတွေတောင် မယူ ဘဲ ပျောက်သွားတာပဲဗျ" ဟု ပြောလေ၏။

"ကြွေးတွေများပြီး ကြွေးမဆပ်နိုင်လို့ ထွက်ပြေးတာရော ဖြစ်နိုင်ဘူးလားဗျ" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက် လေ၏။

"ဒါတော့ မဖြစ်နိုင်ဘူးဗျ၊ သူတို့နဲ့ ဆက်သွယ်တဲ့ ပွဲရုံတွေ ကျုပ်လဲ သိသားပဲဗျာ၊ အဲဒီ ကြွေးအကြောင်း ပြောသံမကြားပါဘူး" ဟု အိမ်ရှင်က ပြောလေ၏။ ထိုအခါ ဆားပုလင်း နှင်းမောင်က . . .

"သူတို့မရှိတော့ ခင်ဗျားက သူတို့ပွဲရုံလုပ်ထားတဲ့အခန်းကို ဘာလုပ်ထားသတုံး" ဟု မေးလိုက်လေ၏။

"ဘာမှ လုပ်မထားပါဘူးဗျာ၊ သူတို့ပြန်လာရင်လုပ်ဖို့ သူတို့ ကိုပဲ လုပ်ခွင့်ပေးမှာပါပဲဗျာ၊ လူတွေက လူရိုးတွေဗျ၊ ကြိုးလဲ ကြိုးစားကြတယ်၊ ဘယ်လိုဖြစ်သွားသလဲ မဆိုနိုင်ပါဘူးဗျာ" ဟု အိမ်ရှင်က ပြောလိုက်လေ၏။

"ကျုပ်တော့ သူတို့ပွဲရုံထဲကို ဝင်ကြည့်ချင်တယ်ဗျာ၊ ခင်ဗျား ကနေနဲ့ ခွင့်ပြုမလား" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်ရာ အိမ်ရှင်က . . .

"ခွင့်ပြုတာက ဟုတ်ပါပြီ၊ သူတို့က သော့ခတ်သွားတာပဲ၊ ကျုပ်မှာ အဲဒီသော့မရှိဘူး" ဟု ပြောလေ၏။

"ဒါတော့ ကျုပ်တာဝန်ထားပါဗျာ" ဟု ဆိုကာ ဆားပုလင်း နှင်းမောင်သည် ၎င်း၏အိတ်အတွင်းမှ သံချောင်းလေးကို

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ကာ ထိပ်ဖျားကလေး အနည်းငယ်ကောက်လိုက်ပြီးလျှ
သော့ပေါက်အတွင်းသို့ သွင်း၍ဖွင့်လိုက်ရာ ပွဲရုံတံခါးမှ သေ
ခလောက်သည် ပြုတ်သွားလေတော့၏။ ထိုအခါ ဆားပုလ
နှင်းမောင်နှင့် ကျွန်ုပ်တို့သည် ပွဲရုံအတွင်းသို့ ဝင်ကြလေ
ပွဲရုံအတွင်း၌ကား ပဲအိတ်များ၊ ဆန်အိတ်များကို ကြွက်မျ
ဖောက်ထားသောကြောင့် မြင်မကောင်းအောင် ရှုပ်ပွနေ
တော့၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က အိမ်ရှင်ဘက်
လှည့်ကာ . . .

"ခင်ဗျားက ဟိုဘက်အိမ်မှာ အမြဲတမ်းနေတာလား"
မေးလိုက်လေ၏။

"အမြဲတမ်း မနေပါဘူးဗျာ၊ သူတို့မရှိမှ သူခိုးခိုးမှာစိုး
လာနေရတာ၊ ကျုပ်အိမ်ကပဲခူးမြို့ထဲမှာဗျ၊ ဒါကအပိုသက်သ
ဝယ်ထားတဲ့နေရာဗျ"ဟု အိမ်ရှင်ကပြောလိုက်လေ၏။ ထို့နော
ဆားပုလင်း နှင်းမောင်သည် ပွဲရုံအတွင်းတိုင်၌ သံချိတ်
ချိတ်ထားသော ဘောင်ချာများကို လှန်လှောကြည့်ရှုပြီးနော
လိုအပ်သော ဘောင်ချာအချို့ကို ဖြုတ်ယူခဲ့လေ၏။ ထို
ဖြုတ်ယူခဲ့သော ဘောင်ချာများတွင် ပဲခူးမြို့ရှိ အခြားသောပွဲ
ဘောင်ချာလေးစောင် ပါဝင်၍ တစ်စောင်မှာ ရန်ကုန်မြို့
'စိန်လျှောင်ပွဲရုံ' ဘောင်ချာ ဖြစ်လေ၏။

ဆားပုလင်းနှင်းမောင်သည် ထိုဘောင်ချာများကို ယူခဲ့
နောက် အိမ်ရှင်အား နှုတ်ဆက်ကာ ထွက်ခဲ့လေတော့
ထို့နောက် ဈေးဘက်သို့ မော်တော်ကားကိုမောင်းနှင်လာပြီးလျှ



အနီးပွဲရုံတစ်ရုံသို့ဝင်၍ ဘောင်ချာတစ်စောင်ကို ထုတ်ပြပြီး
ထိုပွဲရုံမှတရုတ်အား ဆားပုလင်းနှင်းမောင်က . . .

"မင်း ဟောဒီပွဲရုံကို ဟောဒီဘောင်ချာနဲ့ ပစ္စည်းပေးထား
ကြာပြီကွ၊ အဲဒီပစ္စည်းဖိုး ပိုက်ဆံရပြီးပြီလာ" ဟု မေးလိုက်
ပွဲရုံတရုတ်က ဘောင်ချာကိုကြည့်ပြီးလျှင် . . .

"သြော် . . . ဒါလား၊ ခွေးနှစ်ကောင် ကြောင်တစ်မြီး ကောင်
ပါ" ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"နေစမ်းပါဦး . . . နေစမ်းပါဦး၊ ဘာကွ 'ခွေးနှစ်ကောင်
ကြောင်တစ်မြီး' ဟုတ်လားကွ" ဟု မေးလိုက်လေ၏။ ထိုအခါ
ရုံတရုတ်က . . .

"ဟုတ်ပါတယ် ဆရာကြီး၊ သူတို့ကို ကျွန်တော်တို့အားလုံး
'ခွေးနှစ်ကောင် ကြောင်တစ်မြီး' လို့ ခေါ်ပါတယ်၊ ကျန်တဲ့
ရုံတွေကလဲ ဒီအတိုင်းပဲခေါ်ပါတယ်၊ ဒီကောင်တွေ သိပ်ပြီး
တိတည်တယ်၊ ကုန်ဖိုးအကြွေးတွေလဲ မှန်မှန်ပေးပါတယ်၊
အခုလဲ ဘယ်လိုဖြစ်တယ်မသိဘူး၊ ပွဲရုံကိုပိတ်ပြီး . . . ဘယ်ကို
ရောက်သွားတယ်မသိဘူး" ဟု ပြောလေ၏။

"နေစမ်းပါဦးကွ၊ သူတို့ပွဲရုံနာမည်က 'သမင်နှစ်ကောင်၊
ဆိုန်တစ်ကောင်ပွဲရုံ' မဟုတ်လားကွ၊ မင်းတို့က ဘာဖြစ်လို့
'ခွေးနှစ်ကောင် ကြောင်တစ်မြီး ပွဲရုံ'လို့ ခေါ်ရတာတုန်း" ဟု
ားပုလင်းနှင်းမောင်က မေးလိုက်ပြီးလျှင် ဇမိုး၏စီးကရက်ကို
ထုတ်ကာ မီးညှိရှိုက်ဖွာရင်း ပွဲရုံတရုတ်၏မျက်နှာကို အကဲခတ်
လိုက်လေ၏။ ထိုအခါ ပွဲရုံတရုတ်က . . .

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး၊ သူတို့ပွဲရုံဆိုင်းဘုတ်ကို သေသေချာချာ မကြည့်ဘူးလား၊ သမင်ရေးထားတာ သမင်နဲ့မတူဘူး၊ ခွေးနဲ့တူနေတယ်၊ သမင်ကလဲ နှစ်ကောင်တောင်၊ ပြီးတော့ ယုန်ကိုရေးတာကလဲ ယုန်နဲ့မတူဘူး၊ ကြောင်နဲ့တူနေတယ်၊ အဲဒါနဲ့ ကျန်တဲ့ပွဲရုံတွေက 'သမင်နှစ်ကောင် ယုန်တစ်ကောင် ပွဲရုံ' လို့ မခေါ်ကြဘဲ နောက်ပြောင်ပြီး 'ခွေးနှစ်ကောင်ကြောင်တစ်မြီးပွဲရုံ' လို့ ခေါ်ကြတယ်လေ၊ အခုတော့ အဲဒီနာမည်ပဲတွင်သွားပါပြီ"ဟု ပြောလိုက်လျှင် ကျွန်ုပ်တို့၏ စီအိုင်ဒီဇာတ်လိုက်ကြီး ဆားပုလင်းနှင်းမောင်သည် သူ၏နဖူးကို 'ဖြန်းခနဲ' လက်ဝါးနှင့်ရိုက်လိုက်လေတော့၏။ ထိုသို့ရိုက်လိုက်ပြီးနောက် ကျွန်ုပ်တို့ဘက်သို့လှည့်ကာ . . .

"အိုင်ပီရေ ကျုပ်ချော်နေတာ အဲဒီနားပဲဗျို့၊ 'သယ်န်းကျွန်း' က စိန်ပွဲစားကြီး ဦးစံမတူ သေတဲ့ကိစ္စကော၊ 'ကင်းဘဲလ်လမ်း' က သုံးလောင်းပြိုင်သတ်မှုကောကို တော်တော်လေး စဉ်းစားနိုင်ပါပြီဗျာ၊ တရားခံကို လက်ထိတ်ခတ်နိုင်ဖို့ကတော့ စဉ်းစားနိုင်ရုံနဲ့ မပြီးသေးဘူးဗျ၊ ကိုယ့်ဘက်က သက်သေ အထောက်အထားတွေ ခိုင်လုံဖို့လိုတယ်၊ အဲဒီလို မခိုင်လုံဘဲနဲ့ ဖမ်းမိတယ်ထားဦး ရုံးကျတော့ လွတ်သွားလိမ့်မယ်ဗျို့၊ ကျုပ်တို့အနေနဲ့က ကျုပ်တို့ ဖမ်းထားတဲ့ တရားခံကို ရုံးကျမှ လွတ်သွားတာဟာ အတော့်ကို ခံပြင်းဖို့ကောင်းတယ်၊ ကိုယ့်ရည်းစား သူများနောက် ပါသွားတာထက်တောင် စပ်ဖျဉ်းဖျဉ်းနိုင်သေးတယ်ဗျ၊ ပြီးတော့ ဒီတစ်ခါ ကျုပ်တို့ ယှဉ်ပြိုင်ရမယ့် တရားခံဟာ . . . တစ်ယောက်တည်း နှစ်ယောက်တည်း မဟုတ်ဘူးဗျ၊ အုံနဲ့ကျင်းနဲ့ ဖြစ်လိမ့်မယ်၊



ယက်ရဲဇက်ရဲလဲနိုင်ကြလိမ့်မယ်၊ လုပ်ရည်ကိုင်ရည်လဲ အတော်ရှိတဲ့လူတွေပဲဗျို့၊ ကဲ ကျုပ်တို့ပြန်ကြစို့" ဟုဆိုကာ ဆားပုလင်းနှင်းမောင်သည် ပွဲရုံတရုတ်အား နှုတ်ဆက်၍ ကားပေါ်သို့ တက်လေတော့၏။

အပြန်ခရီး၌မူ မော်တော်ကားကို ဦးကိုကိုကြီးက မောင်း၏။ ဦးကိုကိုကြီးဘေးတွင် ဆားပုလင်းနှင်းမောင်က ထိုင်၏။ ကျွန်ုပ်ကမူ နောက်ခုံ၌ ထိုင်လိုက်ခဲ့လေ၏။ ဦးကိုကိုကြီးသည် ပဲခူးမြို့မှ ထွက်သည့်အချိန်၌ . . .

"အိုင်ဆေး ကိုနှင်းမောင်၊ ကျုပ်တို့ကိုလဲ နည်းနည်းပါးပါး ရှင်းပြဦးလေဗျာ၊ ကျုပ်အနေနဲ့တော့ ဘာမှကို သဘောမပေါက်ဘူး" ဟု ပြောလိုက်လေ၏။

"ဦးကိုကိုကြီး သတိမထားမိလို့ပါ၊ မြောင်းမြက ပွဲရုံကို ကျုပ်တို့ သွားကြည့်တုန်းက ပွဲရုံမှာ ရေးထားတဲ့စာက 'ခွေးနှစ်ကောင် ကြောင်တစ်မြီး' ပွဲရုံတဲ့၊ ဆွဲထားတဲ့ပုံကလဲ ခွေးလိုလို၊ သမင်လိုလို၊ ကြောင်လိုလို၊ ယုန်လိုလို ဖြစ်နေတယ် မဟုတ်လား။ အခုလဲ ဒီမှာ အဲဒီဆိုင်းဘုတ်မျိုး ခပ်ဆင်ဆင်တူလို့ ဆင်းပြီးမေးကြည့်တာ၊ ဆိုင်းဘုတ်မှာ ရေးထားတဲ့စာလုံးရော၊ ပုံရော၊ လက်ရာက ခပ်ဆင်ဆင်ဖြစ်နေတယ်၊ ဒါပေမဲ့ ပွဲရုံနာမည်က 'သမင်နှစ်ကောင် ယုန်တစ်ကောင်' ပွဲရုံတဲ့။ သေသေချာချာ စုံစမ်းကြည့်တော့ ဒီပွဲရုံကိုလဲ သမင်နှစ်ကောင်ယုန်တစ်ကောင်လို့ မခေါ်ကြပြန်ဘူး၊ 'ခွေးနှစ်ကောင် ကြောင်တစ်မြီး' လို့ပဲ ခေါ်ကြတယ်မဟုတ်လား၊ အမှုနဲ့ပတ်သက်နေတဲ့ 'ခွေးနှစ်ကောင် ကြောင်တစ်မြီး' ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဒီကကောင်တွေဗျ . . .။ မြောင်းမြက ပွဲရုံနဲ့ ဘာမှမဆိုင်ဘူး၊ ကျုပ်တို့က မြောင်းမြကို ချော်ပြီး လိုက်သွားမိတာ၊ အဲဒီတော့ အခုဆိုရင် အမှုက ခိုင်လုံတဲ့ကွင်းဆက်ကလေးတစ်ခု ရလာပြီ လေဗျာ၊ ဒီလိုပဲ ကွင်းဆက်လေးတွေစုဆောင်းပြီး နောက်ဆုံးမှာ ကွင်းဆက်ကလေးတစ်ခုချင်း ဆက်လိုက်ရင် . . . အမှုတစ်ခုလုံး ပြည့်ပြည့်စုံစုံပေါ် ပေါက်သွားတာပေါ့" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က . . .

"ဟို အိမ်ရှင်ကို ပွဲရုံမှာသုံးယောက်ရှိတယ် မဟုတ်လား လို့ မေးလိုက်တာ . . . ကျုပ် သတိပြုမိလိုက်တယ်" ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"ဒါက ဒီလိုဗျ၊ ပွဲရုံတွေက များသောအားဖြင့် စပ်တူတွေ လုပ်ကြတာ၊ ပွဲရုံဆိုင်းဘုတ်မှာလဲ စပ်တူနာမည်တွေ အားလုံးပါ အောင် ထည့်လေ့ရှိကြတယ်။ ဒီမှာကလဲ သမင်နှစ်ကောင် ယုန်တစ်ကောင် ဆိုတော့ လူသုံးယောက်များ စပ်တူလုပ်ထားတာ ဖြစ်လေမလားလို့ မေးကြည့်တာ . . . အဲဒီအခါမှာ အိမ်ရှင်က 'ဟုတ်ပါတယ်' လို့ ဝန်ခံတော့ သမင်နှစ်ကောင်က တစ်တွဲ၊ ယုန်တစ်ကောင်က သတ်သတ် မဟုတ်လားဗျာ၊ အဲဒါကြောင့် နှစ်ယောက်ကတစ်တွဲ၊ တစ်ယောက်က သတ်သတ်မဟုတ်လား လို့ ထပ်ပြီး မေးကြည့်လိုက်တယ်။ အဲဒီအခါမှာ အိမ်ရှင်က 'သာညာ၏ သာဖန်' ဆိုတဲ့ ညီအစ်ကိုနှစ်ယောက်က တစ်တွဲ၊ တစ်ယောက်က သတ်သတ်လို့ ပြန်ပြီး ပြောတယ်မဟုတ်လား။ ဟော့ဒီမှာ . . . ရန်ကုန်က စိန်လျှောင်ပွဲရုံနဲ့ ဆက်သွယ်ထားတဲ့



ဘောင်ချာတစ်စောင် ပါလာတယ် မဟုတ်လား၊ ရန်ကုန် ရောက်ရင် အဲဒီပွဲရုံကိုဝင်ပြီး စုံစမ်းမယ်၊ အဲဒီအခါမှာ သိစရာ ရှိတာတွေ ထပ်ပြီး သိရလိမ့်မယ်" ဟု ပြောလိုက်လေတော့၏။ ထို့နောက် ဆားပုလင်းနှင်းမောင်သည် စီးကရက်တစ်လိပ်ကို ထုတ်၍ နှုတ်ခမ်းဖျားၗ မမိတမိညှပ်ကာ မီးညှိလိုက်ပြီးလျှင် မျက်စိကို ခပ်မှေးမှေးထား၍ လိုက်ပါလာခဲ့လေ၏။

ဦးကိုကိုကြီးလည်း မော်တော်ကားကို မောင်းနှင်လာလေ ၏။ ကျွန်ုပ်မှာမူ ဆေးတံအိုး၌ 'ဖိုး စကွဲယား' ဆေးတံသောက် ဆေးကို ဖြည့်လိုက်ပြီးလျှင် မီးညှိ၍ ဆေးတံကိုခဲရင်း လိုက်ပါ လာခဲ့လေတော့၏။ တစ်နေရာသို့အရောက်တွင် ဦးကိုကိုကြီးက ဆားပုလင်းနှင်းမောင်အား . . .

"ဘယ်လိုလဲ ကိုနှင်းမောင်၊ စဉ်းစားလှချည်လား၊ အမှုပေါ် ဖို့က . . . တော်တော်နီးစပ်နေပြီထင်တယ်" ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"ကျုပ် အခု အမှုအကြောင်းမစဉ်းစားပါဘူးဗျာ၊ နောက်ထပ် သဲလွန်စရမှ အမှုကို စဉ်းစားလို့ရမှာ၊ အဲဒါကြောင့် အမှုကို ကျုပ်ခေါင်းထဲက ခဏထုတ်ထားတယ်" ဟု ပြန်၍ ပြောလေ တော့၏။

"ခင်ဗျား အခုစဉ်းစားလာတယ် မဟုတ်လား" ဟု ဦးကိုကိုကြီး က ထပ်၍ မေးပြန်လေ၏။

"အခု စဉ်းစားလာတာက . . . အမှုအကြောင်း မဟုတ်ဘူး၊ ဗာလီဟောမှာ ဒီညနေ 'မဟာဘာရတ' ဇာတ်ကို အချိန်မီပြည်က

www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်တွေလာပြီးကပြကြလိမ့်မယ်၊ အဲဒီမှာက 'မဟာဘာရတ' ဇာတ်ထုပ် တစ်ထုပ်လုံးကို မကနိုင်ဘူးဗျ၊ အချိန် နှစ်နာရီ အတွင်းမှာဆိုတော့ 'စွံအာဂျူနား' မင်းသား လေးတင်ခန်းကိုပဲ ကပြနိုင်လိမ့်မယ်။ ဒါပေမဲ့ ကြည့်တဲ့လူတော့ နည်းမယ်ဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ကုလားတိုင်းတောင် နားလည်မှာ မဟုတ်ဘူး။ မင်းသားရော၊ မင်းသမီးရော၊ လူရွှင်တော်ရော အားလုံး 'သက္ကတ' လို ပြောကြမှာဗျ။ သိပ်ပြီး အဆင့်အတန်း မြင့်တဲ့ အဖွဲ့ပဲ။ တီးဝိုင်းကလဲများများမပါဘူး၊ ဗုံရှည်လေး တစ်လုံးရယ်၊ စီးကလေး တစ်စုံရယ်၊ တယောတစ်လက်ရယ် ဒါပဲပါမယ်" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

"အဲဒါကို ခင်ဗျား သွားကြည့်မလို့လား" ဟု ကျွန်ုပ်က မေးလိုက်ရာ . . . ၎င်းကခေါင်းကိုဆတ်ပြလေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"ကြည့်တော့ ကြည့်ချင်ပါတယ်ဗျ၊ သက္ကတလို ပြောမယ်ဆိုတော့ ကျုပ်တို့က ဘယ်လိုလုပ်ပြီး နားလည်မှာတုန်း" ဟု ဆိုလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"လိုက်သာ လိုက်ခဲ့ကြပါဗျာ၊ ကျုပ် ရှင်းပြပါ့မယ်" ဟု ပြောလျှင် ဦးကိုကိုကြီးက . . .

"ခင်ဗျား သက္ကတလိုရော တတ်သလားဗျ" ဟု မေးလိုက်လေ၏။

"ရေးနိုင် ဖတ်နိုင်၊ သူများပြောရင် နားလည်နိုင်တဲ့ အဆင့်လောက်တော့ ဆရာတော်တစ်ပါးရဲ့ ကျေးဇူးကြောင့် တတ်ပါ



ရဲ့ဗျာ၊ ကျုပ်ကိုသင်ပေးတဲ့ ဆရာတော်ကြီးကတော့ လူထွက်ပြီး သက္ကတစာအုပ်တွေကို မြန်မာလိုပြန်နေလေရဲ့၊ ပုံနှိပ်စာအုပ် အဖြစ်တော့ မရောက်သေးဘူးဗျ၊ နောက်တော့ ပုံနှိပ်စာအုပ် အဖြစ် ရောက်လာမှာပေါ့ဗျာ" ဟု ဆားပုလင်း နှင်းမောင်က ပြောလိုက်လေ၏။ ထို့နောက် ဆားပုလင်း နှင်းမောင်သည် ကျွန်ုပ်တို့အား လွန်စွာရှေးကျသော 'သက္ကတဘာသာ' နှင့် 'ပြကရိဘာသာ' တို့ အကြောင်းကို တစ်လမ်းလုံး ရှင်းပြလာခဲ့လေတော့၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## ဂိုလ်းဒင်းဒေါနှင့် တွေ့ဆုံခြင်း

ရန်ကုန်သို့ ရောက်သောအခါ၌ ကမ်းနားလမ်းရှိ စိန်လျှောင်ပွဲရုံသို့ မောင်းခိုင်းလေ၏။ ပွဲရုံရှေ့တွင် ကားကို ရပ်လိုက်သောအခါ ဦးကိုကိုကြီးက . . .

"ဘာလုပ်ဦးမလို့တုံးဗျ" ဟု မေးလိုက်လေ၏။

"ဒီလိုလေဗျာ၊ ပဲခူးပွဲရုံကဖြတ်လာတဲ့ ဘောင်ချာတွေထဲမှာ စိန်လျှောင်ပွဲရုံက ဘောင်ချာတစ်ခု ပါတယ်ဗျ၊ ပြီးတော့ ကျုပ်အဲဒီပွဲရုံကို နည်းနည်းလေး သံသယဖြစ်နေတယ်။ ကုန်တော်တော်များများဟာ စိန်လျှောင်ပွဲရုံက ပေးထားကြောင်း



ဘောင်ချာတွေက ပြနေတယ်။ မဟုတ်မှလွဲရော ပဲခူးက ပွဲရုံဟာ စိန်လျှောင်ပွဲရုံရဲ့ တိုက်ခွဲတစ်ခု ဖြစ်နိုင်တယ်ဗျ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်သည် ပွဲရုံအတွင်းသို့ ဝင်သွားလေ၏။ ပွဲရုံပိုင်ရှင်ဟု ယူဆရသော တရုတ်တစ်ဦးက . . .

"ထိုင်ပါ ထိုင်ပါ" ဟု ပြောလေ၏။ ထိုတရုတ်သည် လွန်စွာသွားခေါ်၏။ သူ၏သွားများသည် အောက်သို့ စိုက်ရမည့်အစား တဲအမိုးကဲ့သို့ ခြောက်ဆယ်ဒီဂရီခန့် ခပ်စောင်းစောင်း ခေါ်ထွက်နေလေ၏။ ထိုခေါ်ထွက်နေသော သွားများကိုပင် ထိုတရုတ်သည် ရွှေများ ကွပ်ထားလိုက်သေး၏။ ထိုအချိန်၌ ပဲအိတ်တစ်အိတ်ကို ထမ်းလာသော မြန်မာအလုပ်သမားတစ်ဦးက. . .

"ကိုရွှေခေါ် ဒါတွေ ဘယ်မှာကမှာထပ်မှာတုံး" ဟု မေးလိုက်ရာ ကိုရွှေခေါ် ဟူသောစကားကြောင့် ကျွန်ုပ်သည် အနည်းငယ် ပြုံးမိလေ၏။ ဦးကိုကိုကြီးကမူ . . .

"ကျုပ်တို့မြန်မာလူမျိုးက လူတစ်ဘက်သားကို နာမည်ပေးတဲ့ နေရာမှာတော့ ပထမတန်းပဲဗျ၊ ဟိုကောင်က ပွဲရုံတရုတ်ကို 'ကိုရွှေခေါ်' တဲ့၊ ရွှေသွားစိုက်တာလဲ ပါတယ်၊ သွားခေါ်တာလဲ ပါတယ် . . . တော်တော့်ကို ကိုက်တယ်။ ဒါနဲ့ နေစမ်းပါဦး ကိုအောင်သင်းရဲ့၊ သွားခေါ်တာကို အင်္ဂလိပ်လို ဘယ်လို ခေါ်သတုန်းဗျ" ဟု ကျွန်ုပ်ကို မေးလေ၏။

"မသိပါဘူး ဦးကိုကိုကြီးရယ်၊ ကတ်သီးကတ်သတ်တွေ မေးမနေစမ်းပါနဲ့၊ ခင်ဗျားက ဘာလုပ်ဦးမလို့တုံး" ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်ရာ . . .

www.burmeseclassic.com

www.burmeseclassic.com



"ရွှေခေါ်ကို အင်္ဂလိပ်လို ပြန်ကြည့်ချင်လို့ပါ။ အခုတော့ သွားခေါ်တာကို အင်္ဂလိပ်လိုမှ မသိဘဲဗျ။ သိသလောက်ပဲ ပြန်ရရင်တော့ 'ဂိုလ်းဒင်းခေါ် ပေါ့ဗျာ' ဟု ဦးကိုကိုကြီးက ပြောဆို၍ ၎င်းဘာသာ သဘောကျကာ တဟားဟားရယ်လေ၏။ ထိုအခါ ပွဲရုံပိုင်ရှင် ကိုရွှေခေါ်လည်း ၎င်းကို နောက်ပြောင်၍ ရယ်နေမှန်း သိသောကြောင့် မနှစ်မြို့သောအမူအရာနှင့် ဦးကိုကိုကြီးအား-

"ဒီမှာ လူဝကြီး၊ ဘာကိစ္စလဲ . . . ဒါဟာ ပွဲရုံတော့ ပွဲရုံပဲ၊ ဇာတ်ကတဲ့ ပွဲရုံမဟုတ်တဲ့အတွက် ခင်ဗျား ရယ်ဖို့အကြောင်း မရှိဘူး၊ နေရာမှားလာပြီထင်တယ်။ ဒါက ကုန်ရောင်းတဲ့ ပွဲရုံ၊ ရယ်ရတဲ့ ပွဲရုံက ဒီမှာမဟုတ်ဘူး။ ဟိုး . . . မိုင်တာကွင်းမှာ၊ ရယ်ချင်ရင် အဲဒီပွဲရုံကို သွား၊ ကုန်ဝယ်ချင်ရင် ဒီပွဲရုံကိုလာ၊ ဒါပဲ" ဟု ပြောလေတော့၏။ ဦးကိုကိုကြီးသည် တခစ်ခစ် တဟားဟား ရယ်ရင်း . . .

"မင်း သွားခေါ်တာကို ငါက ရယ်တာ မဟုတ်ပါဘူး၊ မင်းဟာမင်း ခေါ်တာပဲကွ၊ ငါနဲ့ ဘာဆိုင်တာမှတ်လို့၊ နောက်တစ်ခုက သွားခေါ်တာဟာလဲ ရယ်စရာအလုပ် မဟုတ်ဘူးဆိုတာ ငါ သိပါတယ်ကွာ၊ မေးစေ့ကို မိုးမစိုအောင် မင်းရဲ့ သွားတွေက အကာအကွယ် ပေးနိုင်တယ်ဆိုတာ . . . ငါ လက်ခံပါတယ်ကွ၊ ဂိုလ်းဒင်းခေါ်ရယ်၊ ငါ လာရတာကလဲ မင်းပွဲရုံကို ဇာတ်ကတဲ့ ပွဲရုံနဲ့ မှားပြီးလာတာမဟုတ်ဘူး၊ မင်းရှေ့မှာရပ်နေတဲ့ လူက" ဟု ပြောလိုက်သည့်အခါ၌ တရုတ်ကိုရွှေခေါ်က . . .

"သူက ဘာလဲ" ဟု မေးလေ၏။ ထိုအခါ ဦးကိုကိုကြီးက-



"သူက ဆားပုလင်းကွ" ဟုပြောလျှင် ရွှေခေါ်သည် မျက်မှောင်ကြုတ်၍ . . .

"ဆားပုလင်းနဲ့ထည့်သလား၊ ကျုပ်တို့ဆီမှာ အိတ်ပဲ အသုံးမှုတယ်" ဟု ကိုရွှေခေါ်က ပြန်၍ပြောလျှင် . . .

ဦးကိုကိုကြီးက . . .

"မေးစေ့အမိုးတော့ ပြုတ်တော့မယ်ထင်တယ် ... ဂိုလ်းဒင်းခေါ်၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ မင်းကို ဖမ်းမယ့်လူကွ၊ ဆားပုလင်းဆိုတာ ဆားထည့်တဲ့ပုလင်း မဟုတ်ဘူး။ လူဆိုးကို ဖမ်းတဲ့လူကို ပြောတာကွ" ဟု ဒေါနှင့်မောနှင့် ပြောလိုက်ရာ ကိုရွှေခေါ်က . . .

"လူဆိုးဖမ်းတဲ့လူက ကျုပ်ပွဲရုံကို ဘာလာလုပ်ရတာလဲ၊ ကျုပ်ပွဲရုံမှာ ပဲအမျိုးစုံရှိတယ်၊ ငရုတ်သီးရှိတယ်၊ အာလူးရှိတယ်၊ လူဆိုးမရှိဘူး" ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ကဲ ကဲ ထောင်ကဲ၊ ထောင်ကဲ ထိုင်ပါ။ ကျုပ်မေးတာကို ကောင်းကောင်းဖြေ၊ သာဉာဏ် သာဖန် ညီအစ်ကိုနှစ်ယောက်ကို သိသလား" ဟု မေးလိုက်ရာ ကိုရွှေခေါ်က . . .

"ဘာဖြစ်လို့ မသိရမလဲဗျ၊ အလျှင် ကျုပ်ဆီမှာ လုပ်သွားတဲ့ အလုပ်သမားတွေပဲ၊ ပဲခူးမှာ ပွဲရုံ သွားထောင်နေကြတာ" ဟု ပြောလိုက်လေ၏။

"ကဲ . . . ကောင်းပြီ၊ ရေချမ်းကိုကော သိသလား" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

"သိတာပေါ့ဗျ၊ သူလဲ ကျုပ်ဆိုင်က အလုပ်သမားပဲ၊ သူလ
သာညာဏ် သာဖန်တို့နဲ့ ပါသွားတယ်လေ။ ဒါနဲ့ နေစမ်းပါဦး
ခင်ဗျားတို့က ပုလိပ်ဘက်ကလား၊ အဲဒီကောင် သုံးကော
ပျောက်သွားတယ်၊ ဘယ်ကို ရောက်သွားတာလဲ၊ ဘာဖြစ်လို့
ပျောက်သွားတာလဲ၊ အဲဒါ နည်းနည်းစုံစမ်းပေးစမ်းပါ။ တစ်ခါ
ကတော့ ရေချမ်းဆိုတဲ့ကောင် . . . ကျုပ်ဆီကိုရောက်လာသေး
တယ်။ သူ့ကိုမေးကြည့်တော့လဲ 'ပွဲ' လုပ်နေတယ်လို့ ပြန်ပြော
သွားတယ်။ ဒီကောင်တွေ ဘာဖြစ်နေသလဲမသိပါဘူး၊ သတင်း
ရရင် ကျုပ်ကိုအကြောင်းကြားပါဗျာ" ဟု ကိုရွှေခေါက ပြောလိုက်
ရာ ဦးကိုကိုကြီးက တခစ်ခစ်ရယ်ရင်း . . .

"နိပ်ဗျာ၊ ကောင်းကွာ . . . ဂိုးလ်ဒင်းခေါက်တော့ လုပ်ပြီ
ဟော့၊ ဒီက သူ့ကိုမေးရမှာ . . . သူကတောင် ပြန်မေးနေပြန်ပြီ"
ဟု ကျွန်ုပ်အား တိုးတိုးကပ်၍ ပြောလေတော့၏။ ထိုအခါ
ဆားပုလင်းနှင်းမောင်က . . .

"အဲဒီ ရေချမ်းဆိုတဲ့ကောင် ထော့င်ကဲဆိုင်ကို နောက်ဆုံး
လာတာ ဘယ်တုန်းကလဲ" ဟု မေးလိုက်လေ၏။

"နေ့ကို မမှတ်မိတော့ဘူး၊ ကြာပြီ။ သူ့ဆရာကြီး ထားခဲ့တဲ့
အိတ်အနီကလေးကို လာပြီးတောင်းတာ" ဟု ကိုရွှေခေါက
ပြန်၍ ဖြေလေ၏။

"သူ့ဆရာကြီး . . . ဟုတ်လား၊ နာမည်ဘယ်လိုခေါ်သလဲ"
ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။



"နာမည်က တရုတ်လို ပိုင်ဖူကုံး လို့ ခေါ်တယ်၊ မြန်မာလို
ဆိုရင် မုတ်ဆိတ်မွေးဖြူတဲ့ အဘိုးကြီးပေါ့ဗျာ၊ မုတ်ဆိတ်ဖြူကြီး
ပေါ့" ဟု ပြန်၍ ပြောလိုက်လေ၏။

"ဩော် . . . ဒီလိုလား၊ ဒါနဲ့ နေပါဦး . . . သူ့ဆရာ
မုတ်ဆိတ်ဖြူကြီး အပ်ထားတဲ့ အိတ်ဆိုတာ အထဲမှာဘာပါလဲ"
ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဘာမှ မပါပါဘူးဗျာ၊ အိတ်အလွတ်ပါ၊ ဟောဟိုတိုင်မှာ
ချိတ်ထားတာ ကြာလှပြီ၊ သူ့တပည့် ရေချမ်းက နောက်တော့မှ
လာယူတာပဲ၊ အိတ်က အနီရောင်လေးပါ။ ခင်ဗျားဘာလုပ်
လို့လဲ" ဟု ပွဲရုံတရုတ် ကိုရွှေခေါက ပြောလိုက်လေ၏။

"မုတ်ဆိတ်ဖြူကြီးနဲ့ ထော်ကဲနဲ့တော့ . . . အတော် ရင်းနှီး
တာပဲနော်" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ရင်းနှီးတာပေါ့ . . . ကျုပ် ဒီပွဲရုံမထောင်ခင်ကတည်းက
မုတ်ဆိတ်ဖြူကြီးနဲ့ ကျုပ်နဲ့ သိတာ၊ ရေချမ်းကိုလဲ သူပဲခေါ်လာ
တာ၊ အဲဒီတုန်းက . . . ရေချမ်း ငယ်ငယ်လေးပဲ ရှိသေးတယ်။
ရေချမ်း လူကြီးဖြစ်မှ သူက လာပြီးခေါ်သွားတာ၊ ခေါ်သွားတာ
လဲ တခြားကို ခေါ်သွားတာမဟုတ်ဘူး၊ ဒီပွဲရုံမှာလာပြီး အလုပ်
လုပ်တဲ့ သာညာဏ် သာဖန် ညီအစ်ကိုနှစ်ယောက်က သူတို့စုထား
တဲ့ ပိုက်ဆံနဲ့ ပဲခူးမှာပွဲရုံထောင်မယ်ဆိုတော့ မုတ်ဆိတ်ဖြူကြီးက
သူ့တပည့် ရေချမ်းကို အဲဒီပွဲရုံမှာ ရှယ်ယာဝင်ခိုင်းလိုက်တယ်။
ရေချမ်းရော၊ သာညာဏ် သာဖန်ရော ပွဲရုံလုပ်ငန်း ကောင်း
ကောင်း နားလည်ကြပါတယ်" ဟု ပွဲရုံတရုတ်က ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆားပုလင်းနှင်းမောင်သည် စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိရှိုက်ဖွာရင်း တစ်စုံတစ်ခုကို စဉ်းစားလိုက်လေ၏။ ထိုသို့စဉ်းစားပြီးနောက် . . .

"သာဉာဏ်၊ သာဖန် ညီအစ်ကိုနှစ်ယောက်ဟာ ဘာလူမျိုးလဲဗျ" ဟု မေးလိုက်လေ၏။

"သာဉာဏ် သာဖန်လဲ မြန်မာပဲ၊ ရေချမ်းလဲ မြန်မာပဲ၊ မုတ်ဆိတ်ဖြူကြီးက တရုတ်ကြီးပါ" ဟု ကိုရွှေခေါက ပြန်၍ ဖြေလေ၏။

"ဒါနဲ့ နေပါဦး၊ မုတ်ဆိတ်ဖြူကြီးက ဘာအလုပ် လုပ်သလဲ" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"အလျှင်တုန်းကတော့ ဆီအရောင်းအဝယ် လုပ်တယ်၊ နောက်တော့ ဘာလုပ်သလဲမသိဘူး၊ ဒီအဘိုးကြီးက အိမ်ရှိတာ မဟုတ်ဘူး၊ လျှောက်ပြီးသွားနေတာ" ဟု ကိုရွှေခေါက ပြောလိုက်လေ၏။

"အဲဒီအဘိုးကြီးက လူကောင်းလား၊ လူဆိုးလားဗျ" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"လူကောင်းပါဗျ၊ ဒီအဘိုးကြီးက လူဆိုး မဟုတ်ပါဘူး" ဟု ကိုရွှေခေါက ပြန်၍ပြောလိုက်လေ၏။

"ကောင်းပြီ၊ အဲဒီနောက်ပိုင်းမှာ သူ ထပ်ပြီး သူ့ရဲ့အိတ်အနီလေးကို လာပြီးအပ်တဲ့နောက်ပိုင်းမှာ သူ ထပ်ပြီး ဒီပွဲရုံကိုရောက်လာခဲ့သေးလား" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။



"ဟင့်အင်း . . . အဲဒီအိတ်ကလေး အပ်ပြီးကတည်းက မုတ်ဆိတ်ဖြူကြီး ပေါ်မလာတော့ဘူး" ဟု ကိုရွှေခေါက ပြန်၍ ပြောလိုက်လေ၏။

"ဒီလိုဆိုရင် ရေချမ်းဟာ သူ့ဆရာကြီးရဲ့အိတ်ကို သူ့ဆရာကြီး အပ်ထားပြီး ဘယ်လောက်အကြာမှာ လာယူတာတုံး" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ကြာတယ် ဆရာကြီး . . . ကြာတယ်၊ ကျုပ်တောင် မေ့သလောက်ရှိမှ လာယူတာ" ဟု ကိုရွှေခေါက ပြန်၍ ပြောလိုက်လေ၏။

"အဲဒီအိတ်ကလေး လာယူတဲ့အချိန်မှာ ပဲခူးက သူတို့ပွဲရုံဟာ ခင်ဗျားဆီက ကုန်တွေ ဘာတွေ မှာနေတုန်းပဲလား" ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"မမှာတော့ဘူးဗျ . . . ကျုပ်လဲ နောက်မှသိရတာ။ သူတို့ သုံးယောက်စလုံး ပွဲရုံကိုပိတ်ပြီး ပျောက်သွားကြတာ ကြာပြီ။ ရေချမ်းက အလျှင်ပျောက်သွားတယ်၊ နောက်တော့ သာဉာဏ်နဲ့ သာဖန်က ထပ်ပြီး ပျောက်သွားတယ်။ အဲဒီလို ပျောက်သွားကြောင်းလဲ . . . ကျုပ်က နောက်မှသိရတာ" ဟု ပွဲရုံတရုတ် ကိုရွှေခေါက ပြောပြလေ၏။

"ကျေးဇူးတင်ပါတယ် ကိုရွှေခေါ၊ လိုအပ်ရင် နောက်ထပ်လာပြီး မေးပါဦးမယ်" ဟု ဆားပုလင်းနှင်းမောင်ကပြော၍ ရုံ၏ အပြင်ဘက်သို့ ထွက်ခဲ့လေ၏။ ထိုအခါ တရုတ်ကိုရွှေခေါက ဦးကိုကိုကြီးအား . . .

www.burmeseclassic.com

www.burmeseclassic.com



"ပြန်တော့မလား လူဝကြီး၊ လက်ဖက်ရည်တိုက်မလို့ဟာ မေ့နေတယ်၊ စိတ်မကောင်းပါဘူး၊ နောက်တစ်ခေါက်ကျမှပဲ တိုက်ပါရစေတော့" ဟု ရိုလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက-

"မသောက်ပါရစေနဲ့တော့ ကိုရွှေခေါ်ရယ်၊ ကျုပ်လဲ ခေါ်ပြင်တွေ စားလို့ ဝနေပါပြီ" ဟု ပြန်၍ပြောဆို ရယ်မောလိုက်လေတော့သတည်း။

* * * * *

## ဆားပုလင်းနှင်းမောင် သေတ္တာအရောင်းထွက်ခြင်း

တစ်နေ့သ၌ ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ဆားပုလင်းနှင်းမောင် နေထိုင်ရာသို့ သွားရောက်ခဲ့ရာ ဆားပုလင်းနှင်းမောင်၏ အိမ်တံခါးမှာသော့ခတ်ထားသည်ကို တွေ့ရလေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"လာရင်တွေ့မှာမဟုတ်ဘူးလို့ ကျုပ်ထင်သားပဲဗျ၊ ဟောအခု တံခါးကြီးပိတ်ထားပြီ" ဟု ပြောလိုက်လေ၏။ ထိုအချိန်၌ မှာပင် အသက်ကိုးနှစ်အရွယ်ခန့်ရှိ ကုလားလေးတစ်ဦးသည် ကျွန်ုပ်အား စာတစ်စောင်ကိုလာ၍ပေးလေ၏။ ထိုကုလားလေးမှာ ဆားပုလင်းနှင်းမောင်၏အိမ်၌ ကျွန်ုပ် မကြာခဏ တွေ့ရတတ်သော တောက်တိုမည်ရ ခိုင်းသည့် ကုလားလေးဖြစ်လေ၏။ ထိုစာမှာ ဆားပုလင်းနှင်းမောင်က ကျွန်ုပ်တို့အတွက် ရေးပေး

www.burmeseclassic.com

www.burmeseclassic.com



ထားသော စာဖြစ်ကြောင်း ကျွန်ုပ်ကောင်းစွာသိ၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် စာကိုဖွင့်၍ ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေတော့၏။

> အိုင်ပီ
>
> ပစ္စည်းလေးတစ်ခု ရောင်းစရာရှိလို့ ပြည်ကို သွားတယ်။ ညနေ ပြန်ရောက်မယ်။ 'ဘုံဘော ရက်စတော့ရင့်' မှာ စောင့်နေပါ။
>
> ဆားပုလင်းနှင်းမောင်

ကျွန်ုပ်သည် ထိုစာကို ဦးကိုကိုကြီးထံသို့ ပို့ပေးလိုက်ရာ ဦးကိုကိုကြီးက သူ၏နှုတ်ခမ်းကို လျှာဖြင့်သပ်၍ . . .

"သူက ဖိတ်တာဆိုတော့ သူကျွေးမှာပေါ့နော်၊ သူ မကျွေးလဲ အကြောင်းမဟုတ်ပါဘူးဗျာ၊ အလောင်းအစားတစ်ခုခု လုပ်လိုက်ကြရုံပေါ့" ဟုပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်နှင့်ဦးကိုကိုကြီးသည် ထိုနေရာ၌ သဘောတူလိုက်ကြလေ၏။ ပြီးလျှင် ကျွန်ုပ်တို့သည် စီအိုင်ဒီရုံးသို့ ပြန်၍လာကြလေ၏။ စီအိုင်ဒီရုံးသို့ ရောက်သောအခါ၌ ကျွန်ုပ်သည်ကျွန်ုပ်၏ရုံးခန်းသို့မသွားဘဲ ဦးကိုကိုကြီး၏ ရုံးခန်းတွင်းသို့ဝင်ကာ . . . ခေတ္တထိုင်လေ၏။ ထိုအချိန်၌



[illegible]ထောက်ကိုအောင်မြင့်သည် ၁၉၃၉-ခု ဧပြီလထုတ် မြန်မာပြည် ပုလိပ်ဂျာနယ်တွင် ပါရှိသော ကာတွန်းဆရာ 'ဟုတ်စွမ်' ၏ 'ရိုးသားခြင်းသည် အကောင်းဆုံးပုလိပ်ဖြစ်၏' ဟု အဓိပ္ပာယ်ရသော ရုပ်ပြောင်ပုံကို စာအုပ်မှ ဖြတ်ယူပြီးလျှင် လာ၍ကပ်လေ၏။ ထိုအခါ ဦးကိုကိုကြီးက ထိုရုပ်ပြောင်ကိုကြည့်ကာ . . .

"ဒီမှာ ဖိုးအောင်မြင့်၊ ခင်ဗျားရုပ်ပြောင်ကလဲ လာဘ်မစားဖို့ မိန်းမ မရှုပ်ဖို့ရယ်၊ အရက်သေစာ မသောက်စားဖို့ရယ် ဖော်ပြထားတဲ့ ပုံပဲဗျ၊ အဲဒါတွေ ကျုပ်က အားလုံးကင်းတာပဲဗျ၊ ကျုပ်ဆီမှာ မကပ်နဲ့၊ ကိုတင်ဝင်းတို့ ကိုစိန်လှတို့ဆီမှာ သွားကပ်ချည်။ ရော့ ရော့ ကျုပ်ကတောင် ထပ်ပြီး ပေးလိုက်ဦးမယ်၊ ခါးပြမတိုက်သင့်ကြောင်း ရေးထားတဲ့ ပိုစတာ၊ ခင်ဗျားတို့ဆီမှာ မရှိသေးဘူး မဟုတ်လား၊ အဲဒါ ကျွန်းမာရေးပြပွဲတုန်းက ပိုစတာတွေဗျ၊ အဲဒီ ကျွန်းမာရေးပြပွဲမှာ ရာဇဝတ်ဘေး ရှောင်ကြဉ်ရေးလမ်းညွှန်ပြခန်းဆိုတာ တစ်ခုပါတယ်ဗျ၊ အဲဒါ ကျုပ်တို့ ပုလိပ်ဘက်က ပုလိပ်အရာရှိကြီးတွေက ဆရာတော်ဦးအရိယဓမ္မတို့၊ ဆရာတော်ဦးကျန္ဒကတို့ရဲ့ ဩဝါဒကိုခံယူပြီး ဆောင်ရွက်တာဗျ၊ အဲဒီပိုစတာတွေထဲမှာ ခါးပြမတိုက်သင့်ကြောင်း ပိုစတာ ကျုပ်ယူထားတာဗျ ကိုတင်ဝင်းတို့ရုံးခန်းမှာ ကပ်ပေးလိုက်၊ သူ့အမျိုးတွေက ခါးပြတွေချည်းပဲဗျ၊ မယုံရင်မေးကြည့်ပါလား" ဟု ဦးကိုကိုကြီးက ပြောလိုက်လေသည်။

www.burmeseclassic.com


www.burmeseclassic.com






ရိုးသားခြင်းသည် အကောင်းဆုံးပုလိပ် ဖြစ်သည်ဆိုသော ဂျာနယ်ပါ ကာတွန်းပုံ





www.burmeseclassic.com

www.burmeseclassic.com



ဦးကိုကိုကြီးပြောသည့် ကျန်းမာရေးပြခန်း၌ 'ရာဇဝတ်သေား ရှောင်ကြဉ်ရေးလမ်းညွှန်' ပြခန်းဟူ၍ ဖွင့်လှစ်ပြသခဲ့သော ပုလိပ်အဖွဲ့မှ ပြခန်းဓာတ်ပုံကို စာဖတ်သူများ မြင်ဖူးစေရန် အတွက် ဖော်ပြလိုက်ပါသည်။ ထိုပြခန်းတွင် 'ဓားပြမတိုက်သင့် ကြောင်း' ပိုစတာတစ်ခုလည်း ပါရှိပါသည်။ ထိုပိုစတာ၏ အနီးကပ်ဓာတ်ပုံကိုလည်း ကျွန်ုပ်ထံ၌ အသင့်ရှိ၍ ဖော်ပြလိုက် ပါသည်။ ပုံနှစ်ပုံနှင့်တကွ ရာဇဝတ်မှုမပြုသင့်ကြောင်း၊ ရိုးသား ခြင်းသည် အကောင်းဆုံး ပုလိပ်ကျင့်ဝတ် ဖြစ်ကြောင်းတို့ကို ထိထိမိမိ ပညာပေးတင်ပြထားပါသည်။ ရှေးခေတ်သာမက ယခု ခေတ်အတွက်လည်း မှတ်သားရန် ပညာပေးအခန်းဟု ဆိုနိုင်ပါ ပေ၏။

စာရေးသူ

ဤသို့လျှင် ကျွန်ုပ်တို့သည် တစ်နေကုန် အချိန်ဖြုန်းခဲ့ကြပြီး နောက် ညနေပိုင်းသို့ ရောက်သောအခါ၌ ကျွန်ုပ်နှင့်ဦးကိုကိုကြီး သည် 'ဘုံဘေရက်စတောရင့်' သို့ သွားရောက်ကြလေ၏။ ထိုနေရာသို့ ရောက်သောအခါ၌ ကျွန်ုပ်တို့သည် ဆားပုလင်း နှင်းမောင်ကိုစောင့်ရင်း ရောက်တတ်ရာရာစကားများကို ပြော ဆိုနေကြလေ၏။ ထိုအချိန်၌မှာပင် ကျွန်ုပ်တို့၏ဇာတ်လိုက်ကြီး ဆားပုလင်း နှင်းမောင်သည် ရောက်ရှိလာလေ၏။ ထိုအခါ ကျွန်ုပ်က . . .



"အိုင်ဆေးရယ်၊ ဘာမပြော ညာမပြောနဲ့၊ ခင်ဗျားက ပြည် သိအောင် ရောက်သွားရတယ်" ဟု ပြောလိုက်ရာ ဆားပုလင်း နှင်းမောင်က . . .

"အလကားသွားတာ မဟုတ်ပါဘူးဗျာ၊ သေတ္တာတစ်လုံး ရောင်းချင်လို့ သွားတာပါ" ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က-

"ဘာသေတ္တာများ ရောင်းမလို့လဲဗျ၊ ကြုံကြုံဖန်ဖန် ခင်ဗျား ဆာက သေတ္တာလေးတစ်လုံးကို ပြည်ဘက် သွားရောင်းရတယ် လို့ဗျာ" ဟုပြောလျှင် ဆားပုလင်းနှင်းမောင်က သူ၏ကုတ်အင်္ကျီ အိတ်အတွင်းမှ သတင်းစာဟောင်းတစ်စောင်ကို ထုတ်ယူ၍ ကြော်ငြာတစ်ခုကိုပြလေ၏။ ထိုကြောင့် ကျွန်ုပ်ရော ဦးကိုကိုကြီး ပါ ထိုကြော်ငြာကို ကြည့်ကြလေ၏။ ထိုကြော်ငြာမှာ အောက်ပါ အတိုင်း ဖြစ်လေ၏။

> **သေတ္တာတစ်လုံး အလိုရှိသည်**
>
> မိုးထဲ၊ ရေထဲတွင် အသုံးပြု၍ရသော အာမခံသေတ္တာတစ်လုံး အမြန်ဆုံး ဝယ်ယူလိုပါသည်။
>
> ဆက်သွယ်ရန်
>
> မြတ္တန်းသာ အငြိမ့်အဖွဲ့
> ပြည်မြို့။

ကျွန်ုပ်တို့သည် ထိုကြော်ငြာကို ဖတ်ပြီးနောက် . . .

"အရောင်းအဝယ် ဖြစ်ခဲ့ရဲ့လား" ဟု ဦးကိုကိုကြီးက မေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝယ်မယ့်လူတွေ မတွေ့လို့ . . . ပြန်ခဲ့ရတာပေါ့ဗျာ" ဟု
ဆားပုလင်းနှင်းမောင်က ပြောလေ၏။ ထိုအခါ ကျွန်ုပ်က . . .

"နေပါဦး အိုင်ဆေးရယ်။ ခင်ဗျားက မီးခံသေတ္တာတစ်လုံး
ရောင်းရအောင် ခင်ဗျားအိမ်မှာလဲ မီးခံသေတ္တာကို ကျုပ် မတွေ့
မိပါလား၊ ဘယ်သေတ္တာကို ရောင်းမှာတုန်း" ဟု မေးလိုက်လျှင်
ဆားပုလင်းနှင်းမောင်သည် စီးကရက်တစ်လိပ်ကို ထုတ်ယူ၍
မီးညှိရှိုက်ဖွာရင်း . . .

"အိုင်ပီ အလျှင်နဲ့မတူဘူး။ နည်းနည်းတော်လာပြီ၊ သိ
ဟုတ်တာပေါ့ဗျာ၊ ကျုပ်မှာက ရောင်းစရာသေတ္တာ မရှိပါဘူး
ဒါပေမဲ့ . . . ဒီကြော်ငြာက နည်းနည်းဆန်းလို့ လိုက်သွားတာ
မီးခံသေတ္တာဆိုတာ ဘယ်မှာဝယ်ဝယ် ရတယ်ဗျ။ အဲဒါ
သတင်းစာမှာ ကြော်ငြာပြီး ဝယ်ရတယ်ဆိုတော့ ကျုပ်တို့လို
နေတဲ့ လူသတ်မှုမှာ သေတ္တာဆိုတဲ့ စာလုံးရယ်၊ မဥ္စူသာဆို
စာလုံးရယ် ပါနေတယ် မဟုတ်လား။ အချင်းချင်း အချိ
အဆက်ရှိတဲ့ စကားလုံးလို့ထင်ပြီး လိုက်သွားခဲ့တာပါ။ ဒါပေ
မတွေ့ခဲ့ပါဘူး။ တွေ့ရင်တော့ . . . တစ်တွဲကြီး တွေ့လိမ့်မ
ထင်တယ်" ဟု ပြောလိုက်လေတော့၏။

ထိုအခါ ဦးကိုကိုကြီးက . . .

"နေစမ်းပါဦးဗျ၊ ကင်းဘဲလ်လမ်း လူသတ်မှုမှာ ရေးထား
မဥ္စူသာဆိုတဲ့ စကားလုံးက ဘာအဓိပ္ပာယ်လဲဗျ" ဟု မေးလိုက်
ဆားပုလင်းနှင်းမောင်က . . .



"ကျုပ် ရှင်းပြခဲ့ပြီးပါပြီဗျာ၊ ခင်ဗျားမေ့နေလို့ ဖြစ်ပါလိမ့်မယ်၊
မဥ္စူသာဆိုတာကလဲ သေတ္တာလို့ အဓိပ္ပာယ်ရတယ်ဗျ" ဟု ပြန်၍
ရှင်းပြလိုက်လေ၏။ ထို့နောက် . . . ကျွန်ုပ်တို့သုံးဦးသည်
စားအသောက်များကို မြိန်ရှက်စွာစားသောက်ပြီးနောက် လူစု
ခဲ့ကြလေတော့၏။ လူစုခွဲခါနီး၌မှ ဆားပုလင်းနှင်းမောင်က
ကျွန်ုပ်တို့နှစ်ဦးအား . . .

"အမှုတွေကတော့ သိပ်ပြီးအရေးကြီးနေပြီဗျ၊ သတိဝီရိယ
ရှိသာ နေကြပေတော့" ဟု မှာကြားသွားသေးတော့၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## ပြန်လည်တူးဖော်ကြည့်ခြင်း

တစ်နေ့သ၌ ကျွန်ုပ်နှင့် ဦးကိုကိုကြီးတို့သည် စုံထောက်မင်းကြီး မစ္စတာ ကရစ်ပင်၏ ဆူပူကြိမ်းမောင်းခြင်းကို ခံနေရသောကြောင့် ညနေ ငါးနာရီထိုးသည့်တိုင်အောင် ရုံးဆင်းခွင့်မရဘဲ ရှိကြလေ၏။ ကျွန်ုပ်တို့သည် မစ္စတာကရစ်ပင်က ဆူပူကြိမ်းမောင်းပြီးသည့်တိုင်အောင် ရုံးမှမပြန်ရဲသဖြင့် မစ္စတာကရစ်ပင်၏ အပြန်ကို စောင့်၍နေကြရလေ၏။

မစ္စတာ ကရစ်ပင်မှာမူ ညခုနစ်နာရီထိုးမှပင် ပြန်သွားသည်ဖြစ်ရာ ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း ည ခုနစ်နာရီထိုးမှပင် ရုံးခန်းအတွင်းမှ ထွက်ခဲ့ကြလေ၏။ ရုံးအပြင်သို့ ရောက်သောအခါ ဦးကိုကိုကြီးက . . .

"ဒီနေ့တော့ . . . ဗိုင်စားတဲ့နေ့ပဲ ဦးအောင်သင်းရေ" ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. . .



"ဟုတ်ပါတယ် ဦးကိုကိုကြီးရယ်၊ တော်တော့်ကို အီတာပဲ၊ ဆာလိုက်တာလဲ လွန်ပါရောဗျာ" ဟု ပြောလိုက်ရာ . . . ဦးကိုကိုကြီးက . . .

"အေးဗျာ၊ အိမ်ပြန်သွားရင်လဲ ထမင်းက ကျန်တော့မှာ မဟုတ်ဘူးဗျ၊ လသာလမ်းဘက်သွားပြီး တစ်ခုခုစားကြရအောင်ဗျာ" ဟု ဆိုသဖြင့် ကျွန်ုပ်လည်း သဘောတူလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်တို့နှစ်ဦးသည် လသာလမ်းဘက်ဆီသို့ သွားရောက်၍ . . . ကုလားကိုတင်မောင်ကြီး၏ ပလာတာဆိုင်၌ စားသောက်ဖွယ်ရာများကို မှာယူ၍ မြိန်ရှက်စွာ စားသောက်ကြလေ၏။

ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် ပြန်ခဲ့ကြလေတော့၏။ အပြန်ခရီးတွင် ဦးကိုကိုကြီးက မော်တော်ကားကို မောင်းလေ၏။ ထိုသို့မောင်းရင်း . . .

"ဦးအောင်သင်း . . . အိမ်ပြန်မယ့်အတူတူဗျာ၊ ဆားပုလင်းနှင်းမောင်ဆီကို သွားကြရအောင်" ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်ကလည်း . . .

"ကောင်းသားပဲဗျာ" ဟုထောက်ခံလိုက်လေ၏။ ဦးကိုကိုကြီးသည် မော်တော်ကားကို မဟာဗန္ဓုလလမ်းအတိုင်း မောင်းလာခဲ့လေတော့၏။ ထို့နောက် ဝန်ကြီးများရုံးအနီးသို့ ရောက်သောအခါ၌ ဗိုလ်အောင်ကျော်လမ်းအတွင်းသို့ချိုးဝင်လေ၏။ ပြီးလျှင် ဗိုလ်ချုပ်အောင်ဆန်းလမ်းမှပြန်၍ ထွက်လေ၏။ ထို့နောက် သိမ်ဖြူခုံးကိုကျော်ကာ ဘိုးလိန်းလမ်းသို့ မောင်းနှင်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းနှင်းမောင် နေထိုင်ရာ (၂၉၅) ဘိုးလိန်းလမ်းသို့ ရောက်သောအခါ၌မူ ဦးကိုကိုကြီးသည် မော်တော်ကားကို ကျွိခနဲ ဘရိတ်အုပ်လိုက်လေတော့၏။ ထိုအခါ၌ ကျွန်ုပ်သည် နာရီကိုကြည့်လိုက်ရာ ည ကိုးနာရီပင် ကျော်နေပြီဖြစ်၏။ ဆားပုလင်းနှင်းမောင်၏ အခန်းတံခါးမှာလည်း ပွင့်၍လာလေ၏။ အတွင်းမှ ဆားပုလင်းနှင်းမောင် ထွက်လာလေ၏။

ငင်း၏လက်တစ်ဘက်၌မူ ပေါက်တူးတစ်လက်ကို ကိုင်ထား၏။ အခြားသော လက်တစ်ဘက်၌မူ မှန်အိမ်တစ်လုံး ကိုင်ထား၏။ ထို့ကြောင့် ဦးကိုကိုကြီးက . . .

"ညကြီးသန်းခေါင် ဘယ်ကများ ရေတွင်းတူးဖို့ ခင်ဗျားကို ခေါ်ထားသတုန်း" ဟု နောက်လိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် ကားတံခါးကိုဖွင့်၍ တက်လာလေ၏။ ထို့နောက် . . .

"တာမွေသင်္ချိုင်းကုန်းကို မောင်းစမ်းပါဗျာ" ဟု ပြောလေ၏။

"ညကြီးသန်းခေါင် ဘယ့်နှယ်သင်္ချိုင်းကုန်းကို မောင်းရမှာလဲဗျ၊ ကျုပ် သရဲကြောက်ပါတယ်ဗျာ" ဟု ဦးကိုကိုကြီးက ပြောလေ၏။

"ဒီလိုဗျ . . . ငါးထပ်ကြီးဘုရားလမ်းမှာ အသတ်ခံရတဲ့ အကောင်တွေရဲ့ အလောင်းကို ပြန်ပြီး တူးကြည့်ချင်လို့ပါ။ ကျုပ်စိတ်ထဲမှာ သံသယဖြစ်နေတာလေး တစ်ချက် ရှိတယ်ဗျ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က . . .



"ဒီလိုလုပ်လေဗျာ . . . အလောင်း ပြန်တူးကြည့်ချင်ရင် [illegible]စီပယ်ဘက်ကို လျှောက်ရတယ်ဗျ၊ အဲဒီအခါမှာ သင်္ချိုင်း[illegible]ထောက်ရဲ့ ခွင့်ပြုချက်စာရမှ . . . တူးကြည့်ခွင့်ရမှာ၊ နို့မို့ရင် [illegible] အမှုဖြစ်နိုင်တယ်ဗျ" ဟု ပြောလိုက်ရာ . . . ဆားပုလင်း[illegible]င်းမောင်က . . .

"တာတွေတင်၊ ရုံးတွေသွားနဲ့၊ အဲဒီအထိ ကျုပ် မစောင့်နိုင်[illegible]ဗျ၊ အလောင်းတွေက အခုလောက်ဆိုရင်တောင် အတော့်ကို [illegible]ခြေအနေဆိုးနေမှာဗျ၊ ကျုပ် သိချင်တာက အချက်ကလေး [illegible]စ်ချက်ပဲဗျ။ အဲဒီအတွက် အချိန်မပေးနိုင်ဘူး၊ အမှုဖြစ်ရင်လဲ [illegible]နောက်မှပဲ ရှင်းမယ်ဗျ၊ ဒီညကိုပဲ တူးကြည့်ချင်တယ်" ဟု ပြော[illegible]သ၏။

"ကြည့်လဲလုပ်ပါ အိုင်ဆေးရယ်၊ စုံထောက်တွေ အမှုဖြစ်[illegible]ယ်ဆိုတာ လူကြားလို့မကောင်းပါဘူး" ဟု ကျွန်ုပ်က ပြောလိုက်[illegible] ဆားပုလင်းနှင်းမောင်က . . .

"အိုင်ပီတို့နှစ်ယောက် သင်္ချိုင်းအပြင်ဘက်က စောင့်နေပါ[illegible]။ ကျုပ် တစ်ယောက်တည်းသွားပြီး တူးပါ့မယ်၊ အမှုဖြစ်လဲ [illegible]ုပ်တစ်ယောက်တည်း အမှုဖြစ်ခံပါ့မယ်" ဟု ဖွတ်ပြော၍ နေ[illegible]သတော့၏။

အမှန်စင်စစ် သူသည် တစ်ယောက်တည်းတူးရန် အိမ်မှ [illegible]တ်ခဲ့ခြင်းဖြစ်လေ၏။ ကျွန်ုပ်တို့ကိုလည်း အဖော်ခေါ်ရန် [illegible]မျှပင်မကူးဘဲ ကျွန်ုပ်တို့ရောက်လာခြင်းနှင့် ကြုံကြိုက်၍ သ[illegible]းပေါ် သို့တက်လာခြင်းဖြစ်လေ၏။ ထိုအခါ ဦးကိုကိုကြီးက-

www.burmeseclassic.com



"စဉ်းစဉ်းစားစားလုပ်ပါ အိုင်ဆေးရယ်၊ ကျုပ်လဲ ကြောက်တယ်ဗျ၊ ကျုပ် ကြောက်တယ်ဆိုတာက အမှုဖြစ်မှာကို ကြောက်တာမဟုတ်ဘူး။ သရဲကြောက်တာဗျ" ဟု ပြောလိုက်လေ၏။

"အင်းလေ . . . အဲဒါကြောင့် ခင်ဗျားတို့ နှစ်ယောက် အပြင်ဘက်ကစောင့်နေလေ။ ကျုပ်ဟာကျုပ် သွားတူးမယ်လို့ ပြောပြီးပြီပဲ" ဟု ဆားပုလင်းနှင်းမောင်က စိတ်မရှည်သော လေသံဖြင့် ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က . . .

"ဒီလိုလဲဘယ်ဟုတ်မလဲဗျာ၊ အိုင်ဆေးသွားရင် ကျုပ်တို့လဲ လိုက်ရမှာပေါ့" ဟု ပြောလိုက်လေ၏။ ဤသို့နှင့်ဖြင့် ကျွန်ုပ်တို့ မော်တော်ကားသည် တာမွေသင်္ချိုင်းအနီးသို့ ရောက်ရှိခဲ့ကြလေ၏။

ဦးကိုကိုကြီးသည် မော်တော်ကားကို ချုံတစ်ချုံ၌ ခေါင်းစိုက်၍ ရပ်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်တို့ သုံးဦးသည် မော်တော်ကားပေါ်မှ ဆင်းကြလေ၏။ ဆားပုလင်းနှင်းမောင်သည် မှန်အိမ်ကိုမီးတို့လိုက်လေ၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးမှာမူ ရင်းနှင့်မလှမ်းမကမ်းမှ လိုက်ခဲ့ကြလေ၏။ ထိုသို့ လိုက်ခဲ့ရင်း ဦးကိုကိုကြီးက . . .

"အိုင်ဆေး၊ ကျုပ် ကြားဖူးတဲ့ ပုံကလေးတစ်ပုံကို ပြောမယ် တစ်ခါက လူတစ်ယောက်ဟာ လှေနဲ့ ခရီးသွားတယ်ဆိုပဲ၊ အချိန်ကလဲ ညဘက်ကြီးဗျ၊ အဲဒီညက လတော့ နည်းနည်းသာတယ် ဒါပေမဲ့ မိုးဖွဲကလေးတွေ ကျနေလို့ လရောင်က ကောင်းကောင်း မလင်းရှာဘူး။ အဲဒီလူဟာ ချောင်းရိုးကလေးအတိုင်း သူ့လှေကို



လှော်လာတာပေါ့ဗျာ၊ ချမ်းကလဲ ချမ်း၊ ပျင်းစရာကလဲ ကောင်း ဆိုတော့ လှေသမားဟာ အတော့်ကို ဆေးလိပ်သောက်ချင်တယ် ဆိုပဲ၊ သူ့မှာ ဆေးပေါ့လိပ်တော့ ပါလာတယ်၊ ဒါပေမဲ့ မီးခြစ်တော့ မပါခဲ့ရှာဘူး"

"အဲဒီလိုနဲ့ ပျင်းကလဲပျင်း၊ ခံတွင်းကလဲချဉ် ဆိုသလိုပေါ့ဗျာ၊ လှော်ခတ်လာလိုက်တာ . . . တစ်နေရာလဲရောက်ရော ချောက်ကမ်းပါးမှာထိုင်ပြီး ဆေးလိပ်သောက်နေတဲ့ လူတစ်ယောက်ကို တွေ့တယ်ဆိုပဲ၊ အဲဒီတော့ လှေသမားက ကော်တာပဲဆိုပြီး သူ့လှေကို အဲဒီကမ်းပါးနားမှာကပ်၊ ကမ်းပါးက သစ်ငုတ်တိုမှာ ကြိုးချည်၊ ပြီးတော့ ကမ်းပါးပေါ်ကို တက်သွားတယ်၊ ဆေးလိပ်သောက်နေတဲ့လူကလဲမီးတဖွားဖွားနဲ့ပေါ့ဗျာ၊ အဲဒါနဲ့ လှေသမားလဲ မီးတို့မယ်ဆိုပြီး ကမ်းပါးပေါ် တက်လာလိုက်တာ ကမ်းပါးပေါ် ရောက်တော့မှ နည်းနည်းတုန်လှုပ်သွားတယ်ဗျ၊ ဘာကြောင့်လဲ ဆိုတော့ အဲဒီကမ်းပါးတစ်လျှောက်မှာ မြေပုံတွေ၊ မှတ်တိုင်တွေ ပြည့်နေတာပဲ"

"အဲဒီတော့ ဆေးလိပ်သောက်နေတဲ့လူဟာ ညကြီးအချိန်မတော် သင်္ချိုင်းကုန်းမှာလာပြီး ဆေးလိပ်သောက်နေတာ သံသယဖြစ်စရာပေါ့၊ ဒါပေမဲ့ လှေသမားက ခံတွင်းကချဉ်နေတော့ ဆေးလိပ်မီးတို့မယ်ဆိုပြီး အဲဒီမီးတရဲရဲနဲ့လူဆီကိုသွားတာပေါ့၊ အနားရောက်ခါနီးတော့ လှေသမားက အဲဒီလူကို . . . ဗျို့ ဆရာကြီး၊ မီးတစ်တို့လောက်ပေးပါဗျို့" လို့ လှမ်းပြီးပြောလိုက်တယ်၊ အဲဒီလူကလဲ 'လာယူလေ' လို့ ခေါ်လိုက်တယ်၊ အဲဒီအခါမှာ လှေသမား အနားကိုကပ်သွားပြီး အဲဒီလူဆီက ဆေးလိပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ယူပြီး သူ့ဆေးလိပ်ကို မီးတို့တာပေါ့ဗျာ . . . အဲဒီလိုမီးတို့ရင်းနဲ့ လှေသမားက အဲဒီလူကို အကဲခတ်ကြည့်ရှုတာပေါ့။ အဲဒီလူရဲ့ အသားဟာ မည်းလိုက်တာ . . . ကျောက်မီးသွေးလိုပါပဲ၊ အသားမည်းတဲ့လူများဟာ သွားတော့ဖြူတတ်တယ်ဗျ"

"အဲဒီလူကတော့ . . . သွားတွေလဲ မည်းနေတယ်။ ဒါနဲ့ လှေသမားက စိတ်ထဲမှာ မယုံသင်္ကာဖြစ်လာပြီး "မိတ်ဆွေကြီး အသားမည်းလှချည့်လား" လို့ မေးလိုက်တယ်။ အဲဒီတော့ အဲဒီလူက ဘယ်လိုပြန်ဖြေတယ်မှတ်သလဲ၊ "ကျုပ်အသားမည်းတာ မဟုတ်ပါဘူးဗျာ၊ ကျုပ်ဟာ တစ်နေ့ကမှ မြွေကိုက်လို့ သေတဲ့လူပါ။ ဒီနေ့ပဲ ကျုပ်ကို မီးသင်္ဂြိုဟ်တယ်လေ၊ အဲဒီတော့ ကျုပ်တစ်ကိုယ်လုံး မီးကျွမ်းနေတာပေါ့ဗျ၊ ပင်ကိုအသားအရေအတိုင်းဆိုရင် တော်ရုံတန်ရုံတရုတ်တောင် ကျုပ်က အသားဖြူ ပြိုင်ဝံ့ပါတယ်ဗျာ" လို့လဲ ပြောလိုက်ရော . . . လှေသမားက ယောင်ပြီး "ဒါဖြင့် ခင်ဗျားက အသေကောင်ပေါ့" ဟု မေးလိုက်တယ်။"

"အဲဒီအခါမှာ အဲဒီလူက 'သိပ်ဟုတ်တာပေါ့ မိတ်ဆွေရယ်' လို့ ပြန်လဲဖြေလိုက်ရော . . . လှေသမားဟာ ငယ်သံပါအောင် အော်ပြီး ကမ်းပါးပေါ်ကနေ ချောင်းထဲကို တစ်ခါတည်း ခုန်ချလိုက်တာ ကံကောင်းချင်တော့ သူ့လှေပေါ်ကို တည့်တည့်ကျသွားတယ်၊ ဒါနဲ့ လှေသမားဟာ လှော်တက်ကို ကောက်ကိုင်ပြီး တအားကျုံးလှော်တော့တာပဲဗျ။ နာရီဝက်လောက် မမောနိုင် မပန်းနိုင်ဘဲ လှော်လဲပြီးရော ကမ်းပါးပေါ်ကနေ အသံတစ်သံကြားရတယ်၊ 'ဟဲ့ကောင် သောက်ရူး၊ သစ်ငုတ်တိုမှာ ချည်ထားတဲ့



လှေကြိုးကိုမဖြုတ်ဘဲ လှော်နေလို့ ဘယ်ခရီးကိုရောက်မှာလဲ၊ မင်းသေပြီး ငါလို မီးသင်္ဂြိုဟ်ခံရတဲ့အထိ မင်းလှေက ရွေ့မှာမဟုတ်ဘူးလို့ သတိပေးလိုက်မှပဲ လှေသမားဟာ ကြိုးမဖြုတ်မိဘဲ လှေလှော်နေမိတာကို သတိရတော့တယ်။ အဲဒီတော့မှပဲ လှေသမားဟာ ကြောက်ရွံ့ပြီး . . . မေ့လဲသွားတယ် ဆိုပဲဗျ" ဟု ပြောလေတော့၏။ ကျွန်ုပ်သည် ဦးကိုကိုကြီး၏ပုံကို ဆုံးအောင် နားထောင်ပြီးနောက် . . .

"ခင်ဗျားနဲ့ဗျာ၊ ပြောစရာပုံက ရှားလွန်းလို့ သချိုင်းထဲလာပြီး သရဲပုံမှ ပြောရတယ်လို့" ဟု အပြစ်တင်လိုက်ရာ ဦးကိုကိုကြီးက 'တဟားဟား' ရယ်၍ . . .

"အဲဒါမှ ပိုပြီးအရသာရှိတာဗျ" ဟု ပြောလိုက်လေတော့၏။ ကျွန်ုပ်တို့သည် ဤသို့လျှင် စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရာ . . . သချိုင်း၏အလယ်သို့ ရောက်လာခဲ့လေ၏။ ထိုအချိန်တွင် မလှမ်းမကမ်းနေရာ၌ အုတ်ဂူပေါ်တွင် ထိုင်၍ ဆေးလိပ်သောက်နေသော လူတစ်ယောက်အား တွေ့ရလေတော့၏။ ထို့ကြောင့် ဦးကိုကိုကြီးသည် ကျွန်ုပ်၏လက်ကို 'ဆတ်ခနဲ' ကိုင်လိုက်ပြီးလျှင် . . .

"ဦးအောင်သင်း၊ ဟိုမှာ ဆေးလိပ်သောက်နေတယ်ဗျ၊ မီးသင်္ဂြိုဟ်ထားတဲ့ လူနဲ့ တူတယ်ဗျ" ဟုပြောလိုက်ရာ ကျွန်ုပ်၏ ခြေလှမ်းများပင် တုံ့၍ သွားလေတော့၏။ ကျွန်ုပ်လည်း ဂူပေါ်တွင် ဆေးလိပ်သောက်နေသော လူအား စူးစိုက်ကြည့်လိုက်ရာ ထိုသူမှာ အသားလွန်စွာမည်း၏။ ထို့ကြောင့် . . . ကျွန်ုပ်က ဦးကိုကိုကြီးအား . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ဗျာ၊ အသားမည်းလိုက်တာတော့လွန်ပါရောဗျာ" ဟု ပြောလိုက်လေ၏။

"အသားမည်းတာ ဟုတ်ချင်မှဟုတ်မယ်ဗျ၊ မီးသဂြိုဟ်ထားလို့ မီးကျွမ်းနေတာလား မဆိုနိုင်ဘူး" ဟု ဦးကိုကိုကြီးက ပြောလေ၏။ ဆားပုလင်းနှင်းမောင်မှာမူ ဆေးလိပ်တဖွားဖွားနှင့် ၎င်းလူဆီသို့ရောက်ရှိသွားပြီဖြစ်၏။ ထိုအခါ ဦးကိုကိုကြီးက ...

"အိုင်ဆေး ကိုနှင်းမောင်တော့ အဲဒီအနား ရောက်သွားပြီဗျ၊ တော်တော်ကြာ လေ့သမားလို လန့်ဖျပ်ပြီး သတိမေ့သွားရင် အခက်ပဲဗျို့၊ ဟော ဟော စကားပြောနေကြပြီဗျို့၊ ကြည့်စမ်း ဟိုလူက သွားတွေပါ မည်းနေပါလား၊ အစစ်ပဲဗျို့၊ မီးကျွမ်းနေတဲ့ လူဖြစ်မှာပါ" ဟု ပြောလေ၏။ ဆားပုလင်းနှင်းမောင်သည် ထိုသူ၏ပါးစပ်မှ ဆေးပေါ့လိပ်ကိုယူ၍ လွှင့်ပစ်လိုက်ပြီးလျှင် မှန်အိမ်နှင့် ပေါက်တူးကို ထိုသူအား ပေးလိုက်လေတော့၏။ ထိုသူလည်း ပေါက်တူးကိုထမ်း၍ မှန်အိမ်ကိုဆွဲကာ ဆားပုလင်းနှင်းမောင်နှင့်အတူ အုတ်ဂူများအကြားမှ လျှောက်သွားနေလေတော့၏။ ထို့ကြောင့် ကျွန်ုပ်က ...

"ဦးကိုကိုကြီး ... ခင်ဗျားရဲ့ သရဲတော့ ဆားပုလင်းနှင်းမောင်ရဲ့ ခိုင်းဖတ်ဖြစ်သွားပြီဗျ၊ လာပါဗျာ၊ လိုက်သွားကြရအောင်" ဟု ဆိုကာ ကျွန်ုပ်တို့သည် ၎င်းတို့နောက်မှ လိုက်၍ သွားကြလေတော့၏။

တစ်နေရာသို့ အရောက်တွင် ထိုသူက မှန်အိမ်ကို အုတ်ဂူပေါ်၌တင်၍ ပေါက်တူးဖြင့် မြေကိုတူးလေ၏။ ဆားပုလင်း



နှင်းမောင်ကမူ အနီးတွင်ရပ်၍ စီးကရက်သောက်ရင်း ကြည့်ရှုနေလေ၏။ ကျွန်ုပ်တို့လည်း ဆားပုလင်းနှင်းမောင်၏အနီးသို့ ရောက်သောအခါ၌ မြေကိုပေါက်တူးဖြင့်တူးဆွနေသော သူအား ကြည့်လိုက်ရာ ဆားပုလင်းနှင်းမောင်၏ အိမ်အနီး၌ နေသော မှုတ္တုးဆိုသည့် ကုလားတစ်ယောက်ဖြစ်ကြောင်း တွေ့ရလေတော့၏။ ထို့ကြောင့် ဦးကိုကိုကြီးက ...

"မှုတ္တုးရယ် ... မင်းကို ငါတို့က သရဲအောက်မေ့နေတာ၊ မင်းက အသားတင် မဟုတ်ဘူးကွ ... ကွမ်းတွေစားထားလို့ သွားတွေပါ မည်းနေတယ်" ဟု ပြောလိုက်ရာ မှုတ္တုးက ...

"အသားမည်းတာ မဟုတ်ပါဘူးဗျာ၊ ဒီကနေ့ နေ့လယ်ကမှ ကျုပ်ကို မီးသဂြိုဟ်ထားတာပါ၊ အဲဒါကြောင့် မီးကျွမ်းနေတာပါ" ဟု နောက်တီးနောက်တောက် ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက ...

"မင်းလို နောက်တီးနောက်တောက်ကောင် တစ်ကောင်ကြောင့် လေ့သမားတစ်ဦးတော့ သတိမေ့သွားဖူးတယ်ကွ" ဟု ပြောလိုက်လေ၏။

ကျွန်ုပ်လည်း ဆေးတံအိုး ဆေးဖြည့်၍ မီးညှိလိုက်လေ၏။ ပြီးလျှင် ဆားပုလင်းနှင်းမောင်အား ...

"ဒီကောင်က သင်္ချိုင်းကုန်းကို အစောကြီးရောက်နေပါလား၊ ဘယ်လိုဖြစ်တာတုံး" ဟု မေးလိုက်လေ၏။

"အလောင်းတွေခိုးပြီးတူးရမှာဆိုတော့ အခြေအနေအကဲ ခတ်ရအောင် စောစောလွှတ်လိုက်တာပါ" ဟု ဆားပုလင်း

www.burmeseclassic.com

www.burmeseclassic.com



နှင်းမောင်က ပြောရင်း ... စီးကရက်ပြာကိုခြွေချလိုက်လေ၏
မူတူးမှာမူ ကြိုးစား၍ တူးခဲ့ရာ ခေါင်းကြီးတစ်လုံး ပေါ်လာလေ
တော့၏။

ထိုအခါ ခေါင်းအဖုံးကို ပေါက်တူးဖြင့်ကလန့်၍ ဖွင့်လို
ရာ လွန်စွာပုပ်ဟောင်သောအနံ့သည်ထွက်၍လာလေတော့၏
ထို့နောက် ကျွန်ုပ်တို့သည် ခေါင်းအတွင်းသို့ ငုံ့ကြည့်လိုက်ရ
ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ... ပုံပျက်ပန်းပျက် ဖြစ်နေသော
အလောင်းကို တွေ့ရလေတော့၏။

ကျွန်ုပ်ရော ဦးကိုကိုကြီးပါ ဆက်လက်၍ မကြည့်ဝံ့တော့ဘဲ
နောက်သို့ ဆုတ်ကြလေ၏။ သို့ရာတွင် မကြည့်ဘဲလည်း မနေ
နိုင်သဖြင့် ရှေ့သို့ တိုးကြည့်ပြန်လေ၏။

ဆားပုလင်းနှင်းမောင်က မူတူးအား ...

"ဟေ့ မူတူး၊ သူ့ရဲ့ ညာဘက်လက်ကို ဖြည်းဖြည်း မြှောက်
စမ်းကွာ၊ အရမ်းမလုပ်နဲ့၊ အသားတွေက ဆွေးနေပြီ" ဟု ပြော
လေ၏။

မူတူးလည်း လူသေအလောင်း၏ လက်ကို ချစ်သူပမာ
သဘောထား၍ ... မြှောက်လေ၏။ ထိုသို့မြှောက်ထားစဉ်
ဆားပုလင်းနှင်းမောင်သည် မှန်အိမ်၏မီးစာကို မြှင့်လေ၏။
ထို့နောက် လက်မောင်း၏ အတွင်းဘက်သို့ကြည့်ရာ မည်းမည်း
အစက်တစ်ခုကို တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်တို့လည်း
ကြည့်ကြလေ၏။

သို့ရာတွင် အသားများမှာ ပွဲ့၍ကျနေသောကြောင့် ထို
အစက်မှာ မည်သည့်အစက်ဖြစ်ကြောင်း ... ကျွန်ုပ်အနေဖြင့်



မသိပါ။ ထို့နောက် ဆားပုလင်းနှင်းမောင်သည် မူတူးအား နေရာ
တကျ ပြုလုပ်ရန် အမိန့်ပေးလိုက်လေ၏။

ထို့ကြောင့် မူတူးလည်း အလောင်းကို ခေါင်းအတွင်းသို့
ပြန်ထည့်၍ ခေါင်းအဖုံးကို ပိတ်လိုက်လေ၏။ ပြီးလျှင် မြေဖို့
လိုက်လေတော့၏။ ထို့နောက် ဆားပုလင်းနှင်းမောင်က ...

"နောက်တစ်ကောင် တူးဦးကွာ" ဟုဆိုသဖြင့် မူတူးလည်း
တူးရပြန်လေ၏။ တူး၍ပေါ်လျှင် အလောင်း၏လက်မောင်း
အတွင်းသို့ ကြည့်ပြန်လေ၏။

ထိုအခါ၌လည်း ဆီးကင်းခန့် အနက်စက်တစ်ခုကို တွေ့ပြန်
၏။ ဆားပုလင်းနှင်းမောင်သည် နေရာတကျ ပြန်လည်၍
လုပ်ခိုင်းပြန်လေ၏။ ပြီးလျှင် ...

"နောက်တစ်ကောင် တူးဦးကွာ" ဟု မူတူးအား ခိုင်းပြန်
လေ၏။ ထိုအခါ မူတူးက ...

"ပညတ်သွားရာ ဓာတ်သက်ပါဆိုတာ ဒါမျိုးပေါ့ဗျ၊ နာမည်
က မူတူးဆိုတော့ တတူးတည်း တူးနေရတာ" ဟု ပြောလိုက်ရာ-
ဦးကိုကိုကြီးက ...

"မင်းရယ်၊ ပြောင်းမြပွဲရုံက တရုတ်ရယ် အတူနေဖို့ကောင်း
တယ်၊ ပညတ်သွားရာ ဓာတ်သက်ပါလေး ဘာလေးနဲ့၊ မင်းနဲ့
အဲဒီစကားနဲ့ ဘယ်လိုပတ်သက်လို့လဲ" ဟု ပြောလိုက်လေ၏။
မူတူးလည်း 'တဟဲဟဲ' ရယ်ရင်း မြေကြီးကို ဆက်တူးရပြန်
လေ၏။ ခေါင်းတစ်လုံးပေါ်လာ၍ ခေါင်းအတွင်းမှအလောင်း၏
လက်တစ်ဖက်ကို မြှောက်၍ ပြပြန်လေ၏။ ဆားပုလင်း
နှင်းမောင်လည်း ငုံ့၍ကြည့်ပြန်လေ၏။ ကျွန်ုပ်လည်း ကြည့်ပြန်

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ထိုအလောင်း၏ လက်မောင်း၌လည်း အနက်စက်ကလေးတစ်ခုကို တွေ့ရပြန်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် စီးကရက်တိုကို ပစ်ချလိုက်ပြီးနောက် . . .

"ကဲ မူတူးရေ၊ သူ့နေရာသူ ပြန်ထားလိုက်တော့ကွာ" ဟု ပြောလိုက်လေ၏။ မူတူးလည်း ပြန်၍ မြေဖို့လိုက်လေ၏။ ထို့နောက် ကျွန်ုပ်တို့သည်လည်း ပြန်ခဲ့ကြလေတော့၏။ ဆားပုလင်းနှင်းမောင်က မူတူးအား . . .

"ပေါက်တူးပါ ထားပစ်ခဲ့ကွာ၊ ပြန်မယူခဲ့နဲ့တော့၊ မှန်အိမ်လဲ မင်းသုံးချင်သုံး၊ ယူသွားတော့" ဟု ပြောရာ မူတူးက . . .

"ဆရာကိုနှင်းမောင်ကလဲဗျာ၊ ဥပါဒါန်တွေ မထားစမ်းပါနဲ့၊ နှစ်ခုစလုံး ကျွန်တော် ယူသွားစမ်းပါ့မယ်" ဟု ပြောလေ၏။ ဦးကိုကိုကြီးကမူ . . .

"ဟော့ကောင် မူတူး၊ မင်းဟာမင်း လာခဲ့ကွာ၊ တို့ကားပေါ် လာမစီးနဲ့ကွာ" ဟု ပြောလေ၏။ ထိုအခါ မူတူးက 'စိတ်ချပါ ဦးကိုကိုကြီးရယ်၊ ကျုပ်ဟာကျုပ် ပြန်မှာပါ" ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က ဆယ်တန်တစ်ရွက်ကိုထုတ်၍ မူတူးအား မုန့်ဖိုးပေးလိုက်လေတော့၏။ မူတူးလည်း . . .

"ဆရာ ကိုနှင်းမောင်ရေ၊ ကျွန်တော်တော့ လျှောင်ချိုင်အရက်ကလေးနဲ့ မိုးလင်းမယ် ထင်တယ်" ဟု ကျေးဇူးတင်စွာ ပြန်၍ပြောလိုက်ရင်း ကျန်ရစ်ခဲ့လေတော့၏။

* * * * *

## ဘာဘာဆိုသော တရားခံ

၁

နောက် ရက်အနည်းငယ်အကြာတွင် ကျွန်ုပ်နှင့်ဦးကိုကိုကြီးတို့သည် ဆားပုလင်းနှင်းမောင်နေထိုင်ရာ ၂၉၅၊ ဘိုးလိန်းလမ်းသို့ ထပ်မံ၍ ရောက်ရှိခဲ့ကြပြန်၏။ ကျွန်ုပ်တို့ ရောက်ရှိသောအချိန်၌ ဆားပုလင်းနှင်းမောင်သည် ဓာတ်ပုံတစ်ပုံကိုကြည့်ရှုနေလေ၏။ ထို့ကြောင့် ကျွန်ုပ်တို့လည်း ထိုဓာတ်ပုံကို ကြည့်ရာ စုံထောက်သင်တန်းကျောင်းတွင် အဖွဲ့လိုက် ရိုက်ထားသော ဓာတ်ပုံဖြစ်ကြောင်း တွေ့ရလေ၏။

"ဘာလုပ်တာလဲဗျ" ဟု ကျွန်ုပ်က မေးလိုက်ရာ . . .

"ကျုပ်နဲ့သိတဲ့ ပန်ဂျပ်က အင်စပိတ်တာ ဝါလီအာလမ်ပါတယ်လေဗျာ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

www.burmeseclassic.com

www.burmeseclassic.com





STAFF AND STUDENTS
DETECTIVE TRAINING SCHOOL, BURMA, SESSIONS 1938-39



"ကျုပ်ပုံပါလို့ သိမ်းထားတာ မဟုတ်ဘူးလားဗျာ" ဟု ပြန်၍ မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ဒီလိုပြောကြေးဆိုဗျာ . . . ဒီအထဲမှာ ကျုပ်နဲ့မသိတဲ့သူ တစ်ယောက်မှမှ မပါဘဲ" ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"ခေါင်းပေါင်းနဲ့ဆရာကြီး ပြောစမ်းဗျာ" ဟု မေးလေ၏။

"ဒုတိယမြောက် ခေါင်းပေါင်းက ဦးဘဦးဗျ၊ အလယ် ခေါင်းပေါင်းက ကျောင်းအုပ်ကြီးလေဗျာ" ဟု ဆားပုလင်း နှင်းမောင်က ပြန်၍ပြောလိုက်လေ၏။ ထို့နောက် ဆားပုလင်း နှင်းမောင်သည် အခြားသော ဓာတ်ပုံတစ်ခုကို ထုတ်ပြန်၏။ ထိုဓာတ်ပုံမှာ အမျိုးသမီးပုလိပ်တပ်ဖွဲ့၏ ဓာတ်ပုံဖြစ်၏။ ထို့နောက်ဦးကိုကိုကြီးက ဆားပုလင်းနှင်းမောင်၏ စားပွဲပေါ်မှ စာရွက်စာတမ်းများကိုဆွဲယူကြည့်ရှုရာ လက်ထိတ်တစ်စုံနှင့် ထိုလက်ထိတ်ကို အစိတ်အပိုင်းလိုက် ဒီဇိုင်းဆွဲထားသော စာရွက် တို တွေ့ရလေ၏။ ထို့နောက် . . . ဆားပုလင်းနှင်းမောင်၏ လက်ရေးဖြင့် စာရွက်များကိုလည်း တွေ့ရလေတော့၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"လက်ထိတ်ပုံ ဒီဇိုင်းတွေနဲ့ ဘာစာတွေ ရေးနေတာလဲ ကိုနှင်းမောင်ရဲ့" ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က စီးကရက်တစ်လိပ်ကိုထုတ်၍ ဖွာရှိုက်ရင်း . . .


"ဒီလိုဗျ၊ ကျုပ်တို့ပုလိပ်အဖွဲ့မှာ လက်ထိတ်ကိုတော့ သုံးကြ တယ်ဗျ၊ ဒါပေမဲ့ လက်ထိတ်အကြောင်း သိတဲ့လူ နည်းတယ်ဗျ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် စာတမ်းတစ်စောင်ပြုစုပြီး ပုလိပ်မင်းကြီးရုံးကနေ တစ်ဆင့် ဂါတ်တွေကို စေခိုင်းမလို့ဗျ” ဟု ပြောလိုက်လေ၏။




A. Threaded portion of Bolt.
B. Spring.
C. Part of Bolt that engages notches on Shackle.
D. Key.
E. Key-hole.
F. Shackle.
G. Notches on Shackle.

“ပထမဆုံး အိန္ဒိယပြည်က ကျုပ်တို့ဆီကို တင်သွင်းတဲ့ လက်ထိတ်တွေက စပရိန်အားသိပ်ကောင်းတယ်ဗျ၊ နှစ်ဆယ့် လေးပေါင်ကနေ ပေါင်သုံးဆယ်ထိ ရုန်းအားရှိတယ်ဗျ၊ ဒါပေမဲ့ ကြာတော့ လက်ထိတ်တွေက ဟောင်းလာပြီ။ အလုပ်ရုံက ပြန်ပြင်တဲ့အခါမှာ စပရိန်အသစ်ကိုမသုံးနိုင်ဘဲ စပရိန်အဟောင်း ကို ပြန်သုံးကြရတယ်။ အဲဒီအခါမှာ လက်ထိတ်မှာအားနည်းချက် ဖြစ်လာတယ်။ အခု ကျုပ်တို့သုံးနေတဲ့ လက်ထိတ်က ၁၈၉၇ ခုနှစ်က ‘မစ္စဟော့ဟက်’ ဆိုတဲ့ အမျိုးသမီးက ထွင်တာ။ ဒါပေမဲ့ အဲဒီလက်ထိတ်ရဲ့ အားနည်းချက်က ၁၉၂၆ ခုနှစ်မှာ ဖြစ်ပေါ်



လာခဲ့တာပဲဗျို့ . . . အကျဉ်းသားတစ်ယောက်ဟာ ကြိုးကလေး တစ်ချောင်းတည်းနဲ့ အဲဒီလက်ထိတ်ကို ဖြုတ်ပြနိုင်ခဲ့တယ်။ အဲဒီ နှစ်မှာပဲ ရထားနဲ့ လက်ထိတ်ခတ်ပြီး ခေါ်လာတဲ့ တရားခံတစ်ဦး လက်ထိတ်ဖြုတ်ပြီး ထွက်ပြေးတဲ့အမှု ပေါ်ခဲ့ပြန်တယ်။ ဒါကြောင့် ပုလိပ်အဖွဲ့မှာ ကော်မတီဖွဲ့ပြီး ဒီကိစ္စကို စုံစမ်းရပြန်တယ်။ အဲဒီ မှာ လက်ထိတ်ဖြုတ်တဲ့နည်းနှစ်နည်း ကော်မတီရဲ့အစီရင်ခံစာမှာ ဖော်ပြထားတယ်ဗျ။ တစ်နည်းကတော့ လက်ထိတ်ရဲ့နောက် ဘက်ကနေ တစ်အားဆောင့်ရိုက်ပြီး အထဲကစပရိန်ကို ရွေ့လျား ချော်ထွက်စေတဲ့နည်းပေါ့ဗျ။ နောက် တစ်နည်းကတော့ လက်ထိတ်ရဲ့ အပေါက်ထဲကနေ ကြိုးစကလေးသွင်းပြီး အဲဒီ ကြိုးစကလေးက အထဲက စပရိန်ကို ပတ်မိတဲ့အခါမှာ ဆောင့်ဆွဲ လိုက်တဲ့နည်းပဲ။ အဲဒီတော့ ကော်မတီရဲ့အစီရင်ခံစာမှာ ဒီစပရိန် ကို ပြောင်းမသွားအောင် ဘယ်လိုထားမလဲဆိုတာ စဉ်းစားစရာ ဖြစ်လာတယ်။ နောက်ဆုံးတွေ့ရှိချက်ကတော့ လက်ထိတ်ကို အသုံးမပြုတဲ့အခါမှာ ဖွင့်ထားဖို့ပဲ၊ ပြီးတော့ လက်ထိတ်ကိုလဲ မကြာခဏ ရေနံဆီနဲ့ တိုက်ချွတ်ဆေးကြောပေးရမယ့် အချက် ကိုလဲ ကော်မတီကတွေ့ရှိတယ်။ ဒါတွေကတော့ အသစ်အဆန်း မဟုတ်ပါဘူးဗျာ။ ဒါတွေက ကျုပ်ရေးမယ့် လက်ထိတ်ဋီကာမှာ အသုံးပြုဖို့ပါ။

ဒါတွေက ပုလိပ်မင်းကြီးရုံးရဲ့ဆာကျူလာအမှတ် ၄/၁ H/၅ နဲ့ ထုတ်ပြန်လိုက်တဲ့ ၁၉၂၈ ခု၊ ဇန်နဝါရီလ ၁၁ ရက်နေ့ထုတ် အမိန့်ကြော်ငြာစာမှာ ပါပြီးသားပါဗျာ။ အဲဒီအမိန့်ကြော်ငြာစာ

www.burmeseclassic.com

www.burmeseclassic.com

ထွက်ပြီး မကြာခင်မှာ . . . လက်ထိတ်လုပ်ပြီး တင်သွင်းတဲ့ မစ္စတာဟော့ဟက်ရဲ့ ချေပချက်စာတစ်စောင် နိုင်ငံခြားက ပို့လိုက်သေးတယ်ဗျ။ သူတို့လုပ်တဲ့ လက်ထိတ်ကို အကျဉ်းသားဟာ နောက်ပိတ်ကို တစ်အားရိုက်ပြီး မဖွင့်နိုင်ပါဘူးတဲ့။ ဖြုတ်ခဲ့ရင်လဲ တရားခံရဲ့လက်ဟာ ဒဏ်ရာပြင်းပြင်းထန်ထန် မရဘဲ မပြုတ်နိုင်ပါဘူးတဲ့။ ကြိုးနဲ့ သော့ပေါက်ထဲကိုသွင်းပြီး ဖွင့်တဲ့နည်းကလဲ တကယ့်လက်တွေ့မှာ အရာရောက်တဲ့နည်း မဟုတ်ပါဘူးလို့ ချေပခဲ့တယ်။ ဒါပေမဲ့ ကျုပ်တို့ဆီက ကိုရွှေတရားခံတွေကတော့ လက်ထိတ်ကို ကောင်းကောင်းကြီး ဖြုတ်တတ်သွားကြပြီဗျ။ ကျုပ် ရေးချင်တာက ဒါမဟုတ်ဘူးဗျ။ လက်ထိတ်နဲ့ပတ်သက်လို့ ဆောင်ပုဒ်ကလေးနှစ်ခုပဲ ရေးချင်တာ"

> တရားခံကို လက်ထိတ်မခတ်ဘဲ ဘယ်တော့မှ မထားနဲ့။
> ပြီးတော့ လက်ထိတ်ကိုလဲ ဘယ်တော့မှ မယုံနဲ့။
> လက်ထိတ်ခတ်ခြင်းဖြင့် တရားခံမပြေးနိုင်ဟု စိတ်ချမနေသင့်။
>
> အဘယ်ကြောင့်ဆိုသော် လက်ထိတ်သည် သက်မဲ့ဖြစ်၍ တရားခံသည် သက်ရှိဖြစ်ရုံမျှမက အကြံဉာဏ်နှင့်ပြည့်စုံသော လူသားတစ်ဦး ဖြစ်နေသောကြောင့်တည်း။

ဟူ၍ ပြောလိုက်လေတော့၏။ ထို့နောက် ကျွန်ုပ်တို့သည် လက်ဖက်ရည်ဆိုင်သို့သွားပြီး ရောက်တတ်ရာရာ စကားများ ပြောဆိုကြလေ၏။



"နေပါဦး အိုင်ဆေးရဲ့ မနေ့က တစ်နေ့လုံး ပျောက်နေပါလား၊ ဘယ်ရောက်နေတာလဲ" ဟု ကျွန်ုပ်က မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"ပုလိပ်မင်းကြီးရုံးရောက်နေတာ၊ အဲဒီမှာ နယ်တွေကနေ ပို့လိုက်တဲ့ ရာဇဝတ်မှု အစီရင်ခံစာဖိုင်တွေ ရှိတယ်ဗျ။ အဲဒါတွေ ကောင်းပြီးဖတ်နေတာ။ အခုတလော နယ်ကပွဲတော်ရက်တွေမှာ လူသတ်မှုတွေ၊ မီးရှို့မှုတွေဖြစ်တာ တွေ့နေရတယ်။ အဲဒီအမှုတွေအားလုံး ကျုပ် ကူးလာခဲ့တာ။ အမှုအားလုံးကလဲ လက်သည်တရားခံ မပေါ်သေးဘူးဗျ။ နောက်တစ်ခုက ဟိုတလောတုန်းက ဝင်လယ်ပိုင်းမြို့လေးတစ်မြို့မှာ မသင်္ကာလို့ ဖမ်းချုပ်ထားတဲ့ လူတစ်ယောက်က အစောင့်ပုလိပ်ကို စည်းရုံးပြီး အချုပ်က ထွက်ပြေးသွားတဲ့ အမှုတစ်မှုရှိတယ်။ အဲဒီပုလိပ်လဲ အလုပ်ပြုတ်သွားရှာတယ်။ ထောင်မကျတာကတော့ သူ့ဘက်ကဖြေရှင်းချက် ကောင်းလို့ပေါ့ဗျာ။ အဲဒီပုလိပ်လေးနဲ့သွားပြီး တွေ့တာဗျ။ အဲဒီပုလိပ်ကလေး ပြောပြချက်ကတော့ . . . သူတို့ မသင်္ကာပြီး ဖမ်းထားတဲ့တရားခံဟာ အတွေးအခေါ်သမား ဖီလော်ဆိုဖာ တစ်ယောက်ဆိုပဲဗျ။ အသက်ကတော့ သိပ်မကြီးသေးဘူးတဲ့။ သူ့နာမည် ဘာဘာလို့ခေါ်တယ်။ ပုလိပ်ကလေးဟာ အဲဒီလူရဲ့ အတွေးအခေါ်ကို အလွန်သဘောကျနေပုံရတယ်" ဟု ပြောလိုက်ရာ ကျွန်ုပ်က . . .

"ဘယ်လို အတွေးအခေါ်မျိုးမို့တုန်း၊ တစ်ဆိတ်လောက် ပြောပြစမ်းပါဦး အိုင်ဆေးရယ်" ဟု မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

www.burmeseclassic.com

www.burmeseclassic.com



"အသေးစိတ်တော့ အဲဒီပုလိပ်ကလေးက မပြောပြတတ် တော့ ကျုပ်လဲသဲသဲကွဲကွဲမသိရပါဘူး။ ပုလိပ်ကလေး ပြော ချက်ကတော့ . . . အဲဒီတရားခံရှဲနာမည်က ဘာဘာတဲ့။ သူ့ ဆောင်ပုဒ်ကတော့ ဘာဘာ ဘာမှမသိဘူးဆိုတဲ့ဆောင်ပုဒ်ပါပဲ" ဟု ရှင်းပြလိုက်လျှင် ဦးကိုကိုကြီးက . . .

"အလွန်ကောင်းတဲ့ အတွေးအခေါ်ပဲဗျ။ ဘာမှ မသိဘူး ဆိုတော့ ဘာ သောက်သုံးကျတော့မှာလဲဗျ" ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ဘာဘာ ဘာမှမသိဘူး၊ ဒါကြောင့် ဘာမဆို သိနိုင်ခွ ရှိတယ်လို့ ဆိုတာပဲဗျ" ဟု ပြောလေ၏။

"ဘယ်လိုဟာတုန်းဗျ၊ ဘာမှမသိတာနဲ့ ဘာမဆို သိနိ တာနဲ့ တခြားစီပါဗျာ၊ ဘယ်လိုအတွေးအခေါ်တွေပါလိမ့်" ဦးကိုကိုကြီးက မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမော က စီးကရက်ကို ဖွာရှိုက်ရင်း . . .

"ဒီလိုဗျ . . . သူကခွက်နဲ့ ဥပမာပေးထားတယ်၊ ခွက်ဟ တစ်ခုခုနဲ့ ပြည့်နေရင် . . . နောက်ထပ်ထည့်လို့မရဘူးပေါ့ လက်ဖက်ရည်ထည့်ထားရင် လက်ဖက်ရည်ခွက်ပဲဗျ။ ရေထ ထားရင် ရေခွက်ပဲဗျ။ နို့ထည့်ထားရင် နို့ခွက်ပေါ့ဗျ။ အဲဒီ တစ်ခုခုနဲ့ ပြည့်နှက်နေရင် မပြည့်စုံတော့ဘူး။ နို့ခွက်ဆိုရင် ဘာမှ ထပ်ထည့်လို့မရတော့ဘူး၊ လက်ဖက်ရည်ခွက်ဆိုရင် နောက်ထပ် ထပ်ထည့်လို့ မရတော့ဘူး။ ရေခွက်ဆိုရင် ဒီအတိုင်းပဲပေါ့ဗျာ။ ဒါပေမဲ့ . . . ဘာမှ ထည့်မထာ



ဗလာဆိုရင်တော့ ဘာမဆို ထည့်နိုင်ခွင့်ရှိတယ်တဲ့။ နို့ဆိုရင်လဲ ရတယ်။ လက်ဖက်ရည်ထည့်ရင်လဲ ရတယ်။ ရေထည့်လို့လဲ ရတယ်။ ကြိုက်တာထည့်လို့ ရတယ်ပေါ့ဗျာ။ အဲဒီလိုကြိုက်တာ ထည့်လို့ရတာဟာ နဂိုက ဘာမှထည့်မထားလို့ မဟုတ်လား။ အခုလဲတရားခံဘာဘာက ဘာမှမသိဘူး။ ဘာဘာရဲ့ အဘိဓမ္မာ ဟာ ဘာမှမသိတဲ့အဘိဓမ္မာ။ ဒါကြောင့် အရာရာကို သိနိုင်တယ် တဲ့ဗျ။ အဲဒီဘာဘာဆိုတဲ့ ကောင်က အစောင့်ပုလိပ်ကို သူ့ရဲ့ အဘိဓမ္မာနဲ့စည်းရုံးပြီး အချုပ်က ထွက်ပြေးသွားတာ။ ဒီအမှုဟာ အတော့်ကိုဆန်းတဲ့အမှုဖြစ်နေတယ်။ ကျုပ်လဲ ကြားကြားချင်း လိုက်သွားမလို့ပဲ၊ ဒါပေမဲ့ မသွားဖြစ်တော့ဘူးဗျ။ အခုမှပဲ သွားပြီး လေ့လာရတယ်" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ သည်။ ထိုအခါ ဦးကိုကိုကြီးက . . .

"ခင်ဗျားကတော့ ဘယ်လိုနေလဲ မသိဘူး၊ ကျုပ်တော့ တစ်ဆင့်ကြားရတာနဲ့ အူကြောင်ကြောင် ဖြစ်နေပြီ။ ဘာမှ မသိဘူး ဆိုတာကိုပဲ အစောင့်ပုလိပ်က ကြိုက်ရတယ်လို့ဗျာ။ ဘာမှမသိချင်ရင် ကျုပ်ဆီလာခဲ့စမ်းပါ။ ဘိန်းခန်းခေါ် သွားပြီး သုံးပြောင်းလောက် ရှူခိုင်းလိုက်မယ်။ ဘာဘာတင်မကဘူး၊ ဘာဘာရဲ့တစ်မျိုးလုံးပါ ဘာမှမသိဘူး ဖြစ်သွားလိမ့်မယ်" ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် စီးကရက်မီးခိုးများကို မျက်နှာကျက်ဆီသို့ အကွင်းလိုက် မှုတ်ထုတ်ပြီး ပြုံးလိုက်လေ၏။ ထိုအခါဦးကိုကိုကြီးက မနေနိုင် သေးဘဲ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမသိတဲ့ အတွေးအခေါ်ကို သဘောကျတဲ့ အစောင့် ပုလိပ်ကလဲ အံ့ပါရဲ့ဗျာ။ ကျုပ်လဲ တစ်နေ့ ဒီကောင့်ဆီသွားပြီး တွေ့ဦးမယ်။ ဘာကိုများ သဘောကျသွားသလဲ ဆိုတာ မေးကြည့်ဦးမယ်"ဟုပြောလိုက်လေ၏။ ထို့နောက်လက်ဖက်ရည် သောက်၍ ပြီးသောအခါ ကျွန်ုပ်က ဦးကိုကိုကြီးအား . . .

"ဦးကိုကိုကြီး၊ ခင်ဗျားလက်ဖက်ရည်ဖိုး ရှင်းလိုက်ဗျာ" ဟု ပြောလိုက်ရာ . . .

ဦးကိုကိုကြီးက . . .

"ဘာဘာ ဘာမှမသိဘူး" ဟု ပြန်၍ပြောလိုက်ရာ ဣန္ဒြေ ကောင်းလှသော ဆားပုလင်းနှင်းမောင်သည် 'တခစ်ခစ်' ရယ် လေ၏။

ထိုအခါ ကျွန်ုပ်က . . .

"ဘာမှမသိလဲ ခင်ဗျားပဲ ပေးရမယ်" ဟု ထပ်၍ ပြောရ လေ၏။

"ဦးအောင်သင်း၊ ခင်ဗျား အခုကျွန်တော်ပြောတဲ့အဘိဓမ္မာ ယေးကို သဘောမကျဘူးလား" ဟု ဦးကိုကိုကြီးက မေးလိုက် လေ၏။

"သဘောကျပါတယ် ခင်ဗျာ၊ ဒါပေမဲ့ လက်ဖက်ရည်ဖိုးကို တော့ . . . ခင်ဗျားပဲ ပေးရမယ်" ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးကိုကိုကြီးသည် သူ၏နဖူးကို လက်ဝါးဖြင့် 'ဖြန်းခနဲ' တီး လေ၏။



"ဒီအတွေးအခေါ်နဲ့ ဘာဘာဆိုတဲ့ တရားခံက အချုပ်က ထောင် လွတ်သွားတာဗျ၊ ကျုပ်ကတော့ လက်ဖက်ရည်ဖိုးတောင် ပေးခိုင်းလို့မရပါလား၊ အာရေး ဘာဘာရေ၊ မင်း ဘာမှ မသိ ပါလား၊ ငါတော့လက်ဖက်ရည်ဖိုးပေးရပြီဟေ့" ဟု ဦးကိုကိုကြီး က နောက်တီးနောက်တောက်ဖြင့် အော်လိုက်ခလေတော့၏။ ထို့နောက် လက်ဖက်ရည်ဖိုးကို ဦးကိုကိုကြီးတပင် ရှင်းလိုက်လေ တော့သတည်း။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## မြင်းလှည်းကလေးနဲ့ တူပျော်ပျော်

တစ်နေ့သ၌ ဦးကိုကိုကြီးသည် သတင်းစာတစ်စောင်ကို ကိုင်၍ ကျွန်ုပ်၏ ရုံးခန်းအတွင်းသို့ အူယားဖားယား ပြေး၍ ဝင်လာလေ၏။

"ဦးအောင်သင်း . . . ဦးအောင်သင်း၊ ကျုပ်တို့မြို့တော့ မီးလောင်ပြီဗျို့၊ ကျုပ်ဆုတောင်းတော့ ပြည့်သွားပြီဗျ။ ဘီအို ကိုယ်စားလှယ်ကြီးအိမ်ကစပြီး မီးလောင်တာဆိုတော့ ကျ ယောက္ခမကြီးအိမ်ပါ ပါသွားပြီဗျို့" ဟု ပြောလေ၏။

ထိုအချိန်၌မှာပင် ပြာတာညီကြီးသည် ရောက်ရှိလာ ၏။ ထိုအခါ ဦးကိုကိုကြီးက . . .



"ဟေ့ ညီကြီး၊ ဟောဒီမှာ မြင်လား၊ တို့မြို့ မီးလောင်ပြီ။ ငါ့ယောက္ခမကြီးရဲ့အိမ်လဲ ပါသွားပြီ။ ငါပြောထားတာ ပိုင်ကယ် မဟုတ်လားကွ" ဟု ပြောလိုက်ရာ ပြာတာညီကြီးက . . .

"ဆရာ့ ယောက္ခမအိမ် မီးလောင်တာက အရေးမကြီးဘူး ဆရာရေ့၊ ညက စက်ဆန်းမှာ မီးလောင်လို့ မင်းကြီးက ဆရာ့ကို့ တို လာပါဦးတဲ့" ဟု ပြောလေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"မီးလောင်တာနဲ့ ဘာကိစ္စ ငါတို့က သွားဆီသွားရမှာလဲကွ၊ ငါတို့က မီးသတ်မှုမဟုတ်ဘဲ၊ စုံထောက်တွေပဲ" ဟု ပြန်၍ပြောရာ ပြာတာညီကြီးက . . .

"ဒီလိုဆိုရင် မလာဘူးလို့ မင်းကြီးကို ပြောလိုက်ရမလား" ဟု ဆိုလိုက်ရာ ဦးကိုကိုကြီးက . . .

"မင်းဆိုတဲ့ကောင်ကလဲ နည်းနည်းမှတောင်မပြောဝံ့အောင် ပါပဲလား၊ အဲဒီလိုပြောလို့ ဖြစ်မလားကွ၊ ပြောရင် ငါ ပြုတ်သွား မှာပေါ့" ဟု ဆိုပြီးလျှင် ကျွန်ုပ်အား ခေါ်ယူ၍ မင်းကြီး၏ရုံးခန်းသို့ သွားလေ၏။ စုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် ကျွန်ုပ်တို့ အား တွေ့လျှင်တွေ့ချင်း . . .

"မောင်မင်းတို့ ညက စက်ဆန်းမှာ မီးလောင်တယ်။ အဲဒီမှာ လူလဲ သေသွားတယ်၊ မီးသတ်ဘက်က ပြောတာက ရှို့မီးလို့ ပြောကြတယ်။ အဲဒါ သွားပြီး ကြည့်ရှုကြပါဦး၊ မောင်မင်းတို့ ကြည့်တဲ့အခါမှာ မောင်မင်းတို့ချည်းပဲသွားပြီး ကြည့်ပါနဲ့၊ ဘာမှ ကြောင်းမထူးပါဘူး၊ ဆားပုလင်းနှင်းမောင်ပါ ခေါ်သွားပါ" ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် . . . ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် စီအိုင်ဒီမှ မော်တော်ကားကိုယူပြီးလျှင် ဆားပုလင်းနှင်းမောင်၏ အိမ်သို့ လာခဲ့လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"အိုင်ပီတို့နှစ်ယောက်လာပုံကိုကြည့်ရတာ . . . မင်းကြီးက စက်ဆန်းမီးလောင်မှုကို ကြည့်ခိုင်းလိုက်ပြီ ထင်တယ်" ဟု မေး လိုက်လေသည်။ ထိုအခါ ဦးကိုကိုကြီးက . . .

"စက်ဆန်းမီးလောင်မှု မဟုတ်ဘူးဗျို့၊ စက်ဆန်းမီးရှို့မှုဗျ။ မစ္စတာကရစ်ပင်တောင် ဗမာလို တော်တော်ပြောတတ်လာပြီ၊ ရှို့မီးဆိုတဲ့စကားတောင် ပြောတတ်လာပြီ။ ကဲ အိုင်ဆေး . . . သွားကြစို့" ဟု ပြောလေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်သည် ကားပေါ်သို့တက်လာ လေ၏။ ဦးကိုကိုကြီးသည် မော်တော်ကားအား မီးလောင်ခံ ရသော စက်ဆန်းအိမ်ဝင်းကြီးဆီသို့ မောင်းနှင်သွားလေ၏။ ကျွန်ုပ်တို့ရောက်ရှိသွားသောအခါ၌မူ အမှုနှင့်လုံးဝမပတ်သက် သော သူများသည် . . . သူ့ထက်ငါ တိုးဝှေ့၍ ကြည့်နေကြ၏။ သားသည်အမေများပင်ပါ၏။ ကလေးက ငိုနေသည့်တိုင်အောင် ကလေးကို 'တဖြန်းဖြန်း' ရိုက်၍ ကြည့်နေလေ၏။ တချို့ကမူ ထိုမီးလောင်နေသောအိမ်ကြီးကို မကြည့်ရလျှင် ဘဝကူး မဖြောင့် သကဲ့သို့ တိုးဝှေ့၍ ကြည့်ကြလေ၏။ တချို့ကမူ အချင်းချင်း ရန်ဖြစ်ကြလေ၏။ တချို့ကလည်း . . .

"မီးလောင်တာများ အဆန်းလုပ်လို့တော်၊ ဒီလောက်တောင် တိုးရတယ်လို့" ဟုဆိုကာ ကိုယ်တိုင်ကမူ တဖြည်းဖြည်း အရှေ့သို့ ရောက်လာလေ၏။ လူကြီးတစ်ဦးကမူ . . .



"ဒီနှစ် မီးသတိပြုရမယ်၊ သင်္ကြန်စာမှာ သိကြားမင်းကြီး နဂါးစီးပြီး မီးတုတ်ကြီးကိုင်ပြီး ဆင်းလာတယ်" ဟု ပြောလေ၏။

ဦးကိုကိုကြီးသည် ဟွန်းကို 'တပွမ်ပွမ်' နှိပ်ရင်း လူအုပ်ကို ဖြတ်၍မောင်းလေ၏။ ထိုအခါ လူအုပ်ကြီးသည် ရှဲ၍ ပေးရ လေ၏။

လူတစ်ယောက်ကမူ . . .

"ကားနှယ်ကွာ . . . မိုက်ရိုင်းလိုက်တာ၊ လူအုပ်ထဲကနေပြီး ဖြတ်မောင်းရတယ်လို့" ဟု ကြိမ်းမောင်းလိုက်ရာ ဦးကိုကိုကြီးက-

"ဟေ့ . . . တောသား၊ မင်းခေါင်းကိုဖြတ်ပြီး ကြိတ်မပစ်တာ ကံကောင်းတယ်လို့ မှတ်ထား၊ မင်းတို့အလုပ် ဘာရှိလို့လဲ၊ မီးလောင်တဲ့အိမ်က မင်းပထွေးအိမ်လား" ဟု ကြိမ်းမောင်းလိုက် လေ၏။

ထိုအခါ ထိုသူက . . .

"ပုလိပ်ဆိုရင် ဒါကြောင့် လူတိုင်းက ကြောက်တာ၊ ပုလိပ် ဆိုရင် ငှက်ဖျားထက်တောင် ဆိုးသေးတယ်" ဟု ပြောလိုက်ရာ ကြားရသူအပေါင်းမှာ 'ဝါး' ခနဲ ရယ်မောကြလေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"ဟေ့ကောင်၊ မင်း အချုပ်ထဲ ဝင်သွားချင်လို့လား" ဟု လှည့်၍မေးလိုက်ရာ ထိုသူက . . .

"ဝတ္တရားနှောင့်ယှက်မှုနဲ့ ထည့်မလို့လား၊ အဲဒီပုဒ်မအပြင် တခြားပုဒ်မ ခင်ဗျားသိရင် ကျုပ် အချုပ်ထဲ လိုက်ပါ့မယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ လူအုပ်ကြီးသည် 'ဝေါခနဲ' ပွဲကျပြန်လေ၏။ ဤသို့ ပွဲကျသွားပြီးလျှင် . . .

"ဖယ်မပေးနဲ့ကွာ" ဟု တစ်ယောက်က ပြောလိုက်ရာ ကျွန်ုပ်တို့၏ မော်တော်ကားသည် လူအုပ်၏အလယ်၌ ပိတ်မိနေလေတော့၏။ ထိုအခါ ကျွန်ုပ်က . . .

"အိုင်ဆေး လုပ်ဦးဗျို့ . . . ကျုပ်တို့တော့ ဒုက္ခရောက်ပြီထင်တယ်" ဟု ပြောလိုက်ရာ . . . ဆားပုလင်းနှင်းမောင်သည် မော်တော်ကားပေါ်မှဆင်း၍ . . .

"မိတ်ဆွေများခင်ဗျား၊ မီးလောင်တဲ့အိမ်ထဲမှာ လူသတ်မှု ဖြစ်သွားပါတယ်၊ ဒါကြောင့် လူသတ်မှုတရားခံကို ဖမ်းဆီးနိုင်ဖို့ ကျွန်တော်တို့ကို ကူညီပါ" ဟု ပြောလိုက်ရာ တစ်ယောက်သောသူက . . .

"ကိုယ့်လူက ဘယ်သူတုံး" ဟု ပြန်၍မေးလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ခင်ဗျားတို့ရဲ့ မိတ်ဆွေ နှင်းမောင်၊ ဆားပုလင်းနှင်းမောင်" ဟု ပြောလိုက်ရာ မော်တော်ကားကို ပိတ်ဆို့ထားသော လူအုပ်ကြီးသည် . . .

"ဟေး . . . ငါတို့မိတ်ဆွေကြီး ဆားပုလင်းနှင်းမောင်ဟေ့၊ လမ်းဖယ်ပေးကြ၊ လမ်းဖယ်ပေးကြ၊ မနှောင့်ယှက်နဲ့၊ နှောင့်ယှက်ရင် တွေ့မယ်" ဟု အော်ကာ လမ်းဖယ်ပေးကြလေ၏။ ထိုအခါ လူအုပ်အတွင်းမှ အဒေါ်ကြီးတစ်ဦးက . . .



"ဟဲ့ ငါမြင်အောင်လဲ ပြကြပါဦးဟဲ့၊ ဆားပုလင်းနှင်းမောင်ဆိုတာ နာမည်သာ ကြားဖူးနေတယ်၊ ငါဖြင့် တစ်ခါမှ မြင်ဖူးပါဘူး၊ ပြကြစမ်းပါဦး" ဟု ဆိုသဖြင့် အနီးမှ လူတစ်ဦးက . . .

"အဲဒီ အရပ်မြင့်မြင့်လူဟာလေ အမေကြီးရဲ့" ဟု ပြောလိုက်ရာ အဒေါ်ကြီးသည် မျက်ခုံးပေါ်တွင် လက်ဝါးကိုအုပ်၍ ဆားပုလင်းနှင်းမောင်အား လှမ်း၍ကြည့်ကာ . . .

"အမလေးတော်၊ တယ်လဲကျက်သရေရှိပါလား၊ ပုလိပ်ထဲဝင်ဖို့တောင် မတော်ပါဘူး၊ သင်္ကန်းများ စည်းပေးလိုက်ရင် ကြည်ညိုမယ့်လူတွေ တစ်ပုံကြီးနေမှာပဲ" ဟု ပြောလိုက်ရာ ကြားရသူအပေါင်းသည် 'ဝေါ' ခနဲ ရယ်မောကြလေ၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် ကားပေါ်သို့ ပြန်တက်လေ၏။ ပရိသတ်ကြီးသည် လမ်းဖယ်ပေး၍ လက်ပြလေ၏။ ဆားပုလင်းနှင်းမောင်ကလည်း ကားအတွင်းမှ ပြန်၍ လက်ပြလေ၏။ ကလေးတစ်ယောက်ကမူ . . .

"ဦးလေး ကိုနှင်းမောင်၊ အထဲမှာ လူဆိုးတွေရှိနေသလား၊ ရှိနေရင် တစ်ချက်တည်းနဲ့ နောက်ကောက်ထိုးပါနော်၊ ဒီကောင်တွေ ထွက်ပြေးရင် ကျွန်တော် လောက်လေးခွနဲ့ ပစ်ပေးမယ်" ဟု ပြောလိုက်ရာ ပရိသတ်သည် 'ဝေါ' ခနဲ ရယ်မောလိုက်လေတော့၏။ ဤသို့နှင့်ပင် ကျွန်ုပ်တို့ မော်တော်ကားသည် ခြံဝင်းအတွင်းသို့ ချောမောစွာ ရောက်ရှိသွားလေတော့၏။

ခြံဝင်းအတွင်း၌ကား . . . မျက်နှာဖြူ မီးသတ်ဗိုလ်တစ်ဦး၊ ရာဇဝတ်အုပ် နှစ်ယောက်နှင့် ပုလိပ်ကလေး တစ်ယောက် ရှိလေ၏။ ကျွန်ုပ်တို့သည် ကားရပ်သည်နှင့် တစ်ပြိုင်နက်

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ ဆင်းကြလေ၏။ ဆင်းပြီးလျှင် ကျွန်ုပ်တို့သည် ရာဇဝတ်အုပ်များနှင့် မီးသတ်ပိုလ်အား စကားပြောကြရလေ၏။ ကိုနှင်းမောင်ကမူ တစ်ဝက်ကျော်ကျော် မီးကျွမ်းထားသော နှစ်ထပ်အိမ်ကြီးဆီသို့ သွက်လက်စွာ ဝင်သွားလေတော့၏။ ထို့ကြောင့် ကျွန်ုပ်တို့လည်း ၎င်း၏နောက်သို့ပြေး၍ လိုက်ပါသွားကြရ၏။ မီးကျွမ်းနေသော တိုင်များကြားတွင် မီးလောင်ထားသော လူသေအလောင်း တစ်လောင်းကို တွေ့ရလေ၏။ ထိုသူ၏ နဖူး၌လည်း အပေါက်ကြီးတစ်ခုကို တွေ့ရသဖြင့် ဆားပုလင်းနှင်းမောင်သည် . . . အလောင်း၏ ဦးခေါင်းကိုလည်းကောင်း၊ လက်ကိုလည်းကောင်း လှန်လှော ကြည့်ရှုပြီးနောက် . . .

"မီးမလောင်ခင် . . . သေနတ်မှန်ပြီး သေနှင့်တာပါဗျ။ မီးကတော့ တမင်တကာရှို့တာမဟုတ်ဘူးဗျ။ ဟောဟိုကလိမ်တွန့်နေတဲ့ အာလာဒင်မီးခွက် လဲကျလို့ လောင်တာ။ ဟော . . . ဟောဒီ ဝရန်တာရဲ့ အပြင်ဘက်က နေရာက ရွှံ့က နည်းနည်းပျော့တယ်ဗျ၊ ဒီနေရာမှာ လူတစ်ယောက် ခြေလွန်လက်လွန် ပြုတ်ကျထားတဲ့ အရာကြီးပါလား၊ မီးလောင်လို့ ထွက်ပြေးတယ်ဆိုရင် ဒီလူဟာ ဟိုဘက်ကို ပြေးရမှာဗျ၊ ဒါက အိမ်ရဲ့အတွင်းဘက်ပဲ၊ ဘယ်နည်းနဲ့မှ ဒီဘက်ကို မပြေးနိုင်ဘူး၊ ဒီအိမ်ကြီးကလဲ နဂိုက သမံတလင်းခင်း ဖြစ်မှာပေါ့ဗျာ၊ ကြာတော့လဲ မြေကြီးပဲ ဖြစ်တော့မှာပေါ့၊ ဒီအချက်ဟာ မီးမလောင်ခင်က ဒီအိမ်ကြီးထဲမှာ တိုက်ပွဲဖြစ်ကြတယ်ဆိုတဲ့သဘောပဲဗျ၊ ဟောဒီမှာ ထမင်းဇလုံး



ထမင်းအစအနအချို့တောင် . . . ရှိနေပါလား၊ ဒီနေရာဟာ ထမင်းစားခန်း မဟုတ်ဘူးဗျ။

အလို ဟောဟိုမှာ မီးမလောင်ဘဲကျန်ခဲ့တဲ့အခန်းထောင့်က ရေအိုးတစ်လုံး၊ စင်တောင်မရှိဘူး၊ ကြမ်းပြင်ပေါ်မှာ ဒီအတိုင်းချထားတာ၊ ပြီးတော့ အိပ်ခန်းလို့လဲ ယူဆလို့ မဖြစ်ဘူး၊ အိပ်ရာပစ္စည်း မရှိဘူးဗျ၊ ဒီအခန်း မီးမလောင်ဘဲ ကျန်ခဲ့တာတော့ ကျုပ်အဖို့ ကောင်းကောင်းကြီး သဲလွန်စ ရတာပဲဗျို့"

"မဟုတ်မှလွဲရော ဟောဒီအခန်းထဲမှာ လူတစ်ယောက်ကို ဖမ်းဆီးချုပ်နှောင်ထားတဲ့ လက္ခဏာရှိတယ်။ ဟောဒီ ကင်းဘတ်ဖိနပ် ခြေရာက အဲဒီလူ့ကို လာပြီးကယ်တာဗျ၊ လာကယ်ရင်းနဲ့ တိုက်ပွဲဖြစ်ကြတာ။ ဟောဒီ ကင်းဘတ်ဖိနပ်ခြေရာပဲ ပြန်ထွက်သွားခဲ့တယ်။ ကျုပ်အထင်တော့ အဖမ်းခံထားရတဲ့လူကို အဲဒီ ကင်းဘတ်ဖိနပ်သမားက ထမ်းပြီးခေါ်သွားတဲ့ သဘောပဲဗျ" ဟု ဆားပုလင်းနှင်းမောင်ကပြောလေ၏။ ထိုအခါ ဦးကိုကိုကြီးက-

"အောက်မှာတွေ့တဲ့ ခြေချိုင့်ရာဟာ အချုပ်ခန်းထဲကလူ ထွက်ကျတာ မဖြစ်နိုင်ဘူးလားဗျ" ဟု စောဒက တက်လေရာ ဆားပုလင်းနှင်းမောင်က . . .

"လုံးဝ မဖြစ်နိုင်ဘူးဗျ၊ ဟောဒီမှာ တွေ့လား၊ ကင်းဘတ်ဖိနပ်ခြေရာ၊ ဟိုဘက်အခန်းထဲကနေ ဒီဘက်အခန်းကို ပြေးလာတာ။ ဟောဒီ အခန်းဝလဲကျရော အောက်ကို လိမ့်ကျမယ့်ဆဲဆဲနဲ့ တိုးမိတာ၊ အဲဒီအခါမှာ ကင်းဘတ်ဖိနပ်သမားက တိုးမိတဲ့လူကို ခြေထောက်နဲ့ ပိတ်ကန်ချလိုက်လိမ့်မယ်။ ဟောဒီမှာတွေ့လား၊

www.burmeseclassic.com

www.burmeseclassic.com



ခြေရာတစ်ဖက်တည်း၊ တစ်ဖက် မတွေ့ဘူး ခုန်ပြီး ကန်လိုက်တာဗျ၊ ဟောဟိုမှာတွေ့လား၊ ခြေရာတစ်ဖက်၊ အဲဒါက ခုန်ပြီး ကန်လိုက်တဲ့ ခြေထောက်ကို ပြန်အကျမှာ ဟန်ချက်ညီအောင် ထိန်းလိုက်တာဗျ၊ တစ်ခုနဲ့ တစ်ခု အဝေးကြီးပဲ။

အဲဒီတော့ အကန်ခံရတဲ့ လူဟာ အချုပ်ခန်းကို စောင့်တဲ့ လူ ဖြစ်လိမ့်မယ်၊ ကင်းဘတ်ဖိနပ်သမားဟာ ဟိုဘက်ခန်းက ပြေးလာတာဗျ၊ ပြေးလာကြောင်း သူ့ရဲ့ ဖိနပ်ခြေရာတွေက ဖော်ပြနေတယ်။ လူဟာ ပြေးရင်ဖြစ်စေ၊ သွက်သွက်လှမ်းရင် ဖြစ်စေ၊ မူလခြေလှမ်းထက် နည်းနည်းကလေး ကျယ်သွားတတ်တယ်ဗျ၊ ပြီးတော့ သူဒီဘက်ကိုပြေးလာတဲ့အချိန်မှာ စောစောက အာလာဒင်မီးခွက်ဟာ လဲကျပြီး တစ်အိမ်လုံး မှောင်သွားပြီ၊ ဒါကြောင့်မို့လို့ ဒီလူဟာ ဝရန်တာကနေ ပြေးလာတဲ့ အခါမှာ ဝရန်တာမှာ လက်ရန်းရှိမရှိ မသေချာလို့ လက်ရန်းဘက်ကို မသွားဘူး၊ အတွင်းဘက်နံရံနဲ့ ကပ်နိုင်သမျှကပ်ပြီး ပြေးထားတဲ့ သဘောရှိတယ်။

ဒီလူဟာ အရပ်မြင့်လိမ့်မယ်၊ သူ့ရဲ့ ခြေရာဟာ ကျုပ်ရဲ့ ခြေရာလောက်ရှိတယ်ဆိုတော့ ငါးပေကိုးလက်မလောက် ရှိမယ်။ ပျမ်းမျှခြင်းအားဖြင့် ခြေရာဆယ်လက်မ ရှိတဲ့လူဟာ အရပ် ငါးပေရှစ်လက်မ အထက်မှာ ရှိတတ်တယ်ဗျ။ ကျားကြီးရင် ခြေရာကြီးဆိုသလိုပဲ လူကြီးရင်လဲ ခြေရာကြီးတတ်တာပဲဗျာ၊ ပုံမှန်ခြေလှမ်းရဲ့ အကွာအဝေးက နှစ်ဆယ့်ရှစ်လက်မကနေ လက်မသုံးဆယ်အတွင်းရှိတတ်တယ်ဗျ၊ ပြီးတော့ သဘာဝတစ်ခု



ရှိတယ်။ ကြောက်ရင်ဖြစ်စေ၊ မသွားဖူးတဲ့ နေရာဖြစ်စေ သွားခဲ့ရင် ခြေလှမ်းက ကျဉ်းသွားတတ်တယ်ဗျ။

ဒါပေမဲ့ ဒီလူရဲ့ ခြေလှမ်းတွေက နံရံဘက်ကိုကပ်ပြီး လှမ်းထားတာ ထောက်ရင် ဒီလူ ဒီအိမ်ကို တစ်ခေါက်မှ မရောက်ဖူးဘူး၊ ဒီတော့ အစက မသွားဖူးတဲ့နေရာ၊ အဲဒီနေရာမှာ ကြောက်ရွံ့ခဲ့ရင် ခြေလှမ်းကျဉ်းတယ်လို့ ဆိုထားတယ်။ ဒါပေမဲ့ ဒီလူက မသွားဖူးတဲ့နေရာမှာ ခြေလှမ်းကျယ်နေတယ်။ အဲဒီတော့ ဒီလူဟာ ကြောက်မွေးပါရင် ဇာဂနာနဲ့ နုတ်ပစ်မယ် ဆိုတဲ့ လူစားမျိုးဖြစ်ရမယ်" ဟု ပြောလိုက်လေတော့၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် အိမ်နောက်ဘက်သို့ သွားရာ မြင်းလှည်းဘီးရာများကို တွေ့ရလေ၏။ ထိုအခါ ကျွန်ုပ်အား . . .

"အိုင်ပီ၊ ဟောဒီဘီးရာကိုကြည့်စမ်း၊ ကျုပ်ပြောတဲ့အတိုင်းပဲ၊ ကင်းဘတ်ဖိနပ်သမားက ဟောဒီမြင်းလှည်းပေါ်က ဆင်းလာတာဗျ။ အပြန်မှာ လူတစ်ယောက်ပါသွားသေးတယ်။ ဘီးရာက ပိုပြီးနက်နေတယ်လေ။ ဒါပေမဲ့ အဲဒီလူရဲ့ ခြေရာကိုတော့ မြင်းလှည်းနားမှာ မတွေ့ရဘူး၊ ဆိုလိုတာကတော့ ကင်းဘတ်ဖိနပ်သမားဟာ အဲဒီလူကို ထမ်းပိုးခေါ်လာတဲ့သဘောပဲ၊ ခြေရာတချို့ဟာ ပိုပြီး နက်နေတယ်လေဗျာ။

ကဲ . . . စဉ်းစားစရာ တစ်ချက်ပဲ ရှိတော့တယ်။ လူတစ်ယောက်ကို ဖမ်းထားတဲ့အတွက် ကင်းဘတ်ဖိနပ်သမားက မြင်းလှည်းနဲ့ဝင်ပြီး လာကယ်တာဗျ၊ ဒီတော့ ဒီကလူတွေကလဲ

www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းနေကြမှာ မဟုတ်ဘူး၊ ခြံဝမှာ အစောင့်ထားကြလိမ့်မယ်။ အစောင့်က ဒီမြင်းလှည်းကို ဘာဖြစ်လို့ ရှောရှောရှူရှူ လွှတ်ပေးလိုက်တာလဲ၊ အဲဒါ စဉ်းစားစရာအချက်ပဲဗျ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ကျွန်ုပ်က . . .

"ကင်းဘတ်ဖိနပ်သမားဟာ . . . မြင်းလှည်းနဲ့ရောက်လာပြီး ခြံဝက အစောင့်ကို အလျင် တိုက်ခိုက်မယ်ဗျာ၊ ပြီးမှ အထဲကို ဝင်လာတာ မဖြစ်နိုင်ဘူးလား" ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်း၍ . . .

"ကင်းဘတ်ဖိနပ်သမားဟာ ဒီလောက်မညံ့ဘူးဗျ။ ခြံဝက အစောင့်နဲ့ တိုက်ခိုက်နေရရင် ဝရုန်းသုန်းကားဖြစ်ပြီး အိမ်ကြီးပေါ်က လူတွေ သိကုန်မှာပေါ့ဗျာ၊ အဲဒီတော့ မတိုက်ခိုက်ရတဲ့နည်းကို သုံးလိမ့်မယ်။ ကျုပ် ထင်တာကတော့ ဒီမြင်းလှည်းဟာ ဒီခြံကို အဝင်အထွက်လုပ်နေတဲ့ မြင်းလှည်းပဲ ဖြစ်ရမယ်။ အဲဒီအခါမှာ မြင်းလှည်းသမားကို ဖြစ်တဲ့နည်းနဲ့ ဆွဲချပြီး ကင်းဘတ်ဖိနပ်သမားဟာ ဖြစ်တဲ့နည်းနဲ့ မြင်းလှည်းကို ယူစီးလာလိမ့်မယ်။ အဲဒီတော့ . . . မှောင်တလဲ မှောင်နေတယ် မဟုတ်လားဗျာ။ အဲဒီတော့ အစောင့်ကလဲ သူတို့လူမှတ်ပြီး ဖွင့်ပေးလိုက်တာ။ အဲဒီအတိုင်းပဲ ဖြစ်လိမ့်မယ်ဗျို့၊ ကျုပ်တို့ကြည့်ဖို့ တစ်ချက်ပဲရှိတော့တယ်၊ ဟောဟိုကိုင်းတောထဲကိုသွားရအောင်" ဟုဆိုကာ ဆားပုလင်းနှင်းမောင်က အိမ်၏နောက်ဘက် ချောင်းစပ်တွင်ရှိသော ကိုင်းတောထဲသို့ . . . ဖြတ်၍ ဝင်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .



"ကိုင်းတောထဲမှာ ဘာရှိလို့တုန်း အိုင်ဆေးရဲ့" ဟု မေးလိုက်သ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"လူတစ်ယောက် ပုန်းနေလိမ့်မယ်၊ လာ . . . လာ၊ ဟိုဘက်ကိုမသွားနဲ့၊ ဟောဟိုဘက်က ကိုင်းဝင်တွေလဲနေတာဟာ ညကသတ်တွေ ချောင်းရေကိုသွယ်ပြီး ပိုက်လုံးနဲ့ပက်ကြလိမ့်မယ်။ လာ . . . လာ ဟိုဘက်ကိုသွားရအောင်" ဟု ဆိုပြီး ဆားပုလင်းနှင်းမောင်သည် ကိုင်းတောထဲဝင်၍ တစ်နေရာသို့အရောက်၌ ဆားပုလင်းနှင်းမောင်သည် ခါးကြားမှ သေနတ်ကို ဆွဲထုတ်၍ 'ချောက်' ခနဲ မောင်းတင်လိုက်ပြီးလျှင် . . . အောက်ဘက်သို့ ချိန်ရွယ်ကာ . . .

"ဟေ့ကောင် လက်မြှောက်ထား" ဟု ပြောလိုက်သဖြင့် ကျွန်ုပ်ရောဦးကိုကိုကြီးပါ ကိုင်းတောအတွင်းခါးတစ်ဝက်လောက်ရှိသောကျင်း၌ လူတစ်ယောက်သည် လက်မြှောက်၍ ရပ်နေသည်ကို တွေ့ရလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ဒီကောင့်လက်မောင်းက အကျီကိုဆွဲဖြဲပြီး ကြည့်လိုက်စမ်းပါဗျာ၊ ဘာများရှိသလဲဆိုတာ တွေ့ရလိမ့်မယ်" ဟု ဆိုသဖြင့် ဦးကိုကိုကြီးသည် ထိုလက်မြှောက်ထားသောလူ၏လက်မောင်းအတွင်းသို့ကြည့်လိုက်ရာ အနက်စက်ကလေးတစ်ခုကို တွေ့ရလေ၏။ ဦးကိုကိုကြီးသည် သေချာစွာ ငုံ့၍ ကြည့်ပြီးလျှင် . . .

"မင့်ကူကလေးဗျ၊ မြွေဆေးနဲ့ တူပါရဲ့ဗျာ" ဟု ပြောလိုက်သဖြင့် ဆားပုလင်းနှင်းမောင်က . . .

www.burmeseclassic.com

www.burmeseclassic.com



"မြွေဆေးဆိုရင် လက်ခုံရယ်၊ ခြေခုံရယ်၊ ဒူးခေါင်းရယ်မှာ ထိုးတယ်ဗျ၊ ဒါ မြွေဆေးမဟုတ်ဘူး၊ ကဲ . . . ကဲ ဒီကောင့်ကို ခေါ်ခဲ့" ဟု ဆိုသဖြင့် ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ထိုသူအား မ,၍ ဆွဲတင်ရလေ၏။ အပေါ်သို့ ရောက်လျှင် ဆားပုလင်းနှင်းမောင်က . . .

"မင်းကို ညက ကန်လိုက်တာ ဘယ်နေရာထိသလဲကွ" ဟု မေးလိုက်ရာ ထိုသူက . . .

"မျက်နှာကိုထိတယ်ခင်ဗျ၊ သွားနှစ်ချောင်း ကျိုးသွားတယ်၊ အဲဒါ ဘယ်သူလဲဗျ" ဟု ပြန်၍ မေးလိုက်လေ၏။

"အေး မင်းသိချင်တာလဲ ငါပြောမယ်၊ ငါသိချင်တာလဲ မင်းကပြော၊ မင်းတို့ဆီက မြင်းလှည်းသမားနာမည်ဘယ်သူတုံး" ဟု မေးလိုက်ရာ ထိုသူက . . .

"မြင့်ဦးပါ၊ သူလား ညက ကျုပ်ကိုကန်တာ" ဟု ပြန်မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"သူ မဟုတ်ဘူးကွ၊ သူက ညဥ့်ဦးကတည်းက အရိုက်ခံသွားရရှာတယ်။ အဲဒီတော့ ဦးကိုကိုကြီး ဒီကောင့်ကို ကားနဲ့တင်သွားပြီး အင်းစိန်ဂါတ်မှာပဲ ချုပ်ထားလိုက်ပါ၊ အမှုစစ်စရာရှိတော့လဲ လွယ်တာပေါ့" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးသည် ၎င်း၏ဘောင်းဘီအိတ်တွင်းမှ လက်ထိတ်ကိုထုတ်၍ ထိုသူအား နောက်ပြန် လက်ထိတ်ခတ်လိုက်ကာ . . .

"တစ်-တရားခံတိုင်းကိုလက်ထိတ်ခတ်ပါ။ နှစ်- လက်ထိတ်ကိုမူ သင့်အနေနှင့် အယုံအကြည်မရှိပါနှင့်၊ လက်ထိတ်ကို တရားခံ မဖြုတ်နိုင် ဟု မည်သည့်အခါမျှ စိတ်မချရပေ။



အဘယ်ကြောင့်ဆိုသော် လက်ထိတ်သည် သက်မဲ့ဖြစ်၍ တရားခံသည် သက်ရှိဖြစ်ရုံမျှမက အကြံဉာဏ်နှင့်ပြည့်စုံသော လူသားတစ်ဦး ဖြစ်နေသောကြောင့်တည်း" ဟု ရွတ်ဆိုလိုက်လေ၏။ ထို့နောက် တရားခံဘက်သို့လှည့်ကာ . . .

"ဟေ့ကောင် . . . ကောင်းကောင်းမွန်မွန် လိုက်ခဲ့နော်၊ အူကြောင်ကြောင်လုပ်ရင်လက်ဝါးနဲ့တွေ့မယ်၊ လက်ဝါးဦးကိုကိုကြီး ဆိုတာ ငါပဲကွ" ဟု ပြောလိုက်လေတော့၏။

ထို့နောက် ဦးကိုကိုကြီးနှင့် ကျွန်ုပ်သည် ထိုတရားခံအား မွေ့၍ ကားပေါ်သို့ တင်ရလေ၏။ ထိုတရားခံမှာ ခြေထောက်နှစ်ချောင်းစလုံး သွင်သွင်ကျိုးနေပြီ ဖြစ်၏။

ဆားပုလင်းနှင်းမောင်သည် ထိုတရားခံ၏ပခုံးကိုပုတ်၍-

"မင်းခြေထောက်တွေ ဖြတ်မပစ်ရအောင် ငါ ကူညီပါ့မယ်ကွာ၊ ဆေးကုခွင့်စောစောရရင် ဖြတ်မပစ်ရပါဘူး။ အဲဒီတော့ မင်းကလဲ တို့မေးတာ ပြောပေါ့ကွာ ငါ့လူရာ၊ မင်းက တို့မေးတာကို မပြောလို့ အချိန်ကြာနေရင် မင်းကိုငါတို့က ဆေးရုံမတင်နိုင်ဘူး။ အဲဒီအခါမှာ မင်းခြေထောက် နှစ်ချောင်းဟာ မျှော်လင့်ချက် မရှိတော့ဘူးပေါ့ကွာ၊ ဒါနဲ့ နေပါဦးကွ၊ မင်းနာမည် ဘယ်သူလဲ" ဟု ဆတ်ခနဲ မေးလိုက်ရာ ထိုသူက ယောင်၍ . . .

"တင့်အောင်မြင့်ပါ ခင်ဗျ"

"အေး အေး၊ ကားပေါ်တက်ကွာ၊ မောင်တင့်အောင်မြင့်ရေ၊ ငါက တရားခံကိုနှိပ်စက်တဲ့ပုလိပ်မဟုတ်ဘူးကွ၊ တတ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



သလောက် တရားခံကို ကူညီပြီး ဥပဒေလမ်းကြောင်းပေါ် တင်ပေးတဲ့သူပါကွာ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ တင်အောင်မြင့်က . . .

"ဒီလိုဆိုရင် ခင်ဗျားက ဆားပုလင်းနှင်းမောင်ပေါ့" ဟု ပြန်၍ မေးလိုက်၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"အေး . . . သူက ဆားပုလင်း နှင်းမောင်၊ သူ့ဘေးမှာ ရပ်နေတာက ဆေးတံ ကိုအောင်သင်း၊ ငါကတော့ လက်ဝါး ကိုကိုကြီး၊ ငါကတော့ တရားခံကိုနှိပ်စက်တဲ့ ပုလိပ်ကွ၊ ဟောဒီ လက်ကြီးကို နမ်းထားစမ်း" ဟု ဆိုကာ တရားခံ၏ နှာခေါင်းဝသို့ သူ၏လက်ဝါးကြီးကို ကပ်လိုက်ပြီးလျှင် ပွတ်ပေးလိုက်လေ၏။

တရားခံလည်း မွှန်၍သွားလေ၏။ ထိုအခါ ဦးကိုကိုကြီး သည် ကားကိုစက်နှိုး၍ နောက်ဘက်တွင်ရှိသောတရားခံအား-

"ဘာဘာ ဘာမှမသိဘူး၊ ဘာဘာတို့ကတော့ ရိုက်ဖို့ပဲ သိတယ်" ဟု ပြော၍ကားကို ဝူးခနဲမောင်းထွက်သွားလေတော့ ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် ပြုံးလိုက်လေတော့၏။

ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်မှာမူ ခြေကျင်လျှောက်၍ လာကြပြီးလျှင် တာမွေဂါတ်သို့ဝင်၏။ ထိုအခါ ရာဇဝတ်အုပ် ဦးသိန်းဇံနှင့်တွေ့လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"ညက ဘာထူးသေးလဲ ကိုသိန်းဇံ" ဟုမေးရာ ရာဇဝတ်အုပ် ကိုသိန်းဇံက . . .

"ဘာမှမထူးပါဘူး ကိုနှင်းမောင်၊ ဗညားဒလလမ်းထိပ်မှာ ပိုင်ရှင်မဲ့တဲ့ မြင်းလှည်းတစ်စီးတွေ့လို့ ပတ်တရောင်လှည့်ရဲ့



ပုလိပ် ယူလာရတယ်" ဟုပြောရာ ဆားပုလင်းနှင်းမောင်သည် ဖြောက်ခနဲ လက်ဖြောက်တီးလိုက်ပြီးလျှင် . . .

"နိပ်တာပဲဗျို့၊ ဒါ မြင့်ဦးရဲ့မြင်းလှည်းပဲ၊ ကျုပ် ယူသွားမယ်" ဟု ပြောရာ ရာဇဝတ်အုပ် ဦးသိန်းဇံက . . .

"မြင့်ဦးဆိုတာ ဆရာ့အသိ မြင်းလှည်းဆရာလား" ဟု မေးလိုက်လေ၏။

'ဆိုပါတော့ဗျာ' ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် ရန်ကုန်မြို့ရှိ ဂါတ်များကို တစ်ဂါတ်ပြီး တစ်ဂါတ် ဖုန်းဆက်နေ လေတော့၏။ ဂါတ်များနှင့် အဆက်အသွယ်ရသော အခါ၌ ၎င်းမေးသောမေးခွန်းမှာ . . .

'မနေ့ညက ဘာထူးသလဲ' ဟူ၍သာ ဖြစ်လေ၏။ ထို့နောက် ဂါတ်တစ်ဂါတ်နှင့်အကြာကြီး စကားပြောနေလေ၏။ ပြီးလျှင် တယ်လီဖုန်းကို ချလိုက်ပြီးနောက် ဆားပုလင်းနှင်းမောင်သည် မြင်းလှည်းပေါ်သို့ တက်လေ၏။ ပြီးလျှင် . . .

"အိုင်ပီ တက်လေ၊ အိုးဘိုဂါတ်ကို သွားကြမယ်" ဟု ပြော ရာ ကျွန်ုပ်လည်း မြင်းလှည်းပေါ်သို့ တက်ရလေ၏။ ထို့နောက် ကျွန်ုပ်က . . .

"အရေးကြီးရင်လဲ ကားနဲ့သွားကြရအောင်ဗျာ၊ မြင်းလှည်း ကြီးနဲ့ မလုပ်စမ်းပါနဲ့၊ ပုံပျက်ပါတယ်" ဟု ပြောသော်လည်း ဆားပုလင်းနှင်းမောင်ကမူ ပြန်၍မပြောတော့ဘဲ ဇက်ကြိုးကို ယမ်းလိုက်ပြီးလျှင် . . .

www.burmeseclassic.com

www.burmeseclassic.com



"မေ့သားကြီး ဆွဲလိုက်စမ်း" ဟု ပြောလိုက်ရာ မြင်းသည် ပြေးလေတော့၏။ အတော်အတန် အရှိန်ရသောအခါ၌ ဆားပုလင်းနှင်းမောင်သည် ဘေးမှ ကျာပွတ်ကိုယူ၍ ဘီး၌ ကလန့်လိုက်ရာ 'တောက် တောက် တောက် တောက်' ဟူသော အသံကလေးမြည်၍သွားရာ မြင်းသည် သဘောကျ၍ ကဆုန်စိုင်းလေတော့၏။ ထို့နောက် ကျွန်ုပ်တို့သည် အိုးဘိုဂါတ်သို့ ရောက်ရှိခဲ့ကြလေတော့၏။ အိုးဘိုဂါတ်သို့ ရောက်လျှင် ရာဇဝတ်အုပ်နှင့် တွေ့ဆုံရာ ရာဇဝတ်အုပ်က . . .

"ညက ကလေးတစ်ယောက် စာလာပေးတယ်ဗျ၊ သူ့စာမှာက . . . လက်မောင်းမှာ ပင့်ကူတံဆိပ်ပါတဲ့ လူဆိုးတစ်ယောက် ဘုရားကရာချောက်အောက်မှာ . . . လဲနေတယ်၊ သွားဖမ်းပါတဲ့၊ ကလေးလဲ စာပေးပြီး ထွက်ပြေးသွားတယ်။ ဒါနဲ့ ကျုပ်တို့လဲ ဘုရားကရာချောက်အောက်ကို အိတ်စီနဲ့ ဝုလိပ်နှစ်ယောက်သွားပြီး ရှာခိုင်းတယ်။ သူ့လက်မောင်းမှာလဲ ပင့်ကူရုပ်လေးပါတယ်။ သူ့ကိုမေးကြည့်တော့ သူက မြင်းလှည်းဆရာပါတဲ့။ မနေ့ညက လူတစ်ယောက်က မြင်းလှည်းငှားမလို့လုပ်ပြီး သူ့ကို ရိုက်ချထားခဲ့ပြီး မြင်းလှည်းကိုယူပြေးပါတယ်တဲ့၊ ဆရာ တွေ့ချင်တွေ့လေ" ဟု ပြောလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

'ထုတ်ပေးစမ်းပါဗျာ' ဟု ဆိုသဖြင့် ဂါတ်စာရေးလည်း အချုပ်ခန်းအတွင်း၌ သွင်းထားသော လူတစ်ယောက်အား ထုတ်၍ ဆားပုလင်းနှင်းမောင်နှင့် တွေ့ပေးလိုက်လေ၏။ ဆားပုလင်းနှင်းမောင်သည် ထိုသူကို တွေ့လျှင်တွေ့ချင်း . . .



"ဟော့ကောင် မြင့်ဦး၊ မင်း မြင်းလှည်းကို ငါ ယူလာခဲ့ပြီ၊ ဟိုမှာ တွေ့လား" ဟု ပြလိုက်ရာ ထိုသူသည် မြင်းလှည်းကို မြင်လျှင် မျက်လုံးပြူး၍သွားလေတော့၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိရှိုက်ဖွာရင်း-

"တင်အောင်မြင့်ကိုငါတို့ဖမ်းထားပြီကွ၊ အခန်းထဲမှာ မင်းတို့ ပိတ်လှောင်ထားတဲ့လူလဲ သေသွားရှာပြီကွ၊ အဲဒီ လူသတ်မှုမှာ မင်းပါတယ်လို့ တင်အောင်မြင့်က ပြောနေတယ်။ ငါက အဲဒါကို လက်မခံဘူးကွ၊ ဘာဖြစ်လို့လဲဆိုတော့ လူသတ်မှုဟာ မနေ့ညက မီးလောင်ခါနီးမှ ဖြစ်တာကွ၊ မင်းက အဲဒီအချိန်မှာ အရိုက်ခံရပြီး အချုပ်ထဲ ရောက်နေပြီလေကွာ၊ ဘယ်လိုလုပ်ပြီး ဒီလူသတ်မှုမှာ မင်းပါမှာတုန်းကွ၊ ညက စက်ဆန်းမှာမီးလောင်တာတော့ မင်းတို့ ဆီမှာ ကြားမှာပေါ့ . . . အဲဒါ တခြားမဟုတ်ဘူးမောင်၊ မင်းတို့ စခန်းကြီး မီးလောင်သွားတာကွ။

"တစ်ခုတော့ ရှိတာပေါ့လေ၊ ဟိုအခန်းထဲမှာ ချုပ်ထားတဲ့ ကောင်ကို အဲဒီအိမ်အရောက် သယ်သွားတာကတော့ မင်းပေါ့ကွာ၊ မင်းရဲ့မြင်းလှည်းနဲ့ပဲ တင်ရမှာမဟုတ်လား။ အေး နောက် တစ်ခု ပြောရဦးမယ်ကွ၊ မနေ့ညက သေတဲ့အထဲမှာ မင်း ဆရာကြီးလဲ ပါတယ်ကွ၊ အဲဒီတော့ မင်းတို့ တစ်ခုပဲ မေးစရာရှိတယ်၊ မင်းတို့ဖမ်းထားတာ ဘယ်သူတုံး" ဟု မေးလိုက်ရာ မြင့်ဦးက မပြောဘဲ ဆားပုလင်းနှင်းမောင်၏မျက်နှာကို ကြည့်နေလေ၏။

"ပွဲရုံကကောင် မဟုတ်လား" ဟု ဆားပုလင်းနှင်းမောင်က မေးပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူကငြိမ်၍ ဆားပုလင်းနှင်းမောင်၏မျက်နှာကို ကြည့်
ကြည့်နေပြန်လေ၏။

ထိုအခါ . . . ဆားပုလင်းနှင်းမောင်က စီးကရက်ပြာ
ခြွေလိုက်ရင်း . . .

"ခွေးနှစ်ကောင် ကြောင်တစ်မြီး ပွဲရုံက ကောင်တွေဆိုတော့
ခွေးနှစ်ကောင်တော့ မဖြစ်နိုင်ဘူး၊ ကြောင်တစ်မြီးပဲ ဖြစ်ရမယ်
မင်းတို့ဖမ်းထားတာ ရေချမ်းမဟုတ်လား၊ သာဉာဏ်နဲ့ သာဖ
ဘယ်မှာလဲ" ဟု မေးလိုက်ရာ မြင့်ဦးက . . .

"ဟုတ်ပါတယ်ခင်ဗျာ . . . အကုန်လုံး ဟုတ်ပါတယ်
ကျွန်တော်အားလုံး ပြောပါ့မယ်" ဟု ဝန်ခံလိုက်ရာ ဆားပုလင်း
နှင်းမောင်သည် မြင့်ဦးအား အိုးဘိုဂါတ်မှ လက်ထိတ်ငှား၍
မြင်းလှည်းပေါ်သို့ တင်ကာ မြင်းလှည်းအမိုးကိုင်းနှင့် ပူး၍
လက်ထိတ်ခတ်လိုက်ပြီးလျှင် . . .

'တစ်ယောက်ပြောတာထက်စာရင် နှစ်ယောက်ပြောတာက
ပိုပြီးကောင်းတာပေါ့ကွာ၊ အဲဒီတော့ မင်းနဲ့ တင်အောင်မြင့်
တစ်လှည့်စီပြောကြ" ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည်
မြင်းလှည်းကို တချွင်ချွင်တခွပ်ခွပ်နှင့် အင်းစိန်ဘက်သို့မောင်းနှင်
လာခဲ့လေတော့သတည်း။

* * * * *

## တရားခံ အစစ်များ မဟုတ်သေး

ထိုညတွင် . . . ဆားပုလင်းနှင်းမောင်သည် မြင့်ဦးနှင့်
တင်အောင်မြင့်ကို စီအိုင်ဒီသို့ခေါ်ကာ တစ်နေရာစီ ခွဲထားကြ
ပြီးလျှင် စစ်ဆေးလေတော့၏။

ဆားပုလင်းနှင်းမောင်သည် မြင့်ဦးဆီသို့သွားလိုက် မေးခွန်း
များ ထုတ်လိုက်၊ တင်အောင်မြင့်ဆီ သွားလိုက် မေးခွန်းများ
ထုတ်လိုက်နှင့် အလုပ်ရှုပ်နေလေတော့၏။

ကျွန်ုပ်မှာမူ တစ်ညလုံး . . . ဆားပုလင်းနှင်းမောင်အား
လက်ဖက်ရည် ငှဲ့ပေးသော တာဝန်ကိုသာ ယူရလေတော့၏။
ဦးကိုကိုကြီးမှာမူ အိပ်ပျော်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



နာရီပြန် နှစ်ချက်ထိုးသောအခါ၌မူ . . . ဦးကိုကိုကြီးသည် အိပ်ပျော်နေရာမှ 'ဆတ်ခနဲ' နိုးလာပြီးလျှင် ကျွန်ုပ်ငှဲ့ထားသော လက်ဖက်ရည်ကို မော့လေတော့၏။ ထိုအခါ ကျွန်ုပ်က . . .

"ဘယ်လိုဖြစ်တာလဲ . . . ဦးကိုကိုကြီးရဲ့" ဟု မေးရာ ဦးကိုကိုကြီးက . . .

"ဘာဘာ ဘာမှမသိဘူး၊ ဘာဘာ အိပ်ချင်တာပဲ သိတယ်၊ ဘာဘာက ဘာမှမသိပေမယ့် ဆားပုလင်းနှင်းမောင်က အကုန်သိတယ်။ သူက ရက်ကန်းလွန်း ကျနေတာပဲ၊ ဟိုဘက်ခန်းကူးလိုက်၊ ဒီဘက်ခန်းထဲ ဝင်လိုက်နဲ့ ဘာတွေ ဖြစ်ကုန်ပြီလဲ မဆိုနိုင်ဘူး၊ ခင်ဗျားကလဲ ဘာမှ မလုပ်ဘူး။ လက်ဖက်ရည်ပဲ ထိုင်ငှဲ့နေတာပဲ" ဟု အပြစ်တင်လိုက်ရာ ကျွန်ုပ်က . . .

"ကိုယ်ကျွမ်းတာ ကိုယ်လုပ်ရတာလေဗျာ၊ အပြစ်မတင်စမ်းပါနဲ့ဗျာ" ဟု ပြောလိုက်လေတော့၏။

မိုးလင်းသောအခါ၌ ဆားပုလင်းနှင်းမောင်သည် ကျွန်ုပ်နှင့် ဦးကိုကိုကြီးကို ခေါ်ယူကာ . . .

"ပေငါးဆယ်က ဝက်နံရိုးပေါင်းနဲ့ လက်ဖက်ရည်အချိုလေး သွားသောက်ကြရအောင်ဗျာ"ဟုပြောလိုက်ရာ ဦးကိုကိုကြီးက-

"လောင်းကြေးစားကြေး လုပ်ဦးမလား" ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က . . .

"မလုပ်ပါနဲ့ဗျာ၊ ကျုပ်ပဲ ကျွေးပါ့မယ်၊ တစ်ညလုံးလဲ ဆာလိုက်တာ လွန်ပါရော" ဟု ပြောရာ ဦးကိုကိုကြီးက . . .



"လောင်းကြေးစားကြေးလုပ်ရင်လဲ ခင်ဗျားပဲ ကျွေးရမှာ၊ ခင်ဗျား ဘာတွေပြောနေတာလဲ၊ ကျုပ် နှစ်ပွဲစားမယ် ကျွေးနိုင်ရဲ့လား" ဟု ပြောလေ၏။

ထို့နောက် ကျွန်ုပ်တို့သုံးဦးသည် စီအိုင်ဒီရှိ အော်စတင်ကားစုတ်ကြီးကိုထုတ်၍ ပေငါးဆယ်ဆီသို့ ထွက်လာပြီးလျှင် ဝက်နံရိုးပေါင်းနှင့် လက်ဖက်ရည် သောက်လေ၏။

ထို့နောက် အပြန်ခရီးတွင် ဆားပုလင်းနှင်းမောင်က ကားကို မောင်းလေ၏။ ရွှေဂုံတိုင်သို့ရောက်သောအခါ၌ ခြံဝင်းကျယ်ကြီး တစ်ခုရှေ့တွင် ရပ်လိုက်ပြီးလျှင် မာလီကုလားအား . . .

"ခင်မေရီကို ခေါ်ပေးစမ်းပါ" ဟု ပြောလိုက်ရာ မာလီကုလားလည်း အိမ်ဆီသို့သွားပြီးလျှင် ခင်မေရီကို ခေါ်ပေးလေ၏။ ခင်မေရီသည် ဆားပုလင်းနှင်းမောင်အား မြင်လျှင် . . .

"ဘာကိစ္စများပါလဲရှင်" ဟု မေးလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"မောင်ရေချမ်း တစ်ယောက် အိပ်နေတုန်းပဲလား၊ ဘာမှ မကြောက်ပါနဲ့၊ ကျုပ်တို့က စုံထောက်ဘက်ကပါ၊ မောင်ရေချမ်းကို မနှိုးချင်း မနှိုးပါနဲ့၊ မြင်းလှည်းသမားကြီး လာပေးထားတဲ့ စာတွေရှိတယ် မဟုတ်လား၊ အဲဒီစာတွေ ခဏပေးစမ်းပါ" ဟု ဆိုကာ ခင်မေရီထံမှ စာများကို တောင်းလေ၏။ ခင်မေရီသည် တစ်စုံတစ်ရာ ငြင်းဆိုမည်လုပ်ပြီးနောက် . . .

"ဟုတ်ကဲ့ ရှိပါတယ်" ဟုဆိုကာ အိမ်ပေါ်သို့တက်သွားလေ၏။ ထိုအခါဆားပုလင်းနှင်းမောင်က ကျွန်ုပ်တို့ဘက်သို့လှည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ရေချမ်းဆိုတဲ့ကောင် အိပ်နေတာ မဟုတ်ဘူးဗျ၊ ဟောဟို တရုတ်ကတ်ကနေ ချောင်းကြည့်နေတာ . . . စောစောက အဲဒီ တရုတ်ကတ် ပိတ်ထားတယ်။ အခုမှ နည်းနည်းကလေး အပေါ်ကို မော့သွားတယ်" ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ထိုနေရာသို့ မော့၍ ကြည့်ပြီးနောက် . . .

"ဒီကောင်တရားခံလားဗျ၊ တရားခံဆိုရင် အခုပဲ တက်ဖမ်းမယ်ဗျာ" ဟု ကျွန်ုပ်ကပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က ခေါင်းကို အနည်းငယ် ယမ်းလိုက်ပြီးနောက် . . .

"ဒီကောင် တရားခံ မဟုတ်ဘူးဗျ၊ ပြီးတော့ ဖမ်းထားဖို့လဲ မလိုပါဘူးဗျာ" ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက ကျွန်ုပ်အား-

"ဘာဘာ ဘာမှမသိဘဲ ဘာတွေလျှောက်ပြောနေတာလဲ" ဟု သရော်လိုက်လေတော့၏။ များမကြာမီ၌မှာပင် ခင်မေရီဆိုသော မိန်းမချောလေးသည် စာ သုံးလေးစောင်နှင့်အတူ ဆင်းလာပြီးလျှင် ဆားပုလင်းနှင်းမောင်အား ပေးလေ၏။ ဆားပုလင်းနှင်းမောင်သည် ထိုစာများကိုဖတ်ပြီးနောက် ခင်မေရီအား ပြန်၍ ပေးလိုက်လေ၏။

"ဒီမှာ ခင်မေရီ အရေးအကြောင်းရှိရင် ၂၉၅၊ ဘိုးလိန်းလမ်း ဆားပုလင်းနှင်းမောင်နဲ့ ဆက်သွယ်ပါ။ ဘာမှမကြောက်ပါနဲ့" ဟု ပြောဆိုကာ ကားပေါ်သို့တက်၍ ကားကို မောင်းထွက်ခဲ့လေတော့၏။

ထို့နောက် ကြည့်မြင်တိုင်ဆိပ်ကမ်းဘက်ဆီသို့ သွားပြီးလျှင် 'ပေဒါရီ' ပွဲရုံဆိုသောနေရာ၌ မော်တော်ကားကိုရပ်လိုက်လေ၏။



ထို့နောက် ပွဲရုံဆီသို့ ဆင်းသွားသောကြောင့် ကျွန်ုပ်တို့သည်လည်း လိုက်၍သွားကြလေ၏။ ပွဲရုံမှာ လူ အတော်အတန်ရှင်းနေလေ၏။ ခပ်ချောချော မိန်းမတစ်ဦးသာလျှင် ထိုင်၍ ကုန်စာရင်း မှတ်နေလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က ထိုမိန်းမအား . . .

"သာဉာဏ်တို့ သာဖန်တို့ ဘယ်သွားသလဲ" ဟု မေးလိုက်လေ၏။ ထိုအခါ ထိုမိန်းမက . . .

"ဘာကိစ္စ မေးတာလဲ" ဟု ပြန်၍ မေးလေ၏။

"ဘာကိစ္စလဲဆိုတော့ ကျုပ်ဟာ စုံထောက်ဘက်ကပဲ" ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ထိုမိန်းမလည်း ပြန်၍ မမေးဝံ့တော့ဘဲ . . .

"ပင်လယ်ပိုင်းကို ကုန်လိုလို့ ကုန်သွားယူကြတယ်" ဟု ပြန်၍ ပြောလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က . . .

"အေး အေး၊ ပြန်လာရင် ဘယ်မှမသွားနဲ့လို့၊ တို့အလိုရှိရင် ခေါ်မယ်" ဟုဆိုရာ ကျွန်ုပ်က . . .

"အိုင်ဆေး ဖမ်းဖို့လိုသလား၊ ဖမ်းဖို့လိုရင် ဒီမိန်းမကိုလဲ ဖမ်းမယ်ဗျာ၊ ပင်လယ်ပိုင်းကိုလဲ ရေဂါတ်နဲ့ အကြောင်းကြားပြီး လိုက်ဖမ်းမယ်" ဟု ပြောရာ ဆားပုလင်း နှင်းမောင်သည် ခေါင်းကို အနည်းငယ်ယမ်း၍ . . .

"မဟုတ်ပါဘူးဗျာ၊ ဖမ်းဖို့မလိုသေးပါဘူး" ဟု ပြန်၍ ပြောလိုက်လျှင် ဦးကိုကိုကြီးက ကျွန်ုပ်အား . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာဘာ ဘာမှမသိဘဲ ဘာတွေလျှောက်ပြောနေတာလဲ" ဟု သရော်လေတော့၏။ ထို့နောက် ဆားပုလင်းနှင်းမောင်သည် ၎င်းနေထိုင်ရာ ၂၉၅၊ ဘိုးလိန်းလမ်းဆီသို့ မော်တော်ကားကို မောင်းနှင်ခဲ့လေတော့၏။ လမ်းတွင် ဦးကိုကိုကြီးက . . .

"အိုင်ဆေး၊ အခုမိထားတဲ့ကောင်တွေက လူသတ်တရားခံတွေလား၊ ဟိုအိမ်ကြီးမီးလောင်တဲ့အမှုက ကောင်တွေလား" ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က . . .

"တရားခံတွေဆိုတာတော့ မှန်ကောင်း မှန်လိမ့်မယ်ဗျာ၊ ဒါပေမဲ့ ကျုပ်လိုချင်တဲ့ လူသတ်တရားခံတွေတော့ မဟုတ်သေးဘူး၊ သယ်နီးကျွန်းက ဦးစံမတူရယ်၊ ကျုပ်တို့ အလောင်းတွေ ဖော်ကြည့်တဲ့ လူသတ်မှုဟာ တစ်ဆက်တည်းဗျ။ ပြီးတော့ မနေ့ညက မီးလောင်တဲ့အမှု၊ မြင်းလှည်းသမား မြင်းလှည်းအလုခံရတဲ့အမှု၊ မှော်ဘီနဲ့ တိုက်ကြီးကြား‌မှာ ကဗျာရွတ်ဆိုသွားတဲ့ ကားမားပြ အမှု၊ ပင်လယ်ပိုင်းက ဂါတ်တစ်ဂါတ်မှာ အချုပ်စောင့်စနှရီကို 'ဘာဘာ ဘာမှမသိဘူး' ဆိုပြီး လူလည်ကျ လွတ်မြောက်သွားတဲ့အမှု၊ အဲဒီအမှုတွေဟာ . . . သတ်သတ်စီမဟုတ်ဘူးဗျ။ အမ်စီကြိုးလိုပဲ ကွင်းကလေးတွေ ဆက်ထားတာဗျ"

"ဒါပေမဲ့ ဒီအမှုတွေရဲ့ မြစ်ဖျားခံရာကတော့ ရေချမ်းဆိုတဲ့ကောင်လေးပဲဗျ။ အမှန်တော့ . . . ရေချမ်းကိုယ်တိုင်တောင် သူ့အဖြစ်ကို သူ အစက သိရှာမှာ မဟုတ်ဘူးဗျ။ ခင်ဗျားတို့မှတ်မိမှာပေါ့ဗျာ၊ စိန်လျှောင်ပွဲရုံက တရုတ်ရွှေခေါ်ဆီကို ကျုပ်တို့ သွားစုံစမ်းတော့ ရေချမ်းဟာ သူ့ဆရာမုတ်ဆိတ်ဖြူကြီးအပ်သွားတဲ့



အိတ်နီကလေးကို လာယူသွားတယ်လို့ ရွှေခေါ်က ပြောတယ် မဟုတ်လား၊ အဲဒီအိတ်နီလေးဟာ သိပ် အရေးကြီးလိမ့်မယ်၊ ရတနာမြေပုံတစ်ခုပါလို့ . . . အဲဒီနောက်ကို လူဆိုးတွေက တစ်ယောက်ကိုတစ်ယောက် သတ်ဖြတ်ပြီး အတင်းအဓမ္မ လိုက်နေကြတယ် ထင်ပါရဲ့ဗျာ"

"အဲဒီအထဲမှာ ပင့်ကူအဖွဲ့က အလှုပ်ရှားဆုံးဗျ၊ ကျုပ် အထင်တော့ ရေချမ်းရထားတဲ့ အိတ်နီလေးထဲမှာပါတဲ့ ရတနာမြေပုံဟာ တစ်ဝက်တစ်ပိုင်းပဲ ဖြစ်ရမယ်။ ကျန်တဲ့တစ်ပိုင်းဟာ ပင့်ကူတွေထဲက တစ်ယောက်ယောက်ဆီမှာ ရှိလိမ့်မယ်။ ပြီးတော့ ရေချမ်းဟာလဲ တစ်ယောက်တည်းတော့ မဟုတ်ဘူး၊ သူ့ဘက်က အကာအကွယ်ပေးမယ့် လူအချို့လဲ ရှိနေလိမ့်မယ်။ ဒါပေမဲ့ ခုတော့ ကျုပ်လဲအိပ်ရေးပျက်လှပြီ၊ အိပ်လိုက်ဦးမယ်" ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် သူ့၏အခန်းသို့ ဝင်ကာ ကျွန်ုပ်တို့အား လက်ပြ နှုတ်ဆက်၍ တံခါးကို ပိတ်လိုက်လေတော့၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးတို့သည် စီအိုင်ဒီသို့ ပြန်ခဲ့ကြရလေတော့၏။ လမ်းတွင် ကျွန်ုပ်က . . .

"အမှုတွေကလဲ အများကြီးပဲဗျာ၊ ဖမ်းတာတွေလဲ ဖမ်းထားပြီးပြီ၊ ဒီကြားထဲ ကျုပ်တို့ ကိုနှင်းမောင်ကြီးက တရားခံမမိသေးဘူးလို့ ပြောနေတယ်။ ပြီးတော့လဲ အမှုထဲပါတဲ့ လူတွေကိုလဲ မဖမ်းဘဲ လွှတ်ထားတာ ရှိသေးတယ်ဗျ။ စောစောက ခင်မေရီတို့၊ ရေချမ်းတို့၊ ဗေဒါရီ ပွဲရုံတို့ဆိုတာတွေက ဖမ်းလဲ မဖမ်းဘဲ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လုပ်ထားမှန်း မသိပါဘူးဗျာ၊ ခင်ဗျားရော ဘယ်လို သဘောရသလဲ" ဟု မေးလိုက်ရာ ဦးကိုကိုကြီးက . . .

"ဘာဘာ ဘာမှမသိဘူး၊ ဘာဘာ အိပ်ချင်တာပဲ သိတယ်။ မြန်မြန်မောင်းဗျာ၊ အမှုအကြောင်း မမေးနဲ့၊ အဲဒီအမှုအကြောင်းကို ကျုပ်များ စဉ်းစားနိုင်ရင်ဗျာ ကျုပ် ဒီလိုတောင် မနေရဘူး၊ စုံထောက်မင်းကြီးဖြစ်တာ ကြာလှပြီ၊ တစ်ခုမှကို မစဉ်းစားနိုင်ပါဘူး၊ ယုံပါ ကိုယ့်လူရာ" ဟု ပြောလိုက်ကာ ကျွန်ုပ်၏ဘေး၌ 'တခေါ်ခေါ်' နှင့် အိပ်ပျော်ကာ လိုက်ပါလာခဲ့လေတော့သတည်း။

* * * * *



တန်နိုးပေါင်း ၃၇

နောက်တစ်နေ့တွင် ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ဆားပုလင်းနှင်းမောင်အိမ်သို့ သွားကြရာ အိမ်တံခါး ပိတ်ထားသည်ကို တွေ့ရလေ၏။

ထို့နောက် ၎င်း၏တပည့် ကုလားလေးတစ်ယောက် ပြေးလာပြီးလျှင် ကျွန်ုပ်အားဆလံပေး၍ စာတစ်စောင် ပေးလေ၏။ ကျွန်ုပ်လည်း ထိုစာကိုယူ၍ ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။

> အိုင်ပီနဲ့ ဦးကိုကိုကြီး -
>
> ဒီမနက် (၅) နာရီကပဲ ကျုပ်တော့ ခရီးထွက်သွားပြီ။ တရားခံအစစ်တွေကို လက်ထိတ်ခတ်နိုင်ကောင်းပါရဲ့၊ ဦးကိုကိုကြီးကို ပြောချင်တာကတော့ ကျုပ် ပြန်လာရင် ပျော်ပျော်ပါးပါးကြီး တစ်နေရာသွားပြီး စားကြသေးတာပေါ့၊ အိုင်ပီအတွက်ကတော့ အလွန်အင်မတန်ကောင်းတဲ့ ဇာတ်လမ်းတစ်ခု ရကောင်းတန်ပါရဲ့။
>
> နှင်းမောင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထိုစာကိုဖတ်ကြည့်ပြီးနောက် ဦးကိုကိုကြီးအား ပေးလိုက်လေ၏။ ဦးကိုကိုကြီးသည် ဖတ်ကြည့်ပြန်၍ . . .

"လုပ်ပြီကွ၊ ဘယ်ကိုသွားမှန်းလဲ မသိ၊ ဘယ်လောက်ကြာမှန်းလဲ မသိ၊ ဘာကိစ္စမှန်းလဲ မသိ၊ သွားပြန်ပြီဟေ့။ ဆားပုလင်းနှင့်မောင်နောက် လိုက်ရတာကလဲ အမှုမပေါ်မချင်း ဘာမှန်းကို မသိပါဘူး ဟဲ ဟဲ၊ အမှုကြီး ပေါ်သွားတော့လဲ သူ့ဟာနဲ့သူ ဟုတ်နေတာပဲ၊ သူများ ရှင်းပြလိုက်ပြီဆိုရင် ကျုပ်လေ အမှုကြီး တစ်ခုလုံးကို သဘောပေါက်သွားတာပဲ၊ မရှင်းပြမချင်းတော့ လာမမေးနဲ့ဗျို့၊ ဘာတွေဖြစ်လို့ ဘာတွေမှန်းကို မသိဘူး" ဟု ပြောလိုက်လေ၏။ ထို့နောက် ဦးကိုကိုကြီးသည် ကျွန်ုပ်၏ ပခုံးကို လာ၍ပုတ်လေ၏။ ထို့နောက် . . .

"ကဲပါ အိုင်ပီရယ် . . . ခင်ဗျားနဲ့ ကျုပ်ပဲ ပေါင်းဆယ်က ဝက်နံရိုးပေါင်းလေး သွားပြီး စားရအောင်" ဟု ခေါ်လေ၏။ ထိုအခါ ကျွန်ုပ်က . . .

"ခင်ဗျားခေါ်တာနော်၊ ဟိုကျတော့ ဘာဘာ ဘာမှမသိဘူး မလုပ်နဲ့၊ ခင်ဗျား ပိုက်ဆံပေးရမယ်နော်၊ ကျုပ်မှာ တစ်ပြားမှ မပါဘူး" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးသည် 'တဟားဟား' ရယ်၍ . . .

"မလုပ်ပါဘူးဗျာ၊ ခင်ဗျားကလဲ ကျုပ်ကို ယုံစမ်းပါ၊ အခု တလော ကျုပ်ထောနေတာ ခင်ဗျား မရိပ်မိသေးဘူး ထင်တယ်၊ ကျုပ်တို့မြို့ မီးလောင်တယ်လေဗျာ၊ ကျုပ် ဆုတောင်းတဲ့အတိုင်း ပြည့်ပြီလေ။ ကျုပ်ယောက္ခမကြီးအိမ် မီးလောင်သွားပြီ၊ အခု



သူတို့ ကျုပ်အိမ်ပေါ် ရောက်နေကြပြီ၊ သူတို့မှာ အထုပ်အလေး ပါတယ်ဗျ၊ အဲဒါလေးကို ကျုပ် တတိတတိ ဖြုန်းပေးနေတယ်" ဟု ပြောလေ၏။

ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် ပေါင်းဆယ်သို့ သွား၍ ဝက်နံရိုးပေါင်း စားကြလေ၏။

စား၍ပြီးသောအခါ၌ ဦးကိုကိုကြီးက အိတ်နှစ်ဘက်ကို လက်နှစ်ဖက်နှင့် ပြိုင်တူစမ်းရင်း . . .

"ဆောရီးပဲ ဦးအောင်သင်းရေ၊ ပိုက်ဆံထည့်ထားတဲ့အကျီ နဲ့ ပိုက်ဆံမထည့်ထားတဲ့အကျီ မှားပြီးဝတ်လာမိပြီဗျို့၊ နှစ်ခုစလုံး တလဲ ကာကီရောင်တွေချည်းပဲ မဟုတ်လားဗျာ" ဟု ပြောလေတော့၏။ ထိုအခါ ကျွန်ုပ်က . . .

"ခင်ဗျားကတော့လုပ်ပြီ၊ ကျုပ်မှာလဲ တစ်ပြားမှ မပါဘူးဗျ။ အဲဒါ ဘယ့်နှယ်လုပ်ကြမတုံး" ဟု ပြောလိုက်လေ၏။

"ဒီလိုလုပ်ဗျ၊ ကျုပ်တို့မှာပါတဲ့ . . . စီစစ်ရေးကတ်တွေကို ထောင်ကဲကိုပြပြီး 'စီအိုင်ဒီကဖြစ်ကြောင်း ပြောရတော့မှာမျှော်ဗျာ၊ အဲဒီလိုဆိုရင်တော့ ရတန်ကောင်းပါရဲ့" ဟု ပြောလိုက်လေ၏။

'ဆိုင်ထဲမှာက လူတွေ အများကြီးဗျ၊ ရတယ်ပဲ ထားပါဦး။ ဘယ်လောက်ရှက်ဖို့ ကောင်းသလဲ၊ ခင်ဗျားလုပ်လိုက်ရင် ဒီလို ချည်းပဲ" ဟု ကျွန်ုပ်ကပြောရာ ဦးကိုကိုကြီးက . . .

"ခင်ဗျား မပြောရပါဘူးဗျာ၊ ကျုပ် ပြောပျမယ်၊ ခင်ဗျားက အသာကလေး ထိုင်နေပါ" ဟု ဆိုကာ ဆိုင်ရှင် တရုတ်အား ဦးကိုကိုကြီးက ခေါ်၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ထောင်ကဲ၊ ဒါတွေ ဘယ်လောက်ကျသလဲ" ဟု မေးလိုက်ရာ ထောင်ကဲသည် ဝက်နံရိုးပေါင်း ပန်းကန်များကို ရေတွက်ပြီး . . .

"ငါးမတ်" ဟု ပြောလေ၏။ ထိုအခါ ဦးကိုကိုကြီးက အိတ်အတွင်းမှ ကတ်ပြားကိုထုတ်၍ ထောင်ကဲအားပြရာ ထောင်ကဲက ကတ်ပြားကိုယူကြည့်ပြီးလျှင် ကတ်ပြား၌ပါသော ဓာတ်ပုံကို ကြည့်ရှုကာ . . .

"ခင်ဗျား အလျင်က အတော်ပိန်တာပဲ၊ အခု အတော်ဝလာပြီ၊ အဲဒါကို ကျုပ်ကိုပြောချင်တာလား၊ ဒါပေါ့ဗျာ၊ စိတ်ချမ်းသာရင် ဝတာပေါ့၊ ကဲ ကဲ အားလုံး ငါးမတ်ကျတယ်" ဟု ပြောလေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

"မင်းကို ဝတာ၊ ပိန်တာ ပြတာမဟုတ်ဘူး၊ ငါတို့ဟာ စီအိုင်ဒီက စုံထောက်တွေဖြစ်ကြောင်းပြတာ" ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။ ထိုအခါ ဆိုင်ရှင်တရုတ်က . . .

"ဩော် . . . စုံထောက်တွေလား၊ အမှုရှိရင် လာပြီးပြောမယ်လေ၊ ဝက်နံရိုးပေါင်း ငါးမတ်ကျတယ်" ဟု ပြောလိုက်ရာ အနီးအပါးမှလူများသည် ပြုံး၍ ကြည့်ကြလေ၏။ ကျွန်ုပ်မှာ ရှက်လွန်း၍ ခေါင်းကို ငုံ့နေရလေ၏။

"ဒီလိုကွ ထောင်ကဲရ . . . မင်းကို အမှုအပ်ဖို့ပြောနေတာ မဟုတ်ဘူး၊ ငါတို့မှာက အခက်အခဲတစ်ခုရှိနေတယ်။ အဲဒါက မင်းကူညီမှ . . . ဖြစ်မှာ" ဟု ဦးကိုကိုကြီးက ပြောလိုက်ရာ ထောင်ကဲက . . .



"ဩော် . . . သိပြီ၊ သိပြီ၊ ဆရာကြီး အိမ်သာတတ်ချင်တယ် ထင်တယ်" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးသည် . . .

"တခြားမှာဆို ကျုပ် ရိုက်ပြီဗျာ" ဟု ပြောလိုက်ရာ ဆိုင်ရှင်တရုတ်က . . .

"မရိုက်နဲ့လေ၊ ဆရာကြီးဖြစ်ချင်တာကို ပြောပါ။ အားလုံးဖြစ်ရမှာပေါ့၊ ဝက်နံရိုးပေါင်းက ငါးမတ်ပဲ ကျပါတယ်" ဟု ပြောလိုက်လေ၏။

ထိုအချိန်၌မှာပင် . . . ကျွန်ုပ်တို့စီအိုင်ဒီမှ ပြာတာကလေး မောင်ညိုသည် ဟှာယီးဟှာယာနှင့်ဝင်လာလေတော့၏။ မောင်ညိုသည် ဦးကိုကိုကြီးကို မြင်လျှင်မြင်ချင်း . . .

"ဟာ ဆရာဦးကိုကိုကြီးပါလား" ဟု နှုတ်ဆက်လိုက်လျှင် လိုက်ချင်း ဦးကိုကိုကြီးက . . .

"ဟာ မောင်ညိုရာ၊ မင်းမျက်နှာကို မြင်လိုက်ရတာလေ တမ္ဘာဦးလူသားတွေ စန္ဒာလမင်းကြီးကို မြင်လိုက်ရသလိုပါပဲ၊ အဲဒီတရုတ်ကို ပိုက်ဆံငါးမတ် ပေးလိုက်စမ်းပါကွာ" ဟု ပြောလိုက်ရာ ပြာတာမောင်ညိုသည် ပိုက်ဆံကိုနှိုက်ရင်း . . .

"ဘယ်လိုဖြစ်တာလဲ" ဟု မေးလိုက်လေ၏။

"မမေးပါနဲ့ကွာ၊ ပေးမှာသာ ပေးလိုက်စမ်းပါ၊ မင်းက တရုတ်ထက်တောင် ဆိုးနေပါလား" ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။ ထိုအခါ မောင်ညိုသည် တရုတ်အား ပိုက်ဆံငါးမတ်ပေးလိုက်ပြီးနောက် ၎င်းကိုယ်တိုင် ဝက်နံရိုးပေါင်းကို စားရင်း . . .

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့မျက်နှာကြီး ကြည့်ရတာ မအီမသာနဲ့" ဟု မေးလိုက်လေ၏။

"နောက်မှ ရှင်းပြမယ်ကွာ၊ မင်းဘာသာမင်းစားနေ၊ ငါတို့ ပြန်မယ်" ဟု ဆိုကာ ဦးကိုကိုကြီးသည် ကျွန်ုပ်အား ခေါ်၍ ဆိုင်ပြင်သို့ ထွက်ခဲ့လေတော့၏။ အပြင်သို့ရောက်သောအခါ၌ ဦးကိုကိုကြီးသည် . . .

"ဦးအောင်သင်းရေ ကျုပ်တို့ရဲ့ကတ်ပြားဟာ ငါးမတ်တောင် မတန်ပါလား၊ မောင်ညို ကယ်ပေလို့၊ မကယ်ရင် အတော့်ကို အရှက်ကွဲဖို့ ရှိတယ်။ အိမ်ကမိန်းမ အပြစ်ပေါ့ဗျာ၊ ကျုပ်အကျႌ အဟောင်းနေရာမှာ . . . သူက အကျႌအသစ်ကိုလာထားတာ အဲဒီမှာ ဒုက္ခရောက်ကုန်တာပေါ့" ဟု ပြောလေ၏။

"ခင်ဗျားမိန်းမကို နောက်ကိုမှာထားပေါ့" ဟု ကျွန်ုပ်က စိတ်မရှည်သောလေသံဖြင့် ပြောရာ ဦးကိုကိုကြီးက . . .

"မှာတာတွေ များပြီဗျ၊ ကျုပ် မိန်းမကလဲ ဘာဆိုဘာမှ မသိဘူး ဆိုတဲ့ မိန်းမမျိုးပဲ" ဟု ပြောလိုက်လေ၏။ ထို့နောက် ကျွန်ုပ်တို့သည် ရုံးသို့ ပြန်ခဲ့လေတော့၏။

ထိုရက်အတွင်း ဦးကိုကိုကြီးမှာမူ ဆုရသော တောသူကြီး များ နှစ်လုံးပြူထုတ်ရန် လိုက်လံဆောင်ရွက်ပေးခြင်းလုပ်ငန်း များအတွက် သူကြီးများက ၎င်းအား ဝိုင်းဝန်းပြုစုသွားကြသည် ဖြစ်ရာ အတော်အတန် ဆူဖြိုးနေလေ၏။

ထို့နောက် ပုလိပ်ဘက်မှခေါ်သော တင်ဒါကိစ္စများလည်း ပေါ်ပေါက်လာသည်ဖြစ်ရာ ၎င်း၏အိမ်နီးချင်း စီးပွားရေးသမား



တစ်ဦးက ပြုစုနေသည်ဖြစ်၍ ကျွန်ုပ်ထံသို့ပင် မရောက်နိုင်ဘဲ ရှိလေတော့၏။

ထို့နောက် ၎င်းနေထိုင်ရာရပ်ကွက်၌ ရုပ်ရှင်ပြစက် အစုတ် တစ်လုံးငှားရမ်း၍ ရုပ်ရှင်ကား အစုတ်အပြတ်များကို ညလုံး ပေါက် ပြသရန် စီစဉ်ပြီးလျှင် ရပ်ကွက်တစ်ခုလုံးကို ကြည့်ခိုင်း လေ၏။

၎င်းကမူ နှစ်ခြိုက်စွာ အိပ်နေသည်ဆို၏။ ဤသို့လျှင် ဦးကိုကိုကြီးသည် မိမိစိတ်၌ထင်သောလုပ်ငန်းများကို တစ်သီ တစ်တန်းကြီး လုပ်နေလေတော့၏။

ဆယ်ရက်ခန့်ကြာသောအခါ၌ ကျွန်ုပ်ထံသို့ ရောက်လာပြီး လျှင် . . .

"ဦးအောင်သင်း . . . မတွေ့ရတာ ကြာပြီနော်" ဟု ပြောလေ၏။

"ဘယ်တွေ့မလဲဗျ၊ ခင်ဗျားက ရုံးမှမတက်ဘဲ၊ ကျုပ်က နေ့တိုင်းရုံးတက်နေတာ၊ ခင်ဗျား ဘယ်ရောက်နေသလဲ၊ လုပ်စမ်း ပါဦး" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက . . .

"သူကြီးတွေ ဆုရနှစ်လုံးပြူ လာထုတ်တာ၊ ဟိုရုံးမသွား တတ်၊ ဒီရုံးမသွားတတ်၊ ဟိုပုံစံ မဖြည့်တတ်၊ ဒီပုံစံ မဖြည့်တတ် ဖြစ်နေကြတယ်လေဗျာ၊ အဲဒါ ကျုပ်က လိုက်လုပ်ပေးနေရတယ်၊ သူများအကျိုးဆောင် ကိုယ့်အကျိုးအောင်နေပါ့ဗျာ၊ ကျုပ်ကအဲ အဲဒါတွေ ဒိုင်ခံပြီး လုပ်ပေးနေရတယ်ဗျ၊ အဲဒါနဲ့ ကျုပ်လဲ အခုတလော ဆူဆူဖြိုးဖြိုး ဖြစ်နေတယ်ဗျ။ သတင်းစာထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့မှာပေါ့၊ ပုလိပ်ဘက်ကခေါ်တဲ့ တင်ဒါတွေလေ၊ အဲဒါတွေ ကြည့်ပြီး ကျုပ်အိမ်နားကလူက ကျုပ်ကို အထင်ကြီးပြီး ပြုစုနေတယ်။ ဘီယာဆိုတာတော့ သောက်ရုံမဟုတ်ဘူး၊ ရေချိုးလို့တောင် ရတယ်။

"အဲ နောက်တစ်ခုကတော့ အခုတလော သူခိုးပူတယ်ဗျ၊ အဲဒီတော့ . . . ကျုပ် ကောင်းကောင်း အိပ်ရအောင်ဆိုပြီး ဘိုင်စကုတ်ကားအစုတ်တွေ ငှားတယ်ဗျာ၊ ပြစက်တွေ ငှားတယ်ဗျာ၊ အော်ပရေတာ ညံ့ညံ့တစ်ယောက်ငှားပြီး ကျုပ်လမ်းထဲမှာ ညလုံးပေါက် ဘိုင်စကုတ်ပြနေတယ်လေဗျာ . . . သူခိုးအတွက် မပူရတော့ဘူး၊ ကျုပ်ကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်တယ်လေဗျာ၊ ဒါနဲ့ ကျုပ်တို့ ကိုနှင်းမောင်ကြီးတစ်ယောက် သတင်း မကြားရပါလား" ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က . . .

"အေးဗျာ မင်းကြီးကလဲပြောနေတယ်၊ ကျုပ်ကို မကြာခဏ မေးနေလို့ အဲဒါနဲ့ ကျုပ်လဲ တရားခံဖမ်းဖို့ခရီးထွက်သွားကြောင်း အစီရင်ခံစာ တင်လိုက်ပြီဗျ" ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက . . .

'ပေငါးဆယ်က ဝက်နံရိုးပေါင်းလေး . . . သွားပြီးစားကြရအောင်" ဟု ပြောလိုက်ရာ ကျွန်ုပ်က . . .

"တော်ပြီ တော်ပြီ၊ လုံး၀ မလိုက်တော့ဘူး" ဟု ပြောလိုက်ရာ ဦးကိုကိုကြီးသည် တဟားဟား ရယ်မောလိုက်လေတော့သတည်း။

* * * * *



## အိုး - ဂုတ်

တစ်နေ့သ၌ ဦးကိုကိုကြီးသည် ကျွန်ုပ်၏ ရုံးခန်းဆီသို့ ပြေးလာလေ၏။

"ဦးအောင်သင်း . . . ဦးအောင်သင်း၊ ဟိုမှာကြည့်စမ်းပါဦးဗျ၊ အညာဘက်က ဆိတ်တင်တဲ့ကားကြီးဝင်လာပြီ။ ဘာပြဿနာ ပေါ်လာပြန်လဲမသိဘူး" ဟု ဦးကိုကိုကြီးက ပြောလိုက်သဖြင့် ကျွန်ုပ်သည် လှမ်း၍ကြည့်လိုက်ရာ လော်ရီကားကြီးကို နှစ်ထပ်ပြုလုပ်၍ ဆိတ်များတင်လာသည်ကို တွေ့ရလေတော့၏။

ထိုကား၏နောက်ဘက်တွင် အကျီကိုအပြင်ထုတ်၍ ဆိတ်၏ မုတ်ဆိတ်နှင့်တူသော မုတ်ဆိတ်ရှိသည့် ကုလားတစ်ဦးသည် အနားမပါသော အနီရောင်ဦးထုပ်တစ်လုံးကို ခေါင်းမှာစွပ်လျက် လိုက်ပါလာလေ၏။ ထိုအခါ ပြာတာမောင်ညိုက . . .

"ဟေ့ ဟေ့ ဘာတွေလဲ၊ ဒါ စီအိုင်ဒီကွ၊ နွားသတ်ရုံ မဟုတ်ဘူး၊ မင်းတို့ နေရာမှားလာကြပြီထင်တယ်။ ဂျောင်း ...ဂျောင်း၊ ဂွလတီးဂျောင်းဟု ပြောသော်လည်း ကားနောက်တွင် ထိုင်လိုက်လာသော ဆိတ်ကုလားသည် ကန့်လန့်လုပ်ထားသော ဝါးလုံးများကို တစ်ခုချင်းဖြုတ်၍ချလိုက်ရာ ဆိတ်များသည် ဆင်းပြေးကာ စီအိုင်ဒီဝင်းအတွင်းအလှစိုက်ထားသောပန်းပင်နှင့် သစ်ပင်တို့ကို စားကြလေ၏။

ထိုအခါ ပြာတာမောင်ညိုသည် ဆိတ်များကိုခဲနှင့်ပစ်ခြောက်လေ၏။

ကားပေါ်တွင် ကျန်သောဆိတ်များမှာလည်း ထပ်မံ၍ ပြေးဆင်းလာကြပြန်ရာ စီအိုင်ဒီဝင်းတစ်ခုလုံး ဆိတ် အကောင်တစ်ရာကျော်ခန့်ဖြင့် ပျံ့နှံ့သွားလေတော့၏။

www.burmeseclassic.com



ဆိတ်တို့သည် ရုံးခန်းအတွင်းသို့ဝင်သည့်ကောင်က ဝင်၏။ ပန်းပင်များကို *စားသည့်ကောင်က စား၏။ တစ်ကောင်နှင့်* တစ်ကောင် ဝှေ့သည့်ကောင်က ဝှေ့၏။

ထို့ပြင် 'ပဲ' ဟူသောအသံဖြင့် ဆူနေသည့်ကောင်က ဆူညံနေ၏။

စီအိုင်ဒီဝင်းအတွင်းရှိ ခွေးဝဲစားများကလည်း အစပထမ၌ ဟောင်သည့်အကောင်က ဟောင်နေသော်လည်း မြောက်မြားစွာသောဆိတ်တို့ကြောင့် မကြာမီအမြီးကုပ်၍ပြေးလေတော့၏။

ပြာတာမောင်ညိုသည် ဆိတ်များကိုမမောင်းတော့ဘဲ အနီးရှိ ဝါးလုံးရှည်ကြီးကိုကိုင်ကာ ဆိတ်ကုလားဆီသို့သွားပြီး ကုလားစကား မတောက်တခေါက်ဖြင့် ဆိတ်ကုလားအား ဆဲလေတော့၏။ ကျွန်ုပ်တို့လည်း ရုံးခန်းအပြင်သို့ထွက်၍ အဖြစ်အပျက်ကို ကြည့်၏။

ကိုအောင်မြင့်တို့လည်း ၎င်းတို့ရုံးခန်းအပြင်သို့ ထွက်၍ ကြည့်၏။

စုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည်ပင်လျှင် ၎င်း၏ ရုံးခန်းမှ ထွက်၍ကြည့်ပြီးလျှင် "အိုး ဂေါ့(ဒ်)"ဟူ၍လည်းကောင်း၊ "အိုး ဂုတ်(ထ်)" ဟူ၍လည်းကောင်း ယောင်ယမ်း၍ အော်လေ၏။ ဆက်လက်၍ မစ္စတာကရစ်ပင်က . . .

"ကျွန်ုပ်တို့ စီအိုင်ဒီကို ဒီကုလားလူမျိုးဟာ အမဲဈေးနဲ့ မှားသွားပြီ။ သူ့ဆိတ်တွေကို ပြန်ပြီးတင်ပေးကြပါ။ ပြီးရင် သူ့ကို အမဲဈေးကို ပြန်ပြီးမောင်းလို့ပြောပါ။ ကျွန်ုပ်အဖို့တော့ ဒီအဖြစ်အပျက်ဟာ ကံကောင်းတာပါပဲ၊ ကျွန်ုပ်ဟာ မတ်လ ၂၀ ရက်နေ့မှာ မွေးတယ်မဟုတ်လား။ မတ်လ ၁၉ ရက်ကနေ ဧပြီလ အရက် ၂၀ အတွင်း မွေးတဲ့လူတွေဟာ ဆိတ်သတ္တဝါရဲ့ အမှတ်တံဆိပ်နဲ့



ပတ်သက်တယ်။ မြန်မာလို ဘာခေါ်သလဲ မဆိုနိုင်ဘူး။ ကျုပ်ရဲ့ နေ့တစ်ချပ်မှာ ကျုပ်ဟာ အေရီး(စ်)ဟောက်စ် ဆိတ်ရဲ့ရာသီမှာ မွေးထားတာ။ သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ်။ လူကလေးတို့ ဆိတ်တွေကိုမရိုက်ပါနဲ့၊ ကားပေါ်ကို ပြန်တင်ပြီး လွှတ်လိုက်ကြပါ" ဟု ပြောလေ၏။

ထိုအခါ၌ ဆိတ်ကုလားသည် ကျွန်ုပ်နှင့် ဦးကိုကိုကြီးထံသို့ လျှောက်လာလေ၏။

ထိုအခါ ဦးကိုကိုကြီးက ကုလားစကားဖြင့် . . .

"ဟေ့ ဘက္ကရီဝါးလား၊ ကျားကမ်းဟေးလ်ဟေ့၊ ဆိတ်ကုလား ဘာကိစ္စလဲကွ"ဟု မေးလိုက်ရာ ဦးထုပ်နီဆောင်း၍ အင်္ကျီကို အပြင်သို့ထုတ်၍ဝတ်ထားသော မုတ်ဆိတ်မွေး အဖွားကော့သည့် ဆိတ်ကုလားသည် . . .

"ဂွတ်ဒ်မောနင်းအိုင်ပီ၊ ဂွတ်ဒ်မောနင်းဦးကိုကိုကြီး၊ ကျုပ်တို့ လိုက်နေတဲ့ လူသတ်မှုတရားခံနဲ့တကွ အရေးကြီးတဲ့ တရားခံ တစ်ဦး ပါလာပြီဗျ၊ တချို့တရားခံတွေတော့ နောက်ကားမှာ ပါလာကြလိမ့်မယ်။ သူတို့ဆီက လက်ကျန်လူဆိုးတွေရှိရင် သူတို့ လူတွေကိုဖမ်းသွားတဲ့အတွက် လမ်းက ဖြတ်လုချင်လုမှာ မဟုတ်လား။ အဲဒါနဲ့ ကျုပ်လဲ အဖိုးချိုချိုနဲ့ ဆိတ်တွေကို ဝယ်တင် လာတာ" ဟု ဆိုလိုက်ပြီး ကုလားသည် မုတ်ဆိတ်မွေးကြီးနှင့် ၎င်း၏အင်္ကျီပွပွကြီးကို ချွတ်လိုက်ရာ ကျွန်ုပ်တို့၏ အားကိုးရဆုံး စုံထောက်ကြီး သို့မဟုတ် ပြည်သူလူထု၏မိတ်ဆွေ ဘားပုလင်းနှင်းမောင်၏ ရုပ်သည် ဘွားဘွားကြီး ပေါ်လာလေတော့၏။

ထို့ကြောင့် ကျွန်ုပ်နှင့်ဦးကိုကိုကြီးသည် ဆိတ်ကားကြီးပေါ် သို့ အူယားဖားယား တက်သွားရာ ကျောချင်းကပ်၍ ကြိုးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တုပ်ထားသော တရားခံနှစ်ဦးကို တွေ့ရှိရသဖြင့် အောက်သို့ချကာ ရုံးခန်းအတွင်းသို့ ပို့လိုက်လေ၏။

ထို့နောက်တွင်လည်း ဆိတ်ကားတစ်စီး ထပ်မံရောက်လာသဖြင့် ဆိတ်ကားပေါ်မှ တရားခံအချို့ကို ရုံးခန်းအတွင်း သွင်းရပြန်၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် အင်းစိန် စီအိုင်ဒီမှ မော်တော်ကားကြီးတစ်စီးကို ယူ၍ မောင်းထွက်သွားပြီးလျှင် တစ်နာရီခန့်ကြာသောအခါ၌ မိန်းမသုံးယောက်နှင့် ယောကျ်ားသုံးယောက်ကို စီအိုင်ဒီသို့ ခေါ်ဆောင်လာခဲ့လေတော့၏။

ယောကျ်ားများကိုမူ ကျွန်ုပ်တို့တွေ့မြင်ဖူးခြင်းမရှိသော်လည်း မိန်းမများကိုမူ ကျွန်ုပ်တို့ကောင်းစွာမှတ်မိပါ၏။ တစ်ဦးမှာဗေဒါရီဆိုသော ပွဲရုံမှ မိန်းမဖြစ်၍ တစ်ဦးမှာ ခင်မေရီ ဆိုသော မိန်းကလေးဖြစ်ပေ၏။ ကျန်တစ်ဦးကိုမူ ကျွန်ုပ်တို့ မသိရှိချေ။

ထို့နောက် ကျွန်ုပ်တို့သည် တရားခံများကို လူခွဲ၍ဖြောင့်ချက်ယူကြလေတော့၏။ ကျွန်ုပ်တို့ ဖြောင့်ချက်ယူသော အချိန်၌ အညာဘက်မှ ကိုနှင်းမောင်သယ်ဆောင်လာသောဆိတ်တို့သည် စီအိုင်ဒီဝင်းအတွင်း၌ မနေတော့ဘဲ အချို့မှာ အင်းစိန်ကမ်းနားဘက်ဆီသို့ သွားလေ၏။ အချို့မှာ ရွာမဘက်သို့သွား၏။ အချို့မှာ ကြို့ကုန်းဘက်သို့ ချီတက်လေ၏။ စီအိုင်ဒီအခန်းအတွင်း၌မူ ဆိတ်သတ္တဝါများ တစ်ကောင်မှ မရှိတော့ပေ။

ထိုအချိန်မှစ၍ အင်းစိန်ကမ်းနား၊ ရွာမ၊ ကြို့ကုန်းဘက်တို့တွင် ဆိတ်သတ္တဝါများ ပေါများသွားလေတော့၏။

ကျွန်ုပ်တို့ အင်းစိန် စီအိုင်ဒီမှ စုံထောက်များသည်လည်း တရားခံများ၊ သက်သေများကို လူခွဲ၍ စစ်ချက်များယူခဲ့ကြရာ



နောက်တစ်နေ့ နေ့လယ် ၂ နာရီကျော်မှပင် အပြီးတိုင်လေတော့၏။

ထိုဖြောင့်ချက်များကို စုပေါင်း၍ ဖတ်ရှုလျှင်ပင် ဝတ္ထုကြီးတစ်ပုဒ်အလား ဖတ်ရှု၍ ရလောက်ပေ၏။ သို့ရာတွင် စစ်ချက်ယူခဲ့ကြသော စုံထောက်အရာရှိများမှာ စာရေးဆရာများ မဟုတ်ရကား ၎င်းတို့၏ရေးသားချက်များသည် ရုံးသဘောဆန်နေ၏။ ပုလိပ်အစီရင်ခံစာကြီးနှင့်လည်း တူနေ၏။

ထို့ကြောင့် ... ကျွန်ုပ်သည် ထိုစစ်ချက်များကို စုပေါင်း၍ စာဖတ်သူများအတွက် ဝတ္ထုသဘောသို့ ပြောင်းလဲရေးသား၍ ဖော်ပြလိုက်ပေသည်။ ထိုဝတ္ထု၌ ရေချမ်းဆိုသောလူတစ်ယောက်သည် အဓိကဇာတ်ကောင် ဖြစ်နေလေ၏။

သို့ရာတွင် မြကျွန်းသာပေါ်မှ မျောက်သုံးကောင်သည်လည်း ဤဝတ္ထု၏သွေးကြောနေရာ၌ပါ၏။ အမြွက်မျှ ဖော်ပြရသော် . . .

တစ်ခါက ရေချမ်းဟုဆိုသည့်လူသားတစ်ဦး ရှိခဲ့ဖူးပါသည်။ သူသည်ဆင်းရဲပင်ပန်းခဲ့ရ၏။ သူ့အဖြစ်သည် ကြေကွဲဝမ်းနည်းဖွယ် ကောင်း၏။ အားကျဖွယ် အတုယူဖွယ်လည်းရှိ၏။ နှလုံးသွေးပျက်ဖွယ်ရာလည်း ပါ၏။ ကြည်နူးဆွတ်ပျံ့ဖွယ်ရာတို့လည်းရှိ၏။ ထိုရေချမ်းဆိုသော လူသားနှင့် မျောက်သုံးကောင်ဟု အမည်ပေးထားသည့် လူဆိုးကြီးများ တွေ့ဆုံကြသောအခါတွင် ဤမည်သောဝတ္ထုဇာတ်လမ်းကြီးသည် ဤလောက၌ ပေါ်ပေါက်ခဲ့ရလေတော့သတည်း။

[စာရေးသူ]

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## ဘုရားပွဲ

တစ်နေ့သ၌ တောမြို့ကလေးတစ်မြို့ရှိ စေတီတော်တစ်ဆူမှ ဂေါပကလူကြီးခေါ် ဘုရားလူကြီး ငါးဦးတို့သည် ဘုရားပွဲကျင်းပရန်အတွက် ဆွေးနွေးတိုင်ပင်နေကြလေ၏။

"ပွဲတော်ရက်ကိုတော့ ရှည်နိုင်သမျှရှည်အောင် လုပ်ရမယ် မဟုတ်ဘူးလားဗျာ" ဟု ဦးစိန်ဟူသော လူကြီးက ပြောလေ၏။

"ရက်ရှည်ဖို့က အရေးမကြီးပါဘူး ကိုစိန်ရယ်၊ စည်ကားဖို့က အရေးကြီးပါတယ်" ဟု ဦးအောင်ဆိုသောလူကြီးက ဆိုပြန်လေ၏။

"ဒီမှာ ကျုပ် တစ်ခုပြောမယ်၊ ရှည်ဖို့လဲ အရေးမကြီးဘူး၊ စည်ဖို့လဲ အရေးမကြီးဘူး၊ အလှူငွေများများရဖို့ အရေးကြီးတယ်ဗျ" ဟု ဦးမြဆိုသော လူကြီးက ပြောပြန်လေ၏။

"ကျုပ်နဲ့ ကိုရင်တို့နဲ့ သဘောချင်းမတွေ့တာ အဲဒါတွေပဲ၊ ရှည်ဖို့လဲ အရေးမကြီးဘူး၊ စည်ဖို့လဲ အရေးမကြီးဘူး၊ ကိုရင်မြပြောသလို အလှူငွေများများရဖို့လဲ အရေးမကြီးဘူး၊ စတုဒီသာတစ်ခုခုတော့ ပါမှ ဘုရားပွဲဆိုတာ ကောင်းတာဗျ၊ အဲဒါ မပါလို့တော့ မဖြစ်ဘူး" ဟု ဦးဘရင်ဆိုသောလူကြီးက ပြောပြန်လေ၏။

ထိုအခါ ဦးသာညဏ်ဆိုသော ဘုရားလူကြီးက 'အဟမ်းဟမ်း' ဟု ချောင်းကိုဟန့်ကာ လည်ချောင်းရှင်းလိုက်ပြီးလျှင် -

"မပြောဘူးလို့ နေတာပဲခင်ဗျာ၊ သို့သော်လဲ မပြောရင်လဲ မပြီး၊ မတီးရင်လဲ မမြည်ဆိုသလို ပြောမှဖြစ်တော့မယ်။ ဟိုရှေးအခါသမယ မဟာသမ္မတမင်း လက်ထက်တော်ကထည်းက သုနာပရန္တ၊ တမ္ဗဒီပ၊ ကမ္ဘောဇ၊ ရာမညာ၊ အို ဇမ္ဗူဒိပ်ကျွန်းအလုံး



ဘုရားပွဲတော်လုပ်တဲ့ထုံးကို ရှုလိုက်ရင်" ဟု ဇာတ်သံပါပါနှင့် စကားကိုချီလိုက်ရာ ဦးစိန်ဆိုသော လူကြီးက . . .

"ဒီမှာကိုရင်သာညဏ် . . . တိုတိုပြောဗျာ၊ ဇာတ်သံလိုလို နတ်သံလိုလို လုပ်မနေနဲ့ ဇာတ်က,နေတာမဟုတ်ဘူး" ဟု ဝင်၍ ကြိမ်းလိုက်ရာ ကျန်သောလူကြီးများကလည်း "ဟုတ်ပါ့ဗျာ" ဟု ဝိုင်း၍ ထောက်ခံကြလေတော့၏။ ထိုအခါ ဦးသာညဏ်ဆိုသော လူကြီးက . . .

"ဒါကြောင့်ပေါ့ခင်ဗျာ၊ မိကျောင်းမင်း ရေခင်းပြ၊ ဘုန်းကြီးတချ၊ နွားရှေ့ထွန်ကျူး ဖြစ်မှာစိုးလို့ ကျုပ် မပြောခဲ့တာပေါ့၊ သို့သော်လဲ ရွှေဘိုစည်ကြီးလို အချက်ကျတီးတော့လဲ အကွက်ကျမြည်ရမယ် မဟုတ်လား၊ အခုတော့ အတိုင်းတိုင်း အပြည်ပြည်ကြားလို့မှ မတင့်တယ်။ မဟာသမ္မတ အာဒိစ္စနွယ်မျိုး နေနန်းရိုး" ဟု ဇာတ်သံဖြင့် စ,လိုက်ပြန်ရာ ဦးစိန်ဆိုသောလူကြီးက . . .

"ကိုရင်သာညဏ်၊ လူဆိုတာ လူစကားပြောရင် နားလည်ဖို့ကောင်းပါတယ်ဗျာ" ဟု ဝင်၍ ကြိမ်းလိုက်ရာ ဦးမြကလည်း "ဟုတ်ပါရဲ့ဗျာ၊ နဘေလိုလို ကာရန်လိုလိုဟာတွေနဲ့ မလုပ်စမ်းပါနဲ့" ဟု ဝင်၍ ကန့်ကွက်လေတော့၏။

ကျန်သော လူကြီးများကလည်း "စိတ်ပျက်စရာဗျာ" ဟု ထောက်ခံကြပြန်၏၊ ထိုအခါ ဦးသာညဏ်က . . .

"တဆိတ်ကလေး သည်းခံတော်မူကြပါ ရွှေပွဲလာတို့၊ မြနှစ်ကျောက်စီ၊ သိင်္ဂီရွှေဓား၊ ကွမ်းစားကွမ်းလောင်း၊ ဘောင်း အသွယ်သွယ်၊ စလွယ်ဆင့်ဆင့်၊ မြို့နှင့်ပြည်ရွာ၊ အရာအထူး၊ ကွန့်မြူးလျှံဝဲ၊ ဖြိမ့်ဖြိမ့်သဲလိမ့်၊ ဆင်းရဲသားမှာ များစွာရွှေမြေ၊ မိုးခြေလယ်ယာ ဥစ္စာမနေ၊ ဟူသမျှကား ရလိမ့်တောင်မြောက်၊ ချမ်းသာရောက်ရာ၊ ရွှေဘုံသာဝယ် "အယ် အယ်" ဟု ဇာတ်ဆန်ဆန်

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုက်ပြန်၏။ ကျန် ရွှေဘုံသာဘုရားလူကြီးတို့သည် နှာခေါင်းကို ရှုံ့၍ "ခက်တယ်ဗျာ" ဟု သံပြိုင်ညည်းညူကြလေတော့၏။

ထိုအခါ ဦးသာညွှန့်သည် အလျှော့မပေးဘဲ "ခက်ပင် ခက်မိုး ခက်စပျိုးက ခက်မိုးသည်းစွာ ရွာပေအံ့၊ အဲဒါကြောင့် အကြမ်းကိုအနုနှင့်အောင်စေရာ၊ အရိုင်းကိုအယဉ်နှင့်အောင်စေရာ၊ အခက်ကိုအလွယ်နှင့်အောင်စေရာ" ဟု ပြောပြန်လေရာ ဦးဘရင်ဆိုသော လူကြီးက . . .

"လိုရင်းကို တိုတိုနဲ့လုပ်စမ်းပါ ကိုရင်သာညွှန့်ရယ်၊ ခုထက်ထိ ခင်ဗျားပြောတာတွေက ဘာတွေပြောနေမှန်းကို ကျုပ်ဖြင့် မသိသေးဘူး" ဟု စိတ်ပျက်သောလေသံဖြင့် ပြောလိုက်လေ၏။

"မသိတာက အဝိဇ္ဇာ၊ အဝိဇ္ဇာတွေ ဖုံးနေတော့ ဘယ်လာသိနိုင်ပါ့မတုံး၊ ကမ္ဘာဦးသူတို့ ကိုယ်ရောင်ကွယ်ကာ အမိုက်အတိဖြစ်သောအခါ၊ အလင်းရောင်ကိုတောင့်တကြတယ်။ အဲဒီတော့ အရှေ့လောကဓာတ်မှာ ရောင်ခြည်တစ်ထောင် ဆောင်သော ဖန်ရဝိန်ဒေါင်းစက်" ဟု ဦးသာညွှန့်က ဆိုပြန်လေ၏။

ထိုအခါ ဦးအောင်ဆိုသောလူကြီးသည် အနီးရှိကဲလားတုတ်ကို ကောက်၍ယူလိုက်ပြီးလျှင် "ဟေ့လူ ခင်ဗျား တော်မလား၊ မတော်ဘူးလား၊ မတော်ရင် ခင်ဗျားခေါင်းကို ဟောဒီတုတ်နဲ့ ရိုက်ခွဲရလိမ့်မယ်" ဟု မျက်နှာကြီးနီမြန်းကာ ကြိမ်းမောင်းလိုက်လျှင် ဦးသာညွှန့်က . . .

"ရက်စက်တော့မှာလား ကိုရင်အောင်ရယ်၊ တလုတ်စားဖူးသူချေးဖူးတဲ့၊ တစ်ဦးမေတ္တာတစ်ဦးမှာ၊ ခင်ဗျား ကျုပ်ခေါင်းကို တကယ်ပဲရိုက်ခွဲတော့မှာပေါ့နော်၊ (အသံကိုရှည်အောင်ဆွဲလိုက်ပြီးလျှင်) ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ မဟီသရဖူမည်သော မြစ်ကြီးသုံးသွယ်၏ မြစ်စောင့်နတ်အပေါင်းတို့သည် လည်းကောင်း။



ဇမ္ဗူရုက္ခော၊ ကျွန်းဦးသပြေပင်ကို စောင့်သော နတ်အပေါင်းတို့သည်လည်းကောင်း။ ကဒမ္ဗော့ါစ၊ အရှေ့ကျွန်းဦး ထိန်ပင်ကြီးကို စောင့်သော နတ်အပေါင်းတို့သည် လည်းကောင်း။ ကပ္ပရုက္ခောစ၊ မြောက်ကျွန်းဦး ပဒေသာပင်၌ စောင့်သော နတ်အပေါင်းတို့သည်လည်းကောင်း။ သိရိသောစ၊ အနောက်ကျွန်းဦး ကုက္ကိုပင်ကို စောင့်သော နတ်အပေါင်းတို့သည် လည်းကောင်း။ ပါဋလိ၊ အသူရာပြည် သခွပ်ပင်ကိုစောင့်သော နတ်အပေါင်းတို့သည်လည်းကောင်း။ သိပ္ပလိ၊ နတ်ဂဠုန်တို့၏ လက်ပံပင်ကို စောင့်သော လက်ပံပင်စောင့် နတ်တို့သည် လည်းကောင်း။ ပါရိဆတ္တကော၊ တာဝတိံသာ ကသစ်ပင်ကို စောင့်သော နတ်အပေါင်းတို့သည်လည်းကောင်း၊ ကျွန်ုပ်အား ဒေါသဖြိုင်ဖြိုင် တုတ်ကြီးကိုင်လျက် တကဲကဲရိုက်မည်ရှိသော ဟောဒီ ဦးအောင်ဆိုသည့် လူကြီး၏ ကဲလားတုတ်ကြီးဘေးမှ ပါလယန္တု၊ စောင့်ရှောက်ကြပါစေကုန်သတည်း"ဟု ရှည်လျားစွာ ဆို၍ အသံကိုချလိုက်သည့်တစ်ခဏ၌ ဦးအောင်ဆိုသောလူကြီးသည် စိတ်ကိုမထိန်းနိုင်တော့ဘဲ လက်ထဲတွင် ကိုင်ထားသော ကဲလားတုတ်ကြီးဖြင့် ဦးသာညွှန့်ခေါင်းကို တစ်အားလွှဲ၍ ခွပ်ခနဲ ရိုက်ချလိုက်လေတော့၏။

ဇာတ်သံနှော၍ လေကြောရှည်လှသောဦးသာညွှန့်လည်း ဦးခေါင်းမှသွေးများ ယိုစီးကျကာ သတိလစ်မေ့မြောသွားလေတော့၏။

ကျန်သော လူကြီးများမှာလည်း 'ဟင်' ခနဲ 'ဟယ်' ခနဲ ဖြစ်၍ကုန်ကြ၏။ ဦးအောင်မှာလည်း ဒေါသမပြေသေးဘဲ

www.burmeseclassic.com

www.burmeseclassic.com



ခွေလဲကျသွားသော ဦးသာညက်အား ဆက်လက်၍ ရိုက်ဖျ တကဲကဲပြုလုပ်နေသဖြင့် ဆွဲသူကဆွဲထားရ၏။ ဦးသာညက် ပွေ့သူက ပွေ့၍ထားရ၏။

ထို့ကြောင့် ရှင်းတို့၏အစည်းအဝေးကိုလည်း ရပ်ဆိုင်း လိုက်ရလေတော့၏။

♛ ♛ ♛

အထက်ပါအဖြစ်အပျက်ဖြစ်ပွားပြီး နောက်တစ်နေ့၌ ထို တွင်ရှိသော လွန်စွာသြဇာတိက္ကမကြီးမားသောဆရာတော်ကြီး ဘုရားလူကြီးငါးဦးကိုခေါ်ယူကာ ယမန်နေ့က ဖြစ်ပျက်ခဲ့သေ အဖြစ်အပျက်နှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းလေတော့၏

ထိုသို့ စစ်ဆေးမေးမြန်းပြီးနောက် ‘ငအောင်က တယ်ရို တာကိုး၊ မင်းကို ဘုရားလူကြီး ခန့်ထားတာ ဒီလို ရိုင်းစိုင်း ခန့်ထားတာမဟုတ်ဘူး၊ ဘုရားလူကြီး အချင်းချင်း ခေါ်င တုတ်နဲ့ရိုက်တဲ့အထိဖြစ်တယ်ဆိုတာတော့ အလွန့်ကိုပဲ မကော တာ၊ အဲဒီတော့ ဒကာငအောင် ဘုရားလူကြီးထဲမှာ မင်းမပါ ထွက်ပေတော့၊ ကဲ ကျန်တဲ့လူကြီးတွေက ငအောင့်အတွ လစ်လပ်သွားတဲ့ လူကြီးနေရာမှာ သင့်တော်တဲ့လူတစ်ယော ကို ခန့်လိုက်ပေတော့’ ဟု မိန့်ကြားလိုက်ရာ ဦးအောင်သ လည်းကောင်း၊ ကျန် ဘုရားလူကြီးများသည် လည်းကော ဆရာတော်၏ စကားကို စောဒကမတက်ဝံ့တော့ဘဲ “တင် ဘုရား” ဟု ဆိုကာ ကျောင်းမှပြန်ခဲ့ကြလေတော့၏။ လမ်းတွ ဦးစိန်က . . .



‘ကိုရင်အောင်အတွက် ကျုပ်တို့ စိတ်မချမ်းသာလိုက်တာ လွန်ပါရော၊ ကျုပ်တို့လူကြီးထဲမှာ ကိုရင်အောင်လို ဘုရားကိစ္စ သေသေဝပ်ဝပ် လုပ်နိုင်မယ့်လူမျိုး မရှိဘူးဗျ’ ဟု ညည်းညူ လိုက်ရာ ဦးအောင်က . . . ‘ကျုပ်လဲဗျာ ဆရာတော်ခိုင်းလို့ လုပ်နေရတာပါ၊ အခုလိုပြုတ်သွားတာဟာ ကျုပ်အတွက် အလွန် ကို ကံကောင်းတာပဲ’ ဟု အရှက်ပြေပြောလိုက်လေတော့၏။

ထို့နောက် . . . ရှင်းတို့သည် ဦးအောင်၏ နေရာအတွက် ဘုရားလူကြီးအသစ်ကို ရှာဖွေကြရာ တော်တော်နှင့်ရှာ၍မရဘဲ ရှိလေ၏။ နောက်ဆုံးတွင် ဖဲသမား မောင်အောင်ကျန်ဆိုသူအား ဦးအောင်၏နေရာ၌ အစားထိုးလိုက်ကြရလေတော့၏။

ဤသို့အစားထိုးပြီး သုံးရက်မြောက်သောနေ့၌ ဘုရားပွဲ တော် အတွက် အစည်းအဝေး ပြုလုပ်ကြပြန်၏။

ထိုအခါ ဦးစိန်က …‘ကျုပ်ပြောချင်တာကတော့ ဘုရားပွဲကို ရက်ရှည်ရှည်လုပ်ဖို့ပဲဗျာ’ ဟု ဆိုလေ၏။

ထိုအခါ ဦးမြက’…‘ဘုရားပွဲတော်ရက်ရှည်ဖို့က အရေးမကြီး ပါဘူး ကိုစိန်ရဲ့ အလှူငွေများများရဖို့က အရေးကြီးပါတယ်’ ဟု ဦးမြက ပြောလေ၏။

ထိုအခါ ဦးဘရင်က … ‘ဘုရားပွဲဆိုတာ ရက်ရှည်ဖို့လဲ အရေးမကြီးဘူးဗျ၊ အလှူငွေ ရဖို့ကလဲ အရေးမကြီးဘူးဗျ၊ စတုဒိသာတော့ပါမှဖြစ်မယ်၊ အဲဒါမပါလို့ကတော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး’ ဟု ပြောလေ၏။

ထိုအခါ ဦးအောင်အစား ခန့်အပ်ခြင်းခံရသော ဖဲသမား မောင်အောင်ကျန် ဆိုသူက . . .

‘ကျွန်တော်ပြောချင်တာကတော့ ဘုရားပွဲဆိုတာ ဘုရားကို ဆွမ်းတော်ကြီးကပ်ပြီး လူတွေက ပျော်ပွဲရွှင်ပွဲ လုပ်ကြတာပဲ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ အဲဒီတော့ လောင်းကစား ကြီးကြီးမားမားမဟုတ်တောင် မြားပေါက်တာတို့၊ အံစာလှိမ့်တာတို့၊ ကြိမ်ကွင်းပစ်တာတို့ စတဲ့ ကစားဝိုင်းတွေကိုတော့ ခွင့်ပြုစေချင်တယ်' ဟု ပြောလေ၏။

ထိုအခါ ပထမအကြိမ်အစည်းအဝေးတွင် အရိုက်ခံရသော ဦးသာညာဏ်သည် ခေါင်း၌ ပတ်တီးကြီးစည်းလျက် 'အဟမ်းအဟမ်း' ဟု ချောင်းတစ်ချက် ဟန့်လိုက်ပြီးလျှင် . . .

'မပြောဘူးလို့နေတာပဲ . . . (အသံကို ဆွဲလျက်ပြော၏) သို့သော်လဲ မပြောမပြီး မတီးမမြည် ရွှေဘိုစည်ကြီး အချက်ကျတီးတော့လဲ အကွက်ကျ မြည်ရမယ် မဟုတ်လား၊ ကမ္ဘာဦးလူကပ်ဦးလူတို့၊ အဖြူအမည်း၊ အနည်းနည်းဖြင့်၊ သိမ်းဆည်းမှတ်သား၊ သညာများကို၊ ဘုရားပါလျက်၊ ထုံးမဖျက်ဘဲ၊ မိန့်မြွက်ခေါ်ရ၊ လောကသမုတိ၊ ကျမ်းအရှိ မဟုတ်လား' ဟု ဇာတ်သံပါပါဖြင့်အစချီလိုက်ရာ ဦးစိန်က 'လုပ်ပြန်ပြီဗျာ' ဟု ညည်းညူ၍ ခေါင်းကိုတွင်တွင်ခါလေ၏။ သို့သော်လည်း ဦးသာညာဏ်က-

'ဉာဏ် ဝီရိယဟာ သမ္မာ မချို့၊ လူတို့လုံ့လ၊ ပယောဂကား သိကြားနှုတ်ထွက်၊ မိုးကြိုးစက်လည်း၊ တိမ်ပျက်ယှင်းခွေ၊ လွဲသွေ့ရခဲ့၊ ရှေးကကျမ်းအလာ၊ ထင်ရှားစွာလို့ ရှိတယ်မဟုတ်လား' ဟု အသံကိုဆွဲ၍ ဆိုလိုက်ပြန်ရာ ဦးမြက . . . 'တိုတိုနဲ့လိုရင်းကို ပြောပါ ကိုရင်သာညာဏ်ရယ်၊ ဇာတ်သံလိုလို၊ နတ်သံလိုလို မလုပ်စမ်းပါနဲ့' ဟု ကန့်ကွက်လေ၏။

သို့သော်လည်း ဦးသာညာဏ်ကမူ 'မန္တလေး ရတနာပုံ နန်းတည်ပထမ . . . ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရား ရွှေလက်ထက်တော် . . . သားတော်ကြီး၊ သားတော်လတ်၊



သားတော်ငယ် အသွယ်သွယ်သောရင်သွေး၊ အထွေးထွေးသော ရွှေဥ၊ မျက်ရှုအစစ် ပတ္တမြားအနှစ်သည်းချာ အာ အာ အာ' ဟု ဆိုပြန်လေ၏။

ထိုအခါ ဦးဘရင်က ...'ရှင်းရှင်းလုပ်စမ်းပါ ကိုရင်သာညာဏ်ရယ်၊ ခင်ဗျားပြောတာတွေ ခုထိ ဘာပြောမှန်းကို နားမလည်ဘူး' ဟုညည်းညူသော်လည်း ဦးသာညာဏ်ကမူ အလျှော့မပေးဘဲ-

'အဝိဇ္ဇာတွေ ဖုံးတော့လဲ အမှန်ကို အမှားထင်၊ ကျားကို သခင်မှတ်၊ သခင်ကို သူခိုးစွဲ၊ ရဲရဲညီးတဲ့ မီးငရဲကို ရွှေပန်းထင်' ဟု ပြောပြန်ရာ ဦးစိန်က အနီးရှိ တံခါးကဲလားတုတ်ကြီးကို ကျစ်ကျစ်ပါအောင် ကောက်၍ ကိုင်လိုက်ပြီးလျှင် . . .

"ဒီမှာကိုရင်သာညာဏ်၊ ခင်ဗျားကောင်းကောင်းပြောမလား၊ မပြောဘူးလား၊ မပြောရင်တော့ ဟောဒီတုတ်နဲ့ ခင်ဗျားခေါင်းကို တစ်အားရိုက်ချရလိမ့်မယ်" ဟု မျက်နှာကြီး နီမြန်းလျက် ကြိမ်းမောင်းလိုက်လေ၏။

သို့ရာတွင် ဦးသာညာဏ်က ... "ရက်စက်တော့မှာလားကိုစိန်ရယ် ... ချဖူးသော ရေစက်၊ ပန္နက်ဖူးသော သစ္စာ၊ ဘဝေဘဝါများလျက် ဖောတုကြောင်းဆက်ပါဦး" ဟု ပြောပြီးလျှင် အသံကိုမြှင့်လျက် . . . "အိုင်မင်းဆဒ္ဒန် ဝန်းရံစောင့်ကြပ် ဒေဝါနတ်အပေါင်းတို့သည်လည်းကောင်း၊ ဉဿနတ်မင်းသည်လည်းကောင်း၊ အကျွန်ုပ်မည်မှန် မောင်သာညာဏ်အား၊ ချိန်မှန်ခါမရွေး ကဲလားတုတ်ဘေးမှ စောင့်ရှောက်ပေးပါစေသတည်း" ဟု ဆိုလိုက်လေ၏။

ထိုသို့ဆိုလိုက်သည်နှင့်တစ်ပြိုင်နက် ဦးစိန်သည် စိတ်ကို မထိန်းနိုင်တော့ဘဲ ဦးသာညာဏ်၏ခေါင်းကို ကဲလားတုတ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်အားလွှဲ၍ရိုက်ချလိုက်ရာ နွပ်ခနဲမြည်ပြီးလျှင် ဦးသာညာက်သည် ဗုန်းခနဲ လဲကျသွားလေတော့၏။

ထို့ကြောင့် ဒုတိယအကြိမ်မြောက် အစည်းအဝေးကိုလည်း ရပ်ဆိုင်းပစ်လိုက်ရလေတော့၏။

♛ ♛ ♛

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားသောနေ့၌ပင် ဆရာတော်ကြီးသည် ဂေါပကလူကြီးများအား ခေါ်ယူပြီးလျှင် ဂေါပကလူကြီး ဦးစိန်အား . . .

"ဒကာမောင်စိန်ရာ၊ အချင်းချင်း တုတ်နဲ့ရိုက်တဲ့အထိ ဖြစ်ရတာ မလွန်လွန်းဘူးလားကွ၊ မင်းနဲ့ဒီနေရာနဲ့မတန်ပါဘူး" ဟု ဆိုကာ ဂေါပကလူကြီးအဖြစ်မှ ထွက်ခိုင်းလိုက်လေ၏။ ထို့ကြောင့် ဦးစိန်၏နေရာ အစားဝင်ရမည့် ဂေါပကလူကြီးအသစ်ကို အပူတပြင်း ရှာဖွေကြရပြန်၏။ ထိုအခါ မြို့အစွန်၌ မိမိကိုယ်တိုင် အရက်သေစာ မသောက်စားသော်လည်း အရက်ပုန်းချက်၍ အသက်မွေးသောသူတစ်ဦးအား ဦးစိန်၏နေရာ အစား မှားယွင်းစွာ ရွေးချယ်မိလေတော့၏။

ဤသို့နှင့်ပင် . . . ဦးသာညာက်၏ ကောင်းမှုကြောင့် တစ်ယောက်ပြီးတစ်ယောက် 'ထွက်စို့' ခေါ်၍ သွားကြပြီဖြစ်ရာ နောက်ဆုံး ဘုရားပွဲကျင်းပခါနီးတွင် ဦးသာညာက်နှင့် ဖဲသမား သေရည်ပုန်းချက်သူ၊ ကြက်သမား စသည်တို့သာလျှင် ကျန်ရစ်လေတော့၏။ သို့ရာတွင် ထိုသူတို့ကား ၎င်းတို့မြို့ကို ချစ်ခင်၏။ ရွှေဘုံသာ စေတီတော်ကြီးကိုလည်း ကြည်ညို၏။ ထို့ကြောင့် ရွှေဘုံသာ ဘုရားပွဲတော်ကြီးသည် ၎င်းတို့ကောင်းမှုကြောင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်လေတော့၏။



ဘုရားပွဲပြုလုပ်ရန် နောက်ဆုံးအကြိမ်စည်းဝေးတိုင်ပင်သော အခါ၌ ဦးသာညာက်က . . .

"ကျုပ်တို့တစ်တွေ . . . အားကြိုးမာန်တက် လုပ်ကြမယ်ဗျား၊ ဒီဘုရားပွဲကို စည်စည်ကားကားလုပ်ပြလိုက်ရင် အရေးပိုင်မင်းကိုယ်တိုင်လာပြီး ကြည့်မှာဗျ၊ အဲဒီလိုလာကြည့်ပြီဆိုရင် ကျုပ်တို့ ရွှေဘုံသာဘုရားပွဲဟာ ဂေဇက်ဝင်ဘုရားပွဲဖြစ်သွားပြီဗျ၊ အဲဒီလိုဆိုရင် ဘုရားပွဲအချိန်အတွင်းမှာ သင်္ဘောခတစ်ဝက်နှုန်း လျှော့ချပေးရမယ်၊ အရပ်ရပ်အနယ်နယ်ကလူတွေလဲ လာဖူးမြော်နိုင်မယ်၊ အဲဒီတော့ ကျုပ်တို့မြို့ကလေးလဲ မုဆိုးမအိမ်ကကြွက်လိုမျက်စိကလေးပြူးတူးကြောင်တောင်နဲ့ မျက်နှာငယ်စရာ မလိုတော့ဘူးဗျ၊ ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းတွေလဲ ပွင့်လန်းလာမယ်မဟုတ်လား" ဟု ပြောလိုက်ရာ တစ်ချိန်က ဖဲသမားဖြစ်ခဲ့ဖူးသော မောင်အောင်ကျန်က . . .

"ဘယ်လိုလဲ ဦးသာညာက်ရဲ့ . . . အလျှင်ကလို ဇာတ်သံတွေဘာတွေနဲ့ မပြောတော့ပါလား၊ အရိုက်ခံရမှာ ကြောက်လို့လား၊ ခင်ဗျားကို ရိုက်မယ့်လူတွေ မရှိတော့ပါဘူး" ဟု ပြောလိုက်လေသည်။

"ဟိုတုန်းက တမင်တကာပြောတာကွ၊ အဲဒီလိုပြောရင် ဟိုလူတွေ စိတ်တိုပြီး ငါ့ခေါင်းကိုရိုက်မယ်ဆိုတာလဲ ငါသိတယ်၊ အဲဒီလိုရိုက်ရင် သူတို့ကို ဆရာတော်ကြီးက ထုတ်ပစ်မယ်ဆိုတာလဲ ငါသိတယ်၊ ဒါကြောင့် တမင်တကာကိုပြောတာ၊ လေးခါအရိုက်ခံပြီးတော့ကို ဟိုလေးယောက်ကို ထုတ်ပစ်ရတာပေါ့၊ ဟိုလေးယောက်ဟာ မင်းတို့လို ဖဲသမား၊ ကြက်သမားတွေတော့ မဟုတ်ဘူး၊ ဒါပေမဲ့ သိပ်ပြီး ဆိုးတယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကတော့ အများအမြင်မှာ ဖဲသမား၊ ကြက်သမားတွေပဲ၊ ဒါပေမဲ့ . . . ဘုရားပစ္စည်းစားမယ့်ကောင်တွေ မပါဘူး၊ ဖဲသမား၊ ကြက်သမားလုပ်တာလဲ အခုလုပ်တာမှ မဟုတ်တာ၊ မင်းတို့ဟာ ကိုယ်ရောက်နေတဲ့ နေရာနဲ့တန်အောင် နေတတ်ကြတယ် ဆိုတာ ငါသိပါတယ်၊ လူတွေလဲ တဖြည်းဖြည်း ငါ့လိုပဲ သိကုန်ကြမှာပါ၊ ဟိုလေးယောက်ကတော့ ဒီလိုမဟုတ်ဘူးဟေ့၊ လူတွေရဲ့အမြင်မှာ တကယ့်ကို ဂုဏ်သရေရှိ လူကြီးလူကောင်းတွေပဲ ...ဒါပေမဲ့ အတွင်းသားမှာတော့ ပိုးစားလောက်ကိုက်တွေချည်းပဲကွ" ဟု ဦးသာညဏ်က ပြောလိုက်လေ၏။

"ခေါင်းကို လေးခါအရိုက်ခံပြီး . . . ဟိုလူလေးယောက်ကို ထုတ်ပစ်နိုင်တဲ့ ဦးသာညဏ်ရဲ့စိတ်ဓာတ်ကို ချီးမွမ်းရမလိုပါပဲ၊ ဒါပေမဲ့ ဟိုလူတွေက ဒါလောက်တောင်ပဲ ဆိုးသလားဗျာ" ဟု မောင်အောင်ကျန်က မေးလိုက်ရာ ဦးသာညဏ်က . . .

"ဆိုးတာတွေကတော့ ...အများကြီးပဲမောင်၊ အဲဒီအထဲက လေးပုံတစ်ပုံကို ပြောပြမယ်၊ ဟောဒီ ငါတို့ ရွှေဘုံသာဘုရား ရင်ပြင်တော်တစ်ပတ်၊ ပြီးတော့ . . . ဟောဟိုစောင်းတန်း လှေကားကြီးအဆုံးအထိ ခင်းထားနိုင်တဲ့ အုန်းဆံကော်ဇောလိပ်ကြီး (၅) စုံ ရှိတယ်ကွ၊ ဘုရားဖူးလာတဲ့လူတွေ ခြေမပူအောင်၊ ချော်မလဲအောင်ပေါ့ကွာ၊ အခု အဲဒီဟာကြီးတွေ ဘယ်မှာတုံး၊ မင်းတို့ တွေ့ဖူးသေးရဲ့လား" ဟု မေးလိုက်လေ၏။

"အင်း ဟုတ်ပါရဲ့ မတွေ့တာ နှစ်ကို တော်တော်ကြာပြီပဲ၊ အဲဒါကြီးတွေ မရှိတော့ဘူးလား" ဟု မောင်အောင်ကျန်က မေးလိုက်လေ၏။

"ရှိတာပေါ့ကွာ၊ အမြဲ ဘယ်ခင်းမတုံး၊ မြို့ပေါ်က သြဇာအာဏာရှိတဲ့လူတွေ လာရင်တော့ အလျင်အတိုင်းပဲ ခင်းထား



တာပေါ့၊ အဲဒီတော့ သြဇာရှိတဲ့လူတွေကလဲ သူတို့လာတုန်း ခင်းထားတာကို နင်းရလေတော့ ခါတိုင်းနေ့လဲ ခင်းတယ်ပဲ အောက်မေ့တာပေါ့၊ အဲဒီမှာ သူတို့က တစ်နှစ်ပြည့်တဲ့အခါမှာ ကော်ဇောလိပ်ကြီးခင်းထားတဲ့အတွက် ဘယ်နှစ်လိပ်ကုန်သွားပြီ၊ ဒါကြောင့် အသစ်ဝယ်ရမယ်လို့ စာရင်းပြပြီး အလှူခံပုံးထဲက ငွေကိုထုတ်ပြီးဝေယူကြတယ်၊ အဲဒီတော့ ကော်ဇောလိပ်ခင်းရတဲ့ ဒုက္ခလဲငြိမ်းသေးရဲ့ ပိုက်ဆံလဲရသေးရဲ့ပေါ့ကွာ" ဟု ဦးသာညဏ်က ပြောလိုက်ရာ မောင်အောင်ကျန်က . . .

"သြော် ဒီလိုလား" ဟု ဆိုလိုက်လေ၏။

ထိုအခါ ဦးသာညဏ်က . . .

"ဟောဟို အာရုံခံတန်ဆောင်းဟာ သူတို့ အပန်းဖြေတဲ့ နေရာပေါ့ကွ၊ ဒီကိုရောက်လာတာနဲ့ အလှူခံပုံးထဲက ပိုက်ဆံကို နှိုက်ပြီး ဟိုဟာဝယ်စား၊ ဒီဟာဝယ်စား လုပ်ကြတဲ့အပြင် ဒါကို လခဆိုပြီး တစ်ယောက်ကို ငွေငါးကျပ်စီဝေယူကြသေးတယ်ကွ" ဟု ပြောလိုက်လေ၏။

"ဒါပေမဲ့ဗျာ၊ ဘုရားကိုတော့ မကြာခဏ ထုံးသင်္ကန်းကပ်တယ် မဟုတ်လား" ဟု မောင်အောင်ကျန်က မေးလိုက်ရာ ဦးသာညဏ်က . . .

"ထုံးသင်္ကန်းလဲကပ်ပါရဲ့ ဘုရားပတ်ပတ်လည်မှာ ပေါက်နေတဲ့ ညောင်ပင်တွေ၊ မြက်ပင်တွေကိုလဲ ခဏခဏ ခုတ်ပါတယ်။ ထုံးသင်္ကန်းကပ်တဲ့လုပ်ငန်းကိုလဲ မြို့ပေါ်ကလူတွေကို ငှားပြီး အသုံးပြုတယ်ကွ၊ မြို့ပေါ်မှာကလဲ ထုံးသုတ်တဲ့လုပ်ငန်း လုပ်တဲ့ လူတွေက သုံးလေးငါးယောက်တောင်ရှိတာ၊ အဲဒီတော့ အဲဒီလူတွေက . . . သူတို့ကို လက်ဆောင်ပဏ္ဏာတွေ ငွေတွေဘာတွေပေးပြီးချဉ်းကပ်ရတယ်၊ အဲဒါတွေလဲ သူတို့ရကြတယ်

www.burmeseclassic.com

www.burmeseclassic.com



ကွ" ဟုရှင်းပြလိုက်ရာ မောင်အောင်ကျန်က . . . "ဪ ဒီလိုလား" ဟု ပြောပြန်လေ၏။

ထိုအခါ ဦးသာညာဏ်က "ဟောဟိုက ဇရပ်ဟာ နဂိုက ဟိုဘက်မှာကွ၊ အခု ဒီဘက်ရောက်နေတာ၊ အဟောင်းကနေ အသစ်ကလေးဖြစ်နေတာ တွေ့တယ်မဟုတ်လား၊ အဲဒါ တခြားဟုတ်ရိုးလား မောင်ရွှေ၊ ဒီကဟာ ဟိုရွှေ့၊ ဟိုကဟာ ဒီရွှေ့ လုပ်ထားတာ၊ ဒီလိုလုပ်မှလဲ သွပ်ဖိုးတွေ၊ သစ်ဖိုးတွေ၊ သံဖိုးတွေ၊ လက်သမားခတွေပိုပြပြီး အလှူခံပုံးထဲကပိုက်ဆံကို သူတို့ ယူလို့ရမှာမဟုတ်လား" ဟု ရှင်းပြလိုက်ရာ မောင်အောင်ကျန်က . . .

ဒါတော့ မကောင်းပါဘူးဗျာ၊ ဒီရွှေဘုံသာဘုရားကြီးဟာ ကျုပ်တို့မြို့ရဲ့ကျက်သရေဆောင်ကြီးပဲ၊ ဒီဘုရားကြီးကို ပြုပြင်တန်တာတွေ ပြုပြင်ရမယ်၊ မွမ်းမံသင့်တာကိုတော့ မွမ်းမံရမယ်၊ အလှူခံပုံးထဲက ပိုက်ဆံကိုတော့ ခြူးတစ်ပြားတောင်မစားဘူး" ဟု ပြောလိုက်ရာ ကျန်သောလူများကလည်း . . .

"ဟုတ်တယ်ဗျို့" ဟု ထောက်ခံကြပြီးလျှင် ညီညီညွတ်ညွတ်နှင့် ကြိုးစားဆောင်ရွက်ကြရာ မှားမကြာမီ၌ပင် ရွှေဘုံသာဘုရားပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ကြလေတော့သတည်း။

* * * * *

## လှည်းတန်းကြီးနှင့် ပါလာသော မျက်နှာစိမ်းတစ်ဦး

ရွှေဘုံသာဘုရားပွဲတော်ကြီးက စည်ကားလှပေ၏။ ဗလာကသော ဇာတ်ကြီးတစ်ဇာတ်လည်း ပါ၏။ အနီးအပါးမြို့များမှ လာရောက်ရောင်းချကြသော ဈေးသည်များ၏ ဆိုင်တန်းများမှာလည်း ရှည်လျားလှဘိ၏။



ခေါင်းအုံးသည်၊ စောင်သည်များ၊ ကျောက်ပျဉ်သည်၊ ရေတစ်ဆုံသည်များ၊ မီးပေါ်တွင်တုတ်နှစ်ချောင်းဖြင့် မုန့်ကို ပျံ့ခဲစေနိုင်သောမုန့်လေပွေသည်များ၊ ဖျာအမျိုးမျိုးနှင့်ထန်းခေါက်ဖာကိုရောင်းသောဖျာသည်များ၊ မီးခွက်ကလေးမှိတ်တုတ်မှိတ်တုတ်နှင့် ဘူးသီးကြော် ကြော်ရင်း ခိုး၍ရောင်းသော အရက်ပုန်းသည်များ စသည်ဖြင့် ဘုရားပွဲဈေးတန်းကြီးကား စုံလှပေ၏။

ဘုရားပွဲတော်နှင့် မလှမ်းမကမ်းနေရာရှိ ကုက္ကိုပင်ကြီးအောက်၌မူ ခွေးခြေများကိုချလျက် လာသမျှသော တောနေကာလသားတို့အား ဘိုကေညှပ်ပေးနေသည့် ဆံပင်ညှပ်ဆရာမောင်ညိမ်းတို့သားအဖ လေးယောက်၏ လုပ်ငန်းမှာလည်း စိတ်ဝင်စားဖွယ်ရာ ကောင်းလှတော့၏။ ရောင်စုံ ပူဖေါင်းရောင်းသော ပူဖေါင်းသည်များကလည်း ပွဲခင်းတစ်လျှောက်လမ်းသလားနေကြလေ၏။

ပွဲတော်ကြီးမှာ မျှော်လင့်သည်ထက် ပို၍စည်ကားရကား ဦးသာညာဏ် ခေါင်းဆောင်သော ဘုရားလူကြီး ငါးဦးတို့သည် တုတ်ကြီးများကိုကိုင်လျက် ပွဲခင်းကိုပတ်၍ ဈေးတန်းကိုလျှောက်ကာ စောင့်ရှောက်နေရလေ၏။

ဤသို့လျှင် ပွဲတော်ကြီးကားစည်ကားလှပေ၏။ လယ်သမားတို့၏ လယ်ယာလုပ်ငန်းသိမ်းချိန်၊ စပါးပေါ်ချိန်နှင့် တိုက်ဆိုင်သွားသောကြောင့် ထူးကဲစွာ စည်ကားသွားခြင်းဖြစ်၏။

ပွဲဝတ်နေသော တောသူတောင်သားများသည် ရာဂဏန်းအရေအတွက်ရှိသော လှည်းတပ်ကြီးဖြင့် ဘုရားပွဲတော်ဆီသို့ ဘုရားလည်းဖူးရင်း ပွဲလည်းကြည့်ရင်းသဘောဖြင့် တနေ့ရွေ့ လာနေကြသည်ဖြစ်ရာ အစာရှာထွက်သော ပုရွက်ဆိတ်တန်းကြီးနှင့် ခပ်ဆင်ဆင်တူနေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လှည်းတစ်စီးတစ်စီးပေါ်သည် အိမ်ထောင်စုတစ်ခုဖြစ်၏။ ၎င်းတို့သည် အိမ်များကိုပစ်၍လည်းကောင်း၊ ရွာများကိုပစ်၍လည်းကောင်း စိတ်လွတ်ကိုယ်လွတ် ထွက်လာခဲ့ကြခြင်းဖြစ်၏။

ထို့ကြောင့် အိမ်ထောင်စုတိုင်းသည် ၎င်းတို့ပိုင်ဆိုင်သော အဝတ်အစားများကို သံသေတ္တာကြီးတစ်လုံးအတွင်းသို့ စုပြုံ၍ ထည့်ကာ သေတ္တာကိုပါ ယူ၍ လာကြ၏။ အိမ်တွင် မွေးထားသော ကြက်များကိုလည်း ၎င်းတို့ပွဲကော်သို့ လာနေစဉ်အတွင်း ကြက်သူခိုးများ၏လက်သို့ မပါသွားစေနိုးသဖြင့် လှည်းပေါင်းမိုးပေါ်၌ ကြိုးဖြင့်ချည်ကာ ယူလာခဲ့ကြ၏။

ခွေးရှိသောသူများကလည်း ၎င်းတို့ပွဲကြည့်လာစဉ် ရက်အတွင်း ခွေးအစာငတ်မည်စိုးသဖြင့် ခွေးများကိုပါ ခေါ်လာခဲ့ကြရာ ခွေးများသည် ၎င်းတို့သခင်၏ လှည်းအောက်မှ နေရိပ်ခိုရင်း လိုက်ပါခဲ့ကြလေ၏။

အဆိုပါလှည်းတန်းကြီးသည် တရွေ့ရွေ့လာကြစဉ် တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်သံ၊ တစ်လှည်းနှင့် တစ်လှည်း လှမ်း၍ခေါ်သံ၊ လှည်းများအောက်မှလိုက်လာသောခွေးများ၏ ဟောင်သံ၊ လှည်းအမိုးပေါ်မှ ကြက်များ၏တွန်သံ၊ နွားတို့၏လည်မှချူသံ၊ ခလောက်သံတို့သည် တောသူတောင်သားတို့၏ ဘာသာဘာဝ အသံများ ဖြစ်ရကား သဘာဝအလှကိုခံစားတတ်သူများအဖို့ ထိုအသံများသည် သဘာဝဂီတသံဟု ဆိုနိုင်ပေသည်။

ထိုလှည်းတပ်ကြီးမှာ ရွာပေါင်းသုံးလေးရွာမှ စုပေါင်း၍လာသော လှည်းတပ်ကြီးဖြစ်၏။ ရှေ့ဆုံးလှည်းတွင် ညောင်ပင်သာရွာမှ ပွဲနှင့် ကွမ်းကို အလွန်ကြိုက်သော ဆရာတော်ကြီးတစ်ပါးသည် လှည်းဦး၌ တင်ပျဉ်ခွေချိတ်ထိုင်ကာ ...ကွမ်းအစ်ကြီးကို ပိုက်လျက် ကွမ်းကို တစ်ယာပြီးတစ်ယာစားရင်း . . .



"ဟိုရောက်ရင်တော့ ဇာတ်ဆရာကို ရှာပြီး ပထမညမှာ ငမိုးရိပ်နဲ့ မရွှေပွင့်ဇာတ်ကို ကခိုင်းရမယ်၊ ဒုတိယညမှာ ထိလပ်ပိုးဥဇာတ်ကို ကခိုင်းရမယ်၊ တတိယညမှာ မောင်သုမနဇာတ်ကို ကခိုင်းရမယ်၊ ဒီဇာတ်ထုပ်သုံးထုပ် မကလို့မဖြစ်ဘူး၊ ကျန်တဲ့ညတွေတော့ သင်းတို့ ကချင်ရာက" ဟု ရေရွတ်ရင်း လိုက်ပါခဲ့လေတော့၏။

ထိုလှည်းတန်းကြီး၏အမြီးပိုင်းရှိလှည်းများမှာ ကုက္ကိုစုရွာမှ ဖြစ်၏။ ထိုကုက္ကိုစုရွာ၏ နောက်ဆုံးလှည်း၌ကား အသက်သုံးဆယ်ကျော်အရွယ်ခန့်ရှိ မျက်နှာစိမ်းယောကျ်ားတစ်ဦးသည် ဂေါ်ရင်ဂျီဆေးပြင်းလိပ်တစ်လိပ်ကို ပါးစပ်၌ခဲလျက် လှည်းရုံတိုင်ကို မှီကာ ခြေထောက်ကိုတွဲလောင်းချပြီး . . . တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားရင်း လိုက်ပါလာလေတော့၏။

ထိုလှည်း၌ကား . . . ကုက္ကိုစုရွာမှ ကာလသား လေးဦးနှင့် ထိုမျက်နှာစိမ်းယောကျ်ား တစ်ဦးသာလျှင် စီးနင်းလိုက်ပါခဲ့ကြခြင်း ဖြစ်၏။ ထိုမျက်နှာစိမ်းယောကျ်ားသည် လွန်ခဲ့သော တစ်ပတ်ခန့်ကမှ ကုက္ကိုစုရွာသို့ အလည်အပတ်ရောက်ရှိလာသော ဧည့်သည် ဖြစ်၏။

လှည်းပေါ်တွင် ပါလာသော ကုက္ကိုစုရွာမှ ကာလသားလေးဦးအနက် စံကြီးဆိုသောသူသည် ထိုမျက်နှာစိမ်းဧည့်သည်နှင့် လွန်စွာခင်မင်ရင်းနှီးကြသူများ ဖြစ်၏။

ကျန်ကာလသားသုံးဦးမှာလည်း စံကြီးကို အကြောင်းပြု၍ မျက်နှာစိမ်းဧည့်သည်ကို ခင်၏။ အခြားခင်ဖင်သောအကြောင်းတစ်ခုမှာ ထိုမျက်နှာစိမ်းဧည့်သည်၏ တယောထိုးကောင်းခြင်းပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုမျက်နှာစိမ်းငယ်သည်သည် စံကြီးထံသို့အသည်လာရာ၌ အခြားသောပစ္စည်းဆို၍ မည်မည်ရရမပါဘဲ လွယ်အိတ်တစ်လုံးနှင့် ဖွန်းတယောတစ်လက်သာ ပါလေ၏။ ထိုလွယ်အိတ်နှင့် ဖွန်းတယောမှာလည်း ယခုအခါ၌လှည်းပေါ် တွင်ပါခဲ့ပြီးဖြစ်၏။

လွယ်အိတ်ကို လှည်းရုံတိုင်၌ချိတ်ကာ ကျောဖြင့်မှီထား၏။ ဖွန်းတယောကိုမူ လှည်းပေါင်းမိုး၌ချိတ်ကာ လှည်းမောင်းသောအခါ၌ လှုပ်ယမ်းခြင်းမရှိစေရန်အတွက် လျှော်ကြိုးတစ်ချောင်းဖြင့် ချည်၍ထားလေ၏။

စံကြီးသည် တောအရက်ပုလင်းကိုထုတ်၍ အကြမ်းပန်းကန်၌ထည့်ကာ အနီးရှိ ကာလသားတစ်ဦးအား ပေးလိုက်လေ၏။ ထိုကာလသားလည်း 'ဂွပ်ခနဲ' မော့ချလိုက်ပြီး ပန်းကန်ကို စံကြီးထံသို့ ပြန်ပေးလိုက်၏။

စံကြီးက ထပ်၍ငှဲ့ပြီးလျှင် အခြားတစ်ယောက်ဆီသို့ပေးပြန်၏။ ဤသို့နှင့်ပင် နောက်ဆုံး၌ မျက်နှာစိမ်းယောက်ျားထံသို့ ရောက်သွားလေ၏။ မျက်နှာစိမ်းယောက်ျားက အရက်ထည့်ထားသော ပန်းကန်ကို မယူဘဲ ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်လေ၏။

ထိုအခါ စံကြီးသည် အရက်ပန်းကန်ကို ၎င်းဘာသာ မော့လိုက်လေတော့၏။ ထိုအချိန်၌မှာပင် ၎င်းတို့၏ လှည်းပေါ်မှ ငှက်နားကြက်ဖကြီးက အောင်မြင်ကျယ်လောင်သော အသံကြီးဖြင့် တွန်လိုက်သဖြင့် အခြားသောကြက်များလည်း တစ်ကောင်ပြီး တစ်ကောင် လိုက်၍တွန်ကြသည်ဖြစ်ရာ လှည်းတန်းကြီးတစ်လျှောက် ကြက်တွန်သံများ ဆူသံသွားလေတော့၏။



ထိုအသံများ တိတ်ဆိတ်သွားသောအခါ၌ စံကြီးက လှည်းပေါင်းမိုးတွင် ချိတ်ထားသော ဖွန်းတယောကို ဖြုတ်ကာ မျက်နှာစိမ်းယောက်ျားအားလှမ်း၍ပေးရင်း "အရက်မသောက်ချင်ရင်တော့နေပါဗျာ၊ ဘုရားပွဲနေရာကို ရောက်ဖို့ အပုံကြီးလိုသေးတယ်ဗျ၊ တယောလေးဘာလေးထိုးစမ်းပါဦး" ဟု ပြောလိုက်ရာ ကျန်သော ကာလသားသုံးဦးကလည်း . . .

"ဟုတ်ပါရဲ့မိတ်ဆွေရယ်" ဟု ထောက်ခံကြသဖြင့် မျက်နှာစိမ်း ယောက်ျားသည် ဖွန်းတယောကိုလှမ်း၍ယူပြီးလျှင် ကြိုးကို အနည်းငယ်ညှိကာ . . . သာယာနာပျော်ဖွယ်ကောင်းသော ယိုးဒယားသီချင်းတစ်ပုဒ်ကို တယောဖြင့် ထိုးလေတော့၏။

ထိုမျက်နှာစိမ်း၏လက်သံမှာ ကြားရသူ၏နား၌ ဓာတ်မြားသွင်းလိုက်သကဲ့သို့ စွဲထင်၍သွားသည့်တိုင်အောင် ကောင်းလှတော့၏။

❀ ❀ ❀

အထက်ကဆိုခဲ့သော လှည်းတန်းကြီးသည် ပွဲခင်းနေရာကို နှစ်ထပ်သုံးထပ် ပတ်လိုက်ပြီးနောက် နွားများကို ဖြုတ်ကာ လှည်းကို ထောက်ခွများနှင့် ထောက်ထားလိုက်ကြပြီးလျှင် နွားများကို ခပ်လှမ်းလှမ်း စားကျက်၌ လွှတ်ထားလိုက်ကြလေတော့၏။ ထို့ကြောင့် နွားများမှာလည်း တစ်ရွာမှနွားနှင့် တစ်ရွာမှနွားသည် တွန်ကျူးနှုတ်ဆက်သည်လည်းရှိ၏။ ဧ့သည်လည်းရှိ၏။ မည်သို့ဆိုစေ ၎င်းတို့သည်လည်း ပျော်ရွှင်နေဟန်ရှိ၏။

မိန်းမပျိုများမှာမူ ရွှေတုံသာဘုရားအနီး ရေကန်ကြီးသို့ သွားကာ ရေချိုးကြပြီးလျှင် မိမိလှည်းသို့ပြန်လာကာ သံသေတ္တာကို မှန်တင်ခုံသဖွယ် သဘောထားကာ အပေါ်၌ မှန်ကို

www.burmeseclassic.com

www.burmeseclassic.com



ထောင်လျက် သနပ်ခါးနှင့် စွန်လည်ပြန်မျက်နှာချေကို ရောစပ်၍ လိမ်းကြကုန်၏။

ထို့နောက် နှုတ်ခမ်းများကို နီစေရန်အတွက် တရုတ်ကုန်စုံဆိုင်များ၌ နှစ်သစ်ကူးအခါ အသုံးပြုခဲ့သော အမွှေးတိုင်အိတ်စက္ကူနီများကို အသုံးပြုကြကုန်၏။

• လှည်းများ၏နံဘေးတွင် မိခင်လုပ်သူများသည် ထမင်းအိုးတည်လျက်ရှိကြကုန်၏။ လှည်းအောက်မှခွေးများကား၊ ဈေးတန်းတစ်လျှောက် လှည့်လည်ကာ ရွာခံခွေးများနှင့် ဗိုလ်လုလျက်ရှိကြရကား ခွေးချင်းကိုက်သံ၊ တကိန်ကိန်မြည်သံတို့သည် ညံ၍နေလေတော့၏။

အပျိုများ သနပ်ခါးလိမ်း အလှပြင်နေသော လှည်းပေါင်းမိုး၏ အပေါ်ရှိ ကြက်များမှာလည်း ပျော်ရွှင်၍လော၊ စိတ်ညစ်၍လော မဆိုနိုင် မြိုင်မြိုင်ကြီး တွန်ကြလေတော့၏။

အချို့သောကာလသားများမှာလည်း ကုက္ကိုပင်အောက်ရှိ မောင်ညိမ်း၏ 'ဟဲယားဒရက်ဆင်းဆလွန်း' သို့ ယွန်းကြကုန်၏။ အချို့မှာမူ ယစ်ရွှေရည်ကို ရှာကြကုန်၏။

အချို့မှာ . . . ဖွဲဈေးတန်းတစ်လျှောက် ရောင်းချနေသော ချင်းသုပ်သည့် မိန်းကလေးများ၊ အောင်ဗလမုန့်သည်မိန်းကလေးများကို ဈေးဝယ်ခြင်းမပြုဘဲ အားမနာတမ်း ကြည့်ရှု၍ မျက်စိစားပွဲထိုင်ကြလေတော့၏။

ဦးသာညက်အပါအဝင် . . . ဘုရားလူကြီး ငါးဦးတို့သည် လှည်းတပ်ကြီးကို လှည့်လည်ကြည့်ရှုရင်း . . . တစေ့တစောင်း အကဲခတ်နေလေ၏။ ကုက္ကိုစုရွာက လှည်းတစ်စီးတွင် ပါလာသော မျက်နှာစိမ်းမှာမူ သူ၏တယောနှင့် လွယ်အိတ်ကလေးကို ယူကာ ပျောက်ကွယ်သွားပြီ ဖြစ်၏။



ညောင်ပင်သာရွာမှပါလာသော ဘုန်းကြီးသည် ဇာတ်ဆရာတို့ ရှာဖွေ၍ 'ငမိုးရိပ်နှင့် မရွှေပွင့်' ဇာတ်ထုပ်ကို က,ရန် ပြောပြီးဖြစ်လေ၏။

* * * * *

## လှေတပ်ကြီးနှင့်ပါလာသူ မျက်နှာစိမ်းတစ်ဦး

ဘုရားပွဲတော်စ,မည့်ရက်တွင် အထက်မှဆိုခဲ့သည့်အတိုင်း လှည်းတပ်ကြီးရောက်လာသကဲ့သို့ မြစ်ရိုးတစ်လျှောက် ကျေးရွာများမှလည်း လှေများ၊ သမ္ဗန်များကို တပ်ဖွဲ့ကာ လာကြလေတော့၏။ ရှေ့ဆုံးမှလှေတွင် ဓာတ်စက်တစ်လုံးဖွင့်၍ ကျန်သောလှေများက လိုက်၍ဆိုရင်း လိုက်ပါခဲ့ကြလေ၏။ လှေတပ်ကြီးမှာလည်း လ,ရောင်အောက်တွင် တစ်မျိုးတစ်ဖုံကြည့်၍ ကောင်းလှတော့၏။ ၎င်းလှေများ၌လည်း ခွေးများ၊ ကြက်များ ပါ၍လာလေ၏။ နောက်ဆုံး လှေ (သမ္ဗန်) ၌မူ သရက်ချောင်းရွာသားတစ်ဦးက တကျိုကျိုနှင့် ခတ်၍လာ၏။

သမ္ဗန်အတွင်း၌မူ အခြားသောသရက်ချောင်းရွာသားနှစ်ဦးတာ အရက်သောက်၍မူးကာ အိပ်ပျော်လျက်သား ပါ၍လာ၏။ ၎င်းတို့အပြင် မျက်နှာစိမ်းတစ်ယောက်လည်း ပါလာ၏။

ထိုမျက်နှာစိမ်းသည် သမ္ဗန်ခတ်လာသော သရက်ချောင်းရွာသားနှင့် သိကျွမ်းသူဖြစ်ရကား လွန်ခဲ့သောတစ်ပတ်ခန့်က အလည်အပတ် ရောက်ရှိလာသူ ဖြစ်၏။ ထိုမျက်နှာစိမ်းကား အသက်ကြီးပြီ ဖြစ်၏။ ဆွတ်ဆွတ်ဖြူသော မုတ်ဆိတ်မွေးရှည်ကြီးများရှိ၏။ ထိုလူကြီးသည် လွယ်အိတ်ကြီးတစ်လုံးကိုလွယ်၍ထား၏။ ထို့အပြင် ထိုလူကြီးနှင့်အတူ ဗျပ်စောင်းတစ်လုံးလည်း ပါလာ၏။ ထိုလူကြီးကား ဗျပ်စောင်းအတီးကောင်းသူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သမ္မန်ကိုခတ်လာသော ထိုလူကြီး၏မိတ်ဆွေကိုကျော်ဇောဆိုသူက ...'လုပ်စမ်းပါဦး မုတ်ဆိတ်ဖြူကြီးရာလသာသာမှာ ဗျပ်လက်သံကလေး ပြစမ်းပါဦး' ဟု ဆိုသဖြင့်မုတ်ဆိတ်ဖြူကြီးနှင့်လူကြီးလည်း ဝိဇ္ဇာတောလား ဟူသောသီချင်းကို သာယာနာပျော်ဖွယ်ရာ တီးပြလေတော့၏။

ထိုလူကြီးကား . . . ဗျပ်စောင်းအတီးကောင်းသူ ဖြစ်၏။ ထို့ကြောင့် ကြားရသူတို့၏နားတွင် ၎င်း၏လက်သံသည် အစွဲခံ၍သွားတတ်လေ၏။

ဤသို့နှင့်ပင် လှေတပ်ကြီးသည် ရွှေဘုံသာဘုရားအနီးမြစ်ဆိပ်သို့ တပျော်တပါးကြီး ဆိုက်ရောက်ခဲ့ကြလေတော့၏။ ထိုသို့ဆိုက်ရောက်ပြီး များမကြာမီ၌ပင် ထိုဗျပ်စောင်း အတီးကောင်းသော မုတ်ဆိတ်ဖြူကြီးသည် ပျောက်ခြင်းမလှ ပျောက်၍သွားလေတော့၏။

* * * * *

## အမိုက်မ

ရွှေဘုံသာဘုရားပွဲကြီးကား ခြိမ့်ခြိမ့်သဲ ကျင်းပပြီးစီးသွားပြီဖြစ်၏။ ထိုရွှေဘုံသာဘုရားတည်ရှိရာ ဆိပ်ကမ်းမြို့ကလေး၏ဈေးနှင့် နှစ်လမ်းကျော်တွင်ရှိသော နှစ်ဆောင်ပြိုင် ခိုနန်းချိုးအိမ်ကလေးတစ်အိမ်၌ကား အသက် ၄၀ ကျော်အရွယ် ဖခင်လုပ်သူ ယောကျ်ားကြီးတစ်ဦးနှင့် ဆယ့်သုံးနှစ်အရွယ် သားယောကျ်ားတစ်ဦး၊ ဆယ့်တစ်နှစ်အရွယ် သမီးမိန်းကလေးတစ်ဦး၊ ကိုးနှစ်အရွယ် သားကလေးတစ်ဦးစသော သားအဖ လေးဦးတို့သည် ခေါင်းချင်းဆိုင်လျက် သည်းထန်စွာ ငိုကြွေးနေလေတော့၏။



ဖခင်လုပ်သူ ယောကျ်ားကြီးသည် ကတုန်ကယင်ဖြင့် စာရွက်ပိုင်းကလေးကို ကိုင်၍ကြည့်ရင်း . . . မျက်ရည်များ တတွေတွေ ကျဆင်းလာတော့၏။ ထိုစာရွက်ပိုင်းကလေး၌ကား ခဲတံဖြင့် မှုန်တိမှုန်မွှားရေးထားသော အောက်ပါစာများရှိ၏။

ကိုသန်းမောင်

ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မ ရှင်နဲ့ မပေါင်းနိုင်တော့ဘူး။ ကျွန်မကို ချောက်ချ ထားတဲ့ မိန်းမ၊ လင်ပယ်ခံနေတဲ့ မိန်းမလို ထင်ချင်သလို ထင်နိုင်ပါတယ်၊ ပြောချင်သလို ပြောနိုင်ပါတယ်။ ကျွန်မရဲ့ သားသမီးတွေကိုတော့ မိတ်ဆွေကောင်း မလုပ်စေချင်ဘူး၊ မလုပ်ပါနဲ့၊ ဒါပါပဲ။

အမိုက်မ

မိနု

အငယ်ဆုံးသားကလေး မောင်ရွှေဘော်က . . .

"အဖေ . . . အဖေ အမေက ဘာတွေရေးထားတာတုံး" ဟု မေးလိုက်လေ၏။ ဖခင်လုပ်သူက မဖြေ။ ငူငူကြီး ငြိမ်၍နေလေ၏။

ထိုအခါ သမီးကလေး မြမြက . . .

"ဟုတ်ပါရဲ့ အဖေရယ်၊ အဖေက ငိုချည်းနေတာပဲ၊ သမီးတို့ကို သေသေချာချာလဲ ဘာမှပြောမပြဘူး" ဟု ဆိုပြန်လေ၏။

ထိုအခါ ဖခင်လုပ်သူက လူပျိုပေါက်အရွယ်သို့ ရောက်နေပြီဖြစ်သော သားကြီး မောင်ရေချမ်းဘက်သို့ လှည့်ကာ မောင်ရေချမ်း၏ မျက်နှာကို အကဲခတ် ကြည့်ရှုလိုက်လေ၏။ မောင်ရေချမ်း၏မျက်နှာသည် တစ်မျိုးတစ်ဖုံအားဖြင့် ချမ်းမြေ့မှုမရှိကြောင်း ထင်ရှားနေလေ၏။ ထိုအခါ ဖခင်လုပ်သူက . . .

www.burmeseclassic.com

www.burmeseclassic.com



"ကဲ သမီးတို့ သားတို့ကို ပြောပြရမယ်၊ မင်းတို့အားလုံး ဘာမှအားမငယ်ကြနဲ့၊ အဖေတစ်ယောက်လုံး ရှိသားပဲ၊ အဖေ မင်းတို့ကို လုပ်ကျွေးမယ်၊ ငါ့သားကလေးတွေ၊ ငါ့သမီးကလေးတွေ မျက်နှာမငယ်ရအောင် အဖေထားမယ်၊ မင်းတို့ကို မိထွေး နှိပ်စက်တာလဲ အဖေ မကြည့်ရက်ဘူး၊ ဒါကြောင့် အဖေ နောက် မိန်းမ မယူတော့ဘူး" ဟုစကားစ,လိုက်ရာ ရွှေဘော်ကလေးက-

"အဖေကလဲဗျာ၊ ဘာတွေလျှောက်ပြောနေတာတုံး၊ အမေ ဘယ်သွားသလဲ ဆိုတာကို ပြောစမ်းပါဦး" ဟု ဆိုလေတော့၏။ ထိုအခါ ဖခင်လုပ်သူသည် . . .

"အဖေလဲ အဲဒါပြောမလို့ပါ ရွှေဘော်ရယ်၊ မင်းတို့အမေက အဖေနဲ့ မင်းတို့ကို မချစ်ဘူးကွဲ့၊ အဖေနဲ့မင်းတို့ကို ပစ်ထားပြီး တခြားယောကျ်ားတစ်ယောက်နဲ့ လိုက်ပြေးသွားပြီ၊ ရော့ ဟော ဒီမှာ မင်းတို့အမေ ရေးထားတဲ့စာ" ဟု စာရွက်ခေါက်ကို ရွှေဘော်၏ အရှေ့သို့ ချပေးလိုက်လေ၏။

ထိုအခါ ရွှေဘော်က စာရွက်ကို ကောက်ယူပြီး . . .

"ကျုပ် မဖတ်တတ်ပါဘူးဗျာ၊ အဖေပဲ ဖတ်ပြပါ" ဟု ဆိုကာ ဖခင်လက်သို့ ပြန်၍ပေးလိုက်လေ၏။

ထိုအခါ ဖခင်လုပ်သူက စာကိုအသံထွက်၍ဖတ်ပြလိုက်ရာ မြမြသည် သည်းထန်စွာ ငိုလေတော့၏။ မောင်ရေချမ်းမှာမူ မျက်ရည်မထွက်၊ မျက်နှာကြီးတစ်ခုလုံး နီမြန်းနေလေ၏။

ဖခင်ဖြစ်သူ ဦးသန်းမောင်မှာမူ တရှုံ့ရှုံ့ငိုကြွေးနေလေ၏။ လုံးဝမငိုဘဲနေသူမှာ ရွှေဘော်ပင် ဖြစ်၏။

"အမေ လင်နောက်လိုက်တာ ကိစ္စမရှိဘူး၊ ကျုပ်တို့ ထမင်း စားဖို့ ဘယ်သူချက်မှာတုံး၊ ခါတိုင်း အမေပေးနေတဲ့မုန့်ဖိုးကို ဘယ်သူပေးမှာတုံး၊ ဗွဲတော်ကြီးပြီးသွားရင် ဘောင်းဘီတစ်ထည်



ဝယ်ပေးပါ့မယ်လို့ အမေကပြောထားတယ်၊ အမေမရှိရင် အဖေ့ တာဝန်ပဲ" ဟု ရွှေဘော်ကပြောလိုက်လေ၏။ ထိုအခါ မြမြက-

"မောင်လေးကလဲဟယ်၊ အမေ မရှိလဲ မမချက်ရမှာပေါ့၊ မုန့်ဖိုးကိုလဲ အဖေကပေးမှာပေါ့" ဟုပြောလိုက်ရာ ရွှေဘော်က-

"ဘောင်းဘီအသစ်က ဘယ်မှာတုံး . . . ငါ့ဘောင်းဘီက ပြဲကုန်ပြီဟဲ့၊ နင် ဘာသိလို့လဲ အစ်မရဲ့" ဟု ပြောလိုက်လေ၏။ မောင်ရေချမ်းမှာမူ မျက်ရည်မကျသောငိုခြင်းဖြင့် ငိုကြွေးနေရလေ၏။ သူသည် ဝမ်းနည်းကြေကွဲနေ၏။ သို့မဟုတ် အရှက်ရနေ၏။ ဖခင်လုပ်သူ ဦးသန်းမောင်ကြီးသည် ငိုကြွေးနေရာမှ မြမြကို ထမင်းအိုးတည်ရန် စေခိုင်းလိုက်၏။ ထိုအခါ မြမြက-

"သမီးဖြင့် ထမင်းတောင်မစားချင်တော့ပါဘူး အဖေရယ်" ဟု ပြောလေ၏။ ဖခင်ကြီးကလည်း "အဖေလဲ မစားချင်ပါဘူး သမီးရယ်" ဟု ငိုသံပါကြီးဖြင့် ပြောလေ၏။

ထိုအခါ ရွှေဘော်က "ကျုပ်ကတော့ထမင်းစားမှာပဲ အဖေ" ဟု ပြောလိုက်လေ၏။ ထို့ကြောင့် မြမြသည် ထမင်းအိုး တည်ရန် အတွက် ထိုင်ရာမှ မထချင်ထချင်ဖြင့် ထလေ၏။

"မင်းတို့အမေအပေါ်မှာ . . . ငါက သစ္စာရှိတယ်၊ မင်းတို့ အမေက သစ္စာမရှိဘူး၊ မျောက်မ,ထားတယ်" ဟု ဦးသန်းမောင် က ပြောလိုက်လေ၏။

"ဘယ်က မျောက်မ,လဲ အဖေ . . . အမေက ဘာကြောင့် မျောက်မကို ချစ်ရတာတုံး၊ အခု အမေ မရှိတာ မျောက်မနဲ့ လိုက်ပြေးတာ မဟုတ်နိုင်ပါဘူး အဖေရယ်၊ အဖေပြောတာ ဘုရားပွဲတော်မှာ လာပြီးတော့ က,တဲ့ မျောက်ပွဲက မျောက်ကြီး လား၊ လူဟာ မျောက်နဲ့လင်မယားဘယ်လိုဖြစ်မှာတုံး။ မနေ့ကလဲ ကျောင်းမှာ ဆရာမက ဒီလိုပဲ ပြောတယ်၊ မောင်ပေါက်ကျိုင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမဟာ နဂါးကြီးနဲ့ကြိုက်လို့တဲ့၊ နဂါးဟာ မြွေလိုပဲလို့လဲ ပြော တယ်။ မြွေလိုအကောင်ကြီးကို မောင်ပေါက်ကျိုင်းရဲ့ မိန်းမက ဘယ့်နှယ်ကြောင့်ကြိုက်ရတာတုံး”ဟု ရွှေဘော်ကလေးက ပြော လိုက်ရာ ဦးသန်းမောင်သည် လွန်စွာစိတ်ညစ်၍သွားပြီးလျှင်-

“သွားပါရွှေဘော်ရယ်၊ အဖေတောင်းပန်ပါတယ်၊ မင်းအစ်မ ကို သွားပြီး ကူညီလုပ်ပေးလိုက်ပါ” ဟု ပြောလိုက်လေ၏။

ရွှေဘော်သည် အစ်မဖြစ်သူမြမြ ဆန်ဆေးနေသည့်နေရာ သို့ သွား၍ “ငါ ဘာလုပ်ပေးရမလဲအစ်မ” ဟု မေးလိုက်လေ၏။

“နင် ဘာမှမလုပ်ပါနဲ့ ရွှေဘော်ရယ်၊ နင် အဲဒီမှာထိုင်ပါ” ဟု မြမြက ပြောလိုက်လေ၏။

ရွှေဘော်သည် မီးဖိုအနီးရှိ ဖင်ထိုင်ခုံကလေး၌ထိုင်ရင်း ...

“ဟဲ့ အစ်မ နင်လဲ ကြီးလာလို့ ယောကျ်ားနောက်လိုက်ရင် လူလူချင်းပဲ လိုက်ဟယ်၊ မျောက်တွေ၊ မြွေတွေနောက်ကို မလိုက် နဲ့၊ ငါတော့ အမေ့ကိုခိုးပြေးတဲ့မျောက်ကြီးကိုတွေ့ရင် ခေါင်းကို ကျောက်ခဲနဲ့ထုမယ်။ ငါ့သူငယ်ချင်း ကျော်လှက ပြောဖူးတယ် မျောက်ဆိုတာ ငါးပိစိမ်းစားကို ကြောက်တယ်တဲ့၊ ဆိုင်က ငါးပိ စိမ်းစားတွေယူပြီး အမေ့ယောကျ်ားမျောက်ကြီးကို အကုန်လုံး သုတ်ပစ်မယ်” ဟုပြောရာ မြမြက “မောင်လေးရယ် တိတ်တိတ် နေစမ်းပါကွယ်” ဟု ပြောလိုက်လေ၏။

သားကြီး မောင်ရေချမ်းမှာမူ အိမ်အောက်မှ လက်တွန်း လှည်းကိုထုတ်၍ တောင်းများ၊ ထင်းရှူးသေတ္တာများကိုတင်ရာ ဖခင်လုပ်သူ ဦးသန်းမောင်က “ဟဲ့ လူကလေး မောင်ရေချမ်း ဘာလုပ်မလို့တုံး” ဟု မေးလိုက်လေ၏။

“ဆိုင်ထွက်မယ်လေ အဖေရဲ့” ဟု မောင်ရေချမ်းက ပြန်၍ ပြောလေ၏။



“ဒီကနေ့တစ်ရက်တော့မထွက်ပါနဲ့တော့သားရယ်၊ တစ်ရက် နဲ့တော့ မထူးပါဘူး” ဟု ဦးသန်းမောင်က ပြောလိုက်လေ၏။

“ထွက်မှကောင်းမယ်အဖေ မြစ်ဘက်ကဝယ်သူတွေ လာကြ လိမ့်မယ်၊ အဲဒီအခါမှာကျွန်တော်တို့ရဲ့ဖောက်သည်တွေ သူများ ဆိုင်ကို ရောက်ကုန်လိမ့်မယ်” ဟု မောင်ရေချမ်းက ပြော၍ လက်တွန်းလှည်းကို ထုတ်မြဲထုတ်ကာ ဈေးသို့တွန်း၍ သွားလေ တော့၏။ ဦးသန်းမောင်သည် သားဖြစ်သူ မောင်ရေချမ်း၏ ကျောကို ပြတင်းပေါက်မှကြည့်ရှုရင်း မျက်ရည်များ တတွေတွေ စီးကျကာ . . .

“လုပ်ရက်ပလေ အရီရယ်” ဟု ရေရွတ်လိုက်လေတော့၏။

မောင်ရေချမ်းသည် လှည်းကို တွန်း၍ ထွက်လာခဲ့ရာ လမ်းထိပ်သို့အရောက်၌ ၎င်းတို့နှင့်သိကျွမ်းသော အဒေါ်ကြီး တစ်ဦးက “ဟဲ့ ရေချမ်း နင့်အမေထွက်သွားလို့ဆို” ဟု မေးလိုက် လေ၏။ ရေချမ်းက ပြန်၍မဖြေဘဲ . . . ခေါင်းကိုငုံ့၍ လှည်းကို ဆက်၍ တွန်းမြဲတိုင်း တွန်းသွားလေ၏။

“လူကြီးမေးတာကို ပြန်တောင်ပြောဖော်မရဘူး၊ မိုက်ရိုင်း လိုက်တဲ့ ခွေးမျိုးလေး၊ မျိုးမှ မကောင်းတဲ့ဥစ္စာ၊ အမိယုတ်ရဲ့သား နတ်အမူအရာကြမ်းတယ်ဆိုတာ တယ်လဲမှန်ပါလား”ဟု ရေချမ်း ကြားလောက်အောင် ၎င်းအဒေါ်ကြီးက အော်ဟစ်၍ပြောလိုက် လေ၏။

ထိုအဒေါ်ကြီး၏အသံသည် ရေချမ်း၏နားသို့ သံချောင်း ကို မီးဖုတ်၍ ထိုးလိုက်သကဲ့သို့ ပူလောင်စွာဝင်၍သွားလေ၏။ ရေချမ်းသည် ဆိုင်သို့ရောက်သောအခါ၌ ဆိုင်တံခါးကိုဖွင့်၍ ဘုတ်ဖြင့်ထောက်ကာ ဆိုင်ခင်းလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရေချမ်း ဆိုင်ခင်းနေသည်ကို ဆိုင်နီးပါးချင်းများက တစေ့တစောင်းလှမ်း၍ကြည့်ရှုကြ၏။ ထိုသို့ကြည့်ရှုနေစဉ်ငှက်ပျောသီးဆိုင်မှ ဦးဘသောင်းဆိုသူ လူကြီးက . . .

"ဟေ့ ရေချမ်း ...မင်းအမေ ယောက်ျားနောက် လိုက်သွားလို့ဆို" ဟု ရင့်သီးစွာ မေးလိုက်လေ၏။ ရေချမ်းက မပြောဘဲ ၎င်းတို့၏ကုန်စုံဆိုင်ကလေး၌ ပြင်ဆင်ခင်းကျင်းသင့်သည်များကို ခင်းကျင်း၍ နေလေ၏။ ထိုအခါ ဦးဘသောင်းဆိုသော လူကြီးက . . .

"ဟေ့ကောင် . . . ရေချမ်း၊ ငါမေးတာ ပြောစမ်းပါဦးကွ၊ မင်းအမေ လင်ငယ်နဲ့ပါသွားလို့ဆို၊ ငါ ထင်တယ်၊ ငါ ထင်တယ်၊ မိရီရုပ်ကိုမြင်ကတည်းကိုက ငါ သိတယ်၊ တယ် ဖင်ဆော့မယ့်ရုပ်ကိုး" ဟု ပြောလိုက်ရာ ရေချမ်းသည် သည်းမခံနိုင်တော့ဘဲ-

"ဦးလေး ကိုဘသောင်း၊ ခင်ဗျားတော်ရင် ကောင်းမယ်" ဟု ပြောလိုက်ရာ ဦးဘသောင်းကြီးက . . .

"အောင်မာ မင်းက,လား၊ ငါ့ကို တော်ရင် ကောင်းမယ် ပြောတာ၊ ပါးပိတ်ရိုက်လို့ သွားချေးယိုးဒယားကသွားမယ်" ဟု ပြောလိုက်လေ၏။ ရေချမ်းလည်း ဆိုင်ရှေ့၌ ရေအနည်းငယ်ဖျန်းကာ တံမြက်စည်းလှည်းလေ၏။ များမကြာမီ၌ပင် တောမှ တက်လာသော လူအုပ် တစ်အုပ်သည် ဦးဘသောင်းကြီး၏ ငှက်ပျောသီးဆိုင်သို့ဝင်ကာ ငှက်ပျောသီး ဝယ်လေ၏။

ထိုသူများသည် ငှက်ပျောသီးဝယ်ပြီးနောက် ဦးဘသောင်းအား "ကျုပ်တို့က အလှူလုပ်မလို့ဗျ၊ အဲဒီတော့ ငါးပိငါးခြောက်ကအစ ကုန်ခြောက်ပစ္စည်းပြည့်ပြည့်စုံစုံဝယ်ချင်တယ်၊ ဘယ်ဆိုင်မှာဝယ်ရင် . . . ဈေးရယ်၊ အလေးရယ် မှန်သလဲ" ဟု မေးရာ ငှက်ပျောသီးသည် ဦးဘသောင်းက . . .



"ဟောဟို တံမြက်စည်းလှည်းနေတဲ့ ကောင်ကလေးရဲ့ ဆိုင်ကလွဲရင် ကြိုက်တဲ့ဆိုင်မှာဝယ်၊ ဒီဆိုင်မှာတော့ မဝယ်လေနဲ့၊ ဈေးလဲမမှန်ဘူး၊ အလေးလဲမမှန်ဘူး၊ စကားပြောကလဲ မိုက်ရိုင်းတာ လွန်ပါရော" ဟု ပြောလိုက်ရာ ထိုလူစုက . . .

"ကျေးဇူးကြီးပါပေတယ်ဗျာ၊ အခုလို ပြောပြတာ" ဟု ပြောလေ၏။ ထိုလူစုတွင်ပါသော အဒေါ်ကြီးတစ်ဦးကမူ . . .

"မသိနားမလည်တဲ့လူတွေကို အခုလိုညွှန်ပြတာ သာဓုပါကွယ် ... သာဓု ...သာဓု" ဟု သာဓုပင်ခေါ်၍သွားလေ၏။

ထို့နောက် ထိုဈေးဝယ်မည့်လူစုကြီးသည် မောင်ရေချမ်းတို့ဆိုင်ကို ကျော်၍ ကပ်လျက်ကုန်စုံဆိုင်သို့ ဝင်မည်လုပ်ကြရာ မောင်ရေချမ်းက . . .

"လာကြပါခင်ဗျာ၊ ဒီမှာလဲ စုံပါတယ်၊ လိုချင်တာတွေ ရနိုင်ပါတယ်" ဟု ခေါ်သော်လည်း ထိုလူအုပ်မှာ လှည့်၍ပင်မကြည့်ဘဲ တစ်ဖက်ဆိုင်သို့ ဝင်သွားကြကုန်၏။

ထိုအခါ တစ်ဖက်ဆိုင်တွင် ကုန်ပစ္စည်းများကို ထမ်းပိုးပေးသော အလုပ်ကြမ်းသမားတစ်ဦးက . . .

"ဟဲ့ ကောင်လေး ...ဒီဆိုင်ကိုဝင်နေမှ မင်းက ဘာဖြစ်လို့လှမ်းပြီးခေါ်ရတာတုံး" ဟု မဆီမဆိုင်ဝင်၍ကြိမ်းလေတော့၏။

ထိုအခါ မောင်ရေချမ်းက . . .

"ဦးတာတေရယ် . . . ဒီလိုပဲ ခေါ်ကြရတာပဲ မဟုတ်လား၊ အဆန်းလားဗျာ၊ ကျွန်တော်တို့ဆိုင်ကို ဝင်တဲ့လူကိုလဲ တခြားဆိုင်က ခေါ်ကြတာပဲ" ဟု ပြောလိုက်ရာ . . .

"အေး ဒါကတော့ မဆန်းဘူးဗျ၊ ဆန်းတာကတော့ မင်းတို့အိမ်ပဲ" ဟု ပြောလိုက်ရာ ရေချမ်းသည် အနီးရှိ တံခါးကျဲလားတုတ်ကို ကောက်၍ကိုင်ပြီးလျှင် . . .

www.burmeseclassic.com

www.burmeseclassic.com



"ခွေးမျိုးကြီး . . . ဘာလူဝါးဝတာတုံး" ဟု ဆဲ၍ ရိုက်မည်ပြုရာ အနီးအပါးမှလူများက ဝိုင်း၍ဆွဲထားကြရ၏။ ထိုအခါ စောစောက ငှက်ပျောသီးဆိုင်မှ ထွက်လာသော ဈေးဝယ်သူ လူအုပ်မှ လူတစ်ဦးက . . .

"ဒါကြောင့် ငှက်ပျောသီးဆရာကြီးက ပြောတာပေါ့" ဟု ကျန်လူများက ထောက်ခံကြကုန်၏။

ထိုအချိန်၌မှာပင် ငှက်ပျောသီးရောင်းသော ဦးဘသောင်း၏ ဆိုင်သို့ . . . မုတ်ဆိတ်မွေးနှင့် အဘိုးကြီးတစ်ဦးသည် ဝင်ရောက်၍ . . .

"ဒီမှာမိတ်ဆွေကြီးရယ်၊ ဟောဟိုမှာ ကြွေနေတဲ့ငှက်ပျောသီး အကြွေလေး သုံး လေး ငါးလုံး ကျုပ်ကို ရောင်းစမ်းပါ" ဟု ပြောလိုက်ရာ ဦးဘသောင်းက . . .

"ရောင်းဖို့မဟုတ်ဘူး အဘိုးကြီးရဲ့ . . . ကျုပ်အိမ်မှာ မျောက်မွေးထားတယ်၊ မျောက်ကိုကျွေးဖို့" ဟု ပြန်၍ ပြောလေ၏။ ထိုအခါ မုတ်ဆိတ်မွေးနှင့် အဘိုးကြီးက . . .

"ဒီလိုဆိုလဲ ဟောဟိုက ငှက်ပျောသီးတစ်ဖီးကို ရောင်းစမ်းပါဗျာ" ဟု ပြောဆိုကာ ငှက်ပျောသီးတစ်ဖီးကို ဝယ်လေ၏။

ဦးဘသောင်းသည် ပိန်ရှုံ့နေသော ငှက်ပျောသီးတစ်ဖီးကို ရွေး၍ပေးရာ အဘိုးကြီးက . . .

"သိပ်ပြီးမကောင်းရင် နေပါဗျာ၊ ခင်ဗျားမျောက်ကို ကျွေးဖို့ထားတဲ့ ငှက်ပျောသီးလောက် ကောင်းရင် တော်ပါပြီဗျာ" ဟု ပြောရာ ဦးဘသောင်းက . . .

"ရှုပ်တယ်ဗျာ၊ တခြားဆိုင်မှာ သွားဝယ်၊ မရောင်းတော့ဘူး" ဟု ပြောလိုက်လေ၏။

ထိုအခါ အဘိုးကြီးက . . .



"သာဓု၊ သာဓု၊ သာဓု" ဟု သာဓုသုံးကြိမ်ခေါ်၍ ထွက်သွားလေတော့၏။

ဦးဘသောင်းသည် အဘိုးကြီးကို လှမ်းမျှော်ကြည့်ရှုရင်း . . .

"တို့မြို့လဲ ဘုရားပွဲတော်လုပ်ပြီးကတည်းက သူတောင်းစားတွေ ပေါ်လာတယ်ဟေ့၊ မနေ့ကလဲ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ဖွါးဖွါးနဲ့ ဟွန်းတယောကြီးတစ်လက်ကိုင်ထားတဲ့ သူတောင်းစားဟာ ဒီဆိုင်လာပြီး ငှက်ပျောသီး ဝယ်သေးတယ်" ဟု ရေရွတ်လိုက်လေ၏။

ရေချမ်းသည် ဈေးဝယ်သူများ ရောက်ရှိနေသဖြင့် ကြိုးစားပမ်းစား ရောင်းချနေလေ၏။ ကုန်ပစ္စည်းများကို မနိုင့်တနိုင်နှင့် ချိန်၍ ပေးနေလေ၏။ ပိုက်ဆံကို မမှားရအောင် တွက်ချက်၍ အမ်းနေရလေ၏။

ထိုအချိန်၌ ဈေးဝတွင် လူသုံးဦးသည် တော၌ ကုန်စုံဆိုင်ဖွင့်ရန်အတွက် ပစ္စည်းဝယ်ရန် ရောက်ရှိလာကြရာ တာတေဟူသော ကူလီကိုမြင်လျှင် "ဒီမှာ ဒီမှာ . . . ကုန်စုံဆိုင်ကြီးကြီး ဈေးထဲမှာ ဘယ်မှာရှိသတုံး" ဟု မေးလေ၏။ ထိုအခါတာတေက

"အများကြီးပါဗျာ၊ ဘာလုပ်မလို့တုံး" ဟုမေးရာ ထိုလူတို့က-

"ကျုပ်တို့ တောမှာ ဆိုင်ဖွင့်မလို့၊ အမြဲဖောက်သည်ယူမှာ၊ ကောင်းတဲ့ဆိုင်ကိုညွှန်စမ်းပါ" ဟုပြန်၍ပြောရာ ကူလီတာတေက

"ဒီလိုဆိုရင် ကျုပ်နောက်လိုက်ခဲ့၊ ကျုပ် ပြမယ်၊ ခင်ဗျားတို့ ဆိုင်ဝယ်မှားရင် တစ်ခါတည်း အရင်းကလေး ပြုတ်သွားမယ်" ဟု ဆိုကာ ဖောက်သည်သုံးဦးကို ခေါ်ငင်၍ လာလေ၏။

ထိုသို့ ခေါ်ငင်လာရာ ရေချမ်း၏ဆိုင်အနီးသို့ရောက်သောအခါ၌ ကူလီတာတေက ဖောက်သည်သစ် သုံးဦးအား . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်မျိုးမှာ ဖောက်သည်ယူမိရင် ခင်ဗျားတို့ ဖွတ်ဖြစ်သွားမယ်" ဟု ပြောလိုက်ရာ ထိုလူသုံးဦးသည် ရေချမ်း၏ဆိုင်အစွင်းသို့ ကြည့်ရှု၍ . . .

"ဘယ်လို ဖွတ်ဖြစ်မှာတုံး" ဟု တိုးတိုး မေးကြလေ၏။

"သိပ်ဈေးကြီးတယ်၊ အလေးလဲ ခိုးတယ်၊ ပိုက်ဆံကလေး နည်းနည်းပါးပါးကျန်ရင်လဲ . . . အကျန်မခံဘူး" ဟု ပြောရာ ဖောက်သည်သုံးဦးက . . .

"ဒီလိုဆိုင်မျိုးတော့ မလုပ်ပါနဲ့ဗျာ" ဟု တောင်းပန်ကြကုန်၏။ ထို့နောက် ကုလီတာတေသည် ထိုသုံးဦးအား ရေချမ်းဆိုင်နှင့် ကပ်လျက် ကုန်စုံဆိုင်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ခေါ်သွားလေ၏။

ရေချမ်း၏ကံဇာတာကား ညှံ့လှပေသည်။ ယခုနံနက်ပိုင်း၌ပင် ဣဿာမစ္ဆရိယသမားနှစ်ဦး၏ကျေးဇူးကြောင့် ဖောက်သည်တစ်ဦးနှင့် အလီကြီးဝယ်မည့် ဈေးဝယ်တစ်ဦး လက်လွတ်ဆုံးရှုံးခဲ့ရပြီ ဖြစ်၏။

ဤသို့လျှင် ဈေးဆိုင်များမှ လူများက ရေချမ်းမခံနိုင်သော မေးခွန်းများကို မေးခြင်းဖြင့် စော်ကားလိုက်၊ ရေချမ်းက မခံနိုင်၍ တုံ့ပြန်လိုက်သောအခါ၌ စော်ကားသူကပင် ရေချမ်းအပေါ်၌ မကျေမနပ်ဖြစ်ကာ ရေချမ်း၏ အကျိုးပျက်ရာပျက်ကြောင်းကို ပြုလုပ်ကြပြန်၏။

ထို့ကြောင့် ရေချမ်း၏ ဆိုင်ကလေးသည် တစ်စတစ်စ အရောင်းကျ၍ လာလေတော့၏။ လာဘ်တိတ်သကဲ့သို့ ဖြစ်လာလေတော့၏။

* * * * *



## ရွှေဘော်လေး အချုပ်ခံရခြင်း

ရေချမ်း၏ဖခင် ဦးသန်းမောင်မှာမူ အချိန်ရှိသရွေ့ အရက်သောက်ကာ မူး၍သာနေလေတော့၏။

ထိုသို့မူးလာပြီဆိုလျှင်လည်း ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား အသံပြုကြီးဖြင့် အော်ဟစ်ကာ အလွမ်းသီချင်းများကို ဆိုတတ်လေ၏။

မြမြမှာမူ မှတ်တတ်သောအရွယ်သို့ ရောက်နေပြီဖြစ်သဖြင့် "အို အဖေကလဲ ရှက်စရာကြီး" ဟု ပြောဆိုတတ်လေ၏။ ထိုသို့ပြောဆိုသောအခါ၌ ဦးသန်းမောင်က . . .

"ငါ့သမီးလေးတွေ၊ ငါ့သားလေးတွေ အရှက်ရအောင် အဖေ ဘယ်တော့မှ မလုပ်ပါဘူး၊ မင်းတို့အမေကသာ မင်းတို့ကို မျက်နှာငယ်ရအောင် လုပ်ခဲ့တာ" ဟု ငိုသံပါကြီးဖြင့် တောင်းပန်တတ်လေသည်။

ရွှေဘော်ကလေးမှာမူ ကျောင်းမှန်မှန်မတက်တော့ဘဲ မိမိစိတ်တိုင်းကျ နေချင်သလို နေ,နေတော့၏။ မြမြမှာလည်း မိခင်ကိုယ်စား တစ်အိမ်လုံး၏စားရေးသောက်ရေး၊ ချက်ရေးပြုတ်ရေးတို့ကို စီမံရသောကြောင့် ကျောင်းမှ ထွက်လိုက်ရလေတော့၏။

ရေချမ်းမှာလည်း ဆိုင်ကို ကြိုးစား၍ထွက်နေရသောကြောင့် ကျောင်းမမှန်ဘဲရှိလေတော့၏။ နောက်ဆုံးတွင် သူသည်လည်း ကျောင်းထွက်လိုက်ရလေတော့၏။

သို့ရာတွင် သူ၏ဆိုင်မှာ အရောင်းအဝယ် လွန်စွာကျနေသောကြောင့် ကုန်ပစ္စည်းများ ဝယ်၍ မတင်နိုင်ဘဲ ရှိလေ၏။ ထိုသို့ ဝယ်မတင်နိုင်သောကြောင့် ကုန်စုံဆိုင်ဘဝမှ ကုန်မစုံသော ဆိုင်ဘဝသို့ ရောက်ရှိသွားလေ၏။ ထို့ကြောင့် ဝယ်သူများသည်

www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်မှာမဝယ်ပါနဲ့ကွာ၊ ပစ္စည်းလဲမစုံပါဘူး" ဟု ပြောဆိုကာ ရေချမ်း၏ဆိုင်ကို တတ်နိုင်သမျှ ရှောင်ကြဉ်ကြလေ၏။

ဤသို့လျှင် အရောင်းအဝယ်ကျ၍နေသော်လည်း ရေချမ်းတို့ သားအဖတစ်စုသည် အရောင်းအဝယ် ကျ၍နေသောကြောင့် မစားမသောက်ဘဲနေကြသည်မဟုတ်၊ နေ့စဉ် ဤဆိုင်မှ ဝင်သမျှသော ငွေကလေးကို မှီခို စားသောက်နေကြရ၏။ ထို့ကြောင့် ဆိုင်အတွက် ရင်းရမည့်ငွေသည် နည်းသည်ထက် နည်း၍ လာလေတော့၏။ ဤအတိုင်း ရှေ့ဆက်၍ သွားပါမူ လွန်စွာအခက်အခဲတွေ့၍ ဒုက္ခရောက်ဖွယ်ရာရှိ၏။ ထို့ကြောင့် ရေချမ်းသည် ဖခင်ဖြစ်သူအား . . . ဆိုင်၏အဖြစ်အပျက် အခြေအနေအမှန်ကို ပြောပြလေ၏။

သို့ရာတွင် ချစ်သူဆုံး၍ အရက်သမားကြီးလုံးလုံးဖြစ်ကာ လောကကြီးကို စိတ်ကုန်နေသော ရေချမ်း၏ဖခင်က . . .

"အဖေလဲ မလုပ်တတ်ဘူး မောင်ရေချမ်းရေ ငါ့သားကြီးပဲ အားကိုးပါရစေကွာ၊ မင်းကောင်းမယ်ထင်သလိုသာ စီမံပါ၊ မင်းညီမကလေးနဲ့ မင်းညီကလေးကို မင်းပဲရှာကျွေးပါ" ဟု ရေချမ်း၏ ပခုံးပေါ်၌ပင် တာဝန်များကို ပုံချလိုက်သောကြောင့် ရေချမ်းသည် ရှေ့ရေးအတွက် စီမံရလေတော့၏။

သူသည် မနက်ဈေး၌ ဈေးရုံကြီးထဲတွင် အကျအန ရောင်းနေသောဘဝမှ ညနေခင်းထွက်သော ဈေးများသို့ သွားရောက်ကာ အာလူး၊ ကြက်သွန်၊ ငရုတ်သီး၊ ဆီ၊ ဆန် စသည်များကို မြေကြီးပေါ်၌ ဂုန်နီအိတ်များခင်းကာ ပုံ၍ ရောင်းရပြန်၏။ မနက်ဈေး၌ လာဘ်အတိတ်ကြီးတိတ်နေသော်လည်း ညနေဈေး၌ အောက်တွင်ပုံရောင်းသောကြောင့် ဆင်းရဲသူ ဆင်းရဲသား



လက်လုပ်လက်စားများသည် ရေချမ်း၏ မြေကြီးပေါ်၌ ပုံရောင်းသော ဆိုင်ကို နှစ်သက်ကြသည်ဖြစ်ရာ ရေချမ်းအဖို့ အသက်ရှူချောင်လေတော့၏။

ရေချမ်းသည် ညနေဈေးတွင် ရောင်းရသော အမြတ်ငွေကလေးများကို စုဆောင်းကာ မနက်ဈေးမှ ၎င်း၏ကုန်စုံဆိုင်ကို အားဖြည့်ရလေတော့၏။ မနက်ဈေးရုံကြီးအတွင်းရှိ အခြားသော ကုန်စုံဆိုင်များမှာမူ ရေချမ်း၏ဆိုင် မည်သည့်နည်းနှင့် ပြုတ်သွားသည်ဖြစ်စေ မိမိတို့အဖို့ ဆိုင်ပြိုင်တစ်ဆိုင် ပြုတ်သွားခြင်းဖြစ်ရာ . . . အဖက်ဖက်တွင် အားနည်းနေသော ရေချမ်းအား တစ်နည်းမဟုတ်တစ်နည်းဖြင့် နှိမ်၏။ တိုက်ခိုက်၏။ ပျက်စီးရာပျက်စီးကြောင်းကို ကြံ၏။

ရေချမ်းသည် မိခင်မိုက်မဲမှုဒဏ်နှင့် ဖခင်၏ စိတ်ဓာတ်မကြံ့ခိုင်မှုဒဏ်ကို အလူးအလဲခံရင်း အိမ်ထောင်စု၏တာဝန်ကို မနိုင့်တနိုင် ထမ်းပိုးနေရလေသည်။

ဤသို့လျှင် နေလာခဲ့ရာ တစ်ညနေ၌ ရေချမ်းသည် ဈေးကြီးအတွင်းမှ ဆိုင်ကိုပိတ်၍ တွန်းလှည်းကလေးကိုတွန်းကာ အိမ်သို့ ပြန်သွားလေ၏။ အိမ်သို့ရောက်လျှင် အရက်မူးသမားတစ်ဦးသည် အိမ်ပေါ်သို့ တက်လာပြီး . . .

"ဟေ့ကောင်လေး၊ အရက်ပုန်းဆိုင်မှာ မင်းအဖေ အရိုက်ခံရလို့ လဲနေလေရဲ့" ဟု လာ၍ပြောသဖြင့် ရေချမ်းလည်း အရက်ဆိုင်သို့ အပြေးအလွှားလိုက်သွားရလေ၏။ အရက်ဆိုင်ရှေ့ မြေချိုင့်ထဲတွင် သွေးသံရဲရဲဖြင့် သတိလစ်မေ့မြောနေသော ဖခင်ကိုတွေ့လျှင် ရေချမ်းသည် ရင်တွင်း၌ ဆို့နင့်နင့်ကြီးဖြစ်၍သွားလေတော့၏။ ထို့ကြောင့်အကူအညီမပေးဘဲ ဝိုင်းအုံပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုနေသောလူများကို တွန်းဖယ်၍ ရေချမ်းသည် ဖခင်ကို ပွေ့ထူလေ၏။ ထိုသို့ပွေ့နေစဉ် တစ်စုံတစ်ယောက်က . . .

"ဟဲ့ ကလေး . . . မင်းအဖေလား၊ အိမ်ကို ဒီအတိုင်း ခေါ်မသွားနဲ့၊ ဂါတ်ကိုခေါ်သွားပြီးအမှုဖွင့်လိုက်ဦး" ဟု ပြောရာ အနီးမှ လူတစ်ယောက်က . . .

"အမှုဖွင့်လို့ ရုံးရောက်ရင်လဲ ဒီလူပဲနစ်နာမှာပေါ့ဗျာ၊ သူက လွန်တာပဲ၊ ကျုပ်လဲ ဒီဆိုင်မှာ အရက်သောက်နေကျလူပါ၊ စပြီး ဖြစ်ကတည်းက ကျုပ် မြင်ပါတယ်၊ မိန်းမရခါစ ကောင်လေး တစ်ယောက်နဲ့ သူငယ်ချင်းနှစ်ယောက် လာပြီးအရက်သောက် ကြတယ်၊ မိန်းမရတဲ့ အထိမ်းအမှတ်အဖြစ် . . . သူငယ်ချင်း နှစ်ယောက်ကိုပြုစုတဲ့သဘောပါပဲ၊ အဲဒီသူငယ်လေးသုံးယောက် က သူတို့ဝိုင်းမှာ သူတို့ဘာသာ သောက်နေကြတာ၊ သူတို့ အချင်းချင်းလဲ စကားပြောနေကြတာပေါ့ဗျာ၊ ပြောတဲ့ စကား ကလဲ မိန်းမရပြီဖြစ်လို့ မကြာခင် ဒီမြို့ကနေ မန္တလေး ဖြစ်စေ၊ ရန်ကုန်ဖြစ်စေ၊ မြို့ကြီးတစ်မြို့ကို ပြောင်းပြီး အလုပ်လုပ်ရမယ် ဆိုတဲ့အကြောင်းပါ။ အဲဒါကို ဒီလူက ဘာမဆိုင်ညာမဆိုင်နဲ့ ကောင်လေးတွေဝိုင်းကို ပြောင်းသွားပြီး . . .

"မင်းလားကွ၊ မိန်းမရခါစဆိုတာ" လို့ မေးလိုက်တယ်၊ အဲဒါ နဲ့ ကောင်လေးကလဲ "ဟုတ်ပါတယ်ဗျာ" ဟု ပြန်ဖြေလိုက်တယ်။ အဲဒီတော့ . . . ဒီလူက "မင်း ဘာဖြစ်လို့ မိန်းမယူရတာတုံး တော်တော်ကြာ မင်းမိန်းမ လင်ငယ်ယူသွားလိမ့်မယ်" လို့ မဆီမဆိုင်ဝင်ပြောတာ၊ ဒါပေမဲ့ ကောင်လေးတွေက တောင်းပန် ပါသေးတယ်၊ ဒီလူက မရဘူး "မင်းမိန်းမကို မြန်မြန် ကွာပစ် လိုက်၊ မကြာခင် လင်ငယ်ယူလိမ့်မယ်၊ ငါပြောတာ စောင့်ကြည့် ဘာညာနဲ့ ဇွတ်ကြီး ပြောတော့တာပဲ၊ ပိုပြီးခက်သွားတာက



မိန်းမရခါစ ကောင်လေးရဲ့ သူငယ်ချင်းနှစ်ယောက်အနက်မှာ တစ်ယောက်ဟာ မိန်းကလေးရဲ့ အစ်ကိုတစ်ဝမ်းကွဲ ဖြစ်နေ တယ်၊ အဲဒီတော့ ရှက်ပြီး ရိုက်မယ်နှက်မယ်ဖြစ်တော့တာပဲ၊ ပထမတစ်ခါမှာ ကျုပ်ကိုယ်တိုင်ဝင်ပြီးဆွဲပါသေးတယ်၊ အဲဒါနဲ့ ပြီးသွားပြီးသား . . . ဒီလူက တစ်ခေါက် ပြန်ကျော့လာပြီး ဟိုကောင်လေး သုံးယောက်ကို ဟောဟိုတုတ်နဲ့ ရိုက်မယ်လို့ လုပ်တာ၊ အဲဒီတော့ ကောင်လေးသုံးယောက်က ဝိုင်းရိုက်ပြီး ထွက်သွားကြတာ" ဟု ရှည်လျားစွာ ရှင်းပြလိုက်ရာ အနီးရှိ ဝိုင်းကြည့်နေသော လူများအနက် မိန်းမတစ်ဦးက . . .

"ဒါမျိုး အရိုက်ခံရတာ နည်းသေး" ဟု ပြောဆိုကာ ထွက် သွားလေတော့၏။

ရေချမ်းသည် မြင်းလှည်းတစ်စီးကို ငှားရမ်း၍ ဖခင်အား မြင်းလှည်းဖြင့်တင်ကာ အိမ်သို့ ခေါ်ခဲ့လေတော့၏။ အိမ်သို့ ရောက်လျှင် ၎င်း၏ဖခင်သည် သတိရပြီဖြစ်၍ ဆဲဆိုနေလေ၏။ သို့ရာတွင် အရိုက်ခံထားရသော ဒဏ်ရာများမှ သွေးများထွက် နေသောကြောင့် ရေချမ်းက ချော့မော့၍ ငြိမ်ငြိမ်နေရန် ပြော ပြီးလျှင် တစ်ခါက ဆေးပေးခန်း၌ ဒရက်ဆာခေါ် သူနာပြု အလုပ် လုပ်ခဲ့ဖူးသော အဘိုးကြီးတစ်ယောက်ကို သွားရောက်၍ ပင့်ကာ ဖခင်၏ဦးခေါင်းမှ ဒဏ်ရာများကို ဆေးထည့်နိုင်းလေ၏။

ဒရက်ဆာကြီးလည်း ဒဏ်ရာများကို အရက်ပျံဖြင့် သုတ် လိမ်း၍ ဆေးများထည့်ကာ ပတ်တီးများ စည်းပေးပြီးလျှင် အနာအကျင် သက်သာသော ဆေးပြား ခြောက်ပြားကို တစ်နာရီလျှင် နှစ်ပြားကျသောက်ရန် ညွှန်ကြား၍ ပြန်သွားလေ တော့၏။ ဆေးထည့်ပြီး များမကြာမီ၌ပင် ဦးသန်းမောင်ကြီး သည် အိပ်ပျော်၍ သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်ရေချမ်းလည်း ထမင်းစားမည်ဟု မြမြအား ထမင်းချခိုင်းလိုက်စဉ်၌ပင် စက်ဘီးတစ်စီးသည် ၎င်းတို့၏အိမ်ရှေ့သို့ လာ၍ရပ်ပြီးလျှင် ပုလိပ်တစ်ဦး ဆင်း၍လာကာ . . .

"ဒီအိမ် ဦးသန်းမောင့်အိမ်လား" ဟု မေးလေ၏။ ထိုအခါ မောင်ရေချမ်းက . . .

"ဟုတ်ပါတယ်ခင်ဗျာ၊ ကြွပါ" ဟု ခေါ်လိုက်ရာ ပုလိပ်လည်း အိမ်ပေါ်သို့ တက်လာ၏။ အိမ်ပေါ်သို့ရောက်လျှင် ပုလိပ်က-

"ဦးသန်းမောင် ဘယ်မှာလဲ" ဟု မေးရာ မောင်ရေချမ်းက ဘုရားစင်ရှေ့တွင် အိပ်နေသော ဖခင်ကြီးအား ညွှန်ပြလိုက်ပြီးလျှင် . . .

"ဦးသန်းမောင်ဆိုတာ အဲဒါပါပဲ၊ ကျွန်တော်တို့ အဖေပါ။ ခေါင်းက ဒဏ်ရာက မသက်သာလို့ ဆေးတိုက်ပြီး အိပ်ခိုင်းထားရပါတယ်" ဟု ပြောလိုက်ရာ ပုလိပ်က . . .

"ဘာဖြစ်လို့တုံး" ဟုမေးလေ၏။ ထိုအခါမောင်ရေချမ်းက-

"အရက်ဆိုင်မှာ အရိုက်ခံရတာပါ၊ ဒါနဲ့ နေပါဦး ပုလိပ်ကြီးရယ်၊ အခု ပုလိပ်ကြီး ကျွန်တော်တို့အိမ်ကိုလာတာ အဲဒီကိစ္စ မဟုတ်လား" ဟု မေးလိုက်လေ၏။ ထိုအခါ ပုလိပ်ကြီးက . . .

"ငါလာတာ အဲဒီကိစ္စမဟုတ်ဘူးကွ၊ ဦးသန်းမောင်ရဲ့သား ရွှေဘော်" ဟု ပြောလိုက်ရာ မြမြက . . .

"ဟုတ်ပါရဲ့ရှင်၊ ကျွန်မ မောင်လေးပါ" ဟု ပြောလိုက်လေ၏။

"အေး . . . အဲဒီကောင်လေးကို ဂိတ်မှာ ဖမ်းထားတယ်၊ ကလေးချင်း သံချွန်နဲ့ထိုးလို့" ဟု ပုလိပ်ကြီးက ပြောလိုက်လေ၏။ ထိုအခါ မြမြသည် ချုံးပွဲချ၍ ငိုလေတော့၏။

မောင်ရေချမ်းလည်း လွန်စွာစိတ်ညစ်၍သွားပြီးလျှင် . . .



"ခက်တော့တာပဲဗျာ၊ အဖေကလဲ မြင်တဲ့အတိုင်းပဲ၊ မထနိုင်ဘူး၊ ဂိတ်ကို ကျွန်တော်လိုက်ခဲ့ရင် ရမလား" ဟု မေးလိုက်လေတော့၏။

"အာမခံရမှာကွ၊ မင်းက ကလေးပဲ၊ ကလေး ကလေးချင်း အာမခံလို့ ဘယ်ရမလဲ၊ ထမင်းပို့ချင်တော့ လာခဲ့ပေါ့" ဟု ဆိုကာ ပုလိပ်ကြီးသည် ပြန်သွားလေ၏။

ထိုအခါ ရေချမ်းသည် ချိုင့်ကလေးတစ်လုံးတွင် ထမင်းဟင်းများထည့်စေ၍ ဂိတ်သို့ သွားရလေတော့၏။

မြမြသည် အစ်ကိုဖြစ်သူ၏ အပူမီးတောက်နေပုံကိုကြည့်တာ မျက်ရည်များ တတွေတွေ စီးကျလာလေတော့၏။

ရေချမ်းသည် ဂိတ်သို့ရောက်လျှင် စန္ဒရီပုလိပ်အား အခွင့်တောင်း၍ အတွင်းသို့ဝင်၏။ ထို့နောက် ဂိတ်စာရေးကိုပြော၍ အချုပ်ဆီသို့ သွားလေ၏။

အချုပ်ခန်းအနီးသို့ရောက်လျှင် အချုပ်ခန်းအတွင်းဆီသို့ လှမ်း၍ကြည့်လိုက်ရာ ၎င်း၏ညီ ရွှေဘော်ကလေးမှာ အခြားသော တရားခံ အချုပ်သားကြီးများနှင့်အတူ ထိုင်လျက် ဆေးပေါ့လိပ် တစ်လိပ်ကို အကျအနဖွာရှိုက်ရင်း အချုပ်သားကြီးတစ်ဦး၏ စကားကို စိတ်ဝင်စားစွာ နားထောင်နေကြောင်း တွေ့ရလေတော့၏။

"ရွှေဘော်၊ ဆေးလိပ်တွေ ဘာတွေတောင် သောက်တတ်နေမှပဲ၊ နောက်ဆိုရင် အရက်တွေဘာတွေပါ သောက်လာတော့မှာ၊ ဒုက္ခပါပဲ" ဟု ရေချမ်းသည် စိတ်တွင်းမှ ရေရွတ်လိုက်လေ၏။

ဤသို့ရေရွတ်ရင်းနှင့်ပင် ရေချမ်းသည် အချုပ်ခန်းသံတိုင်အနီးသို့ ရောက်ရှိသွားလေတော့၏။ ထို့ကြောင့် . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ရွှေဘော်" ဟု ရေချမ်းက ခေါ်လိုက်လေ၏။ ထိုအခါ ရွှေဘော်က လှည့်၍ကြည့်လိုက်ပြီးနောက် "အစ်ကိုကြီးပါလား" ဟု ရေရွတ်လိုက်ပြီးနောက် . . . သူနှင့် စကားပြောနေသော အချုပ်သားကြီးဘက်သို့လှည့်ကာ . . .

"ဦးလေး ဒါ ကျွန်တော့်အစ်ကို" ဟု ရေချမ်းအားညွှန်ပြ၍ ပြောလိုက်လေ၏။ ရေချမ်းသည် သံတိုင်ကြားမှ ချိုင့်ကလေးကို ထိုးသွင်းပေးလိုက်လေ၏။ ချိုင့်မှာ လက်ဖက်ရည်ဝယ်သော ချိုင့်မျိုးဖြစ်ရကား အခက်အခဲမရှိဘဲ သံတိုင်နှစ်ခု အကြားမှ ဝင်သွားလေ၏။

"ဘယ်လိုဖြစ်တာလဲ ရွှေဘော်" ဟု ရေချမ်းက မေးလိုက်လေ၏။ "ဂေါ်လီရိုက်ကြရင်း ရန်ဖြစ်တာ၊ ဟိုဘက်လမ်းထိပ်က နှစ်ထပ်အိမ်ကြီး သိတယ်မဟုတ်လား၊ အဲဒီအိမ်က ကောင်လေးနဲ့ပါ" ဟု ရွှေဘော်က ပြောလေ၏။

"အေးလေ . . . ဘယ်လိုဖြစ်တာလဲ" ဟု ရေချမ်းက မေးလိုက်လေ၏။

"ဂေါ်လီရိုက်ရင်း ငြင်းကြတာပါ အစ်ကိုရယ်၊ သူက အရှုံးကြီး ငြင်းတယ်၊ ညစ်လဲ ညစ်တယ်၊ ဒါနဲ့ ကျွန်တော်က မကစားတော့ဘူးလို့ပြောပြီး ကျွန်တော့်ဂေါ်လီကိုယူပြီး ပြန်မယ်လုပ်တော့ ဒီကောင်က အေး . . . ကောင်းတယ်၊ ငါတို့ကလဲ မင်းနဲ့ မကစားချင်ပါဘူး၊ ငါတို့အိမ်က မီကောင်းဖခင်သားသမီးနဲ့ပဲ ကစားရမယ် လို့ ပြောထားတယ်၊ မင်းက မိကောင်းဖခင်သား သမီး မဟုတ်ဘူး၊ မင်းအဖေက အရက်သမား၊ မင်းအမေက လင်ငယ်နဲ့ လိုက်တယ်လို့ ပြောတယ်၊ အဲဒါနဲ့ ကျွန်တော်လဲ စိတ်ဆိုးပြီး အနားမှာရှိတဲ့ သံချွန်နဲ့ ထိုးလိုက်တာပါ" ဟု ရွှေဘော်က ပြောလိုက်လေတော့၏။



"အဲဒါနဲ့ ပုလိပ်တွေကလာပြီး ဖမ်းကြရော ဆိုပါတော့" ဟု ရေချမ်းက ပြောလိုက်လေ၏။

"ဘယ်ကလာ ဟုတ်ရမှာလဲ . . . အဲဒီကောင်လေးအိမ်က လူကြီးတွေ ထွက်လာပြီး ကျွန်တော့်ကိုရိုက်ကြတယ်၊ ကျွန်တော်က ထွက်ပြေးတော့ လိုက်ပြီးဖမ်းကြတယ်၊ မိသွားတော့ နှိပ်စက်ကြသေးတယ်၊ ရပ်ကွက်ကလူတွေက မနှိပ်စက်ဖို့ပြောပြီး ဂါတ်ကို ပို့လိုက်တာပါ" ဟုဆိုကာ တစ်ကိုယ်လုံးတွင်ရှိသော အညိုအမည်း ဒဏ်ရာများကို အင်္ကျီချွတ်၍ ပြလေတော့၏။

ရေချမ်းသည် အားချင်းမမျှသော လူကြီးများက ကလေးမျှသာရှိသေးသော မိမိ၏ ညီကလေးကို ဝိုင်းဝန်းရိုက်နှက် နှိပ်စက်လိုက်ကြသည်ကို သိရလျှင် ယူကျုံးမရဖြစ်၍ သွားလေတော့၏။ မျက်ရည်များ ရစ်ဝိုင်းလာ၏။ မငိုမိစေရန် စိတ်ကို အနိုင်နိုင်တင်း၍ထားရလေတော့၏။

"မင်း အတော်နာမှာပဲနော်" ဟု ရေချမ်းက မေးလိုက်မိလေ၏။ "နာတာပေါ့ အစ်ကိုရယ်၊ ကျွန်တော် မေ့တောင်သွားတယ်၊ အဲဒါကြောင့် ရပ်ကွက်က လူကြီးတွေက ဂါတ်ကိုပို့လိုက်တာပေါ့" ဟု ရွှေဘော်ကပြောလိုက်ရာ ရေချမ်းသည် အလွန်ပင် စိတ်ထိခိုက်၍သွားလေတော့၏။ ထို့ကြောင့် အချုပ်ခန်းအနီး၌ ဆက်လက်၍ မနေလိုတော့ဘဲ . . .

"ငါ ပြန်မယ်၊ မင်းကိုတော့ . . . မနက်တချိန် အဖေလာပြီး ရွေးထုတ်ပေးလိမ့်မယ်" ဟု ရေချမ်းက ပြောလိုက်လေ၏။

"အဖေက ဘာဖြစ်လို့ အခု လိုက်မလာတာလဲ အစ်ကိုရဲ့" ဟု ရွှေဘော်က မေးလိုက်လေ၏။

"အဖေ နေမကောင်းဘူးကွ" ဟု ပြောကာ ရေချမ်းသည် ထိုနေရာမှ ထွက်ခဲ့လေတော့၏။ အချုပ်ခန်းနှင့် မလှမ်းမကမ်း

www.burmeseclassic.com

www.burmeseclassic.com



နေရာရှိ ထောင့်ချိုးကလေးတစ်ခုသို့ ရောက်သောအခါ၌ လူကြီးနှစ်ယောက် စကားပြောနေသံကို ကြားရလေတော့၏။

"ရော့ပါ ရာဇဝတ်အုပ်ကြီးရယ်၊ ကျုပ်ကမေတ္တာနဲ့ပေးတာပါ လာဘ်ထိုးတာမဟုတ်ပါဘူး" ဟု လူကြီးတစ်ဦး၏အသံကို ကြားရလေတော့၏။ ထို့နောက် အသံထွက်ပေါ်မလာဘဲ အတန်ငယ် ရပ်၍ သွားပြီးနောက် ထိုလူကြီးကပင် . . .

"သံချွန်နဲ့ထိုးတဲ့ဒဏ်ရာက မများပါဘူး ဆိုပေမယ့် အစေ့ အနောင်နောင်ဆိုသလို ကျောင်းသွားကျောင်းပြန်မှာ ဒီကောင်ကလေးက လိုက်ပြီးဒုက္ခပေးနိုင်တယ်၊ ဒါကြောင့် မှတ်လောက်သားလောက်အောင် နည်းနည်းတော့ လုပ်ပေးပါ" ဟု ပြောလေ၏။

"ခင်ဗျားတို့လဲ . . . ကျေနပ်အောင် လုပ်ထားကြပြီးပြီပဲ ဒီကလေးဘက်က လိုက်နိုင်ရင် ခင်ဗျားတို့တောင် အမှုရောက်စရာ ရှိတယ်" ဟု ရာဇဝတ်အုပ်ကြီးက ပြန်၍ ပြောလိုက်လေ၏။

"အမှုက ကိစ္စမရှိပါဘူး၊ ရုံးမှာပြောရမှာပါ၊ သူတို့ဘက်က မလိုက်နိုင်ပါဘူး၊ အမေကလဲ တခြားယောက်ျားနဲ့ လိုက်သွားပြီ၊ အဖေဆိုတာကလဲ အမြဲမူးနေတာ၊ သူ့အစ်ကိုဆိုတဲ့ ကောင်လေး တစ်ကောင်က ညဈေးတန်း လမ်းဘေးမှာ . . . ဈေးရောင်းပြီး ကျွေးနေရတာ၊ ရုံးတွေဘာတွေ မလိုက်နိုင်ပါဘူး၊ ဒါကြောင့် မှတ်လောက်သားလောက်အောင် ခပ်နာနာကလေး လုပ်ပေးစမ်းပါ" ဟု ထိုလူကြီးက ပြောပြန်လေ၏။

ရေချမ်းသည် ကောင်းစွာ နားလည်သွားပြီ ဖြစ်၏။ မိမိ၏ ညီလေး ရွှေဘော်အား နှိပ်စက်ပေးရန်အတွက် ရာဇဝတ်အုပ်အား တစ်ဖက်မိဘများက လာရောက်၍ လာဘ်ထိုးနေခြင်း ဖြစ်၏။



ရေချမ်းသည် ၎င်း၏ညီကလေးအတွက် လွန်စွာမှ စိုးရိမ်ပူပန်၍ သွားလေတော့၏။ ထို့ကြောင့် မည်သို့မည်ပုံ ပြုလုပ်ရမည်ကိုလည်း အမြန်ဆုံး စဉ်းစားကြည့်မိလေ၏။ သို့ရာတွင် စဉ်းစား၍မရဘဲ ရှိလေ၏။ လူကြီးနှင့် ရာဇဝတ်အုပ်တို့မှာမူ ဆက်လက်၍ စကားပြောမြဲ ပြော၍ နေကြလေတော့၏။

ရေချမ်းသည် အကြံမပေါ်ဘဲ ရှိယော၏။ စဉ်းစား၍မရဘဲ ရှိလေ၏။ ထိုလူကြီး၏ရန်မှ မိမိညီကလေးအား မည်သို့မည်ပုံ ကယ်ဆယ်ရမည်ကို နည်းလမ်းမတွေ့ဘဲ ရှိလေ၏။ ထို့ကြောင့် တစ်စုံတစ်ရာ ပြောဆိုခြင်းမပြုဘဲ တစ်ဘက်ထောင့်ချိုးကလေးတွင် ရာဇဝတ်အုပ်ကြီးနှင့် စကားပြောနေသော လူကြီးထံသို့ ပြေးသွားပြီးလျှင် သမံတလင်းပေါ်၌ ထိုင်ချကာ လူကြီး၏ ခြေထောက်ကို မိမိ၏နဖူးဖြင့်ထိကာ အကြိမ်ကြိမ်ရှိခိုးရင်း . . .

"ကျွန်တော်ရှိခိုးပါတယ်ဦးလေးရယ်၊ ကျွန်တော့်ညီလေးဟာ နာလှပါပြီ၊ ထပ်ပြီးမလုပ်ပါနဲ့တော့" ဟု ပြောလေ၏။ ထိုသို့ ပြောရင်း၌လည်း မျက်ရည်များတတွေတွေစီးကျလာလေတော့၏။

"မင်းက ဘယ်သူလဲ" ဟု လူကြီးက မေးလိုက်လေ၏။

"ကျွန်တော်က ရွှေဘော်လေးရဲ့အစ်ကိုပါ၊ ကျွန်တော်တို့မှာ အားကိုးစရာလဲ မရှိပါဘူးခင်ဗျာ၊ သနားပါခင်ဗျာ" ဟု ရေချမ်းသည် ငို၍ လက်အုပ်ချီကာ ပြောလေ၏။ ထိုအခါ လူကြီးသည် မျက်နှာကြီးနီးမြန်းလာပြီးလျှင် . . .

"ဖယ်စမ်းကွာ" ဟု ဆိုကာ မိမိ၏ခြေထောက်ကို ရုပ်လိုက်လေ၏။ ရုပ်သည်ဆိုသော်လည်း ရိုးရိုးရုပ်ခြင်းမဟုတ်၊ ကန်၍ ရုပ်လိုက်ခြင်းဖြစ်၏။ ထို့ပြင်ရေချမ်းအား တံတွေးဖြင့်လည်း "ထွီ" ခနဲ ထွေးလိုက်ပြီးလျှင် ထွက်သွားလေတော့၏။ ထိုလူကြီး၏ တံတွေးများသည် ရေချမ်း၏ ပါးပြင်ပေါ်မှ စီးကျလျက် ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရေချမ်းသည် ရာဇဝတ်အုပ်ကြီး၏ခြေထောက်ကို နဖူးဖြင့်တိုက်၍ ကန်တော့ပြန်၏။ မိမိညီကလေးအား သနားရန် အသနားခံလေ၏။ သို့ရာတွင် ရာဇဝတ်အုပ်ကြီးက ဂါတ်စာရေး အား ခေါ်ကာ "စာရေးကြီး ဒီကောင်လေးကို ခေါ်သွားစမ်းဗျာ၊ ခင်ဗျားတို့ကလဲ ဘယ်နှစ်ခါပြောပြော မှတ်မထားဘူး၊ အချုပ် ခန်းနားကို အပြင်လူမလာပါစေနဲ့ဆိုတာ နားမထောင်ကြဘူး" ဟု ကြိမ်းမောင်းလိုက်ရာ ဂါတ်စာရေးကြီးသည် ရေချမ်းထံသို့ လာပြီးလျှင် ရေချမ်း၏လက်ကို ဆောင့်၍ဆွဲကာ "ဟေ့ကောင် လာခဲ့" ဟုဆိုပြီးလျှင် ဂါတ်အပြင်သို့ မောင်းထုတ်လိုက်လေ၏။

ရေချမ်းသည် ဂါတ်အပြင်ထွက်ရပ်ကာ . . . ဂါတ်ဘက် အချုပ်ခန်းရှိရာသို့ ငေးမောရင်း ငူငူကြီးရပ်၍နေလေတော့၏။ ကိုလူကြီးထွေးပစ်ခဲ့သော တံတွေးတို့ကား ၎င်း၏ပါးပြင်ပေါ်၌ စီးကျနေဆဲ ရှိသေး၏။

ထိုနာကြည်းဖွယ်ရာအဖြစ်အပျက်သည် ရေချမ်း၏နုနယ် သော နှလုံးသား၌ သံပူဖြင့် ကပ်လိုက်ဘိသကဲ့သို့ စွဲထင်၍သွား လေ၏။ ထိုနုနယ်သော နှလုံးသားသည် စတင်မာကျောရန် အတွက် အပေါ်ရေတင်းသွားသည်ဟုလည်း ဆိုနိုင်၏။ ရေချမ်း ၏ နှလုံးသားသည် ဤသို့လျှင် မကြာခဏ အပေါ်ရေတင်းခြင်း တို့ဖြင့် ကြုံတွေ့ခဲ့ရလေ၏။

မိခင်ဖြစ်သူသည် ဖခင်နှင့် မိမိတို့မောင်နှမသုံးယောက်ကို ပစ်ထားခဲ့ပြီး အခြားတစ်ပါးသောယောကျ်ားနှင့် လိုက်သွားသည် ဟု ကြားရစဉ်ကလည်း ဤသို့လျှင် ကြေကွဲဝမ်းနည်းခဲ့ရ၏။ ဤသို့လျှင် အပေါ်ရေတင်းခဲ့ရ၏။



ငှက်ပျောသီးဆိုင်မှ ဦးဘသောင်းကြီးက စော်ကား မော်ကား ပြုလိုက်စဉ်ကလည်း ဤသို့လျှင်ကြေကွဲခဲ့ရ၏။ နှလုံးသားသည် အပေါ်ရေတင်းခဲ့ရ၏။

တစ်ဖက်ဆိုင်ကို မျက်နှာလိုမျက်နှာရဖြင့် ကူလီတာတော့က ရန်လုပ်စဉ်ကလည်း . . . ဤသို့လျှင်နာကြည်းခဲ့ရ၏။ ၎င်း၏ နှလုံးသားသည် အပေါ်ရေတင်းခဲ့ရ၏။

ရေချမ်း၏ နှလုံးသားကား နေ့စဉ်လိုပင် နာကြည်းစရာ တစ်ခုမဟုတ်လျှင် တစ်ခုအတွက် . . . နာကြည်းခဲ့ရလေ၏။ မည်သည့်အရာနှင့်တူသနည်းဆိုမူ ငှဲ့ပြီးစ ထမင်းရည်သည် ပြင်ပမှ တိုက်ခတ်လာသောလေကြောင့် ပျော့ရာမှ တဖြည်းဖြည်း အပေါ်ရေတင်းကာ မာကျော၍ လာဘိသကဲ့သို့ ရေချမ်း၏ နုနယ်သော နှလုံးသားသည်လည်း လောကဓံ၏ တိုက်ခတ်မှု ကြောင့် တဖြည်းဖြည်းချင်း အပေါ်ရေတင်းလာသည်နှင့် တူလေ တော့၏။

အမှန်စင်စစ် ရေချမ်းကား အပြစ်မဲ့သော သူငယ်ကလေး ဖြစ်၏။ သို့ရာတွင် လောကသည် ၎င်းအပြစ်မဲ့သော သူငယ် ကလေး၏ အပေါ်၌ ဒုက္ခများ၊ ဝမ်းနည်းကြေကွဲဖွယ်ရာများ၊ နာကြည်းဖွယ်ရာများ စသော အနိဋ္ဌာရုံများနှင့် ဖိစီးပေးလျက် ရှိလေ၏။ လောကကြီးကား ရက်စက်ခြင်းမက ရက်စက်လှဘိ တော့သည်။

✻ ✻ ✻ ✻ ✻

## ဦးသန်းမောင် ဝင့်လည်ခြင်းလော

နောက်တစ်ရက်တွင် ရေချမ်းသည် ဖခင်ကြီးအား ခေါ်၍ ဂါတ်သို့ သွားလေ၏။ သို့ရာတွင် ဂါတ်ဝင်းအတွင်းသို့ပင် ဝင်ခွင့်

www.burmeseclassic.com

www.burmeseclassic.com



မရဘဲ ဂါတ်ဝင်းအပြင်၌ မတ်တတ်ရပ်၍ နေရလေ၏။ ရေချမ်းသည် စန္ဒရီစောင့်သော ပုလိပ်ကြီးအနီးသို့ကပ်ကာ . . .

"ကျွန်တော့်ညီလေးအတွက် . . . အာမခံမလို့ လာတာပါ၊ ကျွန်တော့်အဖေလဲပါပါတယ်"ဟုပြောလိုက်ရာ စန္ဒရီပုလိပ်က-

"အေး . . . ဟုတ်တယ်ကွ၊ မင်းတို့ကို ဝင်ခွင့်မပေးရဘူးလို့ မှာထားလို့ ဝင်ခွင့်မပေးတာဘဲကွ" ဟု ပြောလေ၏။ ထိုအခါ ရေချမ်း၏ဖခင် ဦးသန်းမောင်က . . .

"ဟေ့ကောင်၊ မင်းက ငါ့ကို လူအ, အောက်မေ့လို့လား မင်းကို ငါ တစ်ခုမေးမယ်၊ ငါတို့က အခုအမှုတစ်ခုတိုင်ချင်တယ် အဲဒါ ဝင်ခွင့်မပေးနိုင်ဘူးလား" ဟု ခပ်ငေါက်ငေါက်မေးလိုက်ရာ စန္ဒရီက . . .

"ဒီလိုဆိုလဲ ဝင်ပေါ့ဗျာ" ဟု ပြောလိုက်လေ၏။

ထိုအခါ ဦးသန်းမောင်ကြီးသည် ရေချမ်း၏ လက်ကိုဆွဲ၍ "လာ ငါ့သား" ဟု ဆိုကာ ဂါတ်အတွင်းသို့ ဝင်လေ၏။

"အဖေရယ် . . . အမှုတွေ ထပ်တိုးကုန်ပါဦးမယ်၊ အရမ်းအရမ်း မလုပ်ပါနဲ့" ဟု ရေချမ်းက ပြောလိုက်လေ၏။

"မင်းကလဲကွာ၊ မကြောက်စမ်းပါနဲ့၊ ဒီအလုပ်တွေက အဖေ လုပ်လာခဲ့တာပါ" ဟု ဦးသန်းမောင်ကြီးကပြောလိုက်ရာ ရေချမ်းသည် အံ့အားသင့်သောမျက်နှာဖြင့် ၎င်း၏ဖခင်ကို မော့ကြည့်လိုက်လေ၏။

ထိုသို့ မော့၍ကြည့်ပြီးနောက် . . .

"ဒီအလုပ်တွေ . . . အဖေလုပ်လာခဲ့တာ ဟုတ်လား" ဟု မေးလိုက်လေ၏။

"ဒါပေါ့ကွ . . . အဖေ လုပ်လာခဲ့တဲ့ အလုပ်တွေပဲ" ဟု ဦးသန်းမောင်က ပြန်၍ပြောလေ၏။



"ဒီပုလိပ်အလုပ်တွေကို အဖေ လုပ်ဖူးတယ်ဟုတ်လား" ဟု ရေချမ်းက မေးပြန်လေ၏။

"ဟုတ်ပါတယ်လူလေးရဲ့၊ အဖေ ရာဇဝတ်အုပ်က ထွက်လာခဲ့တာပါ၊ မင်းအမေနဲ့ အိမ်ထောင်ကျပြီး မင်းကိုမွေးတဲ့နေ့မှာပဲ အဖေ အလုပ်ကထွက်ခဲ့တာ" ဟု ဦးသန်းမောင်က ပြောလိုက်ရာ ရေချမ်းက . . .

"ဘာဖြစ်လို့ ထွက်ခဲ့ရတာလဲ၊ ရာဇဝတ်အုပ်ဆိုတာ ဘယ်လောက် ဂုဏ်ရှိသလဲ အဖေရယ်၊ ဒါနဲ့ အဖေ ဒီဂါတ်မှာရှိတဲ့ ရာဇဝတ်အုပ်ကြီးနဲ့ အဖေနဲ့ သိမှာပေါ့နော်" ဟု မေးလိုက်လေ၏။

"ပြောပြရင် . . . သိမှာပေါ့ကွာ" ဟု ဦးသန်းမောင်ကြီးက ဖြေလေ၏။

"ဟန်ကျတာပေါ့ အဖေရယ်၊ ဒီက ရာဇဝတ်အုပ်ကြီးနဲ့ အဖေနဲ့သိရင် ရွှေဘော်လေး အနှိပ်စက်မခံရတော့ဘူးပေါ့" ဟု ရေချမ်းက ပြောလိုက်လေ၏။

ဤသို့နှင့်ပင် ၎င်းတို့သားအဖသည် ဂါတ်စာရေး၏စားပွဲသို့ ရောက်ရှိသွားလေတော့၏။

ထိုအခါ ဂါတ်စာရေးက . . .

"ဘာကိစ္စလဲ" ဟု လေသံခပ်မာမာနှင့် မေးလိုက်လေ၏။

"ကျုပ်သားလေး ရွှေဘော်အတွက် အာမခံဖို့ လာတာပါ" ဟု ဦးသန်းမောင်က ဖြေလိုက်ရာ ဂါတ်စာရေးက . . .

"အာမခံမပေးနိုင်ဘူး၊ ခံရတဲ့ကလေးဘက်က ဆေးစာကို စောင့်ရဦးမယ်" ဟု ပြောလေ၏။

"ဒီလိုပါ စာရေးကြီးရယ်၊ ကျုပ်လဲ ပုလိပ်အဖွဲ့က လူဟောင်းတစ်ယောက်ပါ . . . သာစည်ဂါတ် ရာဇဝတ်အုပ်ဟောင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပါ၊ ကိုယ့်အချင်းချင်းကူညီပါဗျာ" ဟု ဦးသန်းမောင်က ပြောလိုက်ရာ ဂါတ်စာရေးက . . .

"သာစည်ဂါတ်ဟာ နောက်ဆုံးနေခဲ့တဲ့ ဂါတ်ပဲလား၊ ပင်စင်ယူတာ ဘယ်လောက်ကြာပြီလဲ ဆရာ" ဟု မေးလိုက်လေ၏။

"ဟောဒီကလေးတစ်သက်ပါပဲ" ဟု ဆိုကာ ဦးသန်းမောင်က မောင်ရေချမ်း၏ပခုံးကို လက်ဖြင့် ပုတ်၍ ပြလေ၏။

မောင်ရေချမ်းမှာလည်း ဂါတ်စာရေးကြီးက "ဆရာ" ဟု ခေါ်လိုက်ခြင်းကြောင့် လွန်စွာ ကျေနပ်၍သွားလေတော့၏။ စိတ်တွင်း၌လည်း တို့အဖေကလဲ ဘယ်ခေလို့လဲ ဟု တွေးမိရင်း သဘောကျ၍သွားလေတော့၏။

"ဒါဖြင့်ရင် ဒီအက်စ်ပီ မစွတာဖော်စကာကို ဆရာ မီသေးတာပေါ့" ဟု ဂါတ်စာရေးက မေးမြန်းလေ၏။

"မီပါတယ်" ဟု ဦးသန်းမောင်က ဖြေလေ၏။

ထိုအချိန်မှာပင် ရာဇဝတ်အုပ် ရောက်ရှိလာလေ၏။

ထိုရာဇဝတ်အုပ်မှာ ယမန်နေ့က အမှုသည်ထံမှ လာဘ်စားထားသော ရာဇဝတ်အုပ်ဖြစ်၏။ ဂါတ်စာရေးသည် ထိုရာဇဝတ်အုပ်အား . . .

"ဆရာ ဟောဒါ တရားခံရှေ့ဘော်လေးရဲ့အဖေပဲ၊ ပြီးတော့ ဒီဆရာကြီးကလဲ သာစည်ဂါတ်က ရာဇဝတ်အုပ်ဟောင်းတစ်ဦးပဲ ဆရာ" ဟု မိတ်ဆက်ပေးလိုက်လေ၏။ ထိုအခါ ရာဇဝတ်အုပ်ကြီးက ဦးသန်းမောင်ကို သေသေချာချာကြည့်ပြီးလျှင် . . .

"အခု ဘယ်ဂါတ်မှာလဲ" ဟု မေးလိုက်လေ၏။

"ကျုပ် ဆားဗစ်ထဲမှာ မရှိတော့ပါဘူး" ဟု ဦးသန်းမောင်က ပြန်၍ပြောလေ၏။



"ပင်စင်လား . . . မဖြစ်နိုင်ပါဘူး၊ ၅၅ နှစ်ပြည့်ပြီးမှပေးတာ မဟုတ်လား" ဟု ရာဇဝတ်အုပ်ကြီးက မေးလိုက်လေ၏။

"ပင်စင်မဟုတ်ပါဘူးဗျာ၊ (ဒစ်စမစ်) အထုတ်ခံရတာပါ" ဟု ဦးသန်းမောင်က မဖြေချင့်ဖြေချင်ဖြင့် ဖြေလိုက်လေ၏။

"ဘာကြောင့်လဲ" ဟု ရာဇဝတ်အုပ်ကြီးက မေးမြန်းလေ၏။

"ဘရိုက်ဘရီ (လာဘ်စားမှု) ပါ" ဟု ဦးသန်းမောင်က ဖြေလိုက်လျှင် . . . ရာဇဝတ်အုပ်ကြီးက မဲ့ပြုံးကလေး ပြုံးလိုက်လေ၏။

"ဟုတ်ပါတယ်ဗျာ၊ ရှေးက ပုလိပ်အရာရှိတွေဟာ ခံရရင် ဘရိုက်ဘရီ (လာဘ်စားမှု) ချည်းပဲ၊ ဒီခေတ်မှာတော့ ပုလိပ်ဘက်မှာ ဒါမျိုးမရှိတော့ပါဘူး" ဟုလည်း . . . ရာဇဝတ်အုပ်ကြီးက အသားယူ၍ ပြောလိုက်လေ၏။

"ဟုတ်မှာပါခင်ဗျာ" ဟု ဦးသန်းမောင်က စိတ်တွင်းမှ မယုံကြည်သော်လည်း ယုံကြည်ဟန်ဖြင့် ဖြေလိုက်လေ၏။

"အာမခံပေးဖို့ ခက်တယ်ဗျာ၊ ဆေးစာကို စောင့်ရဦးမယ်၊ တစ်ဖက်ကလဲ ဆရာဝန်ဆီကို ဝင်ပြီး ပူးနေတယ်၊ ကျုပ်အနေနဲ့ အကြံပေးချင်တာကတော့ ခံရတဲ့ကလေးမိဘများဆီသွားပြီး ခင်ဗျားကိုယ်တိုင် ဝန်ချတောင်းပန်ပါ၊ ဒါကလွဲပြီး မရှိတော့ဘူး ခင်ဗျ" ဟု ရာဇဝတ်အုပ်ကြီးက ပြောလေ၏။

"ဒီလိုဆိုရင်ဗျာ ကျွန်တော့်သားကလေးနဲ့ တွေ့ခွင့်ပေးပါ" ဟု ဦးသန်းမောင်က ပြောလေ၏။ သို့ရာတွင် ရာဇဝတ်အုပ်ကြီးက ခေါင်းကို တွင်တွင်ခါလျက် . . .

"အဲဒါတော့ မဖြစ်နိုင်ဘူးဗျာ၊ ဘယ်နည်းနဲ့မှ တွေ့ခွင့်မပေးနိုင်ဘူး" ဟု ပြောကာ ထွက်သွားလေတော့၏။ ထိုအခါ ဂါတ်စာရေးကလည်း . . .

www.burmeseclassic.com

www.burmeseclassic.com


"အကောင်းဆုံးကတော့ . . . ကလေးမိဘတွေဆီသွားပြီး တောင်းပန်ပါ ဆရာရယ်၊ ပြီးတော့ ဆရာ့ကို အချင်းချင်းမို့ ပြောလိုက်ဦးမယ်၊ ဒီကိစ္စက မလွယ်ဘူးဆရာ၊ ကျွန်တော်တို့ ရာဇဝတ်အုပ်က ခံရတဲ့ကလေးမိဘတွေဆီက စားထားပြီးပြီ" ဟုပြောလိုက်ရာ ဦးသန်းမောင်က "ဗျာ" ဟု လွတ်ခနဲအော်လိုက်မိပြီးလျှင် မျက်လုံးအစုံမှ မျက်ရည်များ စီးကျလာလေတော့၏။ ထို့နောက် ဂါတ်စာရေးဘက်သို့ လှည့်ကာ . . .

"ဒီရာဇဝတ်အုပ်နာမည် ဘယ်သူတဲ့လဲ" ဟု မေးလိုက်လေ၏။

"ဦးသန်းမောင်လို့ ခေါ်ပါတယ်" ဟု ဂါတ်စာရေးက ဖြေလိုက်လေ၏။

"အလိုလေး၊ ကျုပ်နဲ့ နာမည်ချင်း တူနေပါလား စာရေးကြီးရယ် . . . ခင်ဗျားဆရာကို ပြောပြလိုက်ပါ၊ ဝဋ်ဆိုတာ သိပ်ပြီး ကြောက်ဖို့ကောင်းတယ်လို့၊ ကျုပ်လေ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်တုန်းက . . . အဲဒီလိုပဲ ကလေးချင်းရန်ဖြစ်တဲ့ကိစ္စမှာ မျက်နှာကြီးတဲ့ကလေးဘက်ကလိုက်ပြီး မျက်နှာငယ်တဲ့ကလေးကို နှိပ်စက်ခဲ့တာ အဲဒီကိစ္စမှာ လာဘ်လဲစားခဲ့ပါတယ်ဗျာ၊ အဲဒီဝဋ်ကြွေးတွေ အခု ကျုပ်ခံနေရပါပြီ၊ စာရေးကြီးရဲ့ဆရာကို အဲဒါကလေး ပြောပြလိုက်ပါ" ဟု ဦးသန်းမောင်က ပြောဆို၍ မောင်ရေချမ်း၏ လက်ကိုဆွဲကာ ဂါတ်ဝင်းအပြင်သို့ ထွက်ခဲ့လေတော့၏။ ဂါတ်ဝင်းအပြင်သို့ ရောက်သောအခါ မောင်ရေချမ်းက . . .

"အဖေလဲ ဒီရာဇဝတ်အုပ်ကြီးလိုပဲ ပိုက်ဆံရှိတဲ့ ကလေးမိဘတွေပေးတဲ့ ပိုက်ဆံကိုယူပြီး . . . ပိုက်ဆံမရှိတဲ့ကလေးကို ညစ်ခဲ့တာပေါ့နော်" ဟု မေးလိုက်ရာ ဦးသန်းမောင်က . . .



"ဒါပေါ့သားရယ် အဲဒီတုန်းက အဖေက မင်းတို့အမေနဲ့ ရခါစကွယ့်၊ မင်းတို့အမေကို စိန်နားကပ် ဆင်ချင်လို့ကွယ့်" ဟု ပြောလိုက်လေ၏။

ထို့နောက် ၎င်းတို့သားအဖသည် ဂါတ်ဝင်းအပြင်၌ အကြာကြီးရပ်နေကြလေ၏။ ထိုသို့ရပ်နေစဉ်အတွင်း မောင်ရေချမ်းက-

"အဖေ အဲဒီတုန်းက လာဘ်စားပြီး သူများသားသမီးကို ဒုက္ခပေးခဲ့လို့ အခုအခါမှာ ဝဋ်လိုက်တာပေါ့နော်" ဟု ပြောလိုက်ရာ ဖခင်ဖြစ်သူ ဦးသန်းမောင်က . . .

"ဒါပေါ့သားရယ် . . . ကာလဝိပါက် နောက်ပိုးတက်လို့ ဆိုတယ်ကွယ့်" ဟု ဖြေလိုက်လေ၏။

"အဖေ ဝဋ်လိုက်တာတော့ ဟုတ်ပါပြီ၊ သူများသားသမီးကို ဒုက္ခပေးခဲ့တာကိုး၊ ရွှေဘော်က ဘာဖြစ်လို့ အချုပ်ခံရတာလဲ၊ သူက . . . ဘယ်လိုအကြောင်းနဲ့ ဝဋ်လိုက်ရပြန်တာတုံး" ဟု မောင်ရေချမ်းက မေးပြန်လေ၏။

"ဒါတော့ . . . အဖေလဲ မပြောတတ်ဘူးကွယ့်" ဟု ဦးသန်းမောင်က ပြောလိုက်လေ၏။

ထိုအခါ မောင်ရေချမ်းက . . .

"ဒါတွေ ထားလိုက်ပါတော့ အဖေရယ်၊ ဟိုတောင်လေးရဲ့ မိဘတွေဆီ သွားပြီး တောင်းပန်ကြပါစို့၊ ရှိခိုးပြီးတောင်းပန်မှ ကျေမယ်ဆိုရင်လဲ ရှိခိုးပြီး တောင်းပန်ကြတာပေါ့၊ ရွှေဘော်လွတ်ဖို့က အရေးကြီးတယ် မဟုတ်လား" ဟု ပြောလိုက်လေ၏။

ဦးသန်းမောင်သည် မောင်ရေချမ်း၏ မျက်နှာကို ကြည့်လိုက်၏။ ထို့နောက် . . .

"စိတ်ချပါသားရယ်၊ အဖေ ကျေနပ်အောင် တောင်းပန်ပါ့မယ်" ဟု ကတိပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းသည် ရွှေဘော် ပြောပြထားသဖြင့် သံချွန်ဖြင့် အထိုးခံရသော ကလေး၏အိမ်ကို ကောင်းစွာသိလေ၏။ ထို့ကြောင့် ထိုအိမ်ဆီသို့ ဖခင်အား ခေါ်သွားလေတော့၏။

ထိုအိမ်သို့ရောက်လျှင် ရေချမ်းတို့သားအဖသည် မရဲတရဲနှင့် ဝင်လေ၏။ ၎င်းတို့သည် ကြမ်းပြင်၌ ကျို့ကျို့ယို့ယို့ကလေး ထိုင်ကြလေ၏။ အိမ်ရှင်ယောကျ်ားနှင့် အိမ်ရှင်မိန်းမ (ကလေး၏ မိဘများ) သည် ထွက်လာကြပြီးလျှင် အိမ်ရှင်ယောကျ်ားကြီးက-

"ဘာကိစ္စလဲ" ဟု မေးလေ၏။

ထိုအခါ ဦးသန်းမောင်က . . . ထိုသူ၏ ခြေထောက်အနီး၌ ဦးခေါင်းကိုချ၍ ကန်တော့ပြီးလျှင် . . .

"ကျွန်တော့်သားအတွက် တောင်းပန်ဖို့ လာတာပါ" ဟု ပြောလေ၏။ ရေချမ်းမှာလည်း ဖခင်၏နည်းတူ ကန်တော့လေ၏။ ထိုအခါ အိမ်ရှင်ယောကျ်ားကြီး၏မျက်နှာသည် နီမြန်းလာပြီးလျှင် . . .

"ဒီလိုနဲ့ ကျေနိုင်ရိုးလားဗျာ" ဟု ပြောလေ၏။

ထိုအချိန်၌မှာပင် ထိုလူကြီး၏ သားကလေးသည် ဆော့ကစားရင်း ပြေး၍လာလေ၏။ ရေချမ်းသည် ထိုကလေးကို ကြည့်လိုက်ရာ ရွှေဘော် သံချွန်ဖြင့်ထိုး၍ လက်မောင်းတွင် ပေါက်နေသည့် အနည်းငယ်မျှသောဒဏ်ရာကို တွေ့ရလေ၏။ ထိုဒဏ်ရာမှာ စတင်၍ကျက်စပြုနေပြီးလျှင် . . . အနာဖေးပင် တက်နေပြီ ဖြစ်၏ ထိုကလေးသည် ဦးသန်းမောင်နှင့် ရေချမ်းတို့အား ရွှေဘော်၏ အဖေနှင့် အစ်ကိုမှန်းသိလျှင် . . .

"ခွေးကောင်တွေ" ဟုဆိုကာ ... ခြေထောက်ဖြင့်ကန်၏။ ရေချမ်း၏ရင်ဘတ်ကို စ၍ကန်၏။ ထို့နောက် ဦးသန်းမောင်၏ ရင်ဘတ်ကို ကန်ပြန်၏။



"တန်ပါ သားရယ်" ဟု ဦးသန်းမောင်က ပြော၍ ကလေးကို ချော့ရာ ထိုကလေးက . . .

"ဘာသားလဲ၊ ခင်ဗျားသားမဟုတ်ဘူး၊ ခင်ဗျားက အရက်သမား၊ ခင်ဗျားမိန်းမက လင်ငယ်နဲ့ပါသွားပြီ . . . သွား သွား ထွီ ထွီ" ဟု ပြောဆိုကာ တံတွေးဖြင့် ထွေးလေ၏။

ရေချမ်း၏ ရင်တွင် ဆို့နင့်နင့်ကြီး ဖြစ်၍ သွားလေ၏။ ကလေး၏မိဘများမှာလည်း မိမိ၏ကလေးက ဤမျှအထိရိုင်းပျစော်ကားနေပါလျက် 'မလုပ်နဲ့' ဟု ပြောဖော်မရ၊ ကြည့်၍ကောင်းသည့်အလား ကြည့်နေကြလေ၏။

"ကဲပါခင်ဗျာ၊ ဒါလောက်ဆိုရင် ကျေနပ်ပါတော့၊ ကျွန်တော့်သားလေးကို ချမ်းသာပေးပါ" ဟု ဦးသန်းမောင်က တောင်းပန်သော်လည်း ကလေး၏ဖခင်က . . .

"မရဘူး၊ ဥပဒေအတိုင်း ဖြစ်လိမ့်မယ်၊ ခင်ဗျားတို့ သွားကြပါ၊ နောက်ကိုလဲ မလာပါနဲ့" ဟု မောင်းထုတ်လေ၏။

၎င်း၏ သားကလေးကလည်း . . .

"သွား သွား . . . အမျိုးယုတ်တွေ" ဟု ဆိုကာ ဆဲဆို၍ ဦးသန်းမောင် နှင့် ရေချမ်းကို ခြေထောက်ဖြင့် ကန်ပြန်လေ၏။

ထို့ကြောင့် ၎င်းတို့သားအဖသည် ထိုရိုင်းပျသော အိမ်မှ ဝမ်းနည်းကြေကွဲစွာ ထွက်ခဲ့လေတော့၏။

ထိုသို့ထွက်ခဲ့ရာတွင် ရေချမ်း၏နုနယ်သောနှလုံးသားသည် လောကဓံ၏ တိုက်ခတ်မှုကြောင့် အပေါ်ရေတင်းသည်ထက် တင်း၍ လာပြန်လေတော့၏။

လမ်းသို့ရောက်သောအခါ၌ ဦးသန်းမောင်က . . .

"ဒီတစ်ခါဖြင့် ခက်ကြပြီ လူကလေးရေ" ဟု ပြောဆိုလိုက်ရာ ရေချမ်းသည် ငိုကြွေးလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေဘော်လေးတော့ ဒုက္ခပါပဲအဖေရယ်" ဟုလည်း ရေချမ်းသည် မကြာခဏ ရေရွတ်လေ၏။

အိမ်သို့ရောက်သောအခါ၌ မြမြသည် ဖခင်ဖြစ်သူအား ...

"အဖေ ရွှေဘော် လွှတ်ဖို့နီးပြီလား" ဟု မေးလေ၏။

"နင့်အစ်ကိုသာ မေးကြည့်ပါတော့ . . . သမီးရယ်" ဟု ဦးသန်းမောင်က ပြောလိုက်ရာ မြမြသည် ရေချမ်းအား မေးလေတော့၏။

ရေချမ်းက အကျိုးအကြောင်း အပြည့်အစုံ ပြောပြသောအခါ၌ မြမြလည်း ငိုလေတော့၏။ ငိုရာ၌လည်း ရှိုးရှိုးမငိုဘဲ-

"အမေရေ . . . သမီးတို့အဖြစ်ကို လာကြည့်လှည့်ပါဦး" ဟု မိမိတို့အပေါ်၌ စိမ်းကားရက်စက်စွာ ပစ်ခွာထွက်သွားသော မိခင်ဖြစ်သူ မစိမ်းကားကြီးအား တ,၍ ငိုလေတော့၏။

ရေချမ်းမှာမူ ပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်ရင်း လောကဓံတရား၏ အညှာအတာကင်းမဲ့ပုံကို တွေးတောကာ မျက်ရည်များ တတွေတွေ ကျဆင်းလာလေတော့၏။

ရေချမ်းတို့ သားအဖလေးယောက်အပေါ်၌ စနေရောရာဟုရော၊ အင်္ဂါပါအကျန် ဂြိုဟ်ဆိုးဟူသမျှတို့သည် ဖိစီးနှိပ်စက်နေသည့်အလား ရှိလေတော့သတည်း။

* * * * *

## ရေချမ်းနှင့် ခင်မေရီ

ရေချမ်းသည် နောက်တစ်နေ့၌ ဈေးထွက်မြဲ ထွက်ရလေ၏။ ဈေးထွက်ရာ၌လည်း စိတ်မပါဘဲ ရှိလေ၏။ ၎င်း၏စိတ်သည် ညီဖြစ်သူ ရွှေဘော်ထံသို့ ရောက်ရှိနေလေတော့၏။ ထို့ကြောင့် မထွက်မဖြစ်၍ ထွက်လာရသော်လည်း မထွက်ချင်ထွက်ချင်နှင့်



ထွက်လာရခြင်းဖြစ်ရာ ဆိုင်သို့ ရောက်သည့် အခါ၌လည်း ဆိုင်ပစ္စည်းများကို မခင်းချင် ခင်းချင် ခင်းနေလေ၏။ ထိုအချိန် ဆိုင်အတွင်းသို့ တစ်စုံတစ်ယောက် ဝင်၍လာသဖြင့် ရေချမ်းသည် ဝင်လာသူကို မော့၍ မကြည့်သေးဘဲ . . .

"ဘာယူမလဲခင်ဗျာ" ဟု မေးလိုက်ရာ ဝင်လာသူက "ခစ်" ခနဲ ဝယ်လိုက်လေ၏။ ထို့ကြောင့် ရေချမ်းလည်း မော့၍ကြည့်လိုက်လေ၏။ ထိုသို့ မော့၍ကြည့်ပြီးနောက် . . .

"ခင်မေရီပါလား" ဟု ပြောလိုက်လေ၏။

"အစ်ကိုရေချမ်းက ဘာမှန်းလဲမသိဘူး၊ ကျွန်မ ဝင်လာတာကိုတောင် ဘာယူမလဲ ခင်ဗျာ တဲ့၊ အတော့်ကို ရောင်းချင်နေတယ်၊ ဈေးဦး မပေါက်သေးဘူး မှတ်တယ်" ဟု ခင်မေရီက ပြောလိုက်လေ၏။

"ဈေးဦးဘယ်ကလာပေါက်ဦးမှာလဲ ခင်မေရီရယ်၊ အခုမှ ဆိုင် စ,ပြီးခင်းတဲ့ဥစ္စာ" ဟု ရေချမ်းက ပြောလိုက်လေ၏။

"ကဲပါ . . . ဒီလိုဆိုလဲ ကျွန်မက ဈေးဦးဖောက်ပေးရမှာပေါ့၊ လက်ဖက်အသားနဲ့ အကြော်စုံ တစ်ထုပ်၊ ဆီလဲ ဆမ်းပေးထား၊ နေ့လယ်ကျရင် စားဖို့၊ အပြန်မှဝင်ယူမယ်" ဟု ဆိုကာ ခင်မေရီသည် ဈေးအိမ်သာဘက်သို့ သွားလေ၏။

ထိုနေရာမှပြန်လာသောအခါ၌ ခင်မေရီသည် ရေချမ်းဆိုင်သို့ ဝင်၍ လက်ဖက်ထုပ်ကိုယူကာ ကျသင့်ငွေကို ပေးလေ၏။ ခင်မေရီသည် လက်ဖက်ထုပ်ကို ယူပြီးနောက် ဆိုင်အတွင်းမှ ထွက်မသွားသေးဘဲ လက်ဖက်ထုပ်ကိုဖြေ၍ကြည့်ကာ ဟန်မပါပါ နှုတ်ခမ်းကလေးစူလိုက်ပြီးလျှင် "အစ်ကိုရေချမ်းတတော့ လုပ်ပြီ၊ အကြော်စုံက နည်းလိုက်တာ၊ ဆီကလဲ ပါတောင်မပါဘူး၊ ဟွန်း ..." ဟုပြောလိုက်လေ၏။ ထိုအခါ မောင်ရေချမ်းက...

www.burmeseclassic.com

www.burmeseclassic.com



"အများကြီးထည့်ပေးထားပါတယ် ခင်မေရီရယ်၊ မကျေနပ်ရင်လဲ ဟောဟိုမှာ အကြော်ပုလင်းတွေရှိတယ်၊ ဆီပုံးလဲ ဟိုမှာ၊ နှင့်ဟာနှင့် ထည့်ယူပေတော့၊ ငါကတော့ ဆိုင်ခင်းရဦးမယ်" ဟု ဆိုကာ ဆင်ခွေးတုံးဆပ်ပြာထည့်ထားသော သေတ္တာကြီးတို့ မှ၍ ရွှေ့နေလေတော့၏။

"အလကားပြောတာပါ အစ်ကိုရေချမ်းရယ်၊ ကျွန်မ မယူရက်ပါဘူး၊ ကိုရေချမ်းရဲ့ဆိုင်ကလေး ပြုတ်သွားပါဦးမယ်၊ တို့စားဖို့ ကြက်သွန်ဖြူ တစ်ဥနှစ်ဥပဲ ယူမယ်နော်" ဟု ခင်မေရီက ပြောလေ၏။

"တစ်ဥနှစ်ဥမဟုတ်ပါဘူးဟယ်၊ တို့ချင်သလောက်သာယူပါ၊ ဒီထက်လဲ ပိုပြီး မွဲသွားဖို့ မရှိပါဘူး" ဟု ရေချမ်းက ပြောရင်း ဆိုင်ရှေ့တွင် တံမြက်စည်းလှည်း၍ နေလေတော့၏။

"အစ်ကိုရေချမ်းကြီးက ကျွန်မအပေါ်မှာ စေတနာတွေ ပိုနေလိုက်တာ၊ ကျွန်မကလဲ အစ်ကိုရေချမ်း မွဲသွားအောင် မယူရက်ပါဘူး" ဟု ခင်မေရီက ပြောလေ၏။

"နင်က ဖောက်သည်ပဲ၊ ဖောက်သည် စိတ်ကျေနပ်မှ မိတ်မပျက်မှာပေါ့ ခင်မေရီရဲ့" ဟု ရေချမ်းက ပြန်၍ ပြောလေ၏။

"ဩော် အစ်ကိုရေချမ်းကြီးက ကျွန်မကို ရောင်းသူ ဝယ်သူလို သဘောထားတုန်းပဲလား၊ ကျွန်မကို ကြက်သွန်ဖြူ ယူခွင့်ပေးတာ၊ ဖောက်သည်မို့ ပေးတာပေါ့၊ ဒီလိုဆို မယူတော့ဘူး" ဟု ဆိုကာ ခင်မေရီသည် ကောက်ပြီးသား ကြက်သွန်ဖြူများကို တောင်းထဲသို့ပြန်၍ပစ်ချကာ စိတ်ဆိုးချင်ဟန်ပြုလေ၏။ ထိုအခါ ရေချမ်းသည် ခင်မေရီ တကယ်စိတ်ဆိုးသွားသည်ဟု ထင်မှတ်ကာ တံမြက်စည်းလှည်းရာမှပြေးလာပြီးလျှင် ကြက်သွန်ဖြူများကို ကောက်၍ ခင်မေရီ၏ လက်အတွင်းသို့ ထည့်ပေးရင်း . . .



"ယူပါဟယ် . . . စိတ်မဆိုးပါနဲ့ ယူပါ" ဟု ပြောလေ၏။ ခင်မေရီကလည်း ဆက်လက်၍ စိတ်ဆိုးဟန်ပြုကာ . . .

"ဟင့်အင်း . . . မယူဘူး၊ သူများကို ဖောက်သည်လို သဘောထားပြီးပေးတာ၊ ဘာလုပ်ဖို့လဲ" ဟု ပြောလေ၏။

"ဒီလိုသဘောမျိုးမဟုတ်ပါဘူး၊ ယူပါ . . . ယူပါ" ဟု ဆိုကာ ရေချမ်းက အတင်းပေးလေ၏။ ထိုအခါ ခင်မေရီက ခစ်ခနဲ ရယ်ပြီးနောက် "သူများကို ဖောက်သည်လို သဘောမထားနဲ့ဦးနော်" ဟု ပြောလိုက်ရာ ရေချမ်းက . . .

"အေးပါဟယ် နင်ကျေနပ်ပြီမဟုတ်လား" ဟု မေးလိုက်လေ၏။ ခင်မေရီက ပါးစပ်ဖြင့်မဖြေဘဲ ခေါင်းညိတ်ပြလေ၏။ ထိုအချိန်၌မှာပင် ဆိုင်ပေါက်ဝမှ လွန်စွာ ကျယ်လောင်၍ လွန်စွာမှလည်း ခြောက်ကပ်ကပ်နိုင်လှသောအသံကြီးဖြင့် . . .

"ကြည့်စမ်း . . . ကြည့်စမ်း . . . ကြာလှပါတယ်ဆိုပြီး ငါ လိုက်လာတာ၊ လက်စသတ်တော့ ညည်းက ဒီဆိုင်ဝင်နေတာကိုး၊ လာခဲ့၊ နင် မိုက်လှချေလား၊ ကိုယ်နဲ့တန်သလား၊ တူသလား ညည်း မသိဘူးလား၊ မသိဘူးလား" ဟု အော်ဟစ်လိုက်လေ၏။ ခင်မေရီလည်း ထိတ်လန့်ကြောက်ရွံ့စွာဖြင့် ဆိုင်တွင်းမှထွက်ကာ

"အဒေါ်ကလဲ လက်ဖက်ဝယ်နေတဲ့ဥစ္စာ" ဟု ပြောလိုက်ရာ ၎င်း၏အဒေါ်က "လက်ဖက်ဝယ်တာ . . . ဟုတ်လား၊ အိမ်မှာ လက်ဖက်တွေ ညည်းကို ဖို့သတ်လို့တောင် ရသေးရဲ့၊ ညည်း အကြောင်းမရှိ အကြောင်းရှာပြီးလာတာ ငါသိတယ်၊ ငါ့ကိုပြောတော့ အိမ်သာဆို ခင်မေရီရဲ့" ဟု ငယ်သံပါအောင်အော်လိုက်ရာ ခင်မေရီလည်း ရှင်းပြခြင်းငှာမတတ်နိုင်တော့ကြောင်းသိလျှင် ထိုနေရာမှ ပြေးထွက်သွားလေတော့၏။ ခင်မေရီက ပြေးထွက်သွားသော်လည်း ၎င်း၏အဒေါ်ကြီးကမူ နေရာမှ မရွှေ့သေး၊

www.burmeseclassic.com

www.burmeseclassic.com



ခါးထောက်၍ ရပ်နေသော ကျောက်ရုပ်ကြီးပမာ ဆက်လက်၍ ရပ်မြဲရပ်နေပြီးလျှင် "ဒီမှာဟဲ့ကောင် နင်နဲ့ ငါ့တူမနဲ့ တန်သလား" ဟု အော်လိုက်လေ၏။

"ကျွန်တော်က . . . အဒေါ်တူမကို ဘာလုပ်လို့တုံး၊ သူက ဈေးလာဝယ်တယ်၊ ကျွန်တော်က ရောင်းတယ်" ဟု ရေချမ်းက ပြောလိုက်လေ၏။

ဈေးဝယ်သူများ၊ ဆိုင်နီးပါးချင်းများသည် ရေချမ်းနှင့် အဒေါ်ကြီး စကားများနေသည်ကို အားမနာတမ်း လာရောက်တိုးဝှေ့ကြည့်ရှုကြလေ၏။

"နင် ဘာမှ မုန်လာဥလုပ်မနေနဲ့၊ ငါ အကုန်သိတယ်၊ နင်နဲ့ ငါ့တူမနဲ့တန်သလား၊ ဒီမှာ ဟဲ့ကောင် ...မြဲမြဲမှတ်ထားလိုက်ပါ၊ အမဲရိုးက ဟင်းအိုးမှ အားမနာ၊ ရာရာစစ၊ ငါ့တူမက နင့်ကို မရလို့သေမယ်ဆိုပြီး ဆန့်ငင်ဆန့်ငင်နဲ့ ငါ့ရှေ့သေပြရင်တောင် သေတာကို ငါထိုင်ကြည့်မယ်၊ နင်နဲ့တော့ မပေးစားဘူး၊ နင်တို့ အမျိုးက မသန့်ဘူးဟဲ့ . . . နင့်အမေဟာ လင်ကြီးငုတ်တုတ်နဲ့ လင်ငယ်နောက် လိုက်တဲ့မျိုးဟဲ့" ဟု အော်ဟစ်လိုက်လေတော့၏။

အခမဲ့ကြည့်ရှုကြကုန်သောလူအုပ်ကြီးမှာလည်း တစ်စထက် တစ်စ များသည်ထက် များလာလေ၏။ ခင်မေရီ၏ အဒေါ်ကြီး မှာလည်း အာတွေ့သည်ထက် တွေ့၍လာကာ ရေချမ်းတို့ အယုတ္တ အနတ္တများနှင့် မကြားဝံ့ မနာသာအောင် ဆဲဆိုလေတော့၏။

ရေချမ်းသည် မည်သို့ပြုရမည်မသိ ဖြစ်နေ၏။ လွန်စွာမှ အရှက်ရနေ၏။ ထို့ကြောင့် လူများကို မျက်နှာမပြဝံ့ဘဲ ဆိုင်၏ အကွယ်တွင် ကုပ်၍ ထိုင်နေရရှာလေတော့၏။



ရေချမ်းသည် ကြေကွဲဝမ်းနည်းစွာဖြင့် ထိုင်၍နေလေ၏။

အဒေါ်ကြီးသည် မောလောက်အောင် ဆဲဆိုပြီးနောက် ပြန်၍သွားလေတော့၏။ အုံ၍ကြည့်နေကြသူများလည်း လူစုခွဲကြလေတော့၏။

ရေချမ်းမှာမူ လူစုကွဲသွားသော်လည်း ထိုင်နေရာမှ မထသေးဘဲ ထိုင်မြဲ ထိုင်၍နေလေ၏။ သူ၏မျက်လုံးအစုံမှာမူ မျက်ရည်များသည် တရဟောစီးကျလျက် ရှိလေတော့သတည်း။

* * * * *

## ဖခင်အတွက် ရေချမ်း အရက်ဝယ်ခြင်း

ရွှေဆိုင်မှ ခင်မေရီဆိုသော မိန်းကလေးကို အကြောင်းပြု၍ ခင်မေရီ၏ အဒေါ်ဖြစ်သူက ရေချမ်းအား အကြောင်းမဲ့ အရှက်ခွဲခြင်း၊ ဈေးလယ်ကောင်တွင် ဆဲဆိုခြင်း စသည့် မဖွယ်ရာသော အပြုအမူများကြောင့် . . . ရေချမ်းသည် လွန်စွာ အရှက်ရခဲ့၏။ လွန်စွာမှလည်း နာကြည်းကြေကွဲခဲ့ရ၏။ ၎င်းသည် ဆိုင်ထွက် ရမည်ကိုပင် ထိတ်လန့်ကြောက်ရွံ့သကဲ့သို့ ဖြစ်လာ၏။

ဆိုင်ထွက်ခါနီး၌ ၎င်း၏ရင်တွင်း၌ လေးလံ၍ နေတတ်၏။ တစ်ခါတစ်ရံ ခင်မေရီ၏ အဒေါ်ကြီးနှင့် မျက်နှာချင်းဆိုင်မိသည့် အခါမျိုး၌လည်းကောင်း၊ မတော်တဆကြုံကြိုက်မိသည့်အခါမျိုး ၌ လည်းကောင်း ထိုအဒေါ်ကြီးက 'ထွီ' ခနဲ တံတွေးထွေး၏။

"ဒီမျက်နှာကို မတွေ့ချင်ပါဘူးဆို တွေ့ရပြန်ပြီ၊ ကျက်သရေ ယုတ်တယ်" စသည်ဖြင့် အကြောင်းမဲ့ ရန်လုပ်သည်များကိုလည်း ခံရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့နှင့်ပင် ရေချမ်းသည် စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းဖြင့် ဆိုင်ထွက်ခဲ့ရာ ရွှေဘုံသာဘုရားပွဲ အချိန်သို့ ပြန်လည်၍ ရောက်ရှိလာပြန်၏။

ထို့ကြောင့် ရေချမ်းသည် ၎င်း၏ကုန်ခြောက်ပစ္စည်းများကို ဘုရားပွဲတော်ကြီးနှင့် မလှမ်းမကမ်းနေရာတွင်ရှိသော ညောင်ပင်ကြီး အောက်သို့ သယ်၍သွားကာ ဆိုင်ထွက်လေ၏။

ကုန်ချိန်သော ချိန်ခွင်ကြီးကိုလည်း ညောင်ကိုင်း၌ ချိတ်ဆွဲထားလိုက်ပြီးလျှင် ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန် စသော ပစ္စည်းများကို မြေကြီး၌ပင် ခင်းကျင်းလျက် ပွဲတော်ရက်အတွင်း၌ ရောင်းချလေ၏။ ပွဲဈေးတန်းဈေးသည်များသည်လည်း ချက်ပြုတ်စားသောက်ရန်အတွက် ဈေးကြီးသို့ မသွားတော့ဘဲ ညောင်ပင်အောက်ရှိ ရေချမ်း၏ဆိုင်မှပင် ဝယ်ယူကြကုန်၏။

ပွဲလာ၍ ကြည့်ကြကုန်သော လှည်းတန်းကြီးများမှ လူများကလည်း ရေချမ်း၏ဆိုင်မှပင် ဝယ်ယူအသုံးပြုကြကုန်၏။

ထို့ကြောင့် ရေချမ်းသည် ပွဲတော်ရက်အတွင်း ဈေးရောင်းကောင်းသည်ဟု ဆိုနိုင်၏။

ထို့ပြင် မိမိအား အမြဲတစေ စောင်းမြောင်း ဆဲဆိုခြင်း ပြုနေကြသော ဆိုင်နီးပါးချင်းများနှင့် မတွေ့ကြုံရသောကြောင့်လည်း တစ်မျိုးတစ်ဖုံအားဖြင့် စိတ်ချမ်းသာစရာ ဖြစ်နေ၏။

ရေချမ်းသည် ညောင်ပင်အောက်၌ ဆိုင်ခင်းသည့်နေ့မှစ၍ အိမ်သို့မပြန်ရတော့ဘဲ ညောင်ပင်အောက်၌ပင် ပစ္စည်းများကို စောင့်ရင်း အိပ်စက်ရရှာလေ၏။

ရွှေဘော်မှာလည်း ကလေးထောင်၌ တစ်နှစ်တိတိ ကျခံသွားရပြီဖြစ်ရာ ရွှေဘော်အတွက်လည်း စိတ်ပူစရာမလိုတော့ဟု ဆိုနိုင်၏။



မြမြကမူ ရေချမ်းအတွက် မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ထမင်းချိုင့် လာ၍ ပို့ရှာ၏။ ထိုသို့ထမင်းလာပို့ရင်း တစ်နေ့တွင် မြမြသည် ထမင်းချိုင့်အပြင် လွယ်အိတ်ကလေးတစ်လုံးပါ ကိုင်၍ လာလေ၏။

ရေချမ်းလည်း ထိုလွယ်အိတ်ကလေးကို ဆွဲယူ ကြည့်ရှုလိုက်ရာ အတွင်း၌ ပုလင်းတစ်လုံး ပါလာသည်ကို တွေ့သဖြင့်-

"ဟဲ့ ညီမလေး၊ မနေ့ကမှ ဆီတစ်ပုလင်း ပေးလိုက်သေးတယ်၊ ဆီက ကုန်လှချည်လား" ဟု မေးလိုက်ရာ မြမြက-

"ဆီမဟုတ်ပါဘူး အစ်ကိုကြီးရဲ့" ဟု ပြန်၍ဖြေလေ၏။

"ဒါဖြင့်ရင် ငံပြာရည်လား" ဟု ရေချမ်းက မေးပြန်လေ၏။

"ငံပြာရည်လဲ မဟုတ်ပါဘူး အစ်ကိုရယ်" ဟု မြမြက ပြောလေ၏။

"ဘာလဲဟဲ့၊ နင့်ဟာက ဆီလဲမဟုတ်၊ ငံပြာရည်လဲ မဟုတ်" ဟု ရေချမ်းက ပြောလိုက်ရာ မြမြက . . .

"အဖေ ဖျားနေတယ်၊ ထမင်းလဲ မစားဘူး၊ လက်တွေလဲ အရမ်းတုန်နေတယ်၊ သိပ်ကို သနားဖို့ကောင်းတာပဲ၊ အစ်ကိုက အရက်မသောက်ဖို့ မှာခဲ့တော့ သူ့ခမျာ အရက်မသောက်ဘဲ နေရရှာတာ၊ အစ်ကိုကိုလဲ အရက်ဝယ်ပေးပါလို့ အဖေက မပြောရဲဘူး၊ ပြီးတော့ . . . မပြောရက်ဘူးတဲ့၊ ဒါပေမဲ့ အဖေဟာ အရက်မသောက်ဘဲ နေသွားရင် သေတော့မှာပဲ အစ်ကိုရယ်၊ အဖေ့ကို သနားဖို့ကောင်းပါတယ်၊ အရက်သောက်ပါစေ၊ အဲဒါ မြမြအပြန်မှာ ဟိုနားက အရက်ရောင်းတဲ့တဲမှာဝင်ပြီး အဖေ့အတွက် အရက်ဝယ်သွားမလို့" ဟု ပြောလိုက်ရာ ရေချမ်းသည် လွန်စွာစိတ်မကောင်းဖြစ်၍ သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဒီလိုဆိုရင် ညီမလေး ဆိုင်မှာ ခဏစောင့်နေဦး၊ အစ်ကို အိမ်ခဏပြန်ဦးမယ်" ဟု ရေချမ်းကပြောလျှင် မြမြက-

"အဖေ့ကိုမဆူပါနဲ့အစ်ကိုရယ် . . . အဖေ အရက် သောက်ပါစေ . . . မသောက်ရရင် အဖေသေသွားလိမ့်မယ်" ဟု ဆိုကာ ငိုလေတော့၏။

"မဆူပါဘူးညီမလေးရယ်၊ အရက်ဆိုင်ကို ညီမလေးသွားလို့ ဘယ်ဖြစ်မတုံး၊ အစ်ကိုပဲ ဝယ်ပြီးသွားပို့မလို့ပါ"ဟုဆိုကာ မြမြထံမှ လွယ်အိတ်ကိုယူ၍ ရေချမ်းသည် ထွက်သွားလေတော့၏။

အရက်ဆိုင်သို့ရောက်သောအခါ၌ တောအရက်တစ်လုံး ဝယ်၍ ထွက်ခဲ့လေ၏။

ထိုအခါ ဆိုင်အတွင်းမှ လူကြီးတစ်ဦးက ၎င်းတို့အချင်းချင်း အောက်ပါအတိုင်း ပြောသံကို ရေချမ်းသည် ကောင်းစွာကြား လိုက်ရလေ၏။

"ဘုရားလူကြီး သာဉာဏ်တို့ ရွှေဘုံသာဘုရားပွဲကြီး လုပ်တာတော့ ကောင်းပါတယ်ကွယ်၊ ဒါပေမဲ့ တို့မြို့က ကလေးတွေ ပျက်စီးတယ်ကွဲ့၊ ကြည့်စမ်း ခုနကောင်ကလေးကို၊ လူပျိုပေါက် ကလေးပဲ ရှိသေးတယ်၊ အရက်သောက်တတ်နေပြီ၊ ဒီအရွယ် ကလေးနဲ့ တစ်ပုလင်း ဝယ်သောက်တယ်ဆိုရင် နောက်တစ်နှစ် နှစ်နှစ်မှာ ဒီကောင် ရာဝင်အိုးနဲ့သောက်ရမှ ဝလိမ့်မယ်၊ နောက် တစ်နှစ်ဆိုရင် ဒီကောင်ကလေး သေပြီ"

ရေချမ်းသည် ထိုလူကြီး၏ စကားကို ကြားရသော်လည်း ပြန်လည်ပြောဆိုခြင်းမပြုတော့ဘဲ အိမ်သို့သာလျှင် တန်းတန်း မတ်မတ် ပြန်၍သွားလေတော့၏။

အိမ်ပေါ်သို့တက်လိုက်သည်နှင့်တစ်ပြိုင်နက် ၎င်း၏ဖခင် ကြီးသည် ရေချမ်း၏ခြေသံကို မြမြ၏ခြေသံမှတ်၍ . . .



"သမီး ပြန်လာပြီလား . . . လာပါ လာပါ၊ မြန်မြန်လာပါ၊ နင့်အစ်ကို မသိဘူးမဟုတ်လား၊ အဖေ့အတွက် ဝယ်လို့ရခဲ့ရဲ့ လား" ဟု တုန်ယင်သောအသံဖြင့် အမောတကော မေးကာ ထွက်၍လာလေ၏။

သို့ရာတွင် . . . ရေချမ်း၏ဖခင် ဦးသန်းမောင်ကြီးသည် ၎င်းမျှော်လင့်သကဲ့သို့ မြမြမဟုတ်ဘဲ အိမ်ပေါ်သို့တက်လာသူမှာ ရေချမ်းဖြစ်ကြောင်းတွေ့ရလျှင် သဲကန္တာရအတွင်း၌ ရေငတ်သူ သည် ရေရရှိမည့်အိုအေစစ်နေရာသို့ မိုင်တစ်ရာခရီးကို ကြိုးစား ပမ်းစား လာခဲ့ပြီးနောက် ၎င်းမျှော်လင့်သော အိုအေစစ်ရေကန် ကလေးမှာလည်း ရေတစ်စက်မျှ မရှိတော့ဘဲ ခန်းခြောက်၍ ကန်အောက်မြေပြင်ရှိ မြေကြီးများပင်လျှင် နေ၏ဒဏ်ကြောင့် ပပ်ကြားအက်နေသည်ကို တွေ့လိုက်ရသောအခါ သဲကန္တာရ ခရီးသည်တစ်ဦး၏စိတ်ပျက်ခြင်း၊ အားလျော့ခြင်း၊ မျှော်လင့်ချက် မဲ့ခြင်း စသော ဝေဒနာများကို တပေါင်းတစည်းတည်း ခံစား ရပြီးနောက် ခွေလဲ၍ ကျသွားသည့်အလား ရေချမ်း၏မျက်နှာ ကို ကြည့်ကာ . . .

"ဟင်" ဟု စိတ်ပျက်သံကြီးဖြင့် ညည်းညူကာ လဲကျသွား လေတော့၏။

ရေချမ်းလည်း "အဖေ၊ အဖေ" ဟု အော်ဟစ်ပြီး ပြေး၍ ထူကာ ဖခင်အား ပွေ့လေ၏။

ဖခင်မှာမူ မောဟိုက်၍ ကတုန်ကယင်ဖြစ်ကာ ငိုကြွေးနေ လေ၏။ ရေချမ်းသည် ဖခင်အား လက်တစ်ဖက်ဖြင့် ပွေ့ထား ရင်း အခြားသောလက်တစ်ဖက်ဖြင့် လွယ်အိတ်အတွင်းမှ ပုလင်း ဘူးဆို့ကိုဖွင့်ကာ ဘူးဆို့ပွင့်လျှင် ပုလင်းကိုဆွဲထုတ်၍ ဖခင်၏ ပါးစပ်တွင် ပုလင်းဝကို တေ့ပြီး လောင်းချလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူ ဦးသန်းမောင်လည်း အစဉ် ရေချမ်းကရင်းအား ဆေးတိုက်သည်ထင်မှတ်၍ ခေါင်းကိုတွင်တွင်ယမ်းသော်လည်း လျှာပေါ်သို့ အရက်ရောက်သွားသောအခါ၌ အရက်ဖြစ်ကြောင်း သိလျှင် နို့ဆာနေသောကလေးသည် နို့ကိုတပြွတ်ပြွတ်စို့သကဲ့သို့ အရက်ကို စို့လေတော့၏။

ထို့နောက် နေသာထိုင်သာဖြစ်၍သွားကာ လက်တုန်ခြင်းလည်း ရပ်သွား၏။ နေမကောင်းခြင်းသည်လည်း ဩသဓ နတ်ဆေးနှင့် တွေ့လိုက်သည့်အလား . . . တစ်မုဟုတ်ချင်း ပျောက်ကင်းသွား၏။

ထို့ကြောင့် ဦးသန်းမောင်သည် ငိုနေရာမှရပ်လိုက်ပြီး သားဖြစ်သူ မောင်ရေချမ်းအား ပြုံးပြလိုက်လေ၏။ ဖခင်ကြီးသည် မချိမဆံ့ ဝေဒနာခံစားနေရာမှ ဝေဒနာပျောက်ကင်းချမ်းသာ၍ ပြုံးလိုက်သောအပြုံးသည် ရေချမ်း၏ရင်၌ အေးမြသွား၏။

ထိုအပြုံးသည် ကောင်းကင်တစ်ပြင်လုံး မိုးမှောင်ကျပြီးနောက် ရှားရှားပါးပါးပေါ်ထွက်လာသော ကြယ်ပွင့်ကလေးနှင့်လည်း တူ၏။

နွေအခါ၌ ကန်တစ်ခုလုံး ရေများ ခန်းခြောက်၍ ကြာပင် ကြာရွက်များနွမ်းခြောက်နေသည့် ကန်ပျက်ကြီးတစ်ကန်အတွင်းမှ အသက်ပြင်းလှသောပဒုမ္မာကြာပွင့်ကလေးတစ်ပွင့် ရှားရှားပါးပါး လန်းဆန်းပြုံးနေသည်နှင့်လည်း တူ၏။

ဝေဒနာကို အပြင်းအထန် ခံစား၍ သားဖွားပြီးနောက် သားငယ်၏မျက်နှာကို မြင်လိုက်ရသည့်အခါ၌ ကျေနပ်ခြင်း၊ ရွှင်လန်းခြင်းဖြစ်သော သားဖွားပြီးစ မိခင်၏ အပြုံးနှင့်လည်း ခပ်ဆင်ဆင်တူ၏။



ထိုအပြုံးကား ဒုက္ခဝေဒနာ၏ အဆုံးသတ်၊ သုခဝေဒနာ၏ အစဦး စပ်ကြား၌ ဖြစ်ပေါ်သော မနောဝိညာဉ်၏ အလှဟု ဆိုနိုင်၏။

ရေချမ်းသည် . . . အရက်ပုလင်းကို အောက်သို့ချလိုက်ပြီးနောက် "ကျွန်တော် နေ့တိုင်းအဖေ့အတွက်အရက်ဝယ်ခဲ့မယ်" ဟု ကတိပေးလိုက်ရာ . . . ဖခင်ဖြစ်သူ ဦးသန်းမောင်သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီးလျှင် . . .

"သာဓု၊ သာဓု၊ သာဓု" ဟု ယောင်ယမ်းကာ သာဓုခေါ်လေတော့၏။ ထို့နောက် သတိရကာ . . .

"သားရယ် . . . အရက်ဝယ်တာကို သာဓုခေါ်တာ မဟုတ်ပါဘူး၊ ငါ့သား အဖေ့အပေါ်မှာ သိတတ်တာကို သာဓု ခေါ်တာပါ၊ တကယ့်တော့ အဖေ့ပါးစပ်ဟာ သာဓုဆိုတဲ့ စကားနဲ့ မတန်ပါဘူးကွယ်" ဟု ဆိုကာ ဦးသန်းမောင်၏မျက်လုံးအစုံမှ မျက်ရည်များသည် ပါးပြင်ပေါ်သို့ တလိမ့်လိမ့်စီးကျလာ၏။

ရေချမ်းသည် ဖခင်၏ မျက်ရည်များကို မြင်သောအခါ၌ ဆို့နင့်၍ သွားလေ၏။

မိုးသားတိမ်လိပ် ကင်းစင်သောညဥ့် ကြယ်အပေါင်း ခြံရံလျက် ညီလာခံကျင်းပနေသော လမင်းကြီးအား ကြည့်မဝ ရှုမဝ မြင်တွေ့နေရာမှ ရုတ်တရက် မိုးသက်လေဆင်ကာ လမင်းကြီးရော ကြယ်ကလေးများပါ ပျောက်ကွယ်သွားပြီးလျှင် တစ်မိုးလုံးမှောင်၍ မိုးခြိမ်းသံများ တအုန်းအုန်းတဒိုင်းဒိုင်း ဖြစ်ပေါ်လာသည်ကိုတွေ့ရသည့်အလား စိတ်ပျက်ဖွယ်ရာကောင်းလှတော့၏။

ဦးသန်းမောင်၏ မျက်ရည်သည် ရေချမ်းအဖို့ ပူလောင်ခြောက်သွေ့သော မီးလောင်ပြင်ကို ကြည့်ရသည့်အလား ခံစားရ၏။ ဦးသန်းမောင်၏ မျက်ရည်သည် သုခဝေဒနာ၏အဆုံး၊

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခဝေဒနာ၏အစတွင် ဖြတ်ခနဲ ပေါ်ပေါက်၍ ကျလာသော ဒုက္ခရေများဟုလည်း ဆိုနိုင်၏။

ရေချမ်းသည် ရင်၌ ဆို့နင့်နင့်ကြီး ဖြစ်နေ၏။

"မငိုပါနဲ့ အဖေရယ်၊ အဖေ့ဟာအဖေ ကြိုက်လို့ပဲသောက်သောက်၊ အမေ့ကြောင့်ပဲ သောက်သောက်၊ အခုအခါမှာ အဖေဟာ နေလို့မှ မရတော့တာ၊ အဲဒီတော့ သောက်ရမှာပေါ့ အဖေရယ်၊ အခု ကျွန်တော်ပွဲဈေးတန်းမှာဈေးရောင်းတာ အလွန့်ကို ရောင်းလို့ ကောင်းပါတယ်။ အမြတ်တွေလဲ အများကြီးရမှာပါ။ ပွဲတော်ကြီး ပြီးတဲ့အခါမှာ အဖေ့အတွက် အရက်ဝယ်ခဲ့ဦးမှာ၊ ဝယ်ခဲ့မယ်ဆိုတာ . . . ရိုးရိုးအရက်မဟုတ်ဘူး၊ ဘုရားလူကြီး သောက်တဲ့ အရက်အကောင်းစားဝယ်လာခဲ့မှာ" ဟု ပြောလိုက်ရာ ဦးသန်းမောင်ကြီးက . . .

"မောင်ရေချမ်း သားရယ်၊ တောက်တီးတောက်တဲ့ကွယ်၊ ဘုရားလူကြီးသောက်တဲ့အရက်ရယ်လို့"ဟု ပြောကာ ရယ်မောလေ၏။

"ဟုတ်တယ် အဖေရဲ့၊ မနှစ်က ရွေးကောက်တဲ့ ဘုရားလူကြီးထဲမှာ အရက်ချက်တဲ့လူကြီး ပါတယ်မဟုတ်လား၊ ဒီလူကြီးက အရက်တော့ မသောက်တတ်ဘူးလေ၊ သူက သူများကိုပဲ ရောင်းတာ၊ အဲဒီလူကြီးက မြို့က ဝယ်လာတဲ့ အကောင်းစား အရက်တွေပဲ သူနဲ့အတူလုပ်တဲ့ လူကြီးတွေကို တိုက်တယ်၊ အဲဒီ အရက်မျိုးထဲက . . . အဖေ့အတွက် ဝယ်ခဲ့မယ်" ဟု ရေချမ်းက ပြောလိုက်ရာ ဦးသန်းမောင်ကြီး၏လျှာသည် ပါးစပ်အပြင်ဘက်သို့ ထွက်လာပြီးလျှင် နှုတ်ခမ်းကို သုံးသပ်လေ၏။ ထိုလျှာ၏ နှုတ်ခမ်းကို သုံးသပ်ပုံမှာ . . .



"ငါ့သားရယ် . . . မင်းပြောတာနဲ့ အဖေတောင် အခု ချက်ချင်း သောက်ချင်လာပြီ" ဟု ပြောလိုက်သကဲ့သို့ ရှိလေတော့၏။ ထို့နောက် ရေချမ်းသည် ဖခင်ကြီးအား ထမင်းဟင်း ခူးခပ်ပေးပြီးနောက် . . .

"အဖေ ဆာတဲ့အခါ စားလေတော့" ဟု ပြောဆိုကာ ဆိုင်သို့ ပြန်သွားလေတော့၏။ ဦးသန်းမောင်လည်း လက်ကျန် အရက်ကလေးကို ဟင်းနှင့်မြည်းရင်း . . .

"ချစ်ပါတယ်၊ ပစ်ရှာတယ်၊ မင်းမလာရင်ကွယ်၊ ဒီမောင် ရှူးရပါလိမ့်မယ်" ဟု . . . အသံကြီးဖြင့် သီချင်းဆိုနေလေတော့သည်။

ရေချမ်းလည်း ဆိုင်သို့ပြန်ရောက်လျှင် မြမြအား အိမ်ပြန်ရန် ခိုင်းလိုက်လေတော့၏။

မြမြကမူ ပွဲဈေးတန်း၌ စွန်လည်ပြန်မျက်နှာချေနှင့် ဆံညှပ်လှလှလေးများ ဝယ်ချင်သည်ဟု ဆိုကာ ရေချမ်းထံ၌ မုန့်ဖိုး တောင်းသဖြင့် ရေချမ်းက မုန့်ဖိုးပေးလိုက်လေတော့၏။

ရေချမ်းလည်း ပွဲတော်မပြီးမချင်း ပြောင်းပင်အောက်၌ပင် အိပ်၍ ပြောင်းပင်အောက်၌ပင် စားကာ ဈေးရောင်းလေ၏။ ပွဲတော်ပြီးသောအခါ၌ ဘုရားလူကြီး၏အိမ်သို့ သွားလေ၏။

ထိုအခါ ဘုရားလူကြီးက . . .

"ဟေ့ကောင်လေး ဘာကိစ္စလဲ" ဟု မေးလျှင် . . .

"ဒီလိုပါ ဦးလေးရယ် . . . ကျွန်တော့်အဖေကြီးကို ကျေးဇူးဆပ်ချင်လို့ပါ၊ ဦးလေး တစ်ခါက မြို့ကဝယ်လာတဲ့အရက်ပုလင်းတွေ တွေ့ပါတယ် . . . အဲဒီထဲက အရက်နှစ်ပုလင်းလောက် ကျွန်တော့်ကိုရောင်းပါ" ဟု ပြောလိုက်ရာ ထိုလူကြီးက . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ . . . မင်းအဖေက အရက် အကယ်သောက်တဲ့ လူဆိုရင် ငါ့ဆီမှာ ရှိတာတွေနဲ့ မကိုက်ဘူးကွ၊ ဒီမှာရှိတာတွေက ဘီယာတွေကွ" ဟု ပြောရာ ရေချမ်းက . . .

"ဘီယာပဲဖြစ်ဖြစ်၊ စီယာပဲဖြစ်ဖြစ် နှစ်ပုလင်းလောက် မှုစမ်းပါ ဦးလေးရယ်" ဟု ပြောရာ ထိုလူကြီးလည်း မတတ်သာတော့ဘဲ ရေချမ်းအား ဘီယာနှစ်ပုလင်း ရောင်းလိုက်လေတော့၏။

ရေချမ်းလည်း ပုလင်းနှစ်လုံးအား ကုန်ထုပ်စက္ကူကြီးများနှင့် ပတ်ကာ အိမ်သို့ပြန်လာလေ၏။ ကုန်ပစ္စည်းများကိုလည်း လှည်းပေါ်၌တင်ကာ တွန်းလာခဲ့လေတော့၏။

ဦးသန်းမောင်သည် ရေချမ်းပြန်လာသည်ကိုတွေ့လျှင် . .

"လူလေး၊ ဆိုင်သိမ်းခဲ့ပြီလား" ဟု အားရဝမ်းသာမေးလိုက်လေ၏။

"သိမ်းခဲ့ပြီ အဖေ၊ ပွဲတော်ကြီးလဲ ပြီးသွားပြီ" ဟု ဆိုကာ လှည်းကို အိမ်အောက်၌ ထိုး၍ စက္ကူပတ်ထားသော ပုလင်းနှစ်လုံးကို ပိုက်ကာ အိမ်ပေါ်သို့ တက်လာလေ၏။

"ဟောဒီမှာ အဖေ့အကြိုက် ပုလင်းနှစ်လုံးပါတယ်။ မနည်းတောင်းပန်ပြီး ဝယ်ခဲ့ရတာ၊ အဖေတော့ သိပ်ကို ဝမ်းသာမှာပဲ" ဟု ရေချမ်းက ပြောလိုက်ရာ ဖခင်ဖြစ်သူ ဦးသန်းမောင်က "ဝမ်းသာပါတယ် လူကလေးရယ်" ဟု ဆိုကာ ပုလင်းနှစ်လုံးကို လှမ်း၍ယူပြီးလျှင် အပေါ်မှ ပတ်ထားသော ကုန်စက္ကူများကို ဖြေလိုက်ပြီးလျှင် မဲ့၍ သွားလေတော့၏။

"လူလေး အဝယ်မှားလာပြီ၊ ဒါက အရက်မှ မဟုတ်ဘဲကွဲ့၊ ဘီယာတွေပဲ" ဟု ဦးသန်းမောင်က ပြောလိုက်လေ၏။

"ဘီယာဟာ အရက်မဟုတ်ဘူးလား အဖေ" ဟု ရေချမ်းက မေးလိုက်လေ၏။



"အဖေတို့လို အရက်ပြင်းသောက်တဲ့ လူတွေအဖို့ ဘီယာဆိုတာ အရက်စာရင်းထဲ ထည့်လို့မရဘူးကွဲ့၊ ပိုက်ဆံနှမြောစရာကွယ် . . . မင်းကလဲ တယ်ပြီးရိုးတာကိုး" ဟု ဦးသန်းမောင်က ညည်းညူလိုက်လေ၏။

"ရပါတယ် အဖေရယ်၊ ပိုက်ဆံပြန်တောင်းရင် ရပါတယ်၊ အဲဒါတွေအတွက် ပိုက်ဆံပြန်တောင်းပြီး အဖေ့အတွက် ခါတိုင်း ဝယ်နေကျအရက်မျိုးပဲ ဝယ်ခဲ့တော့မယ်" ဟု ဆိုကာ ရေချမ်းသည် ဘီယာနှစ်ပုလင်းကို ယူ၍ အရက်ရောင်းလိုက်သော လူကြီးထံသို့ ပြန်၍သွားကာ . . .

"ဦးလေး . . . စိတ်တော့မဆိုးပါနဲ့၊ ကျွန်တော့်အဖေက ဒါတွေ အရက်မဟုတ်ဘူး၊ ဘီယာတွေလို့ ပြောတယ်၊ ပိုက်ဆံပြန်ပေးပါ" ဟု ပြောလိုက်ရာ ဘုရားလူကြီးက . . .

"ငါ စောစောက မင်းကို ပြောသားပဲ၊ မင်းက နားမလည်ဘဲ ယူသွားတာကိုး၊ ရော့ ရော့ ရော့ မင်းပိုက်ဆံ ပြန်ယူသွား" ဟု ဆိုကာ ပိုက်ဆံပြန်၍ပေးလိုက်လေ၏။ ရေချမ်းလည်း ထိုပိုက်ဆံနှင့် အခါတိုင်း ဝယ်နေကျ တောအရက်များကို ဝယ်ယူကာ ပြန်ခဲ့ပြီးနောက် ဖခင်ကြီးအား ပေးလိုက်ရာ ဖခင်ကြီးက . . .

"ဒါမှ အရက်ကွ၊ စောစောက မင်းဝယ်လာတာတွေက ရှာလပတ်ရည်တွေ၊ ဟိုတုန်းက အဖေရာဇဝတ်အုပ်လုပ်တုန်းက ပေါ့ကွာ၊ အဲဒါမျိုးတွေကို သေတ္တာလိုက်ထားပြီး သောက်တာကွ . . .တစ်ခါတလေ ရေတောင်မသောက်မိဘူး" ဟု ပြောလျှင် ရေချမ်းက . . .

"အဖေ ပိုက်ဆံ အတော်ကုန်မယ်နော်" ဟု မေးလေ၏။

"ဘယ်ကလာ ပိုက်ဆံကုန်ရမှာတုန်း . . . အမှုသည်တွေ၊ ကုန်စုံဆိုင်ဗန်းဖြစ်ပြီး ဘိန်းခိုးရောင်းတဲ့တရုတ်တွေ၊ ပြည့်တန်ဆာ

www.burmeseclassic.com

www.burmeseclassic.com



အိမ်က ခေါင်းတွေက ပို့ပေးရတယ်ကွဲ့” ဟု ဦးသန်းမောင်က ပြောလိုက်ရာ ရေချမ်းသည် ဖခင် ဖြတ်သန်းလာရသော အသက်မွေးဝမ်းကျောင်းကို အနည်းငယ် အော့နှလုံးနာသကဲ့သို့ ဖြစ်သွားလေတော့၏။

“မကောင်းပါဘူး အဖေရယ်” ဟုလည်း ဖြတ်တောင်းတောင်းကြီး ပြောလိုက်လေတော့၏။

ဤသို့နှင့်ပင် ရေချမ်းသည် ဖခင်ကြီး၏ အလိုကျအတိုင်း တစ်နေ့လျှင် အရက်တစ်လုံးကျဝယ်ယူ၍ တိုက်လေ၏။ ဘုရားပွဲတော်ပြီးသွားပြီဖြစ်သဖြင့် နံနက်ဈေးရုံအတွင်း၌ ပြန်၍ ထွက်ရလေတော့၏။

ထုံးစံအတိုင်းပင် ဈေးရုံအတွင်း၌ အရောင်းအဝယ် ပါးလေ၏။ ထို့ကြောင့် ရေချမ်းသည် ညနေဈေးများသို့လှည့်လည်ကာ အခါတိုင်းကဲ့သို့ . . . လမ်းပေါ်တွင် ခင်းကျင်းကာ ရောင်းချခဲ့ရလေ၏။ ရေချမ်းအဖို့ ဤသို့လျှင် ရောင်းဝယ်၍ ဖခင်ကြီးနှင့် ၎င်း၏ ညီး ညီမကို ရှာဖွေကျွေးမွေးနေရခြင်းအတွက် စိတ်ပျက်ခြင်း၊ အားငယ်ခြင်းမဖြစ်ရှာတော့ပေ။ ၎င်း၏ဖခင်ကြီးမှာလည်း အရက်သောက်ခြင်းဖြင့်သာလျှင် အချိန်ကုန်ရရှာလေ၏။

ညီမဖြစ်သူ မြမြမှာမူ တစ်နေ့ထက် တစ်နေ့၊ တစ်လထက် တစ်လ ထွားကျိုင်းသည်ထက် ထွားကျိုင်းကာ လှပသည်ထက် လှပကာ အပျိုကြီးဖားဖားအရွယ်သို့ ရောက်ခဲ့လေတော့၏။

* * * * *

## မအေးသော ရေချမ်း

တစ်နေ့သ၌ ရေချမ်းသည် ဈေးအတွင်း၌ ဈေးရောင်းနေစဉ်အတွင်း ရွှေဘော်သည် ဆိုင်အတွင်းသို့ ဝင်လာပြီးလျှင် . . .



“အစ်ကို” ဟု လှမ်း၍ ခေါ်လိုက်လေ၏။ ရေချမ်းသည် ရွှေဘော်အား လှမ်း၍ကြည့်ပြီးနောက် လွန်စွာအံ့ဩ၍ သွားလေ၏။

ရွှေဘော်သည် အလျှင်ရွှေဘော်မဟုတ်တော့၊ အပြောင်းလွဲကြီး ပြောင်းလွဲသွားပြီဖြစ်၏။ အံ့ဩလောက်အောင်ထွားကျိုင်း၍ အသားအရောင်မှာလည်း အံ့ဩလောက်အောင် မည်း၍နေပြီ ဖြစ်၏။

“ရွှေဘော်” ဟု ရေချမ်းက အားရဝမ်းသာ ခေါ်လိုက်ပြီးနောက် “မင်း လူကြီးဖြစ်လာပြီပဲ၊ ထွားလဲ အတော့်ကိုထွားလာပါလား” ဟုလည်း ပြောလိုက်လေ၏။ ရွှေဘော်သည် ဆေးပြင်းလိပ် တစ်လိပ်ကို အိတ်အတွင်းမှထုတ်၍ မီးခြစ်ကို ခြစ်ကာ ပါးစောင်၌ ခဲလိုက်လေ၏။

“အစ်ကို နေကောင်းတယ်နော်” ဟု ရွှေဘော်က မေးလိုက်လေ၏။

“အေး၊ ငါကတော့ နေကောင်းပါတယ်ကွာ၊ အဖေကတော့ ကောင်းကောင်း နေမကောင်းချင်ဘူးကွ” ဟု ရေချမ်းက ပြန်၍ ဖြေလိုက်လေ၏။ ထို့နောက် ရွှေဘော်သည် ဆိုင်အပြင်သို့ ထွက်ကာ ၎င်းတို့၏ဆိုင်ကိုလည်းကောင်း၊ အခြားသောဆိုင်များကိုလည်းကောင်း ပါးစောင်၌ ဆေးပြင်းလိပ်ကြီးခဲကာ ကြည့်ရှုအကဲခတ်နေလေ၏။

ထိုအခါ မျက်နှာချင်းဆိုင်နေရာရှိ ငှက်ပျောသီးဆိုင်မှ ငှက်ပျောသီးသည် ဦးဘသောင်းကြီးက . . .

“ဟ ဘယ်သူတုန်းအောက်မေ့တယ်၊ ရွှေဘော်ကြီးပါလား၊ ငါ့တူကြီးပျောက်နေတာကြာပြီ၊ ဘယ်များရောက်နေတာတုံး” ဟု လှမ်း၍ နှုတ်ဆက်လိုက်သည်ကို ရွှေဘော်က . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုပဲရောက်ရောက် . . . ခင်ဗျားအပွတ်စ်ပြားသားပါသလား" ဟု ပြန်၍ ပြောလိုက်လေ၏။

ထိုအခါ ဦးဘသောင်းကြီးလည်း မျက်စိမျက်နှာ ပျက်သွားပြီးလျှင် "ဦးလေးက အကောင်းမေးတာပါကွာ" ဟုပြောလေ၏။

"အကောင်းမေးမေး၊ အဆိုးမေးမေး၊ ခင်ဗျားမေးတာကို ကျုပ် မဖြေနိုင်ဘူး၊ ခင်ဗျားတို့အချိုးတွေကို ပြင်ပါ၊ မပြင်ရင် ကျုပ်နဲ့တွေ့မယ်" ဟု ကြိမ်းလိုက်ရာ ဦးဘသောင်းကြီးလည်း ငြိမ်၍ သွားလေ၏။

ထိုအချိန်၌မှာပင် ဘေးဆိုင်တွင် ကုလီထမ်းရသော ကုလီတာတေသည် ရွှေဘော်အနီးမှဖြတ်သွားရင်း ရွှေဘော်ကို မှတ်မိသွားသည်ဖြစ်ရာ ရွှေဘော်အား ပြုံးပြလေ၏။

"မျက်နှာက စပ်ဖြဲဖြဲနဲ့ ဘာဖြစ်တာတုံး" ဟု ရွှေဘော်က ငေါက်လိုက်လေ၏။ ထိုအခါ တာတေက . . .

"ငါပါရွှေဘော်ရဲ့ တာတေပါ" ဟုပြန်၍ပြောရာ ရွှေဘော်က-

"တာတေတွေ . . . ဘာတွေ လာလုပ်မနေနဲ့၊ သေတ္တာထဲထည့်ပြီး တွံတေး ပို့ပစ်လိုက်မယ်၊ ကိုယ့်အလုပ် ကိုယ်လုပ်၊ ကိုယ့်လမ်း ကိုယ်သွား၊ မပတ်သက်နဲ့" ဟု ကြိမ်းလိုက်ပြန်လေ၏။ တာတေလည်း ခပ်သုတ်သုတ် ထွက်သွားလေ၏။ ထိုအခါ ရေချမ်းသည် ရွှေဘော်အား . . .

"ဟေ့ . . . ရွှေဘော်၊ မင်း ဘာဖြစ်လို့ လူတွေကို ရန်လုပ်နေရတာတုံး" ဟု ဆူလိုက်လေ၏။

"အစ်ကို မသိပါဘူး၊ လူလူချင်း တွေ့ရင် ကိုယ်ကစပြီး စော်ကားထားရတယ်၊ နို့မို့ရင် သူကကိုယ့်ကိုစော်ကားလိမ့်မယ်၊ ကိုယ်ကအလျင်စော်ကားထားလို့ သူက ကိုယ့်ကိုပြန်ပြီး စော်ကားရင်လဲ အလွန်ဆုံးအရင်းပဲ၊ ကိုယ့်အတွက် အရှုံးမရှိဘူး၊ ကိုယ်က



အစော်ကားခံပြီးမှ လိုက်ပြီး ချေနေရရင် အရင်းရအောင် မနည်းလုပ်ယူရတယ်" ဟု ရွှေဘော်က ပြောလိုက်လေ၏။

ထိုအချိန်မှာပင် ခင်မေရီ၏ အဒေါ်ဖြစ်သူ ရွှေဆိုင်ပိုင်ရှင် အဒေါ်ကြီးသည် ဆိုင်ရှေ့မှဖြတ်သွားရင်း ရေချမ်းကိုမြင်လိုက်လျှင် 'ထွီ' ခနဲ တံတွေးထွေးလိုက်၏။ ပြီးလျှင် . . .

"ဒီမျက်နှာကြီးကို မတွေ့ချင်ပါဘူးဆို တွေ့နေရပြန်ပြီ" ဟု အကြောင်းမဲ့ဆဲဆိုလိုက်သံကို ရွှေဘော်သည် နားနှင့်ဆတ်ဆတ်ကြားလိုက်ရလေ၏။ ထိုအခါ ရွှေဘော်က . . .

"ဟို တိရစ္ဆာန်မကြီး၊ ခင်ဗျားအပေါက်က ဘာအပေါက်လဲ၊ ဘယ်သူ့ကို တံတွေးထွေးတာလဲ၊ ဘယ်သူ့ကို ဆဲတာလဲ" ဟု မေးလိုက်ရာ အဒေါ်ကြီးက . . .

"နင်နဲ့ဘာဆိုင်လို့တုံး၊ ငါ ဟိုဆိုင်ထဲကအကောင်ကို ဆဲတာ" ဟု ပြောလေ၏။

"ဩော် . . . သူ့ဟာသူ ဆိုင်ထဲမှာ ဈေးရောင်းနေတာကို သူ့ဆိုင်ရှေ့ကလဲ ဖြတ်လာသေးတယ်၊ ခင်ဗျားကပဲ ဆဲရသေးတယ် ဟုတ်လား၊ တော်တော်မိုက်ရိုင်းတဲ့မိန်းမကြီး၊ ခင်ဗျားတို့ရပ်ကွက်မှာ ဘုန်းကြီးကျောင်းမရှိဘူးလား၊ ဒီလိုရိုင်းရိုင်းစိုင်းစိုင်း မလုပ်ရဘူးလို့ ခင်ဗျားငယ်ငယ်က ခင်ဗျားမိဘတွေက မဆုံးမဘူးလား၊ မိမဆုံးမ ဖမဆုံးမ မိန်းမကြီး၊ သူ့ဘာသာသူဈေးရောင်းနေတာကို အကြောင်းမဲ့လာပြီး စော်ကားတယ်၊ ခင်ဗျားတူမနဲ့ ပေးစားချင်လို့လား မိန်းမယုတ်ကြီး" ဟု ရွှေဘော်က ပြောလိုက်ရာ ခင်မေရီ့အဒေါ်ကြီးသည် အရှင်လတ်လတ် မြွေပွေးမိသားစုအကိုက်ခံလိုက်ရသကဲ့သို့ ဆန့်ငင်ဆန့်ငင်ဖြစ်သွားပြီးလျှင် . . .

"နင်နဲ့ဘာဆိုင်လို့တုံး ဟဲ့ ဖိနပ်စာရဲ့" ဟု ဆိုကာ ရွှေဘော့်အား ဖိနပ်နှင့်ရိုက်ရန်အတွက် ဖိနပ်ကိုချွတ်၍ ကိုင်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"အံမာ ကျုပ်ကိုရိုက်မလို့လား၊ မလုပ်နဲ့ ခင်ဗျား တစ်ခါတည်း အသက်ထွက်သွားမယ်၊ မိန်းမဆိုပြီး ညှာမှာမဟုတ်ဘူး၊ အသက်ကြီးတယ်ဆိုပြီး ချမ်းသာပေးမှာ မဟုတ်ဘူး၊ ကျုပ်ကို ရန်မူရင် ကျုပ်ရဲ့ရန်သူပဲ" ဟု ရွှေဘော်က ကြိမ်းမောင်းလိုက်ရာ မိန်းမကြီးသည် ဖိနပ်ကိုကိုင်ထားသော်လည်း ရှေ့မတိုးဝံ့ဘဲရှိလေတော့၏။

ထိုအခါ ဆိုင်နီးပါးချင်းများသည် မိန်းမကြီးဘက်မှကူ၍ ရန်ဖြစ်ရန် သို့မဟုတ် ရန်တွေ့ရန်အတွက် ဝိုင်းအုံလာကြလေ၏။

ထိုသို့ ဝိုင်းအုံလာကြပြီးနောက် တစ်ယောက်သောသူက-

"ကိုယ့်အမေလောက်ရှိတဲ့ အဒေါ်ကြီးကို စော်ကားသတဲ့တော်" ဟု အစထောင်လိုက်လေ၏။ ထိုအခါ ရွှေဘော်က . . .

"ဒါမျိုးတွေရိုးနေပြီ၊ အမေလောက်ရှိရှိ အဘွားလောက်ရှိရှိ အကြောင်းမဟုတ်ဘူး။ ဒီနည်းမျိုးနဲ့ လာပြီးအနိုင်ယူလို့မရဘူး။ မဆိုင်ဘဲနဲ့ ဝင်မပြောနဲ့၊ တစ်ဈေးလုံးမီးရှို့ပစ်လိုက်မယ်၊ ဘာမှတ်လို့လဲ၊ သွားကြ" ဟု ပြောလိုက်ရာ ရွှေဆိုင်ပိုင်ရှင် အဒေါ်ကြီးသည် မီးဆိုသောအသံကို ကြားလိုက်ရသဖြင့် လွန်စွာထိတ်လန့်တုန်လှုပ်သွားလေတော့၏။

အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ်လောက်ကလည်း ဤဈေးကြီးသည် မီးစွဲလောင်ခံရဖူး၏။ ထိုစဉ်ကလည်း ၎င်း၏ရွှေဆိုင်သည် မီးထဲသို့ ပါသွားသည်ဖြစ်ရာ လွန်စွာဆုံးရှုံးနစ်နာခဲ့ရဖူး၏။ ထို့ကြောင့် လက်တွင်းမှဖိနပ်ကို ပြန်၍ချပြီးလျှင် ခပ်သုတ်သုတ် ထွက်ခွာသွားလေတော့၏။

"ကျုပ်တို့ဆိုင်က ရောင်းမကောင်းလို့ ပြုတ်မလိုဖြစ်နေတာနော်၊ တစ်ဈေးလုံးမီးလောင်သွားမှ အားလုံးတန်းတူဖြစ်သွားမှာ၊ အူကြောင်ကြောင်တော့ မလုပ်ကြနဲ့၊ စီးပွားရေးညှိပစ်လိုက်မယ်" ဟု ရွှေဘော်က အော်ဟစ်လိုက်လေတော့၏။



ထိုအခါ ဈေးသူဈေးသားများလည်း အချင်းချင်းလက်တို့၍-

"ဒီကောင်ကလေးကို သွားမလုပ်နဲ့၊ တကယ်ရှို့ချင်ရှို့မယ့်ကောင်ကလေး၊ အခုမှ ထောင်ကလွတ်လာတာ တဲ့၊ ဒီကောင်ကလေးက သူ့အစ်ကို ရေချမ်းလိုမဟုတ်ဘူး၊ ရေချမ်းက ရေမြေ့သူက မြွေပွေး" ဟု ပြောဆိုကြကာ အလျိုလျိုပျောက်ကွယ်သွားကြလေတော့၏။

ရွှေဘော်သည် ဆိုင်အတွင်းသို့ ဝင်လာလေ၏။

"မင်းကလဲ . . . တစ်ဈေးလုံးနဲ့ ရန်ဖြစ်နေတာပဲလား" ဟု ရေချမ်းက လှမ်း၍ ပြောလိုက်လေ၏။

"အစ်ကို ဘာမှမသိပါဘူး၊ အစ်ကို့တစ်ယောက်တည်းကို သူတို့ ဝိုင်းပြီး ညစ်နေကြတာ၊ ဒီမိန်းမကြီးဟာလဲ ဟိုဘက်ရွှေဆိုင်တန်းထိပ်က မိန်းမကြီးမဟုတ်လား" ဟု ရွှေဘော်က မေးလိုက်လေ၏။

"ဟုတ်တယ်ကွ" ဟု ရေချမ်းကပြန်၍ဖြေလျှင် ရွှေဘော်က-

"သူ မဟုတ်လား၊ အစ်ကို့ကို အကြောင်းမဲ့လာပြီးဆဲတာလေ၊ သူတူမ ခင်မေရီဆိုတာ ဈေးလာဝယ်လို့ အစ်ကို အဆဲခံရတယ်မဟုတ်လား" ဟု မေးလိုက်လေ၏။

"မင်း အဲဒါတွေ ဘယ်လိုလုပ်ပြီး သိနေတာလဲ" ဟု ရေချမ်းက မေးလိုက်လေ၏။

"သိတာပေါ့ဗျာ . . . ဒီဈေးက ဈေးသူနိုးလေးတစ်ယောက် ကျုပ်တို့ ကလေးထောင်ကို ရောက်လာသေးတယ် . . . သူက အကုန်လုံးပြောပြတယ်၊ ဒါကြောင့် ကျွန်တော် အားလုံးသိပြီးပြီ၊ အဲဒီတော့ ကောင်းကောင်းမွန်မွန်ဈေးရောင်းချင်ရင် ရောင်းမြဲ၊ ဒီလိုမဟုတ်ဘဲ ကျုပ်တို့ဆိုင်ကို ညစ်ရင်တော့ ဒီအတိုင်းကြည့်မနေဘူး၊ ကိုယ့်ထမင်းအိုးတော့ ကြီးစေ၊ သူများထမင်းအိုးတော့

www.burmeseclassic.com

www.burmeseclassic.com



ငယ်စေ ဆိုတဲ့ အချိုးမျိုး ဆက်ပြီးချိုးနေကြရင်တော့ ထမင်းအိုးကို ညှိပစ်မယ်" ဟု ရွှေဘော်က ပြောလိုက်လေသည်။

"ဘယ်လိုလဲကွ၊ ထမင်းအိုးညှိတယ်ဆိုတာ" ဟု ရေချမ်းက မေးလိုက်လေ၏။

"ချမ်းသာတဲ့လူက ချမ်းသာ၊ မွဲတဲ့လူက မွဲနေတယ်မဟုတ်လား၊ အဲဒီတော့ မွဲတဲ့လူကိုတော့ ချမ်းသာအောင် . . . ကျွဲလုပ်မပေးတတ်ဘူး၊ ချမ်းသာတဲ့လူကိုတော့ မွဲအောင် လုပ်ပေးနိုင်တယ်၊ အဲဒီတော့လဲ မွဲတဲ့လူအချင်းချင်း ညီသွားတာပေါ့၊ အဲဒါကို ထမင်းအိုးညှိတယ်လို့ ခေါ်တယ်" ဟု ရွှေဘော်က ပြောလိုက်ရာ ရေချမ်းက . . .

"မင်း မကောင်းတဲ့အတတ်တွေ တတ်လာပါလား" ဟု ပြောလိုက်လေ၏။

"ကောင်းတဲ့အတတ်က သင်ရတာ ကြာတယ်၊ ဒါကြောင့် မြန်မြန်တတ်တဲ့ မကောင်းတဲ့အတတ်ကိုပဲ သင်ထားလိုက်တယ်၊ အစ်ကိုမယုံရင်ကြည့်၊ ဒီကနေ့ကစပြီး ဆိုင်နီးပါးချင်းတွေ၊ ဈေးသူဈေးသားတွေ အစ်ကို့အပေါ်မှာ အရင်လိုမဆက်ဆံဝံ့တော့ဘူး၊ ချိုချိုသာသာ ဆက်ဆံလာကြလိမ့်မယ်" ဟု ပြောဆိုကာ ရွှေဘော်သည် ၎င်း၏အစ်ကိုအား နှုတ်ဆက်ကာ . . . အိမ်သို့ သွားလေတော့၏။

❦ ❦ ❦

ရေချမ်းလည်း ညနေပိုင်း ဆိုင်ထွက်ရန်အတွက် ပစ္စည်းများကို လှည်းဖြင့်တင်ကာ ညနေဈေးသို့ သွားလေ၏။

ညနေဈေးတွင် ဈေးရောင်းပြီးနောက် ဖခင်အတွက် အရက်တစ်လုံးဝယ်ကာ အိမ်သို့ပြန်လာလေ၏။



အိမ်ပေါ်ရောက်လျှင် အလွန်လှပသော တံဆိပ်များပါသည့် အဖိုးတန်အရက်တစ်လုံးကို စားပွဲပေါ်၌တင်ကာ ကြက်သားကြော် တစ်ပန်းကန်နှင့် အရက်သောက်နေကြသော ဖခင်ဖြစ်သူ ဦးသန်းမောင်နှင့် ညီဖြစ်သူ ရွှေဘော်ကိုမြင်လျှင် ရေချမ်းသည် လွန်စွာတုန်လှုပ်သွားလေ၏။

"အဖေ ရွှေဘော်နဲ့ ဘာဖြစ်လို့အရက်သောက်နေရတာတုံး၊ သားအဖ အရက်အတူသောက်နေတယ်ဆိုတာ ကောင်းပါ့မလား အဖေရယ်" ဟု ရေချမ်းက ပြောဆိုညည်းညူလိုက်လေ၏။

"အဖေလဲအတူမသောက်ပါဘူးကွယ်၊ ဒါပေမဲ့မင်းညီကလေး ပြောတာ သဘာဝကျနေလို့ အဖေ လက်ခံလိုက်တာပါ" ဟု ဦးသန်းမောင်က ပြန်၍ပြောလေ၏။

"ဘယ်လို သဘာဝကျတာလဲ အဖေရဲ့ . . . ရွှေဘော်က ဘာပြောလို့တုံး" ဟု ရေချမ်းက မေးလိုက်လေ၏။

ထိုအခါ ဦးသန်းမောင်က မဖြေဘဲ ရွှေဘော်၏မျက်နှာကို ကြည့်လိုက်လေ၏။ ရွှေဘော်လည်း အရက်တစ်ခွက်ကို မော့ချလိုက်ပြီးနောက် "ကျွန်တော်နဲ့အဖေနဲ့ တစ်ဝိုင်းတည်း အရက်သောက်တာကို အစ်ကိုကမကြိုက်ဘူးလား"ဟုမေးလိုက်လေ၏။

"အဖေနဲ့ သားနဲ့ တစ်ဝိုင်းတည်းသောက်သင့်သလားကွ" ဟု ရေချမ်းက ပြန်၍မေးလိုက်လေ၏။

"ကဲ. . . ဒီလိုဆိုရင် အစ်ကို့ကိုမေးမယ်၊ အဖေနဲ့ ကျွန်တော်တို့နဲ့ ထမင်းတစ်ဝိုင်းတည်းစားသင့်သလား" ဟု ရွှေဘော်က မေးလိုက်လေ၏။

"ထမင်းတော့ စားသင့်တာပေါ့ကွာ၊ သားအဖတစ်တွေ လက်ရည်တပြင်တည်းတောင် စားသင့်သေးတယ်" ဟု ရေချမ်းက ပြန်၍ ဖြေလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ထမင်းအတူစားသင့်ရင် ...အရက်လဲ အတူသောက်သင့်ပါတယ်၊ ထမင်းဟာ အာဟာရမဟုတ်လား၊ သူ့ကိုမစားရင် မဖြစ်ဘူး၊ အရက်ဟာလဲ သောက်တတ်တဲ့သူအဖို့ သူ့ကိုမသောက်ရင် မဖြစ်ဘူး၊ ဒါကြောင့် သားအဖအတူ အရက်သောက်တာဟာ သောက်သင့်ပါတယ်၊ အတူမသောက်သင့်ဘူးဆိုရင် ထမင်းလဲ အတူမစားသင့်ဘူး၊ ထမင်းနဲ့အရက်ကို လိုအပ်လို့စားသောက်တဲ့ ပစ္စည်းလို့ နားလည်စမ်းပါအစ်ကိုရယ်"ဟု ရွှေဘော်က ပြောလိုက်လေတော့၏။ ထိုအခါ ရေချမ်းက ...

"သောက်သင့်တယ်ပဲထားပါတော့ကွာ၊ လူမြင်လို့ကောင်းပါ့မလား" ဟု မေးလိုက်လေ၏။

"လူတွေကိုထည့်ပြီး မစဉ်းစားပါနဲ့ အစ်ကိုရယ်၊ လူတွေဟာ ဆင်းရဲမွဲတေနေတဲ့ လူတစ်ယောက်လုပ်တာကို အကောင်းပဲလုပ်လုပ်၊ အဆိုးပဲလုပ်လုပ် အဆိုးလို့ပဲမြင်ကြမှာပါ၊ ချမ်းသာတဲ့လူ၊ ဂုဏ်သရေရှိတဲ့လူ၊ အာဏာရှိတဲ့လူ လုပ်တာဆိုရင် ဘာပဲလုပ်လုပ် ... ကောင်းတယ်လို့ မြင်တတ်ကြတာပါ၊ အခုနေ ကျွန်တော်တို့အဖေ ဦးသန်းမောင်ကြီးဟာ ... ကျိုကျိုတက်ချမ်းသာတဲ့ ... သူဌေးကြီးတစ်ယောက် ဖြစ်ကြည့်ပါလား၊ ကျွန်တော်တို့သားအဖနှစ်ယောက် အရက်သောက်နေကြတာကို ပတ်ဝန်းကျင်က ဘယ်လိုပြောမတုံး"

"ဦးသန်းမောင်တို့က သိပ်ခေတ်မီတာ၊ ဦးသန်းမောင်တို့က သိပ်ပွင့်လင်းတာ၊ သားအဖချင်းတောင် အရက်တစ်ဝိုင်းတည်း သောက်ချင်သောက်တာ၊ တခြား ဖခင်တွေဆိုရင် ကိုယ်က အရက်သောက်မယ်၊ သားကိုမသောက်နဲ့လို့ ဆုံးမချင်ဆုံးမှာ၊ ဦးသန်းမောင်ကတော့ ... ဒီလိုမဟုတ်ဘူး၊ ကိုယ်လဲကြိုက်တာ လုပ်တယ်၊ တခြားလူကိုလဲ လုပ်ခွင့်ပေးတယ်၊ ဒီလို အမြင်



ကျယ်ပေလို့လဲ ချမ်းသာပေတာကိုးလို့ ချီးမွမ်းကြလိမ့်မယ်၊ အခုလို မွဲနေတုန်း ... သားအဖနှစ်ယောက် အရက်သောက်တာကို ပတ်ဝန်းကျင်က မြင်ရင်တော့ ... မွဲမှာပေါ့၊ ဖအေကလဲ အရက်သမား၊ သားကလဲထောင်ထွက်၊ ဖအေနဲ့သား အရက်တစ်ပုလင်းတည်း ခွက်ကမ်းများ သောက်နေလိုက်ကြသေးတယ်၊ ထွီ ... ဘယ်လိုလူစားမျိုးတွေလဲ မသိဘူး၊ လူတွေမှ ဟုတ်ကြသေးရဲ့လားလို့တောင် ကဲ့ရဲ့ကြလိမ့်မယ်"

"အဲဒီတော့ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းဆိုတာဟာ လုပ်တဲ့လုပ်ရပ်ပေါ်မှာ ဖြစ်တာမဟုတ်ဘူး၊ လုပ်တဲ့လူရဲ့အခြေအနေ၊ အဆင့်အတန်းပေါ်မှာ ဖြစ်နေတာ၊ ဒါတွေကိုဂရုမစိုက်ပါနဲ့ အစ်ကိုရယ်၊ ဒါတွေကို ဂရုစိုက်ရင် အစ်ကိုမောလိမ့်မယ်" ဟု ရွှေဘော်က ပြောလိုက်ရာ ရေချမ်းလည်း ပြန်လည်၍ ချေပပြောဆိုနိုင်ခြင်းမရှိတော့ဘဲ ငြိမ်၍ သွားလေ၏။ ထိုအခါ ဖခင်ဖြစ်သူ ဦးသန်းမောင်ကြီးက လျှာလေး အာလေးကြီးဖြင့် ...

"ငါ့သားရွှေဘော်ပြောတာမှန်တယ်။ ရွှေဘော် မင်းအစ်ကိုကြီးကို ပညာသင်ပေးစမ်းပါကွယ်၊ ဒီကောင်ကြီး သိပ်အ,တယ်ကွ၊ အခုကြည့်စမ်း၊ မင်းက အဖေသောက်ဖို့လို့ဆိုပြီး ဗျားအုံတံဆိပ် ဘရန်ဒီတစ်လုံးဝယ်လာခဲ့တယ်၊ မင်းအစ်ကိုရေချမ်းကြီးကတော့ အဖေသောက်ဖို့ အရက်ဆိုပြီး ... ဘုရားလူကြီးဆီက ဘီယာနှစ်လုံး ဝယ်လာတယ်တဲ့ကွာ၊ ဘီယာကို ဘာမှန်း ဒီကောင်သိတာ မဟုတ်ဘူး၊ ဟား ဟား ဟား" ဟု ပြောဆိုရယ်မောကာ သားဖြစ်သူ မောင်ရေချမ်းအား လှောင်ပြောင်လေတော့၏။

ထိုအခါ ရေချမ်းက "ကျွန်တော်က အဖေတို့ ရွှေဘော်တို့လို အရက်သမားမှ မဟုတ်ဘဲ အဖေရ၊ ဘယ်သိပါ့မတုံး" ဟု စိတ်ဆိုးမာန်ဆိုးဖြင့် ပြန်၍ပြောလိုက်ရာ ရွှေဘော်က ...

www.burmeseclassic.com

www.burmeseclassic.com



"သမားဆိုတာ ဆရာကို ပြောတာနော် . . . အရက်သမားဆိုတာ အရက်သောက်တဲ့ဆရာလို့အဓိပ္ပာယ်ရတယ်၊ အဲဒီတော့ ဘယ်နေရာမှာမှ ဆရာမဖြစ်ရင် ဒီနေရာမှာတော့ ဆရာဖြစ်ရမှာပေါ့ အစ်ကိုရယ်၊ အစ်ကိုက သိပ်ဖြေ၊ သိပ်အေး၊ သိပ်အူတာကိုး၊ ဒါကြောင့်လဲ ဆိုင်နီးပါးချင်းတွေက ဝိုင်းနှိမ်၊ ဟိုလူကဖိ၊ ဒီလူတဆဲနဲ့ စော်ကားချင်တိုင်း စော်ကားတာ ခံနေရရှာတာ၊ ရွှေဘော်တို့ကတော့ . . . မရဘူး၊ အသက်ချင်းလဲမလား၊ အသည်းချင်းလဲမလား၊ ကြိုက်ရာလမ်းကတက်၊ ဘဝင်ကိုသွားမလား၊ ငရဲကိုဆင်းမလား" ဟု ပြောလိုက်လေ၏။

ရေချမ်းလည်း တစ်နေကုန် ဈေးရောင်းရသဖြင့် မောပန်းလာသည်ဖြစ်ရာ ၎င်းတို့သားအဖနှင့် ယှဉ်ပြိုင်ပြောဆိုခြင်း မပြုတော့ဘဲ မြမြအား ထမင်းခူးခိုင်းလိုက်ပြီးလျှင် ထမင်းစား၍နေလေတော့၏။

ရွှေဘော်နှင့်ဦးသန်းမောင်တို့မှာမူ အရက်တစ်လုံးကုန်သည်အထိ သောက်ကြပြီးနောက်. . . နှစ်ယောက်စလုံးမူးကာ ထမင်းမျှပင် မစားနိုင်ကြတော့ဘဲ အိပ်ပျော်၍ သွားကြလေတော့၏။

♛ ♛ ♛

ရွှေဘော်သည် ထောင်မှထွက်လာပြီး ခြောက်လကျော်ခုနစ်လတိုင်တိုင် ဖခင်ကြီးနှင့်အတူ မူးယစ်သောက်စား၍သာနေလေတော့၏။ ထို့နောက် ထောင်ထဲတွင် မူဆောင်း၍ ငွေကလေးအနည်းငယ်ပါလာသည်ဟုဆိုကာ မြမြအား နားကပ်၊ ဆွဲကြိုး စသည်များလုပ်၍ပေးလေ၏။

ဤသို့နှင့်ပင် ၎င်းထောင်က ထွက်လာသည်မှာ ခုနစ်လတင်းတင်း ပြည့်ခဲ့ပြီ ဖြစ်၏။



တစ်နေ့သ၌ ထိုမြို့မှပုလိပ်သုံးဦးနှင့် မန္တလေးမှရာဇဝတ်အုပ်တစ်ဦးသည် ရေချမ်းတို့အိမ်သို့ ရောက်ရှိလာပြီးလျှင် . . .

"ရွှေဘော်ရှိသလား" ဟုမေးလေသည်။ ထိုအချိန်၌ ရွှေဘော်သည် အိပ်ခန်းထဲတွင် အိပ်ပျော်နေခိုက်ဖြစ်သဖြင့် အပြင်ဘက်မှ ပုလိပ်များ ရောက်ရှိလာသံကို မကြားဘဲ ရှိလေ၏။

ပုလိပ်များက အိပ်ခန်းအတွင်းသို့ ဝင်၍ရှာမည်ဟု ဆိုကာ ဝင်၍ရှာကြလျှင် အိပ်ပျော်နေသောရွှေဘော်ကို တွေ့သဖြင့် -

"တွေ့ပြီ . . . တွေ့ပြီ၊ ဒီမှာ . . . ဒီမှာ" ဟု ဆိုကာ ဝိုင်း၍ဖမ်းကြလေ၏။ သို့ရာတွင် ရွှေဘော်သည် အိပ်ရာမှ ဖျတ်ခနဲနိုးကာ . . . ရာဇဝတ်အုပ်၏ မေးစေ့ကို ခြေဖျားဖြင့်ခတ်၍ ခေါင်းရင်းဘက် ပြတင်းပေါက်မှ ခုန်ထွက်ကာ လွတ်မြောက်ထွက်ပြေးသွားလေတော့၏။

ထိုအခါ ဦးသန်းမောင်ကြီးနှင့် မြမြတို့က အကျိုးအကြောင်းမေးမြန်းရာ ရာဇဝတ်အုပ်က . . .

"မန္တလေးက ရွှေဆိုင်သူဌေးအိမ်ကို ဓားပြတိုက်တဲ့အထဲမှာ ဒီကောင်ပါတယ်ဗျ" ဟု ပြောလေ၏။

"ဘယ်တုန်းက တိုက်တာလဲ" ဟု ဦးသန်းမောင်က မေးလေ၏။

"တစ်နှစ်ရှိပြီ၊ ဒီအမှုကိုလိုက်နေတာ" ဟု ရာဇဝတ်အုပ်က အသံမာမာနှင့် ပြန်၍ပြောလေ၏။

"မဖြစ်နိုင်တာဘဲဗျာ၊ ကျုပ်သား ထောင်ကလွတ်တာ ခုနစ်လရှိသေးတယ်" ဟု ဦးသန်းမောင်ကပြောရာ ထိုရာဇဝတ်အုပ်က-

"ဘယ်ကလာဟုတ်ရမှာတုံးဗျ၊ ဒီကောင်ထောင်ကလွတ်တာ တစ်နှစ်ကျော်ပြီ၊ ထောင်တလွတ်လွတ်ချင်း အိမ်ကို ပြန်တာမဟုတ်ဘူး၊ မန္တလေးက ဓားပြခေါင်းဆောင် ငသိန်းပတို့အိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



နေနေသေးတာ၊ အခု ကျုပ်တို့က သေိန်းကို ဖမ်းမိထားပြီ၊ သေိန်းရဲ့ ဖြောင့်ချက်အရ ဒီကိုလိုက်လာတာ” ဟု ပြောလိုက်သောအခါ ဦးသန်းမောင်လည်း ဆက်မပြောနိုင်တော့ဘဲ ပါးစပ်အဟောင်းသား ဖြစ်၍ သွားလေတော့၏။

ထိုအချိန်မှစ၍ . . . ဦးသန်းမောင်၏သား ရွှေဘော်သည် ဖရမ်းပြေး ဖြစ်သွားလေတော့၏။

မြမြသည် ရေချမ်းထံသို့ မျက်ရည်စက်လက်ဖြင့် လိုက်သွားလေတော့၏။ ရေချမ်းနှင့်တွေ့လျှင် ရွှေဘော်၏အကြောင်းကို ရေချမ်းအားပြောပြလိုက်ရာ ရေချမ်းလည်း ဈေးဆိုင်ကိုပိတ်၍ အိမ်သို့ ပြန်ခဲ့လေ၏။

အိမ်သို့ရောက်လျှင် ဝမ်းနည်းပက်လက် ရှိုက်ကြီးတငင်နှင့် ငိုကြွေးနေသော ဖခင်ကြီးအား မြင်ရသောအခါ၌ ဆို့နင့်၍ သွားလေတော့၏။

“ဘယ်လိုလုပ်ကြမလဲ . . . အဖေ” ဟု ရေချမ်းက မေးလိုက်လေ၏။

“ဖမ်းလို့ မမိမချင်း ဝရမ်းပြေးဖြစ်နေပေါ့ကွာ၊ မိတော့လဲ မားပြမှုနဲ့ ထောင်ကျပေါ့ကွာ၊ အဖေတို့က ဘာတတ်နိုင်မှာတုံး” ဟုပြောလိုက်ရာ မြမြသည်မိခင်ဖြစ်သူအား တ,၍ငိုလေတော့၏။

ရွှေဘော် ဝရမ်းပြေးဖြစ်သည့်နေ့မှစ၍ ဦးသန်းမောင်လည်း အရက်ကို လုံးဝမဖြတ်သည့်တိုင်အောင် တစ်စတစ်စ လျှော့၍ သောက်လေတော့၏။

ရေချမ်းသည် စိတ်ပျက်အားငယ်စွာဖြင့် . . . ဆက်လက်၍ ဈေးရောင်းနေရရှာလေ၏။ ဖခင်ကြီးမှာလည်း တစ်စတစ်စ အရက်ကို လျှော့၍သောက်လာခဲ့ရာ ခြောက်လကျော်ကျော်ခန့် ကြာသောအခါ၌ လုံးဝအရက်ပြတ်၍ သွားလေတော့၏။



ရေချမ်းသည် ဖခင်ကြီး အရက်ပြတ်သွားသည့်အတွက် အပျော်ကြီးပျော်၍ နေလေ၏။ ဖခင်ကြီးအား . . . အင်္ကျီသစ်၊ ပုဆိုးသစ်များချုပ်၍ ကန်တော့လေ၏။ ဖခင်ကြီးက ပုတီးစိပ်လိုသည်ဆိုသဖြင့် မန္တလေးသို့သွားသောလူကြုံဖြင့် ဆင်စွယ်ပုတီး ပင် မှာ၍ ပေးလေ၏။

ဖခင်ကြီးလည်း ထမင်းစားချိန်လောက်သာ အိမ်သို့ပြန်လာပြီးလျှင် နေ့ရောညပါ ရွှေဘုံသာဘုရားသို့တက်၍ ပုတီးစိပ်နေလေတော့၏။ ထိုအခါ ရေချမ်းက . . .

“အဖေ့ဥစ္စာကလဲ အရက်သောက်တုန်းကလဲ တအားကြီး သောက်နေပြီး၊ ပုတီးစိပ်တော့လဲ အနားကိုမပေးဘဲ တအားကြီး စိပ်နေပြန်ပြီလား၊ အညောင်းတွေ ဘာတွေမိပြီး ဒုက္ခရောက်နေဦးမယ်” ဟု ပြောရာ ဦးသန်းမောင်က . . .

“ငါ့သား၊ မင်း ဘာသိလို့တုံး၊ အရက်သောက်တဲ့ လူဟာ သေရင် သိဋ္ဌိုးငရဲ ရောက်တတ်တယ်တဲ့ကွ၊ ဒါကြောင့် လုပ်နေရတာ” ဟု ပြောလေ၏။ ရေချမ်းမှာမူ ဖခင်ကြီး၏ ပြောင်းလဲမှုအတွက် အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေ၏။ ထိုသို့ ဝမ်းသာနေရာမှ ဝမ်းနည်းစရာအကြောင်းတစ်ခု ရုတ်တရက် ပေါ်ပေါက်လာပြန်လေ၏။

ထိုအကြောင်းကား ဤသို့ ဖြစ်၏။

တစ်နေ့သ၌ ရေချမ်းသည် ၎င်း၏ဖခင်ကြီးအား ရွှေဘုံသာဘုရားသို့ပို့ကာ ၎င်းကမူ ဆိုင်သို့ သွားလေ၏။

နေ့လယ် ထမင်းစားချိန်သို့ ရောက်သောအခါ၌ မြမြက ထမင်းလာမပို့သဖြင့် ဖခင်ကြီးကို ရွှေဘုံသာဘုရားသို့ ဝင်၍ ခေါ်ကာ ထမင်းစားရန်အတွက် အိမ်သို့ ပြန်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ရောက်လျှင် အိမ်တံခါး သော့ပိတ်ထားသည်ကို တွေ့ရပြီးလျှင် သော့နှင့် မျောက်လက်ကြား၌ စာခေါက်ကလေး တစ်ခု ခေါက်ထားသည်ကို တွေ့ရသဖြင့် . . . ရေချမ်းလည်း ထိုစာခေါက်ကလေးကို ဆွဲယူ၍ ဖတ်ကြည့်ရာ အောက်ပါစာကို တွေ့ရလေတော့၏။

ဘဖေနှင့် ဘခကိုရှင့်

ကျွန်မတော့ ချစ်သူနဲ့ လိုက်သွားပါပြီ၊
ကျွန်မကို ခွင့်လွှတ်ပါ။

ဘမိုက်မ
မြမြ

ရေချမ်းသည် ထိုစာကိုဖတ်ပြီးနောက် လက်များတုန်၍ပင် နေလေ၏။ ထို့နောက် စာကို ဖခင်ကြီးအား ပေးလိုက်ရာ ဦးသန်းမောင်သည် ထိုစာကိုဖတ်ပြီးနောက် . . .

"လာပြန်ပြီလား ဒီအမိုက်မတစ်ယောက်" ဟု ရေရွတ်လိုက်လေ၏။

"ဘယ်လိုလုပ်ကြမလဲအဖေ" ဟု မောင်ရေချမ်းက မေးလိုက်လေ၏။

"အဖေလဲ . . . မပြောတတ်တော့ပါဘူးကွာ" ဟု ဆိုကာ ဦးသန်းမောင်ကြီးသည် ငိုလေတော့၏။

ထိုအခါ ရေချမ်းလည်း ဖခင်ကြီးအား နှစ်သိမ့်စကားပြောပြီးလျှင် မြမြနှင့်ပတ်သက်၍စုံစမ်းရာ ၎င်းတို့ရပ်ကွက်အတွင်းရှိ အတော်အတန် ငွေကြေးချောင်လည်သော အိမ်တစ်အိမ်သို့ မြို့မှ သူဌေးသား လူပေါ်ကြော့တစ်ဦး မကြာသေးမီက ရောက်ရှိ



လာကြောင်း စုံစမ်းသိရှိရသဖြင့် ဖခင်ကြီးအား မြို့သို့လိုက်သွားရန် ရေချမ်းက လမ်းစရိတ် ထုတ်ပေးလေသည်။

ထိုအခါ ဦးသန်းမောင်က . . .

"မြို့ကို အရင်မလိုက်သေးဘဲ အဲဒီကောင်ကလေးတည်းတဲ့ အိမ်ကို အရင်စုံစမ်းရင် ကောင်းမယ်သားရဲ့၊ ကိုယ့်တစ်ရပ်ကွက်သားချင်းပဲကွယ်၊ ဒီလောက်တော့ ရိုင်းမယ်မထင်ပါဘူး" ဟု ဆိုသဖြင့် ရေချမ်းကလည်း သဘောတူလိုက်လေ၏။

ထို့ကြောင့် ၎င်းတို့သားအဖနှစ်ဦးသည် မြို့မှကောင်ကလေး တည်းခိုသွားသည်ဆိုသောအိမ်သို့ သွားကြလေ၏။ ထိုအိမ်မှာ သက်န်းပရိက္ခရာရောင်းသော ဆိုင်ကြီးတစ်ခု ဖြစ်၏။

ပိုင်ရှင်မှာ ဦးကုလား၊ ဒေါ်မြ ဟူ၍ ဖြစ်၏။ ရေချမ်းတို့သားအဖသည် ဦးကုလား ဒေါ်မြတို့ ထံသို့ သွားကြလေ၏။

၎င်းတို့နှင့် တွေ့သောအခါ၌ ၎င်းတို့က ဦးသန်းမောင်အား-

"ဘာကိစ္စတုံး" ဟု မေးလေ၏။ ထိုအခါ ဦးသန်းမောင်က-

"ဒီအိမ်မှာ မြို့က သူငယ်လေးတစ်ယောက်လာပြီး တည်းခိုသွားတယ်မဟုတ်လား" ဟု မေးရာ ဦးကုလားက . . .

"ခင်ဗျားတို့နဲ့ ဘယ်လိုပတ်သက်လို့တုံး" ဟု ပြန်၍ မေးလေ၏။

"ဒီလိုပါခင်ဗျာ၊ ကျွန်တော့်သမီးကလေးပျောက်သွားတယ်၊ ဒီအိမ်မှာ လာတည်းတဲ့ သူငယ်ကလေး ပြန်သွားတဲ့နေ့မှာပဲ ပျောက်သွားတယ်" ဟု ဦးသန်းမောင်က စကားစလိုက်သည့် တစ်ခဏ၌ပင် ဒေါ်မြက . . .

"ကြုံကြီးစည်ရာတော် . . . အဲဒါ သူဌေးသားရှင့်၊ မြို့တော့ ကောလိပ်ကျောင်းသားလဲ ဟုတ်သေးရဲ့၊ သူတို့မှာက သူဌေး သမီးတွေ၊ မြို့အုပ်ဝန်ထောက် သမီးတွေ အပုံကြီးပါ၊ တော်ရုံ

www.burmeseclassic.com

www.burmeseclassic.com



ဟာတော့ မှန်းလိမ့်မယ် မဟုတ်ပါဘူး၊ ရှင်တို့ကိုလဲ ကျွပ်သိပါတယ်၊ ဒီကောင်ကလေး ဈေးရောင်းကျွေးနေတာ မဟုတ်လား၊ ရှင်တို့သမီးနဲ့ ဒီမှာလာတည်းတဲ့ကလေးနဲ့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ပါဘူး၊ ကိုယ့်တစ်ရပ်ကွက်တည်းနေတာပဲ၊ ဟုတ်ရင်ဟုတ်တယ်လို့ ပြောမှာပေါ့၊ ရှင့်ကို ကျွပ် ကောင်းကောင်းသိပါတယ်"

"ဟိုး .လေးငါးနှစ်လောက်က ဒီသူငယ်လေးအမေ ရှင့်ရဲ့ မိန်းမဆိုတာ တခြားယောကျ်ားနဲ့ လိုက်သွားလို့ဆို မဟုတ်လား၊ ကျွန်မတို့အိမ်ကို လာတည်းတဲ့ကလေးက . . . မိကောင်းဖခင်သားကလေးပါ၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ အဲဒီတော့ လှေဆိပ်ကလှေသမားတွေ၊ ဈေးထဲကကူလီတွေဘက်လဲ စုံစမ်းကြည့်ပါဦး၊ မိန်းကလေးအနေနဲ့လဲ ဒီလောက်အဆင့်အတန်းချင်း ကွာတာကို လှမ်းဝံ့ရှာမယ် မဟုတ်ပါဘူး" ဟု စကားဖြင့် နှိမ်လိုက်လေတော့၏။

ထို့ကြောင့် ရေချမ်းတို့သားအဖလည်း ထိုအိမ်မှ ဆင်းခဲ့ကြရလေတော့၏။ သို့ရာတွင် ဦးသန်းမောင်သည် စုံစမ်းရန် မြို့သို့ လိုက်သွားလေ၏။

မြို့သို့ရောက်၍ ထိုသူငယ်ကလေး၏ အိမ်ကို တွေ့သော်လည်း ထိုအိမ်ကလည်း ဦးသန်းမောင်အား နှိမ်၍လွှတ်လိုက်လေ၏။ သမီးကိုလည်း မတွေ့ရ . . . အနှိမ်လည်း ခံရဖြင့်သာ ဦးသန်းမောင်သည် စိတ်ပျက်အားငယ်စွာ ပြန်၍လာလေ၏။ မောင်ရေချမ်းက . . .

"ဘယ်လိုလဲအဖေ" ဟု မေးရာ ဦးသန်းမောင်က . . .

"မတွေ့ခဲ့ပါဘူး သားရယ် . . . ကောင်လေးအိမ်ကိုတော့ ရောက်ခဲ့ပါတယ်၊ ကောင်လေးမိဘတွေကလဲ အဖေ့ကို ပြော လွှတ်လိုက်တာ ရစရာမရှိပါဘူး၊ လုံးစေ့ပတ်စေ့တော့ မပြောပါနဲ့



စေနဲ့တော့ကွယ်၊ အဖေ့ကို ရဟန်းဘောင်ကိုတက်ပေးပါ၊ အဖေ လူ့လောကကို ငြီးငွေ့လှပါပြီ" ဟု ပြောလေတော့၏။

ထို့နောက်တွင်လည်း ဦးသန်းမောင်သည် ရဟန်းဝတ်လိုကြောင်းကိုသာလျှင် မကြာခဏ ပြော၍နေသဖြင့် ရေချမ်းသည် ဈေးဝယ်ရန်စုဆောင်းထားသော ငွေကလေးဖြင့် ရဟန်းဝတ်၍ ပေးလိုက်လေတော့၏။

ရေချမ်းတစ်ဦးတည်းသာလျှင် ငေါင်းစင်းစင်းနှင့် ကျန်ရစ်ခဲ့လေတော့၏။ ဆိုင်မှာလည်း အရောင်းကျမြဲ ကျ၍နေလေ၏။

တစ်ယောက်တည်း ဖြစ်နေသဖြင့် ကိုယ်တိုင် ထမင်းချက်ရ၏။ အဝတ်အစားလျှော်ရ၏။ ကုန်ဝယ်သွားရ၏။ ထို့ကြောင့် တစ်ခါတစ်ရံ ညဈေးသို့ မထွက်နိုင်ဘဲ ရှိ၏။

နေ့ဈေးမှာလည်း အရောင်းပါး၍ ညဈေးလည်း မထွက်ဖြစ်သောအခါ၌ ကုန်ကြွေးများသည် တစ်ရစ်ပြီးတစ်ရစ် တက်၍လာလေတော့၏။

ကြွေးရှင်များသည် ဆိုင်ရှေ့မှ လည်းကောင်း၊ အိမ်ရှေ့မှလည်းကောင်း နေ့စဉ်ရက်ဆက် ဆိုသလို လာရောက်၍ ဆူပူကြိမ်းမောင်းကြလေတော့၏။

* * * * *

## ဘုန်းကြီးပျံ

တစ်နေ့သ၌ ဘုန်းကြီးကျောင်းမှ ကပ္ပိယကြီးသည် ရေချမ်း၏ အိမ်သို့ ရောက်၍လာပြီးလျှင် . . .

"ဟေ့ ရေချမ်း၊ ဦးပဥ္ဇင်းကြီးတော့ ပျံလွန်တော်မူပြီကွယ်၊ မနက်သုံးနာရီလောက်မှာ . . . ပျံလွန်တော်မူတာပါ၊ ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



လာပြောမလို့ပဲ၊ ဒါပေမဲ့ မထူးဘူးဆိုပြီး အခုမှလာပြီး အင်ကြောင်းကြားတာပဲ" ဟု ပြောလေ၏။

ရေချမ်းလည်း ကပ္ပိယကြီးနှင့်အတူ ဘုန်းကြီးကျောင်းသို့ လိုက်၍သွားရာ . . . ကျောင်းဘေးရှိ ဇရပ်အတွင်း၌ ဖခင် ဦးသန်းမောင် ခေါ် ဦးပဥ္စင်းကြီး ဦးသံဝရ၏ ရုပ်ကလာပ်ကို တွေ့ရလေတော့၏။

ရေချမ်းသည် ဖခင်ကြီး၏ အလောင်းကို ကန်တော့ပြီးနောက် ကုန်ဝယ်ရန်ချန်ထားသော ငွေကလေးများကို ထုတ်၍ ဆွမ်းစားကျောင်းဘုန်းကြီးအား အပ်နှံပြီးလျှင် . . .

"တပည့်တော်ရဲ့ဖခင် ဦးပဥ္စင်းကြီးအတွက် လိုအပ်တာလေးတွေ လုပ်ပေးပါ အရှင်ဘုရား" ဟု လျှောက်ထားလိုက်လေ၏။

ဆွမ်းစားကျောင်းဘုန်းကြီးလည်း ငွေကိုလက်ခံပြီးနောက်-

"အနိစ္စသဘောတွေပဲကွာ" ဟု တိုတိုနှင့် လိုရင်းပြောဆိုပြီး ဘုန်းကြီးပျံကို ခမ်းခမ်းနားနားမကျင်းပတော့ဘဲ အကျဉ်းချုံး၍ စီစဉ်လိုက်လေတော့၏။

ထို့နောက် ရေချမ်းပေးသောငွေကလေးနှင့် ဆွမ်း၊ ဆွမ်းဟင်းများ ချက်ကာ သပိတ်သွတ်လိုက်လေတော့၏။

ထို့ကြောင့် ရေချမ်း၏ဖခင် ဦးသန်းမောင်ကား ဦးပဥ္စင်းကြီး ဦးသံဝရအဖြစ်ဖြင့် နိဂုံးကမ္ပတ်အဆုံးသတ်၍သွားလေတော့၏။

♛ ♛ ♛

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီး မကြာမီ နေ့တစ်နေ့၌ ရေချမ်းသည် ကြွေးရှင်တစ်ဦးက ရိုက်လားနှက်လား ဆဲလားဆိုလား လုပ်မည်ဟု သိရသောကြောင့် ဈေးမထွက်ဝံ့ဘဲ အိမ်၌ ကုပ်၍ နေရရှာလေ၏။



ထိုအချိန်၌ ၎င်းတို့ရပ်ကွက်ကိုအုပ်ချုပ်သော အရပ်လူကြီး၏ အိမ်မှ လက်ပါးစေတစ်ဦးက "ဟေ့ ရေချမ်း၊ လူကြီးအိမ်က ရှင်းစရာရှိလို့ ခေါ်ခိုင်းလိုက်တယ်၊ လာခဲ့ပါ" ဟု ပြောလေ၏။

ရေချမ်းသည် ကြွေးရှင်တစ်ဦးဦးက အရပ်လူကြီး ထံသို့ လာရောက်၍ တိုင်တန်းပြီဖြစ်ကြောင်း ကောင်းစွာ ရိပ်မိသွားလေတော့၏။

သို့ရာတွင် ရှောင်ကွင်းရန် နည်းလမ်းမရှိတော့သဖြင့် . . .

"ကောင်းပါပြီဗျ၊ လာခဲ့ပါ့မယ်" ဟု ဆိုကာ အိမ်တံခါးကို ပိတ်၍ အရပ်လူကြီးအိမ်သို့ သွားရလေတော့၏။

အိမ်ပေါ်၌ကား မိန်းမကြီးတစ်ဦးက လှေကားကို ကျောပေး၍ ထိုင်နေ၏။ ရေချမ်းသည် မိန်းမကြီး၏မျက်နှာကို မကြည့်ရဲသဖြင့် ခေါင်းကိုငုံ့ကာ ထိုင်လိုက်လေ၏။ ထိုအခါ မိန်းမကြီးက

"ဟဲ့ မောင်ရေချမ်း၊ သား လူလေး" ဟု ခေါ်လိုက်သဖြင့် ရေချမ်းသည် မော့၍ကြည့်လိုက်ရာ . . . ၎င်းထင်မှတ်သကဲ့သို့ ကြွေးရှင်မိန်းမကြီးမဟုတ်ဘဲ ၎င်း၏မိခင်ကို အံ့သြဖွယ်ရာတွေ့ရလေတော့၏။

ရေချမ်းသည် ရင်တွင်း၌ ဆို့နင့်နင့်ကြီးဖြစ်၍သွားလေ၏။

"မင်းညီလေး ရွှေဘော်ရော" ဟု မိခင်က မေးလေ၏။

ရေချမ်းက မဖြေဘဲ ငြိမ်၍နေလေ၏။

"မင်းညီမလေး မြမြရော" ဟု မိခင်ကြီးက မေးပြန်၏။

ရေချမ်းက မဖြေဘဲ ငြိမ်၍နေလေ၏။

"ဟဲ့ . . . မောင်ရေချမ်း၊ အမေမေးတာ ဖြေစမ်းပါဦး" ဟု မိခင်က ထပ်၍ ပြောလိုက်လေ၏။

"အမေ ဒါတွေကို ဘာဖြစ်လို့ မေးတာလဲ၊ ကျွန်တော် မဖြေချင်ဘူး၊ ကျွန်တော့်ရင်တွေ ကွဲကုန်လိမ့်မယ်၊ အမေလာတာ

www.burmeseclassic.com

www.burmeseclassic.com



ဘာကိစ္စလဲ . . . သူတို့ကို ခေါ်ထားမလို့လား” ဟု ရေချမ်းက မေးလိုက်လေ၏။

ထိုအခါ မိခင်လုပ်သူသည် မျက်နှာပျက်၍ သွားလေ၏။ ထို့ကြောင့် အရပ်လူကြီးက ကြားမှဝင်၍ . . .

“ဒီလိုကွာ မင်းရဲ့အမေလဲအတော့်ကိုကျပ်ကျပ်တည်းတည်း ဖြစ်နေတယ်၊ ဒါကြောင့် အိမ်ကလေးကို ရောင်းပြီး မင်းတို့ မောင်နှမသုံးယောက်က တစ်စု၊ သူက တစ်စုခွဲပြီး ယူချင်တယ်၊ အဲဒါ မင်းသဘောကို လာပြီးမေးတာ” ဟု ပြောလိုက်လေ၏။

“ရွှေဘော်လဲ ဝရမ်းပြေး ဖြစ်နေတာကြာပြီ . . . မြမြလဲ လင်နောက်လိုက်သွားတာကြာပြီ၊ ဘယ်အရပ် ဘယ်ဒေသကို ရောက်နေတယ်လို့တောင် မသိပါဘူး၊ အဖေလဲ မသေခင်မှာ ဘုန်းကြီးဝတ်တယ်၊ သေတော့ . . . ဘုန်းကြီးဝတ်နဲ့ပဲ သေရှာပြီ၊ ဒီမှာက ကျွန်တော်တစ်ယောက်တည်းပဲ ရှိတော့တယ်၊ အမေ လုပ်ချင်တာ လုပ်ပါ” ဟု ရေချမ်းက ပြောလိုက်လေ၏။

ထိုအခါ အိမ်ရောင်းရလျှင် ပွဲခရမည်ဖြစ်သော အရပ်လူကြီးက “အေးကွယ်၊ နှုတ်တစ်ရာ စာတစ်လုံးတဲ့ကွဲ့၊ မင်း သဘောတူရင် ဟောဒီစာချုပ်မှာ လက်မှတ်ထိုးပေတော့” ဟု ပြောဆိုကာ စာချုပ်စာရွက်ကို လက်မှတ်ထိုးခိုင်းလေ၏။

ရေချမ်းသည် စာချုပ်စာရွက်ကို လှမ်း၍ယူပြီး စာချုပ်တွင် ပါသည့် (အိမ်ကိုရောင်းချရန် သဘောတူပါသည်) ဆိုသော စာကြောင်း၌ (အိမ်နှင့် ဈေးအတွင်းရှိ ကုန်စုံဆိုင်ကို ရောင်းချ ရန် သဘောတူပါသည်) ဟု ဖြည့်စွက်၍ရေးကာ လက်မှတ်ထိုး ပေးလိုက်လေ၏။ ထိုအခါ မိခင်ဖြစ်သူက . . .

“အမေက အိမ်ပဲ ရောင်းချင်တာပါကွယ်၊ ဆိုင်က ငါ့သား လုပ်စားနေတာပဲ” ဟု ပြောလေ၏။



“နောက်တစ်ခေါက် ဆိုင်အတွက် လာနေရဦးမယ်ဗျာ၊ တစ်ခါတည်း ပြီးသွားတာပေါ့” ဟု ရေချမ်းက ပြောဆိုကာ မိခင် အား စိတ်နာလွန်းသဖြင့် နှုတ်မျှပင် မဆက်ဘဲ ထိုအိမ်ပေါ်မှ ဆင်းခဲ့လေတော့သတည်း။

* * * * *

## အသုံးသတ်နေရာဆီသို့သွားရန် ရေချမ်းကြံစည်ခြင်း

ရေချမ်းသည် ဤလောကကြီးအား အကြီးအကျယ် စိတ် ကုန်၍ သွားလေတော့၏။ မိခင်ဖြစ်သူပင်လျှင် မိမိအပေါ်၌ အညှာအတာ ကင်းမဲ့လေခြင်းဟုလည်း တွေးမိသည့်အခါ၌ လွန်စွာမှ ဝမ်းနည်း၏။ လွန်စွာမှလည်း ယူကျုံးမရ ဖြစ်၏။

ထို့ကြောင့်ခြေဦးတည့်ရာသို့ ထွက်၍သွားရာ ရွှေဘုံသာ ဘုရားသို့ရောက်၍ သွားလေသည်။ ဘုရားရင်ပြင်တော်ပေါ်တွင် တစ်နေကုန်ထိုင်၍နေ၏။ တစ်နေကုန်တွေး၍နေ၏။ တွေးသမျှ အတွေးအားလုံးတို့၏ နိဂုံးချုပ်တွင် လောကကြီးသည် မိမိအပေါ် ၌ လွန်စွာရက်စက်သဖြင့် လောကကြီးအား အပြီးအပိုင်စွန့်ခွာ သွားရန်သာ အဖြေထွက်လေတော့၏။

နောက်ဆုံးတွင် သေတာပဲ ကောင်းပါတယ်၊ ဒါလောက် တောင် အညှာအတာကင်းမဲ့တဲ့ အမေလဲ သားဖြစ်တဲ့ ငါဟာ အသက်နဲ့လဲပြီး ဆိုင်ကလေးနဲ့ အိမ်ကလေးကို ပေးသွားတယ် ဆိုတာ သိပါစေတော့ဟု သဘောပိုက်ကာ မတ်စောက်သော ချောက်ကမ်းပါး တစ်နေရာမှ မြစ်အတွင်းသို့ ခုန်ချကာ မိမိ အသက်ကို လုပ်ကြံ၍ အစတုံးပစ်လိုက်မည်ဟုလည်း စဉ်းစား လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နောက်ဆုံးအနေနှင့် ဖခင်ကြီး၏ မြေပုံအား ကန်တော့ရန် သချိုင်းသို့ သွားလေ၏။ သချိုင်းသို့ရောက်သော အခါ၌ နေဝင်ရီတရောအချိန်ပင် ဖြစ်နေပေ၏။ ဖခင်ကြီး၏ မြေပုံကို ကန်တော့ပြီး ပြန်၍ထွက်လာသောအခါ၌ ကောင်းကင် တွင် လကွေးကွေးကလေးပင် ထွက်ပြူနေပြီ ဖြစ်၏။

ရေချမ်းသည် လကလေးကိုမော့၍ ကြည့်ပြီးနောက် မြစ် ကမ်းပါးဆီကို ဆိုက်ဆိုက်မြိုက်မြိုက်သွားလေ၏။ ၎င်း၏လှုပ်ရှား ပုံမှာ လူတစ်ဦး၏ လှုပ်ရှားပုံမျိုးမဟုတ်ဘဲ စက်ရုပ်တစ်ရုပ်၏ လှုပ်ရှားပုံမျိုး ဖြစ်နေ၏။ လွတ်လပ်ခြင်းမရှိ၊ ပြေပြစ်ခြင်းလည်း မရှိ၊ မှန်မှန်ကြီး ဖြစ်နေ၏။

မြစ်ကမ်းပါးသို့ ရောက်သောအခါ၌ ရေချမ်းသည် ကောင်းကင်ထက်မှ လကွေးကလေးကို မော့၍ကြည့်လိုက်ပြီး နောက် မြစ်အတွင်းသို့ခုန်ချရန်အတွက် ဘုရားကို တိုင်တည် လိုက်လေ၏။ ထို့နောက် လရောင်အောက်တွင် တရိပ်ရိပ်ပြေး နေသော မြစ်ရေကို ကြည့်လိုက်ပြီးနောက် ခုန်ချရန်အတွက် ကိုယ်ကို နောက်သို့ လွဲလိုက်လေ၏။

"ဟော့ . . . မလုပ်နဲ့လေ" ဟူသော အသံကို ကြားလိုက်ရ၏။ အသံနှင့်အတူ တစ်စုံတစ်ယောက်သည် ၎င်းအား သိုင်း၍ ချုပ်ထားလိုက်ခြင်းကိုလည်း ခံလိုက်ရလေ၏။ ရေချမ်းသည် ကြိုးစား၍ ရုန်းကြည့်လေ၏။ သို့ရာတွင်ရုန်း၍မရ၊ တင်းကျပ်စွာ မိနေလေ၏။

"ဘယ်သူက ကျုပ်ကို ဖက်ထားရတာလဲ၊ လွှတ်ပါဗျ၊ ကျုပ် ဘာသာကျုပ် သေစမ်းပါရစေ၊ ကျုပ်ဒုက္ခကို ကျုပ်ပဲသိပါတယ်၊ ကျုပ်မသေရင် ပိုပြီးဒုက္ခရောက်မှာမို့ သေပါရစေ" ဟု ရေချမ်း က ပြောလိုက်လေ၏။



"မင်းဘာသာမင်း သေချင်တိုင်းသေလို့မရဘူးကွ၊ မင်းဒုက္ခ ကို မင်းမခံလို့ . . . ဘယ်သူက ခံရမှာလဲ၊ ငြိမ်ငြိမ်နေစမ်းပါ ကောင်လေးရာ" ဟု နောက်မှချုပ်ထားသောသူက ပြောလိုက် လေ၏။

"ကျုပ်သေတာ ခင်ဗျားအပူ တစ်ပြားသား ပါလို့လား" ဟု ရေချမ်းက ပြောလိုက်လေ၏။

"ပါတာပေါ့ကွာ၊ မင်းသေသွားလို့ ဘယ်ဖြစ်မတုံးကွ၊ ငါက မင်းရဲ့ကြွေးရှင်ပဲ၊ ဒီလိုသေသွားလို့ ဘယ်ဖြစ်ပါ့မတုံး၊ ငါ့ကြွေး တွေ မဆပ်ဘဲ မြစ်အောက်မှာ ဆင်းပြီး ပုန်းမလို့လား၊ မရဘူး ကောင်လေး" ဟု နောက်မှ ချုပ်ထားသူက ပြောလိုက်လေ၏။

"ခင်ဗျား ဘယ်သူလဲ" ဟု ရေချမ်းက မေးလိုက်လေ၏။

"ဩော် မင်းက အခုတော့ မသိသလို လုပ်နေပြီပေါ့၊ မင်းကို ဆီတွေအကြွေးပေးတဲ့ ဆီသည်ကြီးလေကွာ၊ မင်းဟာပွဲရုံတိုင်းမှာ အကြွေးသွားယူရတယ်၊ ငါက ဒီလိုမဟုတ်ဘူး၊ ငါ့ပစ္စည်းကို မင်းဆိုင်အရောက် ပို့ပေးခဲ့ရတယ်၊ တခြားလူတွေရဲ့ကြွေးကို မင်း မဆပ်ချင်နေပါကွာ၊ ငါ့ကြွေးကလေးကိုတော့ ဆပ်ဖို့ ကောင်းပါ တယ်၊ အခုတော့ ကြွေးမဆပ်ဘဲ သေမယ်ဆိုတာတော့ ဘယ် ဟုတ်မလဲ ငါလူရယ်" ဟု နောက်မှ ဖက်ထားသော လူကြီးက ပြောလိုက်လေ၏။

"ကျုပ်ကိုယ်ကျုပ် သတ်ပြီးသေတာဟာ အသက်နဲ့ဆပ်လိုက် တာပဲပေါ့ဗျာ" ဟု ရေချမ်းက ပြောလိုက်လေ၏။

"မင်းသေတာဟာ သေတာသက်သက်ပါပဲ၊ ငါ့အကြွေးက ရတာမှမဟုတ်ဘဲ၊ ကြွေးဆပ်တယ်လို့ ဘယ်ပြောနိုင်မတုံးကွ၊ ငါကတော့ မင်းသေတာကို မလိုချင်ဘူး၊ ငါ့ကြွေးကိုပဲ လိုချင် တယ်" ဟု နောက်မှဖက်ထားသောလူကြီးက ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မှ မဆပ်နိုင်ဘဲ၊ ဘယ်လိုလုပ်မလဲ၊ ခင်ဗျား ကျုပ်ကို ရိုက်မလား၊ ရိုက်ချင်လည်းရိုက်ဗျာ" ဟု ရေချမ်းက ပြောလေ၏။

"သေမဲ့လူကို ရိုက်လို့ဘာထူးမှာလဲကွ၊ ငါ လက်ညှောင်းရုံပဲ ရှိတော့မှာပေါ့"ဟု နောက်မှ ဖက်ထားသော လူကြီးက ပြောလေ၏။

"ဒီလိုဆိုရင် ဘယ်လိုလုပ်ရမလဲ" ဟု ရေချမ်းက မေးလေ၏။

"ငါ့ကြွေးမကျေမချင်း ငါခိုင်းတာလုပ်ရမယ်" ဟု လူကြီးက ပြောပြန်လေ၏။

"ခိုင်းဗျာ၊ ခိုင်းချင်သလိုခိုင်း" ဟု ရေချမ်းက သဘောတူလိုက်လေ၏။

"ကဲ လာခဲ့၊ ဟိုမှာငါ့လှေကလေးပါတယ်၊ သွားကြရအောင်" ဟုဆိုကာ နောက်မှလာ၍ဖက်ထားသောလူကြီးက ရေချမ်းအား မဖက်တော့ဘဲ ပခုံးကိုဖက်၍ လှေဆီသို့ ခေါ်သွားလေတော့၏။ ထိုအချိန်၌မှာပင် တစ်မြို့လုံး အော်သံ ဟစ်သံများနှင့်အတူ မီးတောက်ကြီးတက်လာသဖြင့် ရေချမ်းသည် ခြေလှမ်းကို ဘွဲ့ခနဲ ရပ်လိုက်ပြီးနောက် မီးတောက်ရှိရာသို့ကြည့်လိုက်ပြီးလျှင် ...

"ဈေးဖြစ်လိမ့်မယ်၊ ဈေးရုံကြီး မီးလောင်နေပြီ" ဟု ဆိုကာ ဈေးရုံဘက်သို့ ပြေးမည်လုပ်လေ၏။ သို့ရာတွင် ထိုလူကြီးက ရေချမ်း၏ပခုံးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီးလျှင်...

"မင်းဆိုင်ကလေးကပစ္စည်းတွေ သွားသယ်မလို့လား၊ မသယ်နဲ့တော့လေ၊ မင်းမှာ ဆိုင်မှမရှိတော့ဘဲ၊ မင်းဟာ သေပြီပဲ၊ ငါ ဆွဲထားလို့သာ မင်း အသက်နဲ့ခန္ဓာကိုယ် တွဲလျက်ရှိနေတာ" ဟု ပြောကာ လှေဆီသို့ ခေါ်၍သွားလေတော့၏။ ၎င်းတို့ လှေပေါ်သို့ရောက်သောအခါ၌ မီးတောက်သည် မြင့်သည်ထက် မြင့်၍လာကာ မြစ်ရေပြင်၌ပင်အရောင်ဟပ်လျက်ရှိတော့၏။



"ဘယ်လိုဖြစ်ပြီးလောင်တာပါလိမ့်" ဟု ရေချမ်းက တစ်ကိုယ်တည်း ပြောလိုက်လေ၏။

"ထမင်းအိုးညှိတဲ့ကောင်တွေလက်ချက် နေမှာပေါ့" ဟု ထိုလူကြီးကပြောကာ ၎င်း၏လှေကို စတင်လှော်ခတ်လေတော့၏။

"ထမင်းအိုးညှိတဲ့ကောင်တွေ ဟုတ်လား" ဟု ရေချမ်းက မေးလိုက်လေ၏။

"ဒါပေါ့ကွာ၊ လူမွဲအမြီးပြတ်တွေက လူချမ်းသာတွေရဲ့ အမြီးကို ဖြတ်ပစ်တဲ့နည်းပေါ့ကွာ၊ ဒါတွေမေးမနေပါနဲ့ ငါ့လူရာ" ဟု ဆိုကာ လူကြီးသည် မြစ်လယ်ရေစီးကြောင်းဆီသို့ လှော်ခတ်သွားပြီးလျှင် ရေစီးကြောင်းသို့ ရောက်သောအခါ၌ လှေကို လှော်ခတ်ခြင်းမပြုတော့ဘဲ ရေစီးကြောင်းအတိုင်း လိုက်ပါခဲ့လေတော့၏။

ရေချမ်းသည် မြစ်လယ်သို့ရောက်သောအခါ၌ လရောင်အောက်တွင် ထုံးသင်္ကန်းဖွေးဖွေးနှင့် သပ္ပာယ်တော်မူသော ရွှေဘုံသာစေတီတော်ကြီးအား လက်အုပ်ချီ၍ ကန်တော့နှုတ်ဆက်လိုက်လေတော့၏။

လှေကလေးသည် ရေစီးကြောင်းအတိုင်း တရွေ့ရွေ့နှင့် မျောလာခဲ့ရာ ရေချမ်းတို့မြို့ကလေးနှင့် ဝေးကွာသည်ထက် ဝေးကွာသွားလေတော့၏။

ထိုသို့ဝေးကွာခဲ့သည်နှင့်အမျှ ရေချမ်း၏ စိတ်ပျက်ဖွယ်ရာကောင်းသော အဖြစ်အပျက်များသည်လည်း ရေချမ်းနှင့် ဝေးကွာသည်ထက် ဝေးကွာလာသည်ဟု ဆိုနိုင်၏။

ရေချမ်းသည် လှေ၏ပဲ့ပိုင်းတွင် တက်ကိုကိုင်၍ လှေကို ပဲ့ထိန်းပေးရင်း လိုက်ပါလာသော လူကြီးကို လှည့်၍ ကြည့်လိုက်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးကား အရပ်အမောင်းကောင်း၏။ ကိုယ်လုံးကိုယ်ထည်မှာ ပါးပါးလျားလျား ရှိလှ၏။

အသက်ကြီးပြီဖြစ်သော်လည်း ကျန်းမာသန်စွမ်းပုံရ၏။

ထိုလူကြီးတွင် ထူးခြားသော အချက် နှစ်ချက်ရှိ၏။ ထိုနှစ်ချက်မှာ လွန်စွာရှည်လျား၍ ဖျင်းတောင်ကဲ့သို့ ဖြူဖွေးသော မုတ်ဆိတ်ရှည်နှင့် ဆံပင်ရှည်ထားခြင်းပင် ဖြစ်၏။

ထို့ပြင် ထိုလူကြီးသည် မြန်မာလူမျိုးတစ်ဦးနှင့် မတူဘဲ တရုတ်လူမျိုးတစ်ဦးနှင့်တူနေခြင်းပင်ဖြစ်၏။ သို့ရာတွင် ထိုလူကြီး၏ စကားသံမှာ တရုတ်သံ လုံးဝမပါဘဲ မြန်မာသံ ပီပီသသ ဖြစ်နေခြင်းပင် ဖြစ်၏။ လရောင်တွင် ထိုလူကြီး၏မျက်နှာကို ကောင်းစွာမြင်ရ၏။ သူ၏ဘော်ငွေရောင် ဆံမုတ်ဆိတ်ရှည်ကြီးများသည် တံခွန်အလံသဖွယ် လေထဲတွင် တဖျပ်ဖျပ်လွင့်၍ နေ၏။ ရေချမ်းသည် ထိုလူကြီးကို လှည့်၍ကြည့်ရင်း ငယ်စဉ်က သင်ဖူးသည့် . . . အာဖရိကတိုက်မှ တရုတ်ပြည် ားကာ အာလာဒင်ဆိုသော သူငယ်ကလေးအား ကြူစာ ခွက်ကို ယူခိုင်းသည့် မှော်ဆရာကြီး၏အကြောင်း ပြေး၍ အမှတ်ရမိလေ၏။

ထို့ကြောင့် "ဒီမုတ်ဆိတ်ဖြူကြီးဟာ မှော်ဆရာကြီးများပေလား၊ သူက ငါ့ကို ဘယ်ကိုခေါ်သွားမှာတုံး၊ အာလာဒင်လို ထူးဆန်းတဲ့ဆီမီးခွက်ကို ရှာခိုင်းမှာလား . . . အဲဒီပုံပြင်ထဲက အာလာဒင်လို ထူးဆန်းတဲ့မီးခွက်များရရင်တော့ အတော့်ကို ဟန်ကျမှာပဲ၊ မီးခွက်ကို ပွတ်လိုက်တာနဲ့ ငါခိုင်းဖို့ ဘီလူးကြီး တစ်ကောင် ပေါ်လာမယ်၊ အဲဒီအခါမှာ ဘီလူးကြီးက ငါ့ကို ဘာများခိုင်းမလဲသခင် လို့ မေးမယ်၊ အဲဒီလို မေးတာနဲ့ ငါဟာ ဘီလူးကြီးကို ငွေတွေ ဖန်ဆင်းခိုင်းပြီး . . . ကြေးတွေ ဆပ်ပစ်



လိုက်မယ်၊ ပြီးတော့ . . . ပိုတဲ့ပိုက်ဆံနဲ့ အိမ်ကလေးတစ်လုံးနဲ့ ဈေးထဲမှာ ဆိုင်ကလေးတစ်ဆိုင် ပြန်ပြီးဝယ်မယ်၊ နောက်ပြီးတော့ ငါ့ညီလေးရွှေဘော်ကိုလဲ ဘီလူးကြီးရဲ့ အကူအညီနဲ့ လိုက်ပြီး ရှာမယ်၊ တွေ့ရင် ဝရမ်းပြေးအဖြစ်က လွတ်အောင် ကယ်လိုက်မယ်၊ ဒီလိုကယ်လို့လဲ ဘာမှခက်မှာမဟုတ်ဘူး၊ ရွှေဘော် ခားပြ တိုက်လာတဲ့အိမ်ရှင်ကို ပစ္စည်းတွေ လျော်ပေးလိုက်ရင် ပြီးတာပဲ၊ ဒီလိုလျော်ပေးနိုင်ဖို့ကလဲ မီးခွက်စောင့် ဘီလူးကို အကူအညီ တောင်းရမှာပဲ၊ ရွှေဘော် ကိစ္စပြီးရင် ငါ့ညီမကလေး မြမြကို လိုက်ပြီးရှာမယ်၊ ပြီးရင် မီးခွက်စောင့်ဘီလူးကြီးရဲ့ အကူအညီနဲ့ ငါ့ရဲ့အိမ်နားမှာ သူ့ကို အိမ်ကလေးတစ်လုံး ဆောက်ပေးပြီး ထားမယ်၊ သူ့ယောက်ျားပါ ခေါ်ခဲ့ချင်ရင် ခေါ်ခဲ့ပါစေပေါ့၊ နောက်ပြီးတော့ မီးခွက်စောင့်ဘီလူးကြီး လုပ်ပေးနိုင်မယ်ဆိုရင် သေသွားတဲ့ ငါ့အဖေကြီးကို အသက်ပြန်ရှင်အောင် လုပ်ခိုင်းမယ်။ ပြီးတော့ ငါ့အဖေကြိုက်တဲ့ ပျားအုံတံဆိပ် ဘရန်ဒီတွေ အများကြီးရအောင် မီးခွက်စောင့်ဘီလူးကြီးကို ဖန်ဆင်းခိုင်းရမယ်၊ မနက်တိုင်း ငါဈေးသွားရတဲ့အခါမှာ လှည်းတွန်းရတာ သိပ်ပြီးပင်ပန်းတာပဲ၊ မီးခွက်စောင့် ဘီလူးကြီးကို ကူညီပြီး တွန်းခိုင်းမယ်၊ ဘီလူးကြီးနဲ့ ငါနဲ့ စားဖို့ ထမင်းချိုင့်ကြီးကြီးတစ်လုံးနဲ့ ထမင်းပို့ဖို့ ငါ့ညီမလေးမြမြကို မှာထားရမှာပဲ၊ ငါဈေးရောင်းတဲ့ အခါမှာ ဆန်အိတ်တွေ၊ ဆီပုံးတွေရွှေ့ဖို့အလုပ်ကိုလဲ မီးခွက်စောင့် ဘီလူးကြီးကိုပဲ ခိုင်းရမှာပဲ" ဟု တွေးတောနေစဉ်အတွင်း မုတ်ဆိတ်ဖြူကြီးက . . .

"မီးခွက်စောင့်ဘီလူးကြီး ပြေးပြီကွ၊ မင်းက သိပ်ပြီးခိုင်းတော့ သူလဲ စိတ်ညစ်ပြီး ပြေးတာပေါ့ကွာ၊ ဟား ဟား ဟား" ဟု ပြောဆိုရယ်မောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရေချမ်းသည် မျက်လုံးပြူး၍ သွားလေ၏။

"အလို . . . ငါ့စိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့ စိတ်ကူးတွေကို ဒီလူကြီးသိနေပါလား။ ဒီလူကြီးဟာ ငါထင်တဲ့အတိုင်း မှော်ဆရာကြီး ဖြစ်မှာပါပဲ" ဟုလည်း ရေချမ်း၏စိတ်၌ တွေးထင်မိလေ၏။

ထိုအခါမုတ်ဆိတ်ဖြူကြီးက "မင်းထင်တဲ့အတိုင်း မှော်ဆရာကြီး တစ်ယောက်ပါပဲကွာ၊ မင်းငယ်ငယ်တုန်းက ဖတ်ဖူးတဲ့ အာလာဒင်နဲ့ ထူးဆန်းသောမီးခွက်ဆိုတဲ့ ပုံပြင်ထဲက မှော်ဆရာကြီး ကိုတော့ မင်း မှတ်မိမှာပေါ့၊ ဘာတဲ့ . . . အဲ . . . အဲ၊ မှတ်မိပြီ၊ မှတ်မိပြီ"

(Once there was a wizard, he lived in Africa, one day he went to China to get a lamp)

"တစ်ခါက မှော်ဆရာကြီးတစ်ဦး ရှိခဲ့ဖူးပါတယ်။ သူသည် အာဖရိကတွင် နေထိုင်၏။ တစ်နေ့တွင် မီးခွက်တစ်လုံး ရရှိရန် အတွက် တရုတ်ပြည်သို့သွားရောက်ခဲ့လေ၏" ဆိုတာကို သင်ခဲ့ဖူးလေတော့ မျက်စိထဲမှာ အမြင်ဆန်းနေတဲ့ ငါလို အဘိုးကြီး တစ်ယောက်ကို မြင်တဲ့အခါမှာ အာဖရိကတိုက်ကလာတဲ့ မှော်ဆရာကြီးလို့ ထင်မိမှာပဲ၊ အဲဒီတော့ မင်းရဲ့စိတ်ကူးမှာ ဒီမှော်ဆရာကြီးက ငါ့ကိုခိုင်းမယ်လို့ ပြောတယ်၊ ဘယ်လိုများခိုင်းမလဲ မသိဘူး။ အာလာဒင်ကို မီးခွက်ရှာခိုင်းသလို ငါ့ကိုများ မီးခွက် ရှာခိုင်းမလား မသိဘူး။ အဲဒီလိုရှာခိုင်းလို့ ကုလားသယမီးခွက်ကို ရရင် မီးခွက်ကိုပွတ်လိုက်တာနဲ့ မီးခွက်စောင့်ဘီလူးကြီး ပေါ်လာ လိမ့်မယ်လို့ တွေးမိတာကိုး၊ အဲဒီအခါမှာ စိတ်ကူးထဲက ဘီလူး ကြီးကို မင်း ခိုင်းချင်တာတွေ ခိုင်းတော့တာပေါ့ကွာ၊ မင်း ခိုင်း ချင်တာတွေဆိုတာကလဲ မင်းရဲ့ဒုက္ခတွေပေါ့ကွာ၊ မင်းရဲ့ဒုက္ခတွေ ကလဲ များလွန်းတော့ ဘီလူးကြီးကို ခိုင်းလို့ကို မပြီးနိုင်တော့ဘူး၊



အဲဒီတော့ ဘီလူးကြီးကို သနားတာနဲ့ မင်းစိတ်ကူးကို ဖျက်ပစ် လိုက်တာကွ၊ ဟား ဟား ဟား" ဟု ရှည်လျားစွာ ပြောလိုက် လေ၏။

"ဒါနဲ့ဗျာ ကျွန်တော်လဲ ဦးလေးဆီကဆီတွေ အကြွေးယူနေ ကတည်းက နာမည်မမေးမိဘူး၊ မုတ်ဆိတ်ဖြူ ဦးလေးကြီးလို့ပဲ မှတ်ထားတာ၊ အဲဒီတော့ ဦးလေးနာမည်လဲ ပြောစမ်းပါဦး" ဟု ရေချမ်းက မေးလိုက်ရာ "ငါ့နာမည် မုတ်ဆိတ်ဖြူပဲကွ" ဟု လူကြီးက ပြောလိုက်လေ၏။

"အခု ကျုပ်ကို ဘယ်ခေါ်သွားမှာတုံး" ဟု ရေချမ်းက မေးရာ မုတ်ဆိတ်ဖြူကြီးက "မင်းက . . . ငါ့အကြွေးမှ မဆပ်နိုင်ဘဲ၊ ရှေးတုန်းကဆိုရင် ကြွေးမဆပ်နိုင်တဲ့လူတွေကို ကျွန်အဖြစ်နဲ့ သိမ်းပိုက်ခွင့်ရှိတယ်၊ အခုလဲ မင်းကို ကျွန်အဖြစ်နဲ့ သိမ်းလာ တာလေ၊ ငါခေါ်ချင်တဲ့ ဆီကို ခေါ်သွားမယ်၊ ခိုင်းချင်တာကို ခိုင်းမယ်၊ မင်း ဘာမှ ပြန်ပြောခွင့်မရှိဘူး" ဟု ပြောလိုက်လေ၏။

ထိုအခါ ရေချမ်းသည် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြုတော့ဘဲ လှေဝမ်းထဲတွင် ခွေခွေကလေးလှဲ၍ အိပ်လိုက် လေတော့၏။ မုတ်ဆိတ်ဖြူကြီးမှာမူ လှေကို ထိန်းပေးရင်း လွန်စွာသာယာနာပျော်ဖွယ်ကောင်းသောအသံဖြင့် သီချင်းဆို၍ လာလေတော့၏။

* * * * *

## ခရီးဆက်ခြင်း

ရင်းတို့သည် ကမ်းသို့ကပ်၍ မီးဖိုကာ အနားယူကြလေ၏။ တရေးတမော အိပ်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မုတ်ဆိတ်ဖြူကြီးသည် ရေစပ်သို့ဆင်းကာ ခြေလက် ဆေး၏။ မျက်နှာသစ်၏။ ပြီးလျှင် မီးပုံပေါ်၌ ဒေါက်သုံးချောင်း ပြုလုပ်၍ ထိုဒေါက်၌ ရေနွေးအိုးတစ်လုံးကို ချိတ်ဆွဲကာ ရေနွေးတည်လေ၏။ ရေနွေးအိုး ဆူသောအခါ၌ ၎င်း၏ အိတ်ကြီးအတွင်းမှ . . . လက်ဖက်ခြောက်ဘူးကလေးထုတ်ကာ လက်ဖက်ခြောက်ခတ်လေ၏။

"မုတ်ဆိတ်ဖြူကြီးရဲ့ လွယ်အိတ်ကြီးကလဲ ဘာမဆို ရတာပါပဲလား" ဟု ရေချမ်းက မေးလိုက်လေ၏။

"ကုဿာသယ လွယ်အိတ်လေကွာ၊ လိုချင်တာနှိုက်လိုက်ရင် တစ်ခါတည်း ထွက်လာတော့တာပဲ၊ ဟဲ ဟဲ ဒါနဲ့ ကုဿာသယ လွယ်အိတ်လုပ်နည်းကော သိရဲ့လား" ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။

"ဟင့်အင်း . . . ကုဿာသယလွယ်အိတ်ဆိုတာ အလိုရှိတာ နှိုက်ယူရုံပဲ၊ 'လိုတရ' တဲ့ အိတ်တစ်မျိုးဆိုတာတော့ ကြားဖူးပါတယ်၊ ဒါပေမဲ့ အဲဒီ လိုတရအိတ်ဖြစ်အောင် ဘယ်လိုလုပ်ရတယ် ဆိုတာတော့ ကျွန်တော်မသိပါဘူး" ဟု ရေချမ်းက ဝန်ခံလိုက်လေ၏။

"လွယ်ပါတယ်ကွ . . . နဂိုကတည်းက လိုမယ့်ပစ္စည်းတွေ အိတ်ထဲဝယ်ပြီးထည့်ထားလိုက်ရုံပေါ့၊ လိုတဲ့အခါမှ နှိုက်ယူလိုက်ရုံပဲ၊ ကဲ . . .အခုအခါမှာ ငါတို့နှစ်ယောက်စလုံး ဆာနေကြတယ် မဟုတ်လား၊ ဓားလွှီးမုန့်ကလေးစားရရင် ဘယ်လောက်ကောင်းမလဲ၊ ဟဲ ဟဲ၊ ရပါတယ်ကွ" ဟု ဆိုကာ မုတ်ဆိတ်ဖြူကြီးသည် သူ၏လွယ်အိတ်အတွင်းသို့နှိုက်လိုက်ရာ ဆီစိမ်စက္ကူဖြင့်ပတ်ထားသော ဓားလွှီးမုန့်ကလေးနှစ်ခု ရရှိလေတော့၏။



ထို့နောက် ၎င်းတို့နှစ်ဦးသည် မုန့်တစ်ခုစီကိုစား၍ ရေနွေးကြမ်း သောက်ကြလေ၏။ ရေနွေးကြမ်းတစ်အိုးကုန်သောအခါ၌ ၎င်းတို့သည် ခရီးဆက်ကြပြန်လေ၏။ မုတ်ဆိတ်ဖြူကြီးသည် လှေကို မြစ်လယ်သို့လှော်ခတ်၍ သွား၏။ မြစ်လယ်သို့ရောက်သောအခါ၌ ရေစီးအတွင်း လှေကို မျှောချပြန်လေ၏။

ရေချမ်းသည် ကျယ်ပြောသောရေပြင်ကို ကြည့်လိုက်ပြီးနောက် "ဝါး ဟား ဟား" ဟု ကျယ်လောင်စွာ သင်းလိုက်လေ၏။

"အိပ်ချင်လို့ မဟုတ်ပါဘူး" ဟု ရေချမ်းက ပြောလေ၏။

"အိပ်ချင်လို့မဟုတ်ရင် ပျင်းလို့သမ်းတာပေါ့" ဟု မုတ်ဆိတ်ဖြူကြီးက မေးလေ၏။

"အင်း ပျင်းလို့ဆိုပါတော့" ဟု ရေချမ်းက ပြန်၍ဖြေလျှင် မုတ်ဆိတ်ဖြူကြီးက "ပျင်းရင်တော့ အပျင်းပြေပုံကလေးတစ်ပုံ ပြောပြရတာပေါ့" ဟု စကားစ,လိုက်လေ၏။

"ကောင်းတာပေါ့ခင်ဗျာ" ဟု ရေချမ်းက ပြောလိုက်လေ၏။

ထိုအခါ မုတ်ဆိတ်ဖြူကြီးက အောက်ပါ ပုံပြင်တစ်ခုကို ပြောလေတော့၏။

"ဟိုရှေးရှေးတုန်းက ခရီးသည် တစ်ယောက်ဟာ တောင်းအလွတ်ကြီးနှစ်လုံးကို ထမ်းပိုးကြီးနဲ့ထမ်းပြီး ခရီးထွက်လာခဲ့တယ်ကွ၊ ခရီးတစ်ဝက်လောက် ရောက်တဲ့အခါမှာ နေကလဲပူ၊ မောကလဲမော ဆိုတော့ တရေးတမောလောက် အိပ်ဦးမှဆိုပြီး သစ်ပင်ကြီးတစ်ပင်ရဲ့ အရိပ်မှာဝင်ပြီး တရေးတမော အိပ်ပစ်လိုက်တယ်၊ အိပ်ရာက နိုးလာတဲ့အခါမှာ ခရီးဆက်မယ်ဆိုပြီး ထမ်းပိုးကို သွားပြီး မ,တဲ့အခါမှာ အဲဒီခရီးသည်ဟာ အံ့သြစရာတစ်ခုကို တွေ့တော့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်ဖြူကြီးသည် ထိုနေရာသို့အရောက်၌ စကားကို ခေတ္တဖြတ်ပြီးလျှင် သူ၏လွယ်အိတ်ကြီးအတွင်းမှ ဆေးပြင်းလိပ် တစ်လိပ်ကိုထုတ်၍ မီးညှိလေ၏။ ထို့ကြောင့် ရေချမ်းက . . .

“ဘယ်လို အံ့ဩစရာကို တွေ့တာလဲ” ဟု မေးလိုက်လေ၏။

“ဒီလိုကွ ခရီးသည်ကြီးရဲ့ တောင်းကြီးနှစ်လုံးရှိတဲ့အထဲမှာ တောင်းတစ်လုံးထဲကို လူတစ်ယောက်ဟာ ဝင်ပြီးထိုင်နေတာကို တွေ့ရတယ်၊ အဲဒီတော့ ခရီးသည်က ခင်ဗျား ဘယ်ကနေ ဘယ် လိုရောက်လာပြီး ကျုပ်ရဲ့တောင်းထဲမှာ ဝင်ပြီးထိုင်နေရတာလဲ၊ ထိုင်စရာရှားလို့ဗျာ” လို့ ပြောလိုက်တယ်ဟု မုတ်ဆိတ်ဖြူကြီးက ပြောရင်း ဆေးပြင်းလိပ်ကို ဖွာလိုက်လေ၏။

“ဟုတ်ပါရဲ့ အဲဒီလူကလဲ ဘာဖြစ်လို့ သူများတောင်းထဲမှာ သွားပြီး ထိုင်ရတာလဲ” ဟု ရေချမ်းက မေးလိုက်လေ၏။

“အေး . . . ခရီးသည်ကြီးကလဲ မင်းအခုမေးတဲ့အတိုင်း မေးတာပေါ့ကွာ၊ ဒီတော့ တောင်းထဲကပုဂ္ဂိုလ်က ဘယ်လိုပြန်ပြီး ပြောသလဲဆိုတော့ စိတ်မရှိပါနဲ့ ခရီးသည်ကြီးရယ်၊ ကျုပ်က တစ်သက်လုံး အရာရှိကြီး လုပ်လာခဲ့တဲ့လူ ဆိုတော့ သူများ အပေါ်မှာ အထက်စီးနေရာယူတတ်တဲ့အကျင့်က ပါနေလို့ပါ၊ ဒါပေမဲ့ ကျုပ်ကို ထမ်းသွားရတဲ့အတွက် ခင်ဗျားအဖို့ နစ်နာစရာ မရှိပါဘူး၊ ခရီးတစ်ထောက်နားတိုင်း နားတိုင်းမှာ ခင်ဗျားစားချင် တာကို ကျုပ် ကျွေးပါ့မယ်လို့ ပြောရှာတယ်” ဟု မုတ်ဆိတ်ဖြူ ကြီးက ပြောလေ၏။

“ခရီးသွားနေကြတာက တောလမ်းကြီးမဟုတ်လား၊ အဲဒီ တော့ ခရီးသည်ကြီးက စားချင်တာကို ဒီလူက ဘယ်လိုလုပ်ပြီး ဝယ်ကျွေးမှာလဲ၊ တောထဲမှာဆိုတော့ ဆိုင်တွေဘာတွေမှ မရှိဘဲ” ဟု ရေချမ်းက မေးလိုက်လေ၏။



“အေး . . . ဟုတ်တယ်၊ မင်း အခုမေးသလိုပဲ ခရီးသည် ကြီးကလဲ တောင်းထဲကလူကို မေးတော့တာပဲ၊ မေးပုံက ဒီလိုကွဲ၊ ဒီမှာ အထက်စီးယူချင်တဲ့ဆရာ၊ ဒီလို လှိုမ့်လုံးညာလုံးတွေက ရှိုးနေပြီ၊ ကျုပ် စားချင်တာကို ခင်ဗျားက ဘယ်လိုကျွေးမှာလဲ၊ တောလမ်းတစ်လျှောက်မှာ ဈေးဆိုင်ရှိလို့လား၊ ဟား . . . ဟား၊ လိမ်ချင်ညာချင်ရင် ပိပိရိရိလုပ်စမ်းပါလို့ ပြောလိုက်တယ်၊ အဲဒီ အခါမှာ တောင်းထဲကလူက ကျုပ်ကိုအထင်မလွဲပါနဲ့ဗျာ၊ ကျုပ် ဟာ အရာရှိအလုပ်ကို လုပ်နေစဉ်တတည်းက မှော်အတတ် တွေကိုလေ့လာခဲ့တာ၊ အခုလိုပင်စင်ယူလိုက်တဲ့အခါမှာ မှော် ဆရာကြီးလုံးလုံး ဖြစ်သွားတော့တာပဲ၊ အဲဒီတော့ ခင်ဗျားစားချင် တာကို မှော်●တတ်နဲ့ ဖန်ဆင်းပေးမှာပေါ့လို့ ပြန်ပြီးပြောတယ်၊ အဲဒီအခါမှာ ခရီးသည်ကြီးက ဟုတ်ချင်ဟုတ်ပေါ့ကွာ၊ မဟုတ်ရင် တော့ တောင်းရော လူရော ချောက်ထဲပစ်ချလိုက်မယ်လို့ ကြိမ်း လိုက်တာကိုး၊ အဲဒီအခါမှာ တောင်းထဲကလူက ကျုပ်ပြောတဲ့ အတိုင်း မဟုတ်ခဲ့ရင် ခင်ဗျားကြိုက်သလို လုပ်ပါဗျာ၊ ကျုပ်ဟာ အရာရှိလုပ်နေတုန်းကတော့ ကိုယ့်ကိုယ်ကိုသတ္တိရှိတယ်လို့ထင်ခဲ့ မိတာပဲ၊ ဒါပေမဲ့ ပင်စင်ယူလိုက်တော့မှ ကျုပ် လူကြောက် တစ်ယောက်ဖြစ်နေမှန်း သိရပါတယ်၊ ဟိုတုန်းကတော့ ဟိုလူ့ ဟောက်လိုက်၊ ဒီလူ့ဟောက်လိုက်နဲ့ ကိုယ့်ကိုယ်ကို ဟုတ်လှပြီ ထင်နေတာ၊ အခုအခါမှာတော့ ဘယ်သူ့ကိုမှလဲ ဟောက်လို့မရ တော့ဘူး၊ ဟောက်ရင်လဲ ဘယ်သူကမှ မခံတော့ဘူး၊ ကျုပ်ဟာ အခုဆိုရင် လူတိုင်းကို ကြောက်နေရတဲ့လူပါလို့ ပြန်ပြီး ပြောရှာ တယ်၊ အဲဒီတော့ ခရီးသည်ကြီးက တောင်းပြီဆိုပြီး အရာရှိ ဟောင်း မှော်ဆရာကို တောင်းထဲမှာထည့်ပြီး ထမ်းသွားတော့ တာကိုး၊ အဲဒီလို ထမ်းသွားလိုက်တာ တောင်တစ်လုံးနဲ့ ကွင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ကွင်းကို ဖြတ်ကျော်ပြီးတဲ့အခါမှာ တောစပ်တစ်ခုကို ရောက်တယ်၊ အဲဒီလဲကျရော ခရီးသည်ကြီးက သစ်ပင်ကြီးတစ်ပင်အောက်မှာ သူ့ရဲ့ထမ်းပိုးနဲ့ တောင်းကြီးနှစ်လုံးကို 'ဘုတ်' ခနဲ ပစ်ချလိုက်ပြီး ကဲ . . . ကိုယ့်လူ၊ ဆာပြီ၊ ထမင်းတစ်ပွဲလောက် လုပ်ပေးတော့လို့ တောင်းထဲကလူကို ပြောတော့တာကိုး၊ အဲဒီတော့ တောင်းထဲကလူ ထွက်လာပြီး တောင်းအပြင်မှာ ခြေစုံရပ်လိုက်တယ်၊ ပြီးတော့ နေဘက်ကို လှည့်ပြီး သူ့ပါးစပ်ကို ဟ,လိုက်တယ်၊ အဲဒီလိုလဲ ပါးစပ်ဟလိုက်ရော ပါးစပ်ထဲက စားပွဲခုံကြီးတစ်လုံးနဲ့ ကုလားထိုင်နှစ်လုံး ထွက်လာတယ်၊ စားပွဲခုံကြီးပေါ်မှာကလဲ ထမင်းရယ်၊ အစိမ်းကြော်၊ ကုန်းဘောင်ကြီးကြော်၊ တောက်တောက်ကြော်၊ ငါးရှဉ့်ချဉ်စပ်၊ ဘဲကြွပ်ကြော်၊ ငါးမန်းတောင်ဟင်းချို၊ ဝက်သားပေါင်း၊ အချိုရည်၊ အရက်၊ သွားကြားထိုးတံ စတဲ့ ပစ္စည်းတွေ စုံနေအောင် ပါတယ်" ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။

"သူ့ပါးစပ်ကလဲ ဒါလောက်တောင်ပဲ ဆံ့ရသလား" ဟု ရေချမ်းက မေးလိုက်လေ၏။

"မော်ဆရာကွ၊ ပြီးတော့ အခုပြောနေတာက ပုံပြင်ကွ၊ သဘာဝနဲ့ မစဉ်းစားနဲ့ အရသာပျက်သွားလိမ့်မယ်" ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်ရာ ရေချမ်းက . . .

"ကောင်းပါပြီ၊ ဆက်ပြီး ပြောစမ်းပါဦး" ဟု ဆိုလေ၏။

"အဲဒီတော့ တောင်းထဲကလူနဲ့ ခရီးသည်ဟာ ကုလားထိုင်တစ်လုံးစီမှာထိုင်ပြီး . . . စားကြတော့တာပေါ့ကွာ၊ ပြီးတော့ အရက်တွေ ဘာတွေလဲ သောက်ကြတယ်၊ တောင်းထဲက လူက အရက်ကလေးနည်းနည်း သောက်မိတယ်ဆိုရင်ပဲ သီချင်းဆိုချင်တယ် ဆိုပြီး သီချင်းတစ်ပုဒ် အော်ပြီးဆိုတယ်၊ ပြီးတော့



ကဗျာတစ်ပုဒ် ရွတ်ချင်တယ်ဆိုပြီး ကဗျာတစ်ပုဒ် ရွတ်တယ်၊ ခရီးသည်ကြီးကတော့ သီချင်းလဲ မဆိုဘူး၊ ကဗျာလဲမရွတ်ဘဲ အစားကိုပဲအရမ်းစားပြီးနေတော့တာပဲ" ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေသည်။

"ပျော်ဖို့ အတော်ကောင်းမယ်ဗျ၊ တောနက်ကြီးထဲမှာ စားပွဲခုံကြီးချပြီး လူနှစ်ယောက် ပျော်ပွဲစားနေတာ မြင်ယောင်မိသေးတယ်ဗျာ" ဟု ရေချမ်းက ပြောလိုက်လေ၏။

"အဲဒီလို စားနေကြတုန်းမှာ မော်ဆရာက အရက်မူးလာပြီး ခရီးသည်ကြီးကို ဒီမှာ မိတ်ဆွေကြီး၊ ကျုပ်တစ်ယောက်တည်း မဟုတ်ဘူးဗျ၊ ချစ်သူပါသေးတယ်၊ မိတ်ဆွေ ခွင့်ပြုမယ်ဆိုရင် ကျုပ်ရဲ့ချစ်သူကိုပါ ကျုပ်တို့နဲ့အတူ ထမင်းစားဖို့ ဖိတ်ခေါ်ချင်ပါတယ်လို့ ပြောတာကိုး၊ အဲဒီတော့ ခရီးသည်ကြီးက ဘယ်မှာလဲ ကျုပ်မြင်တာတော့ ခင်ဗျားတစ်ယောက်တည်းပဲ၊ ခင်ဗျားချစ်သူကို မမြင်ပါလား၊ ခေါ်ချင် ခေါ်လိုက်လေလို့လဲ ပြောလိုက်ရော မော်ဆရာက ပါးစပ်ကို ဟလိုက်တော့တာပဲ၊ အဲဒီအခါမှာ သူ့ရဲ့ ပါးစပ်ထဲက မိန်းမချောလေးတစ်ယောက် ထွက်လာတယ်၊ ခရီးသည်ကြီးလဲ အံ့သြသွားတော့တာပေါ့၊ အဲဒီတော့ မိန်းကလေးလဲ သူတို့နဲ့အတူ ထမင်းဝင်စားတော့တာပေါ့" ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်ရာ ရေချမ်းက . . .

"အဲဒီမိန်းကလေးအတွက် ကုလားထိုင်မရှိဘူး၊ မော်ဆရာကြီးက ကုလားထိုင်နှစ်လုံးပဲ ဖန်ဆင်းထားတာ မဟုတ်လား၊ အဲဒီတော့ မိန်းကလေးအတွက် ကုလားထိုင်မရှိတော့ မတ်တတ်ကြီး စားရမှာပေါ့နော်" ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ကောင်ရေ၊ ပုံပြောနေတာကွ၊ ဒါလောက် အသေးစိတ် မစဉ်းစားနဲ့ကွ၊ အရသာပျက်သွားမယ်" ဟု မုတ်ဆိတ်ဖြူကြီးက ပြောလေ၏။

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဆက်ပြီး ပြောပါတော့" ဟု ရေချမ်းက ပြောလေ၏။

"အဲဒီလို သူတို့သုံးယောက် ထမင်းစားနေကြတာပေါ့ကွာ၊ မှော်ဆရာကတော့ အရက်ကို ဆက်ပြီးသောက်တော့တာပဲ၊ အဲဒီတော့ အရက်မူးပြီး ချုပုတ်ထဲမှာအိပ်ရာလိပ်တစ်လိပ်ဖန်ဆင်းပြီး သွားအိပ်တော့တာပဲ၊ မိန်းကလေးနဲ့ ခရီးသည်ကြီးနှစ်ယောက်ပဲ ထမင်းဆက်ပြီး စားနေကြတယ်၊ မိန်းကလေးကလဲ ထမင်းစားရင်း . . . သီချင်းဆိုတယ်"

"ပြီးတော့ ခရီးသည်ကြီးကို မိန်းကလေးက . . .ခရီးသည်ကြီးရယ် ကျွန်မမှာ ချစ်သူပါတယ်၊ ခရီးသည်ကြီး ခွင့်ပြုမယ်ဆိုရင် သူ့ကို ထမင်းစားဖိတ်ချင်တယ်လို့ ပြောတော့တာကိုး၊ အဲဒီတော့ ခရီးသည်ကြီးက မင်းရဲ့ချစ်သူဟာ အရက်မူးပြီး ဟောဟိုမှာ အိပ်နေပြီမဟုတ်လားလို့ ပြန်ပြီးမေးလိုက်တယ်" ဟု မုတ်ဆိတ်ဖြူကြီးက ပြောလေ၏။

"အင်း ဟုတ်သားပဲ၊ သူ့ချစ်သူဟာ အရက်မူးပြီး ချုံထဲမှာ သွားအိပ်နေပြီလေ" ဟု ရေချမ်းက ပြောလေ၏။

"မဟုတ်ဘူးကွ၊ မိန်းကလေးက ပြောတာက ချုံထဲမှာသွားပြီး အိပ်နေတာက သူ့ယောကျ်ားတဲ့၊ သူ့ရဲ့ချစ်သူက သတ်သတ် ရှိသေးတယ်ဆိုပဲ၊ အဲဒီတော့ . . . ခရီးသည်ကြီးက ခေါ်ချင်လဲ ခေါ်လေလို့ခွင့်ပြုလိုက်တယ်၊ အဲဒီအခါမှာ မိန်းကလေးက ပါးစပ်ကိုဟလိုက်တယ်၊ ပါးစပ်လဲဟလိုက်ရော ပါးစပ်ထဲကလူငယ်လေး တစ်ယောက် ထွက်လာတယ်၊ ထွက်လာပြီး မိန်းကလေးတို့



နမ်းလားရှုပ်လား လုပ်တော့တာပဲ၊ ပြီးတော့ လူငယ်ကလေးလဲ ထမင်းဝင်စားတယ်"

"အဲဒီအချိန်မှာပဲ . . . ချုံထဲကလူက အိပ်ရာက နိုးလာပြီး မိန်းကလေးကို အချစ်ရေ၊ လာခဲ့ပါကွယ် လို့ ခေါ်တာနဲ့ မိန်းကလေးလဲ ချုံထဲကို ပြေးသွားရတယ်၊ ပြီးတော့ ချုံထဲမှာ သူတို့လင်မယား ချစ်ပိမာန်ကို အတူသွားကြတော့တယ်တွယ်၊ လူငယ်ကလေးက ထမင်းတွေစားလိုက်၊ အရက်တွေသောက်လိုက်နဲ့ လုပ်နေပြီး အရက်လဲမူးလာရော သီချင်းဆိုပြန်ရောဟေ့၊ ပြီးတော့ ကဗျာတွေလဲ ရွတ်ပြန်တယ်၊ အဲဒီလို လုပ်ပြီးတော့မှ ခရီးသည်ကြီးဘက်ကိုလှည့်ပြီး ခရီးသည်ကြီးခင်ဗျာ၊ ခွင့်ပြုမယ်ဆိုရင် ကျွန်တော့်ချစ်သူကို ထမင်းစားဖိတ်ချင်ပါတယ်လို့ ပြောပြန်ရော၊ ခရီးသည်ကြီးကလဲ မင်းချစ်သူ ချုံပုတ်ထဲမှာ သူ့လင်နဲ့ အိပ်နေပြီလေကွာ လို့ ပြောလိုက်တယ်"

"အဲဒီတော့ လူငယ်ကလေးက . . . ချုံထဲမှာ အိပ်နေတာ ကျုပ်ရဲ့ချစ်သူမဟုတ်ဘူးဗျ၊ ကျုပ်က သူ့ရဲ့လင်ငယ်၊ ကျုပ်မှာ ချစ်သူရှိသေးတယ်လို့ . . . ပြန်ပြောလိုက်တယ်၊ အဲဒီအခါမှာ ခရီးသည်ကြီးက ကဲကွာ၊ ခေါ်ချင်ခေါ်လို့ ပြောလိုက်ရတာပေါ့"

"အဲဒီလိုလဲ ပြောလိုက်ရော လူငယ်ကလေးက သူ့ရဲ့ပါးစပ်ကို ဟလိုက်ပြန်တယ်၊ အဲဒီအခါမှာ ပါးစပ်ထဲက မိန်းကလေး တစ်ယောက် ထွက်လာပြန်ရောဟေ့၊ အဲဒီမိန်းကလေးနဲ့ လူငယ် ပေါ်ထွက်လာပြီးလျှင် မြစ်ကမ်းတစ်လျှောက် ပေါက်ရောက် လျက်ရှိသော သစ်ပင်တို့မှ ကျေးငှက်တို့သည် ၎င်းတို့ဘာသာ ဘာဝ တွန်ကျူး၍ ထိုနေ့၏အစ အရုဏ်ဦး၏အလှကို ကြိုဆို လျက် ရှိကြကုန်၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## ရေချမ်း ရောင်းစားခံရခြင်း

မုတ်ဆိတ်ဖြူကြီးနှင့် ရေချမ်းတို့သည် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြပြီ ဖြစ်၏။ မုတ်ဆိတ်ဖြူကြီးသည် ရေချမ်းအား . . .

“ငါ့တာဝန်ကတော့ မင်းကို ပွဲရုံကြီးတစ်ရုံမှာ အလုပ်လုပ်ဖို့ အပ်ပေးခဲ့မယ်ကွ၊ အဲဒီမှာ မင်းက အလုပ်လုပ်ရမယ်၊ အလုပ်လုပ်ရင်းနဲ့ မင်းက ငါ့အကြွေးတွေကိုဆပ်ရမယ်၊ ကြွေးတွေကျေသွားတော့လဲ နောက်တစ်ခု စဉ်းစားကြသေးတာပေါ့ကွာ၊ လောလောဆယ်ကတော့ မင်းမှာ ငါ့အကြွေးတွေဆပ်ဖို့တာဝန်ရှိသေးတယ်၊ ဘယ့်နှယ်လဲ သဘောတူရဲ့လား” ဟု မေးလိုက်လေ၏။

“ကျုပ် ညီမလေးကလဲ ဘယ်ရောက်နေမှန်း မသိဘူးဗျ၊ ကျုပ်ညီလေးလဲ အဖမ်းခံရတယ် ဆိုတာလောက်ပဲ သိတယ်၊ ဘာတွေဖြစ်သွားတယ်ဆိုတာမသိဘူး၊ အဲဒီအတွက် ကျုပ်သိပ်ပြီး စိတ်ပူတာပဲ” ဟု ရေချမ်းက ပြောလိုက်ရာ . . . မုတ်ဆိတ်ဖြူကြီးက “မဟုတ်တာတွေ မပြောစမ်းပါနဲ့ မောင်ရေချမ်းရာ၊ မင်းကိုငါဆွဲမထားရင် မင်းဟာရေထဲခုန်ချလို့ သေတာ ကြာလှပြီ” ဟု ပြောလိုက်လေ၏။

“အင်းလေ . . . ခင်ဗျားပြောတာလဲ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျုပ်ကတော့ ကျုပ်ညီမလေးနဲ့ ကျုပ်ညီလေးအတွက် စိတ်ပူတာ အမှန်ပဲ၊ ကျုပ် မြစ်ထဲခုန်ချပြီး သေပစ်လိုက်ရင် အကောင်းသားပေါ့ဗျာ၊ မသေတော့လဲ မသေတဲ့အလျောက် စိတ်ကပူရတာပဲဗျ” ဟု ရေချမ်းက ပြောလေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးက . . .

“အဲဒီစိတ်မျိုးပေါ့ကွ၊ ဘယ်တော့မှ မကြီးပွားတာ၊ မင်း စဉ်းစားကြည့်စမ်း၊ မင်း မြစ်ထဲကို ခုန်ချမယ်လုပ်တုန်းက ငါသာ အချိန်မီရောက်မလာဘဲ မင်းကို ဆွဲမထားနိုင်ခဲ့ရင် မင်းဟာ သေတာကြာလှပြီ၊ အခုတော့ ငါက မင်းကို ဆွဲထားလိုက်တာကိုး၊



အဲဒီတော့ မင်း မသေဘူးပေါ့၊ အခုလို မသေဘဲ အသက်ရှင်နေတာကိုက မင်းအတွက် အမြတ်ပဲမဟုတ်လား။ အမြတ်ရနေတာကို အမြတ်လို့မတွက်ဘဲ ဟိုအတွက် ပူပင်ရတာနဲ့၊ ဒီအတွက် ပူပန်ရတာနဲ့ မင်းဟာ အရှုံးပေါ်အောင် စဉ်းစားနေတာကိုး၊ အေးလေ . . . အခု ငါပြောတာတွေကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ၊ မင်းရင်ထဲမှာ ပူလောင်သည် ဖြစ်စေ၊ အေးချမ်းသည်ဖြစ်စေ၊ ငါ အပ်ထားတဲ့ ပွဲရုံမှာ အလုပ်လုပ်ပြီး ငါ့ကြွေးတွေကို ကျေအောင်ဆပ်ဖို့ပါပဲ ဟု ပြောလိုက်လေ၏။

ရေချမ်းလည်း ‘တစ်လုံးတစ်ပါဒမျှ ပြန်လည်ပြောဆိုခြင်း မပြုတော့ဘဲ ငြိမ်၍သွားလေ၏။ ထိုအခါ မုတ်ဆိတ်ဖြူကြီးသည် ကမ်းနားလမ်းရှိ တရုတ်ပွဲရုံကြီး တစ်ရုံသို့ ခေါ်သွားလေ၏။ ပွဲရုံရှေ့သို့ ရောက်သောအခါ၌ ရေချမ်းသည် ခေတ္တရပ်နေပြီးလျှင် အလုပ်ရှုပ်နေကြသော အလုပ်သမားများ ပွဲရုံစာရေးများနှင့် ကုန်ပစ္စည်းများကို ကြည့်ကာ အံ့သြ၍ နေလေ၏။

ထို့နောက်ပွဲရုံ၏ နဖူးစည်းတွင် ချိတ်ဆွဲထားသော တရုတ်စာလုံးနှင့် ဆိုင်းဘုတ်ကြီးကို မော့၍ကြည့်ကာ . . .

“ဘာတွေ ရေးထားတာလဲဗျ’ ဟု မေးလိုက်လေ၏။

“စိန်လျောင်ပွဲရုံ လို့ ရေးထားတာပါကွာ၊ ဒီပွဲရုံပိုင်ရှင်က စိန်လျောင်ပဲကွ၊ ငါနဲ့ အင်မတန်ရင်းနှီးတယ်၊ လာပါကွာ” ဟု ဆိုကာ မုတ်ဆိတ်ဖြူကြီးသည် ရေချမ်းအား ပွဲရုံအတွင်းသို့ ခေါ်သွားလေ၏။ စားပွဲခုံတစ်လုံးတွင် စာရွက်ပိုင်းကလေးများနှင့် အလုပ်ရှုပ်နေသော သွားခေါခေါနှင့် တရုတ်ကြီး တစ်ဦးက မုတ်ဆိတ်ဖြူကြီးကို မြင်လျှင် ဟျာဟျာသလဲ ခရီးဦးကြိုပြုလေ၏။ ထို့နောက် တရုတ်စကားဖြင့် မုတ်ဆိတ်ဖြူကြီးအား မေးမြန်းလေ၏။ မုတ်ဆိတ်ဖြူကြီးသည် ရေချမ်းအားညွှန်ပြ၍ ထို သွား

www.burmeseclassic.com

www.burmeseclassic.com



ခေါခေါ တရုတ်ကြီးအား တရုတ်ဘာသာစကားဖြင့်ပင် ပြောနေလေ၏။ ထို့နောက် ထိုတရုတ်ကြီးသည် ပွဲရုံ၏အတွင်းခန်းထဲသို့ ဝင်သွားလေ၏။ ထိုအခါ ရေချမ်းက "ဘာတွေပြောနေတာတုံး ဗျ၊ ကျုပ်ကိုလဲပြန်ပြောပါဦး" ဟုမေးလိုက်ရာ မုတ်ဆိတ်ဖြူကြီးက-

"မင်းကို ကောင်းကောင်းမွန်မွန်ထားဖို့၊ အဝတ်အစားတွေ ဘာတွေဝယ်ပေးဖို့၊ သိပ်တဲ့အခါမှာလဲ ကောင်းကောင်းမွန်မွန် သိပ်ဖို့၊ အစားအသောက်တွေ 'ဘာတွေလဲ ကျကျနနကျွေးဖို့ ပြောနေတာပါကွာ" ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။

ထိုအချိန်မှာပင် ပွဲရုံမှ သွားခေါခေါနှင့် တရုတ်ကြီးလည်း ပြန်လည်ရောက်ရှိလာပြီးလျှင် မုတ်ဆိတ်ဖြူကြီးအား ငွေစက္ကူ အထုပ်တစ်ထုပ်ပေးလိုက်လေ၏။ မုတ်ဆိတ်ဖြူကြီးသည် ငွေစက္ကူ များကို ရေတွက်လေ၏။ ထိုသို့ ရေတွက်ပြီးလျှင် ၎င်း၏ လွယ်အိတ်ကြီးအတွင်းသို့ ထည့်လိုက်လေ၏။ ထိုသို့ထည့်လိုက် ပြီးနောက် "ကဲ မောင်ရေချမ်း၊ ဟောဒီတရုတ်စိန်လျှောင်ဆီမှာ မမောမပန်း အေးချမ်းစွာနေပေတော့၊ ငါ သွားတော့မယ်" ဟု ဆိုကာ ရေချမ်း၏ပခုံးကိုပုတ်၍ နှုတ်ဆက်ကာ ထွက်သွားလေတော့၏။

ရေချမ်းသည် အူကြောင်ကြောင်နှင့် သွားခေါခေါ တရုတ်ကြီး ရှေ့တွင် ထိုင်နေလေ၏။

ထိုသွားခေါခေါနှင့် တရုတ်လည်း ရေချမ်းအား သေချာစွာ ကြည့်ပြီးနောက် . . .

"ဟဲ့ကောင် . . . မင်းဘယ်ကလဲ" ဟု မေးလိုက်လေ၏။

"ကျုပ် တောကပါ" ဟု ရေချမ်းက ပြန်၍ပြောရာ . . .

သွားခေါခေါ တရုတ်က "တောထဲမှာ နေတာလား" ဟု မေးလိုက်လေ၏။



"ဟုတ်တယ်၊ ကျုပ် တောမှာနေတာပေါ့" ဟု ရေချမ်းက ပြောလိုက်လေ၏။

"တောထဲမှာဆိုတော့ သစ်ပင်တွေအများကြီး ရှိမှာပေါ့၊ ကျားတွေဘာတွေ မရှိဘူးလား" ဟု သွားခေါခေါနှင့် တရုတ်က မေးပြန်လေ၏။

"ခင်ဗျား ဘာတွေမေးနေတာတုံး၊ တောမှာနေတယ်ဆိုပေမယ့် တောမြို့ပေါ်မှာနေတာ" ဟု ရေချမ်းက ပြန်၍ပြောလိုက်လျှင် သွားခေါခေါနှင့် တရုတ်က . . .

"မင်းကလဲ ရှင်းရှင်းလုပ်စမ်းပါကွ၊ မြို့ဆိုရင်လဲ မြို့ပေါ့၊ တောဆိုရင်လဲ တောပေါ့ကွာ" ဟု ပြောလိုက်လေ၏။

ရေချမ်းလည်း တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်းမပြုဘဲ ငြိမ်၍နေလေ၏။

"နေပါဦး ဟဲ့ကောင်ရ၊ ဟိုမုတ်ဆိတ်ဖြူကြီးနဲ့ မင်းနဲ့ ဘာတော်သလဲ၊ ဒီတစ်ခါလဲ ဒီမုတ်ဆိတ် ငါ့ကို လိမ်ပြန်ပြီထင်တယ်" ဟု သွားခေါခေါနှင့် တရုတ်က မေးလိုက်လေ၏။

"ဘာဖြစ်လဲ တရုတ်ကြီး" ဟု ရေချမ်းက မေးလိုက်လေ၏။

ထိုအခါ သွားခေါခေါနှင့် တရုတ်က . . .

"သူက မင်းကို ငါ့ဆီမှာ ငွေငါးရာနဲ့ ရောင်းသွားတယ်" ဟု ပြောလိုက်ရာ ရေချမ်းသည် . . .

"ဗျာ" ဟု ဆိုကာ သွားခေါခေါနှင့် တရုတ်၏ မျက်နှာကို ကြည့်ကာ ပါးစပ်အဟောင်းသားဖြင့် ငေးမောနေလေတော့၏။

"သူကပြောတာတော့ သူ့ကြွေး မင်းအပေါ်မှာ ရှိတယ်တဲ့၊ အဲဒီအတွက် မင်းကို ငါ့ဆီမှာ ရောင်းခဲ့တာပဲ" ဟု သွားခေါခေါနှင့် တရုတ်က ပြောလေ၏။

"သူ့အကြွေး ကျုပ်ဆီမှာရှိတာတော့ ဟုတ်ပါရဲ့ဗျာ၊ ဒါပေမဲ့ ငါးရာထိတော့ မရှိပါဘူး။ လွန်ရောကျွံရော ရှစ်ဆယ်ကိုးဆယ်

www.burmeseclassic.com

www.burmeseclassic.com



ပါဲ၊ ဘယ်လိုကြောင့် သူက ငါးရာတောင် ယူသွားရတာတုံး” ဟု ရေချမ်းက မေးလိုက်လေ၏။

ထိုအခါ သွားခေါ်ခေါ်တရုတ်က . . .

“ကြွေးအကြောင်းကို မင်းမှမသိဘဲ၊ ကြွေးဆိုတာ ဖင်မရှိတဲ့ အိုးလိုပဲ၊ ဘယ်လောက်ပဲ ထည့်ထည့် . . . ပြည့်တယ်လို့မရှိဘူး၊ ကြွေးကလေး တစ်ကျပ်ကနေ ငွေအစ်သောင်း ဆပ်တာတောင် မကျေတာ ငါ တွေ့ဖူးတယ်၊ အခု မုတ်ဆိတ်ကြီးက ငါးရာနဲ့ ကျေသွားတာ၊ သူ့ကိုတောင် မင်းက ကျေးဇူးတင်ရဦးမယ်၊ တစ်ခု တော့ ရှိတယ်ကွ၊ မင်းကို ငါခိုင်းရမှာ၊ ထွက်ပြေးလို့တော့ မဖြစ်ဘူး၊ ထွက်ပြေးတာနဲ့ ပစ္စည်းတွေခိုးပြီးပြေးပါတယ်ဆိုပြီး ဂါတ်ကို တိုင်ရမှာပဲ” ဟု ပြောလိုက်လေ၏။

“ကျုပ် ခင်ဗျားဆီမှာ ဒီငွေငါးရာအတွက် ဘယ်လောက် ကျွန်ခံရမှာတုံး၊ ဘယ်လောက်ကျမှ ဒီငွေငါးရာက ကျေမှာတုံး” ဟု ရေချမ်းက မေးလိုက်ရာ သွားခေါ်ခေါ်နှင့် တရုတ်က . . .,

“မင်းကို ငါ ပြောခဲ့ပြီပဲ၊ ကြွေးဆိုတာ ဖင်မရှိတဲ့အိုးလိုပဲ၊ ဘယ်လောက်ပဲထည့်ထည့် ပြည့်ပါ့မလားကွ . . . တစ်သက်လုံး နေဖို့သာ စိတ်ကူးပေတော့” ဟု ပြောလိုက်လေတော့၏။

ထိုစကားကို ကြားရသောအခါ၌ ရေချမ်းသည် လွန်စွာ ဝမ်းနည်းသွားလေ၏။ မိမိအဖြစ်ကို တွေးမိကာ လွန်စွာမှလည်း ယူကျုံးမရ ဖြစ်သွားလေတော့၏။

ရေချမ်းသည် မျက်ရည်များ ရစ်ဝိုင်းလာလေ၏။ သူငယ် နှပ်စားအရွယ်မဟုတ်ပါဘဲလျက် မအူမလည်နှင့် အရောင်းစား ခံလိုက်ရခြင်းကိုလည်း မကျေမနပ်ဖြစ်၍နေလေ၏။

“ခင်ဗျားက ကျုပ်ကို လခ ဘယ်လောက်ပေးမှာလဲ” ဟု ပွဲရုံတရုတ်အား ရေချမ်းက မေးလိုက်လေ၏။



“မင်းကို ငါက ဘာဖြစ်လို့ လခပေးရမှာတုံး၊ ငွေငါးရာနဲ့ ဝယ်လိုက်ပြီပဲ၊ တစ်ပြားမှမရနိုင်ဘူး” ဟု တရုတ်ကြီးက ပြန်၍ ပြောလိုက်လေ၏။

“ဒီလိုဆိုရင် . . . ကျုပ်က ခင်ဗျားဆီမှာ တစ်သက်လုံးကျွန် အဖြစ်နဲ့ နေရမှာလား” ဟု ရေချမ်းက ပြန်၍မေးလိုက်လေ၏။

“ကျွန်အဖြစ်နဲ့ မင်း မနေချင်ရင် သခင်ဖြစ်အောင်လုပ်ပေါ့” ဟု ပွဲရုံတရုတ်ကြီးက ပြောပြန်လေ၏။

“ခင်ဗျားက ကျုပ်ကို တစ်နေကုန်ခိုင်းမယ်၊ လခလဲ မပေးဘူး၊ ဒီအထဲမှာ ကျုပ်က ဘယ်လိုလုပ်ပြီး သခင်ဖြစ်အောင် လုပ်ရမှာတုံး” ဟု ရေချမ်းက မေးလိုက်လေ၏။

“အဲဒါတော့ ငါလဲ မပြောတတ်ဘူး၊ မင်းဟာမင်း စဉ်းစား ပေတော့” ဟု ပြောဆိုကာ ပွဲရုံတရုတ်ကြီးသည် ထွက်သွားလေ တော့၏။

ရေချမ်းသည် မိမိကျွန်အဖြစ်မှ လွတ်မြောက်ရေးကို နည်းလမ်း ရှာဖွေလေ၏။ အမျိုးမျိုးအဖုံဖုံ စဉ်းစားကြည့်၏။ သို့ ရာတွင် အဖြေက မရဘဲရှိလေ၏။ တစ်သက်ပတ်လုံး ကျွန်ခံသွား ရမည့်အရေးကို ပူဆွေးမိလေ၏။

ထို့နောက် ထိုအကြောင်းအရာတစ်ခုတည်းကို စူးစိုက်၍ အဖြေရှာလေရာ ခေါင်းသည် ပူ၍လာလေ၏။ ဇောချွေးများ ပြန်၍လာလေ၏။ ရင်များ တုန်၍လာလေ၏။ မျက်စိများ ပြာဝေ၍ လာလေ၏။

ထို့ကြောင့် စိတ်ပျက်အားငယ်စွာဖြင့် အနောက်ဘက်ရှိ ဆန်အိတ်များ ရှိရာသို့ ကိုယ်ကို မှီချလိုက်လေ၏။ ထိုသို့မှီချ လိုက်စဉ်မှာပင် ပွဲရုံအပြင်ဘက်ရှိ ကူလီတစ်ဦးက အခြားသော ကူလီတစ်ဦးအား . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်...မြွေပွေးကိုက်" ဟု နောက်ပြောင်လိုက်သံကို ရေချမ်းသည် ကောင်းစွာကြားလိုက်ရ၏။ ထိုသို့ ကြားလိုက်ရသဖြင့် . . .

'မြွေပွေးကိုက် ဆိုပါလား၊ အဲဒီလူပြောတဲ့မြွေပွေးဟာ ငါ့ကိုလာပြီးကိုက်ရင် ကောင်းမှာပဲ၊ တစ်ချက်တည်းနဲ့ သေသွားမယ်၊ အင်း သိပ်ကိုကောင်းမှာပဲ၊ ဟုတ်ပြီ မြွေပွေးက ဘယ်မှာရှိပါလိမ့်၊ အို . . . မြွေဆိုတာ တောထဲမှာရှိမှာပေါ့ တောထဲမှာလဲ နေရာတိုင်းမှာ ရှိတာမဟုတ်ပါဘူး၊ တွင်းတွေ၊ သစ်ခေါင်းတွေ အောက်မှာမှ မြွေကရှိမှာပါ' ဟု တွေးတောလိုက်မိသည့် တစ်ခဏ၌ မုတ်ဆိတ်ဖြူကြီးနှင့် နေခဲ့ရသည့်တစ်ညကို သတိရမိလေတော့၏။ ထိုညက တွေ့ခဲ့ရသော မြွေကြီးတစ်ကောင်ကိုလည်း ပြန်လည်သတိရမိလေတော့၏။ ထိုသို့ သတိရမိရာက အစ ထိုညက မုတ်ဆိတ်ဖြူကြီး ပြောခဲ့သော စကားများကိုလည်း ပြန်လည်၍ အမှတ်ရမိပြန်၏။ ထိုညက မုတ်ဆိတ်ဖြူကြီးသည် ရေချမ်းအား မြွေကိုမကြောက်ရန် ပြောခဲ့၏။

ဤသို့ စဉ်းစားမိသည့် တစ်ခဏ၌ ရေချမ်းသည် ထူးဆန်းသောအတွေးတစ်ခုဝင်လာပြန်၏။ ထိုအတွေးကားဤသို့ဖြစ်၏။

'ဩော် အခုငါကြောက်နေရတဲ့သတ္တဝါဟာ ဒီတရုတ်ကြီးပါလား၊ ဒီတရုတ်ကြီးဟာ ငါ့ကို တစ်သက်လုံး ကျွန်လုပ်ထားတော့မှာပါလား၊ အင်း၊ ဒါကို ငါက ကြောက်နေတာကိုး၊ မုတ်ဆိတ်ဖြူကြီး ပြောသလိုဆိုရင် ဒီတရုတ်ကြီးက သတ်သတ်၊ ငါက သတ်သတ်၊ ဒီလို စဉ်းစားလို့ ဒီသတ္တဝါကြီးကို ငါက ကြောက်နေရတာကိုး၊ ဒီတရုတ်ကြီးနဲ့ ငါဟာ သတ်သတ်စီမှ မဟုတ်ဘဲ၊ ဒီတရုတ်ကြီးလဲ ငါပဲ၊ ငါလဲ ဒီတရုတ်ကြီးပဲ အတူတူလို့ သဘောထားလိုက်နိုင်ရင် ပြီးတာပဲ။



'အို . . . ဘယ်ဖြစ်မတုံး၊ ဒါက အစာင်းကြီး လုပ်ယူတာပဲ၊ ဒီတရုတ်ကြီးဟာ .ငါမှမဟုတ်ဘဲ၊ ငါကလဲ ဘယ်လိုလုပ်ပြီး တရုတ်ကြီး ဖြစ်ရမှာတုံး၊ တော်တော်ကြာဆိုရင်ပဲ ဒီတရုတ်ကြီးက ငါ့ကိုခိုင်းတော့မယ်၊ သူက ခိုင်းတဲ့လူ၊ ငါက အခိုင်းခံရတဲ့လူ၊ သူက သခင်၊ ငါက ကျွန်၊ ဒါဟာသေချာပါတယ်၊ ဘယ်လိုနည်းနဲ့မှ တူတူမဖြစ်နိုင်ပါဘူး၊ တကယ်ကတော့ ဒီတရုတ်ကြီးခိုင်းတာကို ငါက မလုပ်ချင်ပါဘူး။ နေစမ်းပါဦး၊ ဒီတရုတ်ကြီးက ငါ့ကို ဘာတွေများ ခိုင်းမှာပါလိမ့်၊ ငါ မလုပ်တတ်တာတွေ၊ မလုပ်နိုင်တာတွေများ ခိုင်းနေမှာလား"

"ဒီလိုလဲ မဖြစ်နိုင်ပါဘူးလေ၊ သူက ပွဲရုံသူဌေးဆိုတော့ ငါ့ကို ပွဲရုံလုပ်ငန်းတွေပဲခိုင်းမှာ၊ အင်းလေ ဒါပေမဲ့ အဲဒါတွေလဲ ငါက မလုပ်ချင်ပါဘူး၊ ဘာဖြစ်လို့ မလုပ်ချင်တာလဲ၊ မလုပ်တတ်လို့လား၊ ဒီလိုလဲမဟုတ်ပါဘူး၊ ဒီပစ္စည်းတွေပဲ ငါ့ဆိုင်မှာ ရောင်းခဲ့တာပဲ၊ နည်းတာနဲ့ များတာ၊ ကြီးတာနဲ့ သေးတာ ဒါပဲကွာပါတယ်၊ ငါလုပ်ခဲ့တာနဲ့ အတူတူပါပဲ၊ ဟိုတုန်းကတော့ ငါက လိုလိုချင်ချင် လုပ်ခဲ့တယ်၊ အခုကျမှ ဒီအလုပ်မျိုးကို ဘာဖြစ်လို့ မလုပ်ချင်ဘဲ ဖြစ်ရပြန်တာလဲ"

"ဩော်...သိပြီ...သိပြီ၊ အခုလုပ်ရမှာက တရုတ်ကြီးအတွက်၊ ဟိုတုန်းကလုပ်ခဲ့ရတာက တရုတ်ကြီးအတွက် မဟုတ်ဘူး၊ ငါ့အတွက် လုပ်ခဲ့ရတာပါလား၊ တကယ်တော့လဲ ငါ့အတွက် မဟုတ်ပါဘူး။ ငါ့အဖေ ငါ့သမီးလေးနဲ့ ငါ့သမီးမလေးအတွက် လုပ်ခဲ့တာဆိုရင် ပိုပြီးမှန်မယ်၊ အင်းလေ အခုအခါမှာ ငါ့အဖေလဲ ဆုံးရှာပြီ၊ ငါ့သမီးလေးလဲ ထောင်ကျသွားပြီ၊ ငါ့သမီးမလေးလဲ ယောက်ျားနောက်လိုက်သွားပြီ၊ သူတို့အတွက် ငါက လုပ်ပေးစရာမှ မလိုတော့ဘဲ၊ အခုလုပ်ရမှာက တရုတ်ကြီးအတွက်၊ ဒါလဲ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ငါ့အသက် ရှင်နေဖို့အတွက် လုပ်ရမှာပါလား၊ ငါ့အတွက် ငါလုပ်ရမှာပါလား”

“အဲဒီလိုဖြစ်မယ့်အစား ငါ့အဖေအတွက် လုပ်ရတယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ၊ ငါ့အဖေမှမရှိတော့ဘဲလေ၊ ဒီတရုတ်ဟာ ငါ့အဖေဆိုရင် ငါဟာ ဒါလောက် စိတ်ညစ်မှာမဟုတ်ဘူး၊ တစ်သက်လုံးလုပ်ပေးရလဲ ကျွန်ခံရတယ်လို့ ထင်မှာမဟုတ်ဘူး၊ ကျေကျေနပ်နပ်ကြီး တစ်သက်လုံး လုပ်ပေးနေမိမှာပဲ၊ ပြီးတော့ ဟိုတုန်းက ငါ လုပ်ခဲ့ရတာကလဲ ကြွေးတွေ တင်လို့တင်၊ ကြိမ်းတဲ့ မောင်းတဲ့လူ ကြိမ်းမောင်း၊ နှောင့်ယှက်တဲ့လူက နှောင့်ယှက်၊ အကြောင်းမဲ့လာပြီး ဆဲတဲ့လူက ဆဲနဲ့ အောက်ကျနောက်ကျခံပြီး ဆိုင်ကလေး ဖွင့်ခဲ့ရတာပဲ။

“အခုဟာက ဒီလိုတော့ မဟုတ်တော့ဘူး၊ ကြွေးလဲ တင်စရာ မရှိတော့ဘူး၊ လာပြီးဆဲမဲ့လူလဲ မရှိဘူး၊ ပိုပြီးတောင် ကောင်းသေးတယ်၊ ဒီလိုကောင်းပါလျက် လုပ်ရမှာကို ဘာဖြစ်လို့များ ငါက ဒါလောက် စိတ်ညစ်နေရတာလဲ၊ အမှန်က တရုတ်ကြီးဟာ ငါ့အဖေမဟုတ်လို့ပဲ၊ ငါ့အဖေသာဆိုရင် ငါ စိတ်ညစ်မိမှာ မဟုတ်ဘူး၊ ဒီလိုပွဲရုံကြီးနဲ့ ခမ်းခမ်းနားနားလုပ်ရတဲ့အတွက် ဝမ်းတောင် သာမိချင် သာမိဦးမှာ၊ ဒါပေမဲ့ အခုအခါမှာတော့ ငါဟာ ဝမ်းမသာနိုင်ဘူး၊ ဒီလို ဝမ်းမသာနိုင်တာဟာ ‘ပွဲရုံ’ ကြောင့်တော့ မဟုတ်ဘူး၊ ပွဲရုံမှာရှိတဲ့ ဆန်အိတ်တွေ၊ ပဲအိတ်တွေ ဆီပုံးတွေကြောင့်လား၊ ဒါလဲ မဟုတ်ဘူး၊ ဒါတွေဟာ သက်မဲ့ ပစ္စည်းတွေပဲ၊ ဒါတွေကြောင့် စိတ်ညစ်တာလဲ မဖြစ်နိုင်ဘူး၊ ဒါမျိုး တွေကို တစ်ချိန်က ငါဟာ လိုချင်လို့ ကြွေးတောင်ဝယ်ခဲ့တာပဲ၊ ဒါတွေကြောင့် မဟုတ်ပါဘူး၊ ဒါဖြင့်ရင် ဒီမှာရှိတဲ့ အလုပ်သမား တွေကြောင့်လား၊ ဒါလဲမဖြစ်နိုင်ဘူး၊ အလုပ်သမားတွေကလဲ



ငါ့ကို ဘာမှဒုက္ခမပေးကြပါဘူး၊ သူတို့ဟာ သူတို့အလုပ် လုပ်နေကြတာပဲ။ ဒါဖြင့်ရင် ဘာကြောင့်လဲ၊ တရုတ်ကြီးကြောင့်ပဲ၊ တရုတ်ကြီးမဟုတ်ဘဲ ငါ့အဖေ ဦးသန်းမောင်ရဲ့ ပွဲရုံကြီးဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ ဒါဟာလဲ စိတ်ကူးသက်သက်ပဲ၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး၊ ငါ့အဖေက သေပြီပဲ”

“အင်း . . . ဒီတရုတ်ကြီးကျွေးတာ စားပြီးနေရတော့မှာပဲ၊ ဘာပဲဖြစ်ဖြစ် ဒီသွားခေါ်တဲ့တရုတ်ကြီးကို ငါ့အဖေ ဦးသန်းမောင်လို သဘောထားပြီး လုပ်ကိုင်ရှာဖွေပေးရင်ကော မဖြစ်နိုင်ဘူးလား၊ မဖြစ်နိုင်ဘူး၊ သူဟာ ငါ့အဖေမှ မဟုတ်ဘဲ၊ အင်းလေ၊ ဒီတရုတ်ကြီးဟာ ငါ့အဖေ မဟုတ်တာတော့ သေချာပြီ ငါ့အဖေလို သဘောမထားနိုင်ဘူးလား၊ အင်း သူ့အရိပ်မှာခိုရမှာဆိုတော့ ဘာပဲဖြစ်ဖြစ် ကျေးဇူးတော့မကင်းဘူး၊ အဖေလို သဘောထားနိုင်ရင် အကောင်းဆုံးပဲ . . . ဒါလဲ မခက်ပါဘူး၊ ထားကြည့်မယ်၊ မဖြစ်တော့လဲ ငါ့သဘောထားကို ပြောင်းလိုက်ရုံပေါ့”

ရေချမ်းသည် ဆန်အိတ်ကိုမှီလျက် . . . ဤသို့လျှင် သံကြိုးကွင်းဆက်ပမာ ဆက်၍ဆက်၍ စဉ်းစားလိုက်ရာ နောက်ဆုံး ရရှိသောအဖြေမှာ ဤတရုတ်ကြီးအား အဖေကဲ့သို့ သဘောထားကာ ခိုင်းသမျှ မငြိုမငြင်လုပ်ပေးရန် ဖြစ်၏။ အကယ်၍ ထိုအတိုင်းဖြစ်မလာပါက ခိုင်းသမျှ လုပ်ပေးရမည်မှန်သော်လည်း အဖေကဲ့သို့ သဘောထားမည်ဆိုသည့် သဘောထားကို ပြောင်းလိုက်ရုံသာဖြစ်၏။

ဤသို့ အဖြေတစ်ခု ရရှိသွားသောအခါ၌ ရေချမ်း၏စိတ်သည် စောစောကလို နောက်ကျို၍ မနေတော့ဘဲ လန်းဆန်း၍ သွားလေတော့၏။ ထို့ကြောင့် ရေချမ်းသည် ဆန်အိတ်ကိုမှီရင်း မြုံးလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် သွားခေါခေါ တရုတ်သည် ပြန်လည်ရောက်ရှိလာပြီးလျှင် "ဟော့ကောင် ရော့နင့်အတွက် အကျႌလုံချည်၊ ဘောင်းဘီ" ဟု ဆိုကာ အထုပ်တစ်ထုပ်ကို ရေချမ်း၏ ရင်ခွင်အတွင်းသို့ လှမ်းပစ်ထည့်လိုက်လေတော့၏။ ရေချမ်းလည်း အားရဝမ်းသာဖမ်း၍ယူရင်း "သိပ်ကောင်းတာပဲ အဖေ" ဟု လွှတ်ခနဲပြောလိုက်လေ၏။ ထိုအခါ သွားခေါခေါတရုတ်ကြီးလည်း မျက်လုံးပြူး၍သွားပြီးလျှင် "ဘယ်လို ဘယ်လို၊ ငါ့ကို ဘယ်လိုခေါ်တယ်" ဟု မေးလိုက်လေ၏။

"ဩော် . . . အဖေလို့ ခေါ်လိုက်တာပါ၊ မကြိုက်လို့လား၊ မကြိုက်ရင်လဲ ပြောင်းပြီးခေါ်ပါ့မယ်" ဟု ရေချမ်းက ပြောလိုက်လေ၏။

"ငါ့ကို ဘာဖြစ်လို့ နင်က အဖေလို့ ခေါ်ရတာလဲ" ဟု သွားခေါခေါနှင့်တရုတ်က မေးလိုက်လေ၏။

"ဒီလိုပါ . . . ကျွန်တော့်အဖေအရွယ်လောက် ရှိတယ်၊ ပြီးတော့ ကျွန်တော့်ကို ထမင်းကျွေးမယ့်လူပဲ၊ ခင်ဗျား 'အဖေ' ပဲပေါ့၊ ခိုင်းချင်တာကိုခိုင်းပါ၊ လုပ်ပေးမယ်၊ ဘာဖြစ်လို့လဲ၊ အဖေခေါ်တာ မကြိုက်ဖူးလား၊ မကြိုက်ရင်လဲ ပြောပါ၊ ဘယ်လို ခေါ်ရမလဲ" ဟု ရေချမ်းက ပြောလိုက်ရာ တရုတ်ကြီးသည် လွန်စွာသဘောကျသွားသည့် လက္ခဏာဖြင့် ပြုံးလိုက်လေ၏။ ထိုသို့ ပြုံးလိုက်ပြီးနောက် "နင် လူကောင်းပဲ၊ နင် ကျေးဇူးအားကြီး သိတတ်တဲ့ကောင်ပဲ၊ အဖေပဲခေါ်ခေါ်၊ အတယ်ပဲခေါ်ခေါ်၊ အပါးပဲခေါ်ခေါ်၊ ထောင်ကဲပဲခေါ်ခေါ်၊ ပေါက်ဖော်ပဲခေါ်ခေါ်၊ ဟော့ တရုတ်လို့ပဲခေါ်ခေါ်၊ အရေးမကြီးပါဘူး၊ နင့်ရဲ့ဗိုက်ထဲမှာ ကောင်းတဲ့ပစ္စည်း ရှိနေပြီပဲ၊ ခေါ်တာက ဘာအရေးလဲကွယ်၊ အသံပဲ၊ လေပဲ" ဟု ပြောလိုက်လေ၏။



"ဒီလိုဆိုရင် 'အဖေ' လို့ပဲ ခေါ်မယ်" ဟု ရေချမ်းက ပြောလိုက်ရာ တရုတ်ကြီးက . . .

"ဒီပွဲရုံမှာတရုတ်တွေချည်းပဲ၊ အလုပ်ကြမ်းသမားပဲ ကုလားရှိတယ်၊ သူတို့က ငါ့ကို ရွှေခေါ်လို့ ခေါ်ကြတယ်၊ အစကတော့ အဓိပ္ပာယ်မသိလို့ ငါက လက်ခံခဲ့ပါတယ်၊ ငါ့နာမည်မှာ 'ရွှေ' ဆိုတဲ့ စာလုံးပါလို့ သဘောတောင်ကျမိသလိုပဲ၊ နောက်တော့မှ ငါ့ကို သွားခေါ်လို့ ခေါ်မှန်းသိတယ်၊ ဒါပေမဲ့ ပြောင်းပြီးခေါ်ခိုင်းလို့မရတော့ဘူး၊ သူတို့ပါးစပ်မှာ စွဲကုန်ပြီ၊ ငါကလဲ ပြောင်းပြီး မခေါ်စေချင်ပါဘူး၊ 'ရွှေခေါ်' ဆိုတာ အသံပဲ၊ အသံဟာ လေပဲ၊ လေမှာ ရွှေပဲ ပါပါ၊ ငွေပဲ ပါပါ၊ စိန်ပဲ ပါပါ၊ ခေါတယ်လို့ပဲ ပါပါ၊ ကျိုးတယ်လို့ပဲ ပါပါ၊ အရေးမကြီးပါဘူး၊ အခုတစ်ခါ နင်က 'အဖေ' လို့ ခေါ်ပြန်ပြီ၊ အစမှာတော့ လူတွေရဲ့နားမှာ တစ်မျိုးကြီးဖြစ်နေမှာပဲ၊ အထူးသဖြင့် ဒီပွဲရုံမှာလုပ်တဲ့ တရုတ်စာရေးတွေရဲ့ နားမှာ တစ်မျိုးဖြစ်လိမ့်မယ်၊ နားထဲကို တုတ်ချွန်နဲ့ ထိုးသလို ဖြစ်ချင်ဖြစ်နေမယ်၊ ကြာတော့လဲ နားကျပ်တောင်နဲ့ ကျပ်သလို အရသာရှိလာမှာပါကွာ" ဟု ပြောလေတော့၏။

ထို့နောက် ရေချမ်းသည် အထုပ်ကိုဖြေ၍ကြည့်ရာ ချုပ်ပြီးသား လုံချည်နှစ်ထည်၊ စွပ်ကျယ်အကျႌ နှစ်ထည်နှင့် ရှုံ့ကြိုးဘောင်းဘီကလေးတစ်ထည်ကို တွေ့ရလေ၏။

ရေချမ်းသည် ထိုအထုပ်ကို ပြန်၍ထုပ်လိုက်ပြီးနောက် . . .

'ကျွန်တော် ဘာလုပ်ရမလဲ အဖေ' ဟု ပွဲရုံတရုတ်အား ရိုသေစွာမေးလိုက်ရာ ပွဲရုံတရုတ်က . . .

'နင် ဘာမှမလုပ်ပါနဲ့ဦး၊ ပထမ ရေချိုးပါ၊ နောက်ပြီး ဟောဟိုတာင်းမ်ကော့' မှာ တစ်ရေးလောက်အိပ်ပါဦး၊ နင့်ကိုကြည့်ရတာ အများကြီး အိပ်ရေးပျက်လာသလိုပဲ၊ အိပ်ရာက နိုးရင် အစား

www.burmeseclassic.com

www.burmeseclassic.com



အသောက်စားပါ။ ပြီးတော့နင်နဲ့သင့်တော်တဲ့အလုပ်ကို ငါပေးပါ့မယ်' ဟု ပြောလိုက်လေ၏။

ရေချမ်းလည်း . . . ပွဲရုံနောက်ဘက်ရှိ ရေချိုးရန်နေရာကို သွားရောက်၍ တဗွမ်းဗွမ်းနှင့် ရေချိုးနေလေတော့၏။ အနီးရှိ ဆပ်ပြာခွက်မှ ဆပ်ပြာတုံးတစ်တုံးကို ယူကာ တစ်ကိုယ်လုံး ဆပ်ပြာတိုက်လိုက်၊ ရေများကို တဗွမ်းဗွမ်း လောင်းချလိုက် လုပ်ပြီးနောက် အဝတ်အစားသစ်များကို လဲလေတော့၏။ ထို့နောက် . . . ချွတ်ချလိုက်သော အဝတ်အစားဟောင်းများကို လျှော်ဖွပ်၍လှမ်းပြန်လေ၏။ ပြီးလျှင် တရုတ်ကိုရွှေခေါ် ညွှန်ပြသော 'ကင်းမ်ကော့' ပေါ်တွင် အိပ်စက်လေတော့၏။ တရုတ်ကိုရွှေခေါ်သည် မောင်ရေချမ်းကို ကြည့်ပြီးနောက် . . .

'အင်း ဒီကောင်ဟာ အလုပ်ရယ်၊ ကိုယ်ရယ်၊ ကိုယ့်ကိုခိုင်းမယ့် လူရယ်ကို သတ်သတ်စီ မထားတဲ့ ပေါင်းပစ်နိုင်တဲ့ ကောင်ပဲ၊ ဒီအတိုင်းသာဆိုရင် တစ်နေ့ ဒီကောင်ကြီးပွားလိမ့်မယ်' ဟု ပြောလိုက်လေတော့၏။

နောက်တစ်နေ့၌ တရုတ် ကိုရွှေခေါ်သည် ရေချမ်းအား ကုန်ပစ္စည်းများ ချိန်တွယ်ရသောအလုပ်ကို သင်ပြပေးလေ၏။ ထိုလုပ်ငန်းမှာလည်း ရေချမ်းအနေနှင့် ရှေးမဆွကပင် လုပ်ကိုင်ခဲ့ဖူးသော လုပ်ငန်းဖြစ်၏။

ထို့ကြောင့် များစွာမသင်ရဘဲလျက် ကောင်းစွာ တတ်ကျွမ်းခြင်းသို့ ရောက်ရှိသွားလေ၏။

ရေချမ်းသည် နေ့အခါများ၌ ကုန်ချိန်သော လုပ်ငန်းကို တက်တက်ကြွကြွနှင့် ကြိုးစားပမ်းစား လုပ်လေ၏။ ညအခါ



များ၌မူ ပွဲရုံတွင်အိပ်စက်ရသည်ဖြစ်ရာ ၎င်းနှင့်အတူ အိပ်စက်ရသော တရုတ်ကလေးတစ်ဦးထံတွင် ပေသီးတွက်နည်းကို သင်ယူ၍ ပေသီးတွက်နည်းကို လေ့ကျင့်လေတော့၏။

ထိုပွဲရုံ၌ကား ညအခါတွင် လူပျိုလူလွတ် ကူလီများလည်း အိပ်ကြလေ၏။ လူပျို လူလွတ် ကူလီများမှာလည်း များသောအားဖြင့် ဂေါ်ရင်ဂျီလူမျိုးများသာ ဖြစ်ကြလေ၏။ ထိုအထဲတွင် မြန်မာကူလီနှစ်ဦးလည်း ပါ၏။ ထိုနှစ်ဦးမှာလည်း ညီအစ်ကိုဖြစ်ကြ၏။ ထိုနှစ်ဦး၏အမည်မှာ သာညာ နှင့် သာဖန်ဟူ၍ဖြစ်၏။ ဂေါ်ရင်ဂျီကုလားများမှာ စုစုပေါင်း ခုနစ်ယောက်ရှိလေ၏။

ထိုအထဲတွင် ရန်ကနားဆိုသော ဂေါ်ရင်ဂျီမှာ ခေါင်းဆောင်ဖြစ်လေ၏။ ၎င်းဂေါ်ရင်ဂျီများသည် စိန်လျှောင်ပွဲရုံ၌သာ အလုပ်လုပ်ကြခြင်းမဟုတ်၊ အခြားသောပွဲရုံများသို့လည်း သွားရောက်ထမ်းပိုးလုပ်ကိုင်ရသည်ဖြစ်ရာ ထိုပွဲရုံများမှ ပြန်လာသောအခါတွင် အားလူး၊ ငါးခြောက်၊ ကုလားပဲ စသည်များကို ကိုယ်စီကိုယ်ငှ တောင်း၍လာတတ်ကြလေ၏။ ထိုသို့တောင်းလာသော ပစ္စည်းများကို တန်ဘီ ဆိုသော ကုလားက ဂေါ်ရင်ဂျီ မဆလာကောင်းကောင်းနှင့် ချက်လေတော့၏။ ညအခါတွင် ၎င်းတို့သည် ပွဲရုံရှေ့ပလက်ဖောင်းပေါ်၌ စု၍ထိုင်ကြ၏။ ဟင်းချက်သော တန်ဘီကလည်း ၎င်းတို့အနီး ပလက်ဖောင်းပေါ်၌ပင် မီးမွှေး၍ ချက်ပြုတ်လေ၏။ တန်ဘီ၏ ဟင်းချက်ကောင်းခြင်း၊ မဆလာမွှေးခြင်းတို့ကြောင့် အနီးအပါးတွင်နေထိုင်ကြကုန်သော မြန်မာများပင်လျှင် မကြာခဏ သွားရည်ကျတတ်ကြလေ၏။

ထမင်းဟင်း ချက်ပြုတ်ပြီးသောအခါ၌ ပလက်ဖောင်းပေါ်၌ပင် ငှက်ပျောရွက်များကိုခင်း၍ တန်ဘီက ကျွေးမွေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းလည်း ညစာကို ၎င်းတို့နှင့်အတူ စားသောက်ရလေ၏။ ထမင်းစားသောက်ပြီးနောက် ဂေါ်ရင်ဂျီများသည် တာပရာခေါ် ဗုံကလေးများကိုထုတ်ကာ တစ်ယောက်တစ်လှည့် သီချင်းဆိုကြလေ၏။ မောင်ရေချမ်းလည်း ၎င်းတို့နှင့်အတူနေခဲ့ရာ ဂေါ်ရင်ဂျီတို့ ချက်သော ကုလားဟင်းကိုလည်း ကြိုက်နှစ်သက်လာလေ၏။ ဂေါ်ရင်ဂျီစကားများကိုလည်း တတ်လာလေ၏။

ဂေါ်ရင်ဂျီသီချင်း အချို့ကိုပင် ဆိုတတ်လာလေတော့၏။ ၎င်းတို့သည် ညစဉ်လိုပင် စုပေါင်းချက်ပြုတ်၍ စားသောက်ကြ၏။ ကုလားဗုံတီး၍ သီချင်းဆိုကြ၏။ မိုးမရွာသော ညများတွင် ပွဲရုံရှေ့ ပလက်ဖောင်းပေါ်၌ပင် သပေါ့ဖျာများ ခင်း၍ အိပ်စက်ကြလေ၏။ မိုးရွာလျှင်မူ စိန်လျောင်ပွဲရုံအတွင်းသို့ဝင်၍ အိပ်စက်ကြရလေ၏။ ဤနေရာ၌ မြန်မာကူလီနှစ်ဦးဖြစ်သော သာဖန်နှင့် သာညာဏ်အကြောင်းကို ဖော်ပြရန်လိုပေလိမ့်မည်။

၎င်းညီအစ်ကိုနှစ်ဦးသည်လွန်စွာတောကျ၍ လွန်စွာမှလည်း ဆန်ရေစပါးရှားပါးသော အရပ်ဒေသမှ လာရောက်ကာ အလုပ်လုပ်နေကြသူများဖြစ်၏။ ၎င်းတို့သည် ဂေါ်ရင်ဂျီကုလားများနှင့် အတူ ကူလီထမ်း၏။ အတူထမင်းစား၏။ အတူသီချင်းဆို၏။ အတူအိပ်၏။ သို့ရာတွင် ၎င်းတို့ညီအစ်ကိုနှစ်ဦးသည် အိပ်ခါနီး၌ တစ်ယောက်တစ်လှည့် . . . ညစဉ်ညတိုင်း ပုံပြောလေ့ရှိကြ၏။ ဤအချက်မှာ ၎င်းတို့နှစ်ဦး၏ ထူးခြားသောအချက်များဖြစ်၏။ ဂေါ်ရင်ဂျီကုလားများလည်း ညအိပ်ခါနီးတွင် ၎င်းတို့ညီအစ်ကို တစ်လှည့်စီပြောသောပုံပြင်ကိုနားထောင်ပြီးမှသာလျှင် အိပ်စက်ကြရပြန်ကုန်၏။

တစ်ညသ၌ သာညာဏ်က သာဖန်အား အိပ်စက်ခါနီးတွင် "ဟေ့ ညီလေးသာဖန်၊ ယပ်တောင်ကိုင်တဲ့ မိန်းမတစ်ယောက်



အကြောင်း ပုံပြင်ကို မင်း နားထောင်ဖူးသလား" ဟု မေးလိုက်လေ၏။

ထိုအခါ သာဖန်ကလည်း 'နားမထောင်ဖူးပါဘူး အစ်ကိုရယ်၊ အစ်ကိုပြောပြရင်တော့ နားထောင်ရတာပေါ့' ဟု ပြောလိုက်ရာ သာညာဏ်က . . .

'အေး၊ ဒီလိုဆိုလဲ ပြောပြရတာပေါ့ကွာ' ဟု ဆိုလေ၏။

ထိုအခါ တန်ဘီက 'သာညာဏ်ရေ၊ ပုံပြောရင် ကျယ်ကျယ် ပြောကွာ၊ ငါက နားနည်းနည်းလေးတယ်ကွ' ဟု ဆိုသဖြင့် သာညာဏ်ကလည်း အောက်ပါပုံပြင်ကို အသံခပ်ကျယ်ကျယ်ဖြင့် ပြောပြလေတော့၏။

"ဟိုးရှေးရှေးတုန်းက တမြို့နဲ့ တစ်မြို့ သွားလာပြီး ကုန်ကူးသန်းရောင်းဝယ်တဲ့ ကုန်သည်တစ်ယောက်မှာ အင်မတန် လှပတဲ့ မိန်းမရှိတယ်ကွယ့်၊ အဲဒီမိန်းမကလဲ သူ့ယောက်ျား ကုန်သည်ကို အလွန်ချစ်ရှာတယ်၊ အဲဒီကုန်သည်ဟာ ခရီးထွက် ခါနီးတိုင်း သူ့ရဲ့မယားချောကို ဒီမှာ မိန်းမ၊ ငါ ခရီးသွားတုန်း လမ်းမှာများ သေတယ်လို့ သတင်းကြားရင် မုဆိုးမအဖြစ်နဲ့ ဒီအတိုင်းမနေပါနဲ့ကွာ၊ ယောက်ျားတစ်ယောက် မြန်မြန်ယူပစ်ပါလို့ အမြဲမှာလေ့ရှိတယ်၊ အဲဒီအခါမှာ ကုန်သည်ရဲ့ မိန်းမက ဒီလိုမပြောပါနဲ့ရှင်၊ ကျွန်မက ရှင့်အပေါ်မှာ တကယ်သစ္စာရှိတာ ပါ၊ ရှင်သေရင်လဲပဲ ကျွန်မက တစ်သက်လုံး ယောက်ျားမယူ ပါဘူးလို့ စိတ်ဆိုးမာန်ဆိုးနဲ့ သူ့ယောက်ျားကို အမြဲတမ်းပြန်ပြော လေ့ရှိတယ်၊ အဲဒီအခါမှာ ယောက်ျားလုပ်သူက . . .

"မဟုတ်တာဘဲ မိန်းမရယ်၊ ဘာဖြစ်လို့ မုဆိုးမအဖြစ်နဲ့ အချိန်ကုန်ခံရမှာတုန်း၊ ငါသေပြီပဲ၊ မင်းအနေနဲ့ နောက် ယောက်ျား ယူခွင့်ရှိပါတယ်၊ တစ်ခုတော့ ရှိတာပေါ့ကွာ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့အလောင်းတိုပဲဖြစ်ဖြစ် ငါ့အရိုးကိုပဲဖြစ်ဖြစ်ဂူတော့သွင်းပေးပါ၊ အဲဒီဂူက အင်္ဂတေခြောက်တဲ့အထိတော့ စောင့်ပေါ့ကွာ၊ ခြောက်တာနဲ့ နောက်ယောကျ်ားယူနိုင်ပါတယ်လို့ ယောကျ်ားလုပ်တဲ့လူက မကြာခဏ ပြောလေ့ရှိပါတယ်၊ အဲဒီအခါမှာ မိန်းမလုပ်သူက ရှင်က ကျွန်မကို အထင်သေးလိုက်တာ၊ ရှင်သေရင် တစ်သက်လုံး ကျွန်မ ယောကျ်ားမယူဘူး၊ ဒီအတိုင်းနေသွားမယ်လို့ ပြန်ပြောလေ့ရှိတယ်၊ ယောကျ်ားလုပ်သူကလဲ . . .

'ယူပါကွာ၊ အုတ်ဂူခြောက်တဲ့အထိ စောင့်ရင်ပဲ ကျေးဇူးတင်ပါတယ်' လို့ ပြောပြီး ခရီးထွက်လေ့ရှိတယ်၊ ခရီးထွက်ခါနီး တိုင်းလိုလိုပဲ သူတို့လင်မယားဟာ အဲဒီလိုပြောဆိုလေ့ရှိတယ်။

"တစ်နေ့မှာ ကုန်သည်ယောကျ်ားဟာ ခရီးဝေးကိုထွက်သွားပါလေရော၊ အဲဒီလိုခရီးထွက်သွားပြီး တစ်ပတ်လောက်အကြာမှာ မြို့တစ်မြို့မှာရှိတဲ့ မိတ်ဆွေတစ်ဦးဆီက ကုန်သည်မိန်းမဆီကို အကြောင်းကြားစာတစ်စောင် ပို့လိုက်တယ်၊ အဲဒီစာနဲ့အတူ တစ်တောင်ပတ်လည်လောက် ကျွန်းသေတ္တာကလေးတစ်လုံးလဲ ပါတယ်။ ကုန်သည်ရဲ့ မိန်းမဟာ စာရရချင်း ဖတ်ကြည့်လိုက်တော့ မြို့က မိတ်ဆွေ ရေးထားတဲ့စာ ဖြစ်နေတယ်။

စာကတော့ . . .

> အစ်မကြီးခင်ဗျား၊ အစ်မကြီးရဲ့ယောကျ်ားဟာ ပြီးခဲ့တဲ့သုံးရက်လောက်က ကျွန်တော့်ဆီကိုလာပြီး တည်းခိုပါတယ်။ အဲဒီတည်းခိုတဲ့ညမှာပဲ ကျွန်တော့်အိမ်မှာပဲ ရုတ်တရက်ကွယ်လွန်သွားပါတယ်၊ ကျွန်တော်လဲ အစ်မကြီးယောကျ်ားကို ကောင်းစွာ မီးသင်္ဂြိုဟ်ပြီး အရိုးပြာကို သေတ္တာနဲ့ထည့်ပြီး ပို့လိုက်ပါတယ်။

လို့ ရေးထားတာကိုး၊ အဲဒီအခါမှာ မိန်းမလုပ်သူဟာ ယူကျုံးမရ ဖြစ်ပြီးငိုတော့တာပဲ၊ ငိုရင်းနဲ့လဲ မကြာခဏ သတိလစ်သွားသေး တယ်၊ အဲဒီလိုငိုတော့ ရပ်ကွက်ထဲကလူတွေလာပြီး အကျိုး



အကြောင်း မေးတော့တာပေါ့၊ ပြီးတော့ . . . အဲဒီမိန်းမအိမ်မှာ အသုဘအခမ်းအနား ပြင်ဆင်ပေးကြရတယ်။

ပြီးတော့ . . . အဲဒီမိန်းမလုပ်သူက သူ့ယောကျ်ားမှာထားတဲ့ အုတ်ဂူကလေးတစ်လုံး အမြန်ဆုံးပြေးပြီးလုပ်ရတယ်၊ ပြီးတော့ သူ့ယောကျ်ားရဲ့ အရိုးပြာသေတ္တာကိုလဲ ဂူထဲမှာထည့်ပြီး ပိတ် လိုက်တယ်။

"အသုဘအိမ်ဆိုတော့ ရက်မလည်မချင်း စည်စည်ကားကား ရှိနေတာပေါ့၊ အရပ်ထဲကလူတွေလာပြီး ကူညီကြရပါတယ်၊ အဲဒီလိုကူညီတဲ့အထဲမှာ အလုပ်လက်မဲ့လူတစ်ယောက်လဲ ပါလာ တယ်၊ အဲဒီလူဟာ အသုဘအိမ်မှာ အလုပ်လုပ်ဆုံးပဲ၊ ဧည့်သည် တွေအတွက် ကွမ်းစေ့ချပေးတဲ့ နေရာမှာလဲ သူပဲ၊ ဖိုဝိုင်းမှာ အကောက်ကောက်ပေးတာလဲ သူပဲ၊ ရေနွေးအိုးတည်တဲ့နေရာ မှာလဲ သူပဲ၊ အဲဒီလောက် အလုပ်လုပ်တော့ ကုန်သည်ရဲ့မိန်းမ နဲ့ မကြာခဏ စကားပြောမိတာပေါ့။

အဲဒီလို စကားပြောမိတဲ့အခါတိုင်းမှာ ဒီငတိက အစ်မကြီး ဟာ လှလှပပ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမ ဖြစ်ရှာတယ် နော်၊ သနားလိုက်တာ၊ ကွတ်ကွတ်လို့ မကြာခဏညည်းရှာတယ်၊ အဲဒီ လို ညည်းပြီးတဲ့အခါတိုင်းမှာလဲ အစ်မကြီးလို ရုပ်ရည်မျိုးနဲ့ဆိုရင် မုဆိုးမတစ်ခါမဟုတ်ဘူး၊ ဆယ်ခါဖြစ်တောင် ယူမယ့်ယောကျ်ား တွေ အပုံကြီး ရှိပါတယ်၊ အဲဒီ အပုံကြီးထဲမှာ ကျွန်တော်လဲ တစ်ယောက်အပါအဝင်ဖြစ်ပါတယ်လို့ မကြာခဏ ပြောတာကိုး၊ အဲဒီတော့ ကုန်သည်ရဲ့မိန်းမကလဲ ဒီကောင့်ကိုစိတ်ဝင်စားလာ တယ်၊ အဲဒီလိုစိတ်ဝင်စားလာတော့ ရှင် တကယ်ယူမလားလို့ မေးလိုက်တယ်၊ အဲဒီအခါမှာ ဒီကောင်ကလဲ 'စိန်လိုက်'ဟောဒီ အသုဘကိုလာတဲ့ ပရိသတ်ကိုပဲ ထမင်းတစ်နပ် ထပ်ကျွေးပြီး

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားနဲ့ ကျုပ်နဲ့ မင်္ဂလာဆောင်ဖို့လို့ ကြေညာလိုက်ရုံပဲ၊ အသုဘကနေ မင်္ဂလာဆောင်ဖြစ်သွားမယ်၊ ဘာခက်သလဲလို့ ပြောလိုက်တယ်ဆိုရင်ပဲ မိန်းမဟာသိပ်ကိုသဘောကျသွားတယ်။

အဲဒီလို သဘောကျသွားတော့ ရက်လည်ရင် ယူကြတာပေါ့ရှင် လို့ ပြောလိုက်မိတယ်၊ အဲဒီလို ပြောပြီးမှ သေသွားတဲ့ယောကျ်ားကြီး မှာခဲ့တာကို သွားပြီးသတိရတယ်၊ သူ့ရဲ့အုတ်ဂူခြောက်မှ နောက်ယောကျ်ားယူပါ ဆိုတဲ့စကားဟာ အခုကလေးတင် ပြောလိုက်သလို နားထဲမှာ ကြားယောင်မိလာတယ်။

ဒါနဲ့ အဲဒီမိန်းမဟာ သင်္ချိုင်းကို ကပျာကယာပြေးပြီး အုတ်ဂူကို လက်နဲ့စမ်းကြည့်တော့ အုတ်ဂူဟာ မခြောက်သေးတာကို တွေ့ရတယ်၊ ဒါနဲ့ ပြန်လာပြီး နောက်တစ်နေ့မနက်စောစောမှာ ထပ်ပြီး သွားစမ်းကြည့်ပြန်တယ်၊ အဲဒီအခါမှာလဲ မခြောက်သေးတာကို တွေ့ရတယ်။

အဲဒီမိန်းမဟာ တစ်နေ့ကို အခါနှစ်ဆယ်လောက် သင်္ချိုင်းကုန်းကိုသွားပြီး အုတ်ဂူကို လက်နဲ့စမ်းစမ်းကြည့်နေတယ်၊ အရေးထဲမှာ သူ ဝယ်ပြီးအသုံးပြုတဲ့ ဘိလပ်မြေတွေဟာ အတုတွေဖြစ်နေလေတော့ ဂူဟာ တော်တော်နဲ့ကို မခြောက်ဘဲ ဖြစ်နေတယ်၊ အဲဒီတော့ ဘယ်လိုများ မြန်မြန်ခြောက်အောင် လုပ်ရပါ့မလဲ လို့ အဲဒီမိန်းမဟာ စဉ်းစားနေတော့တာပဲ။

နောက်ဆုံးမှာ အကြံတစ်ခု ရသွားတယ်၊ အဲဒါနဲ့ ဈေးကိုပြေးပြီး ယပ်တောင်လှလှကလေးတစ်ချောင်း ဝယ်လိုက်တယ်၊ ပြီးတော့ ရပ်ရွာထဲကလူတွေကို ကျွန်မယောကျ်ားကို လွမ်းလွန်းလို့ တစ်နေ့ကို အခါနှစ်ဆယ်လောက် သင်္ချိုင်းကုန်းကိုသွားပြီး ငိုရတယ်ရှင့်လို့ပြောပြီး ဈေးကဝယ်လာတဲ့ ယပ်တောင်ကလေးနဲ့ အုတ်ဂူနားလာပြီး ငိုချင်ယောင်ဆောင်တယ်၊ လူလစ်တာနဲ့



အုတ်ဂူကို ယပ်တောင်နဲ့ခပ်တော့တာပဲ၊ ဒါမှ မြန်မြန် ခြောက်မယ်မဟုတ်လား။ ဒါပေမဲ့ ဘိလပ်မြေကမကောင်းလေတော့ တစ်လလောက် လက်မောင်းပြုတ်မတတ် ခတ်သော်လဲ အုတ်ဂူက မခြောက်နိုင်ဘူး။

တစ်နေ့မှာ အဲဒီမိန်းမ အုတ်ဂူကိုယပ်ခတ်နေတုန်း မုတ်ဆိတ်ဖြူဖြူရှည်ရှည်နဲ့ အဘိုးကြီးတစ်ယောက် ရောက်လာပြီး အဲဒီမိန်းမ လုပ်သမျှကိုင်သမျှကို စိန်ပြေနပြေထိုင်ပြီးကြည့်နေတယ်။ နောက်ဆုံး အဲဒီမိန်းမက မုတ်ဆိတ်ဖြူကြီးဆီမှာ အကူအညီတောင်းတော့တယ်။

ဘကြီးရယ်၊ အုတ်ဂူမြန်မြန်ခြောက်တဲ့နည်းများရှိရင် ကျွန်မကို ပေးစမ်းပါလို့ ပြောလိုက်တော့ မုတ်ဆိတ်ဖြူကြီးက . . .

"ရပါတယ်ကွယ် ဟောဒီမုတ်ဆိတ်ဖြူမွေးတွေကို ဂူပေါ်မှာ ပုံပြီး မီးရှို့လိုက်ရင် မင်းခြောက်ချင်တဲ့ဂူဟာ တစ်မုဟုတ်ချင်း ခြောက်သွားလိမ့်မယ်လို့လဲ ပြောလိုက်ရော မိန်းမဟာ အားရဝမ်းသာနဲ့ ပေးစမ်းအဘိုးကြီး မုတ်ဆိတ် . . . ဆိုပြီး အဘိုးကြီးရဲ့ ရင်ဝကို ခြေထောက်နဲ့ကန်ပြီး မုတ်ဆိတ်မွေးတစ်မြုံလုံးကို ဆွဲနုတ်တော့တာပဲ၊ အဲဒီလိုလဲ ဆွဲနုတ်လိုက်ရော အဘိုးကြီးရဲ့ မုတ်ဆိတ်ဟာ 'ဖြုန်း' ခနဲ ပြုတ်ပြီး အဲဒီမိန်းမလက်ထဲ ပါသွားတယ်။ အရှိန်နဲ့ဆိုတော့ အဲဒီမိန်းမလဲ ဖင်ထိုင်လျက် လဲကျသွားတယ်။ အဲဒီအခါမှာ အဘိုးကြီးက 'တဟားဟား' နဲ့ ရယ်တော့တာပဲ၊ အဘိုးကြီးရဲ့ရယ်သံကိုကြားရတော့ မိန်းမဟာ ရန်တွေ့မယ်ဆိုပြီး အဘိုးကြီးမျက်နှာကို မော့ကြည့်လိုက်ပြီး . . .

"ရှင်"လို့ လွှတ်ခနဲအော်လိုက်မိတယ်။ ဘာဖြစ်လို့အော်လိုက်သလဲဆိုတော့ အဘိုးကြီးဟာ အဘိုးကြီးမဟုတ်ဘဲ သေသွားတဲ့ သူ့ယောကျ်ားဖြစ်နေတာကိုး၊ အဲဒီအခါမှာသူ့ယောကျ်ားက ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ မသေပါဘူးကွ၊ သေတယ်ဆိုပြီး ပို့လိုက်တဲ့စာနဲ့ အရိုး ပြာဟာ ငါပို့လိုက်တာတွေပါ။ မင်းလက်ထဲမှာရှိတဲ့ မုတ်ဆိတ်မွေးဟာလဲ တကယ့်မုတ်ဆိတ်မွေးမဟုတ်ပါဘူး၊ အတုတွေပါ။ ဒါနဲ့ မိန်းမရေ . . . ပြောရဦးမယ်၊ မင်းအတွက် ဝယ်လာတဲ့ အဝတ်အစားတွေလဲ ယူလာပြီး အိမ်မှာထားခဲ့တယ်၊ ပိုက်ဆံလဲ ထားခဲ့တယ်ကွဲ့၊ ငါလဲ ရောက်မဆိုက်ဆိုသလို ခရီးပြန်ထွက်ရဦးမယ်၊ လမ်းမှာများ ငါ သေတယ်ကြားရင် နောက်ယောကျ်ား ယူလိုက်ပါ မိန်းမရယ်။ တစ်ခုပဲရှိတယ်၊ ငါ့ရဲ့အုတ်ဂူကလေးကိုတော့ ခြောက်တဲ့အထိစောင့်ပြီးတော့မှ ယူပေါ့ကွာ" လို့ မှာလိုက်တယ်။ အဲဒီအခါမှာ မိန်းမလုပ်တဲ့သူက . . .

"ရှင်က ကျွန်မကို အထင်သေးလို့၊ ရှင်သေရင် ကျွန်မ တစ်သက်လုံး မုဆိုးမလုပ်နေမယ်၊ နောက်ယောကျ်ားမယူပါဘူး" လို့ ပြန်ပြီး ပြောလိုက်တယ်။

အဲဒီတော့ ယောကျ်ားလုပ်တဲ့သူက ကောင်းပါလေရဲ့ကွာ လို့ ဆိုပြီး ခရီးထွက်သွားတယ်၊ ဒါပေမဲ့ တစ်သက်လုံး ပြန်မလာတော့ဘူး ဆိုပဲ"

ပုံပြင်သည် ဤနေရာ၌ပင် အဆုံးသတ်၍ သွားလေ၏။ ထိုအခါ ဂေါ်ရင်ဂျီကုလားတစ်ယောက်က ဆေးပြင်းလိပ်ကို ပါးစပ်၌ခဲလျက်သားနှင့် . . .

"ဒီပုံဟာ ကောင်းပါတယ်၊ ဒါပေမဲ့ ယောကျ်ားတွေ မကောင်းကြောင်း အများကြီးပါနေတယ်" ဟု ပြောလိုက်ရာ ထမင်းချက် တန်ဘီက . . .

"ဟော့ကောင် . . . မင်းပါးစပ်ထဲက ဆေးပြင်းလိပ်ကို ဖြုတ်ပြီးမှ ပြောစမ်းပါကွာ၊ မင်းပြောတာ ငါတော့ နားမလည်ဘူး" ဟု ပြောလေ၏။



"ဘာနားမလည်စရာရှိသလဲ၊ ယောကျ်ားမကောင်းကြောင်း ပြောတဲ့ပုံလို့ ငါကပြောတာ" ဟု ထိုဂေါ်ရင်ဂျီက ပြောလိုက်လေ၏။ ထိုအခါ တန်ဘီက . . .

"ဘယ်ကလာ ဟုတ်ရမှာလဲကွ၊ မိန်းမတွေ သစ္စာမရှိတဲ့ အကြောင်း ပြောတာ" ဟု ကန့်ကွက်လေ၏။

ထိုအခါ ပထမစ၍ပြောသော ဂေါ်ရင်ဂျီကုလားက . . .

"ကဲကွာ . . . နင့်ကို ငါမေးမယ်၊ ဘယ်သူကစပြီး လိမ်တာလဲ၊ ယောကျ်ားကစပြီး လိမ်တာမဟုတ်လား၊ မသေဘဲနဲ့ သေတယ်လို့ လိမ်တယ်လေကွာ၊ သူက စ,ပြီး လိမ်ခဲ့တာပဲ၊ အဲဒီတော့ သူ့မိန်းမကလဲ သူ့အပေါ်မှာ ဘယ်လိုလုပ်ပြီး သစ္စာထားရမှာလဲ" ဟု ပြောလိုက်ရာ ... ကျန်သောဂေါ်ရင်ဂျီကုလားများက "ဟုတ်တယ်၊ တန်ဘီရှုံးပြီ" ဟူ၍ မြန်လာလိုလည်း အော်ဟစ်ကြသကဲ့သို့ ဂေါ်ရင်ဂျီစကားနှင့်လည်း အော်ဟစ်ကြကုန်၏။

ဧင်းတို့နှင့်အတူ ရှိနေသော ရေချမ်းပင်လျှင် ရောယောင်၍ လက်ခုပ်လက်ဝါးတီးကာ . . .

"ကိုတန်ဘီကြီး ရှုံးပြီ" ဟု အော်ဟစ်မိလေတော့၏။

ထိုသို့ အော်ဟစ်ပြီးနောက် ရေချမ်းသည် ဧင်း၏မိခင် ဒေါ်သန်းရီက ဧင်း၏ဖခင် ဦးသန်းမောင် အပေါ်၌ သစ္စာဖောက်ကာ နောက်ယောကျ်ားယူသွားပုံနှင့် ပတ်သက်၍ . . .

ပုံပြင်ထဲက ကုန်သည်မယားဟာ ငါ့မိခင်ထက်တော့ တော်ပါတယ်၊ သူ့ယောကျ်ားသေပြီဆိုမှ နောက်ယောကျ်ားယူဖို့ ကြံစည်တာပဲ၊ ဒါတောင် ချက်ချင်းလိုက်မပြေးသေးဘူး၊ သူ့ယောကျ်ား အုတ်ဂူခြောက်အောင် စောင့်ရှာသေးတယ်၊ အုတ်ဂူက မခြောက်နိုင်လွန်းလို့သာ ထင်မိထင်ရာတွေ လျှောက်ပြီးလုပ်ရှာတာပဲ" ဟူ၍ စဉ်းစားမိလေ၏

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင် ဂေါ်ရင်ဂျီကုလား ပြောသကဲ့သို့ ယောက်ျား လုပ်သူမှာရော အပြစ်မရှိဘူးလား။ ငါ့ရဲ့ဖခင်ကြီး ဦးသန်းမောင်ကရော အပြစ်ကင်းရဲ့လား။ ငါ့ရဲ့မိခင်အပေါ်မှာ ပုံပြင်ထဲက ကုန်သည်လို လိမ်လည်လှည့်ဖြားမှုတွေ မလုပ်ဘူးလို့ ဆိုနိုင်ပါ့မလား" ဟူ၍လည်း တွေးတောမိလေ၏။

မောင်ရေချမ်း စဉ်းစားနေသည့်အချိန်၌မှာလည်း ဂေါ်ရင်ဂျီကုလားများသည် ပုံပြင်ပါ အကြောင်းအရာနှင့် ပတ်သက်၍ အမျိုးမျိုးအဖုံဖုံ ငြင်းခုံနေကြသည်ဖြစ်ရာ . . .

"ကုလားသိုက် ကျားကိုက်" ဆိုသော စကားကဲ့သို့ ပွက်လောရိုက်၍ နေလေတော့၏။ ထို့ကြောင့် ရင်းတို့၏ ကူလီခေါင်းရန်ကနားက . . .

"ဆူတယ်ကွာ၊ အားလုံးတော်ကြတော့" ဟု လှမ်း၍အော်လိုက်ပြီးလျှင် ကုလားဗုံကလေးကို 'တပ်တပ်ဒွန်း၊ တပ်တပ်ဒွန်း" ဟု တီးလိုက်ရာ . . .

မူတူးဆိုသည့်ကောင်က အသံနေအသံထားဖြင့် ဂေါ်ရင်ဂျီသီချင်းတစ်ပုဒ်ကို ဆွဲဆွဲငင်ငင် ဆိုလိုက်လေတော့၏။ ထိုအခါ ရေချမ်းက အနီးရှိ တန်ဘီအား "ကိုမူတူးဆိုတဲ့သီချင်းက သိပ်ပြီးနားထောင်လို့ ကောင်းတာပဲ၊ အဓိပ္ပာယ်က ဘယ်လိုလဲ" ဟု မေးလိုက်လေ၏။ ထိုအခါ တန်ဘီက . . .

"မိန်းမဆိုတာ ကြောက်ဖို့ကောင်းတယ်တဲ့၊ အစွယ်မရှိတဲ့ ကျားတစ်မျိုးပါပဲတဲ့၊ ဒါကြောင့် မိန်းမဆိုရင် ကြောက်ပါပြီတဲ့၊ မိန်းမဟာ ကြာပန်းလေးလိုလှပေမယ့် သူ့ကိုနမ်းမိတဲ့လူကို မူးရူးအောင် လုပ်နိုင်တယ်၊ သူ့ကို ကြည့်မိတဲ့လူကို မျက်လုံးကန်းအောင် လုပ်နိုင်တယ်၊ သူ့ကို ဆွတ်ချူတဲ့လူဆိုရင် တစ်သက်လုံး စိတ်ညစ်အောင်လုပ်နိုင်ပါတယ်တဲ့ အဓိပ္ပာယ်က အဲဒီလိုရတယ်"



ဟု ရှင်းပြလေ၏။ ထိုအချိန်မှာပင် အခြားသော ဂေါ်ရင်ဂျီတစ်ဦးက သီချင်းဆိုလေ၏။ ကုလားဗုံတီးသူကလည်း တီး၍ ပေးလေ၏။ ကျန်လူများကလည်း ဝိုင်း၍ လက်ခုပ်တီးပေးကြလေ၏။ ထိုဂေါ်ရင်ဂျီမှာလည်း အဆိုကောင်းသူတစ်ဦး ဖြစ်ပေ၏။

ရေချမ်းက တန်ဘီအား . . .

"အဓိပ္ပာယ်ကို ပြောပါဦး" ဟု ဆိုပြန်လေ၏။

"အဓိပ္ပာယ်ကကွာ . . . မိန်းမဆိုတာ ကျားသတ္တဝါ ဆိုတာ ဟုတ်ချင် ဟုတ်မှာပါပဲတဲ့၊ ဒါပေမဲ့ အသားမစားတတ်တဲ့ ကျား ဖြစ်ပါလိမ့်မယ်တဲ့၊ မိန်းမဆိုတာ ကြာပန်းလို လှပြီးနေရလေတော့ ဖျက်ဆီးချေမှုပစ်မယ့် လူတွေကို အမြဲကြောက်နေရပါတယ်တဲ့၊ အဲဒါကြောင့် သူ့ကို မတရားကြည့်ရင်၊ သူ့ကို မတရားနမ်းရင်၊ သူ့ကို မတရားဆွတ်ချူရင်တော့ ဒုက္ခဖြစ်စေမယ့် တန်ခိုးသတ္တိ တစ်မျိုးကို သဘာဝမိခင်ကြီးက ပေးထားပါတယ်တဲ့၊ ရိုးရိုးကြည့်ရင် ကြင်နာမှုနဲ့ နမ်းရင်၊ မြတ်နိုးမှုနဲ့ ဆွတ်ချူရင်တော့ ဘာမှ မဖြစ်နိုင်ပါဘူးတဲ့၊ ဒါဟာ မှန်တဲ့စကားပါပဲတဲ့၊ ဒါကြောင့်လဲ လောကကြီးမှာ လူဆိုတာ ရှိနေရတာပေါ့တဲ့၊ ဒီလိုမဟုတ်ဘဲ ကြည့်ရုံနဲ့၊ နမ်းရုံနဲ့၊ ဆွတ်ချူရုံနဲ့ ဒုက္ခဖြစ်ကုန်မယ်ဆိုရင် လောကကြီးမှာ လူဆိုတာ ဘယ်လိုလုပ်ပြီး ရှိတော့မှာလဲတဲ့၊ ဒါကြောင့် မှန်မှန်တတပြောဖို့လိုပါတယ်'လို့ဆိုနေတာကွ" ဟု တန်ဘီက ပြောလိုက်လေ၏။ ထို့နောက် ပထမလူက ပြန်၍ဆိုပြန်လေ၏။ ဗုံသမားကလည်း တီးပေးပြန်လေ၏။ ရေချမ်းကလည်း တန်ဘီအား အဓိပ္ပာယ်မေးပြန်လေ၏။ တန်ဘီကလည်း အောက်ပါအတိုင်း ပြောပြန်လေ၏။

"မိန်းမတွေက သမုဒ္ဒရာကြီးကို တစ်ကျိုက်တည်းနဲ့ ကုန်အောင် သောက်ပြမယ်လို့ပြောတာကိုပဲဖြစ်ဖြစ်၊ နေမင်းကြီးလို

www.burmeseclassic.com



အနောက်ကထွက်အောင် လုပ်ပြမယ်လို့ ပြောတာကိုပဲ ဖြစ်ဖြစ်၊ လမင်းမှာရှိတဲ့အရုပ်ကို ဖျက်ပစ်မယ်လို့ ပြောတာကိုပဲ ဖြစ်ဖြစ်၊ သင့်ကိုချစ်ပါတယ်လို့ ပြောတာကိုပဲဖြစ်ဖြစ် မယုံလိုက်ပါနဲ့တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းမရဲ့လျှာမှာအမှန်ပြောဖို့နေရာမရှိဘူးတဲ့”

ဤသို့လျှင် ဂေါ်ရင်ဂျီကုလားတို့သည် စကားရည်လုသကဲ့သို့ မိန်းမနှင့်ယောကျ်ားအကြောင်းကို တစ်လှည့်စီ သီချင်းဆိုရင်းနှင့်ပင် ညဥ့်နက်၍လာကာ အိပ်ချိန်သို့ ရောက်ရှိသွားသဖြင့် ၎င်းတို့သည် ပလက်ဖောင်းပေါ်၌ပင် နှစ်ခြိုက်စွာ အိပ်စက်ကြလေတော့၏။

* * * * *

## ပလုပ်ပလောင်း ညီအစ်ကို

နောက်တစ်နေ့ညတွင်လည်း ရေချမ်းတို့သည် ပလက်ဖောင်းတွင်အိပ်စက်ကြရလေ၏။ ဂေါ်ရင်ဂျီကုလားများလည်း အခါတိုင်းညကဲ့သို့ပင် ကုလားဟင်းများချက်ကြပြန်လေ၏။ သာညာဏ်နှင့် သာဖန် ညီအစ်ကိုလည်း တစ်လှည့်စီ ပုံပြောကြမြန်လေ၏။ ထိုညက သာညာဏ်က စ၍ပြော၏။ ပုံပြင်မှာ အောက်ပါအတိုင်း ဖြစ်၏။

“ဟိုးရှေးရှေးတုန်းက မြည်းသတ္တဝါတွေ စုပေါင်းနေတဲ့ တောအုပ်ထဲကို မျောက်နှစ်ကောင်ရောက်သွားတယ်၊ မျောက်နှစ်ကောင်ကလဲ သူစိမ်းတွေ မဟုတ်ဘူး။ ညီအစ်ကိုတွေ ဖြစ်ကြတယ်။ အစ်ကိုဖြစ်တဲ့ မျောက်ရဲ့နာမည်က မောင်ပလုပ် လို့ခေါ်တယ်၊ ညီဖြစ်တဲ့မျောက်ရဲ့နာမည်က မောင်ပလောင်း လို့ခေါ်တယ်။ အဲဒီ မျောက်ညီအစ်ကို ပလုပ်နဲ့ ပလောင်းဟာ ပုံပြောသိပ်ဝါသနာပါတယ်ဆိုပဲ . . . တခြားလူကို ပြောစရာမရှိရင် ညီအစ်ကို နှစ်ယောက်တည်း တစ်ယောက်တစ်လှည့်စီ ပုံပြောလေ့ ရှိတယ် ဆိုပဲ”

“အဲဒီတော့ မြည်းအုပ်ထဲရောက်သွားတဲ့အခါမှာလဲ သူတို့ညီအစ်ကိုဟာ တစ်ယောက်တစ်လှည့်ပုံပြောကြတယ်တဲ့၊ အစ်ကိုကြီးဖြစ်တဲ့ မျောက်ပလုပ်က . . .

“ညီလေးရယ် . . . ဒီကနေ ခရီးမဆက်ခင်မှာ ငါတော့ ပုံပြင်ကလေးတစ်ပုဒ် ပြောချင်တယ်၊ အဲဒါကလေး ပြောပြီးမှ ခရီးဆက်ကြရအောင် လို့ ဆိုတယ်၊ အဲဒီတော့ ညီဖြစ်တဲ့ မောင်ပလောင်းကလဲ ပြောချင်လဲပြောလေ၊ အစ်ကိုကြီး ပုံပြောပြီးမှ ခရီးဆက်ကြတာပေါ့လို့ ပြောလိုက်တယ်၊ အဲဒီတော့ မျောက်အစ်ကိုလုပ်တဲ့ကောင်က ရယ်စရာကောင်းတဲ့ ပုံပြင်ကလေး တစ်ပုံ ပြောလိုက်တယ်”

ညီလုပ်တဲ့ မျောက်ကလဲ နားထောင်ပြီးတော့ ‘တဟားဟား’ နဲ့ ရယ်တော့တာပဲ၊ သူတို့ညီအစ်ကိုနှစ်ယောက်အနားမှာ မြည်းသတ္တဝါတွေကလဲ လာပြီးနားထောင်ကြတယ်၊ ဒါပေမဲ့ အဓိပ္ပာယ်မပေါက်လို့ မရယ်ကြရှာဘူး၊ မျောက်ညီအစ်ကိုဟာ ရယ်စရာကောင်းတဲ့ ပုံကလေးတစ်ပုံပြောပြီး ခရီးဆက်သွားကြတယ်။

ဒီနေရာကိုတော့ တော်တော်နဲ့ ပြန်ပြီး ရောက်မလာကြတော့ဘူး၊ ရှစ်နှစ် ကိုးနှစ်လောက် ကြာတဲ့အခါကျမှ မျောက်ညီအစ်ကိုဟာ အဲဒီနေရာကို ပြန်ပြီးရောက်လာကြတယ်။

အဲဒီလိုရောက်လာတဲ့အခါမှာ . . . မြည်းသတ္တဝါတွေဟာ ခွက်ထိုးခွက်လန် ရယ်မောနေကြတယ်ဆိုပဲ၊ အဲဒီတော့ မျောက်ညီအစ်ကိုဟာ သင်တို့ ဘာကို ရယ်မောနေတာလဲ၊ သင်တို့ရယ်သံဟာ တောပျက်လုမတတ် ဖြစ်နေပြီလို့ မေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမှာ မြည်းသတ္တဝါတွေက ငါတို့ ဘာကိုမှ ရယ်တာ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ရှစ်နှစ်ကိုးနှစ်တုန်းက သင်တို့ညီအစ်ကို ပြောသွားတဲ့ပုံပြင်ကို ငါတို့ အခုမှနားလည်တယ်။ အဲဒါကြောင့် ရယ်နေကြတာ လို့ ပြန်ပြီးဖြေတယ်။

သာညာဏ်သည် ၎င်း၏ပုံပြင်ကို ထိုနေရာ၌ အဆုံးသတ်လိုက်လေ၏။ ထိုအခါ ထမင်းချက်သော ဂေါ်ရင်ဂျီကုလားက-

"မြည်းသတ္တဝါတွေကလဲ အ,လှချည့်လား၊ ရှစ်နှစ်ကြာမှ ရယ်ရသတဲ့ကွာ" ဟုပြောလိုက်ရာ အခြားသောဂေါ်ရင်ဂျီကုလားတစ်ယောက်က "ဟဲ့ကောင် နင် ဘာနားလည်လို့လဲ၊ မျောက်နှစ်ကောင်ဆိုတာ တခြားဟာ မဟုတ်ဘူး၊ သူတို့ညီအစ်ကိုပဲ၊ မြည်းသတ္တဝါတွေက ငါတို့အားလုံးကိုပြောတာ၊ ငါတို့ဟာ ညာဏ်မရှိတဲ့ ကောင်တွေ၊ သူတို့နှစ်ယောက်ပြောတဲ့ပုံတွေကို နောက်နှစ်တွေ အများကြီးကြာမှ နားလည်မှာလို့ ပြောနေတာ" ဟု ဆိုလေ၏။

ထို့နောက် ဂေါ်ရင်ဂျီကုလားများသည် ထိုအကြောင်းအရာနှင့်ပတ်သက်၍ ဂေါ်ရင်ဂျီစကားဖြင့် ငြင်းခုံကြရာ ဆူညံ၍ နေလေတော့၏။ ထိုသို့ ဆူညံနေရာမှ ဂန်ဂရား ဆိုသော ဂေါ်ရင်ဂျီကုလားက "တာပရာ" ဟု ခေါ်သည့် ကုလားဗုံကလေးကို "တိန် တိန် တိန် တိန်" နှင့် ခေါက်လေ၏။

ထိုသို့ ခေါက်လိုက်ရာ ဂေါ်ရင်ဂျီကုလားတစ်ဦးက သီချင်းဆိုလေ၏။ ထိုအခါ ရေချမ်းက ဂေါ်ရင်ဂျီကုလားတစ်ဦးအား-

"အခုဆိုနေတာဘာအဓိပ္ပာယ်လဲ" ဟုမေးလိုက်ရာ ဂေါ်ရင်ဂျီကုလားက . . .

"ဒီသီချင်းအဓိပ္ပာယ်ကဒီလိုကွ၊ ညာဏ်ဆိုတာ ဆင်းရဲချမ်းသာတာနဲ့ မဆိုင်ဘူး၊ သူဌေးကြီးလဲ ညာဏ်ထိုင်းချင် ထိုင်းမှာပဲ၊ ကူလီ



တစ်ယောက်ဟာလဲ ညာဏ်တောင်းချင် ကောင်းနေမှာပဲလို့ အဓိပ္ပာယ်ရှိတယ်" ဟု ရှင်းပြလေ၏။

ထိုအချိန်၌မှာပင် တခြားဂေါ်ရင်ဂျီကုလားတစ်ဦးက သီချင်းတစ်ပုဒ် ထပ်၍ဆိုပြန်လေ၏။ မောင်ရေချမ်းကလဲ အဓိပ္ပာယ်မေးပြန်လေ၏။ ဂေါ်ရင်ဂျီကုလားကလည်း အောက်ပါအတိုင်း အဓိပ္ပာယ်ပြန်ပြလေ၏။

"ဆင်းရဲတဲ့ကူလီမှာလဲ ညာဏ်ပညာရှိတယ်ဆိုတာ လက်ခံပါတယ်၊ အဲဒီဉာဏ်ပညာဟာ အဲဒီကူလီရဲ့ ဘယ်နေရာလောက်မှာ ရှိပါသလဲ ခေါင်းမှာရှိတာလား၊ ရင်ဘတ်ထဲမှာ ရှိတာလား၊ ဝမ်းဗိုက်ထဲမှာ ရှိတာလား၊ ခြေထောက်မှာ ရှိတာလား၊ ဘယ်နားမှာ ရှိပါသလဲကွယ်'

ထိုအခါ မောင်ရေချမ်းက "ဟုတ်ပါရဲ့ဗျာ၊ အဲဒီ ညာဏ်ဆိုတာက ကျုပ်တို့ရဲ့ ဘယ်နေရာမှာ ရှိတာတုံး၊ ခေါင်းထဲမှာလား၊ ရင်ဘတ်ထဲမှာလား၊ ဗိုက်ထဲမှာလား' ဟု မေးလိုက်လေ၏။ ထိုအချိန်၌မှာပင် ဂေါ်ရင်ဂျီကုလားတစ်ဦးသည် သီချင်းတစ်ပုဒ်ကို ဆိုပြန်လေ၏။ ထိုအခါ စကားပြန်လုပ်ပေးသောဂေါ်ရင်ဂျီက-

"အခု မူတူးဆိုတဲ့အကောင် ဆိုနေတဲ့ သီချင်းဟာ မင်းမေးတာကို ဖြေနေတာပဲကွ" ဟု ပြောလိုက်လေ၏။

"ဒီလိုဆိုလဲ အဓိပ္ပာယ်ပြန်ပြပါဦးဗျာ" ဟု မောင်ရေချမ်းက ပူဆာလိုက်ရာ . . . ထိုဂေါ်ရင်ဂျီကုလားက "မရှိတဲ့ ကလေးတစ်ယောက်ရဲ့ မိဘနှစ်ပါးရဲ့နာမည်ကို ဖင်းက ငါ့ကို ပြောပြနိုင်ရင် အခုလဲ ညာဏ်ဟာ ဘယ်နေရာမှာရှိတယ် ဆိုတာ ပြောပြနိုင်ပါတယ်တဲ့ကွယ်" ဟု ရှင်းပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရေချမ်းက "မရှိတဲ့ ကလေးရဲ့ မိဘဟုတ်လား၊ ပြီးတော့ အဲဒီမိဘတွေရဲ့နာမည်ဟုတ်လား။ ဘယ်လိုလုပ် ဖြစ်နိုင်မှာတုံး" ဟု ပြောလိုက်လေ၏။ ထိုအခါ ဂေါ်ရင်ဂျီကုလားက

"ဥပမာကွာ မင်းက အခုအခါမှာတော့ မိန်းမ မရှိသေးဘူး၊ ဒါပေမဲ့ နောင်တစ်ချိန်မှာ မင်းဟာ မိန်းမယူမှာပဲ။ အဲဒီအခါမှာ ကလေးတစ်ယောက်ရတယ် ဆိုပါတော့ကွာ၊ အခု မင်းနာမည်ကို ပြောရင် မရှိသေးတဲ့ကလေးရဲ့ မိဘနာမည် ဖြစ်နိုင်တာပေါ့ကွာ၊ တကယ်လို့ မင်းဟာ တစ်သက်လုံး အိမ်ထောင်မပြုတော့ဘူး ဆိုရင်တော့ မင်းဟာ ကလေးမရတော့ဘူးပေါ့ကွာ၊ အဲဒီလိုဆိုရင်တော့ မင်းနာမည်ကို ပြောတာဟာ မရသေးတဲ့ ကလေးရဲ့ မိဘနာမည်ကိုပြောတာ ဟုတ်ချင်မှဟုတ်မယ်၊ မင်း ငါ ပြောတာ နားလည်ရဲ့လား" ဟု မေးလိုက်လေ၏။

"လူတိုင်းဟာ မရှိသေးတဲ့ ကလေးမိဘတွေ ဖြစ်နိုင်တာပေါ့၊ မဖြစ်ချင်လဲ မဖြစ်ဘဲနေနိုင်တာပေါ့"ဟု ရေချမ်းက ပြောလိုက်ရာ ဂေါ်ရင်ဂျီကုလားက . . .

"နည်းနည်းတော့ နီးစပ်လာပြီကွ၊ လူတိုင်းဟာ မရှိသေးတဲ့ ကလေးရဲ့ မိဘတွေလို့ ဆိုနိုင်တယ်၊ အကြောင်းညီညွတ်ရင် သူတို့ဟာ တကယ်ရှိတဲ့ ကလေးမိဘတွေ ဖြစ်လာနိုင်တယ်။ အကြောင်းမညီညွတ်ရင် ဖြစ်မလာတော့ဘူးပေါ့ကွာ၊ အဲဒီတော့ ဉာဏ်ဟာ . . . ဘယ်မှာရှိသလဲဆိုတာ ပြောလို့ မရဘူးကွယ်၊ တည်နေရာရယ်လို့ ရှိတာမဟုတ်ဘူး။ အကြောင်းပေါ်မှ ထွက်လာတာကွ၊ ပြီးတော့လဲ ပြန်ပြီး ပျောက်သွားတာမျိုး" ဟု ပြောလိုက်လေ၏။

ထိုညကလည်း အခါတိုင်းညကဲ့သို့ပင် ညဉ့်နက်မှ အိပ်စက်ကြရ၏။ နောက်တစ်နေ့ညတွင်မူ သာဉာဏ်နှင့်သာဖန်ညီအစ်ကို



နှစ်ဦးသည် တစ်ယောက်တစ်လှည့် ပုံပြင်များကို ဆက်လက်ပြောကြပြန်၏။ သို့ရာတွင် ၎င်းတို့၏ပုံပြင်များသည် ခါတိုင်းည ပုံပြင်များနှင့်မတူတော့ဘဲ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားကြပြီဖြစ်၏။

## ရေချမ်းထံသို့ မုတ်ဆိတ်ဖြူကြီး ပြန်လည်ရောက်ရှိလာခြင်း

ဤသို့နှင့်ပင် ရေချမ်းသည် တရုတ် ကိုရွှေခေါ်၏ ပွဲရုံ၌ ပျော်ရွှင်စွာ အလုပ်လုပ်ခဲ့လေ၏။ နှစ်နှစ်ခန့်ကြာသောအခါ၌ ၎င်းအားရောင်းစားခဲ့သောမုတ်ဆိတ်ဖြူအဘိုးကြီးသည် ပွဲရုံသို့ ရောက်ရှိလာပြီးလျှင် တရုတ်ကိုရွှေခေါ်နှင့် စကားပြောလေ၏။ ထိုသို့စကားပြောပြီးနောက် . . . ရေချမ်းအား ခေါ်ကာ "ကဲ ဟော့ကောင် မင်းကိုလာခေါ်တာပဲ" ဟု ပြောလိုက်ရာ ရေချမ်းက-

"ဘယ်ကို ခေါ်သွားဦးမလို့တုံး" ဟု ပြန်၍ မေးလိုက်လေ၏။ ထိုအချိန်၌မှာပင် သာဉာဏ်နှင့်သာဖန်ညီအစ်ကိုနှစ်ယောက်သည် ရောက်ရှိလာပြီးနောက် အနီး၌ထိုင်လေ၏။ ပွဲရုံပိုင်ရှင်တရုတ်ကိုရွှေခေါ်သည် သာဉာဏ်နှင့် သာဖန်ညီအစ်ကိုအား ၎င်းတို့စုဆောင်းထားသော လုပ်ခငွေများကို ထုတ်ပေးလိုက်လေ၏။ ထို့နောက် ကိုရွှေခေါ်က "သာဉာဏ်နဲ့ သာဖန် မင်းတို့နှစ်ယောက် ဒီကအပြီးအလုပ်ထွက်ကြမယ်မဟုတ်လား၊ ပြီးတော့ ပဲခူးဘက်မှာ ပွဲရုံလုပ်ကြမယ်ဆို" ဟု မေးလိုက်ရာ ၎င်းညီအစ်ကိုနှစ်ဦးက . . .

"မှန်ပါတယ် ကိုရွှေခေါ်၊ အဲဒီကိစ္စ ခင်ဗျားကိုလဲ ပြောထားပြီပဲ၊ ကုန်ကလေးဘာလေး ခွဲပြီး ပို့ဖို့လဲ ကျုပ်တို့က အစီအစဉ်အညီ တောင်းထားပြီပဲ" ဟု ပြန်၍ဖြေကြလေ၏။ ထိုအခါ တရုတ်

www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေခေါက "မင်းတို့ပွဲရုံမှာ တစ်ယောက်တလေ ရှယ်ယာဝင်လို့ မရဘူးလား" ဟု မေးလေ၏။

"လူကောင်းသူကောင်းဆိုရင်တော့ . . . လက်ခံရမှာပေါ့ ကိုရွှေခေါရာ၊ သမင်နှစ်ကောင်စားပွဲထိုင်နေတဲ့ နေရာကိုတော့ ကျားကြီးတစ်ကောင်ကို ညှော့သည်အဖြစ် ထမင်းစားဖိတ်လို့ ဘယ်ဖြစ်မတုံး၊ ညှော့သည်ကျားကြီးက အိမ်ရှင် သမင်နှစ်ကောင်ကိုပါ ပွဲတော်တည်သွားမှာပေါ့" ဟု သာညာကက ပြောလိုက်ရာ တရုတ်ကိုရွှေခေါသည် တခစ်ခစ်ရယ်လေ၏။ ထိုသို့ရယ်ပြီးနောက် ...

"ကတ်သီးကတ်သတ်ကွာ . . . ကျားကြီးကို မလွှတ်ပါဘူး၊ ယုန်ကလေးကို လွှတ်လိုက်မှာပါ" ဟု ပြောလိုက်လေ၏။

"သမင်နှစ်ကောင်ရဲ့ထမင်းစားပွဲက မြင့်တယ်ဗျ၊ ယုန်ကလေးက ဘယ်လိုလုပ်ဝင်စားမှာတုံး" ဟု သာဖန်က ပြောပြန်လေ၏။ ထိုအခါ တရုတ်ကိုရွှေခေါက . . . "မင်းတို့စားပြီးလို့ ပစ်ချတဲ့ အရိုးအရင်းကလေးတွေ စားမှာပေါ့ကွာ" ဟု ပြောလိုက်ရာ ရင်းညီအစ်ကိုသည် သဘောကျ၍ရယ်လေ၏။ ထိုသို့ ရယ်ပြီးနောက် သာညာကက . . .

"ကိုရွှေခေါရယ် . . . ခင်ဗျားနာမည်ကို ကိုရွှေပြောလို့သာ ပြောင်းလိုက်ပါတော့" ဟု ပြောဆို၍ ရယ်မောလေ၏။

ထိုအခါ ကိုရွှေခေါက "ဒီလိုကွ၊ မင်းတို့အထဲကို ထည့်မှာ တခြားလူမဟုတ်ပါဘူး၊ ဟောဒီမောင်ရေချမ်းကိုထည့်ချင်တာ" ဟု ပြောလိုက်ရာ ထိုညီအစ်ကိုက . . .

"သြော် ဒီ ရေခဲတုံးကလေးကို ပြောတာလား၊ ရပါတယ်ဗျာ ရပါတယ်၊ ကျုပ်တို့ ညီအစ်ကိုနှစ်ယောက်စလုံးက ကျေနပ်ပါတယ်" ဟု ပြောလိုက်ရာ ကိုရွှေခေါက ငွေငါးရာကိုထုတ်၍ "ဟောဒါ . . . မောင်ရေချမ်းအတွက် ရှယ်ယာငွေပဲကွ" ဟု



ပြောလိုက်လေ၏။ သာညာကနှင့် သာဖန်တို့ ညီအစ်ကိုလည်း ထိုငွေငါးရာကိုလက်ခံရင်း "မောင်ရေချမ်းပါလာတာ ကောင်းပါတယ်။ သူက အတွက်အချက်နိုင်တာပဲ၊ ပေသီးလဲ ခေါက်တတ်နေမှာပဲ" ဟု ပြောလိုက်လေ၏။ ထိုအခါ တရုတ်ကိုရွှေခေါက နံရံတွင်ချိတ်ထားသော တရုတ်ပေသီးကွက်ကို ဖြုတ်၍ ရေချမ်းအား ပေးရင်း . . .

"အဲဒါ ငါ့ရဲ့လက်ဆောင်ပဲ . . . အဲဒီပေသီးကွက်တစ်ခုနဲ့ ထောင်ကဲ ရေချမ်းဖြစ်အောင်လုပ်ပေတော့၊ ကောင်းကောင်းစား ကောင်းကောင်းအလုပ်လုပ်၊ မွဲသွားရင် အောက်ကပြန်စ၊ ပြန်ပြီးထောင်ကဲဖြစ်အောင်လုပ်၊ ငွေကိုမချစ်နဲ့ ငွေကိုမရှိသေနဲ့၊ ငွေဆိုတာ လူတွေက လုပ်ထားတာ၊ လူရှာရင်ရတယ်၊ လူသုံးပစ်ရင် ကုန်တယ်၊ ပြီးတော့ . . . ငွေက သူ့ကိုကြောက်တဲ့လူကို ဖြဲခြောက်တတ်တယ်၊ သူ့ကို ချစ်တတ်တဲ့လူကို သူက မူတတ်တယ်၊ သူ့ကိုရှိသေတဲ့လူကို သူက အနိုင်ကျင့်တတ်တယ်၊ ငွေနဲ့လူဟာ ယှဉ်ပြိုင်ကစားဘက်တွေဖြစ်တယ်၊ ဉာဏ်ကောင်းတဲ့လူ ဇွဲရှိတဲ့လူတွေဟာ ငွေနဲ့ဖက်ပြိုင်ပြီးကစားကြတယ်၊ တစ်ခါတလေ ဉာဏ်လဲကောင်းပါတယ်၊ ဇွဲလဲကောင်းပါတယ်ဆိုတဲ့ လူတွေက ငွေကိုအရှုံးပေးရတာရှိသေးတယ်၊ အဲဒါဘာကြောင့်လဲဆိုတော့ ကံဆိုတဲ့ဟာက လူဘက်ကိုမပါဘဲ ငွေဘက်ကိုပါသွားတဲ့အခါမှာ ဇွဲကောင်းလဲမရဘူး၊ ဉာဏ်ကောင်းလဲမရဘူး၊ ငွေက လူကိုနိုင်သွားတယ်၊ လူ့ရင်ဘတ်ကို ငွေက ခြေထောက်နဲ့ စုံကန်ပြီး ထွက်သွားတယ်၊ တစ်ခါတလေ ဉာဏ်လဲမကောင်းဘူး၊ ဇွဲလဲ မရှိဘူးဆိုတဲ့ လူတလဲ ငွေနဲ့ဖက်ပြိုင်တဲ့အခါမှာ ငွေကရှုံးပြီး လူကအနိုင်ရတဲ့အခါမျိုးလဲရှိတာပဲကွ၊ အဲဒါကဘာလဲဆိုတော့ ကံဆိုတဲ့ဟာက လူဘက်ကိုဘက်လိုက်တဲ့အခါမျိုးမှာဖြစ်တတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အခုငါပြောတဲ့စကားတွေဟာ ကံကိုဦးစားပေးတဲ့ စကားတွေလို့ မင်းထင်ချင်ထင်မယ်၊ ဒီလိုမဟုတ်ဘူးကွ၊ ကံဆိုတာက ဒူးရင်းသီး ဝယ်စားရသလိုပဲ၊ အထဲမှာ ကောင်းမယ် ထင်ပြီး ဝယ်တာပဲ၊ တကယ်လဲ ခွဲလိုက်ရော အစေ့ချည်းပဲ ဖြစ်ချင်ရင် ဖြစ်နေတာ၊ ကိုယ်ကမကောင်းဘူးထင်တဲ့ အလုံးတလဲ အထဲကျတော့ အမွှာတွေအများကြီးနဲ့ အသားတွေ အထူကြီး ဖြစ်ချင်ဖြစ်နေတာ၊ အဲဒီတော့ ကံဆိုတာကိုဖယ်ပြီး ကိုယ်လုပ်စရာရှိတာကို လုပ်ရမှာပဲ၊ ကံက ကိုယ့်ဘက်မပါလို့ ဒုက္ခရောက်ရင်တော့ အီကြာကွေးနဲ့ ဆန်ပြုတ်ပဲ စားပေါ့ကွာ၊ ကိုယ့်ဘက်ပါရင်တော့ အစိမ်းကြော် တောက်တောက်ကြော်တွေနဲ့ စားပေါ့” ဟု တရုတ်ကိုရွှေခေါက ပြောလိုက်ရာ သာဖန်က . . .

“ကိုရွှေခေါရယ်၊ ခင်ဗျားဟောတဲ့တရားက တယ်ကောင်းပါလားဗျာ၊ ဒါပေမဲ့ . . . ရိုးရိုးတရားတော့ မဟုတ်ဘူး၊ တရားနဲ့ ထမင်းနဲ့ဗျ၊ ဟိုမွှေဒီမွှေနဲ့ လုံးလည်ချာလပတ် ဖြစ်သွားတာပဲ” ဟု ပြောလိုက်ရာ တရုတ် ကိုရွှေခေါသည် လွန်စွာ သဘောကျသွား၍ ‘တခစ်ခစ်’ နှင့် ရယ်နေလေတော့၏။

ထို့နောက် ၎င်းတို့သည် တရုတ်ကိုရွှေခေါအား နှုတ်ဆက်ပြီးနောက် ထိုဆိုင်မှ ထွက်လာကြလေတော့၏။ လမ်းတွင် မုတ်ဆိတ်ဖြူကြီးက ၎င်း၏လွယ်အိတ်ကြီးအတွင်းမှ စာအိတ်ကြီးတစ်လုံးကိုထုတ်၍ ရေချမ်းအားပေးလိုက်လေ၏။ ရေချမ်းလည်း လှမ်း၍ယူပြီးနောက် ထိုစာအိတ်ကို ဖွင့်လိုက်ရာ အတွင်းမှ ငွေငါးရာ ထွက်လာနေလေ၏။

“ငွေတွေပါလား” ဟု ရေချမ်းက ပြောလိုက်၏။

“အေး ဟုတ်တယ် မင်းကို ရွှေခေါဆီမှာ ရောင်းစားသွားတုန်းက ငါယူသွားတဲ့ ငွေတွေပဲ၊ အဲဒီအတိုင်း ထည့်ထားတာ၊ အခု မင်းကို ပြန်ပေးတာ” ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်လေ၏။ ထိုအခါ ရေချမ်းသည် မုတ်ဆိတ်ဖြူကြီး၏ မျက်နှာကို မော့ကြည့်လိုက်လေ၏။



“ခင်ဗျား ကျုပ်ကို တကယ်ရောင်းစားသွားတာမဟုတ်ဘဲကိုး” ဟု ရေချမ်းကရေရွတ်လိုက်လေ၏။ မုတ်ဆိတ်ဖြူကြီးက “ကဲ ငါသွားမယ်၊ ဟိုညီအစ်ကိုကိုလဲ ကျုပ်က နှုတ်ဆက်ပါတယ်” ဟု ပြောလိုက်ရာ သာညာက . . .

“ပဲခူးကိုလိုက်ခဲ့ပါဦးလား၊ ပွဲရုံလုပ်မယ့်နေရာကို ဒီကနေ့ပဲ ငွေချေမှာ၊ လိုက်ဖို့ကောင်းပါတယ်၊ ဒါမှ ရေချမ်းနဲ့ တွေ့ချင်ရင် ကျုပ်တို့ပွဲရုံကိုလာတွေ့တာမှာပေါ့” ဟု ပြောလိုက်၏။

“ဩော် . . . မင်းတို့လုပ်တဲ့ ပွဲရုံနေရာသိဖို့ ငါ့ကိုခေါ်နေတာလား၊ သိပါတယ်ကွာ၊ ပဲခူးအထွက်က ကိုပေါ်ထွန်းရဲ့အိမ်ပါ၊ ပွဲရုံလုပ်ဖို့ မင်းတို့လာပြီး စရန်ပေးသွားတာလဲ သိပါတယ်၊ အဲဒါကြောင့် ရေချမ်းကို ရွှေခေါဆီကထုတ်ပြီး မင်းတို့နှစ်ယောက်နဲ့ ထည့်လိုက်ဖို့ အချိန်မီ ငါ ရောက်လာတာပေါ့” ဟု မုတ်ဆိတ်ဖြူကြီးက ပြောလိုက်ရာ သာညာက . . .

“ခင်ဗျားကလဲ ရှာလည်ချောင်းထိပ်က အိမ်သာကြီးကျနေတာပဲ၊ အားလုံးကို သိနေတာပဲကိုး” ဟု ပြောလိုက်လေ၏။ ထို့နောက် မုတ်ဆိတ်ဖြူကြီးသည် ၎င်းတို့သုံးဦးအား နှုတ်ဆက်၍ လမ်းခွဲသွားလေတော့၏။

♛ ♛ ♛

ထို့နောက် ၎င်းတို့သုံးဦးသည် သံချေးဘို့ဝင်၍ ဆိုင်းဘုတ်ရေးသောဆိုင်ကို ရှာကြလေ၏။ ဆိုင်းဘုတ်ရေးသောဆိုင်ကို တွေ့သောအခါ၌ . . .

www.burmeseclassic.com

www.burmeseclassic.com



"ပွဲရုံလုပ်ဖို့ ဆိုင်းဘုတ်အစ်ချင်လို့ပါဗျာ" ဟု ပြောလိုက်ရာ ဆိုင်းဘုတ်ရေးသော ပန်းချီဆရာက "ရေးချင်တဲ့စာ ပြောလေ" ဟု မေးလေ၏။ ထိုအခါ သာဖန်က . . .

"သမင်နှစ်ကောင် ယုန်တစ်ကောင်ပွဲရုံလို့ ရေးချင်တယ်ဗျာ" ဟု ပြောလျှင် ပန်းချီဆရာက . . .

"ဒီနာမည်က တယ်ဆန်းပါလား၊ ဗေဒင်ဆရာ တွက်ပေးထားတာထင်တယ်၊ ကောင်းတယ်၊ ကောင်းတယ်၊ အလုပ် လုပ်တာ ဗေဒင်တွေဘာတွေတွက်ပြီးလုပ်တာ ကောင်းတယ်ဗျို့၊ ဒါပေမဲ့ ဗဟုသုတဖြစ်အောင် ပြောလိုက်ဦးမယ်၊ ဆေးမှာ နဝင်း၊ ဆေးလိပ်ကက်ကင်းတဲ့ဗျ၊ ဆေးဖော်ပြီးရောင်းမယ်ဆိုရင် နဝင်းကိုက်အောင် မှည့်ရတယ်၊ ဆေးလိပ်ရုံထောင်မယ်ဆိုရင်တော့ ကက်ကင်းဖြစ်အောင် မှည့်ရတယ်၊ ပွဲရုံတို့ဘာတို့ ဆိုရင်တော့ နိမိတ်နဲ့ မှည့်ရတယ်၊ လက်ဖက်ရည်ဆိုင်တို့ စားသောက်ဆိုင်တို့ကတော့ အတိတ်နဲ့မှည့်ရတယ်" ဟု မိမိနှင့်မဆိုင်သော ကိစ္စ လေကြောရှည်လေတော့၏။

ထိုအခါ သာညက်က "အခု ကျုပ်တို့ပွဲရုံက ဘာနဲ့မှည့်ထားတာလဲဗျာ . . . ကျုပ်တို့ကို ရှင်းပြပါဦးဗျာ" ဟု ပြောလိုက်ရာ ပန်းချီဆရာက . . . "ဒါက နိမိတ်နဲ့မှည့်တာပဲ၊ ယုန် ဗုဒ္ဓဟူးဗျာ၊ သမင်က သောကြာနဲ့ ကြာသပတေးဗျာ၊ အဲဒီတော့ ဒီဆိုင်းဘုတ်မှာ လေး၊ ငါး၊ ခြောက်၊ အကုန်လုံးပါတာပေါ့၊ ပြီးတော့ယုန်ကလဲ မြက်စားတယ်ဗျာ၊ သမင်ကလဲ မြက်စားတယ်ဗျာ၊ အဲဒီတော့ မြက်မြက်ကလေး စားရမယ့် သဘောပေါ့ဗျာ၊ ယုန်ကော၊ သမင်ကောဟာ တောတိရစ္ဆာန်တွေထဲမှာ တော်တော်အေးချမ်းတဲ့ သတ္တဝါဗျ၊ အဲဒီတော့ . . . ရောင်းသူဝယ်သူ နှစ်ဦးစလုံး အေးချမ်းမယ့် နိမိတ်ပေါ့ဗျာ၊ ပြီးတော့ ယုန်ရယ်၊ သမင်ရယ်၊



ယုန်သမင်ပေါ့ဗျာ၊ အဲဒီ ယုန်သမင်ဆိုတဲ့စာမှာ အလယ်က 'သ' ကို ချေလိုက်ရင် ယုန်နဲ့ မင်နဲ့ကျန်မယ်၊ ယုန်နဲ့ မင်ဟာ လေးနဲ့ ငါး ပေါ့ဗျာ၊ ပွဲရုံဆိုတာ ငါးနဲ့ လေးဗျ၊ ဂုဏ်ကင်းမိအောင် လုပ်ထားတဲ့သဘောလဲပါတယ်၊ ဒီပွဲရုံနာမည်ကို ပေးလိုက်တဲ့လူဟာ ဗေဒင်ပညာဘက်မှာ နည်းနည်းနောနောခေါက်မိတဲ့ လူစားမျိုးမဟုတ်ဘူး၊ အတော့်ကိုပိုင်ပိုင်နိုင်နိုင်တတ်တဲ့နာမည်ပဲ" ဟု ပြောလိုက်ရာ သာဖန်က . . .

"မှန်ပါတယ်ဗျာ၊ ဗေဒဗိမာန် ဆရာသာညက် ဆိုတဲ့လူ ပေးတာပါ" ဟု ပြောလိုက်လေ၏။ ထို့နောက် ၎င်းတို့သည် ဆိုင်းဘုတ်အရွယ်အစားနှင့် ရေးရမည့်အကြောင်းအရာများကို ပြောဆို၍ စရန်တစ်ဝက်ပေးကာ ဆိုင်းဘုတ်ရမည့် ရက်ချိန်းကို တောင်းလိုက်လေ၏။ ထိုအခါ ပန်းချီဆရာက တစ်ပတ်ခွာ၍ ချိန်းလိုက်လေ၏။ ထို့နောက် ၎င်းတို့သုံးဦးသည် ပန်းချီဆရာအား နှုတ်ဆက်ကာ ပဲခူးသို့ ကားကြုံဖြင့် လိုက်သွားလေ၏။

လမ်းတွင် ရေချမ်းက "ကိုသာဖန်ရယ် . . . ပန်းချီဆရာကြီး ပြောတာ မဆိုးဘူးနော်" ဟု ပြောလိုက်ရာ သာဖန်က . . .

"အလကား . . . လူပေါကြီး၊ မင်း မယုံရင်ကြည့်၊ ဆိုင်းဘုတ် ပြီးတဲ့အခါမှာ လုံးဝမကောင်းစေရဘူး၊ ဘာဖြစ်လို့လဲ သိလား၊ သူနဲ့ပတ်သက်တဲ့အလုပ်ကိုမှ စိတ်မဝင်စားဘဲ၊ သူနဲ့ မပတ်သက်တဲ့ ဗေဒင်ကို စိတ်ဝင်စားနေတယ်၊ ဆိုင်းဘုတ်အပ်တာပဲကွာ၊ ဘာရောင်နဲ့ရေးမလဲ၊ အောက်ခံကိုဘာရောင်ရေးမလဲ၊ စာလုံးကို ဘယ်လိုလုပ်မယ်၊ သမင်ပုံနဲ့ ယုန်ပုံကို ဘယ်နေရာမှာရေးမယ်လို့ ပြောရမှာပေါ့ကွာ၊ အဲဒါတွေမပြောဘဲ သူနဲ့မဆိုင်တဲ့ ကက်ကင်းတွေ၊ နဝင်းတွေနဲ့၊ ငါဖြင့်ကွာ နားရင်းသာ တီးလိုက်ချင်တော့တာပဲ"ဟု ပြန်၍ပြောလေ၏။ ထို့နောက် ၎င်းတို့သုံးဦးသည်

www.burmeseclassic.com

www.burmeseclassic.com



စကားတပြောပြောနှင့်လိုက်ပါခဲ့ကြရာ ပဲခူးသို့ရောက်ရှိခဲ့ကြလေတော့၏။ ပဲခူးရောက်လျှင် အိမ်ရှင် ဦးဧပါထွန်း ဆိုသူအား အိမ်ငှားခ ငွေချေပြီးနောက် . . . ပွဲရုံလုပ်ရန်အတွက် အိမ်ကို လှည်းကျင်းကြလေတော့၏။ သစ်သားခြမ်းများဝယ်ကာ ပစ္စည်းများ တင်ရန်အတွက် ဆင့်များ၊ တန်းများ ရိုက်ကြလေတော့၏။ ထို့နောက် သော့ခတ်၍ရသော အံဆွဲပါသည့် စားပွဲဟောင်း တစ်လုံးကို ဈေးသက်သာစွာနှင့် ရှာဖွေဝယ်ယူပြီးလျှင် ငွေချေရန် စားပွဲပြုလုပ်ကြလေ၏။

အလုံးစုံပြည့်စုံသောအခါ၌ နောက်ဘက်ခန်းတွင် ၎င်းတို့ သုံးဦး အိပ်ရန်အတွက် ကွပ်ပျစ်ကြမ်းသုံးခုကို ရိုက်ကြလေ၏။ ထို့နောက် သာညက်က ရေချမ်းအား . . . "ဟော့ကောင် ရေချမ်း၊ မင်းအိတ်ထဲက ရွှေခေါ်ပေးလိုက်တဲ့ ချောက်ဂျက်ကြီးထုတ်ပြီး တိုင်မှာချိတ်ပါကွ" ဟု ဆိုသဖြင့် ရေချမ်းလည်း ပေသီးကို ထုတ်ယူ၍ တိုင်၌ ချိတ်ရလေ၏။ ထိုအခါ သာဖန်က . . .

"အခုမှ တရုတ်ပွဲရုံနဲ့တူတာကွ" ဟု ပြောရာ ရေချမ်းက "ပေသီးက အတော်အသုံးဝင်တာ ကိုသာညက်ရဲ့၊ အဲဒါကို မခေါက်တတ်ခင်တုန်းက စာရင်းတွက်ရတာ သိပ်ခက်တာ၊ ခုတော့ဗျာ ဘယ်လိုစာရင်းမျိုးတွက်ရမလဲ၊ ကျပ်၊ ပဲ၊ ပိုင်၊ ဟိုး ပိုင်စွန်းကလေးအထိ တွက်လို့ရတယ်၊ မြန်လဲမြန်တယ်ဗျ" ဟု ပြောလိုက်ရာ သာဖန်က . . .

"မှန်တာပေါ့ ငါ့လူရာ၊ ငါတို့တော့ မင်းဆီက ပြန်ပြီး သင်ရဦးမယ်" ဟု ပြောလေ၏။

"ရပါတယ်ဗျာ . . . သင်ပေးပါ့မယ်၊ ပွဲရုံလုပ်တယ်ဆိုတာ စာရင်းအင်းတော့ နိုင်မှဖြစ်မှာကိုး၊ ဒါကြောင့် လူကြီးတွေက လုပ်ငန်းမှာ စာရင်း၊ အင်းမှာ ယင်းလို့ ပြောတာကိုး၊ အင်းမှာလဲ



ယင်းမကောင်းရင် ငါးတွေလွတ်ကုန်နိုင်တယ်၊ လုပ်ငန်းမှာလဲ စာရင်းမနိုင်ရင် ရှုံးသွားနိုင်တယ်"ဟုပြောလိုက်ရာ သာညက်က-

"ရေချမ်းရယ် မင်းပြောလို့ ငါက ပြောရဦးမယ်၊ စာရင်းနိုင်ရုံ အရောင်းအဝယ်လုပ်ငန်းလုပ်လို့ရတယ်ဆိုတာ ဟုတ်ပါလိမ့်မယ်၊ ဒါပေမဲ့ ငါတို့မြို့ကကောင်တစ်ကောင်ဟာ မြို့တက်ပြီး ပညာသင်တယ်ကွ၊ ပညာစုံလို့ပြန်လာတဲ့အခါမှာ ခုလိုပဲ ပွဲရုံလုပ်ငန်းလုပ်တယ်၊ အဲဒီသူ့လုပ်ငန်းမှာ စာရင်းစာအုပ်ချည်းပဲ စားပွဲပေါ် တင်ထားတာ တစ်တောင်လောက်မြင့်တယ်ကွ၊ စာရင်းမှတ်တာကလဲ ကိုရွှေခေါ် မှတ်သလို မဟုတ်ဘူးကွ၊ ငါကတော့ နားမလည်ပါဘူးကွာ၊ သူပြောတာ ကြားဖူးတာကတော့ . . . ဒစ်လစ်တို့၊ ဖလက်ဒစ်တို့၊ တပရယ်အင်တွိတို့၊ လယ်ဂျာတို့၊ ဂျာနယ်တို့ စုံနေတာပဲကွာ"

"ကုန်ဖိုးရှင်းတဲ့အခါကျရင်လဲ သူဟာ ဘယ်လိုရှင်းလဲတော့ မသိဘူး၊ ငါကတော့ နားမလည်ပါဘူး၊ သူပြောတာ ကြားရတာ တော့ မြီစားတဲ့၊ မြီရှင်တဲ့၊ ဗယ်လင့်တဲ့။ အဲဒါတွေပဲ ကြားရတာပဲ၊ ပြီးတော့ . . . မင်းလဲ ပွဲရုံမှာလုပ်ခဲ့တာပဲ၊ ဘယ်ပစ္စည်း ဘယ်မှာ ဘယ်လောက်ရှိတယ်ဆိုတာ ကိုရွှေခေါ်သာ မဟုတ် ပါဘူး၊ ငါတို့အားလုံးသိနေကြတာပဲ၊ ဒါပေမဲ့ အဲဒီမြို့ကျောင်းသား ကတော့ ဗင်းကာဒ်ဆိုတဲ့ ကတ်ပြားတွေလဲ ချိတ်တယ်ကွ၊ အဲဒီ ကတ်ပြားတွေမှာလဲ ရဆီ၊ အစ်ရှူး၊ ဗယ်လင့် ဆိုတာတွေကို အင်္ဂလိပ်လိုရေးထားသေးတယ်ကွာ၊ ငါက မတတ်ပါဘူးကွာ၊ သူ ပြောထားလို့ မှတ်ထားတာပါ၊ ကုန်မှာတဲ့လူလာရင် ချက်ချင်း မပြောသေးဘူး၊ အဲဒီဗင်းကာဒ်ကိုဖြုတ်ပြီး ယူလာခိုင်းသေးတယ်၊ ပြီးတော့မှ အဲဒီ ရဆိစ်ဖြစ်ပြီး၊ ဘယ်လောက်အစ်ရှူးဖြစ်ပြီးပြီ

www.burmeseclassic.com

www.burmeseclassic.com



ဗယ်လင့် ဘယ်လောက် ကျန်တယ်ပေါ့ကွာ၊ အဲဒီလိုဖတ်ပြီးမှ ကိုယ်တော်က စကားပြောတာကွ။

"အဲဒီကတည်းက ဒီကောင်ပြုတ်တော့မယ် ဆိုတာ ငါတို့ သိပါတယ်၊ ဒါလောက်ပုံကြီးချဲ့နေကတည်းက ဒီကောင့်အလုပ် ဟာ မဟန်ပါဘူး၊ ပြီးတော့ကွာ ဒီကောင်နဲ့ အလုပ်လုပ်တိုင်း အင်္ဂလိပ်စကားက နားကိုညည်းနေတာပဲ၊ ပြောတိုင်းပြောတိုင်းလဲ တံတွေးတွေ စဉ်တယ်ကွာ၊ အင်္ဂလိပ်တွေဟာ သူတို့စကားကို ပြောတိုင်း ဒီကောင့်လိုသာ တံတွေးတွေ ထွက်ရမယ်ဆိုရင် လန်ဒန်မြို့ကြီးပေါ်မှာ တံတွေးတွေနဲ့ ရွံနေမှာပဲလို့ ငါတော့ ထင်တယ်ကွာ" ဟု ပြောလိုက်ရာ ရေချမ်းက . . .

"အဲဒီလူ ပွဲရုံပြုတ်ပြီး ဘာလုပ်နေလဲ၊ နောက်ဆုံး ဘယ်လို ဖြစ်သွားလဲ" ဟု မေးလေ၏။

"ဘယ်လိုမှမဖြစ်ဘူး၊ နောက်ဆုံးမှာ ဘိုအိမ်က ထမင်းချက် ဖြစ်သွားတယ်၊ အမှန်ကတော့ကွာ ကိုရွှေခေါ်တို့လုပ်တာ နည်း အကျဆုံးပဲကွ၊ စာရင်းမှတ်တာလဲ စာအုပ်ဒါလောက်မများဘူး၊ စာအုပ်အရှည်ကလေးတစ်အုပ်နဲ့ ကိစ္စကပြီးတယ်၊ အကြောင်း အရာတွေက ဘယ်လောက်ရှည်ရှည် ဘူးသီးငါးပေါင်းကြော်နဲ့ တူတဲ့ တရုတ်စာလုံးကလေး နှစ်လုံးလောက်နဲ့ ပြီးတယ်ကွ၊ ငါတော့ကွာ ရွှေခေါ်ဆီမှာ အလုပ်လုပ်ရတာ ပညာရခဲ့တာပဲ" ဟု သာညာက ပြောလေ၏။ ထိုအခါ သာဖန်က . . .

"ရွှေခေါ်ကြီးဟာ ငါတို့ကျေးဇူးရှင်ကြီးပါကွာ၊ ဒီတစ်ခါ ငါတို့ ရွာမှာ ဘုန်းကြီးပျံဖြစ်လို့ စတုဒိသာကျွေးရင် သူ့ကိုခေါ်ကျွေး ရဦးမယ်" ဟု ပြောလိုက်လေ၏။

"ဒီလိုဆိုရင်ဗျာ . . . ခင်ဗျားတို့ရွာမှာ ဘုန်းကြီးပျံမရှိရင် ဘယ့်နှယ်လုပ်မတုံး" ဟု ရေချမ်းက မေးလေ၏။



"ဒီအတွက် မပူပါနဲ့ကွာ၊ တို့ဆရာတော်ကြီးက အသက်ကြီး ပါပြီကွ . . . ဒီကြားထဲ မြို့က ဒကာ ဒကာမတွေက လာပြီး အဆော့တကိတ်ဆိုလား၊ ဘာဆိုလား လာလာပြီး လှူနေတော့ ဆရာတော်ကြီးလဲ . . . ရင်ကျပ်နေပါပြီ၊ ဒီကြားထဲ သူ့ကျောင်း အောက်မှာ အင်္ဂရိတ်ဆရာကြီးတစ်ယောက် ရောက်လာပြီး ဘာတွေလုပ်မှန်းမသိဘူး၊ ညှော်လိုက်တာကွာ၊ အဲဒီတော့ အညှော်တွေလဲ ဝနေပါပြီ" ဟု သာဖန်က ပြောလေ၏။

ထို့နောက် ၎င်းတို့သည် ကုန်များရရှိရန် ဆက်သွယ်ကြလေ တော့၏။ ကုန်များကို စတင်လက်ခံကြလေတော့၏။ ရေချမ်း လည်း ပေသီးတဂျောက်ဂျောက်ဖြင့် အလုပ်လုပ်၏။ ကုန်ချိန်၏။ ကုန်ပစ္စည်းများ မာကင်ရိုက်၏။ ကုန်များလျှင် ကရွတ်ကိုင်ပေး ရ၏။ သာညာနှင့် သာဖန် ညီအစ်ကိုလည်း သွက်လက်စွာ အလုပ်လုပ်ကြလေ၏။ တစ်ပတ်ခန့်ကြာသောအခါ၌ သာညာ သည် ရန်ကုန် သံဈေးသို့သွား၍ ဆိုင်းဘုတ်ကို ရွေးယူခဲ့လေ၏။

ဆိုင်းဘုတ်ကြီးရောက်လာသောအခါ၌ ၎င်းတို့သုံးယောက် သာမက ပွဲရုံတွင်ရောက်နေသော လူများလည်း ဝိုင်းဝန်းကြည့်ရှု ကြလေ၏။ ပန်းချီဆရာမှာ အလွန်ချာ၏။ ဆိုင်းဘုတ်ကို အောက်ခံအနက်သုတ်၍ စာလုံးကိုအဖြူနှင့်ရေး၏။ စာလုံးမှာ လည်း ညီညာခြင်းမရှိ၊ ကြီးသည့်နေရာ၌ ကြီး၍ သေးသည့် နေရာ၌သေး၏။ သမင်ရုပ်နှင့်ယုန်ရုပ်တို့သည် ဆေးအဖြူနှင့်ပင် ရေးထား၏။ သမင်မှာ သမင်နှင့်မတူဘဲ ခွေးနှင့်တူနေ၏။ ယုန်မှာလည်း ယုန်နှင့်မတူဘဲ ကြောင်နှင့်တူနေ၏။ ထို့ကြောင့် သာဖန်က . . .

"တော်တော့်ကို ညံ့တဲ့ ပန်းချီဆရာပဲ . . . သမင်နှစ်ကောင် ယုန်တစ်ကောင်ပွဲရုံသာ ဆိုတာယ်၊ ခွေးနှစ်ကောင်နဲ့ ကြောင်

www.burmeseclassic.com



တစ်ကောင်ပွဲရုံဖြစ်နေပြီ ကြောင်တောင် ရှိုးရိုးကြောင်မဟုတ်ဘူး၊ ကြောင်မြီးတိုကြီးပါလား” ဟု ပြောလိုက်ရာ သာညာက်က . . .

“ဒီလိုဆိုလဲကွာ၊ အရုပ်တော့ မပြင်နဲ့တော့၊ အောက်ကစာပဲ ပြင်ရအောင်” ဟု ပြောလိုက်ရာ ရေချမ်းက “ဘယ်လိုပြင်မလဲ ကိုသာညာက်ရဲ့” ဟု မေးလေ၏။

“ခွေးနှစ်ကောင် ကြောင်တစ်မြီးပွဲရုံလို့ပြင်လိုက်ရင် ကောင်းမယ်၊ ဒါမှ ရုပ်ပုံနဲ့စာ ကိုက်သွားမှာ” ဟု ပြောလိုက်ရာ ရေချမ်း သာမက ပွဲရုံရှိ ကြားရသူအပေါင်းမှာ ‘ဝါးခနဲ’ ရယ်မောကြလေတော့၏။

သာညာက်တို့သည် ထိုဆိုင်းဘုတ်ကို ပြင်၍ မရေးဘဲ ပွဲရုံ၌ ချိတ်ဆွဲလိုက်လေ၏။ သို့ရာတွင် လူတို့သည် သာညာက်ပြောသည့် ခွေးနှစ်ကောင် ကြောင်တစ်မြီး ဟူသော စကားကို စွဲ၍ သွားရာ သမင်နှစ်ကောင် ယုန်တစ်ကောင်ပွဲရုံဟု ခေါ်ဝေါ်ခြင်း မပြုကြတော့ဘဲ “ခွေးနှစ်ကောင် ကြောင်တစ်မြီးပွဲရုံ” ဟုသာ ခေါ်ဝေါ်ကြသဖြင့် ထိုအတိုင်း တွင်၍ သွားလေတော့သတည်း။

BURMESE CLASSIC

❀ ❀ ❀

သုံးလခန့် ကြာသောအခါ၌ သာညာက်နှင့် သာဖန်သည် ကုန်မှာရန်အတွက် ရန်ကုန်သို့ သွားကြလေ၏။ ရန်ကုန်သို့ ရောက်လျှင် ကုန်များမှာယူ၏။ ထို့နောက် ပြန်ခါနီးတွင် သံဈေးသို့ဝင်၍ ၎င်းတို့ဆိုင်းဘုတ်ရေးသော ပန်းချီဆရာကြီးထံ ဝင်၍ နှုတ်ဆက်ကြလေ၏။

“ဪ ကိုယ့်လူတို့ကို မှတ်မိပြီ၊ မှတ်မိပြီ၊ ပွဲရုံလုပ်ငန်းက အတော်အောင်မြင်ရဲ့လား” ဟုမေးရာ သာညာက်က “ဆရာလေး ရေးပေးလိုက်တဲ့ ဆိုင်းဘုတ်ကြောင့် အတော်ပဲ အောင်မြင်



ပါတယ်၊ အခုလဲ ဆိုင်းဘုတ်ဟာစ်ခု အပ်ချင်လို့ပါ၊ ဒါပေမဲ့ စရန်ပေးဖို့ ပိုက်ဆံမပါခဲ့ဘူး” ဟုပြောလေ၏။ ထိုအခါပန်းချီဆရာက-

“ရပါတယ်ဗျာ၊ ခင်ဗျားတို့တွေက မိတ်ဟောင်းတွေပဲ၊ ကဲ ဆို ဆို၊ ဘယ်လိုဆိုင်းဘုတ်လဲ၊ အရင်ဆိုင်းဘုတ်မျိုးပဲလား” ဟု မေးလေ၏။

“အရင်ဆိုင်းဘုတ်က အရောင်တွေကို သိပ်ကြိုက်တာ ဆရာရဲ့၊ အဲဒီအတိုင်း ရေးပေးစမ်းပါ၊ ဒါပေမဲ့ ပွဲရုံနာမည်က အရင်နာမည်မဟုတ်ဘူး ဆရာရဲ၊ ကျွန်တော်တို့က ဆိုင်ခွဲထားမှာဆိုတော့ နာမည်တစ်မျိုးနဲ့လုပ်ရမယ်” ဟု ပြောလေ၏။

“ကဲ့ . . ဆိုစမ်းပါဦး၊ ဘယ်လိုနာမည်လဲ” ဟု ပန်းချီဆရာက မေးလေ၏။

“ခွေးနှစ်ကောင် ကြောင်တစ်မြီးပွဲရုံလို့ရေးချင်တယ် ဆရာရယ်၊ ပုံကလဲ . . . ခွေးနှစ်ကောင်ရယ်၊ ကြောင်မြီးတိုလေး တစ်ကောင်ရယ်” ဟု ပြောလေ၏။ ပန်းချီဆရာကလည်း . . .

“ရစေ့ရမယ်၊ ရစေမယ်၊ ဒီနာမည်ကလဲ တယ်ကောင်းပါလား၊ ဗေဒင်နဲ့တွက်ပြီး ပေးထားတာထင်တယ်” ဟု ပြောလေ၏။ ထိုအခါ သာဖန်က . . .

“ဟုတ်ပါတယ် ဆရာရယ်၊ ကျွန်တော်တို့တော့ နားမလည်ပါဘူး၊ ဗေဒပီမာန် ဆရာသာညာက်ဆိုတာ ပေးတာပါ” ဟု ပြောလိုက်ရာ ပန်းချီဆရာက . . .

“ကောင်းပါတယ်ဗျာ၊ ကောင်းတယ်၊ ခွေးဆိုတာကလဲ တနင်္လာနံ၊ ငွေကို ပြောတာ၊ ကြောင်ဆိုတာကလဲ တနင်္လာနံ ငွေကို ပြောတာ၊ ကြောင်ကို မြီးနဲ့ အုပ်ထားတာ၊ မြီးဆိုတာက ကြာသပတေးနံဆိုတော့ ဂဏ္ဍာတ် မိတာပေါ့ဗျာ” ဟု ပြောလိုက်ရာ သာဖန်က . . .

www.burmeseclassic.com

www.burmeseclassic.com



"နှယ်နှယ်ရရလူမဟုတ်ဘူးဗျ၊ ဗေဒဗိမာန် ဆရာသာညာက်တဲ့၊ စာဇစာကဆိုင်းဘုတ်လေးသာ ရေးထားပေးပါ ဆရာရယ်" ဟု ပြောဆိုအပ်နှံပြီး ပြန်ခဲ့ကြလေတော့၏။

ပန်းချီဆရာလည်း ၎င်းတို့အပ်နှံသော ခွေးနှစ်ကောင်ကြောင်တစ်မြီးပွဲရုံဆိုသော ဆိုင်းဘုတ်ကြီးကို ရေးဆွဲလေတော့၏။ သို့ရာတွင် သာညာက်နှင့် သာဖန်တို့သည် ထိုဆိုင်းဘုတ်ကြီးအား မည်သည့်အခါမှ လာရောက်ရွေးယူခြင်း မရှိတော့ပေ။

၎င်းတို့သည် ပန်းချီဆရာကြီးအား လာရောက်၍ သက်သက် ဒုက္ခပေးသွားခြင်းဖြစ်၏။ ပန်းချီဆရာသည် ထိုဆိုင်းဘုတ်ကြီးကို ရေးပြီးသောအခါ ဆိုင်၌ လပေါင်းများစွာ ထောင်၍ထားရလေတော့၏။

တစ်နေ့သ၌ မြစ်ဝကျွန်းပေါ်ဘက်မှ လူတစ်ဦးသည် ထိုပန်းချီဆိုင်သို့ ရောက်လာလေတော့၏။ ထိုသူမှာ တရုတ်ကပြားတစ်ဦးဖြစ်၏။ ပွဲရုံထောင်လိုသဖြင့် ဆိုင်းဘုတ်အပ်ရန်လာခြင်းဖြစ်၏။ ထိုသူက ပန်းချီဆရာအား . . .

"ပွဲရုံဆိုင်းဘုတ် အပ်ချင်လို့ပါဗျာ" ဟု ပြောရာ ပန်းချီဆရာက . . . "ဘယ်လိုနာမည် ရေးပေးရမလဲ" ဟု မေးလေ၏။ ထိုအခါ ထိုတရုတ်ကပြားက . . .

"အဲဒါ အားကြီးခက်တာပဲ၊ ဘယ်လိုနာမည် ပေးရမလဲဆိုတာ မသိပါဘူး၊ တဆိတ်လောက် ခင်ဗျားပဲ စဉ်းစားပေးပါ" ဟု ဆိုရာ ပန်းချီဆရာက . . .

"ဟောဒီနာမည် မကြိုက်ဘူးလားဗျ၊ ကျုပ်စိတ်ကူးနဲ့ ဆွဲထားတာ" ဟု ပြောလိုက်ရာ ထိုတရုတ်ကပြားလည်း ဆိုင်းဘုတ်နာမည်ကို ဖတ်ကြည့်ပြီးနောက် "ခွေးနှစ်ကောင် ကြောင်တစ်မြီးဆိုပါလား၊ ခင်ဗျားစိတ်ကူးက ကျုပ်နဲ့ အလွန်တည့်နေပါလား၊



အဲဒီဆိုင်းဘုတ်ပဲ ဝယ်မယ်ဗျာ" ဟု ပြောနေလေ၏။ ထိုအခါ ပန်းချီဆရာက "ဘယ်ပုံတည့်ထားတုံး၊ ပြောစမ်းပါဦးထောင်ကဲရယ်" ဟု မေးလေ၏။

ထိုအခါ ထိုတရုတ်ကပြားက . . . "ဒီလိုပါ၊ ကျုပ်နာမည်က ကျင်စိန်တဲ့၊ ကျုပ်မှာက မိန်းမနှစ်ယောက်ရှိတယ်၊ ကျင်ဝမ်နဲ့ ကျင်ဟန်တဲ့၊ သူတို့နှစ်ယောက်က တရုတ်ပြက္ခဒိန် ခွေးနှစ်မှာမွေးတယ်၊ အဲဒီတော့ ခင်ဗျားဆိုင်းဘုတ်နဲ့ ကိုက်နေတာပေါ့" ဟု ပြောလိုက်ရာ ပန်းချီဆရာက . . .

"အင်းလေ . . . ခင်ဗျားက ကျားနှစ်မှာမွေးထားတာ ဒီမှာဆွဲထားတာ ကြောင်ပဲ၊ ဘယ်လိုပတ်သက်မှာတုံး" ဟု မေးလိုက်ရာ တရုတ် ကိုကျင်စိန်က . . .

"ကျားဆိုတာ ကြောင် အကြီးစားပဲ မဟုတ်လားဗျာ" ဟု ပြောဆိုကာ ထိုဆိုင်းဘုတ်ကို ဝယ်ယူသွားလေတော့၏။ ထို့ကြောင့် မြစ်ဝကျွန်းပေါ်ရှိ မြို့ကလေးတစ်မြို့၌လည်း 'ခွေးနှစ်ကောင် ကြောင်တစ်မြီးပွဲရုံ' ဟူ၍ ထိုအချိန်မှစတင်၍ ပေါ်ပေါက်လာလေတော့၏။

ပထမပိုင်း ဤတွင် ပြီး၏။

မင်းသိခ်

www.burmeseclassic.com